www.burmeseclassic.com



ဦးဒေယကျော်ဆွာစာပေ

ဒင်ဒင်ထူး

ခမည်းကြီး

www.burmeseclassic.com

www.burmeseclassic.com

စာ ရ ခွင့် ပြု ချက် အ မှတ်

ရာဇဝရုဂဗာ

မျက် နှာ ဖုံး ခွင့် ပြု ချက် အ မှတ်

ရာဇဝင္ဒဝဂဗာ

ထုတ် ဝေ ခြင်း

စက်တင်ဘာ၊ ၂၀၁၁

ပထမအကြိမ်၊ ၁၀၀၀ အုပ်

မျက် နှာ ဖုံး ဒီ ဇိုင်း

မြို့မောင်ကျော်

ကွန် ပျူ တာ စာ စီ

မိုးသူစာ

မှာ ယူ ရေး

ပါမစ်ဆောင်း(မန္တလေး)

တန် ဖိုး

၄၅၀ကျပ်တစ်ဆို

ပြန် ချိ ရေး

ရွှေစာအုပ်တိုက်၊ အမှတ် ၂၁၂ ၃၁လမ်း၊ ရန်ကုန်မြို့၊

ထုတ် ဝေ သူ

ဦးစံမြင့်(ရွှေစာအုပ်တိုက်) အမှတ် ၂၁၂၊ ၃၁လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍
ဝေဘီဖိုင်ဒေး၊ ရွှေဝံပုန်းပိတိုက်၊ အမှတ် ၃၃၀ - ၃၃၂၊ အောက်ပုဇွန်တောင်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်ပါသည်။

၈၉၅.၈၃

ခင်ခင်ထူး

စမည်းကြိုး / ခင်ခင်ထူး - ရန်ကုန်။

ရွှေဝံစာပေ၊ ၂၀၁၁။

စာမျက်နှာ ၄၇၄၊ ၁၃.၅ x ၂၁.၅ စင်တီ

(၁) စမည်းကြိုး

အမှာစာ

(၁)

'စမည်းကြိုး' မဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည် ရေးခြင်းအပေါ် ကျွန်
စာဖတ်ပရိသတ်များအဖို့ရာ ထူးဆန်းသလို ရှိနိုင်ကောင်းပါ၏။ ကျွန်မကိုယ်တိုင်
လည်း ဆန်းကြယ်သလို ခံစားရပါသည်။ ကျွန်မရေးရန် စိတ်ကူးယဉ်စဉ်က
မဂ္ဂဇင်းဝတ္ထုရှည် စဆုံးလောက်ရေးမည်ဟု စိတ်ရှိခဲ့သော်လည်း တကယ်
ချရေးဖြစ်သည့်အခါ နှစ်လ၊ သုံးလလောက် ဆက်ရေးရလိမ့်မည် ထင်ခဲ့
Beauty မဂ္ဂဇင်း အယ်ဒီတာများကိုလည်း ကျွန်မ သည်လိုပဲ ပြောခဲ့ပါသည်
အယ်ဒီတာအဖွဲ့က ဆရာမ စိတ်ကြိုက်ရေးပါ။ ကျွန်တော်တို့ မဂ္ဂဇင်းအနေနဲ့
ကန့်သတ်မှုမရှိပါဟု ဆိုကြပါ၏။ တကယ်လည်း စိတ်ရှည်လက်ရည် ထည်
ဖော်ပြပေးခဲ့ကြသဖြင့် Beauty မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ကို ကျေးဇူးတင်
တကယ်ရေးတော့လည်း (၁၁) လ ကြာခဲ့ပါသည်။

ဥဒယကျေးရွာ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျွန်မအနေဖြင့် လုံးချင်းဝတ္ထုရှည်ဟု ပြောနိုင်သည့် ဝတ္ထု (၇) အုပ် ရေးဖြစ်ခဲ့ပါသည်။ ဓါတိုင်း ရေးရိုးရေးစဉ်ဝတ္ထုများမှာတော့ ဇာတ်ကျောရိုး ရှိပြီးသားကို ခံစားမှုအရ ဖွဲ့ကာနွဲ့ကာ ရေးမိသည့်အတွက် ကျွန်မစိတ်သန်ရာ ကျူးလွန်ကို အခြေတည်မိတာ များပါသည်။ သည်ဝတ္ထုမှာတော့ ကျွန်မ ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော မြို့ငယ်ကလေးတစ်မြို့မှ မိန်းမသားတစ်ဦး၏ ကိုယ်အမှုအရာ၊ စိတ်အမှုအရာတွေ ကျွန်မကို လွှမ်းမိုးနေခဲ့တာက စပါသည်။ သည်မိန်းမသားကို တွေ့ပြီးကတည်းက သူမ၏ ရုပ်ရည်၊ ပြောပုံဆိုပုံ၊ ခွဲ့လုံးလှုံ့လုံး၊ တမင်တကာ လုပ်ယူထားသော အမူအရာတွေက ကျွန်မကို နတ်စီးသလို စီးနေခဲ့သည်ဆိုလျှင် ပို၍မှန်မည်ထင်ပါ၏။ သို့သော် သူမနှင့်ပတ်သက်လို့ ကျွန်မ တွေ့ခဲ့ကြုံခဲ့၊ ကြားခဲ့သိခဲ့ရတာ သိပ်များများတော့ မဟုတ်ပါ။ ထိုမိန်းမသားကိုယ်တိုင် ပြောပြသော သူမ၏ ဘဝအကြောင်းအရာ အကြမ်းနှင့် လက်ရှိ လုပ်ကိုင်စားသောက်နေရသည့် အသက်မွေးမှု ရိုးတိုးရိပ်တိတ် လောကွဲသာ ဖြစ်သည်။ သို့သော် ထိုဝိုးဝိုးဝါးဝါးလောက် သိခဲ့ခြင်းသည်ပင် ကျွန်မကို ခံစားမှုပေးသလို ရှိခဲ့သည်။ ဝန်ခံရလျှင် သိထား မြင်ထားသော အကြောင်းအရာကို အခြေခံကာ ကျွန်မ ဖန်တီးယူသောဇာတ်ဟု ဆိုရပါမည်။

(၃)

မြို့ငယ်လေးတစ်မြို့ကို ကျွန်မတို့တစ်တွေ ရောက်သွားသည့်အချိန်မှာ ညနေစောင်းပါပြီ။ ကျွန်မတို့နှင့် အတူပါလာသည့် စာရေးဆရာကို တစ်ခန်း၊ ကျွန်မတို့မိသားစုကို တစ်ခန်း နေရာချထားပေးသော်လည်း ဆရာနေက ကျွန်မတို့သားအမိ ကျယ်ကျယ်ဝန်းဝန်း နေနိုင်ရန် အတူပါလာသော ဆရာနှင့် အိမ်ရှေ့ခန်းမှာ နေရာယူကြပါသည်။ ကျွန်မတို့သားအမိ နှစ်ယောက်တည်းသာ အိမ်ကြီး၏ အိပ်ခန်းထဲမှာ နေရသလို ရှိခဲ့ရသည်။ အိမ်ကြီးက သစ်သား အိမ်ကြီး ဆိုသော်လည်း ဟောင်းမြင်းလှပါပြီ။ သစ်တောနယ်ကြီးထဲက

အိမ်ဆိုတော့ ရှေးရိုးဆန်သည်။ တစ်ချိန်က သစ်ကောင်းဝါးကောင်းနှင့် ဆောက်ထားခဲ့တာ မှန်သော်လည်း ကျွန်မတို့ တည်းခိုရချိန်မှာတော့ အိမ်ကြီးတစ်အိမ်လုံးနဲ့ နေလေပြီ။ လှေကားဆံတွေက ချောင်လှကာ ဆင်းတိုင်း တက်တိုင်း အိမ်ကြီးတစ်အိမ်လုံး ယိမ်းလှုပ်နေတာကလည်း ပြိုကျသွားလေမလား မှတ်ရသည်။ အိမ်ကြီး၏ အခန်းဖွဲ့ပုံတွေကလည်း ကျွန်မတို့ တွေ့ရိုးတွေ့စဉ်မျိုး မဟုတ်ပါ။ အခန်းတွေ ဖွဲ့ထားသော်လည်း တံခါးရှိသည့်အခန်းက ရှိ၍၊ မရှိသည့်အခန်းတွေလည်း ရှိသည်။ အိမ်ကြီးပေါ်မှာပဲ ရေချိုးခန်း ရှိသည်။ ရေအိမ်ရှိသည်။ ရေတွေက နောက်ကျိကျိ။

ထူးဆန်းတာက ကျွန်မတို့သားအမိ နေရသည့်အခန်းထဲမှာ လူး တစ်ခေတ်က ရိုက်ကူးထားသော အဖြူအမည်း အညိုဓာတ်ပုံတွေ ခပ်စိတ်စိတ် ရိုက်ထားခြင်းပင်။ ဓာတ်ပုံတိုင်းလိုလို ဖုန်တသောသော ပင့်ကူမျှင် တဖွားဖွားနှင့်။ မှန်ရှိတာကရှိ၊ ကွဲတာကကွဲ။ ဘယ်ဓာတ်ပုံမှ ကြည့်ကြည်လင်ပင်ပင် မရှိသည်ကြားထဲ ခုတင်အောက်မှာ ဖြုတ်စဖျင်းဟောင်းတွေ ပြည့်လို့။ အခန်းအတွင်း ဗီရိုနှစ်လုံးပေါ်မှာ ဖုန်တွေ ထူတက်နေကြသည့် ဖိုင်တွဲဟောင်းတွေ၊ စာအုပ်ဟောင်းတွေ၊ စက္ကူဘူးခွံကြီးတွေ၊ ပုလင်းဟောင်းတွေ။ အခန်းတွင်း လှည့်ပတ်သမျှ သဘာဝလေ မရှိသည့်အတွက် ပိုးဟပ်ချေးနံ့၊ ဖုန်နံ့၊ မှိုနံ့တွေ ဆူခုံကြွလျက် ရှိ၏။ ညဘက်မှာလည်း တစ်အိမ်လုံးမှာမှ မီးတစ်ပွင့်တည်းသာ ရှိသည့်အပြင် အိမ်ထုပ်တန်းအလယ်လောက်မှာ ဆွဲထားသည့် မီးကြိုးက မြင့်လွန်းလှသဖြင့် အလင်းနည်းလှပါသည်။

ထိုအိမ်ကြီးမှာ မိန်းမသားတစ်ယောက်တည်း နေသဖြင့် ဘာလေ ကော်မတီက ကျွန်မတို့ကို နေရာချပေးခြင်း ဖြစ်ပါသည်။ ထိုမိန်းမသားမှာ မြင်ထွေ့နေကျ ရုပ်ရည်မျိုးမဟုတ်ဘဲ ဥရောပဆန်သော ရုပ်ရည်၊ တိုစေ ဆံပင်၊ မျက်ရစ်ကွင်း ညိုညို၊ အရေပါးပါး၊ အသားဖြူဖြူနှင့် မွန်ရည်ချောသော်လည်း ဖြစ်ပါ၏။ တစ်ခါတစ်ရံ ညှပ်ပြောတတ်သော အင်္ဂလိပ်စကား အသံထွက်လည်း ကောင်းလှသည်။ သည်ကြားထဲ သူမကိုယ်တိုင်က ပေါ့ပေါ့ပါးပါးသူ...ဟု ပြောလာပြန်သဖြင့် ကျွန်မအဖို့ရာ ပို၍ပင် စိတ်ဝင်စားဖို့ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ စာရေးဆရာများ ရောက်ကတည်းက အိမ်ရှင်ပီသစွာ ကျွေးမွေးမပျက် ရှိရှာသည်။ အထူးသဖြင့် မိန်းမသားချင်းဖြစ်သော ကျွန်မအနားက မခွာဘဲ စကားတတွတ်တွတ် ပြောနေတတ်ပါသည်။ ကြာတော့ ကျွန်မ နားပါရ စေ တောင်းပန်ကာ အခန်းတွင် ဝင်အောင်းရသည်အထိပင်။

ထိုညက ကျွန်မနှင့်သမီးလေးတို့ အခန်းတွင်း ခုတင်ကြီးပေါ်မှာ အိပ် ကြရသည်။ သမီးက အိပ်ပျော်သွားသော်လည်း ကျွန်မမှာ အိပ်မပျော်။ အလုပ်တိတ် ထားသော အခန်းထဲမှာ ချွေးစေးတွေပြန်ကာ မူးနောက်နောက် ဖြစ်နေရသည်။

(၄)

ညသန့်က ဟောပြောပွဲက အိမ်ကြီးနှင့် အတော်လှမ်းသော မြို့တွင်းမှာ ဖြစ်၍ ကျွန်မတို့ ထွက်ခိုအိမ်နှင့် ဝေးပါသည်။ ဟောပြောပွဲမှာ သမီးကိုငဲ့ကာ ကျွန်မ ပထမဆုံး ဟောပြောပါသည်။ ဆရာနေတို့နှစ်ယောက်က ဟောပြောဖို့ ကျွန်ရစ်ခဲ့ကြသည်။ ကျွန်မ ဟောပြောပြီးသည်နှင့် ကျွန်မတို့သားအမိကို အိမ်ရှင် မိန်းမသားကိုယ်တိုင်လာခေါ်နိုပ်ဓာတ်မီးတစ်လက်နှင့် တည်းအိမ်ကို ပြန်ပို့ပေးပါ ၏။ ကျွန်မတို့ကို ပြန်ပို့၊ အခန်းတွင်း နေရာချထားပေးပြီးသည်နှင့် ဟောပြောပွဲကို ပြန်သွားဦးမည်ဆိုကာ အိမ်ရှင် မိန်းမသားက ကျွန်မတို့ သားအမိနှစ်ယောက် တည်း ထားပစ်ခဲ့ပါသည်။ သူမ ဆင်းသွားတော့ အိမ်ကြီးတစ်အိမ်လုံး သိမ့်သိမ့် လှုပ် ကျန်ခဲ့သည်။

တစ်အိမ်လုံးမှာ ကျွန်မတို့သားအမိ နှစ်ယောက်တည်း။ သမီးက အိပ်လို့။ သည်တော့မှ ကျွန်မ ပြန်လာလို့ မှားမှန်းသိလိုက်ပြီ။ သစ်တောရိပ် ထဲက ရှေးဟောင်း အိမ်ကြီးတစ်လုံး၊ ထိုအိမ်ကြီးထဲက အခန်းတစ်ခန်း၊ ထို အခန်းထဲမှာမှ ကျွန်မတို့သားအမိနှစ်ယောက်...။ မီးပွင့်က မှိန်မှိန်။ ကျွန်မ လက်ထဲက ဓာတ်မီးနဲ့ အခန်းကို လျှောက်ထိုးကြည့်တော့ ရှေးဟောင်းဓာတ်ပုံ တွေ ကျွန်မကို ဝိုင်းကြည့်နေသလို ခံစားနေရပါ၏။

"ကျွန်မယောကျ်ားက သေတာ ကြာပြီ...ဒါပေမဲ့ သူ ကျွန်မ နားမှာ ပဲ ရှိတယ်...ကျွန်မ မြင်နေရတယ် ဆရာမရဲ့...ကျွန်မတို့ချင်း စကားပြောလို့ ဟောင် ဖြစ်တယ်...ကျွန်မကို သူ စိတ်မချတာ...ကျွန်မ နောက်အိမ်ထောင်ပြုမှာ စိုးတယ်နဲ့ တူပါရဲ့...ကျွန်မတို့မှာ သားသမီး မရခဲ့ကြတော့ ကျွန်မလည်း အထီးကျန်ရတာပါပဲ...ကျွန်မက အကြား အမြင် ပါရမီပါလို့ လူတစ်ယောက်ရဲ့ ရှေ့ဘဝ၊ နောက်ဘဝတွေကို ကောင်းကောင်းမြင်နိုင်တယ်...ကပ်ငြိနေတဲ့ အတွင်းရောဂါတွေကို သိတယ်...ကျွန်မတို့ ဆည်းကပ်တဲ့ မယ်တော်ကြီးက အသက်တစ်ရာ ဟိုဘက် အများကြီးကျော်ပြီပဲဟာ..."

ကျွန်မက တစ်ချိန်လုံး တတွတ်တွတ်ပြောပြသည့် စကားတွေထဲက အချို့ကို အမှတ်ရနေမိသည်။ ပင်ကိုအားဖြင့် တစ္ဆေသရဲ စသော မကောင်း မကောင်းသား ဆိုတာတွေကို ကျွန်မ ကြောက်တတ်ခြင်းမရှိပါ။ ကျွန်မ ကိုယ်တိုင် ရွာကြီးမိုးမှောင်မှာ ကြီးပြင်းခဲ့ရသည့်အလျောက် ကျေးရွာတွေမှာ ကြားရတတ် သည့် ချောက်ချားစရာ ဓာတ်လမ်းတွေ အကြားနာခဲ့ရပါ၏။ သို့သော့် တစ်ခါမျှ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရဖူးခြင်း မရှိသလို၊ ကြောက်တတ်ခြင်း မရှိသော လည်း အမှန်ပင်။ သည်တစ်ခါမှာတော့ ကျွန်မကိုယ်တိုင် မသိုးမသန့် ရှိလှ သည်။ သမီးကလေးကို မွေ့ပြီး ဟောပြောပွဲရှိရာကို ထသွားရလျှင် ကောင်း လေး။ ပြန်လာမည့်သူတွေကို ငုတ်တုတ် မျှော်ရမှာလား။ အိမ်ကြီးတွေ တိတ်ဆိတ်ခြင်းဖြင့် ဆူပွက်နေသယောင်ယောင်...။ ငြိမ်သက်ခြင်းဖြင့် ယိမ်းခါနေ သယောင်ယောင်...။

ထိုညက ကျွန်မ၏ ခံစားမှုတွေ ဦးစောက်ပြောင်းပြန် ဖြစ်နေခဲ့တာ ကတော့ အမှန်ပင်။ သည်လိုနှင့် ကျွန်မ၏ ခံစားမှုကို အရင်းပြုကာ အိမ်ရှင် မိန်းမသား ပြောပြသော ဘဝဓာတ်လမ်းကို ချဲ့တွင်၊ မြန်မာ့သစ်တောသိပ္ပံ စာအုပ်များမှ အချက်အလက်များကို ရယူ၊ အခြားဓာတ်ကောင်များ ထည့်သွင်း လှုပ်ရှားစေခြင်းအားဖြင့် 'ခမည်းကြိုး' ဝတ္ထုရှည်ကြီး ဖြစ်ခဲ့ရပါသည်။ အထူး သဖြင့် ကျွန်မ ရန်ကုန်ရောက်သခိုက် စာအုပ်အဟောင်းတန်းမှ ဘွားတွေ ဝယ်ယူ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ခင်စောမူတစ်ယောက် ဘူတာကို ရောက်တော့ မနက်စောစော ဆေးနာရီပဲ ရှိသေးသည်။ ညရိပ်ညခိုးတို့ပင် မပြယ်ချင်သေး။ ရုံးက မောင်ထင်မင်း ဆားနှင့် လိုက်ပို့လို့သာ ကရိကထမများဘဲ ဘူတာရောက်ခဲ့ရသည်။ မနက် စောစောဆိုသော်လည်း ဘူတာရုံမှာ လူတွေ ရောက်ကြလှပြီ။ ဘယ်အချိန်ကများ လူတွေ ထလာကြပါလိမ့်လို့ပင် အောက်မေ့မိရပါ၏။ လူတွေ ခရီးတော်တော် သွားကြတာပါလားလို့လည်း တွေးမိရသည်။ ကားတွေဆိုလည်း အပြည့်၊ ရထား တွေဆိုလည်း အပြည့်၊ သင်္ဘောဆိပ်တွေမှာတော့ကော။ လူတွေ ပလုံစီထိုး အောင် တက်နေကြတာ တစ်ခါတစ်ရံ သင်္ဘောဆိပ်ရောက်လို့ မြင်ရတွေးသည်နှင့် ကြောက်လှသည်ဆိုသော လေယာဉ်တွေမှာလည်း မထူးပါ။ လူတွေ ဘာဖြစ်လို့ သည်လောက် ခရီးသွားနေကြတာလဲ။ ဘယ်လိုကိစ္စတွေနဲ့ ဘယ်အရပ်ဒေသ တွေကို သွားနေကြရတာလဲ။ ဒါကလည်း စိတ်ဝင်စားဖို့တော့ အကောင်း [illegible]

"အစ်မ....ကျွန်တော်ပြန်တော့မယ်"

ခဲ့သော ခင်ကြီးဖော်၏ 'ကဝေသာရ' ကျမ်း စသော ရှေးဟောင်းပညာရပ်ဆိုင်ရာ စာအုပ်များမှ အချက်အလက်များကို အလျဉ်းသင့်သလို ထည့်သွင်း ရေးသား ကြောင်းကိုလည်း ဖော်ပြလိုပါသည်။

(၅)

'ခမည်းကြီး' လုံးချင်းဝတ္ထုကို အခန်းဆက်ဖော်ပြပေးခဲ့သည့် Beauty မဂ္ဂဇင်းအယ်ဒီတာများနှင့် မဂ္ဂဇင်းတွင် ဖော်ပြစဉ်က အထူးသရုပ်ဖော်ပေးခဲ့သော ဆရာ စောမင်းဝေ၊ စာအုပ်အတွက် မေတ္တာဖြင့် လုံးပန်း ဆောင်ရွက်ပေးသော ကိုဝင်းချို (ခုံပံစာပေ)၊ မျက်နှာဖုံးပန်းချီ ခံစားဖွဲ့နွဲ့ပေးသူ ဆရာ မြင့်မောင်ကျော်၊ ကွန်ပျူတာ စာစီပေးသော ညီမလေး မိုးသူဇာ၊ စာအုပ်ချုပ် ကိုမြင့်၊ မောင်ငယ် မောင်ရဲမင်းအောင် (ကိုရဲ)–မစန္ဒာ မိသားစု၊ စင်ကာပူမှ ကိုနေမင်းဟိန်း–မစမ်းသီတာချစ် မိသားစု၊ ကိုကျော်စွာမြင့် (စင်ကာပူ) နှင့် ကူညီခဲ့ကြသူအားလုံးကို ကျွန်မ ကျေးဇူးစကား ဆိုချင်ပါသည်။

'ခမည်းကြီး' ဝတ္ထုရှည်ကို လစဉ်မပျက် စောင့်ဖတ်ကာ ဖုန်းနှင့် အားပေးကြခဲ့သော စာဖတ်ပရိသတ်ကိုလည်း ကျေးဇူးတင်ရပါ၏။

ကျွန်မမှာ ၂၀၁၀၊ နိဝင်ဘာလမှ ဒီဘက်ကာလအထိ နယ်တကာ၊ ရပ်တကာ စာပေဟောပြောပွဲများ ထွက်ခဲ့ရသဖြင့် စာအရေးကျဲခဲ့ရပါသည်။ ၂၀၁၁၊ ဇွန်လ ကျောင်းဖွင့် ရာသီမှာတော့ သမီးကလေး ကျောင်းပြန်ဖွင့်ပြီ ဖြစ်လို့ ကျွန်မ အိမ်ကပ်နိုင်ပါပြီ။ စာပြန်ရေးနိုင်ကောင်းပါပြီ။ စာတွေ ရေးပါဦးလို့ အကြိမ်ကြိမ်အားပေးကြသော စာချစ်သူများ၏ မေတ္တာစေတနာ ကိုလည်း ချစ်ခင်လေးစားစွာ ခံယူရပါ၏။

ကျန်းမာ ချမ်းသာ ပန်းပမာ လန်းဖြာကြပါစေ...။

ခင်ခင်ထူး

၂၀၁၁ ခုနှစ်၊ ဧမလ ၂၂ ရက်

မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com

"ညော်...အေး အေး...ငါ့မောင်ကို ကျွေးဖူးတင်ပါ့ကွယ်...နို့မို့ အစ်မ တက္ကစီရှာရမှာနဲ့. ကသိုဂိုးမှာ...မင်း လက်ဖက်ရည်သောက်သွားဦး"

ခင်စောမူက ပိုက်ဆံအိတ်ကို ဇစ်ဖွင့်မည်လုပ်တော့ မောင်တင်မင်းက ငြင်းသည်။

"မဟုတ်တာ အစ်မရာ... ကိုယ့်ရုံးသူရုံးသားချင်းဟာကို...ကိုင်းသွားမယ်"

"အေး သွား..."

မောင်တင်မင်းက ရထားဘေးအထိ ခင်စောမူအိတ်ကို ဆွဲလာပေးလို့. မပင်မပန်း ရထားပေါ်ရောက်ရပါ၏။ ရထားထွက်ချိန်က မနက် ၄ နာရီ ၂၀ မိနစ်။ နာရီကို ငုံ့ကြည့်လိုက်တော့ နာရီတစ်မတ်လောက် အချိန်ရသေးသည်။ ဘူတာထဲတွင် လက်ဖက်ရည်ဆိုင်မှာ တစ်ခုခုစားဦးမှ။ မနက်လေးနာရီ ဘူတာ ဆောင်ကို ဥ နှစ်ချက်ခွဲ လောက်ကတည်းက ထရသည်။ ညသိပ်ရေက အေးလွန်းနေတော့ ဇဝံတံဘူးထဲက ရေနွေးကလေးစပ် ရေချိုး။ ထည့်စရာ သိုစရာတွေ ထည့်။ ရုံးက လိုအပ်မည့် စာရွက်စာတမ်းတွေ မမေ့အောင် ထပ်စစ်။ ဝန်စည် စလယ် များများတော့မပါပါ။ ခရီး တစ်ပတ်, ဆယ်ရက်စာဆိုတော့ လတ်လတ် လောလောကလေးတွေ ရွေးချယ်ထည့်ရသည်။ မိန်းမသားဆိုတော့ အမယ်တွေက အများသား။ အလှပြင်ပစ္စည်းကလေးတွေလည်း ပါရသည်။ ဘုရားရှိခိုးအမျိုးမျိုး စာအုပ်နှင့် စိပ်ပုတီးကုံးကလေးလည်း ပါရသည်။ ဆေးဝါး၊ ရှုဆေး၊ လက်သည်းချွတ်၊ သွားတိုက်ဆေး သွားပွတ်တံကအစ ပလတ်စတစ်ဘူးတစ်ဘူးထဲထည့်ပြီး ခရီးဆောင်အိတ်ထောင့်ထဲ ထိုးထည့်ရသည်။ ရထားလက်မှတ်နှင့် မှတ်ပုံတင်။ ခင်စောမူက စစ်ဆေးလက်စနှင့် ရထားတွဲနှင့် ခုံနံပါတ်ကို မှတ်ထားလိုက်သည်။ အထူးတန်း ဘီ–၄။

ခင်စောမူသည် ပင်ကိုအားဖြင့်ထော့ ခရီးသိပ်သွားလေ့ရှိသူ မဟုတ်။ ဝန်ထမ်း ဘဝတုန်းကလည်း ငွေစာရင်းဌာနမှူးတစ်ယောက်အနေနှင့် ရုံးကငွေ

ဘဏ်သွင်း၊ ရုံးကိစ္စလိုတော့ ဘဏ်ကငွေ ပြန်ထုတ်။ ရုံးနှင့်ဘဏ်ကို တစ်ဝတ် နှစ်ရက်လောက် ကူးရတာကလွဲလျှင် အထိုင်နေရတာများပါ၏။ တစ်နှစ်၊ နှစ်နှစ်မှ တစ်ခါဆိုသလို ရုံးကလူတွေ စုဖွဲ့သော ဘုရားဖူးလိုက်တာမျိုးကလွဲလျှင် ဘယ်ခရီးမှ သွားဖူးတာမဟုတ်။ ဒါတောင် တစ်မှတ်, ဆယ်ရက် ခရီးဆိုလျှင် မလိုက်ဖြစ်တာ များပါသည်။ တစ်ညအိပ်၊ အလွန်ဆုံး နှစ်ည, သုံးညအိပ် လောက်ဆိုလျှင်တော့ စိတ်ကလေးလည်း ပါသည်ဆိုလျှင် ကောက်ကာငင်ကာ လိုက်သွားတတ်သည်။ အခုတော့ ခင်စောမူ အစိုးရဧန်ထမ်း မဟုတ်တော့ပြီ။ လုပ်သက် ဆယ့်ငါးနှစ်လောက်မှာ အစိုးရဝန်ထမ်းအလှပ်က ထွက်လိုက်ပါ၏။

"တို့ကုမ္ပဏီက စာရင်းကိုင်တစ်ယောက် ထပ်လိုနေတယ်...ငါ့စာ လျှောက်လွှာတင်ထားပါလား...ဦးလေး ပြောထားတယ်...သေချာ ပါတယ်"

အဖေညီဝမ်းကွဲ ဘထွေး ဦးသန့်စင်က တွေ့တိုင်းပြောနေတော့ အစပိုင်းက ခင်စောမူ စိတ်မဝင်စားမိသော်လည်း နောက်တော့ စဉ်းစားပြီ။ အလုပ်သဘောဧဉ်၊ လုပ်ဖော်ကိုင်ဖက် သဘောဧဉ်တွေပါသလို တစ်ကိုယ်ရေ တစ်ကာယဆိုတော့ ဟိုပင်သည်ပင်ကူးပါလို့. မျောက်ကြီး ဝမ်းခွေခြင်းကျယ် မဖြစ်ချင်တော့။ အစိုးရရုံးမှာလည်း ငွေစာရင်းဌာနမှူးဆိုသည့် ရာထူးဖြင့် တစ်ရုံးလုံးက မမ, မမနှင့် တစ်မမ ဖြစ်နေကြပြီ။ ကိုယ့်အခန်းနှင့်ကိုယ်၊ တယ်လီဖုန်းတစ်လုံး၊ ငွေထည့်အာမခံသေတ္တာတစ်လုံး၊ ပန်ကာတစ်လက်၊ ဆင်နာရွက်တဲ့ခါးစာစ်ချပ်နှင့် နေရပေသိ သိက္ခာအရ တည်တည်ပပ ရှိနေသည့် ခင်စောမူကိုယ်တိုင်က အနေအထိုင် တည်သလို အားလုံးကလည်း လေးစားကြပါ၏။

အစိုးရရုံးဆိုတော့ တနလ်ာ, သောကြာ တူညီဝတ်စုံ ဝတ်ရသည့် အကျိုဖြူနှင့် မီးခိုးရောင်ထဘီ။ ရုံးလာတော့ ရိန်းဂျားခေါ်သည့် ကားခေါင်ဖြူး တစ်စီးနှင့် ဖယ်ရီကြိုပေးသဖြင့် အဆင်ပြေသည်။ ခင်စောမူတို့ လေးဆိုင်ကို မနက်ရှစ်နာရီခွဲနှင့် ကိုးနာရီကြား ရောက်လာလေ့ရှိသည်။ ခင်ဗောစူတို့ ထွက်

www.burmeseclassic.com

www.burmeseclassic.com

မလာသေးလျှင်ပင် စောင့်ပေးသည်။ များသောအားဖြင့်ကတော့ ခင်စောမူက ကြိုရောက်တာချည်ပင်။ မနက် နေထိုးအောင် မအိပ်တတ်တာပါသလို၊ သားရေးသမီးရေး စိတ်ဖိစီးစရာ ကင်းတာလည်း ပါပါလိမ့်မည်။ ညဦးဘုရားရှိခိုး ပုတီးစိပ်ပြီးဆိုလျှင် စာတစ်အုပ်တော့ ဖတ်လေ့ရှိသည်။ အနည်းဆုံး လေး,ငါး မျက်နှာလောက်တော့ ဖတ်ရမှ။ တစ်ခါတလေ စိတ်ပါတော့လည်း တစ်ခန်း၊ နှစ်ခန်း ဖတ်ဖြစ်ပါ၏။ ပြီးလျှင်တော့ အိပ်ရုံ။

အခုတော့ ကုမ္ပဏီတစ်ခုမှာ တာဝန်ခံစာရင်းစစ် ဖြစ်နေရပြီ။ ဦးလေးတော်၏ အရိပ်အောက်ပါသကြောင့် လခကောင်းကောင်း ကုမ္ပဏီအလုပ်ကို ရခဲ့သည်။ အလုပ်ကတော့ အစိုးရရုံးတုန်းကနှင့် မတူပါ။ ကုမ္ပဏီဆိုတော့ နည်းနည်းနှင့်ကျဲကျဲ ဆိုသလို၊ လူနည်းနည်း အလုပ်များများ ခွဲဝေလုပ်ရသည့် သဘာဝ ရှိလာသည်။ သူ့တာဝန်၊ ကိုယ့်တာဝန် မကျေသေးသမျှ ထင်းထင်းကြီး ပေါ်နေတတ်သဖြင့် ကိုယ့်ဘက်က ကိုယ့်စည်းကို လုံအောင် ကာရတာတွေ ရှိလာသည်။ ခင်စောမူကတော့ ကိုယ့်တာဝန်ကို ကျေအောင်လုပ်ပေးနိုင်ဖို့သာ အရေးထားပါ၏။ ရာထူးနှင့် လစာအတွက် ပြိုင်ရ ဆိုင်ရ၊ ကော်ရ ကပ်ရ၊ ဟော်ရ ဖားရတာတွေ မလုပ်ချင်။ ခင်စောမူတို့ကုမ္ပဏီက အဲ့ဒေတွေကုမ္ပဏီဖြစ်၍ အလုပ်တွေ များလှပါသည်။ ဝန်ထမ်းက အရာရှိအပါအဝင် ယောကျ်ားသားက အယောက်နှစ်ဆယ်လောက် ရှိသည်။ အမျိုးသမီးဝန်ထမ်းက ခင်စောမူအပါအဝင် ရှစ်ယောက်။ ဒါရိုက်တာအဖွဲ့ဝင်တွေကို လူစုံတက်စုံ မြင်ဖူးသော်လည်း ရုံးထိုင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးတော့ ရှိသည်။ တရုတ်မျက်နှာပေါက်နှင့် အမြဲတမ်း ကောင်းဘိုရည် ခပ်ပွပွကို ဝတ်တတ်သူ ဖြစ်သည်။ ခါးပတ်ကို ဗိုက်ပေါ်တင်ပတ်ပြီး ရင်ကော့ကြီးနှင့် တလုပ်လုပ်ရှိတတ်သည်။ လုပ်ငန်းတွင် တိကျသလောက် အစီအမံ အခန့်အခွဲကလည်း ကောင်းသူပင်။ အမည်က ဦးဟုတ်စိန် ဆိုသော်လည်း တစ်ရုံးလုံးက အန်ကယ်ဟုတ် လို့ ခေါ်ကြသည်။ အများက အန်ကယ်ဟုတ် ဆိုတော့လည်း ခင်စောမူကလည်း အန်ကယ်ဟုတ်ပေါ့။ လုပ်ငန်းခွင် တိကျသော်လည်း ဟာသတော့ ရှိသည်။ ရယ်စရာ မောစရာ ပြောတတ်သည်။ မြန်မာရည်လည်သော တရုတ်အမျိုးသားဖြစ်၏။

"အန်ကယ်ဟုတ်...အန်ကယ်ဟုတ်နဲ့...။ ညည်းတို့နဲ့ ငါ့အသက် မကွာဘူး...အန်ကယ်ဟုတ်အသက်ကို ဘယ်သူ မှန်အောင်ခြေနိုင်သလဲ...မှန်ရင် ကော်ဖီတိုက်မကွာ..."

ကုမ္ပဏီဝန်ထမ်းတွေ ထမင်းစားချိန်ဆိုလျှင် ထမင်းစားခန်းတို့ ရောက်လာတတ်ပြီး ဟင်းတွေ လိုက်ကြည့်တတ်သည်။ အလာပသလ္လာပ စကားတွေ ပြောတတ်သည်။ တစ်ခါက သူ့အသက်ကို မှန်းခိုင်းနေတော့ တစ်ယောက်တစ်ပေါက် ထင်မြင်ချက်ပေးကြလေသည်။ အန်ကယ်ဟုတ်ကတော့ ပြုံးပြုံးကြီးနှင့် ခေါင်းခါသည်ရှည်း။

"အန်ကယ့်အသက်ကို အိမ်က မိန်းမတောင် မသိဘူး...မှတ်ပုံတင် ဝှက်ထားတာ..."

ဆိုတာမျိုး ပြောတတ်သည်။

"အန်ကယ့်အသက်က သုံးဖာရှိပြီ..." ဆိုလို့ အားလုံး ကြောင်ကုန်ကြသည်။

ဘာလဲ သုံးဖာ...။

ခင်စောမူတို့ ကုမ္ပဏီက နိုင်ငံခြားနို့ဆီတွေလည်း သွင်းသည်။ နို့ဆီတစ်ဖာကို နှစ်ဒါဇင်ပါ ဖာများဖြစ်၏။ တစ်ဖာကို နှစ်ဆယ့်လေးလုံးဆိုတော့ သုံးဖာကို ခုနစ်ဆယ့်နှစ်လုံး အသက် ခုနစ်ဆယ့်နှစ်နှစ်ပေါ့။

"အန်ကယ်ဟုတ်က ခုနစ်ဆယ်ကျော်လို့ မထင်ရပါဘူး...မဖြစ်နိုင်ဘူး..."

ဖြစ်နိုင်မှန်းသိလျက်နှင့် တချို့က ဟန်လုပ်ပြောကြတာတွေလည်း ရှိသည်။ မိန်းမသားတွေက အဆိုးဆုံး။ ကယုကယင် ကန့်ကလျှအသံဖြင့် "အို အန်ကယ်ဟုတ်ရယ်...မဟုတ်တာ..." ဆိုတာမျိုး လုပ်တတ်ကြသည်။ ခင်စောမူကတော့ ပြုံးရုံပင်။ ရုံးဆိုတော့လည်း လူအမျိုးမျိုးမဟုတ်လား ဒီဇင်မင်းအရိပ်နှင့် ဖောင်ဆိပ် ဓားပြတိုက်ချင်ကြသူတွေ ပါသလို၊ မိန်းသားများလည်း ဆင်ဝန်ကတော်မျက်နှာပေါက် ချိုးထားကြသူတွေလည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုဝယ်နှင့်အနီးဆုံး ဒါရိုက်တာအဖွဲ့ဝင်ဆိုတော့ အန်ကယ်ဟုတ် သဘောထားက အရေးကြီးသည် မဟုတ်လား။ အန်ကယ်ဟုတ်ကလည်း ဝန်ထမ်းတွေကို ကျွေးကန်းကြည့် ကြည့်တတ်သူပင်။ ရုံးသူရုံးသားတွေထဲက တစ်ယောက်လောက် ချောက်နေလျှင်ပင် ချက်ချင်းသိသူ ဖြစ်သည်။

"အောင်ကျော်စိန် မတွေ့ပါလားဟေ့...သည်ကောင် မိန်းမကုပ်ကြောလျှောပေးနေတယ်နဲ့တူတယ်..."

"ဆိပ်ကမ်းသွားတာပါ အန်ကယ်ဟုတ်..."

တစ်ယောက်က ဝင်ဖြေလျှင် "ဒါဆို သည်ကောင် သင်္ဘောကြီးကြိုးချည်နေတာနေမှာ" လို့ ပြောတတ်သည်။ ခင်စောမူကတော့ နားလည်ပါသည်။ လိုတာထက် ပိုကြာနေတာကို ဝန်ထမ်းအားလုံး သိစေချင်တာပဲဖြစ်၏။ ဘာပဲဖြစ်ဖြစ် သည်ကုမ္ပဏီမှာ ခင်စောမူ စိတ်ချမ်းသာရပါသည်။ လူအမျိုးမျိုး စိတ်အထွေထွေ ဆိုပေသိ ကိုယ့်ကို မထိခိုက်သရွေ့တော့ ဘာပြဿနာမှမရှိ။ တချို့က ကြွားချင်သည်။ စတိုးဆိုင်က ဝယ်လာသည့် ချောကလက်ပြားကို မောင်ဖြစ်သူ အမေရိကားက ဝယ်လာလို့လေ...ဆိုချင်တာမျိုးကအစ၊ ကိုယ်ပိုင်ကားကိုပင် ဖေဖေတို့က ဂျပန်ကား မစီးတတ်လို့လေ ဥရောပကား ဝယ်ထားရတယ် ဆိုတာမျိုးအထိ ပြောကြတာမျိုးရှိသည်။ သည်ဥရောပကားကို တစ်ခါမှ မမြင်ဖူးကြ။ တချို့ကတော့ ဖူးကြသူတွေ။ လက်ထောက်ဒါရိုက်တာအဖွဲ့ဝင် မမသန်းကို ဝိုင်းမြှောက်ကြတာမျိုး။

"မမသန်းနော်...မပေါ့နဲ့...အနွေးထည် ဝတ်ထားဦး...ငယ်သေးတယ် ဆိုပေမယ့် အခန့်မသင့်ရင် အအေးပတ်တတ်တယ်"

တကယ်တော့ မမသန်းကလည်း မငယ်တော့ပါ။ ငါးဆယ်ကျော်လို့ခြောက်ဆယ်နီးပြီ။ မမသန်းအတွက်ဆိုကာ ဆိုင်က ဟင်းကောင်းကောင်း ဝယ်လာပြီး အိမ်ကချက်လာတာ လုပ်တာလည်းရှိ၏။ လူ့စရိုက်ပေါင်းစုံပြီလို့ မဆိုသာသော်လည်း လူ့စရိုက် တော်တော်များများကိုတော့ ခင်စောမူ တွေ့ကြုံခဲ့လှပြီ။

တွေးရင်းဖြင့်ပင် ခင်စောမူ ပြုံးလိုက်မိပါ၏။

မနက်လေးနာရီ ဆယ့်ငါးမိနစ်ရှိပြီ။ ရထားချိန်သာ ခွန်လျှင် နောက်ငါးမိနစ်ဆို ရထားထွက်တော့မည်။ ခင်စောမူ သောခဲ့မှာ လူမရှိသေး။ ချောက်လောသေးတာပဲလား၊ ခဲ့လွတ်နေတာပဲလား မပြောတတ်။ ခဲ့လွတ်ဆိုလျှင်တော့ ချောင်ချောင်ချိချိ လိုက်နိုင်တာပေါ့။ ရှေ့တည့်တည့်ခဲ့မှာတော့ ကုလားနှစ်ယောက်။ ရောက်ကတည်းက ခေါင်းပေါက စင်ပေါ် အိတ်တွေတင်ပြီး စကားတွေများလိုက်ကြတာ နားတွေပင် အူလာခဲ့သည်။ ရိုးရိုးပြောနေကြတာလား။ ရန်ဖြစ်နေကြတာလား။ ငြင်းခုံနေကြတာလား။ ခင်စောမူက တွေတွေကလေးလုပ်ရင်း မသိမသာ အကဲခတ်တော့ လေသံ နည်းနည်းပျော့သွားကြသည်။ သည်လို ဆိုတော့လည်း ခင်စောမူ အားနာသွားပါ၏။ ပြောကြပါစေလေ။ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ပြောခွင့်ရှိကြရမှာပေါ့။ တစ်ခုတော့ရှိသည်၊ သူတစ်ပါးအနှောင့်အယှက်မဖြစ်ဖို့တော့ လိုသည်။ လေသံတွေ ငြိမ်သွားကြရာက အသံတွေ ကျယ်လာကြပြန်၏။ ခင်စောမူက နာရီကိုကြည့်သည်။ လေးနာရီ မိနစ်နှစ်ဆယ်။

ရထားထွက်ရန် ငါးမိနစ်အလို သတိပေး သံချောင်းသံ ထွက်လာသည်။ ခင်စောမူက တွဲကို အကဲခတ်လိုက်တော့ ခုံပြည့်။ သူ့ဘေးက ခုံမှာသာ လူမရှိခြင်း ဖြစ်၏။ ယောကျ်ားတစ်ယောက်များ ရောက်လာမှာလား။ နောက်ထပ် ကုလားကြီးတစ်ယောက် ရောက်လာလျှင်တော့ အခက်။ သိန်းခိုပြည် ဟာအန်မီးရှိ့တာထက် ဆိုးတော့မည်။ ဘာပဲဖြစ်ဖြစ်ပါလေ၊ ရှေ့ဘဝက်အကြောင်းပါသူချင်း မျက်မှောက်ဘဝမှာ တစ်အိုးတစ်အောင့်ဖြစ်ဖြစ်၊ အမြဲတစ်ပြေးပြေးဆုံကြရတာကို ရှောင်လွှဲလို့ မရနိုင်တာ ခင်စောမူ သိပါ၏။ သူပဲကြည့်လေ၊ တစ်သက်လုံး အစိုးရရုံးဝန်ထမ်းဘဝဖြင့် ပင်စင်သွားပြီ ထင်ခဲ့သည်။ သူ့ခန့်ခန်းကလေးကို ထာဝရထင်ခဲ့သည်။ မဖြစ်ခဲ့ပါ။ ကုမ္ပဏီတစ်ခုကို ရောက်လာရုံးခန်း သီးသန့်မရှိတော့ အများလိုပင် အခန်းကြီးတစ်ခန်းထဲမှာ စားပွဲကောင်းတစ်လုံး ရတာပဲရှိ၏။ တစ်ခါမှ မသိမမြင်ဖူးကြသူတွေနှင့် ဆုံကြရပြန်ပြီ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

ရထားဘီးလိမ့်တော့မှ အာရုံကလေး ပြန်သိမ်းကာ သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြင်ထိုင်ရင်း လက်ပိုက်ထားလိုက်သည်။ ခင်စောမူမှာ ဝန်စည်စလယ် ဆိုလို့ ခရီးဆောင် အိတ်တစ်လုံးပဲ ပါပါ၏။ လက်ဆွဲအိတ်ကတော့ ဘေးဘက်မှာ ကပ်ထားလိုက်သည်။ ရုံးက ဦးခင်မောင်စိန် ပြောစကားအရဆိုလျှင် ရထားက အင်ကြင်းတောဘုတာကို ညနေ လေးနာရီလောက် ရောက်မည်ဆို၏။ ဒါက အချိန်မှန်ပါမှ။ မမှန်တာတော့ များသည်ဟုလည်း ပြောလေတော့ မိုးများချုပ်ရင် အခက်လို့ ထွေးမိပါ၏။ အင်ကြင်း ဘောကို ဆင်းရုံနှင့် မပြီးသေးပါ။ သမုန်းကျင်းမြို့ဟောင်းကို ဆက်သွားရဦးမည်။ သမုန်းကျင်းသစ်တောနယ်တွင် တာဝန်ကျနေကြသော ရုံးဝန်ထမ်း တစ်ယောက်မဟုတ်တစ်ယောက် လာကြိုလိမ့်မည် ဆိုတာကလွဲလို့ အင်ကြင်းတောကိုလည်း မသိ။ သမုန်းကျင်းကိုလည်း မသိ။ ဘယ်သူလာကြိုမှာလဲ ဆိုတာပင်မသိ။ လူရွှင်တော် ပြက်လုံးထဲကလိုလို ထွက်သာလာရတယ် ဘာဇောတ်ရုပ်မှန်း မသိပေါင် ဆိုတာမျိုး။

ရထားထွက်လာပြီး အရှိန်ပြင်းလာသည်အထိ ဘေးကို ခရီးသည် ရောက် မလာ။ သေချာပြီ။ ရထားထွက်သည်အထိ ရောက်မလာမှတော့ နောက်ဘူတာ မရောက်မချင်း လူဝင်လာစရာမရှိတော့။ စောစောက စကားတွေ များခဲ့ကြသော ကုလားကြီး နှစ်ယောက်လည်း မောသွားကြပုံပေါ်ပါ၏။ တစ်ဖက်စီ စောင်းကြရင်း ငိုက်နေကြလေပြီ။ ခင်စောမူလည်း လက်ဆွဲအိတ်ထဲက စိပ်ပုတီးကလေးကို ထုတ်ကာ လက်က တစ်ချောက်ချောက်စိပ်ရင်း ရထားပြတင်းက ရှုခင်းတွေကို ငေးလျက် လိုက်ပါလာခဲ့၏။ ထိုစဉ်မှာပင် ခင်စောမူ ဘေးကို အမျိုးသမီးကြီးတစ်ယောက် ရောက်လာခဲ့သည်။

ရထားထွက်လာပြီး ဆယ်မိနစ်လောက်ကြာမှ ရောက်လာသော ထိုအမျိုးသမီးကြီးက ခင်စောမူဘေးကို ဝင်ထိုင်သည်။ အမျိုးသမီးကြီးက အသက် ခပ်ကြီးကြီး ဆံပင်တွေက တစ်ခေါင်းလုံး ဖြူဖွေးလို့။ ဆံထုံး ခုံညင်းဒိုး လောက်ကလေးကို ငယ်ထိပ်ပေါ်မှာ ငုတ်စိစိကလေး တက်ထုံးထားသည်။ ပိန်ပိန်ပါးပါး ခန္ဓာကိုယ်မှာ ထဘီအညို၊ အင်္ကျီအညိုဝတ်ကာ ယောဂီတဘက်

ကို ပခုံးသိုင်းပတ်ထားပါ၏။ ပိတ်ညှိုဝတ်စုံကြောင့် နဂိုညှိုတိုတိုအသားရောင်က ပိုလို့ပင် ညှိုမှောင်နေသည် ထင်ရ၏။ ခင်စောမူ ငဲ့ကြည့်ရင်းက မြင်လိုက်ရ ခြင်း ဖြစ်သည်။

လက်ကောက်ဝတ်တွင် စိပ်ပုတီးတစ်ကုံး နှစ်ပတ်လျှိုစွပ်ထားသည်အပြင် ပိန်ခြောက်ခြောက် လက်ချောင်းတွေထဲက လက်ခလယ်မှာ ဝတ်ထားသည့် ရွှေလိုလို ဘော်လိုလို လက်စွပ်ကိုပါ သတိထားမိလိုက်သည်။ ဒေါနပန်း ခြောက်တစ်ခက်ကို ထိပ်မှာ ထိုးထိုးထောင်ထောင့် စိုက်ထုံထားလိုက်သေး၏။ အဆိုးဆုံးကတော့ ကြေးခြောက်နံ့တွေ နံနေခြင်းဖြစ်၏။ သည်ထဘီ၊ ဤသည်အင်္ကျီကို ဘယ်နှမိုး ဘယ်နှနွေများ ဝတ်ထားပါလိမ့်။ ချိုင်းတွင် လွယ်လာသည့် ခပ်ရည်ရည် ဇစ်တပ်အိတ်အိတ်ကို ကြမ်းပေါ်ချသည်။ ပလတ်စတစ်ကြိုးပြားဖြင့် ရက်ထားသော စောက်နက်နက် ခြင်းတစ်လုံးလည်း ပါသေးတော့ ဒါကိုလည်း ကြမ်းပြင်ပေါ် ပုံချထားသည့်အိတ်နှင့် ယှဉ်ချလိုက်ပြန်သည်။ ခင်စောမူက သည်ထဘီအကဲခတ်လို့ မကောင်းနိုင်တော့ ပြတင်းပေါက်ဘက် ပြန်လှည့်လိုက်သည်။ အမျိုးသမီးကြီးဆီက မအိုးမအိမ်နံ့တွေက မပျောက်နိုင်။ ခင်စောမူက ရထားပြတင်းပေါက်ဘက် ခေါင်းထိုးကာမျက်နှာကို အပလေ များများရအောင် ခံသည်။

"ညည်းက ပြတင်းပေါက်ဘက်ကလား...ငါက ပြတင်းပေါက်ဘက်က မဟုတ်ဘူးလား..."

ခင်စောမူက ဖျတ်ခနဲ ပြန်လှည့်လိုက်ရလေသည်။ ဘယ်သူက ပြတင်းပေါက်ဘက်ကလည်း မေးနေမှတော့ ရထားစီးခရီးသည်ပေါ့။ ဒါဖြင့် ဘာဖြစ်လို့ ရထားစထွက်တုန်းက မရှိရတာလဲ။ ရထားမထွက်ခင်ကကော ဘာဖြစ်လို့ ပေါ်မလာခဲ့တာလဲ။ ခင်စောမူကိုယ်တိုင်လည်း ဘယ်ဘက်ကမှန်း သတိမထားမိ။ ရထားပေါ်ရောက်ရောက်ချင်း ပြတင်းပေါက်ဘေးကို ဝင်ထိုင်လိုက်မိတာ မဟုတ်လား။ ရထားလက်မှတ် ထုတ်ကြည့်သည်။ ခင်စောမူက ပြတင်းဘေး ကပ်ကာ

"ကျွန်မက ပြတင်းပေါက်ဘက်က..."

www.burmeseclassic.com

www.burmeseclassic.com

"ပြီးတာပါပဲအေ...ပြတင်းပေါက်ဘက်ကဆိုတော့ လေရတာပေါ့... ညည်းက ဘယ်အထိ လိုက်မှာတုံး..."

"အင်ကြင်းတောအထိပါ"

"သွားရဦးမှာပေါ့...အင်ကြင်းတောအထိပဲလား..."

"သမုန်းကျင်းမြို့ဟောင်းအထိ ဆက်ရမှာပါ"

"သမုန်းကျင်း...ညည်း အရင်က ရောက်ဖူးသလား...ဆွေမျိုး ရှိလို့လား"

ခင်စောမူက လူကြီးသူမရဖယ်လို့ မေးလာသမျှ ဖြေခဲ့ခြင်းဖြစ်သည်။ သို့သော် မေးခွန်းတွေ ဆက်လာတော့လည်း မဖြေချင်ပြန်တော့။ တစ်ဖက်ကို လှည့်နေလိုက်သည်။ ပိတ်ညှိဝတ်အမျိုးသမီးကြီးက မဖြေလို့တော့ ဘယ်ရပါ့မလဲ ဆိုသည့်ပုံဖြင့် ခင်စောမူကို စိမ်းစိမ်းကြီး ကြည့်နေခဲ့ပါ၏။ ခင်စောမူ သတိထားမိသလောက် သည်အမျိုးသမီးကြီး၏ လက်ချောင်းတွေက ပိန်လိုလွန်းရုံမက အကြောကြီးတွေက တီကောင်သန်သန်ကြီးတွေလို တလွန့်လွန့်. ထောင်ထနေခြင်းဖြစ်၏။ အရိုးပေါ် အရေတင်ဆိုသည့် စကားကိုပင် သတိရနေမိသည်။

"ပြောလေအေ...သမုန်းကျင်းမြို့ဟောင်းမှာ အသိရှိသလား...ငါက စေတနာနဲ့ မေးတာအေ့...ငါ့တပည့်မတစ်ယောက် အကြားအမြင် ရတာ သမုန်းကျင်းမှာရှိလို့ ပြောတာ..."

သည်စကားကြားတော့လည်း ခင်စောမူ အားနာသွားရပါ၏။ အထင်လွဲမိလေခြင်းဆိုသည့်စိတ်ကြောင့် တစ်ဖက်ကို ပြန်လှည့်ကာ ပိတ်ညှိဝတ် အမျိုးသမီးကြီးမျက်နှာကို စိုက်ကြည့်လိုက်သည်။ အလို...ခင်စောမူပင် လန့်ဖျပ်သွားရပါ၏။ လက်တွေက ရင်ထော်ပြီး အိစနာ ကျလွန်းသလောက် မျက်နှာက အသက်သုံးဆယ် ဝန်းကျင်လောက် မျက်နှာမျိုးဖြင့် နုပျိုနေခြင်းကြောင့် ဖြစ်သည်။ မျက်လုံးမျက်ဖန် ကောင်းကောင်း၊ မျိုက်ခုံးမွေး ထူထူတန်းတန်း၊ နှာတံသွယ်သွယ်၊ နူတ်ခမ်းပါးပါး၊ မေး ချွန်းချွန်း။ တစ်ခုတော့ရှိသည်။ မျက်နှာမှာ တင်းတိပ်တွေ သမင်ကွက်တွေ ထသလို ထနေကြခြင်းဖြစ်၏။

"အသိမရှိပါဘူး ဒေါ်...အဲ့..."

"ငါ့နာမည်က မကြေးစည်...အမေကြေးစည် ခေါ်ကြတယ်"

"ဟုတ်ကဲ့ အမေကြေးစည်...ကျွန်မက သမုန်းကျင်းမြို့ဟောင်းကို တာဝန်နဲ့ သွားရမှာပါ...ကျွန်မတို့ကုမ္ပဏီကလူတွေ ရှိတယ်...သူတို့က တောထဲက စခန်းမှာ နေကြတာဆိုတော့ ကျွန်မက မြို့ပေါ်မှာ နေရမှာပါ"

"မြို့မဟုတ်ပါဘူးအေ...သမုန်းကျင်းက ကျတ်ကုန်းကြီးပါ"

ကျတ်ကုန်းကြီးဆိုတာ ဘာပါလိမ့်။ ခင်စောမူက ဒေါ်ကြေးစည်ပြောလိုက်တာကို နားမလည်လိုက်သော်လည်း ထပ်တော့ မမေးဖြစ်။ ဒေါ်ကြေးစည်ကလည်း ထပ်မပြောတော့ စကားလည်း ရပ်သွားပါ၏။ တော်တော်လေးကြာတော့ ဒေါ်ကြေးစည်ကပဲ စကားစပြန်သည်။

"ကျတ်ကုန်းကြီးဆိုတာ ရှေးတုန်းကပေါ့အေ...အခုတော့ ဘယ်ဟုတ်ပါ့မလဲ...ငါ့တပည့်မ ရှိတယ်...အမေကြေးစည်က လွတ်တယ်ပြော...ညည်းကို မဲ့.တစ်ပြောက်မစွန်းအောင် ကူညီစောင့်ရှောက်လိမ့်မယ်"

"အမေကြေးစည် တပည့်မက ဘယ်သူတဲ့လဲ..."

ဒေါ်ကြေးစည်က မဖြေပြန်။ အောက်ချထားသည့် ပလတ်စတစ်ကြိုးပြားဖြင့် ရက်ထားသော ခြင်းထဲက တစ်စုံတစ်ရာကို နှိုက်ရှာနေပုံဖြင့် အလုပ်များရပြန်လေသည်။ ခင်စောမူက ဆက်မမေးတော့ဘဲ အသာမှေးနေလိုက်၏။ ရထားက သဲတံတားကြီး တစ်စင်းပေါ် ဖြတ်နေသဖြင့် တဆေးဆေး အသံကြီး အဆက်မပြတ် ဆူညံနေတော့သည်။ ရထားပြတင်းပေါက်မှ ခြင်ရသလောက် ရှာကလေးတွေလို့ ထင်ရသည့် သစ်ပင်ဝိုင်းအစု အစုကြီးတွေ ဟိုတစ်ပုံ၊ သည်တစ်ပုံ။ ဘာရွာတွေပါလိမ့်။ ကွင်းထဲမှာ အမျိုးသမီးတစ်သားတစ်နွားကျောင်းနေသည်။ နေမရင့်သေးသော်လည်း ဝါးဖတ်ခမောက်လောင်း ဆောင်းထားသည်။ နွားက အဖြူ သုံးကောင်၊ အနီ လေးကောင်။

www.burmeseclassic.com

www.burmeseclassic.com

ခင်စောမူ အဝေးကို ငေးခိုက်တွင် ပြင်းထန်သော နှာချေသံကြီး ဆက်တိုက်ထွက်လာသည်။ ဒေါ်ကြေးစည်...။ ဆက်တိုက် ဆက်တိုက်ဆို သလို နှာချေဆတ်နေသဖြင့် ခင်စောမူမှာ အသာယိုင်နေလိုက်ရသည်။ ဘယ်ဘက်လက်ဖဝါးထဲမှာ နှာမှုန့်. နည်းနည်းရှိသေးသည်။ ချေဆတ်နေရင်းက နှာမှုန့်. ဆေးကို လက်ညှိုးလက်မဖြင့် ပွတ်ယူကာ နှာခေါင်းထဲ ထိုးထည့်နေပြန်၏။ အဆောမသတ်အောင် ချေဆတ်နေတာကို ခင်စောမူသာမကပါ ရှေ့ထိုင်ခုံက ကုလားကြီးနှစ်ယောက်ကလည်း ထူးဆန်းသလို လှမ်းကြည့်နေကြလေသည်။ ဒေါ်ကြေးစည်က အားရပါးရ မျက်ရည်လည်ရွဲ ချေဆတ်ပြီးမှ စကားဆက်လေ၏။

"နတ်ဆေးတော်ကြီး ဂမုန်းနှာခေါင်းတယ်အေ့...ခုမှ ကောင်းကောင်း ပွင့်သွားတော့တယ်...နေဦး...ညည်းမေးတာ...သည်ကောင်မနာမည် ဘယ်သူဆိုလား...ငါ ဆေးထိုးပေးထားတာအေ့...ညည်း ဟိုဂရာက် ရင်ကြည့်...နဖူးဆံစပ်မှာ မဲ့စိမ်းသုံးလုံး တွေ့လိမ့်မယ်...မဲ့စိမ်း မဟုတ်ဘူး...စက်သုံးပါးဆေး ထိုးပေးထားတာ...ခေါင်းစွဲကောင်းတာ ပေါ့အေ..."

ဘယ်သူမှန်းမသိရသော နဖူးတွင် မဲ့စိမ်းသုံးစက်ပါသည့် မိန်းမကိုပဲ အရင် ရှာရမလိုလို ဖြစ်နေပါပကော။ သည်အခါမှာတော့ ခင်စောမူ ရေးတေးတေး နားလည် လာခဲ့ပြီ။ ပိတ်ညိုဝတ် အမျိုးသမီး တော်တော်များများကို ခင်စောမူ တွေ့ဖူးသည်။ များသောအားဖြင့် မွေးနေ့.ကျရောက်သည့် ညနေဘက်တိုင်း ဘုရားမှာ ပုတီးစိပ်နေကျ ခင်စောမူအဖို့. ဘုရားရင်ပြင်တော်ပေါ်မှာ အဲသလို အမျိုးသမီးတွေ တွေ့ရတတ်သည်။ ဝတ်ကြောင်ကို ပယ်ကာ ရာသက်ပန် ပိတ်ညိုဝတ်ရန် အဓိဋ္ဌာန်ပြုကြသူများဖြစ်၍ အများထက်စာလျှင် ဘာသာတရား အပေါ် ပိုမိုအာရုံရှိကြသော သူတော်ကောင်းများအဖြစ် ခင်စောမူ သဘော ထားခဲ့သည်သာ။ ဒေါ်ကြေးစည်ကတော့ နည်းနည်းကလေး ကယောက်ကယက် ရှိပုံရသည်ဟု ထင်သည်။ ဆိုပါတော့...။ ရထားပြတင်းပေါက်လို နေရာကို

ပင် ညည်းလား ငါလား မေးနေကတည်းက အလိုနည်းသူ မဟုတ်တန်ရာဟု ခင်စောမူ တွေးထားပြီးသား။

အခုလည်း စကားတွေ တောင်ရောက် မြောက်ရောက်။ ဘာပဲဖြစ်ဖြစ် သွားရင်းလာရင်း တွေ့ရသော အတွေ့.အကြုံလို့.သာ ခင်စောမူ သဘောထား လိုက်ပါ၏။ ဒေါ်ကြေးစည်က တစ်လုံးချိုင့်ကလေးကို ထုတ်ပြီး ကြေးဇွန်း တစ်ချောင်းဖြင့် ထမင်းတွေ ကော်ကော်စားနေတော့လည်း ပေတီပေစုတ်။ ထမင်းတွေ ဖွာလန်ကြဲအောင် စားတတ်သော ကလေးတစ်ယောက်လိုပင်။ ထမင်းတွေ တစ်လုတ်စားလိုက်၊ သီးလိုက်၊ ချောင်းတွေဆိုးလိုက်၊ ပတ်ပတ်လည်မှာ ထမင်းစေ့တွေ ပြန့်.ကျဲလျက်။ စားရင်းက ရယ်ချင်ချင် ပြုံးချင်ချင် မျက်နှာကိုလည်း မြင်ရပါ၏။

ထူးဆန်းတာက လုတာ မလုတာထား၊ မျက်နှာနှင့် ခန္ဓာကိုယ် မလိုက်ဖက်ခြင်းပဲ ဖြစ်သည်။ ခန္ဓာကိုယ်တစ်ခုတွင် တခြားမျက်နှာတစ်ခု လာကပ်ထားတာနှင့် တူနေသည်။ အသက် ဘယ်လောက်ရှိလိမ့်မလဲ။ ထမင်း စားနေသည့်လက်တွေကို ကြည့်ရတာတော့ တကယ့်သက်ကြီးရွယ်အို အမယ်အို တစ်ယောက်လို ရင့်ရော်လွန်းလှပြီ။ မျက်နှာကတော့ ဆဲပင်တွေ ဖြူနေသည့် ကြားက နုလွန်းလှသည်။ ဒါကိုတော့ ခင်စောမူ နားမလည်နိုင်။

"ငါမှတ်မိပြီ...သမုန်းကျင်းမြို့.ဟောင်းက မိန်းမနာမည်ကို မှတ်မိပြီ စောညွှန့်....မစောညွှန့်...မျက်နှာ မဲ့ခွက်ခွက်နဲ့...."

မစောညွှန့်....။ ခင်စောမူက သူ့.နာမည်ထဲက 'စော'တစ်လုံး ပါတာကို မှတ်ထားလိုက်သည်။ မလိုသော်ရှိ လိုသော်ရှိ သမုန်းကျင်းမြို့.ဟောင်းက မိန်းမတစ်ယောက်ကိုတော့ သိခွင့်ရပြီ မဟုတ်လား။ ကုမ္ဗဏီက လွှတ်လိုက်တုန်းက ဘာမှ ရေရေရာရာ မရှိခဲ့။ တခြားဝန်ထမ်းတွေ မသွားချင်ကြလို့ သူမကို လွှတ်လိုက်တာ မဟုတ်မှန်းတော့ သိပါ၏။ ကုမ္ဗဏီ စာရင်းအင်း ဆိုကတည်းက စာရင်းရှိသည့် နေရာကို သွားနိုင်ရမည်သာ။ သမုန်းကျင်းထက် ဝေးလံသော အရပ်များကိုပင် သွားခဲ့ကြသူတွေရှိတာ ခင်စောမူ အသိပင်း

www.burmeseclassic.com

www.burmeseclassic.com

အန်ကယ်ဟုတ် ကိုယ်တိုင်က "မခင်စောမူ သွားစေချင်တယ်...မကြာပါဘူး၊ သုံးလေးရက်ပါ...အလွန်ဆုံး တစ်ပတ်ပေါ့" ဆိုတုန်းကလည်း ခင်စောမူ မငြင်းခဲ့။ မသွားဝံ့စရာမရှိ။ မသွားနိုင်စရာလည်းမရှိ။ တာဝန်ရှိလာလျှင် တာဝန်ကျေဖို့သာ စဉ်းစားသည်။ တစ်ခုတော့ စောဒက တက်ခဲ့သည်။

"ခရီးစရိတ်ထုတ်တာလည်း ဟုတ်ပါရဲ့ အန်ကယ်ဟုတ်ရယ်...နေဖို့ထိုင်ဖို့က ဟိုမှာ တည်းခိုခန်းရှိသလား မရှိသလားလည်း မသိ...စခန်းအထိ လိုက်ဖို့ကလည်း ခက်သားပဲ...အန်ကယ်တို့ ဘယ်လိုစီစဉ်ထားလဲ...အရင်ကကော ဘယ်သူသွားခဲ့တာလဲ..."

အန်ကယ်ဟုတ်က ခရီးစရိတ်ထုတ်ရမည့် စာရွက်ကို လက်မှတ်ထိုးပြီး လှမ်းအပေးမှာ ခင်စောမူ မေးခဲ့ခြင်းဖြစ်သည်။

"အရင်ကတော့ ယောကျ်ားလေးတွေ သွားတာများတယ်...ညွန့်သိန်းတို့ ကျော်ဦးတို့ပဲ...စာရင်းတွေက သိပ်ပစ်ထားလို့ မကောင်းလို့ အန်ကယ်က ဖောက်လွှတ်ရတာ... ဆိပ်ကမ်းကိစ္စတွေကျတော့ မိန်းကလေးနဲ့ မကိုက်ပြန်ဘူး...လူလဲဖို့ကလည်း ခက်တယ်...ငါးမီးသွားလိုက်ပါ...စခန်းတာဝန်ခံ မင်းအောင်မြင့်တို့ ဘူတာကို လာကြိုကြမှာပါ...မြို့ထဲတစ်နေရာတည်းဖို့ သူတို့ စီစဉ်ပေးနိုင်ပါတယ်...ကုမ္ပဏီမှာ လုပ်နေကြတဲ့ မြို့ခံတွေလည်း ရှိတာပဲ"

ခင်စောမူ ထွက်လာကတည်းက စမ်းတဝါးဝါး။ ကိုယ်တစ်ခါမှ မရောက်ဖူးသော နယ်မြို့ကလေးဆီ တစ်ကိုယ်တော် စွတ်ရွတ်ထွက်လာခဲ့ရသည်။ အဆင်ပြေ မလားမသိ၊ မပြေလားမသိ။ နောက်ဆုံးတော့ စခန်းအထိ လိုက်သင့် လိုက်ဖို့ စိတ်ကူးထားလိုက်သည်။ ခက်တာက ကုမ္ပဏီကလည်း မိန်းမဖော် ထည့်မပေးလိုက်နိုင်။ ကိုယ့်မှာလည်း လက်တိုလက်ဆောင်း မိန်းမဖော်မရှိ။ မသွားဝံ့ပါဘူး ဆိုတော့လည်း ညဲ့ရာကျတော့မည်။ အလုပ်သွင်းပေးသူဦးလေးမျက်နှာကိုလည်း ထောက်ရမှာ မဟုတ်လား။

ခင်စောမူ လွှည့်ကြည့်လိုက်တော့ ဒေါ်ကြေးစည်က ငိုက်လို့ဝင်နေပြီး ကြေးခြောက်နံ့က ၂၂နေပါ၏။ ခင်စောမူ ရှူးဆေးတောင့်ကို ထုတ်ပြီး အသာရှူရင်း ဘူတာစဉ် လိုက်မှတ်နေခဲ့သည်။ ကြာတော့ ခင်စောမူလည်း ငိုက်ချင်ချင် ဖြစ်လာခဲ့ပြီ။ မနက်စောစောကြီး ထွက်လာခဲ့သော်လည်း ခုထိ မဆာချင်၊ ထမင်းလည်း ပါမလာပါ။ မုန့်တွေတော့ ပါပါ၏။ စားချင်စိတ်ရှိမှပဲ တစ်ခုခုစားတော့မည်။ ခဲနောက်မိုပေါ် ခေါင်းကလေး မှေးတင်ရင်း ရထားခုတ်သံ တဂျုန်းဂျုန်းကြားထဲမှာပဲ ခင်စောမူ မှေးခနဲ အိပ်ပျော်သွားခဲ့ပါ၏။ ဘယ်လောက်ကြာသွားသည်မသိ။ အလွန်ပူလောင်လှသော အထိအတွေ့ကြောင့် ခင်စောမူ လန့်နိုးခဲ့ရသည်။ မီးစနှင့်ထိုးလိုက်သလို ပူသော အပူမျိုး။ ခင်စောမူ လက်ကောက်ဝတ်ကိုပွတ်ရင်း ဒေါ်ကြေးစည်ကို ကြည့်လိုက်သည်။

"ငါကိုင်လိုက်တာပါအေ့...ဘယ်အချိန်ရှိပြီလဲ...အင်ကြင်းတောနီးပြီလားလို့...."

ခင်စောမူက မျက်နှာကို ရေစိုပဝါတစ်ထည်နှင့် သုတ်လိုက်သည်။ လက်ကနာရီကို ကြည့်လိုက်တော့ မွန်းလွဲ နှစ်နာရီကျော်ကျော်။ ပြောစကားဆွေးရတော့ မွန်းလွဲ နှစ်နာရီနှင့် အင်ကြင်းတောဘူတာကို မရောက်နိုင်တာ ခင်စောမူ သိထားပြီးသား။ သုံးနာရီကျော်မှ ရောက်ဖို့များသည်။ ဒေါ်ကြေးစည်နှိုးလိုက်တာကိုတော့ ကျေးဇူးတင်ပါ၏။ ဒါပေသိ ဘာနဲ့နှိုးလိုက်တာပါလိမ့်။ လက်ကောက်ဝတ်ကို လှမ်းဆုတ်လိုက်တာပဲနေမှာ။ ဒါဖြင့် လက်တွေက အဲသလောက်တောင် ပူရသလား။

"ဟုတ်ကဲ့...အမေကြေးစည်...ကျေးဇူးတင်ပါတယ်ရှင်...အမေကြေးစည် နေမကောင်းဘူးလား...လက်တွေက ပူနေလို့ မေးထားပါ"

"ကောင်းပါတယ်...မပူပါဘူးအေ...သည်မယ်..."

ဒေါ်ကြေးစည်က သူမလက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်သည်အထိ အေးစက်နေပြန်ပါ၏။ အေးသမှ ရေခဲတုံးလို အေးသည်။ ခင်စောမူ နှလုံးသည်

www.burmeseclassic.com

www.burmeseclassic.com

နိုင်တော့။ ရထားတွဲပေါ်မှာ လူတွေ ခုံအပြည့်ရှိနေကြသည်။ သူမတို့ ရှေ့မှာ စကားတွေ ပြောနေကြသော ကုလားကြီးနှစ်ယောက်ရှိသည်။ နောက်မှာရော ဘေးမှာပါ ခရီးသည်တွေ အပြည့်။ သည်ကြားထဲက ဒေါ်ကြေးစည်နှင့်သူမ နှစ်ယောက်တည်း ပြဿနာတွေ ကြုံနေရပါလား။ သည်လက်ပဲ သူမကို နှိုး ခဲ့တာ၊ ပူလိုက်တာ လောင်လို့။ သည်လက်ပါပဲ သူမကို ကိုင်ပြတော့ အေး လိုက်တာ ကျင်လို့။

"ငါကပဲ စိတ်က ထင်နေလို့များလား..."

ခင်စောမူမှာ သူမကိုယ်သူမလည်း တွေးရပါ၏။ ရထားခုန်လွန်း လို့များ ဦးနှောက်တွေ အခန်းလွဲကုန်ရော့လား။ ခင်စောမူ ဘာမှမပြောတော့ဘဲ ငြိမ်နေရတော့သည်။ အင်ကြင်းတောဘူတာကို ရောက်ချင်လှပြီ။ သမုန်းကျင်း မြို့ဟောင်းကိုပင် ရောက်ချင်လှပြီ။ ရောက်ကာမှ ဖြစ်ချင်ရာဖြစ်၊ ကြုံချင်ရာကြုံ။ သည်ထိုင်ခုံက လွတ်ချင်လှပါ၏။ ဒေါ်ကြေးစည်က စကားတွေ ဆက်နေပြန် သည်။

"သမုန်းကျင်းမြို့ဟောင်းက ဆက်သွားတော့ အနောက်ဘူးစူးမှာ သစ်တောရှိတယ်...အင်မတန် နက်တဲ့တောပေါ့အေ...အင်တော ကညင်တောကြီး...အင်တောကို မဝင်ဘဲ ချိုးသွားတော့ ခံတက်ကန် တို့၊ ခလောက်ဆွဲတို့၊ နေပူကုန်းတို့၊ မိုးထိတို့ ဆိုတဲ့ ရွာတွေ ရှိတယ်...ဆက်သွားတော့ ဒိုးပင် မောင်နှမ...နတ်ကွန်းကြီးရှိတယ်... ဘုရားလည်းရှိတယ်...ဘုရားက ဓာတ် ပေါင်းစုဘုရားပေါ့အေ...ငါ ဘုရားဖူးသွားတုန်းက စောညွန့်.နဲ့.တွေ့.တာ"

အင်မတန် နက်တဲ့တောဆိုတာ ဦးမင်းအောင်မြင့်တို့ နေသည့် စခန်း ရှိရာ သစ်တောကြီးဖြစ်လိမ့်မည်။ သည်လိုဆိုတော့လည်း စကားတွေက ဟုတ် သလိုလို။ စကားတွေ ပြောနေသော်လည်း မျက်လုံးတွေ မိတ်ထားတာကို ခင်စောမူ သတိထားမိသည်။ သမုန်းကျင်းမြို့ဟောင်းကိုရောက်လျှင် ဒေါ်ကြေးစည်

ပြောသည့်ရွာတွေ ရှိ၊ မရှိ မေးကြည့်ဖို့လည်း တွေးထားခဲ့သည်။ ဒေါ်ကြေးစည် ငြိမ်အသွားမှာ ခင်စောမူက မုန့်.ထုပ်ကို ဖွင့်ကာ စားဖို့ပြင်သည်။ ဝမ်းကလေး ဘာလာ၍ဖြစ်ပါ၏။ လူကြီးသူမကို ဦးဦးဖျားဖျား ကျွေးချင်သဖြင့် လှည့် ကြည့်တော့ ဒေါ်ကြေးစည်က မျက်လုံးတွေ မှိတ်ထားကာ ငြိမ်သက်နေသည်။ ဒေါ်ကြေးစည် လူပ်လာမှပဲ ကျွေးမည် စိတ်ကူးထားလိုက်ပြီး ရထားပြတင်း ပေါက်ဘက်လှည့်ကာ မုန့်.စားရသည်။ ရထားပေါ်မှာ ဝယ်လိုက်သော ရေ တစ်ကျိုက်လောက် သောက်လိုက်သည့်အခါ ရင်ထဲ နည်းနည်းကလေး ငြိမ်သွား ခဲ့သည်။

သည်လိုနှင့် စကားမပြောဖြစ်ကြတော့ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ရှိခဲ့ ကြပြန်သည်။ ခင်စောမူမှာ ဒေါ်ကြေးစည်ကို အခုထိ မဆုတ်ဖမ်းနိုင်ဘဲ ဖြစ်နေ ရသည်။ ဓာတ်လိုလို၊ နတ်လိုလို ကယောင်ချောက်ချား ဖြစ်နေသူလို့လည်း အတတ်မစွဲသား။ ဒါဖြင့် ပုံမှန်လားဆိုတော့လည်း လက်ခံဖို့ ခက်နေပြန်သည်။ ဒေါ်ကြေးစည် ပြောစကားတွေထဲမှာ ပုတီးအပတ်ရေ တစ်ထောင့်ရှစ်ဆယ် စီပ်တာလည်း ပါသည်။ ရထားထွက်စက ရွတ်နေကျ မန္တန်မဆုံးသဖြင့် လာမထိုင်ဘဲ အပေါက်ဝမှာရပ်ရင်း ရွတ်နေခဲ့တာလည်း ပါသည်။ မန္တန်ရွတ် နေခိုက် အခြားလူတစ်ယောက်ယောက်နှင့် မထိရသဖြင့် ခုံမှာ လာမထိုင်တာ လည်း ပါသည်။ သည်စကားတွေကကော အမှန်လို့ ယူဆရမှာလား။ ဘာမန္တန်မို့များ သည်လောက်တောင် ရှောင်ကျဉ်နေရတာလဲ။ ခင်စောမူ မေးချင်သည့်စကားတော့ ရှိသည်။ ဒေါ်ကြေးစည်၏အသက် ဘယ်လောက် ရှိပြီလဲ ဆိုသည့်မေးခွန်းဖြစ်၏။ ဒါလည်း မေးလို့ကောင်းပါ့မလား။ မေးရင်တော့ အမှန်ဖြေပါ့မလား။ ဒေါ်ကြေးစည်မျက်လုံးတွေ ပြန်ပွင့်လာပြန်၏။

"အင်ကြင်းတောဘူတာ ရောက်ကာနီးပြီအေ...ညည်း ဆင်းရတော့ မယ်...သမုန်းကျင်းရောက်ရင် ဓာတ်ပေါင်းစုဘုရားတော့ သွားရ ချေဦး..."

"ဘယ်လိုသွားရတာလဲ အမေကြေးစည်..."

www.burmeseclassic.com

www.burmeseclassic.com

"ကုန်းကြောင်းပေါ့အေ...ညည်းကလည်း...ငါဖြင့် သည်လိုလျှောက်နေတာ များလှပေါ့...ငါ့အသက်ပဲ..."

"အမေကြေးစည်အသက်က ဘယ်လောက်ရှိပြီလဲ..သန်စွမ်းလို့ မေးတာပါ"

အကျက်ဝင်လာတုန်း ခင်စောမူက ဖျတ်ခနဲ ဝင်မေးလိုက်ခြင်းဖြစ်၏။ ဘာမှမပြောပြန်။ ခင်စောမူ စိတ်ပျက်ရပြန်၏။ အင်ကြင်းတောဘုတာကို ဆင်းကာနီးအထိ စကားမပြန်တော့။ နှုတ်ဆော်ချင်လို့ပင် မရနိုင်ပါ။ တခေါခေါ အိပ်နေလေပြီ။ ခင်စောမူက ခေါင်းပေါက တန်းမှာ တင်ထားသော အထုပ်ကို ဆွဲချရင်း သေချာအောင် ရှေ့က ကုလားကြီးနှစ်ယောက်ကို မေးတော့ အင်ကြင်း ဘူတာကို ဝင်တော့မှာဖြစ်ကြောင်း ပြောပြကြ၍သာ။ ခင်စောမူက ရထားအပေါက်နှာ ကြီထွက်ဖို့ ပြင်လိုက်သည်။ ဒေါ်ကြေးစည်၏ ခြေထောက်ကိုတော့ ရှောင်လို့မလွတ်နိုင်ပါ။ လူကြီးသူမ ဆိုတော့ ကျော်လို့လွှားလို့ တိုးလို့ တိုက်လို့လည်း မကောင်းနိုင်။ ဒေါ်ကြေးစည်ကိုလည်း နှိုးချင်စိတ်မရှိ။ ရထားအရှိန်လျော့ လျော့စပြုလာပြီ။ ဘာပဲဖြစ်ဖြစ် ခင်စောမူကတော့ ရတတ်သမျှ တိုးရောခင်ကာ အထွက်၊ ရထားဥဩမှတ်သံက စူးခနဲ ထွက်အလာ။

"ညည်း ဆင်းတော့မှာပေါ့...ဟုတ်လား"

ခင်စောမူ လက်ကောက်ဝတ်ကို ဆတ်ခနဲ ဆောင့်ဆွဲရင်း မေးလိုက်ခြင်း ဖြစ်သည်။ ခင်စောမူ ဒေါသကလေးဖြစ်သွားသော်လည်း စိတ်ကိုထိန်းရင်း ခေါင်း ညိတ်လိုက်သည်။ လက်ကောက်ဝတ်တစ်ခုလုံး ပြုတ်တုန့်ခွာထားသလို တောင်းကြပ်လွန်းလှပါ၏။ ရထားကလည်း တဖြည်းဖြည်း အရှိန်လျော့လာခဲ့ပြီ။

"ကျွန်မသွားမယ် အမေကြေးစည်..."

ခရီးဆောင်အိတ်ကို လက်တစ်ဖက်ကဆွဲရင်း ဒေါ်ကြေးစည် ဆုပ်ထားသည့် လက်တစ်ဖက်ကို လွတ်အောင် ရုန်းရင်းက နှုတ်ဆက်လိုက်သည်။

ပြောပြောဆိုဆိုနှင့်ပင် ရထားတွဲပေါက်ဆီ တိုးသွားကာ ရပ်နေလိုက်သည်။ ဒ်ဘ်ထဲမှာ လွတ်လပ်ပေါ့ပါးမှုတစ်မျိုး ရလိုက်သလို ခံစားမိရသည်။ ဘူတာရုံမှာ သိုင်နားရမည်။ ဦးမင်းအောင်မြင့်တို့ လာကြိုမည်ကားကို စောင့်ရမည်။ ဒါပဲ ခေါင်းထဲရှိတော့သည်။ ရထားအရှိန် တုံ့ရာက တဖြည်းဖြည်းချင်း ရပ်သွားသည်။ ခင်စောမူ ဆင်းဖို့ပြင်သည်။ ရထားက ကြားဘူတာဆိုတော့ ကြာကြာ မရပ်မှာကို သိနေသဖြင့် ခပ်သုတ်သုတ် ဆင်းလိုက်သည်။ ဆင်းသူကလည်း ခုစ်ယောက်၊ သုံးယောက်လောက်ဆိုတော့ ပလက်ဖောင်းပေါ် ချက်ချင်း ရောက်လာခဲ့၏။ ဘူတာရုံက ရှင်းလွန်းလှသည်။ ရထားစောင့်သူပင် မရှိ။ ခင်စောမူက ဘေးဘီကို ဝေ့ကြည့်တော့လည်း ခြောက်ခြောက်ခန်းခန်းသာဖြစ်၏။ ရထားဥဩဆွဲပြီး တစ်ချက် 'ဂျိန်း'ခနဲ တုံ့သွားကာ ဘီး စ,လိမ့်လျှေ့၏။ ခင်စောမူ ရထားပြတင်းပေါက်ကို လှမ်းကြည့်လိုက်သည်။ ဒေါ်ကြေးစည်က ရထားပြတင်းပေါက်ကို ခါးချိုးကုန်းထားရင်း တစ်စုံတစ်ရာကို လှမ်းပေးနေတာ မြင်လိုက်ရသည်။

"ဟဲ့ ဘယ်သူ...ရော့ လှမ်းယူစမ်း...သမုန်းကျင်းက စောညွန့်ကို ပေးလိုက်စမ်းပါ...ငါ့အသက်တော့ စောညွန့်တွေ့မှ မေ့တော့မှာ...ငါက ခေါင်းတခြား ကိုယ်တခြားအေ့...ပြောလို့လည်း ညည်း ယုံမှာ မဟုတ်ဘူး"

ခင်စောမူက လှမ်းယူလိုက်ရသည်။ ဘာမှန်းတော့မသိ။ လက်ထဲရောက်လာတာကို ဆုပ်ထားရင်း ခေါင်းညိတ်ပြလိုက်ရသည်။ ရထားပင် ဆေးသွားပြီ။ ခင်စောမူက ရပ်ကြည့်နေမိဆဲပင်။ လက်တွင်းဆုပ်ထားသော ပစ္စည်းကို ဖြန့်ကြည့်လိုက်သည်။ ဆယ်ပြားစေ့လောက်သာရှိသော ကျောက်ပြားမည်းမည်းကလေး။ အပေါ်မှာ သဲချွန်နှင့် ခြစ်ထားသည့် ကနုတ်လိုလို အခေါင်းလို ရေးထားသည်။ သမုန်းကျင်းမြို့ဟောင်းက မစောညွန့်ကို ပေးရမည့် ခင်စောမူက ကျောက်ပြားကလေးကို လက်ဆွဲအိတ်ဘေး လျှို့အိတ်ငယ်ထဲ ထည့်ကာ ဇစ်ပြန်ပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခါတော့ ခင်စောမူသည် ဒေါ်ကြေးစည်ကို ဆုပ်မိပြီ။ စိတ်မနံ့ ရှာသူပဲ ဖြစ်လိမ့်မည်။ လှမ်းကြည့်တော့ ရထားက မှုန်မှုန်ဝေးသွားလေပြီ။ သည်လောက်ဆိုလျှင် ဒေါ်ကြေးစည်တစ်ယောက် ကုပ်ကျိုးအောင် ငိုက်သွားရောမည်။

ခင်စောမူက ဘူတာရုံဘေးရှိ သစ်သားခုံကလေး နှစ်လုံးဘက် လျှောက်လာခဲ့သည်။ စောစောက သူမနှင့်အတူ ဆင်းခဲ့ကြသော ခရီးသည် နှစ်ယောက်ကိုပင် မမြင်ရတော့။ လက်ဆွဲအိတ်ကို ဘေးချကာ ခုံတန်းပေါ် ခင်စောမူ ထိုင်လိုက်သည်။ 'အင်ကြင်းတော' ဆိုသည့် ဘူတာဆိုင်းဘုတ်ကို ဖတ်ရင်း တစ်ခုခုတော့ လွဲနေပြီ ဆိုသည့်အသိကို ခံစားလိုက်ရပါ၏။

* * *

သစ်သားခုံကလေးပေါ်မှာ ထိုင်ချလိုက်ပြီး ခင်စောမူ လက်က နာရီကို ကြည့်သည်။ သုံးနာရီ မိနစ်နှစ်ဆယ်။ ခဏနေလျှင် လေးနာရီထိုးတော့မည်။ သစ်တောကြီးနှင့်နီးသော တောရိပ် တောင်ရိပ်တွေမှာ နေစောစောဝင်တတ်တာ ခင်စောမူ သတိရလိုက်တော့ နည်းနည်းကလေး စိတ်ပူသွားရပါ၏။ ဘူတာရုံကလေးကို ကြည့်တော့လည်း လူသူလေးပါး အရိပ်အယောင်ပင် မရှိ။

ဟုတ်ရဲ့လား...။ သည်လောက်တောင် လူပြတ်ရသတဲ့လား...။

ဘူတာရုံဆိုတာ ခရီးသည်တွေ စုရုံးဆုံရာ နေရာမဟုတ်လား။ အခုတော့ တိတ်ဆိတ်ခြင်းနှင့် ခြောက်သွေ့ခြင်းတွေသာ ရှိ၏။ ခင်စောမူက အသာထလာခဲ့ကာ ဘူတာရုံကလေးရှေ့ သွားရပ်သည်။ အတွင်းကို ငဲ့ကြည့်သည်။ ဘာမှမတွေ့ရတော့ နည်းနည်းထပ်တိုးပြီး အတွင်းဘက်ကို အကဲခတ်ပြန်၏။ အနည်းဆုံး ဘူတာရုံပိုင်တော့ ရှိရမည်ပင်။ မရှိတာလား၊ ချောင်တချောင်ထဲ အိပ်နေတာပဲလား။ အိပ်နေတာတော့ မဖြစ်နိုင်ပါ။ ရထားထွက်သွားတာ ဆယ်မိနစ်ပင် မပြည့်ချင်သေး။ ရထားဝင်လာတုန်းကတော့ ရုံပိုင် ရှိရမည်။ ဒါဖြင့် အခု ဘယ်ရောက်သွားပါလိမ့်။ ခင်စောမူ တစ်ယောက်တည်း လျှောက်စဉ်းစားနေခြင်းဖြစ်၏။

"ရုံပိုင်ကြီး...ရုံပိုင်ကြီး...အထဲမှာ ရုံပိုင်ကြီး ရှိသလားလို့..."

ထူးသံ မကြားရ။ ဦးမင်းအောင်မြင့်တို့ ကားကိုတော့ မမျှော်မိသေး။ လေးနာရီကျော်မှ ရထားဝင်တတ်တာဆိုတော့ သုံးနာရီကျော်ကျော်နှင့် ခရောက်နိုင်ကြဘူးလို့ တွေးထား၍ဖြစ်သည်။ ကနေ့တော့ ကံအားလျော်စွာ ရထားက အဝင်စောနေပါ၏။ ခင်စောမူ ခုံကလေးဆီ ပြန်လာပြီး ပြန်ထိုင်သည်။ စိတ်ထဲက အပူတွေကို ရှင်းထုတ်လိုက်ပြီး အေးအေးဆေးဆေး နားသလို စိတ်လျှော့လိုက်သည်။ အေးမြသော လေက ညနေခင်း နေမကျတကျမှာ တရှိုက်ဝတ်နေသည်။ သစ်တောဘက်က လေထင်ပါရဲ့။ စောစောကတော့ မီးရထားပေါ်မှာ လူတွေ တွဲပြည့် ခုံပြည့်။ စကားတွေ တဖောင်ဖောင် ရှိခဲ့ကြသည်။ ခင်စောမူပင် စိတ်မနံ့သူ အမျိုးသမီးကြီးတစ်ယောက်နှင့် ဟိုရောက် သည်ရောက် စကားတွေပြောခဲ့ရသည်။ ခုတော့ လူမရှိ။ စကားပြောဖော်ပင် မရှိ။

ခင်စောမူ ထရပ်လိုက်ပြန်၏။ ဘူတာရုံကလေးကို တစ်ပတ်ပတ်ကြည့်သည်။ ပန်းပင်ကလေးတွေ စိုက်ထားတာ တွေ့ရသော်လည်း ရေလောင်းပေါင်းသင် မရှိတော့ ချုံတွေလို ရှုပ်ပွနေရုံမက ဖုန်တွေအထပ်ထပ်ဖြင့် ဗင်ရှပ် ကျောက်နေကြသည်။ ငှက်ပျောပင်ခုံတစ်ခုရှိသည်။ ငှက်ပျောခိုင်တစ်ခိုင် ကျန်နေဘာကလွဲ၍ ငှက်ပျောပင်တွေမှာလည်း ဖုန်တွေ တင်းကြမ်းပင်။ ငှက်ပျော ရွက်တွေက အမွှာမွှာ စုတ်ပြဲလျက်ရှိကြ၏။ ဘူတာရုံနောက်မှာ ကားသွားလို့ ရသော လမ်းကျယ်ကျယ်ရှိသည်။ သည်လမ်းက ဘူတာရုံနှင့် ကိုက်နှစ်ရာလောက် ထွက်ပြီးသည်နှင့် ကွေ့သွားသည်။

နေပါဦး...။ ဒေါ်ကြေးစည် ပြောခဲ့တဲ့ရွာတွေ ဘာတွေပါလိမ့်...။ ခင်စောမူ မှတ်မိသလောက် ပြန်ရွတ်ကြည့်၏။ ခံတက်ကန်၊ ခလောက်ဆွဲ၊ ဒေပုကုန်း၊ မိုးထိ...။

"အဲသည်ရွာတွေကကော သည်လမ်းပေါ်မှာပဲလား...သည်လမ်း အတိုင်း လိုက်သွားရင် ကောင်းမလား..."

www.burmeseclassic.com

www.burmeseclassic.com

ခင်စောမူ စွတ်ရွတ်လိုက်သွားဖို့ စဉ်းစားမိသေးသော်လည်း မလိုက်ဖြစ်။ ရွာတစ်ရွာရွာရောက်သွားရင် တော်ပါသေးရဲ့။ လမ်းမှားသွားလျှင် အခက်။ အသာပြန်ထိုင်ရပြန်၏။ သူမဘဝမှာ သည်အဖြစ်မျိုး မကြုံဖူးခဲ့။ စွတ်စွတ်ရွတ်ရွတ် ထလာခဲ့တာကပင် အမှားများလား။ ကုမ္ပဏီကတော့ သူမကို ချောက်ချစရာမရှိ။ အရင်ကလည်း ဝန်ထမ်းတချို့ လာဖူးကြသည်ပဲ။ လေးနာရီထိုးချိန်မှာတော့ ကိုမင်းအောင်မြင့်တို့ ရုံးက လာကြိုမည့်ကားကို မျှော်မိရပြီ။ လမ်းအချိုးက ကွေ့ဝင်လာမည့် ကားတစ်စီးကို မျှော်ရတာကလည်း မောရသားပင်။ တစ်ခါတစ်ရံ ခင်စောမူစိတ်ထဲ ကားသံ ကြားမိသလိုလို။ လှည့်ကြည့်တော့လည်း ဘာမှမရှိ။ စိတ်က ထင်တာပဲဖြစ်မည်။

"ဘယ်သူ့စောင့်နေတာလဲဗျ...ကျွန်တော် ဘူတာရုံပိုင်ပါ"

ကားလမ်းဘက် လှမ်းမျှော်နေတုန်း မေးလိုက်သံကြောင့် ခင်စောမူ ကြက်သီးများပင် ထသွားရပါ၏။ လှည့်ကြည့်လိုက်တော့ လူပိန်ပိန်။ မီးရထားဝတ်စုံပေါ်မှာ ဆွယ်တာစိမ်း ထပ်ဝတ်ထားသည်။ ဘောင်းဘီတော့ မဟုတ်၊ ပုဆိုးနှင့်။ မျက်နှာက ချောင်ကျကျ၊ ပါးရိုးက ငေါငေါ၊ နှုတ်ခမ်းတွေက အတွင်းဘက် လိပ်ဝင်နေသည်။ ဘူတာရုံပိုင်က ခရီးသည်ကို မေးတာနှင့်မတူဘဲ မျက်လုံးကြီးပြူးကာ မေးနေခြင်းဖြစ်၍ သူကလည်း ခင်စောမူကို ဥစ္စာစောင့်တွေ့ရသလိုပဲ ပေါက်နေသည်။

"ကျွန်မတို့ရုံးကကားကို စောင့်နေတာပါ...ဘူတာထဲတောင် ကျွန်မဝင်ရှာသေးတယ်...ရုံပိုင်လား..."

"ရုံပိုင်...၊ ခင်ဗျားတို့ရုံးကကား မတွေ့သေးဘူးဗျ...သစ်ထုတ်လုပ်ရေးဘက် ကလား..."

"အင်း...သစ်ကုမ္ပဏီကပါ...ဒါထက် သမုန်းကျင်းမြို့ဟောင်းက ဝေးသေးသလား..."

"သုံးမိုင်ကျော်ကျော်လောက် ဝေးတယ်...အသိရှိလို့လား ..."

"မရှိဘူး"

"ဟောဗျာ...လာ ကျွန်တော့်ဘူတာထဲ ဝင်ထိုင်...သည်လောက ဗွားတတ် နာတတ်တယ်...ကျွန်တော်လည်း သည်ဘူတာရောက်ကတည်းက နာလန်ထရတယ်ကို မရှိတာ..."

ရုံပိုင်ကိုကြည့်၍ ဟုတ်လောက်ပါရဲ့လို့ တွေးမိသည်။ ခင်စောမူက အိတ်ကို ကောက်ဆွဲကာ ထရပ်တော့ ရုံပိုင်က ရှေ့ကသွားနှင့်ပြီ။ လူတစ်ယောက် လမ်းလျှောက် တာနှင့်မတူဘဲ အရိုးစုတစ်စု လျှောက်နေတာနှင့်ပင် တူ၏။ ဘူတာရုံထဲရောက်တော့ မှောင်ချင်ချင်။ ဘူတာရုံဝက ဘူတာလမ်းညွှန် ဆိုင်းဘုတ်ကို ခင်စောမူ မော့ကြည့်လိုက်သည်။ အင်ကြင်းတောမရောက်ခင် ဘူတာက ကျားကုန်ကိုဘူတာ၊ ရှေ့ဘူတာက သခွပ်ပင်။

ရုံပိုင်ပြသည့် ခုံတစ်ခုမှာ ဝင်ထိုင်လိုက်သည်။ သစ်ပေါသည့်အရပ်ဆိုတော့ သစ်တွေက ထူလှသည်။ လက်သမားကောင်းတော့ ရှိပုံမရ။ မလှမပ မသေမသပ်ခုံတွေ လေး,ငါးလုံး ချထားခြင်းဖြစ်၏။ ရုံပိုင်က သူ့စားပွဲနောက်က ကုလားထိုင်မှာ ထိုင်ပြီး ခင်စောမူကို ကြည့်နေသည်။

"သည်နေရာတွေက မှောင်ရင် မကောင်းတော့ဘူး...မှောင်ခိုတွေ လိုပါသေးတယ်"

ခင်စောမူက မှောင်ရင် မကောင်းဘူးဆိုတာ ဘာပါလိမ့်လို့ တွေးနေခဲ့သည်။ ဒါပါပဲ။ ရုံပိုင်က မျက်လုံးပြူးကြီးနှင့် ကြည့်နေတာကလွဲလို့ ဘာ ဧကားမှ မပြောတော့။ ခင်စောမူတွင်လည်း ပြောစရာစကား မရှိ။ နံရံပေါ်က နာရီသံ တစ်ချက်ချက်ကလွဲလို့လည်း ဘာသံမှ မရှိ။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဘူတာရုံပိုင် ကိုပိန်တာက ရှေ့မှာ ငုတ်တုတ်ကြီးထိုင်နေတာ ကိစ္စမရှိ၊ မှောင်သွားမှဖြင့် အခက်။ ရုံးက လာကြိုမည်ဆိုသော ကိုမင်းအောင်မြင့်တို့ကလည်း ပေါ်မလာ။ ဘယ်သွားလို့ ဘယ်လာရမှန်းလည်း မသိ။ ခင်စောမူ ရှင်ထဲမရှင်းတာက ဘူတာရုံဆိုပြီး လူရိပ်လူယောင် မတွေ့ရခြင်းဖြစ်၏။ ဘူတာတွေမှာ တွေ့နေကျ တုံးလုံးပက်လက်ဆိုတာ ဓေးရော၊ တောင်းကြီးတောင်းငယ်, အိတ်ကြီးအိတ်ငယ်, သေတ္တာကြီး သေတ္တာငယ်ရယ်လို့လည်း မရှိ။ ဘူတာအပြင်နံရံမှာ ကပ်ထားသည့် ခပ်မှိန်မှိန် ရထားအချိန်စာရင်းကို လာဖတ်သူပင် မရှိ။ ဘယ်ရထား ဘယ်အချိန် လာမှာလဲ စုံစမ်းသူလည်း မတွေ့ရ။

ခရီးသည် မရှိတာ ထားပါတော့။ ဘူတာရုံက တာဝန်ကျဝန်ထမ်းတော့ တစ်ယောက်စ၊ နှစ်ယောက်စ ရှိရလိမ့်မည်။ ကိုပိန်တာရုံးက ရုံပိုင်ဆိုလျှင် လက်ထောက် ရုံပိုင်တို့၊ ဘူတာစာရေးတို့ မရှိကြတော့ဘူးလား။ အနီးမှာ ဟောင်းနွမ်းလှသော မီးရထား ဝန်ထမ်းတန်းလျားကလေးတစ်လုံး ရှိသော်လည်း အဲသည်မှာလည်း လူရိပ် လူယောင် မမြင်။ ရထားလမ်းပိုင်း အလုပ်သမား၊ အလံချိုးကြသူ စသည်ဖြင့် တွေ့ရဖို့ ကောင်းသည်။ ခင်စောမူ ဒါကိုမေးဖို့ စိတ်ကူးချိန်မှာပင် ရုံပိုင်က စကားစသည်။

"ခင်ဗျားနဲ့ ကျွပ် ဘူတာထဲ ငုတ်တုတ်ထိုင်နေလို့လည်း မဖြစ်သေးပါဘူးဗျာ...ခင်ဗျား ဘယ်နယ် စဉ်းစားထားတုံး..."

"ကျွန်မ ဘာမှကို မစဉ်းစားတတ်ပါဘူး ရုံပိုင်ကြီးရယ်...ကျွန်မသိထားတာက ကုမ္ပဏီကကား လေးနာရီအရောက် လာကြိုလိမ့်မယ်ဆိုတာပါပဲ...ရက်ပဲ မှားကြလို့လား...ကားပဲ ပျက်ကြလေသလား...တစ်ခုခု ဖြစ်ရင်လည်း တစ်ယောက်ယောက်တော့ လာဖို့ကောင်းတယ်"

"လူဆိုတာ အကြောင်းတွေရှိသားဗျာ...ကိုယ့်အလိုနဲ့ တိုက်ဆိုင်ခဲသားပဲ"

"ကျွန်မက အလိုကြီးနေတာ မဟုတ်ဘူး...ဖြစ်သင့်တာ ဖြစ်ရမှာပေါ့ရှင့်"

ခင်စောမူက ကိုပိန်တာ တရားချတာကို နားကြားပြင်းကပ်သွားသဖြင့် အော်လိုက်ခြင်းဖြစ်၏။ ကိုပိန်တာကတော့ သူ့ပြောနေတာ မဟုတ်သလိုပင်။ ဟုတ်ပါရဲ့။ ကိုမင်းအောင်မြင့်တို့ကလည်း ဘာများဖြစ်နေတာပါလိမ့်။ လိုက်သွားရအောင်ကလည်း ခင်စောမူ ဘာမှသိတာမဟုတ်။ ကိုယ်ကပဲ ဒုက္ခရောက်သလား ပြန်စဉ်းစားရသေးသည်။ သောကြာနေ့ ညနေ လေးနာရီ အင်ကြင်းတောဘူတာ...ဟုတ်ပါတယ်။ ရောက်နေရသည့် ဘူတာကပင် ထူးဆန်းနေတော့ နောက်ထပ် ဘယ်လောက်များ ထူးဆန်းတာတွေ ကြုံရဦးမှာပါလိမ့်။ ကင်နဲ့တွေ့ရသည့် လူနှစ်ယောက်ကိုပဲ ကြည့်လေ...။ ရထားပေါ်တုန်းကလည်း ကယောက်ကယက်။ ရထားကဆင်းတော့ အူတိအူရာ။ ခင်စောမူ နာရီကြည့်သည်။ လေးနာရီကို တော်တော်စွန်းပြီ။

"ကျွန်မ သမုန်းကျင်းမြို့ဟောင်းကို သွားချင်တယ်...ဘယ်လိုသွားရမှာလဲ"

"ခြေကျင်လျှောက်ရုံပဲဗျ..."

"ဒါတော့ ဟုတ်တာပေါ့ရှင့်...ဘယ်လိုသွားရင် ရောက်နိုင်သေးမေးတာ...သည်အတိုင်း ထိုင်နေရင် ဘူတာထဲ အိပ်နေရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘူးကာထဲတော့ အိပ်မဖြစ်ပေါင်...ကျုပ်မှ အနိုင်နိုင်ရယ်...စောင်မရှိ...ခြင်ထောင်မရှိနဲ့"

"သဘောပြောတာရှင့်...ကျွန်မက ဘာကိစ္စ အိပ်ရမှာလဲ...ခေါ်ပါဦး လူ တစ်ယောက်လောက်...ကျွန်မကို ပို့ခိုင်းပေးပါရှင့်..."

"ကျုပ်ကလည်း ပို့ချင်ပါတယ်...ဘူတာ ပစ်ထားခဲ့လို့ စိတ်မချရ ဘူးဗျ...လူတွေကလည်း မရှိကြဘူး...အလုပ်သမား မောင်မြမောင် ကလည်း ဝက်ပျောက်လို့ ရွာနေပုံပေါ်တယ်"

ခင်စောမူက ဘူတာရုံကို စိတ်မချရဘူးဆိုတာကိုပဲ ရယ်ချင်သွားပါ၏။ ခြောက်တိခြောက်ခန်း ဘူတာရုံထဲမှာ ဘာများရှိပါလိမ့်။ တွေ့ရသလောက် ပြက္ခဒိန်ပင် ဓာတ်ကောင်းမရှိ။ ရေအိုးထဲမှာတောင် ရေရှိရဲ့လား။ ခွက်ကတော့ ပွန်းလုဖြိုဖြစ်သော ပလတ်စတစ်ခွက် အနီတစ်လုံးဖြစ်သည်။ စာရင်းစာအုပ် တစ်အုပ်၊ နှစ်အုပ်။ နံရံမှာ ကြိမ်ကွင်းတစ်ကွင်း ချိတ်ထားသည်။ တော်ပါသေးရဲ့ နာရီကတော့ အချိန်မှန်လို့။

"လက်ထောက်ရုံပိုင် မရှိဘူးလား..."

"သိန်းအောင်လား...သည်ကောင် မနက်ရထား ဂျူတီပြီးကတည်းက မတွေ့တာ တစ်ရွာရွာရောက်နေသလား မပြောတတ်ဘူး...ရထား ဂျူတီက ညသန်းခေါင်ကျော်မှ နောက်ရထားတစ်စီး လာတော့ မှာလေ...သည်ကောင်က တစ်ခါတစ်ခါ နှစ်ရက်လောက် ဖျောက်နေ တဲ့ကောင်...သည်ကောင့်လည်း တိုင်ရဦးမယ်...ဘယ့်နယ့် ကျုပ်သွားရ တယ်မရှိဘူး...သူချည်း ထွက်နေတာ..."

"ရုံပိုင်ကြီးနာမည်က ဘယ်သူတဲ့လဲ...ကျေးဇူးတင်လို့ပါရှင့်...ဘာပဲ ဖြစ်ဖြစ် ရုံပိုင်ကြီးရှိတော့ ကျွန်မ ဣန္ဒြေရသေးတာပေါ့..."

"ကျုပ်နာမည် မေးတာလား...ကြိမ်ပိုက်...ကျုပ်အမေက မွေးတိုင်း သေလို့ ဘုန်းကြီးက ကြိမ်ပိုက်နဲ့ ခံရမယ်ပြောတာကိုးဗျ...ကြိမ် ပိုက်နဲ့ခံလို့ ကျုပ် အဖတ်တင်တာလို့ ပြောဖူးတယ်"

ခင်စောမူက အဖတ်တင်ရုံ တင်ခဲ့သော်လည်း လူက ကမ္ဘာ့ဦးရပ် ပေါက်နေတာကို တွေးမိတော့ ပြုံးမိသည်။ ရုံပိုင်က သူ့ဇာတ်လမ်းကို သဘော ကျသွားသည် ထင်လို့လားမသိ။ စိတ်ဝင်စားစရာ မကောင်းလှသည့် စကားတွေ ဆက်ပြောနေပြန်သည်။ ခင်စောမူ ဆာလှပြီ။ ရေပုလင်းထဲမှာတော့ ရေ လက်လေးလုံးလောက်ရှိမှန်း သိပါ၏။ မုန့်ထုပ်ကို ထုတ်ပြီး စားပွဲပေါ်တင် သည်။ ရုံပိုင်ကို စားပါဦးဆိုတော့ ချက်ချင်း ထဆွဲသည်။ သည်လို မြို့မုန့်မစား ရတာ ကြာပြီဆို၏။ ခင်စောမူနှင့် ရုံပိုင် မုန့်တစ်ခု၊ နှစ်ခုစီ စားပြီးတော့ ရုံပိုင် က သူ့ရေအိုးကရေကို ထသောက်သည်။ မုန့်စားလိုက်ရတော့ အားနာသွားစိုး ပေါ်သည်။ ကုလားထိုင် ပြန်မထိုင်တော့ဘဲ "ကိုင်း...သွားချင်လည်းသွား လေ..." လို့ ဆိုလာပါ၏။ ခင်စောမူကတော့ စိတ်ကောင်းဝင်တုန်း လိုက်မှ တော်တော့မည်ဟု တွေးသည်။ ရုံပိုင်က မတ်တတ်။ ခင်စောမူက ငုတ်တုတ်။

"သည်လိုရှိတယ်...အခု ကျုပ်တို့ထိုင်နေတာက ဘူတာ...ဘူတာက နောက်ဆင်းတော့ လမ်း...လမ်းက ကွေ့သွားတော့ ရွာတွေဘက် ရောက်တယ်...ဝေးတော့ဝေးသေးတယ်နော်...ထား...၊ ရွာတွေ ရောက်တော့ ပထမဆုံး တွေ့တဲ့ရွာက ရှောက်ပင်...ရှောက်ပင်က ရွာငယ်ကလေး...ကျုပ် အရက်သွားသောက်တာ ရှောက်ပင်ကို သွားတာ...ရှောက်ပင်အရက်ကလည်း ပြောစရာဗျ...ရေကောင်းတော့ အရက်ဆိုတာ ချိုနေတာပဲ"

"ကိုင်းပါရှင်...ဆက်ပြောပါဦး"

"ရှောက်ပင်ကနေ နှစ်ရွာ, သုံးရွာကျော်လိုက်တော့ သမုန်းကျင်းကို သွားတဲ့လမ်းရှိတယ်...ခင်ဗျား တော်တော်လျှောက်ရမှာ...မဝေးတာ ကတော့ ရထားသံလမ်းအတိုင်းသွားတာ...သမုန်းကျင်းက ရထား လမ်းနဲ့ ကပ်နေတာဆိုတော့ ဖြောင့်ဖြောင့်ရောက်တယ်...ခရီးတိုတယ်"

"သမုန်းကျင်းက ရထားလမ်းနဲ့ ကပ်နေတာဆိုတော့ ဘူတာရှိသင့်သား လား... သည်လိုမှန်းသိ သမုန်းကျင်းမှာ ဆင်းတာလေးရှင့်"

www.burmeseclassic.com

www.burmeseclassic.com

"ရထားလမ်းဘေးကျတာကို ပြောတာ...ဘူတာရှိတယ်လို့ ကျုပ်မပြောရသေးဘူး...သမုန်းကျင်းက ကြားမြို့ကလေး...၊ ရထားလမ်းက သမုန်းကျင်းကို ကပ်သွားပြီးမှ ကွေ့သွားတာဆိုတော့ ခင်ဗျားဆင်းချင်လို့လည်း မရဘူး"

"ရှေ့ဘူတာက သခွပ်ပင်ပေါ့...ဟုတ်လား..."

"မှန်သဗျာ...သို့ပေသိ သခွပ်ပင်ဘူတာကျတော့ လူစီးလူဆင်းများတယ်...နောက်မှတိုးတဲ့ ဘူတာဆိုတော့ ကျုပ်ဘူတာကို လူမလာကြတော့ဘူး...အင်ကြင်းတောဘူတာက ရှေးကတည်းက ရှိခဲ့တာ"

ခင်စောမူ ရေးတေးတေး သဘောပေါက်လာခဲ့ပြီ။ တစ်ခုတော့ စဉ်းစားစရာ ရှိပါ၏။ ကိုမင်းအောင်မြင့်တို့က ဘာကြောင့်များ သခွပ်ပင်ဘူတာက မစောင့်ရတာလဲ။ လူတွေသူတွေနဲ့ စည်စည်ကားကားရှိတဲ့ဘူတာကို ဆင်းခိုင်းကြရောပေါ့။ ခုတော့ ဘယ့်နယ့် ရွာမနီး ပြည်မနီး ဘူတာရုံကလေးမှာ ဆင်းခိုင်းရတာပါလိမ့်။ သည်အမေးကိုတော့ ရုံပိုင် ကိုကြိမ်ပိုက်က ဖြေပါ၏။ သခွပ်ပင်က ရွာတွေနှင့်နီးသည်ဆိုသော်လည်း သစ်တောစခန်းနှင့်ကျတော့ ဝေးသည်ဟု ဆိုပြန်သည်။ သည်နေရာဒေသမြေပုံ မရှိတော့လည်း ဟုတ်တန်ကောင်းရဲ့ မှတ်ရပြန်သည်။

ခင်စောမူက နေလုံးညို့လာလေ စိတ်ပူလေ။ ကိုကြိမ်ပိုက် ပြောပုံဆိုလျှင် ရွာတွေဘက်က ပန်းသွားလျှင် ကြာမည်။ ဝေးမည်။ ရထားလမ်းအတိုင်း သွားလျှင် မဝေး။ နီးသည်။ သို့သော် မှောင်ရိပ်ရိပ် ညနေခင်းမှာ ယောကျ်ားသားတစ်ယောက်နှင့် ရထားလမ်းအတိုင်း လျှောက်သွားဖို့ဆိုတာကိုလည်း ထည့်စဉ်းစားရပါ၏။ သူ့ကိုယ်မသိ၊ ကိုယ့်သူမသိ။ လိုက်ပို့ပါမည်ဆိုတာနှင့် လိုက်သွားလို့ သင့်ပါ့မလား။ သို့သော်လည်း ခင်စောမူမှာ ရွေးချယ်စရာမရှိ။ ဘူတာရုံမှာ ဘာမှန်းမသိရသည့် ကားကို ထိုင်စောင့်ရတာက ပိုလို့ပင် ခက်လိမ့်ဦးမည်။ အခုပဲ ငါးနာရီကျော်လာခဲ့ပြီ။ ကြည့်ရတာတော့ ကိုကြိမ်ပိုက်က လူကောင်းသူကောင်းပင်။ ပြီးတော့ အစိုးရဝန်ထမ်း။ သူမှမကယ်လျှင် ထီးချက်စောင့်နတ်သမီးကို မျှော်ဖို့သာရှိတော့သည်။

"ကျွန်မတော့ ရထားလမ်းအတိုင်း သွားမလားလို့..."

"ကောင်းတယ်...ကျုပ်က ကျုပ်ကို တစ်မျိုးထင်မှာစိုးတာ...အခုတော့ ခင်ဗျားက ရွေးလိုက်တော့ ကျုပ်လည်း လိပ်ပြာလုံသွားပြီ"

ခင်စောမူက ကိုကြိမ်ပိုက်ကို လှမ်းကြည့်လိုက်သည်။ ဒါ ရိုးသားလို့ ပြောတဲ့စကားပင်။ သူ့ခမျာ မဆီမဆိုင် လက်ပံသား ဓားနှင့်ချိုင်ရရှာသူ ဖြစ်ရပြီး ခင်စောမူသာ ရောက်မလာလျှင် ဘူတာထဲ ထိုင်ငိုက်နေမည့်သူ မဟုတ်လား။ ကိုကြိမ်ပိုက် ရှေ့က လျှောက်တော့ ခင်စောမူ နောက်က လိုက်ရသည်။ လက်ဆွဲအိတ်ကို ကိုကြိမ်ပိုက်ကပဲ ဆွဲပေးသည်။ နှစ်ယောက်ယှဉ်လျှောက်တာမျိုး ဖြစ်အောင် မြန်မြန်ကြီး သွားနေလို့ ခင်စောမူမှာ အမီလိုက်ရသည်။ လူက ဇောပြတလှုပ်ဆိုပေသိ ခြေလှမ်းတော့ အသွက်သား။ သွားတာတော့ ဟုတ်ပါပြီ။ သမုန်းကျင်းကို ညဦးလောက် ရောက်လိမ့်မည်။ ဘယ်ဆီဘယ်ဝါမှာ တည်းရမှာလဲ။ ကိုမင်းအောင်မြင့်တို့ကိုကော အလွယ်တကူ စုံစမ်းလို့ ရမှာတဲ့လား။ ဘယ်သူ့မှလည်း မသိ။ မစောညွှန့် ဆိုတာကကော။ တွေ့တယ်ပဲ ထားပါဦးတော့...။ ဘာမှန်းမသိဘဲ မတည်းချင်ပါ။ ကူညီလက်စနဲ့ ကိုကြိမ်ပိုက်ကိုပဲ ကိုမင်းအောင်မြင့်တို့ကို စုံစမ်းခိုင်းရရင် ကောင်းမလား။ ဒါမှမဟုတ် စာည်းခိုခန်းမှိုလျှင်တော့ အကောင်းသား။

"သမုန်းကျင်းမြို့ဟောင်းမှာ တည်းခိုခန်း ရှိသလားရှင့်..."

"ကြကြီးစည်ရာဗျာ...ဘယ်ရှိမှာတုံး....၊ နေပါဦး...ကျုပ်ကလည်း စဉ်းစားနေတာပါ...ကျုပ်မိတ်ဆွေတွေဟောရှိပါရဲ့...မြို့က အကြောင်းကိစ္စနဲ့ လာကြသူတွေ တည်းတာခိုတာတော့ ဘုန်းကြီးကျောင်းသွားကြတာများတယ်...ခင်ဗျားက မိန်းမဆိုတော့ ဘုန်းကြီးကျောင်းနဲ့ မအပ်စပ်ပြန်ဘူး"

"ကျွန်မတို့ကုမ္ပဏီကို စုံစမ်းကြည့်ရမှာပေါ့"

"သမုန်းကျင်းမြို့ဟောင်းမှာ ဘာကုမ္ပဏီမှ ရှိသံမကြားဘူး...သစ်တောဘက်တော့ ရှိချင်ရှိလိမ့်မယ်...ဟိုကျမှ ကြည့်လို့ဆိုဆို

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း...ကျွန်မတော့ သေသာသေလိုက်ချင်တော့တာပါပဲရှင်"

"သေချင်လို့လည်း မသေဘူးဗျ...ကဲပါသရွေ့တော့ ခင်ဗျား မတ်တတ်ကြီး နေရဦးမှာ..."

အရေးထဲ ကမ္ဘာ့ဥာန်းရုပ်ပေါက်နေသည့် ကိုကြိမ်ပိုက်က ကမ္ဘာ့ဥာန်းတရား ဟောနေပြန်ပါ၏။ သစ်တောရိပ်ရှိ၍လားမသိ။ အပြင်တွင် အေးလာခဲ့သည်။ အနွေးထည် ထုတ်ဝတ်ရန် စဉ်းစားသော်လည်း ကိုကြိမ်ပိုက်က ဆောင့်မည်ပုံမပေါ်သဖြင့် အသာကပ်လိုက်နေရသည်။ ခင်စောမူမှာ သူ့ဘဝ တစ်လျှောက် ရထားလမ်းပေါ် သည်လောက်ကြာကြာ လမ်းမလျှောက်ဖူးခဲ့။ ခြေလှမ်းမှန်မှန် လှမ်းရအောင်ကလည်း ဇလီဖားတုံး တစ်တုံးနှင့်တစ်တုံးက အကွာအဝေး မတူတာကို အခုမှ သတိထားမိတော့သည်။ ဇလီဖားတုံးရှိရာ လှမ်းနင်းရသဖြင့် တစ်ခါတစ်ရံ မဆန့်ရင်ကန် လှမ်းရသည်။ ကိုကြိမ်ပိုက်ကတော့ ဇလီဖားတုံး ရေရင်းသွားနေသလို သွားနေခြင်းဖြစ်၏။

"ရုံပိုင်ကြီးရယ်...ကျွန်မဖြင့် ဘယ်လိုကျေးဇူးတင်ရမှန်း မသိပါဘူးရှင်...ရုံပိုင်ကြီးနဲ့သာ မတွေ့ရင် ကျွန်မ သည်လို ငုတ်တုတ်နေမှာပဲ"

"ငုတ်တုတ်တော့ မနေရပါဘူးဗျာ...ဘူတာ့အပြင် ထိုင်ခုံတွေရှိတဲ့ဟာ..."

ရုံပိုင်ကြီး ကိုကြိမ်ပိုက်က နောက်နေတာပဲလား၊ အတည်ပြောတာလားတော့ မသိ။ သူပြောနေတာတွေက ကန့်လန့်တိုက်နေသလိုပင်။ သူလည်း အမေကြေးစည်ဆိုသူထက် နည်းနည်းပဲ သာပုံရ၏။ မောင်မင်းကြီးသား စိတ်ကောင်းဝင်လာလို့သာ တော်တော့သည်။ အိမ်ထောင်တွေ ဘာတွေရှိသလား၊ သားသမီးတွေကော...အတူမနေကြဘူးလား၊ ဘယ်မြို့ ဘယ်ရွာမှာ ထားခဲ့တာလဲ စသည်ဖြင့် မေးချင်သော်လည်း အဓိပ္ပာယ်တစ်မျိုး ရောက်မှာစိုးတော့ မမေးဖြစ်။ တောရုံပိုင်ကလေးဆိုတော့ ဘာရယ် ညာရယ် ရစရာလည်း ရှိပုံမရ။ ရုပ်ကို့နေနေသာသာ သူ့ဟာသူတောင် သရဲခြောက်မှာ စိုးရသေးတဲ့ မဟုတ်လား။

"ခင်ဗျားနာမည်က ဘယ်သူတုံး...ကျုပ် မေးမယ် မေးမယ်နဲ့ မေ့မေ့သွားလို့...သည်လို...ဟိုရောက်တော့ အဆင်ပြေရင် အိမ်ရှင်တွေဘာတွေနဲ့ ရင်းရင်းနှီးနှီး မိတ်ဆက်ပေးဖို့ လိုသေးတာကိုး...နာမည်တောင် မသိရဘဲ ကျုပ်က အပ်ပေးလို့ မကောင်းဘူး"

"ကျွန်မ နားလည်ပါတယ်ရှင်...ဟုတ်တာပေါ့...။ ကျွန်မနာမည် ခင်စောမူပါ...ဒန်းဆင်းလိုင်းယင်း အထွေထွေကုမ္ပဏီက အကြီးတန်းစာရင်းကိုင်ပါ"

"ဩော်...ဒန်းဆင်းလိုင်းယင်း...က,နေတဲ့ခြေသံပေါ့...ကောင်းသားပဲ...နာမည်က ဘယ်သူ..."

"ခင်စောမူ"

"ဩော်...ဒန်းဆင်းခင်စောမူပေါ့...က,နေတဲ့ ခင်စောမူ..."

"အခုတော့ ဝေါ်ကင်းခင်စောမူပေါ့ ရုံပိုင်ကြီးရယ်..."

"ဟုတ်တယ်...လမ်းလျှောက်ခင်စောမူ..."

ညရိပ်မည်းမည်း ကျလာခဲ့တာပင် ကြာပြီ။ ညဘက် လူသူတစ်ဦးအလေမှ မရှိသော ရထားသံလမ်းပေါ်မှာ သူစိမ်းယောကျ်ားနှင့် သူစိမ်းမိန်းမတို့ အတူလွှားနေကြရသည်။ ဒါကို ကိုကြိမ်ပိုက် သိပုံရ၏။ ခင်စောမူ စိတ်သက်သာရာရအောင် နောက်နောက်ပြောင်ပြောင် ပြောနေမှန်း ခင်စောမူ သဘောပေါက်ပါသည်။ သူပြောတာလည်း ဟုတ်တော့ဟုတ်သား။ လမ်းလျှောက်ခင်စောမူ ဖြစ်နေပါပကော။ ဘာကြောင့် မှန်းတော့မသိ။ ရုံပိုင်ကြီးကို ခင်စောမူ ခင်မင်သွားသည်။ ခင်မင်သွားသည်ဆိုတာထက် လေးစားမိသည်။ အခု လိုက်ပို့သည်ထားပါဦး။ သူဟစ်ယောက်တည်း မှောင်ကြီးထဲ ပြန်လာရဦးမည်။ နီးတဲ့ခရီးတော့ ဟုတ်။ အားနာစရာပင် ကောင်းပါ၏။

"အပြန်ကျတော့ လမ်းလျှောက်ရုံပိုင် ဖြစ်နေမှာ စိုးတာပါရှင်"

"ကျုပ်လား...အပြန် စက်ဘီးတစ်စီးငှားပြန်မှာပါ...ငှားလို့ရတော့လည်း ကျုပ်က ဘယ်အိမ်အိပ်အိပ် ရတယ်...သည်နားစာ...

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကို ရုံပိုင်ကြီး ရုံပိုင်ကြီးနဲ့. ပန်းပဲမောင်တင့်တယ်လောက် တန်ခိုးကြီးတာ...ဒါဆယ်သိ ကျုပ်က နိုက်ဂျူတီရှိသေးတယ်...ရောက်အောင် ပြန်ရမှာပဲ"

"ကျွန်မက ဘယ်မှာတည်းရမှာလဲ...စဉ်းစားလို့ ရပြီလား..."

"ဒေါ်ခင်မေသီတို့ အိမ်ပဲ ကောင်းမလားလို့..."

"သူတို့က ဘာလုပ်တာလဲ...အိမ်ငှားတာလား..."

"အိမ်ငှားတယ်တော့ မဟုတ်ဘူးဗျ...သမုန်းကျင်းကို လာတဲ့ဧည့်သည်တွေဆိုရင် သူ့အိမ်တည်းကြတာ များတယ်...မိန်းမသားတွေပေါ့ဗျာ...။ နို့...ခင်ဗျားက ဘယ်လောက် ကြာကြာနေမှာတုံး..."

"သုံး,လေးရက်ပါ..."

"ဩော်...ဒါဆို ဖြစ်ပါတယ်...ခင်ဗျားစာရင်းက သုံး,လေးရက်နဲ့ စစ်လို့ ဖြစ်ကဲ့လား..."

"လုပ်ငန်းခွဲရုံးက စာရင်းပါရှင်...သိပ်မများပါဘူး...အလွန်ဆုံး ငါးရက်ပေါ့...ဟိုကျ ကိုမင်းအောင်မြင့်တို့နဲ့ ဆက်သွယ်ပြီးရင် အစီအစဉ် တစ်မျိုး ဖြစ်ချင်လည်း ဖြစ်သွားမှာပေါ့"

ဒေါ်ခင်မေသီ...။ သမုန်းကျင်းမြို့ဟောင်းက အမျိုးသမီးနာမည်တော့ ဒဂုံရပြီ။ မိန်းမသားဆိုတော့ တည်းရခိုရမှာ လုံခြုံမှုရှိနိုင်လို့. ဝမ်းသာမိရုပါ၏။ ဒါပေမဲ့ ဘယ်လိုလူတွေလဲ၊ ဘာလုပ်ကြတာလဲ။ သုံးရေ ခိုးရေကအစ သန့်သန့် ပြန့်ပြန့် ရှိပါ့မလား။ အဆင်မပြေတော့လည်း တစ်နေရာပြောင်းရုံပေါ့။ ခင်စောမူ လျှောက်တွေးနေခြင်း ဖြစ်သည်။ တစ်မိုင်ကျော်ကျော်လောက် လျှောက်လာမိတော့ မီးရောင်တွေ မြင်ရပြီ။ မီးတော့ ရှိသားပဲ။ ခင်စောမူ အားရှိလာခဲ့သည်။ ရုံပိုင်ကတော့ မလှုပ်တလှုပ်ပင်။

ခင်စောမူ တွေးနေတာကို ကိုကြိမ်ပိုက်က သိနေသည်ထင်ပါ၏။ ခင်စောမူ သိချင်သမျှ သူ့ပြောစကားတွေထဲမှာ အပြည့်အစုံပါ၍ဖြစ်သည်။

ဒေါ်ခင်မေသီ ဆိုသူက အသက်လေးဆယ်လောက်ရှိပြီ။ မျက်နှာက ဘိုဆန်ဆန် ဖြင့်၍ အရွယ်နှင့်မလိုက်အောင် ချောသည်ဆို၏။ ကိုကြိမ်ပိုက် သိရသလောက်တော့ ခင်ပွန်းရှိပုံမရ။ အိမ်ကြီးက ရှေးအိမ်ကြီးဖြစ်၍ ကျယ်ကျယ်ဝန်းဝန်း နိုင်သည်တဲ့။

ရုံပိုင်ကြီးက သည်အိမ်ကိုမှ ဘာကြောင့် ပို့ချင်တာလဲ။ ဒါတော့ မေးရမည်။ ရှိသည်နေရာ ထိုးထည့်ပေးသွားတာမျိုး မဖြစ်စေချင်။ ခင်စောမူက တည်းခိုမည်ရက်အတွင်း နေဖို့ ထိုင်ဖို့၊ စားဖို့ သောက်ဖို့ တွေကို တွေးပူနေမိပါ၏။ ကိုမင်းအောင်မြင့်တို့နှင့် မဆက်သွယ်မိမချင်းတော့ မီးစင်ကြည့် က,ရတော့မည်။

"သမုန်းကျင်းမှာ အဲသည်တစ်အိမ်ပဲ နေလို့ ရတာပေါ့...ဟုတ်လား ရုံပိုင် ကြီး..."

"ရှိမှာပေါ့ဗျာ...ကျုပ်ကလည်း သိပ်သိတာမဟုတ်ဘူး...ကျုပ် လက်ထောက်ရုံပိုင်ကလေးရဲ့ အမျိုးတွေတော့ အဲသည်မှာ တည်းကြတာပဲဗျ...ဒေါ်ခင်မေသီက ဧည့်သည်ကို လိုလိုလားလား သိပ်ရှိတယ်ကြားတယ်...ကျုပ်နဲ့က မျက်မှန်းတန်းရဲ့ ခင်တာပါ"

"ဟုတ်ပါပြီရှင်...ရုံပိုင်ကြီး ကောင်းတယ်ထင်ရင်..."

သမုန်းကျင်းမြို့ဟောင်း တည်တည်ကြောက်တော့ မြို့ရိပ်ကိုဖြစ်ရပြီ။ ရထားလမ်းက ကွေ့ချိုးပြီး လျှောက်ခဲ့လျှင်ပင် လူစသူန တွေ့ရပြီ။ မြို့အတွင်း ဘက်ကိုဝင်ရန် လမ်းတစ်လမ်းရှိသော်လည်း ရုံပိုင်က မဝင်ပါ။ မြို့ပြင်လမ်းကပဲ ဆက်လျှောက်နေခဲ့ သည်။ ခင်စောမူလည်း လိုက်ရုံပင်။ တစ်နေရာရောက်တော့ အိမ်ကြီးတစ်အိမ်ကို လှမ်းပြသည်။ မြို့ပြင်လမ်းဘေးမှာပင်။ ညဦးစောစောဆိုတော့ အိမ်ပေါ်မှာ မီးရောင်ရှိပါ၏။ အိမ်ကြီးက ညရိပ်ထဲမှာဆိုတော့ မည်းနေ၏။ ဘေးမှာ အဖိုလိုလို တစ်ဖက်ရပ် စောင်းချထားတာလည်း တွေ့ရသည်။ အိမ်ဝင်းထဲမှာ ကုက္ကိုပင်ကြီးတွေလို အပင်ကြီးကြီးတွေရှိသည်။ မြို့က မီးအားကောင်းရဲ့။ မီးလုံးကလေးတွေက ဝါကျင်ကျင် ဖျော့တော့တော့။ အိမ်ကြီးနှင့် သုံးလေး အိမ်ကျော်လောက်မှာ ဒူးကြားလမ်းတစ်လမ်းရှိသည်။ ရုံပိုင်ကြီးက ဝင်ထဲဝင်

www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ ဟိုဘက်ဝင်းထရံ၊ သည်ဘက်ဝင်းထရံ ကြားက လူသွားဖြစ်ရုံ လမ်းကျဉ်းကျဉ်းမှန်း သိရပြီ။ လမ်းကျဉ်း ဟိုဘက်ထိပ်ရောက်တော့ လမ်းမတန်း။ အိမ်တန်း ဆိုင်တန်းတွေ တစ်ဖက်တစ်ချက်ဖြင့် စည်စည်ကားကား ရှိသည်။ ရုံပိုင်ကြီးက အိမ်ဘက်ကို ပြန်ချိုးပြန်၏။ အိမ်ကြီးကို ရှေ့က မြင်ရပြီ။

အိမ်ကြီးက တစ်ဝိုင်းလုံးအုပ်ညှိဖြစ်၏။ မျက်နှာဘယ်ဘက်မှာ စောင်းချထားသော တစ်ဖက်ဆောင်ရှိ၍ လက်ဖက်ရည်ဆိုင် သို့မဟုတ် စားသောက်ဆိုင် ဖြစ်လောက်သည်။ အမိုးက ကုပ်လွန်းသဖြင့် ကျပ်ခိုးရောင်နှင့်ရောကာ သဲသဲကွဲကွဲမရှိ။ လူနှစ်ယောက် သုံးယောက်ထိုင်နေသော်လည်း ဆိုင်ပိတ်တော့မည့် အရိပ်အယောင်ဆွေ မြင်နေရသည်။ မိန်းကလေးတစ်ယောက်က ခေါက်တဲခါးကို ထဆွဲကာ တစ်ခြမ်းပိတ်နေ၍ ဖြစ်သည်။ ခင်စောမူ ထင်သည့်အတိုင်းပင် ကုက္ကို ပင်ကြီးတွေက ခြံဝင်းကို စည်းရိုးခတ်ထားသကဲ့သို့ ကိုင်းကိုင်းကြီး ယှက်နေကြသည်။ အိမ်ရှေ့မှာ ခြံတဲခါးရှိ၍ သစ်သား ဇလီချောင်းကလေးတွေ နှစ်လက်မခြား ခပ်စိတ်စိတ် ထောင်ရိုက်ထားသည်။ ခြံတဲခါးကလည်း သစ်သားချောင်းတဲခါးပင်။ ရှင့်ခွဲတဲခါးဖြစ်၍ နှစ်ချပ်ဖွင့်မှ သုံးပေလောက်သာ ကျယ်လိမ့်မည်။ လက်ဖက်ရည်ဆိုင်နှင့် ဆန့်ကျင်ဘက် တစ်ဘက်ခြမ်းမှာတော့ လှေကားရှိ၏။ အမိုးစောက်စောက် မိုးထားသော သစ်သားလှေကားကြီးဖြစ်၍ အိမ်ပေါ်တက်မည်ဆိုလျှင် ထိုလှေကားကိုသာ သုံးရပုံ ပေါ်သည်။ ဒါတွေက စာရင်းစစ်မျက်လုံးဖြင့် ဓဝိုက်ကြည့်လိုက်ခြင်းသာဖြစ်၍ ရုပ်လုံးကြွမ်းတော့ ပေါ်ပြီ။

"ဒေါ်ခင်မေသီ ..ဒေါ်ခင်မေသီ"

အပေါ်ထပ်ဆီက တဲခါးတစ်ချပ် ပွင့်သွားကာ မျက်နှာမည်းမည်း ပေါ်လာသည်။ နောက်ခံ မီးလုံးရောင်က အားနည်းသဖြင့် အလင်းကို ကျောပေးထားသလိုဖြစ်ကာ ပုံရိပ်မည်းနေခြင်းဖြစ်၏။ လူရိပ်က လှစ်ခနဲ ပျောက်သွားပြီး အောလှေကားက ဆင်းလာသည်။ ခြံတဲခါးဝမှာ လာရပ်ရင်း သစ်သားဇလီတွေကြားက အကဲခတ်သည်။ မိန်းကလေးတစ်ယောက်။ အသက်နှစ်ဆယ်ဝန်းကျင်လောက်သာ ရှိဦးမည်။ ဒေါ်ခင်မေသီတော့ မဟုတ်နိုင်တာ သေချာသည်။

ရုံပိုင်ကြီးက ခြံတဲခါးနှစ်ချပ်ကို ချိတ်ထားသည့်သံကွင်းကို ကိုင်ရင်း ဒေါ်ခင်မေသီကို မေးသည်။

"အမေသီလား...မရှိဘူး...ဆရာမကြီးတို့ အိမ်ဘက် သွားတယ်"

"ညည်းက ဘယ်သူတုံး..."

ရုံပိုင်ကြီးကပဲ မေးခြင်းဖြစ်သည်။ ခင်စောမူကတော့ အဆင်မပြေပါ့လား ဆိုသည့်စိတ်ဖြင့် ရင်တွေခုန်လာခဲ့သည်။ အိမ်ရှင်က ဘယ်အချိန် ပြန်လာမည်မှန်းမသိ။ အိမ်ရှင်မရှိတော့ သည်ကလေးမကလည်း ခွင့်ပြုနိုင်မှာမဟုတ်။

"သည်မယ်...ငါ့ကို သိလား...အင်ကြင်းတောဘူတာ ရုံပိုင်ကြီးလေ..."

"မသိဘူး..."

"အေး...မသိလည်း မှတ်ထား...ငါ ဆည့်သည်လာပို့တာ...ညည်းတို့ ဆည့်သည်လက်ခံတယ်မှတ်လား..."

"ကျွန်မမသိဘူး...ကျွန်မလည်း ဆည့်သည်ရယ်...အမေသီ လာတော့မှာပါ"

"ခြံတဲခါးတော့ ဖွင့်ဦးလေ ငါ့တူမရာ...ဓားပြတွေ မဟုတ်ပါဘူးဟာ"

မိန်းကလေးက လှေကားကြီးအတိုင်း ခေါ်သွားသည်။ မတ်စောက်လှသော လှေကားကြီးမှာ အမိုးကလည်း မိုးထားတာမို့ တော်တော့်ကို ဆောင်မည်းမည်းနိုင်လှပါသည်။ သည်ကြားထဲ မတ်ကလည်း မတ်လွန်းလှသည်။ ခင်စောမူက နောက်ဆုံးက တက်သည်။ လှေကားထစ်တွေကို စမ်းစမ်းတက်ရပါ၏။ လှေကားထိပ်ရောက်တော့ အတွင်းအိမ်မကြီးထဲဝင်သည့် သစ်သားတဲခါးနှစ်ချပ်က ဖွေထားသည်။ မိန်းကလေးကပဲ တွန်းဖွင့်လိုက်သည်။ အတွင်းမှာ မီးလုံးကလေးတစ်လုံး အိမ်အလယ်တည့်တည့်ဆီက တွဲလောင်းကျလျက် ရှိပါ၏။ ထိုအလင်းရောင်ကြောင့် အိမ်မကြီးအတွင်းပိုင်းကို ကောင်းကောင်းမြင်ရသည်။ အခန်းဖွဲ့ထားပုံကို ခင်စောမူ အကဲခတ်သည်။ အခန်းဖွဲ့ထားတာ

www.burmeseclassic.com

www.burmeseclassic.com

နှစ်ခန်း။ ဘုရားစင်ရှိရာဘက် (တောင်ဘက်) မှာ တစ်ခန်းနှင့် မြောက်ဘက်မှာ တစ်ခုန်း။ ကျန်တာကတော့ အခန်းလို့ ခေါ်နိုင်သော်လည်း တံခါးမရှိသည့် အခန့်းတစ်ခန်းဖြစ်၏။ ည့ဉ်ခန်းကတော့ ဖိနပ်ချွတ်လို တစ်ဆင့်နိမ့်နေရာ ကျယ်ကျယ်ကို တက်လိုက်ရသည့်အမြင့်မှာ ရှိပါသည်။

ဆက်တီစွေကတော့ ဟောင်းနွမ်းကြလှပြီ။ အကွက်တွေလည်လျက် ဖုန်ချိုးတွေ့ ထုတက်နေကြ၏။ ကျောမှီကြိမ်ကွက်တွေ အားလုံးလိုလို စုတ်ပြဲနေသည်။ အောက်ခံစ်းကတော့ နဂိုက ကြိမ်ကွက်ပင် ဖြစ်ပုံရသော်လည်း ကြိမ်တွေ ပေါက်လို့ ဖြုတ်ပစ်ရိုက်ပုံရသည်။ သစ်ပျဉ်ချပ်တွေ မသေမသပ် ခင်းထားသည်။ ဆက်တီစားပွဲ ပေါ်မှာတော့ ဖြူတ်စဖျင်းတောင်း ဗူလိနတ်စတွေ တင်ထားတာ ကြာပြီနှင့်တူ၏။ နေရာမရွေ့ရသဖြင့် ဖုန်တွေကြားမှာ ငုတ်တုတ်ရှိနေကြသော ဆေးပုလင်းဟောင်းများနှင့် တစ်သျှူးမရှိသည့် တစ်သျှူးဘူးတစ်ဘူးတို့ ရှိနေကြသည်။ ဘုရားရှိခိုးအမျိုးမျိုး စာအုပ်၊ မှောက်ခုံပက်လက် အကြမ်းပန်းကန်သုံးလုံး၊ အေးစက်နီရဲသော ရေနွေးငွေ့ထားပြီးသား ရေနွေးပန်းကန်တစ်လုံးနှင့် အကွက်မလှည့်တော့သည့် လက်သုတ်ပဝါတစ်ထည်။

မိန်းကလေးက ထိုင်လိုက်လို့သာ ဝင်ထိုင်လိုက်ရသော်လည်း ဘယ်လောက်ကြာကြာ ထိုင်စောင့်ရမည်မသိ။ ခုထိ စိတ်နှလုံး ဒုန်းဒုန်းမချနိုင် သေးတာကို ခင်စောမူ သတိရလိုက်သည်။ အိမ်ရှင် ဒေါ်ခင်မေသီ ရောက်လာလျှင် နေခွင့်ပြုလျှင် တော်စွ။ နေခွင့်မပြုနိုင်ပါဆိုလျှင် အခက်ပင်။ ရုံပိုင် ကိုကြိမ်ပိုက် မပြန်ပါနှင့်ဦးလို့ တားချင်သေးသည်။ ကိုကြိမ်ပိုက်ကတော့ အတော်ညောင်းသွားဟန်ဖြင့် ဆက်တီပေါ် လျှောလျှောကြီး ထိုင်နေပါ၏။

"နေပါဦး...ညည်းတို့ဆရာမကြီး ဘယ်တော့လာမှာတဲ့လဲ...တို့က အကျိုးအကြောင်းသိချင်တာ...ညည်းက ဘာတော်တာတုံး..."

ရုံပိုင်က မေးမှ ကလေးမခမျာ အသိဝင်လာပုံပေါ်သည်။ ငြိမ်နေကြရာက ထ,မေးလိုက်တော့ ထိတ်ခနဲ ဖြစ်သွားပုံပေါ်သည်။ ကလေးမက မျက်နှာငိုင်းကလေးနှင့်ဖြစ်၍ တောသူတောင်သား မိန်းကလေးများ ဝတ်စား

ဆားပုံဖြစ်သည်။ အိမ်ရှင်မသိဘဲ လူတွေ အိမ်ပေါ်တင်ထားတာ ခေါ်ခင်မေသီ အာများပြောလေမလဲလို့ တွေးနေတာ ဖြစ်လိမ့်မည်။ တုံးတိတိ ဖြန့်ဖြေ၏။

"ဘာမှမတော်ဘူး...ဆေးလာကုတာ"

"ဟေ...ဘာဆေးလာကုတာတုံး...ဘယ်သူက ကုတာတုံး...

"အမေသီ ကုတာပါ"

"ဩော် ဩော်...ညည်းက ဘာရောဂါတွေ ဖြစ်လို့တုံး...ညည်းကြည့် ရတာ အကောင်းကြီးပါ"

ဟုတ်တော့ဟုတ်သည်။ ကလေးမ ထြည့်ရတာ သန်သန်စွမ်းစွမ်း ညီညီညာညာကြည့်ဖြစ်သည်။ ရုံပိုင် ကိုကြိမ်ပိုက်က ရဲစစ် စစ်နေတာကိုကြည့်ရင်း ခင်စောမူ ရုပ်လည်းရယ်ချင်သည်။ သူပါလို့ တော်ပါသေးရဲ့။ တစ်ဆက်တည်း ထိုမင်းအောင်မြင့်တို့များ ဘူတာရုံ ရောက်နေကြရော့လား တွေးမိရပြန်ပါ၏။ ဘူတာရုံရောက်လျှင် မေးစရာလူ မရှိ။ ရုံပိုင်ပင် သမုန်းကျင်းကို ရောက်နေပြီ ထုတ်လား။ မတတ်နိုင်ပါ။ မိုးလင်းမှပဲ ဆက်စပ်ယူရတော့မည်။ ဆက်သွယ်ရ ဆောမည်။ သမုန်းကျင်းသွားမှန်းသိလို့ လိုက်လာလျှင်တော့လည်း ကောင်းသား။ အခုထိတော့ သူစိမ်းတွေနှင့် နေရတုန်း။

"ကျွန်မက လူမမာမဟုတ်ဘူး...အဖော်လိုက်လာတာ...လူမမာက အထဲမှာ...သည်မှာ လာဆေးကုနေတာ ကြာပြီ"

လူမမာက အထဲမှာ...။ ဘယ်အထဲမှာပါလိမ့်...။ ခင်စောမူ မျက်လုံး ဝေကြည့်သည်။ အခန်းနှစ်ခန်းစလုံးကလည်း ငြိမ်လို့....။ ပြီးတော့ လူမမာက ယောကျ်ားလား၊ မိန်းမလား။ ရောဂါကကော ဘာရောဂါပါလိမ့်။ ခေါ်ခင်မေသီက ဆရာဝန်တစ်ယောက်တော့ ဟုတ်ဟန်မတူပါ။ ဆေးခန်းတစ်ခန်း၏ အဆောင် အယောင်လက္ခဏာလည်း မရှိ။ ရုံပိုင်ကြီးစကားထဲမှာလည်း ဆရာဝန်ဆိုတာ မပါပါ။ ရုံပိုင်ကတော့ သည်ထက်ပိုပြီး စိတ်မဝင်စားပြန်တော့ဘဲ နာရီကို ကြည့်သည်။ မျက်လုံးတွေမှိတ်ပြီး ဆက်တီ ကျောမှီပေါ် ခေါင်းတင်ကာ မှေးစက် ခေါ့ထားသည်။ အိပ်တာလား၊ စဉ်းစားနေတာလားတော့ မသိ။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် အခန်းတစ်ခန်းဆီက လှုပ်ခနဲ အသံကြားလိုက်ရသည်။ လူတစ်ယောက် လှုပ်ရှားလိုက်သည့်အသံမျိုး။ အခန်းတံခါးနှစ်ချပ် ဖွင့်လိုက်ပြီး တွဲလောင်းချထားသော ခန်းဆီးစကို ကျော်လာခြင်းဖြစ်၏။ ခင်စောမူ ထိုင်နေသည့်နေရာနှင့် မျက်နှာချင်းဆိုင်ဆိုတော့ လှမ်းမြင်လိုက်ရသည်။ မိန်းမတစ်ယောက်။ အသက်မကြီးလှသေးပါ။ ထိုမိန်းမက အခန်းတံခါးဝမှာပဲ ရပ်ပြီး ဧည့်ခန်းထဲကို လှမ်းအကဲခတ်နေ၏။ ဘယ်လောက်မှပင် မဝေးလှသော်လည်း မျက်လုံးတွေကို စူးစိုက်ကြည့်ကာ ပုံဖော်နေတာမျိုးဆိုတော့ မျက်စိအားနည်းပုံရသည်။ ခင်စောမူလိုပင် ဆက်တီတွင် ထိုင်နေသော ကနဦး ကလေးမက လှမ်းကြည့်သည်။ မျက်နှာတစ်ချက်ပျက်သွားပြီး ဆတ်ခနဲ ထလိုက်၏။ လူမမာမိန်းမဆီ ထသွားပြီး ပခုံးကိုကိုင်ရင်း အိခန်းတွင်းကို ဆွဲသွင်းနေသည်။ လူမမာမိန်းမက မျက်လုံးတွေပြူးရင်း ခေါင်းခါသည်။ မိန်းကလေးက အားသုံးကာ အတင်းဆွဲသွင်းနေတာကို လူမမာမိန်းမကလည်း ရုန်းသည်။ ကလေးမက ဘာမြောလိုက်သည်မသိ။ လူမမာမိန်းမ ငြိမ်သွားပြီး အခန်းတွင်း ဝင်သွားသည်။ မဝင်ခင်ကလေးမှာ ခင်စောမူကို လှမ်းကြည့်လိုက်သော မျက်လုံးတွေကို မီးရောင် မှိန်မှိန်ထဲမှာပင် ခင်စောမူ ဖတ်လိုက်နိုင်ခဲ့ပါ၏။

"ကျွန်မအလိုမတူဘဲ ဇတ်လုပ်နေကြတာပါရှင်...ကယ်ပါဦး" ဆိုသည့် မျက်နှာ၊ မျက်လုံးများ...။ ဟုတ်ချင်မှလည်း ဟုတ်ပါလိမ့်မည်။ ခင်စောမူ ယောင်ယောင်ပေါင်ပေါင် တွေးမိလိုက်တာလည်း ဖြစ်ချင်ဖြစ်မည်။ ခင်စောမူက ရုံပိုင်းကို ကြည့်လိုက်တော့ ပါးစပ်ကြီးဟ,ကာ မျက်လုံးတွေ လန်လျက်ရှိပါ၏။ ရောဂါကြီး ခံစားနေရသော လူမမာပမာ မိန်းမောနေသည်နှင့်ပင် တူသည်။ ခင်စောမူ ကြောက်စိတ်လိုလို၊ အားငယ်စိတ်လိုလို ဝင်လာခဲ့ပြီ။ သေချာစဉ်းစားကြည့်တော့ မနက်စောစော လေးနာရီလောက် ထွက်လာကတည်းက စိတ်ဝေဒနာ၊ ကိုယ်ဝေဒနာ ခံစားရသူတွေနှင့်ချည်း တွေ့ခဲ့သလို ဖြစ်နေတာကို စဉ်းစားမိသည်။ တစ်ခါတစ်ခေါက်မှ မရောက်ဖူးသောအရပ်ကို ရောက်လာရတာထား...။ သည်ခေတ်မှာ သည်လိုသွားရ လာရတာတွေက မဆန်းတော့။ ခရီးဝေးသည့်

အလျောက် ကိုယ်လက်မအီမသာ ဖြစ်ချင်ဖြစ်မည်။ သို့သော် ခရီးသွားသူကရယ်လို့ နည်းသည်။ ဘယ်ကိုမဆို ရောက်နိုင်သည်။ ရောက်လည်းရောက်နေကြသည်ပင်။ သူ့ကျတော့မှ ဘာတွေလာကြုံနေရပါလိမ့်။

ကနဦး မိန်းကလေး ပြန်ထွက်လာပြီး ခင်စောမူကို ပြုံးပြသည်။ ဆက်တီမှာ ဝင်ထိုင်သည်။ အခန်းဘက်ဆီ တစ်ချက်လှမ်းကြည့်ရင်း ခပ်တိုးတိုး ပြောသည်။

"နည်းနည်းလေး ဖောက်နေလို့ အစ်မရဲ့...သူ့ကို လာပြတာ...ကျွန်မက မနက်ဖြန် ရွာပြန်ရမှာ...သည်မှာ သုံးရက်ရှိပြီ...အလုပ်တွေက ရှိသေးတယ်"

"သူ့ကို ထားခဲ့ရမှာပေါ့...အဲသလိုလား..."

ခင်စောမူ သည်အိမ်မှာနေဖို့ စဉ်းစားရပြီ။ ဖောက်နေလို့ ဆိုသည့် လူမမာ ရှိသည့်အိမ်မှာ နေဖို့မဖြစ်နိုင်ပါ။ အခုပဲ ရှစ်နာရီကျော်ပြီဆိုတော့ သည်တစ်ည ဖျစ်ဖျစ်မြည် အိပ်ခွင့်ရလျှင် တော်ပြီ။ မိုးမြန်မြန်လင်းပါစေတော့။ ခင်စောမူက မေးတာကို မိန်းကလေးက ခေါင်းညိတ်ဖြေသည်။ ထိုင်နေရမည့် အတူတူ စကားပြောဖို့ စိတ်ကူးသည်။

"ရွာကလား...ဘာရောဂါ ဖြစ်တာလဲ"

"သမုန်းကျင်းနဲ့ သုံးမိုင်လောက်ဝေးတဲ့ တောခြေကမေါ်"

"တောခြေဆိုတာ ရွာနာမည်လား"

"မဟုတ်ဘူး...ရွာနာမည်က ပတတ်စာကုန်းတဲ့...ရောဂါက အစ်မရယ်...ရိုးရာကိုင်တယ်လို့လည်း ပြောကြတယ်...သွေးသားလို့လည်း ပြောကြတယ်...အမေသီကတော့ ပယောဂလို့ ပြောတယ်"

"လူနာက ဘယ်လိုဖြစ်နေလို့လဲ"

ခင်စောမူက သည်မေးခွန်းကိုမေးတော့ မိန်းကလေးက ခါးကိုင်းညွှတ် ခင်စောမူဘက် တိမ်းကာ လေသံဖြင့် ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆွဲပဝမ်းထဲမှာ အပင်းရှိတယ်လို့ချည်း ပြောနေလို့..."

"အပင်း...အပင်းဆိုတာ ဘာလဲ..."

အပင်း ဆိုတာကို ခင်စောမူ ကြားတော့ကြားဖူးသည်။ အပင်းသွင်းသည်။ အပင်းချသည်။ အပင်း ဆိုသည့်စကားကို ကြားဖူးခြင်းသာဖြစ်၍ ရောဂါအနေဖြင့် ဘာကိုဆိုလိုမှန်း မသိသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"အပင်းဆိုထာ..."

"အပင်းဆိုတာ လူတစ်ယောက် ဝေဒနာဖြစ်အောင် အစာကိုစိရင်ပြီး ဝမ်းထဲကျအောင် လုပ်ထားတာကို ပြောတာ...ဒါတွေရှိတယ်...မယုံမရှိနဲ့."

ဖြေလိုက်သူက ရုံပိုင် ကိုကြိမ်ပိုက်။ ခင်စောမူရော မိန်းကလေးပါ လန့်သွားခဲ့သည်။ အိပ်နေသလို မိန်းမောနေသူက ဒါတော့ အကြားသား။ မိန်းကလေးက ဘာပြောရမှန်း မသိတာကို ဝင်ဖြေလိုက်ခြင်းဖြစ်သည်။ ရုံပိုင်က ဆတ်ခနဲ ပြန့်မတ်လိုက်ပြီး နာရီကို ကြည့်သည်။

"ကိုင်း...ကျုပ်လည်း ပြန်မှပါပဲ...စက်ဘီးရှာရဦးမှာနဲ့...မလာတဲ့ မိန်းမ စောင့်နေလို့ မဖြစ်ဘူး..."

ကိုရုံပိုင်က စိတ်ချရတာမဟုတ်။ ချက်ချင်းထ,သွားချင် ထ,သွားမည့်လူ။ ခင်စောမူ အကဲခတ်မိသလောက် သူကလည်း တစ်မျိုးမဟုတ်လား။ သူပြန်သွားလို့ မဖြစ်ပါ။ နောက်နာရီဝက်လောက် နေပါဦးလို့တော့ တားရမည်။ သူပြန်ပါပြီတဲ့။ အိမ်ရှင်က မထားနိုင်ဘူးဆိုလျှင် ညတွင်းချင်း ဘယ်သွားရပါ့။ ရုံပိုင်ရှိနေလျှင်တော့ သည်က လက်မခံလျှင် တခြားတစ်နေရာက လက်ခံနိုင်သည်။ ခင်စောမူက အကျိုးအကြောင်းပြောပြပြီး တားတော့ အင်းမလှုပ်၊ အိမလှုပ်။ ဘူတာရုံကို ပစ်ထားခဲ့တာလည်း အမှန်ဆိုတော့ အားနာရသည်။ သည်လောက်ဆိုလျှင်တော့ လက်ထောက်ရုံပိုင် ရောက်လောက်ပါပြီလေလို့လည်း ပြောနေပြန်ပါ၏။ ညဆယ့်နှစ်နာရီမှာ ရထားတစ်စီး ဖြတ်ဖို့ ရှိသည်ဆိုတော့ သန်းခေါင်မတိုင်ခင် ဘူတာရုံကို ပြန်ရမည် ဆိုတာလည်း ပါသည်။

"အစ်မက သည်မှာ တည်းချင်လို့လား...တည်းလို့ရတယ်လေ...ကျွန်မက ဘာကိစ္စမှန်းမသိလို့ မပြောတာပါ...ရွာတွေက လာတဲ့ သူတွေ သည်မှာ တည်းကြတာပဲ"

"သေချာလို့လား ငါ့ညီမ..."

"သေချာပါတယ်...အမေသီက သည်လို လက်ခံနေတာပဲဟာ..."

"ဩော်...သူ့ကို ဘယ်လိုပေးရတာလဲ"

"ကျွန်မတို့ကတော့ သည်လို ကန်တော့ကြရတာပါပဲ...ငွေရယ် ကြေးရယ် ဘယ်လောက်ရယ် မဟုတ်ပါဘူး...အမေသီဆီမှာ ဆေးလာကုကြတဲ့ ဧည့်ကလည်း မပြတ်ဘူးလေ..."

ခင်စောမူ တစ်ထိုင်မှာပင် တော်တော်ကလေး သိလိုက်ရပြီ။ ဘာပဲဖြစ်ဖြစ် သည်တစ်ညတော့ မိန်းကလေးပါ ရှိနေလို့ အဖော်ရပြီလို့သာ အောက်မေ့ရပါ၏။ လူနာမိန်းမကတော့ ထွက်မလာတော့ပါ။ ပတစ်စာကုန်းက လှည့်သည်ဆိုသော အပင်းသည်မိန်းမကို သည်မိန်းကလေး ဘယ်လိုပြောလိုက်သည်မသိ။ မျက်နှာကို မမြင်ရတာထား၊ ခန်းဆီးပင် မလှုပ်တော့။

ထိုစဉ်မှာပင်...။

"အေးစုရေ...တံခါးဖွင့်စမ်းဟေ..."

ခြံတံခါးဆီက အသံ...။ ခြံတံခါးဆိုသော်လည်း ခြံတံခါးနှင့်အိမ်က ကပ်နေတော့ ပီပီသသကြီး ကြားနေရသည်။ သည်မိန်းကလေးနာမည်က အေးစုဖြစ်လိမ့်မည်။ ခေါသံကြောင့် ရုံပိုင်သည်ပင် မထင်မှတ်ဘဲ ဘူတာရုံထဲ ရထားတစ်စင်း ဝင်လာသလို လှုပ်သွားပါ၏။ ခါးကို မတ်လိုက်ဖြီး လည်ပင်းကို ကြက်များလို ငေါထားလေ၏။

"လာပါပြီဗျာ...ညဘက်တောင် လျှောက်လည်နေတဲ့မိန်းခ..."

အေးစုဆင်းသွားတော့ ခင်စောမူကို ပြောခြင်းဖြစ်သည်။ ခင်စောမူက ပြုံးပြရင်း တက်လာမည့်အိမ်ရှင်ကို မျှော်သည်။ တော်တော်နှင့် တက်မလာ

www.burmeseclassic.com

www.burmeseclassic.com

ပုံထောက်တော့ အေးစုက ဆီးပြောနှင့်နေပြီ ထင်ပါ၏။ သူ့အပြစ်ဖြစ်မှာ စိုးရွံပုံရသည်။ တံခါးနှစ်ချို့ပ် အဖွင့်မှာတော့ ခေါ်ခင်မေသီဆိုသူ ရှေ့က ဝင်လာခဲ့သည်။

ရုံပိုင်ကြီးပြောသလိုပင် အသက်လေးဆယ်လောက်သာ ရှိဦးမည့် မိန်းမချောဖြစ်၏။ မြန်မာချောမဟုတ်ဘဲ ဥရောပချော ချောသူပင်။ ဥရောပသွေးနည်းနည်းစပ်ပုံရပါ၏။ မြန်မာထဲက ရှားရှားပါးပါးထွန်းသော ရုပ်ရည်မျိုး။ ဆံပင်က ယောကျ်ားဆံပင် ကုပ်ဝဲနှင့်ဖြစ်၏။ မျက်လုံးမျက်ဖန် ညိုညို၊ နှုတ်ခမ်းပါးပါး၊ ပိန်ပိန်သွယ်သွယ်။ ကုတ်ကို သမင်ရောင်ကို အပေါ်ဝတ်အဖြစ် ဝတ်ဆင်ထားသည်။ ထဘီကတော့ ရှားညိုခဲပေါ်မှာ အပွင့်အခက်ကလေးများပါသည့် ပါတိတ်ဆင်။ ဝတ်ပုံစားပုံ ကြည့်ရတာနှင့်ပင် ကိုယ့်ကိုယ်ကိုယ် စမတ်မကျကျ အောင်နေသည့် မိန်းမတစ်ယောက်မှန်း သိသာပါ၏။

"ငါ့ညီမလား...အိမ်မှာ တည်းချင်တယ်ဆိုတာ..."

ခင်စောမူက အိမ်ရှင် ဆက်တီမှာ ဝင်ထိုင်တာကိုပင် မစောင့်တော့ဘဲ သည်မြို့မှာ အလုပ်ကိစ္စရှိသဖြင့် ခေတ္တတည်းခိုချင်ကြောင်း ပြောပြသည်။ အချူမ်ကတော့ သည်မှာ တည်းခိုခွင့်ရလျှင် တည်းချင်သည်၊ မရလျှင်လည်း တစ်နေရဲ့ရာမည်ဆိုသည့် သဘောရောက်အောင် ပြောပြသည်။ ရုံပိုင်ကတော့ သူတို့ချင်း ပြောနေတာပဲလေ ဆိုသည့်ပုံဖြင့် ငြိမ်နေ၏။ ခေါ်ခင်မေသီကတော့ ပြုံးပြီး နားထောင်နေသည်။ ညည်း စကားကုန်အောင် ပြောစမ်းအေ ဆိုသည့် မျက်နှာ။ ခင်စောမူလို ရောက်လာသူတွေ များလှရော့မည်။ လူကသာ ပြုံးနေသော်လည်း မျက်နှာက အပေါ်စီးဆန်တာကိုတော့ ခင်စောမူ သတိထားမိသည်။ နှုတ်ခမ်းထောင့်အကွေးမှာ မထိတရီ အရိပ်တစ်ရိပ် ခိုတ်နေခြင်းကြောင့်ဖြစ်၏။ ခင်စောမူကလည်း ဒါမျိုး တွေ့ကြုံရလှပြီ။ သည်အတွက်တော့ စိတ်အနောင့်အယှက်မဖြစ်ပါ။

"ဘယ်နရက်လောက်နေမယ် စိတ်ကူးသလဲ...နေတာ ရပါတယ်...တစ်သက်လုံးနေရင်တောင် ရပါရဲ့...ရပ်ရည်ကြည်တာနဲ့ ဓာတ်တည် မယ်ဆိုတာ သိပြီးသားပါ"

ခင်စောမူက တစ်သက်လုံးနေရင်လည်း ရပါရဲ့ဆိုတာကို မကြိုက်လှဆသိ ဘာမှမခံစားရသလို နေလိုက်သည်။ သည်စကားမျိုးက လေးစားသမှုကောင်း မဟုတ်။ ပေါ့ပေါ့တန်တန်ထားသည့် သဘောဆန်သည်ဟု ခင်စောမူ ထွေးမိ၍ ဖြစ်သည်။

"အလုပ်အပေါ် မူတည်လို့ပါပဲ...လေး၊ငါးရက် ဒါမှမဟုတ် တစ်ပတ်လောက်တော့ ကျွန်မ..."

"ရတယ်လေ..."

ရုံပိုင် ကိုကြိမ်ပိုက်က ရတယ်ဆိုကတည်းက မတ်တတ်ထရပ်နေပြီ။ စိတ်ချပါဆိုတော့ အပေါက်ဝ ရောက်ချင်ချင်။ ခင်စောမူက ထပြီးနှုတ်ဆက်သည်။ ထွေးရွေးတင်ကြောင်း ပြောရပါ၏။ စက်ဘီး ရနိုင်ပါ့မလားဆိုတော့ ရနိုင်ကောင်း ပါရဲ့လို့သာ ဆိုသည်။ ခေါ်ခင်မေသီကလည်း နှုတ်ဆက်သည်။

"စက်ဘီးမရလည်း ရုံပိုင်ကြီးဘူတာနဲ့ မဝေးပါဘူး...ယောကျ်ားခြေထောက်နဲ့ဆိုရင် ဧဏာပါ...မြေပါးကင်းပါး မထိစေရဲဘူး...ဂျွန်မအထက်ပုဂ္ဂိုလ်တွေကို အပ်ပေးလိုက်မယ်...ရထားလမ်းပေါ်မှာ ငန်းတော်ကျားတွေ သိပ်ပေါတာ...ဆရာမလေးကို စိုးတွံ့ချသာထားခဲ့...ဂျွန်မအိမ်မှာ ပျင်းဖို့တောင် အချိန်ရမှာ မဟုတ်ပူးဘူး"

ရထားလမ်းပေါ်မှာ ငန်းတော်ကျားတွေ သိပ်ပေါတာဆိုကတည်းက ခင်စောမူ ခြေထောက်တွေ ယားယံလာခဲ့သည်။ မသေကောင်း မပျောက်ကောင်း ကံသိလို့ပါလား။ သည်လိုကြားရလေ ကိုမင်းအောင်မြင့်တို့ကို ပိုဒေါသဖွက်လေ။ ရုံပိုင်ကြီး ဆင်းသွားတော့ ခင်စောမူ ဆက်တီတွင် ပြန်ထိုင်သည်။ ခေါ်ခင်မေသီလည်း အဝတ်အစားလဲရန် အတွင်းတစ်ဖက်ကို ဝင်သွားခဲ့ပြီ။ ခင်စောမူက လန်းဆန်းသွားအောင် ရေချိုးလိုက်ချင်သည်။ ရေသန့်စင်ခန်းလည်း ဆင်ချင်လှပြီ။ ပြီးတော့ လှဲချင်လှပြီ။ အဆိုးဆုံးကတော့ ဆာလောင်ခြင်းဆင့်။

အေးစုက ရေအိမ်ကို လိုက်ပြသည်။ ရေတော့ မချိုးတော့။ ရေမြောင်းရေလဲ ညသိပ်ရေတွေဖြစ်မှာ သတိရလိုက်၍ဖြစ်သည်။ သွားတိုက်၊ မျက်နှာသစ်

www.burmeseclassic.com

www.burmeseclassic.com

စ်ပြီး ခင်စောမူ ပြန်လာတော့ အေါခင်မေသီက နိုင်ငံခြားပွင့်ရိုက် ဘလောက်စ်လက်ပြတ်နှင့် ဖြစ်နေပြီ။ ခင်စောမူက အထင်သေးတာ မဟုတ်သော်လည်း လေဘေးထည်ထွေထဲမှာ တွေ့ရတတ်သည့်အဆင်မျိုးလို့ တွေးမိသေးသည်။ အမျိုးသမီးကြီးက ခင်စောမူကို တွေတွေကြီး စိုက်ကြည့်နေသည်။

"ဆရာမနာမည် ဘယ်သူ...ခေါင်းက မကောင်းတော့ဘူး...ငယ်ငယ်က ဒန်းစီးတာ ဒန်းပေါ်က ပြုတ်ကျဖူးတယ်လေ...လူကြီးတွေက ရူးရော့ အောက်မေ့ကြတာ...ခေါင်းက ပိုတောင်ကောင်းလာသေးတယ်...ဒါပေမဲ့ အသေးအဖွဲကလေးတွေကိုတော့ မမှတ်မိပြန်ဘူး"

"ခင်စောမူပါရှင်...ပြီးတော့ ကျွန်မကို ဆရာမ မခေါ်ပါနဲ့ရှင်...နာမည်သာ ခေါ်ပါ"

အေါခင်မေသီက ပြုံးပြုံးကလေးနေရင်းက ဖျတ်ခနဲ မေးပြန်သည်။

"ဪ...ထမင်းစားပြီးပြီလား...မစားရသေးဘူးမှတ်လား...ဟဲ့...အေးစု ဘာရှိသေးလဲ...မရှိတော့ရင်လည်း မီးဖွေးပြီး ကြက်ဥကလေးကြော်ရအောင်..."

"ဟိုဟို...နေပါစေရှင်...ကျွန်မ ညစာကို ညဉ့်နက်ရင် မစားတတ်တော့ပါဘူး...မုန့်ပါပါတယ်...မုန့်ပဲ စားလိုက်တော့မယ်"

ခင်စောမူ ငြင်းနေသည့်ကြားက ထမင်းစီစဉ်ရန် ပြောနေသဖြင့် အေးစုက မီးဖိုချောင်ဝင်မည်ပြင်သည်။ အေးစုကို ခင်စောမူ တားရပါ၏။

"ဘာလဲ မခင်စောမူရဲ့...တစ်ခုခုစားပါဦးမှပေါ့...ကျွန်မဆီ လာတည်းတဲ့ ဧည့်သည်တွေဆို ကျွန်မက ထမင်းပါစားမှ ကြိုက်တာ...အားမနာရပါဘူး"

"ကျွန်မ အားမနာတတ်ပါဘူး...စားချင်စိတ်ကို မရှိလို့ပါ"

ခင်စောမူက ခပ်ပြတ်ပြတ်ပြောလိုက်တော့ အေါခင်မေသီမျက်နှာကွက်ခနဲ ပျက်သွားသည်။ မတတ်နိုင်ပါ။ တကယ်လည်း စားလိုစိတ်မရှိတာ

ပါပါ၏။ အေါခင်မေသီက ခင်စောမူကို ဘာမှ ခွန်းတုံ့မပြန်တော့ဘဲ အေးစုကို သည်ကနေ့ညတော့ အခန်းတံခါးမရှိသော နေရာတွင် သိပ်ရှုန့်နှင့် စောင်ခြင်ထောင်၊ ခေါင်းအုံး ချပေးရန် သစ်သားဗီရိုကြီးထဲမှာရှိကြောင်း ပြောပြနေသည်။ အေးစုက ဆက်တီစားပွဲနှင့် မလှမ်းမကမ်းမှာရှိသော သစ်သားဗီရိုကြီးကို သွားဖွင့်သည်။ ဗီရိုကြီးထဲမှာ ဟောင်းနွမ်းလှသော စောင်တွေ၊ ခြင်ထောင်တွေ သိပ်ထည့်ထားတာ မြင်နေရသည်။ ခေါင်းအုံးတွေက ညစ်ထေးထေး။ ခင်စောမူက မြင်ရတာပင် မသတီချင်။ တော်ပါသေးရဲ့...၊ သူ့မှာ မုံရွာ ရှောစောင်တစ်ထည် ပါသည်။ မျက်နှာသုတ်ပဝါ ပါသည်။ ဒါတွေကို ခေါင်းအုံးပေါ် လွှားပြီး အိပ်ရမည်။ အေးစုကပဲ အိပ်ရာတွေ ခင်းပေးသည်။ အေါခင်မေသီ မရှိတော့။ သူမအခန်းထဲ ရောက်သွားပြီထင်၏။

အေးစုက ခေါင်းအုံးတွေ ချပေးရင် လေသံကလေးဖြင့် ပြောသည်။

"အစ်မ...ညဘက် ထချင်ရင် ကျွန်မကို နှိုး...တစ်ယောက်တည်း မဆင်းနဲ့...ကျွန်မ အခန်းဝမှာ အိပ်တာ..."

အေးစု လှမ်းပြသည့်နေရာကို ကြည့်လိုက်တော့ စောစောက လူမမာ မိန်းမ ဝင်သွားသည့် အခန်းဝ ဖြစ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၃)

ည့်သည် မှောင်မည်းလျက်ရှိ၏။ အပြင်မှာတော့ လသာနေသလား၊ လမိုက် နေသလား ခင်စောမူ မသိ။ မြို့ဆိုတော့ လမ်းမီးတွေဘာတွေတော့ ရှိလိမ့်မည်ထင်သည်။ ရောက်လာတုန်းကတော့ ကိုယ့်အနှင့်ကိုယ်မို့ ဘေးဘီကို ကောင်းကောင်း မကြည့်ဖြစ်ခဲ့ပါ။ သည်အိမ်ကြီးထဲမှာတော့ မှောင်မည်းနေလိုက်တာ နေပြောက်ဝင်စရာမရှိသော ကျောက်တွင်းဂူကြီးတစ်ဂူနှင့်ပင် တူတော့သည်။ ဘာမှ မမြင်ရဘာထား...၊ ဘာသံကြားရသလဲ နားစွင့်ကြည့်သည်။ ပထမတော့ ဘာသံမှမရှိ။ တစ်ခါ တစ်ခါ သစ်ကားကြီးတွေလို ဝန်ပါသော ကားကြီးတွေ တဒီးဒီး မောင်းသွားသလိုလို အသံမျိုးကလွဲလျှင် အခြားဘာသံမှ ထူးထူးခြားခြား မကြားရ။

ခင်စောမူ အမှောင်ထဲကို လိုက်ကြည့်သည်။ ဘာမှမမြင်ရ။ ကြာကြာစိုက်ကြည့်တော့ ဝိုးဝိုးဝါးဝါး မြင်ရသလိုလို ဖြစ်လာသည်။ အခန်းဝမှာ လိုက်ကာလို ခပ်ပါးပါး အစတစ်စ ချထားတာကို ညဦးက မြင်ထားလို့များ ရိုးရိုးရိပ်ရိပ် မြင်ရတာလား။ ခင်စောမူက ဒူးလောက်အထိ စောင်ခြုံထားတာကို ဖယ်လိုက်ပြီး အသာထထိုင်လိုက်သည်။ အရင်ဦးဆုံး ခေါင်မိုးကိုကြည့်သည်။ နောက်တော့

အားပတ်ပတ်လည်ကို လိုက်ကြည့်သည်။ ခင်စောမူက ခေါင်းပြူထားသော ခေါင်းရင်းဘက် ပျဉ်ချပ်တွေကို ကြည့်သည်။ ပြတင်းပေါက်က အပေါ်မှာ တစ်ပေါက်၊ ကြမ်းထိပြတင်းတစ်ပေါက် နှစ်ဆင့်ဖောက်ထားခြင်းဖြစ်၏။ ကြမ်းထိပြတင်းပေါက်ကလည်း အပေါက်အဟမရှိ လုံခြုံလှပါ၏။ အားကာ ပျဉ်ချပ်တွေထဲက တစ်ချပ်မှာတော့ အဟကျယ်ကျယ် ကွဲလျက်ရှိ၏။ နောက်မှ သတိရလိုက်သည်။ အကွဲရှိသည့်ဘက်မှာ လက်ဖက်ရည်ဆိုင်လိုလို၊ စားသောက်ဆိုင်လိုလို အမိုးကုပ်ကုပ် ဆိုင်တစ်ဆိုင်ရှိတာကို အမှတ်ရလိုက်သည်။ ဆိုင်ကို ခေါ်တိုက်ထားဟန်တူသော်လည်း တစ်နေရာမှာတော့ မီးရောင်ရှိပုံရသည်။ အကွဲကြောင်းထဲမှာ အလင်းမှိန်မှိန်ကလေး မြင်ရသည်။ သို့သော် အရောင်က မှိန်လွန်းသဖြင့် အမှောင်ထုကို မထွင်းဖောက်နိုင်။

ခင်စောမူက တစ်ကိုယ်လုံးကို ထိုင်လျက်ရွေ့ရင်း အဟကွဲထဲကို ချောင်းကြည့်သည်။ ဘာမှမတွေ့ရ။ အသာ နားကပ်ကြည့်လိုက်ပြန်သည်။ ချီးချိုးခြောက်ခြောက် အသံတစ်သံ ကြားနေရသည်။ စကားပြောသံလိုလို၊ တစ်စုံတစ်ခုကို ကြွက်ကိုက်နေသလိုလို အသံမျိုးဖြစ်၏။ ခင်စောမူက ထိုင်ထစ်နှင့် ခြေပစ်လက်ပစ် ထိုင်နေလိုက်သည်။ ခေါင်းရင်းက သစ်သားအဟကလေးကို တစ်ခါပြန်ကြည့်မိတော့ မီးရောင်လိုလို အလင်းပျက်ကလေး မရှိတော့။ ဘယ်နှနာရီထိုးပြီလဲ...။ တံခါးချပ်တွေကို အကုန်အစင် ပိတ်ထားသည့်အတွက် အိုက်စပ်ပူလောင်လှသည်။ အိမ်မှာဆိုလျှင်တော့ ဘယ်လေကိုမဆို အိုက်အိုက် မိန်းမသားများထုံးစံ အပေါ်က အလွှာပါးပါးကလေး တစ်ထည်တော့ ချွေးလောက်အထိ ခြုံမြဲဖြစ်၏။ ဒါမှလည်း စိတ်လုံသည်။ သည်ညတော့ စောင်ကို မသတိလှသဖြင့် ဒူးခေါင်းလောက်အထိသာ တင်ထားခဲ့၏။ စောင်က ဆောင်ထူဆိုတော့ ခြေထောက်အောက်ပိုင်း ချွေးတွေပြန်လာသဖြင့် လှုပ်လိုက်ရသည်၊ ခြင်ထောင်လည်း မထောင်မိခဲ့။ ညဦးက ခြင်တွေ သိုးသိုးထအောင် များသော်လည်း ညဉ့်နက်လာလေ ခြင်သံတွေ ပိပိထလာလေ။

အေးစက ခြင်ထောင်ကို ဆွဲထုတ်ပြီး ထောင်ဖို့ပြင်တုန်းက ခင်စောမူ ဘယ်ဘိုင် မထောင်ရန် ငြင်းခဲ့သည်။ ခြင်ထောင်က နိုင်လွန် ကခြင်ထောင်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော်လည်း အရောင်တွေက လွင့်လုပြီ။ အပြဲတွေကို သိချုပ်ထားတာတွေကလဲ့လည်း စစ်မြေပြင်က ရောက်လာသော စစ်သားတစ်ယောက်နှင့်ပင် တူသည်။ အဆိုးဆုံးကတော့ ပိုးဟပ်ချေးစော် နံနေခြင်းဖြစ်သည်။ ပြီးတော့ သည်အိမ်ကို ရောက်လာသမျှ လူမမာတွေ၊ ဧည့်သည်တွေ၊ နာတာရှည် ရောဂါသည်တွေ၊ အပ,အစိမ်း မိထားသူတွေ ထောင်ထားခဲ့ဖူးတာ သေချာသည်။ ဒီဓာတ်ကြောင်သည် မဟုတ်သော်လည်း ခြင်ထောင်ကိုမြင်ရုံနှင့် ခင်စောမူ ဒိတ်ဓာတ်ကျသွားခဲ့သည်။

"မထောင်နဲ့တော့ အေးစု...အစ်မ ခြင်ထောင်နဲ့ဆိုရင် မွန်းလို့ပါ"

"ခြင်ကိုက်တယ် အစ်မ...ကျွန်မတို့ကတော့ အိပ်တတ်နေလို့ မထောင်တာ...အစ်မတို့နဲ့က ခြင်ထောင်နဲ့မှ သက်သာမှာ..."

"နေပစေ ငါ့ညီမ...တစ်ညအိပ်ကြည့်ပါဦးမယ်"

အေးစုက ခင်စောမူကို ထူးဆန်းသလို ကြည့်နေခဲ့တာကိုလည်း မှတ်မိသည်။ ပြီးတော့ ခေါင်းအုံး...။ ခေါင်းအုံးက ခေါင်းအုံးနှင့်မတူဘဲ အုတ်ခဲတစ်လုံးထိုး မာလွန်းလှပါ၏။ အစက ခပ်လျော့လျော့ဖြစ်ပုံရသော်လည်း ကြေးညှောင်များကြောင့်ပဲလား၊ မို့တွေ့, အုန်းဆံတွေ များလွန်းလို့ပဲလားမသိ။ ခေါင်းကိုက်လောက်အောင် မာတင်းလွန်းလှသည်။ ခေါင်းအုံး ပျော့ပျော့နိမ့်နိမ့် အုတ်ထက်သော ခင်စောမူအဖို့ အတော်ပင် ကသိကအောက်ဖြစ်ရပါ၏။ သည်လိုပဲ ဥတ်ဓာတ်ထိုင်နေရတော့မှာလား။ ခြင်တွေက ခင်စောမူကို ခွေးဆိုးတွေ ဝိုင်းသလို ဝိုင်းထားကြသည်။ ခင်စောမူက ခေါင်းရင်းက ကြမ်းထိပြတင်းပေါက်ကို ဖွင့်ချင်စိတ် ရှိလာခဲ့၏။ ကိုယ်ကို အသာလျှောကာ ပြတင်းပေါက်နားအထိ တိုးသွားလိုက်ပြီး ပြတင်းချက်(ကျက်)တွေကို လိုက်စမ်းသည်။ အပေါ်ချက်က မောင်းကို လှည့်ရန် ဆွဲခွာလိုက်သည်။ ခွာလို့ မရအောင် ကျပ်လှ၏။ ပြတင်းပေါက်ထဲခါးရွက်ပေါ်တွင် တပ်ထားလောက်သည့် လက်ကိုင်ကွင်းကို လျှောက်စမ်းကြည့်တော့ တပ်ထားပုံမရ။ အောက်ချက်ကို ဖြုတ်ရန် ကြိုးစားပြန်၏။ မရ။ လက်များပင် နာလှသည်။ သည်တော့မှ ခင်စောမူ ပိုလို့ ပင် စိတ်ပျက်သွားခဲ့သည်။

"ငါ့ကိုယ် ငါ့စိတ်နဲ့ လုပ်ချင်တာ ဘာမှလုပ်လို့မရပါသား...ဘယ်လို ဖြစ်နေတာပါလိမ့်..."

စိတ်ထဲက တွေးရင်း ထိုင်နေခဲ့သည်။ စိတ်က ပျဉ်ထရံကွဲကို ရောက်သွားပြန်သဖြင့် အသာချောင်းကြည့်လိုက်သည်။ မီးရောင်လဲ့လဲ့ကလေး ရှိနေပြန်ပြီး ဘာဖြစ်လို့ မှိတ်လိုက် လင်းလိုက် ဖြစ်နေရတာပါလိမ့်။ သည်အဟာကွဲက စာဖက်ဆိုင်ခန်းကို တိုက်ရိုက်မြင်ရသဖြင့် အသာကြည့်လိုက်သည်။ မြင်ရပြီး အိန်းမတစ်ယောက် ဆေးလိပ်သောက်နေသည်။ ထိုမိန်းမက သူ့ရှေ့တွင် ထိုင်နေသည့်လူကို တစ်စုံတစ်ရာ အသံမထွက်အောင် ပြောနေပုံမျိုးဖြစ်၏။ သည်တော့ ခင်စောမူ သဘောပေါက်ရသည်။ ထိုမိန်းမ ပြောနေသည့်လူက ထရံဟက္ကွဲကို ကျောပေးထားပုံရကာ တစ်ခါတစ်ရံ ထိုလူကြောင့် အလင်းရောင်ပျပျကို မမြင်ရခြင်းဖြစ်သည်။ ထိုလူ ရှေ့လိုက်တော့ ပြန်လင်းလာပြန်၏။

ဘာတွေများ ပြောနေတာပါလိမ့်။ ပျဉ်ထရံ ဟက္ကွက မြင်ရသည်ဆိုပေသိ လူလုံးကွဲ ပြတ်ပြတ်သားသားကြီး မြင်ရတာမဟုတ်ပါ။ ပျဉ်ထရံအမှာတွေ ကျယ်လှသည်မဟုတ်တော့ အကျယ်ဆုံးအကွဲနေရာက ကြည့်သော်မှ ခပ်ပါးပါး မြင်ရခြင်းဖြစ်၏။ ခင်စောမူမှာ ကြောက်စိတ်ရယ်လို့ မရှိဘဲ တစ်မျိုးမျိုး ခံစားနေရသည်။ ညထဲမှာ လူသုံးယောက် မအိပ်ကြသေးဘဲ ရှိနေကြတာကို တွေးမိဖြန်သည်။ တစ်ဖက်ခန်းမှာ နှစ်ယောက်။ သည်ဘက်မှာ သူမ။ ပျဉ်ထရံခြားသော်လည်း မဝေးကြ။ ခင်စောမူက အိပ်ရာဘက်ကို ပြန်ရှေ့လှည့်တော့ ဖယောင်းပုဆိုးကြမ်းခင်ပေါ် ခင်းထားသ ့် အောက်ခင်းစောင်က ရွဲ့စောင်းသွားသဖြင့် မီသလောက် ဆွဲဖြန့်နေလိုက်သည်။

ထိုအချိန်ကလေးမှာပင် ကျယ်လောင်လှသော အိမ်မြှောင်စုတ်ထိုးသံကို ကြားလိုက်ရသည်။ တိတ်ဆိတ်သည့် ညဉ့်ဆိုတော့ အိမ်မြှောင်စုတ်ထိုးသံက သိပ်ကို ကျယ်လွန်းလှပါ၏။ ပြီးတော့လည်း အရာအားလုံး ငြိမ်သွားခဲ့ပြန်လေသည်။ တဒီးဒီး တုန်သံဖြင့် ဖြတ်မောင်းသွားသော ကားသံကို အထင်းက ကြားနေရသည်။ သစ်ကား ဖြစ်လိမ့်မည်။ သစ်ကားကို တွေးမိတာကိုမင်းအောင်မြင့်တို့ဆီ စိတ်ရောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုခင်းအောင်မြင့်တို့ ဘယ်လိုများ ဖြစ်နေကြတာပါလိမ့်...ရက်လွဲတာပဲလား...ကားပဲ ပျက်လို့လား...ဘူတာချင်းများ မှားကြဲကြသလား...ဘယ်ဟာမှတော့ မဖြစ်နိုင်လောက်ပါဘူး...သူတို့မလာတာ အရေးမကြီးဘူး...လူ ဒုက္ခမတွေ့လို့ တော်သေးတာပေါ့"

ဘူတာရုံပိုင် ကိုကြိမ်ပိုက်ကို ကျေးဇူးတင်ရသလို၊ တည်းခိုခွင့်ပြုသည့် ဒေါ်ခင်ဆေသီကိုလည်း ကျေးဇူးတင်ရပါ၏။ ပြီးတော့ အားလုံးက အချိန်ကိုက်။ ညနေက ဘူတာရုံရောက်ပြီဆိုပါစို့။ ရုံပိုင်ကြီးကသာ မကူညီခဲ့လျှင် ခင်စောမူ ထွေးရဲစရာမရှိ။ သမုန်းကျင်းမြို့ဟောင်းကို ရောက်လာပြန်တော့လည်း တည်းခိုခန်းမရှိ။ ဒေါ်ခင်မေသီက တည်းခိုခွင့်ပေး၍သာ ဤနေ့မျှပျက်ရခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် လုံခြုံသော လူနေအိမ်တစ်အိမ်မှာ ခင်စောမူ ရှိနေရပြီ။ ယောကျ်ားသားရယ်လို့ အခုထိ မမြင်ရတာကလည်း တစ်မျိုးကောင်းသည်။ ယောကျ်ားသားတည်းခိုသူတွေ ရှိနေလျှင်လည်း အနေကျဉ်ရမှာ မဟုတ်လား။

ထိုင်ရတာ ညောင်းလာတော့ ခင်စောမူ အသာလှဲလိုက်ရပြန်ပါ၏။ ခေါင်းအုံးမာမာကို တစ်ခါ ထိတွေ့ရပြန်ပြီ။ တစ်နေကုန် ရထားစီးလာရတော့ မျက်လုံးတွေ ဖုန်လှပြီ။ ခေါင်းအုံးပေါ် လွှားတင်ထားသော ရှောစောင်ပိုင်းကို အသာဆွဲထုတ်ပြီး မျက်နှာပေါ်တင်ကာ မှေးနေလိုက်သည်။ ခြင်တွေ...။ ကိုကြိမ်ကြပါစေတော့။ ခြင်ထောင်ကို ငြင်းပယ်မှတော့ ခြင်ကို ရင်ဆိုင်ရတော့မည်။ တင်းကျပ်နေသော စိတ်ကို လျှော့သည်။ အခက်အခဲတွေကို မစဉ်းစားတော့တဲ့ကံကောင်းတာတွေကိုချည်း ရွေးထုတ်ပြီး စဉ်းစားလိုက်တော့လည်း နေသာသလိုလိုရှိသား။

သွပ်ခေါင်မိုးမှာ ရွာ့တွေလား၊ ကြွက်တွေလားတော့မသိ။ တဝုန်းဝုန်း ပြေးနေကြသည်။ ကုက္ကိုပင်ကြီးတွေက ကိုင်းဖျားတွေ ရိုက်တာလည်း ဖြစ်နိုင်သည်။ အိမ်ကြီးက အိုလှပြီ။ တစ်ခါက ဆေးသုတ်မွမ်းမံထားခဲ့ပုံရသော်လည်း အခုတော့ ညစ်ထေးထေး ကစုတ်ကညစ်နိုင်လှပါ၏။ အိမ်ကြီးကို သေသေချာချာ မြင်ရသေးတာ မဟုတ်သော်လည်း အကဲဖမ်းလို့ရသလောက်တော့ တော်တော်ကလေး 'နဲ့' နေခဲ့လေပြီ။

"ဘာရောဂါမှ မရှိဘဲနဲ့ သက်သက်ခေါ်ထားတာ...ငါ လူကောင်း...မကောင်းတာက ညည်းတို့...ရူးနေတာ ညည်းတို့...အပင်းကူနေတာ ညည်းတို့....ညည်းတို့.ကို ပြန်ကုရမှာ..."

ညဉ့်နက်မှောင်မှောင်ထဲမှာ ပီပီသသကြီး ကြားလိုက်ရသော မိန်းမသံးခင်စောမူနှင့် ကပ်လျက်အခန်းဆီက ဖြစ်၏။ ရောဂါသည် မိန်းကလေးဖြစ်မည်။ သူလည်း မအိပ်နိုင်သေးပါလား။ အိမ်ကြီးပေါ်မှာ ခင်စောမူ သို့သလောက် စိန်းမလေးယောက်သာရှိသည်။ အိမ်ရှင်ကလွဲလျှင် သူစိမ်းမိန်းမ သုံးယောက်။ ညဦးတုန်းက အိမ်ရှင် ဒေါ်ခင်မေသီကိုယ်တိုင်က ဆရာမကြီးအိမ် သွားတယ်ဆိုတာကကော ဘာလဲ...။ သူမထက် အဆင့်ကြီးသော ဂိုဏ်းဆရာမကြီးရှိသေးပုံရသည်။ ဒေါ်ခင်မေသီက အိမ်ထောင်ပျက်ရှာပြီးကတည်းက ဆေးကုစားနေပုံရသည်။ ဆိုင်ခန်းတစ်ဖက် ငှားထားကာ အိမ်ပေါ်တွင် လူတင်ပြီး ဝင်ငွေရှာတာကလည်း စီးပွားရေး ဖြစ်ဟန်ရှိ၏။

အိမ်ကြီးတစ်အိမ်လုံး ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။ အိုက်စပ်ပူလောင် လွန်းလှသဖြင့် အပလေ.ကလေး ခဲချင်မိသော်လည်း "အစ်မ ညဘက် တစ်ယောက်တည်း ဆတ်နဲ့." လို့ မှာတာကို သတိရမိသည်။ တစ်ယောက်တည်း ဆင်းတော့ကော ဘာဖြစ်လို့လဲ။ မြွေရှိလို့လား၊ သရဲရှိလို့လား။ ခင်စောမူ ထွေးရင်း ရွေးပြန်လာသည်။ ဘယ့်နယ့်အိမ်ကိုများ ရောက်နေ, ဘယ်လိုမိုလို့ ထွေးရင်း မနက်ဖြန်မနက်တော့ တစ်မျိုးစီစဉ်မှ ဖြစ်မှာပါလို့ ဆုံးဖြတ်လိုက်သည်။

ထိုခဏမှာပင် ငိုသံမျှင်းမျှင်းကလေး ပေါ်လာခဲ့သည်။ ကြေကွဲစရာကောင်းလှသော ငိုသံမျိုး။ ခင်စောမူ ထလိုက်လျှင် ကောင်းမလား ထွေးမိခဲ့သေးသည်။ သည်လိုလုပ်လို့လည်း မဖြစ်ပါ။ သူမပင်လျှင် ဧည့်သည်မဟုတ်လား။ အေးစု ဆိုသူကလေးမအသံတော့ မကြားရပါ။ အိပ်ပျော်နေတာများလား သည်အသံတွေကို ဒေါ်ခင်မေသီလည်း ကြားနိုင်သည်။ အခြေအနေ မဆိုးသေးလို့ပဲလား။ ဒါမျိုးတွေ ရှိးနေလို့ပဲလားတော့ မသိ။ ဒါမှမဟုတ် အိပ်ပျော်နေတာလည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မငိုပါနဲ့...ဟိုဘက်မှာ ဧည့်သည်ရှိတယ်...မနက်ဖြန် ငါ ရွာပြန်ပြီး လူလဲမယ်...နင်တို့အဒေါ် လာမှာလေ...မနက်ဖြန် တစ်ရက်ပဲ... သနပ်ဘဲကဲခါကျ နင့်အဒေါ်လာရင် နေကောင်းပြီဆိုပြီး ရွာပြန်လိုက် ခဲ့လို့ ရတာပဲ"

အွေးစုအသံ...။ ခင်စောမူ စိတ်ဝင်စားသွားသည်။ ထိုင်လျက်က အခန်းဘက်ကို အသာရွှေ့မည်ပြင်စဉ်မှာပင် ဘာကိုတိုက်မိသွားသည်မသိ။ အသံ တစ်သံ ထွက်သွားခဲ့သည်။ ပုလင်းလား၊ ဓာတ်ဘူးလားတော့ မသိ။ ခင်စောမူ အသာကလေး ငြိမ်နေလိုက်သည်။ အသံတွေလည်း ရပ်သွားခဲ့။ ကြားရသည့် အသံအပေါ် ခင်စောမူ တွေးရပြန်သည်။

"မနက်ဖြန် ဟုသည်အိမ်မှာပဲ နေရမှာဆိုရင်တော့ လူမမာရယ်... ဆေးဆရာမရယ်...ငါရယ်ပဲ ကျန်တော့မှာပါလား...အေးစုက ပြန်မယ် ပြောနေပြီ...ပြန်တော့ကော ဘာဖြစ်လဲ...သူတို့က သူတို့ကိစ္စ... ငါက ငါ့ကိစ္စပဲ...ဆုထိတော့ ငါ့မှာ ထိခိုက်စရာရယ်လို့လည်း ရှိတာ မှမဟုတ်ဘဲ...ပြောင်းလို့ ရရင်တော့ ပြောင်းတာပဲ ကောင်းလေ မလား..."

ခင်စောမူတစ်ယောက်တည်း တွေးနေခြင်းဖြစ်သည်။ ပယောဂလိုလို၊ စုန်းလိုလို၊ နတ်လိုလို၊ အပြင်ပူး၊ အတွင်းပူးဆိုတာတွေကို ခင်စောမူ ငယ်ငယ်က ကြားဖူးသည်။ ခင်စောမူတို့ ရွာတွေမှာ သည်အသံ သည်ဟန်တွေ မကြားချင် အဆုံး။ မမြင်ချင်အဆုံး။ ခင်စောမူ ရှစ်နှစ်သမီးလောက်က ဖြစ်၏။ ခင်စောမူ တို့အိမ်နှင့်ကပ်လျက်တွင် အပျိုကြီး မပန်းလှဆိုသူ မိန်းမတစ်ယောက်ရှိသည်။ ရုပ်ရည်ချောမောသည်။ ခင်စောမူတို့က မမပန်းလှလို့ ခေါ်ကြသည်။ မမပန်းလှ က ရုပ်ရည်ချောမော သော်လည်း အိမ်ထောင်ဖက် မရှိ။ ပိုးပန်းသူ၊ စပ်ဟပ် ကြောင်းမြန်းကြသူလည်း မရှိ။ မိဘများ စကားဝိုင်းမှာ တစ်ခါတစ်ခါ ကြားခဲ့ရ သော မမပန်းလှက ဥစ္စာစောင့်ဘဝက လာတာလို့ ပြောခဲ့ကြဖူးတာ မှတ်မိသည်။

"အမေ...ဥစ္စာစောင့်ဆိုတာ ဘာလဲ...မမပန်းလှက ဥစ္စာစောင့် ဆိုတော့ လူမဟုတ်ဘူးလား..."

"ဥစ္စာစောင့်ဆိုတာ ရွှေတွေ, ငွေတွေ, ပတ္တမြားတွေကို စောင့်ရတဲ့ မိန်းမ ချောတွေကို ခေါ်တာပဲ သမီးရဲ့...သူတို့က ဘုရားရှင်မွှေမှ ကျွတ်ကြမှာတဲ့...လူယောင် ဖန်ဆင်းပြီး လူ့လောကကို ခဏ တစ်ဖြုတ်တော့ လာနိုင်ကြသတဲ့..."

"မမပန်းလှက အခု လူ့ဘဝကို ခဏလာနေတာပေါ့...ဟုတ်လား အမေ"

"အဲသလို ပြောကြတာပေါ့ သမီးရယ်...ဒါမျိုးက အထက်ပုဂ္ဂိုလ် များမှ သိနိုင်တာ"

အထက်ပုဂ္ဂိုလ်ဆိုတာကို ခင်စောမူ မသိသော်လည်း ဥစ္စာစောင့်ထက် တန်ခိုးကြီးသူလို့တော့ ကလေးအတွေးဖြင့် တွေးခဲ့ဖူးသည်။ နယ်တကာလှည့်၍ ဆေးကုသည်ဆိုသော ဆေးဆရာကြီးတစ်ယောက် ရွာကို ရောက်လာတော့ မမပန်းလှ၏ မိဘများက ခေါ်ပြကြတာကိုလည်း ခင်စောမူ မြင်မိပါ၏။ ဆရာကြီးက စစ်ဆေးသည့်အခါ ဥစ္စာစောင့် မှန်နေသဖြင့် သိကိန်ချိုးခဲ့ခဲ့ခဲ့သည် ဆိုတာကိုလည်း ခေါင်းထဲ စွဲနေခဲ့မိသည်။ မမပန်းလှ၏ လက်ဦးပင်းတွင် သတ္တုလိပ်ကလေးပါသော ချည်မန်းကွင်းတစ်ကွင်း စွပ်ထားတာကိုလည်း သတိရသည်။ သည်တုန်းက ကလေးဆိုတော့ မမပန်းလှကို ဘယ်ပုံဘယ်နည်း ကုစားခဲ့ကြသည်ဆိုတာတော့ မသိခဲ့ပါ။ အမေတို့လူကြီးတွေ စကားဝိုင်းမှာ သည်စကားရောက်တိုင်း ခင်စောမူ အသာ နားစွင့်ခဲ့သည်။

"ပန်းလှခမျာ ငိုလိုက်တာ မခင်စိန်ရယ်...သူ့သိုက်က ပင်လယ် ဘက်မှာတဲ့...ဆရာကြီးက ဒီးဒိုးဒေါက်ဒေါက် ရှိုလိုက်တာအေ... အထက်ဂိုဏ်း ဆရာကြီးလို့ ပြောတာပဲ"

"သိုက်ချုပ် ကိုင်နိုင်တာ စွမ်းလို့ပေါ့အေ..."

ငယ်ငယ်တုန်းက သည်အကြောင်းတွေကို မျက်လုံးအပြူးသား နားထောင်ခဲ့ရသော်လည်း ကြီးလာတော့ အယုံအကြည်မရှိတော့။ တစ်ခါတလေ

www.burmeseclassic.com

www.burmeseclassic.com

မမပန်းလွှကို စိတ်ရောက်မိတိုင်း ခမျာ ရောဂါတခြား ဆေးတခြား ဖြစ်ရရှာလေ ရော့သလား စဉ်းစားကြည့်မိသည်သာ။

အခုလည်း ခေါ်ခင်မေသီ ဘယ်လိုဆေးကုနေသလဲဆိုတာ ခင်စောမူ မသိ။ တကယ်တတ်ကျွမ်း နားလည်လို့ပဲလား။ ရိုက်စား ခိုက်စား လုပ်နေ တာပဲလားတော့ မသိ။ ညဦးက အိမ်ပေါ်မှာ မြင်ရသလောက် ဘာမှထည်ထည် ဝါဝါမရှိ။ ဘုရားစင်ကြီး ပန်းတွေဝေအောင်ထိုး၊ အမွှေးတိုင်ငွေ့, တလိုင်လှိုင် ပန်းတကြိုင်ကြိုင်လို့လည်း မရှိ။ သာမန်ဘုရားစင်တစ်စင်သာ ဖြစ်၏။ နတ်နှင့် ပတ်သက်လို့လည်း ဘာမှမရှိပါ။ ခြောက်ခြောက်သွေ့သွေ့ ဗြုတ်စဗျင်းထောင်း ပေပေပွပွ တစ်အိမ်လုံးသာဖြစ်၏။

တစ်ဖက်ခန်းက အသံထွက်လာပြန်သည်။

"ငါ ရွာပြန်ချင်တယ်...ညည်းတို့ ငါ့ကို မဟုတ်တာမလုပ်ပါနဲ့ အေ...ငါ ဘာမှမဖြစ်ပါဘူး...ဘာပယောဂမှလည်း မရှိပါဘူး...ငါ သည်အိမ်မှာ မနေချင်ဘူး...တအိုးတအောင့်တောင် မနေချင်ဘူး... အဲသည် မိန်းမကြီးမျက်နှာ..."

"....."

"....."

အဲသည်မိန်းမကြီးမျက်နှာ...ဆိုသည့်စကားမှာ အသံရပ်သွားသည်။ အေးစုက ပါးစပ်ပဲ ပိတ်လိုက်လေသလား။ ဝူးဝူးဝါးဝါး အသံအချို့ ကြားလိုက် ရသည်။ အေးစုက ကျိတ်ပြီး ပြောနေသည့်စကားသံကို ကြားရသော်လည်း သဲသဲကွဲကွဲ မရှိ။ လူနာမိန်းကလေးက နားထောင်နေပုံရသည်။ အေးစုအသံ နည်းနည်းကျယ်လာသည်။

"ညည်းတစ်ယောက်တည်း မနေချင်ရင် မနက်ဖြန် ငါ ရွာမပြန်ဘူး... ရွာလှည်းကြီး သွားရှာပြီး ပါးစပ်နဲ့ပဲ မှာလိုက်မယ်...ဟုတ်ပြီလား... ငါ့မလဲ ရွာမှာ အလုပ်တွေရှိသေးတယ်...ညည်းလာစောင့်ရတာနဲ့ မပြီးဘူးဟဲ့..."

"ညည်းတို့ကို ဘယ်သူက စောင့်ခိုင်းလို့တုံး...ညည်းတို့ ပို့ထား တာပဲ...ငါက နေချင်လှချည်း ပြောလို့လား...ငါက အလစ်ချောင်း နေတာ...လူလစ်ရင် ထွက်ပြေးမှာ...ငါက..."

"....."

အသံတွေ တိတ်သွားပြန်ပါ၏။ မနက်ဖြန် အေးစု မပြန်တော့ဘူး ဆိုလို့ ခင်စောမူပင် ကြားထဲက ဝမ်းသာမိရသည်။ ဘာပဲဖြစ်ဖြစ် မိန်းမတော် နှစ်ယောက်၊ သုံးယောက် ရှိတာတော့ ကောင်းတာပဲ မဟုတ်လား။ နောက်ထပ် လေသံတောင် မကြားရတော့ပါ။ ခဏနေတော့မှ အေးစု အခန်းဝကို ပြန်ထွက် လာပုံရ၏။ ဘာဖြစ်လို့, လူမမာနဲ့, အတူမအိပ်တာလဲ။ ဒါလည်း ခင်စောမူ မသိ။ အိမ်ခေါင်ပေါ်က ရှဉ့်ပြေးသံလိုလို အသံတွေ ကြားရပြန်သည်။ အနောက်ဘက်ထောင့်ဖျားဆီက သွပ်ပြား လန်နေသလားမသိ။ လေတိုက်တိုင်း ဟရိမ်းဂျိမ်းမြည်နေသည်။ ခင်စောမူ ရေဆာလာသဖြင့် ရေဘူးကို လှိုက်စမ်း သည်။ ရေအိုးဆီ ထ,မသွားချင်။ ရေဘူးထဲက ရေကျန်ကလေး အာစွတ်ရုံ ရွတ်ရလျှင် အာသာပြေနိုင်သည်။ ညဦးက ခေါင်းအုံးဘေးမှာ ထားခဲ့တာ မုတ်မိ သွားသဖြင့် လှိုက်စမ်းတော့ တွေ့သည်။ ခင်စောမူ ရေကို အသာ မျှောသောက် သည်။ ရေပင် နွေးတေးထေး။ အသာ ခေါင်းချကာ အတွေးတွေကို ဖယ်ထုတ် ပစ်လိုက်သည်။

မျက်လုံးတွေ မှေးစင်းလာခိုက်မှာပင် ငိုသံကျယ်ကျယ်ကို ကြားရပြန် လေ၏။ သည်တစ်ခါတော့ ခင်စောမူကိုယ်တိုင် ငိုက်မျဉ်းလာရာက အိပ်မျော သွားခဲ့သည်။ အရာရာသည် ပိန်းပိတ်အောင် မှောင်မည်းလျက်ရှိလေသည်။

* * *

မိုးကြီး စင်စင်လင်းမှ ခင်စောမူ နိုးသည်။ နိုးနိုးချင်း မျက်လုံးအစွန် မျက်နှာကြက် မပါသော သွပ်ပြားခေါင်မည်းမည်းကို မြင်လိုက်ရသည့် ကိုယ့်အိမ်မဟုတ်ပါလား ဆိုသည့်အတွေးကြောင့် ငေါက်ခနဲ ထထိုင်မိုက်မိ သည်။ အနားမှာ စောင်အထွေးထွေး။ အိပ်ရာခင်း အထွေးထွေး။ ညက ခင်စောမူ

www.burmeseclassic.com

www.burmeseclassic.com

ဖယောင်းပုံဆိုးခွင်းပေါ်မှာ အိပ်ပျော်သွားခဲ့တာ ဖြစ်မည်။ မွေ့ရာမပါသော ကြမ်းခင်းစောင်ကြောင့် ကိုယ်လက် နာချင်သလိုလိုရှိသော်လည်း ဆံပင်ကို စုပျာကယာ ရစ်ထုံးလိုက်ပြီး အခန်းအပြင် ထွက်လိုက်သည်။ အရေးထဲခန်းဆီးစက လူအထွက် မျက်နှာကို လာကပ်နေသဖြင့် အသက်အောင့်ပြီး ကပျာကယာ ဖယ်လိုက်ရပါ၏။

အပြင်မှာ အမွှေးတိုင်နံ့က မွှန်စူးနေသည်။ သွားတိုက်ဆေး၊ ဆပ်ပြာ၊ သွားပွတ်တံတွေ့ စုထည့်ထားသော ပလတ်စတစ်အိတ်ကိုကိုင်ရင်း မတ်စောက်သော လှေကားက ဆင်းလာခဲ့၏။ လှေကားဆံတွေက ချောင်ကျတ်ကျသွားမလား ထင်ရလောက်အောင် လှုပ်လွန်းလှသည်။ ညတုန်းက မှောင်နှင့်မည်းမည်း ဆိုတော့ သတိမထားမိခဲ့။ အိမ်နောက်ဖေးဘက်မှာ အုတ်ရေကန်ရှိသည်။ အပေါ်ထပ်မှာလည်း ရှိပါ၏။ သို့သော် အောက်မှာ ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်သာသာလေပဲ မျက်နှာသစ်ချင်သည်။ ရေသန့်စင်ကိစ္စပီပီပြီးတော့မှ ပခုံးပေါ်တင်လာသည့် တဘက်ကလေးနှင့် မျက်နှာသုတ်ပြီး အပေါ်ထပ် ပြန်တက်ရန် လှေကားဆီကို ပြန်လျှောက်လာခဲ့သည်။ လျှောက်ရင်းက အိမ်အနေအထားနှင့် ခြံဝင်းအတွင်း ရှိသမျှတွေကို မျက်စိကစားခဲ့ရသေးသည်။ အုတ်ရေကန်အောမှာ သစ်သားပုံဟောင်းကြီးတစ်ပုံ ရှိသည်။ သစ်ပုံထဲက သစ်ပင်တွေ ထိုးထွက်နေကြတာလည်း မြေဆိုးကင်းဆိုး ခိုနိုင်လောက်သည်။ ပြီးတော့ စက်ဖွဲပြာရေလို ပြာမည်းမည်းတွေလည်း ရှိသည်။ တစ်ခါက ဘူးစင်လို၊ ပဲစင်လို စင်တစ်စင်က အရာမယွင်း မရှိနေသော်လည်း အပင်လည်း မရှိ။ စင်ကလည်း ပြိုလုပြိုခင်။ ကျန်တာက အုတ်ပုံဟောင်းများ၊ ပေါက်ပြဲနေသော သဲအိတ်များနှင့် အမှိုက်သရိုက်တွေ။ ကုက္ကိုပင်ကြီးတွေက ကြွေကျခဲ့ကြသော သစ်ရွက်ခြောက်တွေက ရာသီအလိုလိုကို ကျော်ခဲ့ကြပုံပေါ်၏။ ရှင်းခြင်းလင်းခြင်း မရှိတော့ ရေစိုသည့်နေရာတွေမှာ နူးအိနေကြသည်။ ရေလွတ်သည့်နေရာတွေမှာတော့ ကျောက်ပျဉ်လို မာခဲခဲ။

"အစ်မ...အိမ်ရှေ့မှာ ည့ည်းသည်တွေ ရောက်နေတယ်...အစ်မက မခင်စောမူလား..."

"အေး...ဟုတ်တယ်"

ကလေးမလေးက ဆယ့်နှစ်နှစ်လောက် ရှိဦးမည်။ တစ်ဖက်ဆိုင်ခန်းထဲလား၊ ဒါမှမဟုတ် မြို့ထဲကပဲလား မသေချာပါ။ ကလေးမှာ ဒါမဲ့ပြုံးပြီး အိမ်ရှေ့ ပြန်ထွက်သွားတော့ နောက်က ကပ်လိုက်သွားခဲ့သည်။

လူနှစ်ယောက်၊ ကားတစ်စီး။ လမ်းပေါ်မှာ မတ်တတ်ရပ်နေကြတာ ခင်စောမူ ထွက်အလာကို စောင့်နေကြပုံရသည်။ ခင်စောမူက ခြံစံခါးကို ဖွင့်ဖျန်းဖွင့်တော့ ထိုလူက ခြံတံခါးဆီ လျှောက်လာခဲ့သည်။

"ကျွန်တော် မင်းအောင်မြင့်ပါ...ဆောရီးဗျာ...အကုန်လုံးကုန်တော့ တာပါပဲ...လာအကြိုမှာ ကားပျက်သွားတာ ဒေါ်ခင်စောမူရေ... သည်မှာက ဝယ်ရှော့ရယ်လို့ မရှိတော့ ပါလာတဲ့တယ်ရှိုကို စခန်းပြန်လွှတ်...ကျွန်တော်က မှောင်ကြီးထဲ ကားပျက်မေါ် တစ်ညလုံး အိပ်...ဒုက္ခရောက်ရပုံများ..."

ခင်စောမူကို တောင်းပန်သလိုလို၊ သူ့ကိုယ်သူ ကာနေသလိုလိုဖြင့် ပြောနေသော်လည်း တကယ်ဒုက္ခရောက်ခဲ့ရပုံတော့ မပေါ်ပါ၏။ သို့ပေမဲ့ ခင်စောမူ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ အားတွေလည်း ရှိသွားခဲ့သည်။ တကယ်တော့ ကိုမင်းအောင်မြင့်ကို ခင်စောမူ မတွေ့ဖူးသလို ရင်းနှီးခြင်းလည်း မရှိ။ ကုမ္ပဏီကို ခင်စောမူ အလုပ်ဝင်ကတည်းက ကိုမင်းအောင်မြင့်တို့ က ဆောထဲမှာ တာဝန်ထမ်းဆောင်နေကြတာလို့ သိထားခဲ့သည်။ ခင်စောမူက အိမ်မေါ်ကို ခေါ်လာခဲ့ကာ ဆက်တီမှာ ထိုင်စေသည်။ ကိုယ်တိုင်ကတော့ အနီးထဲဝင်ကာ တို့ပတ်ကလေးရိုက်၊ အဝတ်အစားလဲပြီး ပြန်ထွက်လာခဲ့သည်။ ကိုမင်းအောင်မြင့်က သူ့ဒုက္ခတွေကို တန်းစီ ပြောနေတော့ ကိုယ့်ဒုက္ခ ဆောချိတ်ပြီး အသာနားထောင်ရပါသည်။ ဟုတ်လည်းဟုတ်ပါရဲ့။ သူ့ဒုက္ခ သာသည်း မသေးပါ။

"ဒေါ်ခင်စောမူရေ...ရထားက လေးနာရီပတ်ဝန်းကျင် ဆိုတော့ ဆိုတော့ ကျွန်တော်တို့က သုံးနာရီမတ်တင်း ထွက်လာကြတာ...

www.burmeseclassic.com

www.burmeseclassic.com

စခန်းနဲ့က တစ်နာရီလောက်တော့ မောင်းရတယ်...လမ်းက လှည်းလမ်းသာသာဆိုတော့ အချိန်ကုန်တာကို သိလို့ စောထွက်တာပါ...သစ်တောလွန်လို့ ရွာတွေဘက် ချိုးမယ်လုပ်တော့ ဂီယာထိုးလို့ မရတော့ဘူး...တတ်သလောက် မှတ်သလောက် လုပ်တော့လည်း မရတော့ မောင်တင့်ကို စခန်းဆီ ပြန်လွှတ်ရရော...ဝပ်ရှော့ဆရာ ခေါ်ခိုင်းရတာ... စခန်းကို မမှောင်ခင် ရောက်အောင်သွားဆိုပြီး လွှတ်လိုက်တာ ဝပ်ရှော့ဆရာက သူ့ရွာပြန်လို့တဲ့ဗျာ...ရွာအထိ လိုက်ကြရသတဲ့...ကျွန်တော်ကလည်း လာနီး လာနီးနဲ့ မှောင်ကရော...ထမင်းလည်း မစားရ၊ ရေလည်း မရှိ...လမ်းခုလတ်ကြီးမှာ...သူတို့ရောက်လာတော့ ညဆယ်နာရီကျော်ပြီ...ဒါနဲ့ ကားဘက်ထရီနဲ့ ဘတ်သီးကလေးချိတ်ပြီး ပြင်ကြတာ...ည နှစ်ချက်ထိုးမှ ပြီးတော့တယ်...ကားပြီးပြီးချင်း အားချင်းမောင်းလာကြတာ မနက်သုံးနာရီလောက် အင်ကြင်းတောကို ရောက်တယ် ပြောပါတော့..."

"တခြားသစ်ကားကြီးတွေ မရှိလို့လား ဦးမင်းအောင်မြင့်ရယ်... အာကားဖြစ်ဖြစ် ရနိုင်လျက်နဲ့"

ခင်စောမူက သိလို့မဟုတ်ပါ။ သစ်စခန်းဆိုမှတော့ သစ်ကားကြီးတွေ ရှိရမှာပေါ့လို့ တွေးမိသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ကိုမင်းအောင်မြင့်က ပြုံးသည်။

"သစ်ကားကြီးတွေက တစ်နေရာမှာ ခေါ်ခင်စောမူရဲ့...သစ်ထုတ်လုပ်ရေးမှာ ရှိတာ...ကျွန်တော်တို့ရုံးက တစ်နေရာမှာ...ရုံးကား နှစ်စီးရှိတာ...တစ်စီးက ပစ္စည်းဝယ်ထွက်နေရတယ်...အခုကားက အကောင်းဗျ ဖြစ်ချင်လို့ဖြစ်တာ...ကျွန်တော်လည်း အဲ့ဒါသြနေတယ်"

ခင်စောမူက ကိုမင်းအောင်မြင့် ရှင်းပြနေတာကို ခေါင်းထဲ သိပ်ထည့်မနေပါ။ ရဲများ အမှုစစ်သလို စစ်မနေချင်တော့။ ရောက်မလာနိုင်တာကို ရောက်မလာနိုင်ရန်ကောလို့ အပြစ်တင်နေလို့ကလည်း မကောင်းနိုင်။ မိန်းမသား

တစ်ယောက် သူတစ်ပါးရပ်ရွာမှာ မျက်စိသူငယ် နားသူယောင်ဖြစ်နေရမည့် အခြေအနေကို ကိုမင်းအောင်မြင့်လည်း သိသူပင်။ သိလို့လည်း သည်းလောက်ဆောင်းပန်ရှင်း ရှင်းနေတာကို ခင်စောမူ နားလည်ပါ၏။ တစ်ဖက်တ လူကလည်း ဝန်ထမ်း၊ ကိုယ်ကလည်း ဝန်ထမ်းဆိုတော့ သည်ကိစ္စမှာ တစ်ယောက်တစ်ယောက် ချောက်ချစရာအကြောင်းမရှိတာကို သဘောပေါက်သည်။ သို့သော် ခင်စောမူအဖြစ်က စဉ်းစားကြည့်လေ ကြောက်စရာကောင်းလေ။ ကားပျက်လို့ ရောက်မလာနိုင်ပါဘူး ဆိုရုံဖြင့် သည်ကနေ့ ကျေနပ်နိုင်ခဲ့သည့်တိုင် မနေ့တော့ ပြဿနာကြီး ဖြစ်ခဲ့သည်။ ရုံပိုင် ကိုကြွမ်ပိုက်သာ မကယ်လျှင် ခိုကိုးရာဝင် မပြင်။ ခင်စောမူက ကိုမင်းအောင်မြင့် ပြောတာကိုပဲ သည်းခံနားထောင်နေလိုက်သည်။ ကိုယ့်ပြဿနာ ကိုယ့်အခက်အခဲကို ပြောနေရမှာကိုပင် အဖော်ခံနေချင်တော့။

"ရုံးကသာ သိရင်တော့ မီးလောင်မှာပဲ မခင်စောမူရယ်...ကျွန်တော် အနှုးအညှတ် တောင်းပန်ပါတယ်ဗျာ...တကယ်ပါဗဲ"

သည်စကားကလည်း ရုံးကို မပေါက်ကြားစေချင်ကြောင်း ကာလိုက်သံ သိပါ၏။ ခင်စောမူကလည်း ရုံးကိုပြောဖို့ စိတ်ကူးမရှိပါ။ ဆိုးလှသောအောက်တဆ တိုက်ဆိုင်မှုအဖြစ် မျိုချထားပြီးသား။

"ကျွန်မ သည်အိမ်မှာရှိတယ်လို့ ရုံပိုင်က ပြောလိုက်တာလား..."

"အစစ်ပေါ့ဗျာ...မနက် သုံးနာရီလောက်ကြီး မနည်းနှိုးမေးရတာဗျ... ရုံပိုင်က သမုန်းကျင်းက ခေါ်ခင်မေသိအိမ်ကို သူလိုက်ပို့တဲ့အကြောင်း ပြောလိုက်တယ်...ဒါနဲ့ မိုးလင်းအောင်စောင့်ပြီး လာခဲ့ကြတာပါ... အဆင်ပြေရဲ့လား..."

ကိုမင်းအောင်မြင့်က အဆင်ပြေရဲ့လားဆိုမှ ကိုယ့်ကိုယ်ကိုယ် အဆင်ပြေသလား၊ မပြေသလား ပြန်မေးရသည်။ သည်အိမ်ကို ဘာမှန်းမသိတဲ့ ခင်စောမူ ဝင်ထွက်နေမိတာလည်း အမှန်ပင်။ သို့သော် ငြင်းချက်ထုတ်ပြပါဆိုတော့လည်း ခေါင်းတွေ၊ ခြင်ထောင်တွေ မသိုးမသန့်ရှိတာကလွဲရင် အခြား

www.burmeseclassic.com

www.burmeseclassic.com

ဘာခံမရှိ။ ပြီးတော့ အိမ်ရှင်က တည်းနိုင်ပါသည်လို့ ခွင့်ပြုပြီး တည်းနေရသည်အထိ ဘာမှ အနောင့်အယှက်ပေးတာမျိုးလည်း မရှိပြန်။ ခုထိလည်း ဘယ်လိုစားပါ၊ ဘယ်လိုနေပါ မပြောသေး။ သည်မနက်ပဲကြည့်လေ။ အိပ်ရာက နိုးလို့ ကိုမင်းအောင်မြင့်တို့ကို ဧည့်ခံနေရသည့်တိုင် သည်အိမ်ပေါ်မှာ လူမရှိ။ အေးစုရော ရူမမာပါ မမြင်။ ခင်စောမူကို သတင်းလာပို့သည့် မိန်းကလေးကတော့ စာစီဖက်ဆိုင်မှာ ရှိလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ခင်စောမူမှာ တာဝန်တွေ ပါလာခဲ့သည်။ သည်ကို လာရှင်းသည်ပင် တာဝန်နှင့် လာရခြင်းမဟုတ်လား။ စာရင်းတွေ စစ်စရာ ရှိသည်။ ဘယ်မှာ စစ်ရမှာလဲ။ ဘယ်လိုစစ်ရမှာလဲ။ သူတို့ သစ်စခန်းမှာလား။ သည်မြို့မှာပဲလား။ သစ်စခန်းကို မရောက်ခဲ့ရပါဆိုလျှင်ကော ကုမ္ပဏီက နားလည်နိုင်ပါ့မလား။ ခင်ဗျားကို စာရွက်တွေပေါ်က ကိန်းဂဏန်းတွေ မှန်မမှန် စစ်ဆေးခိုင်းတာချည်း မဟုတ်ဘူးဗျ...မျက်မြင် တိုက်ဆိုင်စစ်ဆေးတာမရှိဘဲ ပြန်လာလို့ ရရောလားလို့ မေးလာလျှင် ဘယ်လိုဖြေရမလဲ။

"နေရတာတော့ အဆင်ပြေပါတယ် ကိုမင်းအောင်မြင့်ရယ်... တည်းခိုခန်းရယ်လို့မှ မရှိတော့ အိမ်တစ်အိမ်မှာ တည်းရတာချင်း အတူတူ သည်မှာလည်း တည်းနေရတာပါပဲ...ဖြစ်သင့်တာက ကျန်မကိုယ်တိုင် စခန်းမှာပဲ ရှိမှကောင်းမယ်ထင်တယ်...စာရင်းတွေ မြို့ပေါ်ယူစစ်တယ် ဖြစ်မှာလည်း စိုးလို့ပါ"

"ဒါကတော့ မခင်စောမူ ကြိုက်သလိုစဉ်းစားပါ...ကျန်တော် ဖြစ်အောင် လုပ်ပေးရမယ့်ဝတ္တရား ရှိပါတယ်...ကျန်တော်တို့ စာရင်းတွေက မမှန်လို့၊ မရိုးမသားရှိလို့ မခင်စောမူကို ပြဿနာတယ် မဖြစ်စေချင်ပါဘူး...ဒါပေမဲ့..."

"ပြောပါ ကိုမင်းအောင်မြင့်...ကျွန်မတို့ချင်း အဆင်ပြေဖို့ပဲ လိုပါတယ်"

"ဟုတ်ပြီ...စခန်းကတော့ ယောကျ်ားတွေချည်း နေကြတာလည်း ဖြစ်ပြန်...တောထဲတောင်ထဲမှာ စက်တွေ၊ ယန္တရားတွေ၊ ကားတွေ၊

ဆင်တွေနဲ့ လုပ်ရတာဆိုတော့ မခင်စောမူ အနေတကျဉ်းကျမ်မှာ စိုးတာပါ...အလုပ်သဘာဝက ပင်ပန်းတော့ သေးသေးဖွဖွကိစ္စတွေကို နားလည်မှု ပေးထားရတာမျှားလည်း ရှိတာအမှန်ပဲ...သည်လို ခွင့်မပြုရင်လည်း ဘယ်သူမှ လုပ်ချင်မှာမဟုတ်လေတော့..."

"ကျွန်မသဘောပေါက်ပါတယ်...ကျွန်မကလည်း ကျွန်မစိတ်ရင်းအတိုင်း ပြောရရင် မကျဉ်းကျပ်ချင်ပါဘူး...ပြီးတော့ ကျွန်မမှာ အဖော်ရယ်လို့လည်း ပါမလာခဲ့ဘူးဆိုတော့ ခက်တာက..."

"အရင်ရောက်လာဖူးတဲ့ စာရင်းစစ်တွေကတော့ အမျိုးသားတွေများတော့ စခန်းမှာပဲ နေလိုက်ကြတာပါ...အမျိုးသမီးစာရင်းစစ်လာလိမ့်မယ်ဆိုတော့ ကျွန်တော်တို့က သမုန်းကျင်းမှာပဲ တည်းခိုဖို့ စီစဉ်ထားတာပါ"

"ဘယ်နေရာမှာ စီစဉ်ထားတာလဲ"

"ကျွန်တော်တို့ကုမ္ပဏီပိုင် ဘန်ဂလိုရှိတယ်...မြို့စွန်တော့ နီည်းနည်းကျတယ်...ဘန်ဂလိုက ဟောင်းတော့ဟောင်းနေပေါ့ဗြို့...မခင်စောမူမှာ အဖော်ရယ်လို့ ပါမလာလေတော့ ဘန်ဂလိုမှာလည်း မဖြစ်သေးပါဘူး"

ကိုမင်းအောင်မြင့်နှင့်ပါလာသည့် တပည့်ကလေးက ငုတ်တုတ်ထိုင်နေတာလဲ၍ ဘာမှဝင်မပြော။ သည်မှာထိုင်ပြီး စကားတွေပြောနေလို့ မပြီးသေးဘူးလည်း ဘာမှမစားရသေး အိပ်ခဲ့ရတာဆိုတော့ ဝမ်းကလေး ဖြည့်ပါဦးမှ၊ မခင်စောမူ အစီအစဉ်က ကိုမင်းအောင်မြင့်တို့နှင့်အတူ မြို့ထဲကို လိုက်မည်၊ နေ့လည်စာ ရိတာစားမည်။ လုပ်ငန်းကိစ္စပြောမည်။ သစ်စခန်းကို ကနေ့ လိုက်သွားဆောင့်လျှင် လိုက်မည်။ မြို့စွန်က ဘန်ဂလိုဆိုတာကိုလည်း သွားကြည့်ချင်သေးသည်။ နေရေးထိုင်ရေး၊ စားရေးသောက်ရေးကအစ ကိုမင်းအောင်မြင့်တို့ တွေ့တုန်း စီစဉ်ရမှာမဟုတ်လား။ သည်အချိန်မှာပဲ အေးစု ပြန်ရောက်လာသည်။ ရွာလူကြီး သွားရှာတာဟု ဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟိုကဆေးမကော...လူမမာလေ..."

"အိပ်နေတုန်းနေမှာ...ညက မိုးလင်းမှ အိပ်ပျော်သွားတာ အစ်မ"

"အို...အားနာစရာကောင်းလိုက်တာ...အစ်မတို့က ဘယ်သူမှမရှိဘူး မှတ်လို့ စကားတွေ တွန်းပြောနေကြတာ"

"ရပါတယ်...သူက တစ်ခါတလေ လူမှန်းသူမှန်းမသိဘူး အစ်မ..."

ဘာစကားများပါလိမ့်။ အိပ်ရေးပျက်တာများလို့ လူမှန်းသူမှန်းမသိအောင် အိပ်တာကို ပြောချင်တာလား။ လူစိတ်ပျောက်သွားတတ်တယ်လို့ ပြောချင်တာလား။ အေးစုက ယောကျ်ားပျော်သည်နှစ်ယောက်ကို ကြည့်နေသည်။ သည်အိမ်ကြီးမှာ လာတည်းကြမည့်သူတွေလို့ ထင်သွားပုံရပါ၏။ ဘာမှတော့ မပြောပါ။ ညက အေးစု ရွာမပြန်တော့ဘူးလို့ ပြောတာ ကြားထားသော်လည်း ခင်စောမူ မသိချင်ဟန်ဆောင်ကာ မေးကြည့်သည်။

"ရွာပြန်မယ်ဆို အေးစု...မပြန်သေးဘူးလား"

"မပြန်ဖြစ်ပါဘူး အစ်မရယ်...အဲဒါ ရွာလူကြီး သွားရှာပြီး ပြန်လာတာ"

"တွေ့လား..."

"တွေ့ပါတယ်...မှာလိုက်ပြီ"

"အစ်မ ညည်သည်တွေနဲ့ လိုက်သွားဦးမယ်...နေစောင်းမှ ပြန်ခဲ့မယ် ...ဖြစ်ရဲ့မဟုတ်လား..."

"အဖိုးတန်တာရှိရင် ယူသွားအစ်မ...ရွှေတို့ ငွေတို့ ပြောတာပါ"

"မပါပါဘူး ညီမရယ်...ညည်းလည်း ရှိသားပဲ...အပြန် အေးစုဖို့ မုန့်ဝယ်ခဲ့မယ်"

အေးစုက ပြုံးသည်။ ဘာပဲဖြစ်ဖြစ် အေးစုကိုတော့ ပေါင်းထားရမည်။ အေးစုက အဖော်ပဲမဟုတ်လား။ ဒေါ်ခင်မေသီကော...။ သူ့အခန်းတံခါး ဟောင်းလောင်း ပွင့်နေပုံထောက်တော့ အခန်းထဲမှာ မရှိတာ သေချာသည်။

အိမ်မှာပင် ရှိလောက်ပုံမရ။ ခင်စောမူ နိုးကတည်းက ဒေါ်ခင်မေသီ အိမ်မှာ မရှိတာတော့ သေချာသည်။ အခုအချိန်ထိ ဒေါ်ခင်မေသီနှင့် စကားကောင်း ဆာင်း မပြောရသေး။ ခင်စောမူက အခန်းထဲဝင်ကာ လိုအပ်တာကလေးတွေ ဒိုက်ဆံအိတ်ကြီးထဲ ပြောင်းထည့်သည်။ တစ်ခုချင်း စစ်ဆေးပြီးမှ ပြန်ထွက်လာခဲ့သည်။ အိတ်ကို စစ်ဆေးတော့ ကျောက်သင်ပုန်းပြားကလေး တွေ့သဖြင့် လိုရမယ်ရ မေးကြည့်သည်။

"အေးစု...သည်မြို့မှာ မစောညွန့်ဆိုတာ ရှိသလား..."

"မစောညွန့်...ဟုတ်လား အစ်မ"

"အေး...မစောညွန့်တဲ့..."

"မပြောတတ်ဘူး အစ်မ...ကျွန်မကလည်း သည်အိမ်လောက် ရောက်ဖူးတာ"

"အေးလေ...ဟုတ်ပါရဲ့..."

ခင်စောမူက ကိုမင်းအောင်မြင့်တို့ ဆရာတပည့်နှင့်အတူ လေ့ကားကြိုဆိုခါက ဆင်းလာခဲ့သည်။ ကိုမင်းအောင်မြင့်က ကားတစ်စီးချင်း ဖြတ်ရတဲ့ ကားဟောင်း ကျနေတာပဲဆိုလို့ ပြုံးမိရသည်။ ဟုတ်ပါရဲ့။ လေ့ကားကြီး ဆောက်တော့ ပြင်ဖို့ကောင်းပါ၏။ သည်လေ့ကားက ဆင်းလျှင် တက်လျှင် အသက်ပြင်း ယိမ်းခါနေသလား မှတ်ရသည်။

ကိုမင်းအောင်မြင့် ကားက လိုက်ဗင်လို့ ခေါ်ကြသော ကားပုတိုတို ဖြစ်၏။ အတွင်းမှာ ဒရိုင်ဘာခန်းနောက်တွင် ခုံရှည်တစ်တန်းပါသော ကားဖြစ်သည်။ နောက်ခန်းကတော့ ပစ္စည်းတင်နိုင်သည်။ ကားက မြင့်မြင့်ဆိုတော့ ဘေးကြမ်းသုံး ကားမျိုးဖြစ်၏။ ကိုမင်းအောင်မြင့်ပြောသလို ကားက အသစ်ကြီးလို့မူား ပျက်ရတာပါလိမ့်။ ကားထဲရောက်မှ ခင်စောမူက သူမအစီအစဉ်ကို ရှင်းပြသည်။

"ကိုင်း...ကျွန်မဒုက္ခတွေပြောဖို့ အလှည့်ပေးဦး...လောလောဆယ် မနေ့က တစ်နေ့လုံးရော ညကပါ ဘာမှမစားရသေးလို့...အခု

www.burmeseclassic.com

www.burmeseclassic.com

ခွတ်လိုက်ထာ အူလောင်နေပြီ...မနက်စာ တစ်ခုခုစားကြရအောင်... သည်မှာ ဘာတွေ ရှိသလဲ..."

"ဆောမြို့ဆိုတော့ တောစာတွေပါပဲ...ပဲနဲ့ချက်တဲ့ မုန့်တီလို့, မုန့်, မောင်းခါး လိုဟာလည်း ရှိပါတယ်...ထမင်းသုပ်, မြန်မာထမင်း ကြော်လည်း ရတယ်...လက်ဖက်ရည်ဆိုင်က လေးငါးဆိုင်ရှိတယ်... မခင်စောမူ ဘာစားမလဲ...ကျွန်တော် ကျွေးပါရစေဗျာ"

"ဘယ်သူက ကျွေးကျွေးပါရှင်...နီးရာဆိုင်တစ်ဆိုင်ကိုသာ မောင်းပါတော့...အလုပ်ကိစ္စ နောက်မှ ပြောကြတာပေါ့"

ကိုမင်းအောင်မြင့်က ကားကို လမ်းကြမ်းအတိုင်း မောင်းလာသည်။ သမုန်းကျင်းမြို့ဟောင်းက လမ်းသူကြောင်း မြင့်မြင့်ဆိုသော်လည်း ကတ္တရာမပါသော ကျောက်ခဲလမ်းဖြစ်သည်။ ကျောက်ခဲတွေ မရှိကြတော့ လမ်းက ကြမ်းလွန်းလှသည်။ မြို့ရိပ်မြို့သွေး မရှိ။ မြို့လယ်ဆိုသည့်နေရာမှာ စျေးဆိုင်တွေ ရှိသော်လည်း ချောက်တီးချောက်တောက် ရောင်းကြတာမျိုးဖြစ်၏။ အိမ်တွေက ရှေးရိုးအိမ်တွေ ဖြစ်သည်။ ရေတွင်းတစ်တွင်း၊ ရွှက်လှပင်အုပ် ဖားဖားကြီးများနှင့် နှစ်ထပ်အိမ်တွေ များသည်။ လှည်းတွေနှင့် သွားလာကြသူတွေလည်း အများသား။ မြင်းလှည်းတစ်စီးစ၊ နှစ်စီးစလည်း တွေ့ရပါသည်။ ခင်စောမူက စားပြီးလျှင် မြို့ရိပ်ဝန်းကျင်ကို ကားနှင့် လိုက်ချင်သည်ပြောတော့ ကိုမင်းအောင်မြင့်က ပို့မည်ဆို၏။ ပြီးတော့ ဘန်ဂလိုဆိုတာကိုလည်း ခင်စောမူ ကြည့်လိုက်ချင်သေးသည်။

စားသောက်ဆိုင်ကလေးတစ်ဆိုင်မှာ ကားရပ်လိုက်သည်။ ဆိုင်ထဲက လူတွေက အကြည့်ရဲလွန်းကြတာကို ခင်စောမူ သတိထားမိပါ၏။

* * *

ဘန်ဂလိုဆိုတာကို ရောက်တော့ ခင်စောမူ အကြီးအကျယ် စိတ်မဆောတ် ကျသွားပါ၏။ မြို့စွန်မြို့ဖျားမှာ ခြံမရှိ၊ စည်းမရှိ ခပ်ယိုင်ယိုင် ခြေတံရှည်

သစ်သားအိမ်ကြီးတစ်လုံး။ ခပ်လှမ်းလှမ်းမှာတော့ တဲအိမ်ကလေးတစ်လုံးရှိသည်။ လူတွေ နေကြပုံတော့ ပေါ်ပါ၏။

"ဟိုတုန်းကတော့ သမုန်းကျင်းက သည်နားရွာတွေထဲမှာ မြို့ဆိုတော့ ကျွန်တော်တို့ကုမ္ပဏီက ရုံးစိုက်ခဲ့ကြတာပဲ မခင်စောမူ...သည်နောက်ပိုင်းတော့ သမုန်းကျင်းက အတော်ကို ခြောက်ခန်းသွားတော့ တာ...ထားပါတော့လေ...သည်မြေတွေက 'ကုမ္ပဏီပိုင်မြေပဲ... ဟိုဘက်အိမ်က ခြံစောင့်အိမ်...မိသားစုတွေ ရှိကြပါတယ်... ကျွန်တော့်အစီအစဉ်က သည်လို...။ ဘန်ဂလိုမှာက ရေမီး ပြည့်စုံတယ်...နေရာကလည်း အေးဆေးတယ်...မခင်စောမူအတွက် စားရေးသောက်တာလည်း စီစဉ်ပေးနိုင်တာမို့ သည်မှာ တည်းခိုဖို့ အားလုံးပြင်ဆင်ထား..."

"ဟိုအိမ်မှာနေရတာ ကျွန်မမှာ ကြီးကြီးမားမား ပြဿနာတော့ မရှိပါဘူး ကိုမင်းအောင်မြင့်ရယ်...မြို့ထဲဆိုတော့ နေရထိုင်ရတာလည်း အဆင်ပြေပါတယ်...ခက်တာက ကျွန်မ ခြင်ထောင်တစ်လုံးယူ... စောင်ပါးနှစ်ထည်လောက်ရယ်...ပြီးတော့ ခေါင်းအုံးပါးပါးတစ်လုံးရယ် လိုချင်တယ်...ကျွန်မ ဝယ်ပါ့မယ်..."

ခင်စောမူက ဘန်ဂလိုမှာ မနေချင်ကြောင်း ပြောမနေတော့ဘဲ လိုအပ်ချက်ကိုသာ ရောက်လွယ်အောင် ပြောလိုက်သည်။ မနေ့ညက ဒုက္ခတွေ မပြောချင်တော့။ ခမျာများက တောင်းပန်နေတာကတစ်ကြောင်း၊ သူတို့ဒုက္ခ ပြောတာကတစ်ကြောင်း သိလိုက်ရတော့ ကိုယ့်အခက်အခဲကို စားမြို့မပြန်ချင်ပြီ။ လောလောဆယ် လိုအပ်တာတော့ ဝယ်မှဖြစ်မည်။ ညက ခြင်ကိုက်လိုက်တာများ လူပါ ချိုသွားကြလေမလား မှတ်ရပါ၏။ ခင်စောမူတစ်ကိုယ်လုံး ခြင်ကိုက်ရာတွေ ပိန်းပိန်းထနေခဲ့သည်။ အိပ်ချင်လွန်းလို့သာ အိပ်ပျော်သွားခဲ့ရတာ မဟုတ်လား။ ကိုမင်းအောင်မြင့်နှင့် ခင်စောမူတို့ အခုအခြေအနေ ရောင်နှိုင်းကိစ္စ မပြောဖြစ်ကြသေး။ စာရင်းတွေက ဘယ်လောက်များသလဲ။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်များ ဆိုးဆိုးရွားရွားဖြစ်နေသလဲ။ ဒါကိုလည်း ခင်စောမူ မသိ။ စာရင်းစစ်ရန် ရောက်လာရသော်လည်း ခြင်ထောင်၊ စောင်၊ ခေါင်းအုံး ကိစ္စကို ရှေ့တန်းတင်နေရပြီ။

"ကျွန်တော်တို့ပဲ ဝယ်ပေးပါရစေ...မခင်စောမူ ပြန်တော့လည်း ရုံးမှာ သုံးရတာပါပဲ...နောင်မှာ ဧည့်သည်တွေလာတော့လည်း အဆင်ပြေတာပေါ့...ဝယ်ရအောင်လေ...သမုန်းကျင်းမှာတော့ အဲသလိုဆိုင် မရှိလောက်ဘူး...သမုန်းကျင်းနဲ့ ဆယ်မိုင်လောက်ဝေးတဲ့ ကျောက်တန်းမှာ ဝယ်ရမှာ...အဲသည်ဘက်မှာ ရွှေထွက်တော့ ဈေးဆိုင်တွေ အများကြီး လာဖွင့်ကြတယ်...လိုချင်တာ အကုန်ရတယ်"

"ဆယ်မိုင်လောက်တောင်လား...အားနာစရာရှင်...ရှိပါစေတော့"

"ကားနဲ့ပဲဗျာ...ရပါတယ်...အားမနာရပါဘူး"

ကိုမင်းအောင်မြင့်က ခြံစောင့်ကို လှမ်းခေါ်ကာ ခင်စောမူနှင့် မိတ်ဆက်ပေးခဲ့သည်။ လူက အသားညိုညို၊ မျက်နှာပြားပြား၊ သဘောကောင်းပုံရသည့် ရုပ်ရည်လက္ခဏာမျိုး ဖြစ်၏။

"သူက ကိုပုတဲ့ မခင်စောမူ...ကုမ္ပဏီဝန်ထမ်း ဆိုပါတော့...သူက မိသားစုနဲ့ သည်မှာပဲနေတယ်...မခင်စောမူ သမုန်းကျင်းမှာ နေသမျှ ပတ်လုံး သူ ကူညီပါလိမ့်မယ်...သူ့ဇနီး မဌေးက ဟင်းချက်သိပ်ကောင်းတာ...အညာသူလေ...မခင်စောမူ စားဖို့သောက်ဖို့ သူတို့စီစဉ်ပေးမှာပါ"

သမုန်းကျင်းကို ရောက်လို့ တစ်ညအိပ်ပြီးကာမှ စားရသော အစားအသောက်ဆိုသော်လည်း ခင်စောမူ သဘောတွေ့ခဲ့ပါ၏။ စောစောကဆိုင်မှ ထမင်းသုပ်တစ်ပွဲ မှာစားတော့ ငရုတ်သီးကြော်၊ ပဲငါးပိခြောက်နဲ့ မွှေးမွှေးဆိုတော့ ခံတွင်းအလိုက်သား။ မြို့မကျ တောမကျ လက်ဖက်ရည်ဆိုင်ဆိုသော်လည်း လက်ဖက်ရည်က မဆိုးပါ။ မုန့်တွေကလည်း ကောင်းသည်။ ငှက်ပျောသီးနှင့် ကျဲကို နဲ့ထားပြီး ကြော်ထားသော် ငှက်ပျောသီးကျဲလုံးကြော်က ကောင်းလှ

သည်။ သည်ပုံအတိုင်းဆိုလျှင်တော့ အစားအသောက်အတွက် အဆင်မပြေလောက်ပါ၏။

"အို...သည်ကနေ လှမ်းပြီးစီစဉ်ပေးရမှာ ဒုက္ခများလှပါတယ်ရှင်...ကျွန်မ ဝယ်စားလို့ ရပါတယ်"

"ဒါကိုတော့ မခင်စောမူ လက်ခံရလိမ့်မယ်ဗျ...ကိုပုတို့က ဧည့်သည်လာမှာဆိုပြီး ဝယ်ခြမ်းထားကြပြီးပြီ...သည်မှာ မတည်းတာကိုပဲ စိတ်မကောင်းဖြစ်နေကြတာ"

"ဘာမှအားမနာနဲ့ အစ်မလေး...ကျွန်တော့်မိန်းမ မဌေးက သမုန်းကျင်း တစ်မြို့လုံး ပတ်နေတာ...ဈေးရောင်းတာလေ...။ အာ...လမ်းသွားကလည်း တအားမြန်တာ...ကျွန်တော် သူ့ခြေ မလိုက်နိုင်ဘူးရယ်...အခုလည်း ဈေးရောင်းထွက်သွားတာ"

ကိုပု စကားသံကတော့ ခပ်ဝဲဝဲ။ ကိုပုကို နှုတ်ဆက်ပြီး မူလအစီအစဉ်ဖြစ်သည့် သမုန်းကျင်းမြို့ဟောင်းကို တစ်ပတ်ပတ်ကြည့်ကြသည်။ မြို့ကို ချုံခွေစီးဆင်းနေသော ချောင်းကလေးတစ်ချောင်း ရှိသော်လည်း ရေကမ်းလွှမ်းလှသည်။ ကျွန်းပေါ်သည့်နေရာတွေမှာ ပေါနေသည့်အပြင် ရေကသည်ဆိုရုံကလေး။ တချို့နေရာက ကျဉ်းသလောက် ကျယ်သည့်နေရာက ကျယ်သည်။ သစ်ပင်တွေကလည်း အလှစိုက်အပင်ရယ်လို့ သိပ်မရှိ။ သဘာဝအလျောက် ပေါက်ချင်သည့်အပင်က ပေါက်ချင်သလို ပေါက်နေကြတာမျိုး ဖြစ်၏။ မြို့ကွက်က မလှပါ။ အိမ်တွေက ဆောက်ချင်သလို ဆောက်ထားကြ၍ တချို့အိမ်တွေက ဝင်းရယ် စည်းရယ်မရှိ။ လမ်းပေါ်မှာ ငေါရောကြီး ထွက်နေသည့်အိမ်တွေပင် ရှိသည်။ လမ်းတွေက အကောက်အကွေ့များသည်။ ငှက်ပျောပင်တွေ အစိုက်များကြသကဲ့သို့ အခြား သီးပင်စားပင်တွေလည်း ရှိပါ၏။

"သည်နေရာတွေက အေးချမ်းရဲ့လား ကိုမင်းအောင်မြင့်"

"ဘာကိုပြောတာလဲ...လုံခြုံရေးလား..."

www.burmeseclassic.com

www.burmeseclassic.com

ခင်စောမူက ခေါင်းညိတ်ပြသည်။ ကိုမင်းအောင်မြင့်က စိတ်ချရကြောင်း၊ ရဲကောင်းထပ်တစ်တပ် သစ်တောခြေမှာ ချထားကြောင်း ပြောပြသည်။ မြို့ခံတွေကတော့ ဖော်ရွေကြသည်လည်းမဟုတ်၊ ရန်လိုကြတာမျိုးလည်း မရှိဘဲ နေတတ်သလို နေကြကြောင်း၊ ရှေးက ဘုရားပြို့၊ ဘုရားပျက်တွေ များသည့် အပြင် ဒဏ္ဍာရီဇာတ်လမ်းတွေကို မြိန်ရေရှက်ရေ ပြောတတ်ကြသည့်အကြောင်း၊ သမုန်းကျင်း ရေမြေသဘာဝက ထူးဆန်းလို့လားတော့မသိ လူတွေကို ကြည့်လိုက်လျှင် လည်ပင်းရှည်ရှည် မျက်နှာရှည်ရှည်တွေများကြောင်း ပြောပြနေသည်။ ဒေါ်ခင်မေသီကကော သမုန်းကျင်းသူလား။ မျက်နှာတော့ ရှည်သည်မထင်ရပါ။ မြန်မာထက်စာလျှင် ဥရောပဆန်သည့် ရုပ်ရည်ဆိုတာတော့ သိသာပါ၏။

ကျောက်တန်းကို ဆယ်မိုင်လောက်သာ ဝေးသည်ဆိုသော်လည်း ကားက ကဆုန်ပေါက်သွားနေရသည်။ ရုံးကားကလေးခမျာ ညစ်ရုန်းရရှာသည်။ ခင်စောမူက သူ့ဘက်က ကြေးများရာမျှား ကျနေရောသလား စဉ်းစားကြည့်ရသေးသည်။ ဘန်ဂလိုမှာ ပြင်ဆင်ထားသော စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတွေ လည်း ရှိနိုင်ဖွယ်ပဲ မဟုတ်လား။ သို့သော် စည်တကာတို့ သုံးပြီးသားများ ဖြစ်ဖို့ ရှားပါ၏။ မတတ်နိုင်ပါ။ တစ်ပတ်လောက်တော့ နေရမှာ သေချာနေပြီ။ ကျောက်တန်းကိုရောက်တော့ မွန်းတည့်လုပြီ။ ဈေးဆိုင်ခန်းတွေ အများသား။ ခင်စောမူက လိုအပ်မည်ထင်သည့် ပစ္စည်းများကို ရေသန့်ဘူးကအစ မုန့်ပဲသရေစာလိုမျိုးအထိ ဝယ်လိုက်သည်။ ခင်စောမူတို့က တော်တော်များများ ဝယ်ကြတာဆိုတော့ ဈေးဆိုင်က လက်ဖက်ရည်၊ မုန့်များနှင့်ပင် စည်ခံနေလိုက်သေး၏။ ကျောက်တန်းက ရွှေမှော်ကို သွားရာလမ်းကျတော့ ဝပ်ရှော့တွေ၊ တွင်ခံတွေပါရှိသဖြင့် ကိုမင်းအောင်မြင့် တပည့်လေးကို ဝပ်ရှော့သွားပြီး သေချာအောင် ကားသွားစစ်ခိုင်းလိုက်သည်။

"အစ်မက သမုန်းကျင်းမှာ တည်းတာလား...သမုန်းကျင်းက ဟိုတုန်းက မြို့ဆိုကြီးလို့ ပြောကြတယ်...ကျွန်မတို့ ဘိုးဘွားများ ပြောတာ ကြားဖူးတာပါ...အစိမ်းအမှင် ပေါ်တဲ့နေရာတွေပေါ့ရှင့်...ခေါစာ

ခေါပတောင်း ပစ်လို့မလောက်နိုင်ဘူး ဆိုတဲ့နေရာတွေလို့ လူကြီးတွေ ပြောကြတာပဲ...အခုတော့ မကြားရတော့ပါဘူး"

ဆိုင်ရှင်မိန်းမ ပြောတာကပင် ကြော်ကြော်စရာ။ မြို့ဆိုးဆိုတာ သရဲခြောက်နေတဲ့ နေရာလားပေါ့။ တစ္ဆေသရဲတွေ ပျော်ပါးရာလို့ ပြောချင်တာလား။ ကြားဖူးသော်လည်း ခင်စောမူ သေသေချာချာတော့မသိ။ ကျတော့ကော လူယောင်မိန်းဆင်းနိုင်ကြသည် ဆိုတာကလည်း ငယ်ငယ်ကတော့ ကြားဖူးသည်။ ခေတ်စားလာတွေလည်း ပြောင်းခဲ့ပြီ။ မနီးမဝေးက သစ်တောကြီးမှာ သစ်စခန်းတွေ၊ သစ်ကွက်တွေချကာ သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေ စည်ပင်လာခဲ့ပြီ။ ကျောင်းတွေ၊ ရုံးတွေ ရှိနေပြီ။ တစ်ခါက ရှိခဲ့ကြသည်ဆိုသော ကျတ်များပင် နိစ္စရာရှိနိုင်တော့။ ပြီးတော့ ခင်စောမူ ဒါတွေကို အယုံအကြည်လည်း မရှိ။ ပစ္စည်းတစ်ယောက်ယောက် ဝယ်ခြမ်းပြီးတော့ ထမင်းဆိုင်မှာ ထမင်းစားကြရင်း လုပ်ငန်းကိစ္စ ညှိကြပြီး

"ကျွန်တော် စာအုပ်တွေ၊ လယ်ကျာတွေ၊ ပြေစာတွေ၊ ငွေပေးငွေတောမှတ်တမ်းတွေ အသင့်လုပ်ထားပါတယ်...ကျွန်တော်တို့ကား ငွေရေးလို့ များများလက်ခံ ကိုင်တွယ်ရတာ မရှိပါဘူး...ထုတ်လုပ်ရေးဆိုတော့ ဘဏ်ကိစ္စ နည်းတယ်"

"ဘဏ်ငွေလွှဲတာတို့...အထွေထွေအသုံးစရိတ်တို့ကျတော့ ဘယ်သွားလုပ်ကြရသလဲ"

"မြို့ကြီးကို သွားကြရတယ်...မြို့ကြီးသွားရင် နေကုန်တာပဲ"

ငွေလက်ကျန်၊ ဆီလက်ကျန်၊ ပစ္စည်းလက်ကျန်တွေကအစ စခန်းမှာလိုတာ၊ ပိုတာတွေအထိ အသေးစိတ် လိုက်ရမှာဖြစ်လို့ တစ်ရက်တော့ စခန်းကို ရောက်အောင်သွားဖို့လည်း ညှိကြရ၏။ နေ့ချင်းပြန်ပေါ့။ လိုအပ်တာလည်း စခန်းမှာ တစ်ညတည်းရှိပေါ့။ ခင်စောမူ ခေါင်းပေါ့သွားခဲ့ပါ၏။ ကိစ္စတိုင်တွေပြီးတော့ ဒေါ်ခင်မေသို့အိမ်ကို ပြန်ခဲ့ကြသည်။ ဝယ်ခြမ်းလာသော ပစ္စည်းတွေကို သယ်ကာ အိမ်ပေါ်တက်ခဲ့ကြသည်။ ကိုမင်းအောင်မြင့်နှင့် ခင်စောမူတို့ အိမ်ပေါ်ရောက်တော့ ဒေါ်ခင်မေသီ ရှိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်မေသီက ခေါင်းလျှော်ထားပုံရ၏။ တိုနံ့.နံ့.ဆပ်ကို ဝါးဘီးကလေးတစ်ချောင်းနှင့် ရှုရှုကလေး ဖြီးသင်နေလေသည်။ သနပ်ခါးရေကျဲလူးထားပြီး လက်ပြတ် ဘလောက်စ်အင်္ကျီ ခါးရှည်ကို ဝတ်ထားပါ၏။ အင်္ကျီက စပန့်သားလို အသားဖြစ်၍ ရောင်စုံအပွင့်ကြီးတွေက အရောင်မှိန်လှလေပြီ။ သည်မြို့ကလေးမှာတော့ ခေတ်ဆန်လှသူဟု ဆိုနိုင်ပါ၏။

"ကျွန်မရဲ့ကက အရာရှိ ဦးမင်းအောင်မြင့်ပါ အမေသီ...မနေ့ညက ကားပျက်လို့ အကုန်လွှဲကုန်တာ အခုမှသိရတယ်...မနက်က အမေသီ မရှိပါလား..."

သည်အိမ်မှာ ဆက်နေရဦးမှာဆိုတော့ ခင်စောမူက ဒေါ်ခင်မေသီကို အေးစုခေါ်သလို 'အမေသီ' လို့ပဲ ခေါ်လိုက်ပါ၏။ ဒေါ်ခင်မေသီက မျက်လုံးကို ဝင့်ကာ ဝင့်ကာ ဟန်လုပ်နေသည့် အမူအရာဖြင့် ကိုမင်းအောင်မြင့်ကို အကဲခတ်နေရာမှ ခင်စောမူကို ပြန်ကြည့်သည်။

"ဟုတ်ပါရဲ့...လူနာတစ်ယောက် လိုက်ကြည့်ပေးတာပါ...လာခေါ်ကတည်းက သိပါတယ်...လာခေါ်တဲ့ မိန်းမမျက်နှာကို ကြည့်ကတည်းက သိနေတာ...စိတ်ကျေနပ်အောင် လိုက်တော့သွားလိုက်ပါတယ်...တောထဲမှာ မှားခဲ့တာပါ...မရတော့ပါဘူး...သူတို့ လက်ဦးသွားပြီ..."

"ဘယ်သူက လက်ဦးသွားတာလဲ အစ်မ..."

ကိုမင်းအောင်မြင့်က ဘုမသိ ဘမသိ ပြန်မေးလိုက်ခြင်း ဖြစ်၏။ ခင်စောမူ မရယ်မပြုံး အချင်းချင်းနားလည်သော မျက်လုံးများဖြင့်သာ ပြန်ကြည့်လိုက်သည်။ အလကားပါ...ဂိုက်ခံနေတာပါလို့ ပြောချင်တာဖြစ်၏။ ဒါပါပဲ။ ဒေါ်ခင်မေသီက ထိုကိစ္စ မပြောတော့။ ခင်စောမူ၏ နေရေးထိုင်ရေးကိစ္စကို မေးသည်။ ခင်စောမူက လာရင်းအကြောင်းနှင့် စခန်းမှာ လိုက်မနေတော့ဘဲ သည်အိမ်မှာပဲ တည်းချင်ကြောင်း ပြောပြသည်။ ဒေါ်ခင်မေသီက နေနိုင်ကြောင်း ခွင့်ပြုရင်း ခင်စောမူ ဝယ်လာသည့် စောင်တွေ၊ ခြင်ထောင်တွေ မြင်လိုက်တော့ မျက်နှာတစ်ချက် ပျက်သွားခဲ့သည်။

"သည်မှာလည်း ရှိလျက်သားနဲ့ မခင်စောမူရယ်..."

"အားနာလို့ပါရှင်...ပြီးတော့ ကျွန်မက ခေါင်းအုံးမြင့်ရင် ခေါင်းကိုက်တတ်လို့ပါ...ခြင်ထောင်နဲ့ စောင်က ဦးမင်းအောင်မြင့်တို့ ဝယ်လာလို့ လက်ခံလိုက်ရတာပါရှင်"

ခင်စောမူက ဖြောင့်လိမ်လိုက်ရပါ၏။ ကိုမင်းအောင်မြင့်ကလည်း ဆောင့်ရောက်ပေးဖို့တွေ ပြောနေခဲ့သည်။ ဒေါ်ခင်မေသီက သမုန်းကျင်းရောက်ထာလျှင် မဲ့.တစ်ပေါက် မစွန်းစေရ။ စောင့်ရောက်နိုင်ကြောင်းက စ,ကား ဆူးဟောင်းနှောင်းဖြစ်တွေ မဆုံးနိုင်အောင် ပြောနေတော့သည်။ ခင်စောမူက စကားစ ဖြတ်ချင်လှပြီ။ ရေချိုးချင်လှပြီ။ ကိုမင်းအောင်မြင့်ကိုလည်း ပြန်လွှတ်ချင်ပြီ။ သူ့ခမျာ ပြန်ဂဠီးမှာ ဝေးသေးသည်။ ဒေါ်ခင်မေသို့စကားတွေကို ကိုမင်းအောင်မြင့်က စိတ်ဝင်စားနေတော့ ခက်သားပင်။

"ပယောဂဝင်နေတဲ့ ယောကျ်ား မိန်းမများဟာ မျက်နှာတို့ မျက်စိတို့ကြည့်ရင် လည်ပြီး လဲနေတာ ဆရာရဲ့...မျက်လုံးမငြိမ် ခေါင်းမငြိမ်နဲ့ လူးလူးလဲလဲ ဖြစ်နေတတ်တယ်...ပယောဂရှိသူက ကျော်လွှားတာမှန်သမျှ ဥပဒါဖြစ်တော့တာပဲ...မျက်စောင်းတချို့ထိုး လက်ညှိုးတထိုးထိုးနဲ့...မျက်တောင်ကို နာရီနဲ့.ချိပြီး မခုတ်ဘဲ စားကုတ်တယ်...ငိုလိုက် ရယ်လိုက် လုပ်တာမျိုးလည်း ရှိတာပေါ့ ဆရာရယ်...ဒါက သာမန်မြင်ရတာတွေပေါ့လေ...ကျွန်မတို့ကျတော့ မြင်ရင် သိပြီ..."

စကား ခဏပြတ်တုန်း ကိုမင်းအောင်မြင့်ကို ပြန်လွှတ်ရသည်။ ဒေါ်ခင်မေသီက သိပ်ကြီး သဘောတွေ့ပုံတော့ မရ။ ကိုမင်းအောင်မြင့်နှင့် ညာခန်းတွေ ပြောချင်သေးပုံရပါ၏။ ခင်စောမူက ဒါတွေ စိတ်ပါဝင်စားစရာတော်တာရော ဟုတ်တာရော ရောမွှေကာ သူမကိုယ်သူမ ဟိတ်ကြီးအောင် လုပ်နေမှန်း သိနေလို့ ဖြစ်ပါ၏။ ကိုမင်းအောင်မြင့်ကို လမ်းပေါ်ရောက်သွားသည့်ကားဆီ ပြန်ပို့ရင်း "ကြားတဲ့အတိုင်းပဲ စိတ်တော့ညစ်စရာပေါ့" လို့

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်ရသည်။ ကိုမင်းအောင်မြင့်တို့ ဆရာတပည့် နှုတ်ဆက်ပြီး ပြန်ကြပြီ။ မနက်ဖြန်မနက် ဆယ်နာရီ အရောက်လာမည်ဆို၏။

အိမ်ပေါ်ရောက်တော့ ဒေါ်ခင်မေသီက ထိုင်တုန်း...။ မျက်နှာက ပြုံးရိပြုံးရောင်...။ ခင်စောမူက အခန်းတွင်းဝင်ကာ အဝတ်အစားလဲသည်။ ရင်ရှား၊ တာဘက် တစ်ထည်ခြုံပြီး ရေချိုးဖို့ ပြင်ရပါ၏။ အိမ်ပေါ်မှာ မချိုးဘဲ အောက်ထပ် အုတ်ရေကန်မှာ သွားချိုးခြင်းဖြစ်၏။ ရေကလည်း အေးလိုက်တာ စိမ့်လို့။ နောက်ရက်တွေမှာ ဓာတ်ဘူးထဲ ရေနွေးထည့်ထားပြီး ရေနွေးနှင့် စပ်ချိုးရမည်။ အိမ်အပေါ်ထပ်ဆီက ကျွဲကွဲသံတစ်ချက် ကြားလိုက်ပြီး ငြိမ်သက် သွားတာကို သတိထားမိလိုက်၏။ အေးစက်ပို့ မမြင်။ တစ်ဖက်ဆိုင်က မိန်းကလေး လည်း ပေါ်မလာ။ ခင်စောမူ ကပျာကသီ ရေချိုးပြီး တက်လာခဲ့သည်။ အဝတ် အစားလဲ သနပ်ခါးကလေးပွတ်ပြီး ပြန်အထွက် ဒေါ်ခင်မေသီက စကားတစ်ခွန်း လှမ်းမြောသည်။

"မခင်စောမူ...အိပ်ခန်းထဲ အိပ်ပါလား...ရောဂါသည်မကို အပြင် ထုတ်လိုက်မယ်လေ..."

အပြင်ဆိုတာ လောလောဆယ် ညတုန်းက ခင်စောမူ အိပ်ခဲ့သည့် အခန်းကို ပြောခြင်းဖြစ်သည်။ ထိုစဉ်မှာပင်...။

"ညည်းပါးစပ် ပိတ်လိုက်စမ်း ခင်မေသီ...ငါက ရောဂါသည်မ မဟုတ်ဘူး...ညည်းက ရောဂါသည်မ...အပင်းကျမ...ဇော်ဂနီမ... ဇော်ဂနက်မ...ကဝေမ..."

ရောဂါရှင်မိန်းကလေးက မျက်လုံးပြူးကာ ဒေါ်ခင်မေသီကို အော် လိုက်ခြင်းဖြစ်၏။ ဒေါ်ခင်မေသီမျက်လုံးတွေထဲက အခိုးတွေ လျှံထွက်လာခဲ့ လေသည်။

■

(၄)

မျက်လုံးတွေထဲက အခိုးအလျှံတွေ ထွက်သည်ဆိုသော စကားကို ခင်စောမူ စကားအဖြစ်သာ ကြားဖူးခဲ့သည်။ ဒေါသဖြစ်ခြင်း၊ မာန်ဆောင်ခြင်း၊ ဒေါသအမျက်ကြီးခြင်း၊ မာနကို ထိပါးခြင်း စသော အခိုက်အခါမျိုးတွင် မျက်လုံးက မီးဝင်းဝင်းတောက်သွားတယ်ဆိုတာမျိုး၊ ဒေါသအမျက်အခိုး ချောင်း ချောင်းထွက်တယ်ဆိုတာမျိုး၊ မျက်စောင်းတစ်ချက် လောင်မီးထွက်ဆိုသည့် အသုံးမျိုးကို ဥပမာအားဖြင့် သုံးတတ်ကြသည်။ လူမမာ မိန်းကလေးက ကက်ကက်လန့်အောင် နှုတ်ခမ်းတလန့် ပန်းတလန့် ရန်တွေ့ခြင်း ခံလိုက်ရသည့် ဘဒင်တွင် ဒေါ်ခင်မေသီ၏ မျက်လုံးတွေထဲက အခိုးတွေ ထွက်လာတာ မြင်လိုက် ရသည်ဟု ခင်စောမူ ပြောရတော့မည်။ အင်္ဂေတွေ အမွှေးတိုင်က ထွက်သလို ထွက်နေကြတာတော့ မဟုတ်။ သို့သော် ဒေါ်ခင်မေသီ လှမ်းကြည့်လိုက်သော ဒေါသမျက်လုံးတွေမှာတော့ နဂါးသာဆိုလျှင် ပြာပင်ကျသွား နိုင်လောက် တာတော့ အမှန်ပင်။

ထိုတဒင်္ဂသည် ဆိုးရွားသော နောက်ဆက်တွဲပြဿနာတွေ တစ်တန်းကြီး ထွက်ပေါ်လာနိုင်သော တဒင်္ဂမျိုးပင်။ ခင်စောမူပင် ကြောင်ခြောင် ကြီး ရပ်နေခဲ့၏။ ကြားထဲက အားနာသလိုလိုလည်း ခံစားနေရသည်။ လူနာ

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးက မထူးတော့ဘူး၊ နူတ်နဲ့ကြမ်းပြီးရင် လူနဲ့ကြမ်းတော့မယ် ဆိုသည့်ပုံဖြင့် ခါးထောက်ပြီး စူးစူးဝါးဝါးကြီး ကြည့်နေတာကိုလည်း မြင်နေရပါ၏။ နှင့်နှင့်သီးသီး ထပ်ပြောတာမျိုးတော့ မရှိ။ စကားကုန်သွားတာပဲလား၊ လုံလောက်သွားလို့ပဲလားတော့ မပြောတတ်ပါ။ ခင်စောမူက အခြေအနေကို အကဲခတ်နေရုံသာဖြစ်၍ နှစ်ဖက်စလုံး အလွန်အကျွံ ဖြစ်မလာပါစေနှင့်လို့သာ ဆုတောင်းနေမိသည်။ နှစ်ယောက်ရန်ပွဲကြားမှာ ခင်စောမူ ရှိနေရပြီ။ စာရင်းစစ်ရန် ရောက်လာသူက လူစာရင်းရှင်းတာကို ဖြေရှင်းရတော့မှာပါလား။

အလွန်ထူးဆန်းသောအဖြစ်ပင်။ ခေါ်ခင်မေသီ၏ မျက်လုံးများက စူးစူးရဲရဲ ကြည့်နေရာက အရောင်တွေ လျော့ကျလာခဲ့သည်။ ဒေါသအငွေ့တွေ လေနှင့်အတူ ပါကုန်ကြသလို တဖြည်းဖြည်း ဝေကုန်ကြလေပြီ။ လူနာမိန်းကလေးကို ကြည့်နေရာက ခင်စောမူဘက်ကို လှမ်းကြည့်ပြီး တစ်ချက်ပြုံးပြသည်။ အဲဒါသာဖြည့်တော့ မခင်စောမူရေ...ဆိုသည့် မျက်နှာပေးဖြင့် ပြုံးလိုက်ခြင်း ဖြစ်၏။ လူနာမိန်းကလေးကတော့ ဒေါသ မောင်းတင်ထားရာက ဒေါသကို ဒေါသချင်း ပြေးဆောင့်ရန် စိတ်ကူးထားသူဖြစ်ရာ တစ်ဖက်က ဘာမှတုံ့ပြန်မလှုပ်တာကို နားမလည်နိုင်သလို ဖြစ်သွားတာကိုလည်း ခင်စောမူ သတိထားမိသည်။

"ညည်း ဘယ့်နယ်ဖြစ်နေတာတုံး ဒန်းပွင့်ရယ်...ဖြစ်ရလေ...ညည်းကို ငါက အိမ်ပေါ်တင် ထမင်းကျွေးပြီး ဆေးဝါးကုသပေးနေတာ မဟုတ်ဘူးလား...ညည်းတို့ဆီက လွန်လွန်မင်းမင်း တောင်းခံစားသောက်နေတာ ဘာရှိလို့တုံး...တခြား ကျေးဇူးမထောက်ပါနဲ့ အိမ်ပေါ်တင်ပြီး စောင့်ရှောက်ထားတဲ့ ကျေးဇူးကိုပဲ ထောက်ပါအေ...ရောဂါပျောက်တာ ညည်းကိစ္စ...မပျောက်တာလည်း ညည်းကိစ္စ...အချိန်တန် ညည်းရွာညည်း ပြန်မှာပဲဟာ...ဘယ့်နယ် ငါ့ကို ရန်လုပ်နေတာတုံး..."

လူနာမိန်းမကလေးက မဒန်းပွင့်...တဲ့။ တောဆန်သည့် နာမည်ကလေးက ကြားရစာနှင့်ပင် ရိုးသားကြည်စင်လှသည်ဟု ခင်စောမူ ခံစား

နေမိသည်။ ခင်စောမူက အမာကို အပျော့နှင့် ရင်ဆိုင်လိုက်သော ခေါ်ခင်မေသီ၏ အမူအရာနှင့် ဆုံးဖြတ်ချက်ကို ကျေနပ်သွားခဲ့သည်။ ခေါ်ခင်မေသီသာ ဝရုန်းသုန်းကား လုပ်လိုက်လျှင် အရုပ်ဆိုး အကျည်းတန်လိုက်မည်ဖြစ်ချင်း။ လူနာမိန်းကလေးက ခါးထောက်မပျက်။ သည်တစ်ခါတော့ ရှင်းလည်းရှင်းချေး၊ သည်အိမ်ကြီးက ထွက်လည်းထွက်တော့မည်ဟု ပိုင်းဖြတ်ထားပုံရသည်။ နောက်ထပ် ထိုးနှက်တိုက်ခိုက်ရန် အသင့်အနေအထားနှင့် ရှိနေဆဲပင်။ ခင်စောမူ စာ သည်အခြေအနေကို ပျော့ပျောင်းသွားရန် သူဝင်မှ ဖြစ်တော့မည်ဟု ထွေးလိုက်သည်။

"ဒန်းပွင့်...ငါ့ညီမ သတိထားမှပေါ့ကွယ်...ငါ့ညီမမှာ စိတ်တွေ ပူပန်နေပုံရတယ်...အေးအေးဆေးဆေး ပြောရင်လည်း ဖြစ်ပါတယ်...စိတ်ရှိတိုင်း မပြောရဘူး...ကဲ ကဲ...အထဲဝင်တော့နော်..."

ဒန်းပွင့်က ခါးထောက်ရာက လက်နှစ်ဖက်ကို အရုပ်ကြီးပြတ် လျှော့ချလိုက်သည်။ ခေါ်ခင်မေသီက လူနာ မဒန်းပွင့်ကို ပြုံးကြည့်နေရာက ဆက်တိမှာသွားထိုင်သည်။ သူလည်း အမျက်ဒေါသကို မဆန့်ရင်ကန် သိမ်းလိုက်ရသလို အရုပ်ကြိုးပြတ် ကျသွားတာပါပဲ။ ခင်စောမူကိုယ်တိုင်လည်း သက်ပြင်းချမိသွားတာတော့ သတိထားခဲ့သည်။ ဒန်းပွင့်က အခန်းထဲ ပြန်ဝင်သွားပြီး ငိုနေခဲ့ပုံရသည်။ ငိုသံသဲ့သဲ့ ထွက်လာသည်။ ခင်စောမူက ပြေရာပြေကြောင်း ပြောနေရပါ၏။ လေသံကိုတော့ တိုးတိုးလျှော့ချလိုက်ရသည်။

"သူလည်း မှားမှန်းသိပုံရပါတယ်...သည်ကလေးမက ရောဂါကြီးလို့လား အမေသေ...သူကလည်း သူ့ကိုယ်သူ ရောဂါမရှိဘူးလို့ ထင်နေပုံ ရနေသလားမှ မသိတာ..."

"အပ, ပယောဂဆိုတာ မာယာသိပ်များတာ မခင်စောမူရဲ့...ကျွန်မတို့တောင် တစ်ချို့ တစ်ချို့ လည်သွားတတ်လို့ သိပ်သတိထားရတယ်...ပုတီးဖိစိပ်ပြီး မေတ္တာများများပို့ရတာပေါ့...တကယ်တော့ ကျွန်မတို့က ဆေးဝါးပေးပြီး ဆေးကုတာမဟုတ်ဘူး...သူ့ဟာသူ့ကိုယ့်ပညာ ပြိုင်ကြရတာ...လူက ကြားက ဓားစာခံပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ခင်စောမူ စိတ်ခိုင်စားပုံ ပြနေရသည်။ ခေါခင်မေသီ စိတ်လျော့သွားဖို့ကလည်း သည်နည်းပဲ ရှိတာမဟုတ်လား။ ခေါသမာန်ကြီးရာက ဟုတ်ခနဲ ဦးမှကျသွားသော အမူအရာကိုတော့ ခင်စောမူ လက်ဖျားခါမိပါ၏။ အစောပိုင်း တုန်းက လည်ပင်းပဲ ထည့်စ်လိုက်မလား ထင်ရလောက်အောင် မျက်လုံးက အဆွေတွေ ချောင်းချောင်းထွက်နေခဲ့တာ မဟုတ်လား။ "ကျွန်မတို့ တောင် တစ်ချီ တစ်ချီ လည်သွားရတာ" ဆိုတာကတော့ သူမကိုယ်သူမ ဆရာမကြီးလိုလို ဂိုက်နှင့် အပေါစီးက ပြောလိုက်မှန်း သိသာလှသည်။ အတွင်းခန်းထဲက ငိုသံတော့ တိတ်သွားပါ၏။

ဘုတဲပဲဖြစ်ဖြစ်လေ၊ နှစ်ယောက်သား သည်မှာတင် ရပ်သွားတာကိုတော့ ခင်စောမူ ဝမ်းသာရပါသည်။ နို့မို့ ကြားက စိတ်ညစ်နေရဦးမည်။ ဘန်ဂလိုမှာ နေဖြစ်ခဲ့လျှင်တော့ သည်လိုပြဿနာတွေ ကင်းနိုင်မှန်းလည်း သိပါ၏။ ဆိုသော်မြို့နှင့် လှမ်းရုံမက အစောင့်လင်မယားကလည်း ဘန်ဂလိုနှင့် လေးလေးမှာ နေကြတာဆိုတော့ ခင်စောမူတစ်ယောက်တည်း မနေရဲတာ အမှန်ပင်။ အခုတော့ သည်အိမ်ကြီးမှာ နေရတာကပင် စိတ်ဝင်စားစရာတစ်မျိုးတော့ ရှိရသားလို့ အောက်မေ့မိခဲ့ပြီ။ သည်အိမ်မှာ လူနှာတွေ ညဉ့်အိပ်ညဉ့်နေ ဆေးလာကုကြသည်ဆိုပေသိ သည်ရက်တွေထဲမှာ လူရှင်းနေလို့ တော်ပါသေးရဲ့။ နို့မို့ ဘယ်နေလို့ ဘယ်အိပ်ရမှန်းမသိ ဖြစ်ရဦးမည်။

"နေပါဦး မခင်စောမူ...စားရေးသောက်တာအတွက် ဘယ်လိုစီစဉ်သလဲ"

"ကျွန်မတို့ရုံးက ဘန်ဂလိုတစ်လုံးရှိတယ် အမေသီရဲ့...အဲသည်မှာ အစောင့် လင်မယားလည်း ရှိတယ်...ဦးပုနဲ့ ခေါဌေးတဲ့..."

"သြော်...ဈေးလည်ရောင်းတဲ့ မဌေးထင်တယ်"

"ဟုတ်တယ်...မဌေးက ချက်ပြီး လာပို့မယ်လို့ အရာရှိက စီစဉ်ပေးတော့ ကျွန်မလည်း မငြင်းသာဘူး ဖြစ်နေတယ်...မနက်တစ်ခါ ညတစ်ခါ မပို့နဲ့ တစ်ခါတည်း နှစ်နပ်စာ ထည့်ပေးပါလို့ ပြောထားရတယ်...သူ့ခမျာ နှစ်ခေါက်လာနေရမှာစိုးလို့ပါ"

"အလုပ်ရှုပ်လိုက်တာ ငါ့ညီမရယ်...သည်မှာစားလို့ ဖြစ်ပါတယ်...အေးစု ချက်တာပဲ...မနက်စောစော ကျွန်မက မစောတာ များတယ်နော်"

"မစားဘူးလား...ဟုတ်တယ်...ကျွန်မရောက်ကတည်းက ထမင်းစားနေတယ်လို့ သတိမထားမိသေးဘူး"

"ဓာတ်ပြာလျက်ထားရင် အာဟာရပြီးတယ် မခင်စောမူရဲ့..."

ဓာတ်ပြာလျက်ထားရင် မဆာတော့ဘူးလား။ ဓာတ်ပြာတောင် တစ်တို့လောက် တောင်းချင်ပါရဲ့။ ခင်စောမူက ဘာသာတွေးနေခြင်းဖြစ်သည်။ ခေါခင်မေသီက ခင်စောမူမျက်နှာကို ကြည့်ရင်း ပြုံးသည်။

"တစ်ရက်ပေးပါဦးမယ်...ခေတ်ပညာတတ်တွေက လုက်တွေ့မှ ယုံတာ ကျွန်မသိတယ်...ကျွန်မ သည်ပညာတွေကို နဂိုက မယုံထူး...ယုံစရာမှ မရှိဘဲနဲ့...အခုတော့ ဘယ်လိုပြောမလဲ...လူတစ်ယောက်ကို မျက်တောင်မခတ်နဲ့ လို့ပြောရင် မခတ်အောင်လုပ်နိုင်ပြီ"

ခင်စောမူက မျက်တောင် တစ်ချက် နှစ်ချက် ပုတ်ကြည့်ရသေးသည်။ သူ့ကိုများ လုပ်ထားလိုက်ပြီလားထင်၍ ဖြစ်သည်။ ထူးဆန်းတာက ခင်စောမူ ခပ်နှိမ်နှိမ် တွေးတာကို ခေါခင်မေသီ ဘယ်လိုများ သိတာမျှလိမ့်။ ခေါခင်မေသီကတော့ ဒါမျိုးတွေ ရိုးနေပေါ့ ဆိုသည့်ပုံ။ မျက်နှာက စောစောတုန်းကလို ခွိုင်းရိပ်ရိဝေ မဟုတ်တော့။ ကြည်ကြည်လင်လင် ဖြစ်နေပြီ။ သည်အရွယ်က လူတွေက မျက်နှာကျည်ကြတယ်။ လည်ပင်းကျည်ကြတယ်ဆိုတာ ကြားထားလို့ ခေါခင်မေသီမျက်နှာကို စိုက်ကြည့်နေမိသည်။ ဥရောပဆန်ဆန် မျက်နှာပေါက်ဆိုတော့ လည်ပင်းကတော့ ထောင်ထောင်ဇေါက်ဇေါက် ရှိပါ့အံ့။ မျက်နှာကကော...။ ဟုတ်ပါရဲ့ ရှည်သလိုလို။ စိတ်ထင်လို့များလား...။ ပြောသူက သမုန်းကျင်းက လူတွေ မျက်နှာကျည်ကြသည်လို့သာ ပြောခြင်းဖြစ်ရာ ခေါခင်မေသီစာ သမုန်းကျင်းသူ ဟုတ်ချင်မှဟုတ်မည်။ ဘယ်မြို့ ဘယ်ရွာသူမို့ မျက်ခမ်းစပ်သည်၊ ဘယ်နယ် ဘယ်ဒေသသူမို့ အသားညိုသည်ရယ်လို့ ရှိလို့လား သမုန်းကျင်းသူ သမုန်းကျင်းသားဖြစ်တာနဲ့ပဲ မျက်နှာကျည်ကြရော့လား။ ဦးညီ

www.burmeseclassic.com

www.burmeseclassic.com

ပြန်တွေးမိတော့လည်း ခင်စောမူ သူ့ကိုယ်သူ ရယ်ချင်သွားခဲ့ရပါ၏။ ကြားခဲ့သည့်စကားအပေါ်မှာ ထိုလွန်းမိလေခြင်း။ ဒေါ်ခင်မေသီကိုတော့ သေချာအောင် မေးလိုက်သည်။

"အမေသီက သမုန်းကျင်းသူလား...စပ်စုတယ် မထင်နဲ့နော်...ချောလို့ မေးကြည့်တာပါ...အမေသီမျက်နှာက ဥရောပဆန်လို့ ကျွန်မ ဝေခွဲမရ ဖြစ်နေတာ...ဖအေက ဖြူဖြူချောချောနေမှာလို့လည်း တွေးတယ်"

ခင်စောမူက မြွောက်တစ်ဝက် ချော့တစ်ဝက် မေးလိုက်တာကို ဒေါ်ခင်မေသီ သဘောကျသွားပုံရသည်။ မျက်နှာကို မော်ထားရင်း သေသေချာချာ ကြည့်စမ်းနဲ့၊ ကြည့်လေ ချောလေ တော်ရေ...လုပ်နေသေးသည်။ ပြီးမှ မလွှဲတဲ့လွှဲပ် ဖြေ၏။

"ကျွန်မတို့က သမုန်းကျင်းသူ အစစ်တွေပေါ့ မခင်စောမူ...မိဘတွေကလည်း သမုန်းကျင်းကပဲ...ဘိုးဘွားတွေတော့ မပြောတတ်ဘူး...အမေ့ဘက်က တစ်ဆင့်ကျော့ အဘိုးက ပေါ်တူဂီသွေးပါတယ် ပြောတယ်...ကျွန်မတို့ အဆက်တွေကျတော့ ဆယ်ပြားတောင် မစပ်တော့ပါဘူး...ဒါပေမဲ့ ကျွန်မမှာ နည်းနည်းလေး ပါပုံရတယ်"

ပေါ်တူဂီ...။ တချို့အရပ်ဒေသတွေမှာ ပေါ်တူဂီအဆက်အနွယ်တွေ ရှိတာတော့ ကြားဖူးပါသည်။ ပေါ်တူဂီတို့လို၊ အီတလီတို့လို လူမျိုးတွေက ရုပ်ချောကြတာ ခင်စောမူ သိထားသည်။ သမုန်းကျင်းသူဆိုတော့ ကျတ်ကုန်းကြီးသူပေါ့။ ကျတ်ကုန်းကြီးသူဆိုတော့ လူယောင်ဆောင်လာတတ်တဲ့ နာနာဘာဝတွေပေါ့။ ဒါကို တွေးမိပြန်တော့ ဘယ်လိုကဘယ်နယ် သည်ခရီးမျိုး ရောက်လာရပါလိမ့်လို့ အောက်မေ့မိသည်။ ဒေါ်ခင်မေသီက ခင်စောမူ မမေးဘဲ စကားစ, ကောက်လာခဲ့သည်။ လေသံကိုလျှော့ကာ တိုးတိုးကလေး ပြောခြင်းဖြစ်သည်။

"အပင်းတိုက်ထားတာ မခင်စောမူရေ...ဒန်းပွင့်က မိသားစုပြဿနာတွေ ရှိတယ်...သည်ကလေးမ ဥစ္စာအမွေတွေ ရစရာရှိတယ်...အဲဒါကိုသိတော့ တစ်ယောက်ယောက်က အပင်းထည့်လိုက်တာပေါ့

လေ...အဲဒါကို အဒေါ်လုပ်သူက စစ်ဆေးပေးဖို့ လာအပ်ထားတာ...အပ်ပေမယ့် ကြာကြာမနေနိုင်ကြဘူး...အေးစုကို နေ့စရိတ်ပေးပြီး ထားကြတာ"

"ဟုတ်ကောဟုတ်ရဲ့လား အမေသီရယ်...အမေသီ စစ်ဆေးကြည့်တော့ ဘာတွေ့လဲ"

"ရှိတာပေါ့...ခက်တာက ရောနေတယ်...လုပ်တာက စုန်းက လုပ်တာ...မော်စင်စုန်း၊ စုန်းမော်စုန်း၊ နတ်စုန်း၊ မော်စုန်း၊ ဘီလူးစုန်း၊ သိုးမော်စုန်း၊ မော်ပါစုန်း၊ မော်သိမ်းစုန် ဆိုတဲ့စုန်းတွေ နာနာရုဖိတွေ အများကြီးဖန်ဆင်းနိုင်တော့ ကောက်ရခက်တယ်"

"စုန်းတွေ များလှချည်လား..."

"သည်ထက်များသေးတယ်...ဒါက သဘောလောက်ပြတာ...စုန်းကြောင်းပြောရင် မိုးလင်းသွားလိမ့်မယ်...တစ်ရက်တော့ ပြောကြသေးတာပေါ့...ကိုင်း...ကျွန်မ ဓာတ်နားပြီး ပုတီးစိပ်လိုက်ဦးမယ်...အခု ပုတီးပတ်ရေ ကိုးရာစိပ်ရတာလေ...အရင်က ပတ်ရေ ကိုးထောင်နဲ့ပဲ တာ မခင်စောမူရေ..."

"ဟုတ်ကဲ့...ဟုတ်ကဲ့...ကောင်းတာပေါ့ရှင်..."

ဒေါ်ခင်မေသီ ပြောတော့လည်း ကြောက်စရာ။ သည်လိုဆိုတော့လည်း ဒန်းပွင့်ကလေးက သနားစရာပါလား။ တစ်ရက်တော့ ပြောပြဦးမည်ဆို၏။ ဒေါ်ခင်မေသီ မပြောခင် ဒန်းပွင့်နှင့် စကားပြောကြည့်ချင်သေးသည်။ ဒန်းပွင့်ဘာတွေပြောမလဲ သိချင်သည်။ စာရင်းစစ်ဖို့လာတာစာရင်း ဘယ်ဆီမှာမသိ။ သည်အိမ်မှာတော့ စုံထောက်မောင်စံရှားလို ဘာသဲလွန်စ,များ ရလေမလဲ အစောကနေရပြီ။ ဘယ်လောက်မှန်လို့ ဘယ်လောက်မှားသလဲတော့ ခင်စောမူ ပြောပြဖို့လည်း မသိ။ သည်အိမ်ပေါ်မှာ သည်လိုဖြစ်နေတာတွေကတော့ အစ

www.burmeseclassic.com

www.burmeseclassic.com

ပေါ်တူဂီသွေးပါသူ ဂိုဏ်းဆရာမနှင့် စုန်းတိုက်ခံထားရသော လူနာတို့ ၏ ရူးရေးတိုသာ ခင်စောမူ စိတ်ဝင်စားနေမိသည်။ အေးစု ဘယ်ရောက်နေပါ လိမ့်။ လူနာစောင့်သာဆိုတယ် မရှိတာက ခပ်များများ။ အောက်ထပ်က သန်းသန်းဆိုသူ ကလေးကတော့ ငယ်သေးသည်။ တစ်ဖက်ရပ် အဖိုဆွယ်ထား သောဆိုင်က ကလေးမ ဟု ဆိုပါ၏။ ခေါ်ခင်မေသီ ရေချိုးနေသံ ကြားရသည်။ အိမ်က သစ်သားအိမ်ဆိုပေသိ အပေါ်ထပ်မှာ အုတ်သမဲတလင်းခင်းကာ ရေချိုး ခန်း လုပ်ထားသည်။ တစ်ဖက်အကန့်မှာ ရေလောင်းအိမ်သာရှိသည်။ မိန်းမသား များ ရေချိုးလျှင် အကာစကို ဆွဲချလိုက်ရုံပင်။ ခင်စောမူ ရောက်ကာစက လိုက်ကြည့်ရင်း တွေ့ထားခြင်းဖြစ်၏။ ရေချိုးကန်ကလည်း ရေညှိလက်လေး သစ်တက်လို့၊ ဆပ်ပြာတွေကလည်း ရေတွေ နူးလို့။ အိမ်သာကလည်း ဝါကျင် လို့။ ခေါ်ခင်မေသီတစ်ယောက်တည်း သုံးတာ ဖြစ်ရမည်။

"အစ်မ...ပြန်ရောက်နေပြီလား...အမေသီကော..."

"အေး...အမေသီ ပုတီးစိပ်နေလေရဲ့...အေးစု ညည်း ဘယ်ပျောက် နေတာလဲ"

"ဆရာမကြီးအိမ် သွားနေရတာလေ...ကျွန်မလည်း လူမမာစောင့်ရ တယ် မရှိပါဘူး အစ်မရယ်..."

"ဘယ်က ဆရာမကြီးလဲ...ဂိုဏ်းဆရာမပဲလား..."

"မပြောတတ်ပါဘူး အစ်မရယ်...ဟိုဆရာမကြီးကတော့ အသက် ကြီးတယ်...ကျောင်းဆရာမဟောင်းကြီးလို့ ပြောတာပဲ"

"ဘာသွားလုပ်တာလဲ...အစ်မတို့လာတဲ့နေ့ကလည်း သွားနေ တာလေ..."

"ထမင်းသွားစားတာ များပါတယ်...သမုန်းကျင်းမှာ ဆရာမကြီး နဲ့ ဖေါင်းတာ တွေ့ဖူးတာပဲ"

ခင်စောမူက ဓာတ်ပြာလျက်နေရင် ဘာမှမဆာတော့ဘူးဆိုသည့် ခေါ်ခင်မေသို့ စကားကို သတိရလိုက်သည်။ ဘာမှတော့ မပြောလိုက်။ အေးစု

ကြောင်ကြောင်ကိုသာ နားထောင်နေလိုက်သည်။ ခေါ်ခင်မေသီ ထွက်လာထော့မှာကို သိလို့လားမသိ၊ အေးစုက စကားတိုးတိုးပြောပြီး သုတ်ခနဲ ထသွားသည်။ ခင်စောမူကတော့ ကနေ့ည မုန့်နှင့် ကော်ဖီပဲ ပြီးရတော့မည်။ မင်္ဂေးကို ကနေ့ည ထမင်းမပို့ဖို့ ပြောခဲ့သည်။ မနက်ဖြန် မနက်တော့ ထမင်းချိုင့်လာလိမ့်မည်၊ နေ့တစ်ချိုင့် ညတစ်ချိုင့်မလုပ်ဘဲ ညမနက်စာ တစ်ချိုင့်သာပို့ဖို့ မှာထားခဲ့ သည်။

ကနေ့ညတော့ ခင်စောမူ စိတ်ချမ်းသာရသည်။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး အသစ်တွေချည်း။ သည်က ပြန်လျှင်တော့ အိပ်ရာခင်း စောင်ပါးကလေး တလွဲလျှင် ကျန်တာ ရုံးသုံးအဖြစ် ထားခဲ့ရမည်။ တအောင့်လောက်နေတော့ အေးစု ရောက်လာပြန်သည်။ ခင်စောမူ ဝယ်လာသည့် အိပ်ရာခင်း၊ ခြင်ထောင်တွေ သာထုခြင်းဖြစ်၏။ ခေါ်ခင်မေသီက ပြောထားပုံရသည်။ ကနေ့ည ခင်စောမူက အခန်းတွင်းမှာ အိပ်ရမည်ဖြစ်ပြီး၊ အေးစုနှင့် ဒန်းပွင့်တို့က အခန်းပွဲ့မထားသော (နေ့ညက ခင်စောမူ အိပ်ခဲ့သော) နေရာမှ ပြောင်းနေကြမည်ဆို၏။

"ခေါ်ခင်မေသီနဲ့ တွေ့ပြီးလို့လား..."

"တွေ့ပြီးပြီ...ခုနင်က ဒန်းပွင့်နဲ့ ပြဿနာဖြစ်ကြဆို..."

"ဟုတ်တယ်...ခေါ်ခင်မေသီက လျှောပါတယ်...နေဦး...အစ်မက အစ်မက အခန်းထဲဝင်ရမှာပေါ့"

"ဟုတ်တယ်အစ်မ...ကျွန်မ ဖျောင်းဖျတော့ ဒန်းပွင့်က လက်ခံပါ တယ်"

"အေး အေး...ကောင်းပါလေ...နေဦး...အစ်မပါ အိပ်ရာပြင်မယ် လေ..."

"လိုက်ခဲ့လေ..."

ခင်စောမူ အခန်းထဲလိုက်သွားသည်။ ဒန်းပွင့်က ဖွင့်ထားသော တံခါးဘေးမှာ ငုတ်တုတ်ကလေး ထိုင်နေသည်။ သည်တော့မှ သေသေချာချာ ကြည့်မိပါ၏။ ဒန်းပွင့်က မိန်းမချောကလေးပါလား။ အသက်ကတော့ နှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com

ကျော် အစိတ်လောက် မှန်းသည်။ တောသူဆိုပေသိ အချိုးအဆက်ကျကျ အဝတ်အစား လတ်လတ်လောလောကလေးနှင့် ဖြစ်၏။ မျက်ခုံးမျက်လုံးလှလှ၊ နှာတံပေါပေါ၊ မျက်နှာကျသွယ်သွယ်နှင့် တစိမ့်စိမ့်ချောသော ကွမ်းတစ်,ရာပေး အလှမျိုး။ တောစံပယ်လေးလို ရိုးသားဖြူစင် နူးညံ့ရှာပုံလည်း ရ၏။ လူမမာ ဆိုသော်လည်း လူမမာနှင့်မတူပါ။ အပင်းရှိသည် ဆိုတာကတော့ မမြင်ရသည့် ကိစ္စမို့ ခင်စောမူလည်း မပြောနိုင်။ သူ့ခမျာ သည်အိမ်ကြီးပေါ်မှာ ဘာလိုလို ညာလိုလို နေရတာထက်စာလျှင် ရွာပြန်ချင်ရှာမှာပေါ့လေ။

အေးစုက အိပ်ရာခင်းဟောင်းတွေ၊ စောင်ဟောင်းတွေ၊ ခေါင်းအုံးဟောင်းတွေ ဖယ်ကာ အသစ်တွေချည်း လဲလှယ်ပေးသည်။ ခြင်ထောင်က ခုတင်ထက်စာလျှင် သေးပေသိ တစ်ယောက်တည်းအိပ်ရုံဆိုတော့ အလယ်ကို မှုတ်ကာ ထောင်ပေးသည်။ ဒေါ်ခင်မေသီ တစ်နေရာမှာ ရှိနေသဖြင့် ခင်စောမူက နှစ်ယောက်စလုံးနှင့် စကားပြောတာမျိုး မလုပ်ဘဲ မရောမထွေး နေသည့် သဘောဖြစ်အောင် တမင်နေပြသည်။ ဒန်းပွင့်နှင့် စကားပြောချင်လှပြီ။ ဒန်းပွင့် တာတွေပြောမလဲ။

ထိုစဉ်မှာပင် ဒေါ်ခင်မေသီ အခန်းဝကို ရောက်လာကာ လုပ်တာကိုင်တာကို ကြည့်သည်။ မျက်နှာက ခပ်တင်းတင်း။ ဒန်းပွင့်ကို ကျေနပ်ပုံမရသော်လည်း ဘာမှတော့ မပြောပါ။ အေးစုက ဖြုတ်သိမ်းထားသော စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ခေါက်နေသည်။ ဒေါ်ခင်မေသီက မပြောမဆို ချာခနဲ လှည့်ထွက်သွားလေ၏။ လေကားပေါက လူဆင်းသွားတာ သေချာပါသည်။ အိမ်ကြီးပင် လွှမ်းနေလို့ဖြစ်၏။ အေးစုက ပြေးလိုက်သွားပြီး ခြံတံခါးကလေး လိုက်ပိတ်သည်။ အေးစု တော်တော်နှင့် တက်မလာ။ တော်တော်ကြာမှ ပြန်ရောက်လာသည်။ ဒေါ်ခင်မေသီက မှာစရာ ရှိတာတွေ့ မှာနေဟန်တူပါ၏။

"ဒေါ်ခင်မေသီက သည်လိုပဲ ညှိုးချုပ်ချိန်ဆို ထွက်တာပဲလား"

"အမြဲတမ်းတော့ မဟုတ်ပါဘူး အစ်မရယ်...သွားတာတော့သွားတယ်"

ခင်စောမူက ခုတင်စွန်းမှာထိုင်ရင်းက နှစ်ယောက်စလုံးကို ငုံ့ကြည့်နေခဲ့သည်။ ဒန်းပွင့်နှင့် အေးစုက သူတို့အခန်းဘက်ကို မသွားသေးဘဲ ကြမ်းပေါ်မှာ ထိုင်နေကြသည်။ ဒန်းပွင့်က မော့ကြည့်တော့ ခင်စောမူနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ မျက်လုံးကလေးတွေက ပြာစင်စင်။ မျက်ခုံးကလေးတွေက သေးမျှင်ကွေး ပြုပြင်ထားခြင်းမဟုတ်ဘဲ သဘာဝအတိုင်း နဂိုရော တောပန်းတောပွင့်ကလေးပါလား။ ရောဂါရှိနေသည် ဆိုတော့လည်း သနားစိတ်ကလေး ဝင်မိရဲ့။ ဒေါ်ခင်မေသီ အလစ်ကို ခင်စောမူ စောင့်နေတာဆိုတော့ နှစ်ယောက်စလုံး ချိုခုတ်ပေါ် တက်ထိုင်ကြရန် ခေါလိုက်သည်။ ခင်စောမူကို မြို့သူ ပညာတတ် ဖြစ်သိတော့ နှစ်ယောက်စလုံးက ခေါင်းခါကြသည်။ တော်တော်ခေါမှ အသာ အထိုင်ကြသည်။

"ဒန်းပွင့် ဆိုတဲ့နာမည်ကို အစ်မက သဘောကျနေတာ...တကယ် ဒန်းပွင့်ကလေးပါပဲ ငါ့ညီမရယ်...ဒန်းပွင့်မှာ ရောဂါမရှိဘူးဆိုတာ အစ်မသိတယ်...ဒန်းပွင့် ဘယ်လိုခံစားနေရသလဲ ဆိုတာလည်း အစ်မသိတယ်..."

ဒန်းပွင့်က ခင်စောမူကို ဖျတ်ခနဲ လှမ်းကြည့်သည်။ အံ့သြသွားပုံလည်း ရသည်။ အားကိုးရသွားသလို မျက်နှာကလေး ပြုံးယောင်သွားတာ ခင်စောမူ သတိထားမိလိုက်သည်။ အေးစုကတော့ ခင်စောမူပြောလိုက်တာကို မယုံသလို ဖြစ်နေခဲ့သည်။ မနေ့တစ်နေ့ကမှ သည်အိမ်ပေါ် ရောက်လာတဲ့ အမျိုးသမီးတစ်ယောက်က အပျစ်မတ်ချ ပြောနေတာကို ဇဝေဇဝေဖြစ်နေခြင်းပင်။ ခင်စောမူက သည်အချိန်ကလေးကို လှုရမှာဆိုတော့ စကားခင်းလိုက်ခြင်း ဖြစ်သည်။ ညည်းရောဂါက ဘယ်လိုဖြစ်တာလဲဆိုတာနှင့် စ,ဝင်လျှင် ရောဂါကိုး နေရသည် ဆိုသည့်အချက်ကို လက်ခံရာရောက်လိမ့်မည်။ သည်တော့မှ ခင်စောမူ အပေါ်မှာ အာရုံလျော့နိုင်သည်။ ဒန်းပွင့်က ဒူးနှစ်ဖက်ထောင်ကာ ခြေဖျားအထိ ဆင်စနှင့် အုပ်ထားရင်း ဒူးပေါ် မေးတင်ထားရာက စကားဖြေပြရန် အသာ နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

"ဒန်းပွင့် ဆိုတဲ့နာမည်က အမေက ပေးတာပါ...မွေးတုန်းက အသားရောင်က ပန်းဆီရောင်ကလေး ပြေးနေလို့ ဒန်းပွင့်လို့ ပေးတာတဲ့... ကျွန်မတို့က တောခြေကပါ...ရွာနာမည်က ပတတ်စာကုန်း...ဟောဒီ အေးစုက ကျွန်မထက် ငယ်တယ်ဆိုပေမယ့် ရွာမှာ ကစားဖက်၊ စားဖက်ပါ...ကျွန်မမိဘများက ရွာမှာ အဆင်ပြေကြပါတယ်... သားသမီးက ကျွန်မတစ်ယောက်တည်းဆိုတော့ အဖေနဲ့အမေက သိပ်ချစ်ကြတာ...ကျွန်မ ကံမကောင်းဘူးအစ်မ...ကျွန်မအသက် ဆယ့်ကိုးနှစ်မှာ တခြားရွာက လူတစ်ယောက်နဲ့ မေတ္တာရှိကြတယ်... ကျွန်မတို့ချင်း မေတ္တာရှိကြတဲ့အချိန်မှာ အဖေတို့ အမေတို့ မရှိရှာကြတော့ဘူး...တစ်ရက်မှာ..."

"နေဦး ဒန်းပွင့်ရယ်...အဲသလိုမပြောနဲ့ကွယ်...အစ်မကို အစကစ၊ပြောပြပါလား...ဒန်းပွင့်ဘဝကို အစ်မ စိတ်ဝင်စားလို့ပါ...အစ်မကို စိတ်ချပါကွယ်...အစ်မက စာနာလို့မေးတာပါ...အစ်မကိုယ်တိုင် တစ်ကိုယ်ရေတကာယ နေသူဆိုတော့ မိတကွဲ ဖတကွဲဘဝကို နားလည်ပါတယ်"

ဒန်းပွင့်က ခေါင်းညိတ်ပြသည်။

* * *

ဒန်းပွင့်တို့ရွာက သိပ်မကြီးသော်လည်း အိမ်ကြီးရခိုင်တွေ များသည်။ ဧရိယာ ကျယ်လှသော တောကြီးတစ်တောစ၏ အစပ်အခြေတွင် ရှိနေသဖြင့် တောခြေရွာ ခေါ်ကြသော်လည်း ရွာအမည်မှာ ပတတ်စာကုန်းဖြစ်သည်။ ပတတ်စာကုန်းရွာသည် တစ်ဖက်က သစ်တောကြီးရှိသလို၊ တစ်ဖက်က ဝေးဝေးတွင် ပြာညို့ညို့ တောင်တန်းကြီးများဖြင့် အလွန်လှသော ရွာကြီးဖြစ်ပါ၏။ တောင်တန်းများပေါ်က စီးလာသော မိုးရေ၊ တောတောင်ရေတွေက နိမ့်သော တောခြေဘက် စီးဆင်းကြရာ၊ ချောင်းငယ် မြောင်းငယ်များအဖြစ် ရွာတစ်ဝိုက် ရေစီးရေလာကောင်းအောင် ဖန်တီးထားသကဲ့သို့ ရှိ၏။ တောင်နှင့်

တောကြားတွင် လွင်ပြင်ကျယ်ကြီးရှိ၍ အထူးသဖြင့် ဘခိုက်ရွာ (စပါးခိုက်ရွာ) အဖြစ် ထင်ရှားသည်။ ရွာနေ တောသူတောင်သားများမှာ လယ်သမား အများစု ဖြစ်၍ အခြားသော မွိရှာ၊ မျှစ်ရှာ၊ တောသစ်တောရွက်ရှာ၊ သားထိုးပျားဖွပ် သော ဘောက် လုပ်ကိုင်စားသောက်ကြသူများလည်း ရှိကြသည်။ သည်ဘက် ချောင်းမြောင်းများတွင် ရွှေထွက်သည်ဆိုသဖြင့် ရွှေရှာရန် ရောက်လာကြသူတွေ ရှိသကဲ့သို့ တောကြီးကို အမှီပြု၍ တောကောင် သားကောင်ရှာရန် ရောက်လာကြသူများလည်း ရှိသည်။

ဒန်းပွင့်အဖေ ကိုပိုက်ခြုံက အောက်နယ်သားဖြစ်၍ မအေဖြစ်သူ ဒွေးလှက ရောက်ပင်တောသူဖြစ်၏။ ရောက်ပင်တောနှင့် ပတတ်စာကုန်းက နေ့ခက်ခရီး သွားရသည့် ရွာနှစ်ရွာဖြစ်သည်။ ကိုပိုက်ခြုံနှင့် မဒွေးလှ အကြောင်းပါဦး ပတတ်စာကုန်းမှာပဲ တစ်အိုးတစ်အိမ် ထူထောင်လိုက်ကြ၏။ ကိုပိုက်ခြုံက သယ်ပိုင်ယာပိုင်ကလည်း ဖြစ်ပြန်၊ အသောက်အစားကင်းသူကလည်း ဖြစ်ပြန် ဆိုတော့ စပါးကောင်းသည့် နှစ်တွေမှာ ငွေပိုငွေလျှံ ရှိတတ်သည်။ စုစုဆောင်း ဆောင်းဆိုတော့ တောလူချမ်းသာ စာရင်းဝင်လာရာက သမီးချော ဒန်းပွင့်ကြောင့် သည်နယ်တစ်ဝိုက်တွင် ပို၍ လူသိသူသိ များလာခဲ့ပါ၏။

ဒန်းပွင့်ငယ်ငယ်က ထူးဆန်းသောအဖြစ်နှင့် ကြုံခဲ့ရဖူးသည်။ ဒန်းပွင့်တို့ ချွေးပြီး စီးပွားရေး ကောင်းလာလို့ စိတ်ချမ်းသာရသလို၊ ဒန်းပွင့်က မွေးရံပါ စောား မပြောတတ်ခဲ့သူကလေးမို့ မိဘနှစ်ပါးခမျာ စိတ်ဆင်းရဲခဲ့ကြရသည်။ ချွေးတုန်းက အချင်းစလွယ်သိုင်း မွေးခဲ့သဖြင့် ထူးခြားသည့်ကလေးမှန်း သိခဲ့ကြသော်လည်း သည်လိုဖြစ်လာလိမ့်မည် မထင်ခဲ့ကြ။ ခုနစ်နှစ်သမီး အရွယ်အထိ စကားမပြောဘဲ အူးအူးအားအား လက်ဟန်ခြေဟန်နှင့်သာ ပြောခဲ့ ရသည်။ ကြာတော့လည်း သူ့ဘဝ သူ့အကြောင်းကဲ့ပါလေ ဟူ၍သာ မိဘများ အနေဖြင့် သဘောပိုက်ခဲ့ကြရသည်။ ဒန်းပွင့်က ရုပ်ချောသည်။ စိတ်သဘော ထား နူးညံ့သည်။ စကားမပြောတတ်သော်လည်း သည်လက္ခဏာတွေကတော့ ထင်ထင် ပေါ်လွင်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆစ်ကိတ်နှာတော့ တောခြေရွာကို ရဟန်းတစ်ပါး ကြွလာတော်မူခဲ့သည်။ တောခြေရွာကို သက်သက်ကြွလာတာတော့ မဟုတ်။ လမ်းခရီးတွင် တိုက် ရောက်လာခြင်းဖြစ်ရာ ရွာဘုန်းတော်ကြီးကျောင်းတွင် ခေတ္တသီတင်းသုံးတော်မူခဲ့သည်။ ကိုပိုက်ခြုံနှင့် မခွေးလှတို့ကလည်း တိုက်တိုက်ဆိုင်ဆိုင်ပင် ရွာကျောင်းကို ဆွမ်းပို့ရမည့်ရက်နှင့် ကြုံကြိုက်နေရာ အဂန္ဓကိယ်တော်တစ်ပါး သီတင်းသုံးနေသည် ကြားသဖြင့် ဆွမ်းကို များများချက်သည်။ ဒန်းပွင့်ကို လက်ဆွဲကာ သားအဖတစ်တွေ ကျောင်းကိုရောက်တော့ ဆွမ်းစားချိန်ပင် နီးပြီ။ ဆွမ်း၊ ဆွမ်းဟင်းရွား လဲဖယ်ကာ လက်ရောက်ကပ်လှူကြပြီးနောက် ဘုန်းတော်ကြီးနှစ်ပါးနှင့် စကားဆိုလက်ဆုံစကျရင်း ဒန်းပွင့် စကားမပြောတတ်သည့်အကြောင်း စကားရောက်သွားခဲ့ကြသည်။

"မွေးကတည်းက စကားမပြောတတ်တာပါဘုရား... တပည့်တော်တို့ကလည်း အများကလေးတွေလို ပြောချိန်တန်ရင် ပြောမှာပဲ အောက်မေ့ကြပါသဘုရား... နှစ်ခါလည်လို့တောင် စကားမပြောတော့မှ မွေးရာပါ ဆွံ့အရာတာကို သိကြရပါတယ်ဘုရား... အခု ခုနစ်နှစ်သမီးပါဘုရား... နောင်ဘဝမှာ သည်အထုံ မပါအောင် တတ်စွမ်းသမျှ လှူဒါန်းနေကြပါသဘုရား..."

ဖခင်ဖြစ်သူ ကိုပိုက်ခြုံက လျှောက်တင်သည့်အခါ အဂန္ဓကိုယ်တော်က ဒန်းပွင့်ကို စိုက်ကြည့်တော်မူနေသည်။ အာဂန္ဓရဟန်းမှာ သက်တော်မကြီးလှသေးသော်လည်း ခရီးပန်းသည့်ဒဏ်ကြောင့်ပဲလား မပြောတတ်ပါ။ အလွန်ညှိုးနွမ်းလှပါ၏။ သင်္ကန်းကလည်း နွမ်း၊ မျက်နှာတော်ကလည်း ညှိုးရသည့်ကြားထဲ မရိတ်မသင်ဘဲ ထားသည့် ဆံပင်တွေက ရှည်လျားနေသည့် အတွက် ဥပမိ ကြည်စင်တော်မမူပါ။ ကိုပိုက်ခြုံတို့ကလည်း မေးလို့သာ ဖြေရသည့် စိတ်ထဲက တယ်မပါလှ။

ကိုယ်တော်က ဒန်းပွင့်ကို ကြည့်နေရာက အနားကိုလာရန် ခေါ်သည်။ ဒန်းပွင့်၏ လက်ဖဝါးနှစ်ဖက်ကို ဖြန့်ပြခိုင်းသည်။ ဒန်းပွင့်၏ ခေါင်းကို လက်ဖြင့် အုပ်ကိုင်၍ တစ်စုံတစ်ရာကို နားစိုက်ထောင်နေသလို မျက်လုံးတွေ မှိတ်ထား

သည်။ ပြီးတော့ မိခင်ဖြစ်သူ မခွေးလှ၏ လက်ဖဝါးတွေကို ကြည့်ပြန်သည်။ မခွေးလှ၏ မွေးသက္ကရာဇ်နှင့် ဒန်းပွင့်၏ မွေးသက္ကရာဇ်တွေကို မေးသည်။ ထပ်တွေ့ရာပဲ လက်ညှိုးတထောင်ထောင်ဖြင့် ကိန်းချေသလို ချေနေရာက ပြုံးသည်။ ဘာမှတော့ မမိန့်ပါ။ ရွာခံဆရာတော်နှင့် စကားတွေ ဆက်ပြောနေကြောင့် ကိုပိုက်ခြုံတို့သားအဖတစ်တွေလည်း ကျောင်းကပြန်ရန် ဝတ်ကြည်ကြသည်။ သည်တော့မှ အာဂန္ဓကိုယ်တော်က မိန့်သည်။

"ကျုပ်က ဆေးဘုန်းကြီးမဟုတ်ဘူး... ကျုပ် သည်ဘက်ကြွလာတာကလည်း တောရဆောက်တည်ဖို့ပဲ... ကျုပ်က ဆေးကုရင် ကျုပ် အခိုင္ဒာန်ပျက်တော့မယ်... သို့သော်လည်း ဆွမ်းကွမ်းအာဟာရ လှူဒါန်းတဲ့ ကုသိုလ်စေတနာ ရှိလေတော့ ကျုပ်တစ်ခုပြောမယ်... ဒကာတို့သမီးက စကားပြောလာလိမ့်မယ်... အခု ခုနစ်နှစ်သမီး နော်... ဝင့်လွတ်ကာနီးပြီ... နောက်သုံးလအကြာ ဝါဝင်ပြီဆိုတာနဲ့ စကားစပြောလိမ့်မယ်... စကားပြောပြောချင်း အဖေလို့ စ,ခေါ်ရင် ရွာမှာ ဇရပ်ဆောက်လှူရမယ်... အမေလို့ စ,ခေါ်ရင် ရွာလယ်မှာ ရေတွင်းကြီးတစ်တွင်းတူးပြီး ကုသိုလ်လုပ်ရမယ်... လုပ်နိုင်ပါ့မလား"

"သမီးကလေး စကားပြောမယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာ လှူမှာပါ ဘုရား... အခုလည်း တတ်စွမ်းသမျှ လှူနေပါသဘုရား..."

"ပြောပါလိမ့်မယ်လေ... ကျုပ် သည်ထက်မပြောချင်ဘူး... ဒကာမ ကြီးက မွေးချင်း ဘယ်နယောက်ရှိသလဲ..."

"လေးယောက်ပါဘုရား..."

"ဘယ်သူတွေတဲ့လဲ... နာမည်တွေ ပြောပါဦး"

"တပည့်တော်မက ဒုတိယပါဘုရား... အစ်မကြီးက မခွေးမြတဲ့... တပည့်တော်မ အောက်တစ်ယောက်က မခွေးခတဲ့... အငယ်ဆုံးတော့ မခွေးပ ပါတဲ့ဘုရား... တပည့်တော်မက မခွေးလှပါဘုရား..."

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်အောက်က နောက်ထပ် ဘာကိုမှမမေးတော့။ ရွာခံဆရာတော်နှင့် စကားတွေ မြောနေတော့သည်။ ကိုပိုက်ခြုံတို့ သားအဖတစ်တွေလည်း မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ပြန်လာခဲ့ကြရပါ၏။ မဒွေးလှ၏ မွေးချင်းအမည်တွေကို မေးတာကလည်း ဆန်းသည်။ ကိုပိုက်ခြုံကို မမေးခြင်းကြောင့် ဖြစ်၏။ အာဂန္တုဆရာတော် မိန့်သည့်စကားက ဝမ်းသာစရာဖြစ်သော်လည်း ကိုပိုက်ခြုံရော မဒွေးလှပါ မယုံကြ။ သို့သော် ဘုန်းကြီးရဟန်းက မိန့်လိုက်သည့်အတွက် အကုသိုလ်ဖြစ်အောင်တော့ မတွေးကြံကြပါ။ သည်လိုနှင့် ဝါဝင်ခဲ့ပြီ။

"ကျွန်မက အမေလို့ စခေါ်သတဲ့...ဒါနဲ့ အဖေတို့ အမေတို့ဆိုတာ ရူးမတတ် ဝမ်းသာကြလွန်းလို့ ရွာကျောင်းကို ပြေးပြီး ဆရာတော်ကို အာဂန္တုကိုယ်တော်မိန့်တာ မှန်တဲ့အကြောင်း သွားလျှောက်ကြသတဲ့...အာဂန္တုကိုယ်တော်က နောက်တစ်နေ့ ကျောင်းက ပြန်ကြသွားကတည်းက ပေါ်မလာတော့တူးတဲ့...အဖေတို့ကလည်း ချက်ချင်းပဲ ရွာလယ်မှာ ရေတွင်းကြီးတစ်တွင်းတူးပြီး သွပ်မိုးကြီး မိုးပစ်လိုက်ကြတယ်"

"တော်တော်ထူးဆန်းပါလား ဒန်းပွင့်ရယ်...အစ်မတောင် ကြားထဲက ဝမ်းသာမိတယ်...ပြောရင် ယုံစရာတောင် မရှိပါလား"

"ဟုတ်တယ်အစ်မ...ကျွန်မ စိတ်ရော ကိုယ်ရော ကောင်းပါတယ် အစ်မရယ်...ကျွန်မကို လူမမာလုပ်ပြီး သည်ပို့ထားတာကို ကျွန်မ အင်မတန် ရင်နာတယ်...ကျွန်မမှာ ဘာအပင်းမှ မရှိတာ ကျွန်မ သိတာပေါ့"

"ဒန်းပွင့်ကို ဘယ်သူက ပို့တာလဲ...ပို့တာနဲ့ပဲ လာရရောတဲ့လား..."

"ပြောပြမယ်အစ်မ...သည်လို..."

ဒန်းပွင့်အဖေ ကိုပိုက်ခြုံက အောက်နယ်သားဖြစ်သည် ဆိုသော်လည်း ဘိုကလေးဘက်ကလိုလို၊ ဖျာပုံတက်ကလိုလိုပဲ သိရ၍ အခြားဘာမှ ရေရေရာရာ မရှိ။ ကိုပိုက်ခြုံ အရွယ်ကောင်းစဉ်က ရွှေရာသူများနှင့် ရောနှောပါလာသူ ဖြစ်

သည်။ ရွှေကလေး နည်းနည်းပါးပါး စုဗိုရာက ပတတ်စာကုန်းမှာမိ အခြေကျခဲ့သူ ဖြစ်သည်။ ရောက်ကတည်းက ကိုယ့်အရပ် ကိုယ့်ဒေသရယ်လို့ ပြန်သည်မရှိ။ ဘယ်အရပ် ဘယ်ရွာကလို့လည်း မပြော။ မေးပြန်တော့ အဖေက တစ်ကောင်ကြွက်ပါ ဆိုတာလောက်သာ ဖြေသည်။

အမေ မဒွေးလှကတော့ ဆွေကြီးမျိုးကြီးဖြစ်၍ မိဘများက ပို့ကဆံရှိကြသည်။ ညီအစ်မလေးယောက် အသက်ချင်းမကွာတော့ အပြိုင်းအရိုင်း တက်လာကြရာက နယ်တစ်ကြောမှာ အလွန်နာမည်ကြီးကြသည်။ သည်အထဲက ဒုတိယသမီး မဒွေးလှက တစ်နယ်သား ကိုပိုက်ခြုံနှင့် မေတ္တာမျှခဲ့ကြခြင်းဖြစ်၏။ ကျန်ညီအစ်မတွေက မဒွေးလှနှင့် ကိုပိုက်ခြုံကို သဘောမတူကြသော်လည်း ဖခင်က အကန်တော့ခံသဖြင့် အသာငြိမ်နေကြရသည်ဆို၏။ ညီအစ်မလေးယောက်ရှိကြရာက တစ်ယောက်ပဲသွားမှာကို မလိုလားတာလည်း ပါပါလိမ့်မည်။ ကိုပိုက်ခြုံကလည်း သည်အခြေကို မြင်သဖြင့် မဒွေးလှနှင့် ညားလျှင်ညား ချင်း ပတတ်စာကုန်း (တောခြေ) ကို ပြောင်းလာကာ ရှိသမျှ ငွေကလေးနှင့် မြေကလေး လယ်ကလေး ဝယ်ခြမ်းနိုင်ခဲ့သည်။ ပင်ပင်ပန်းပန်း လုပ်ကိုင်ကျွေးမွေးသည်။ နောက်တော့ ဇနီးမောင်နှံ အကျိုးပေးရာက အစစအရာရာ ပြည့်စုံလာသည်။

ဒန်းပွင့် မွေးချိန်အထိ ညီအစ်မတစ်တွေ အကူးအလူးမရှိကြ။ မဒွေးလှ အင် ကွယ်လွန်သည့်အခါ သမီးကလေး လက်ဆွဲကာ မဒွေးလှ ရောက်ပင်စောရွာ တစ်ခေါက်ပြန်ရောက်သည်။ မအေအိုကြီးက သမီးနှင့်မြေးမကလေးကို ဆွေးတော့ မျက်ရည်တစမ်းစမ်းနှင့်။ သည်တုန်းက ဒန်းပွင့်အသက်က လေးနှစ်ပင် ရှည်တတ်သေး။ တူမကလေးကို မြင်ကြတော့ အဒေါ်တွေက ချစ်ကြရှာပါသည်။ မဒွေးလှအပေါ် ရှိခဲ့ကြသော အာဃာတတွေလည်း လွင့်ပါးခဲ့ကြသည်။ သည်နောက်တော့ လယ်ကလေး၊ ပဲကလေး သိမ်းပြီးသည်နှင့် မဒွေးလှတို့သားအမိ ရောက်ပင်တော ပြန်ဖြစ်ကြသည်။ အဒေါ်တွေကလည်း ပတတ်စာကုန်းကို တစ်ခဲတစ်ဆစ် ရောက်သည့်အခါ ရောက်လာတတ်ကြပါ၏။ ဒန်းပွင့် ဆယ်ကျော်ပြီ ဆိုသည့်သတင်းကြားတော့ သုံးယောက်သား ပြေးလာကြကာ သားငယ်

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ ဝမ်းဘာလွန်းရှိ မျက်ရည်များပင် ဖြိုင်ဖြိုင်ကျကြသည်။ အဒေါ်တွေ အခြံနှုတ်တော့ ဒန်းပွင့်ပါ လိုက်သွားခဲ့သည်။ နောင်တွင်လည်း ဒန်းပွင့် ရောက်ပင် တောတို့ ရောက်လေ့ရှိ၏။ ဒန်းပွင့် ဆယ်နှစ်သမီးမှာ မိခင် မဒွေးလှ ဆုံးပါး ခဲ့ရသည်။ ရောဂါဟူ၍ မရှိဘဲ သွားသွားလာလာ စားစားသောက်သောက် နေရင်းက ဆုံးရှာခြင်း ဖြစ်သည်။ ဇနီးဖြစ်သူ ရုတ်တရက် ဆုံးသွားသဖြင့် ကိုပိုက်ခြုပင် မယုံနိုင်အောင် ဖြစ်ရပါ၏။

"ကျွန်မအမေဆုံးပြီး ခြောက်လ တစ်နှစ်တောင် မပြည့်သေးဘူး ကျွန်မ အဘွား ရောက်ပင်တောမှာ ဆုံးတယ်...ရွှေတွေ, ငွေတွေ, လယ်တွေ, ရောင်းတွေ အများကြီးကျန်ရစ်ခဲ့တယ်...အရင်းအခြာဆိုလို့ ညီအစ်မ လေးယောက်ရှိတာမှာ အမေမဒွေးလှက အမွေတစ်စုရပါတယ်... ဒါပေမဲ့ လယ်တစ်ကွက်နဲ့ ရွှေဆွဲကြိုးနှစ်ကုံး, လက်စွပ်ကလေး တစ်ကွင်း, နှစ်ကွင်းလောက်ပဲ လာပေးကြတယ်...သည်မှာတင် အဖေက 'မယူဘူး...ခင်ဗျားတို့သာ ပြန်ယူသွားကြတော့တဲ့...ဥစ္စာ ပစ္စည်းဆိုတာ စားထိုက်မှ စားရတာတဲ့... အစားမတော်ရင် ငါးရိုး မျက်တတ်တယ်တဲ့...' အဖေက သည်လောက်ပဲ ပြောလိုက်တာပါ... အမေ့ဝေစု မပေးချင်ကြတာမှာတော့ ကျွန်မအဒေါ်တွေ ညီကြပုံရ တယ်...မတရားလုပ်မှန်းသိပေတဲ့ အဖေက မပြောတော့ပါဘူး...သည် ကတည်းက ကျွန်မနဲ့ ရောက်ပင်တောရွာလည်း အဆက်ပြတ်ခဲ့ရ တယ်"

"ညီအစ်မအရင်းတွေ မဟုတ်ဘူးလား ဒန်းပွင့်ရယ်...သေသူက သေသွား ရှာတာတောင် မပေးရက်ကြဘူးလား..."

"အရင်းတွေပေါ့ အစ်မရယ်...အမေဆုံးတော့ နဂိုက အဖေနဲ့ သဘောမတူခဲ့ကြတဲ့စိတ်တွေ ပြန်ပေါ်လာတယ်နဲ့တူပါရဲ့...ကျွန်မ အဒေါ်တွေက အပျိုကြီးတွေဆိုတော့ သူတို့အချင်းချင်းတော့ အမွေမခွဲ ကြဘူး...အများကြီးကျန်ခဲ့တာပါ အစ်မရယ်..."

"ပြောပါဦး...စိတ်ဝင်စားစရာကောင်းလိုက်တာ...နေဦး...အေးစု ရေ...အမေသိလည်း ကြည့်ဦး...တို့သုံးယောက် စကားပြောတာ ကြိုက်ချင်မှကြိုက်မှာ...တော်ကြာ တည့်တည့်တိုးနေဦးမယ်နော်..."

"မလာသေးဘူးအစ်မ...လာရင် ကျွန်မကို လှမ်းခေါ်မှာပါ"

ဒန်းပွင့်က အေးစုကို ရေတစ်ခွက်တောင်းသဖြင့် ထခပ်ပေးသည်။ ဒန်းပွင့်က ရေသောက်ပြီး ခဏနားသည်။ ပြီးမှ စကားဆက်လေသည်။

သည်လိုနှင့် ဒန်းပွင့်နှင့် ရောက်ပင်တောအဒေါ်များ စိတ်ဝမ်းကွဲကြ ရာက အသွားအလာမရှိသလောက် ဖြစ်ခဲ့ကြပါ၏။ အဒေါ်အပျိုကြီးတွေက လောဘသက္ကာရ ကြီးတာချင်း တူကြသလို၊ သူတို့သုံးဦး မရှိသည့်နောက်တွင် ပေးချင်သည်ဖြစ်စေ၊ မပေးချင်သည်ဖြစ်စေ သူတို့ပိုင်ဆိုင်သမျှအားလုံး ဒန်းပွင့်သာလျှင် ဆွေရင်းမျိုးရင်းအဖြစ် ရဖို့ရှိရာ အမွေအားလုံး ပုံပေးခဲ့ရမှာ ကိုလည်း သောကရှိနေကြပုံ ပေါ်ပါ၏။ သည်အခြေအနေက ဒန်းပွင့်အတွက် အကောင်းလည်းဖြစ်သလို၊ အဆိုးလည်း ဖြစ် သည်။ အဘယ်ကြောင့်ဆိုသော် တစ်ရက်တွင် အဒေါ်အငယ်ဆုံး ဒေါ်ဒွေးပကိုယ်တိုင် ပတတ်စာကုန်းကို လှည့်ထစ်စီးနှင့် ရောက်လာခဲ့ခြင်းကြောင့် ဖြစ်သည်။

ဒေါ်ဒွေးပက အသက်ရှစ်ပြိုဖြစ်သော ဦးပိုက်ခြုကို ထောင်းပန်းသည်။ ခဲအိုဆိုသော်လည်း အစ်ကိုအရာ ထားပါကြောင်း၊ အစ်ကိုမရှိတော့သည့်နောက် သည်တူမလေးခမျာ လောကအလယ် တစ်ယောက်တည်း ဖြစ်မှာစိုးပါကြောင်း၊ ရောက်ပင်တောကို အဝင်အထွက်ပြုစေကာ စောင့်ရောက်မှုခံယူရန် လိုအပ် ကြောင်းတွေ ပြောလာခြင်းဖြစ်၏။ အဖေ ဦးပိုက်ခြုကတော့ သွေးရင်းသားရင်း လည်းဖြစ်၊ ဒေါ်ဒွေးပ ပြောတာကလည်း တရားနည်းလမ်းကျသဖြင့် သူတို့ ကြည်သာတော့လည်း ကြည်သာသလို အလိုက်တရော ရှိခဲ့ပါ၏။ ဒန်းပွင့်မှာ တော့ သူကိုယ်တိုင်က ဘာမှန်းညာမှန်း မသိပေသိ အဒေါ်တွေက ရွှေ ရေးထိုး ကြိုးမြင်ကြသည်။ သည်မိန်းကလေးသာ အိမ်ထောင်ပြုခဲ့လျှင် သို့မဟုတ် ရည်းစား သနာ ထားခဲ့လျှင် သူတို့အမွေတွေရော၊ ဒန်းပွင့်မိဘများ အမွေတွေပါ ကိုးယူငယ်

www.burmeseclassic.com

www.burmeseclassic.com

အပိုင်စီးဖို့သာ ရှိတော့သည်။ ဒါဆိုလျှင် ဒန်းပွင့်ကို အိမ်ထောင်ပြုဖို့အရေး တားဆီးဖို့ လိုလာခဲ့ပြီ မဟုတ်လား။

ဒန်းပွင့်ကို ပိုးပန်းသူတွေကလည်း များလှပါ၏။ တချို့က လူကို မြင်နိုးကြသလို၊ တချို့က ဒန်းပွင့်ရမည့် ဥစ္စာအမွေတွေကို မက်မောကြသူတွေ။ ဒန်းပွင့်ကတော့ ရိုးရိုးအေးအေးပင်။ ပိုးမှန်းလည်းမသိ၊ မပိုးမှန်းလည်းမသိ။

သို့သော်...

အချစ်ဆိုတာက ဆန်းကြယ်သည်။ ဘဝအကြောင်းတွေ ပါလာသည်ဆိုသည့်စကား မှန်ပါ၏။ တစ်ရက် ရှောက်ပင်တောကိုအသွား လမ်းမှာ လှည်းချင်း ငြိရာက တစ်ဖက်လှည်းရှင် ကိုပုညနှင့် ဆုံခဲ့ရသည်။

"နေဦး ဒန်းပွင့်ရဲ့...ကိုပုညနဲ့ဆုံတော့ ဒန်းပွင့်အဖေ မရှိတော့ဘူး မဟုတ်လား...စကားစ,တုန်းက မိဘနှစ်ပါး မရှိတော့မှ တစ်ရွာသားနဲ့ ဆုံတယ် ဆိုသလားလို့..."

ခင်စောမူက သူ့ခေါင်းထဲရှိတာ ဖျတ်ခနဲ ဝင်မေးလိုက်ခြင်း ဖြစ်သည်။ ဒန်းပွင့်က ပြုံးသည်။

"ကျွန်မ စကားကျန်သွားတာ အစ်မ...ဟုတ်တယ်...အဖေဆုံးပြီးမှ တွေ့တာ...အဖေမဆုံးခင်က မှာခဲ့တယ်...ကျွန်မအဒေါ်တွေကို အားကိုးတဲ့...သူတို့လောဘကြီးတာ သပ်သပ်...သွေးရင်းသားရင်း ကတော့ ရေကို ဓားနဲ့ ခုတ်တာကမှ ပြတ် ပြတ်မလား...သွေးရင်းသားရင်းဆိုတာ ပြတ်လို့ရတာ မဟုတ်ဘူးတဲ့...သမီးကို ဆောင့်ရှောက် မယ်ထူရယ်လို့ သူတို့ပဲရှိတာတဲ့...ငါ့သမီး သူတို့စကား နားထောင်...လိမ္မာပစေလို့ မှာခဲ့တယ်...ကျွန်မ ဆယ့်ခုနစ်နှစ်သမီးမှာ ဆုံးတာပါ...ကျွန်မတစ်ယောက်တည်း နေခဲ့ရတာ နှစ်နှစ်...ရှောက်ပင်တောကိုတော့ တစ်ခါတလေ ရောက်ပါရဲ့...အဒေါ်တွေကလည်း လာပါရဲ့...ကျွန်မကလည်း ရွာမှာ တစ်ယောက်တည်းနေသလို၊ သူတို့ကလည်း လာမနေကြဘူး...ဒါပေမဲ့ ကိုပုညနဲ့ ဘာလိုလို ကြားတဲ့နေ့ပဲ အဒေါ် ဒေါ်ဒွေးပ ရောက်လာတော့တာပဲ"

"လာနေပေးတာပေါ့..."

"နဂိုက မနေကြဘူး..အေးစုတို့လို ရွာဆွေရွာမျိုး သူငယ်ချင်းတွေက အဖော်လာအိပ်ပေးကြတာပါ...ရည်းစားရှိသလိုလို အသံကြားတော့မှ ကျပျာကယာ ရောက်လာတာပါ...ဥစ္စာခြောက်နေကြတာဆိုတော့ သူတို့အပူကလည်း ကြီးတယ်...ကျွန်မကလည်း ကျွန်မဘဝ အတွက် ကြည့်ရသေးတာလေ...တစ်အိုးတစ်အိမ် ထူထောင်မှ ကျွန်မဘဝ လုံခြုံမှာကိုး အစ်မရဲ့...ကိုပုညတို့က ဆင်းရဲပါတယ် အစ်မရယ်...သားအမိနှစ်ယောက်တည်း နေကြတာပါ...ပတ်စာကုန်းက မဟုတ်ဘူး...မိုးနံ့က..."

"မိုးနံ့ဆိုတာ ရွာလား..."

"ဟုတ်တယ် အစ်မ..."

"ပြောပါဦ..."

ကိုပုညနှင့် ဒန်းပွင့်တို့ လှည်းချင်းငြိကြသည့်အခါ ကိုပုညက သူ့လှည်းကို ပစ်ထားခဲ့ကာ ဒန်းပွင့်တို့လှည်းကို လာကြည့်သည်။ အတန်တန် ထောင်းပန်ရှာသည်။ လှည်းက ဘာမှမဖြစ်သော်လည်း လှည်းချင်းတိုက်မိခြင်းကို အားနာနေခြင်းဖြစ်သည်။ ကိုပုညက တောင်းပန်လေ ဒန်းပွင့်က အားနှဲ့လေ။ ထိုစဉ်ကတော့ ကိုပုည ဆိုတာကိုလည်း မသိ။ မိုးနံ့က လှည်းပါလို့ ဒန်းပွင့်တို့ လှည်းသမား ကိုကံတင့်က ပြောလို့သာ သိရသည်။ နောက်ပိုင်းတော့ ပတ်စာကုန်းကို လှည်းတိုက်လိုက်ရင်း ဒန်းပွင့်နှင့် မကြာခဏ ဆုံဖြစ်ခဲ့ကြသည်။

တကယ်တမ်း သံယောဇဉ် ငြိခဲ့ကြတာက မိုးနံ့ဘုရားပွဲ။ သည်ဘက် နယ်တစ်ကြော်မှာတော့ မိုးနံ့ဘုရားပွဲက အစည်ကားဆုံးပင်။ ရွာကြီးမဟုတ်သော်လည်း တန်ခိုးကြီး ရှေးဟောင်းဘုရားကြီးကို အမှီပြု၍ နှစ်စဉ် လာရောက် ဝတ်ကြေကြသူများနှင့် စည်ကားလှပါ၏။ ဒန်းပွင့်တို့ တစ်တွေ ဘုရားပွဲလိုက်ကြရင်းက ကိုပုညတို့ အိမ် ရောက်ခဲ့ကြရသည်။ သားအမိနှစ်ယောက်၏ မိုးဦးဖြစ်သောဘဝကို ဒန်းပွင့် သနားအကြင်နာတွေ ပိုခဲ့မိ၏။ ဆင်းဆင်းရဲရဲ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သော်လည်း သား ကိုပုည၏ လှည်းတိုက်ခကလေးဖြင့် ခြစ်ခြစ်ကုတ်ကုတ် စားသောက်ကြရသည်။ ဝင်းကျယ် ခြံကျယ်ကြီးနှင့် မဟုတ်သော်လည်း အိမ်ကလေး တောင့်တောင့်တစ်လုံးနှင့် သီးပင်စားပင်၊ ပန်းမာန်တွေဖြင့် သာယာစိုပြည်နေသော ကိုပုညလက်ရာကို ဒန်းပွင့် မြင်တွေ့ခဲ့ရသည်။ ဘုရားပွဲနေ့က ဒန်းပွင့်တို့တစ်တွေကို တည်ခင်းလိုက်သော ကိုပုညလက်ရာ ထမင်းတစ်နပ်ကလည်း မြိန်လိုက်သည်ဖြစ်ခြင်း။

ကိုပုညတို့မှာ မြေပိုင် လယ်ပိုင် လက်ညှိုးထိုးပြစရာ မရှိရှာဘဲ နွားကလေး တစ်ရှဉ်း၊ လှည်းကလေး တစ်စီးဖြင့် လှည်းတိုက်လိုက်စားနေတာကို ဒန်းပွင့် သနားလွန်းလှပြီ။ လှည်းတိုက်လိုက်ရင်း ရွာအဝင်အထွက် များလာရာက တမင်တကာ ရောက်ရောက်လာတာတွေ ရှိလာသည်။ ဒန်းပွင့်ကလည်း မျော်တတ်ပြီ။ လှည်းသံကြားလျှင် ကိုပုညလား ထ၊ထကြည့်ရတာ အမော။ သည်နောက်ပိုင်း ဒေါ်ဌေးပ ရောက်လာခြင်းဖြစ်၏။ ဒေါ်ဌေးပက အပျိုကြီး ဘဝနှင့်နေခြင်းသာ ကောင်းကြောင်း၊ ကိုယ့်စည်းစိမ်ဥစ္စာတွေ သူစိမ်းလက်ထဲ ရောက်လျှင် ရှာမွေပေးထားခဲ့ကြသည့် မိဘ ဘိုးဘွားတွေကို စော်ကားရာ ရောက်ကြောင်း၊ စည်းစိမ်ကို လင်နှင့် လဲမိလို့ ဒုက္ခရောက်ကြရကြောင်း၊ ဟောကျွဲးဆိုတာ သုံးဖြုန်းပြီး ကုန်လျှင် ပစ်ထားတတ်ကြောင်း နေ့စဉ်နှင့်အမျှ သွန်သင်သည်။

ဒန်းပွင့်ကလည်း ကိုပုညကို စွဲလမ်းမိလေပြီ။ အသား မဖြူမရော်၊ မျက်လုံးမျက်ဖန် ညိုညို၊ အပြုံးလက်လက်ဖြင့် လူညီချော ကိုပုညကိုသာ တစ်ချိန်လုံး မျော်နေမိသည်အထိ ဒန်းပွင့် စွဲလမ်းနေမိတော့၏။ ဒုက္ခရောက်ကာမှရောက်ရော ဥစ္စာဆုပ်ပိုက်ပြီး ဥစ္စာစောင့်လို ဘဝမျိုးနှင့် မနေချင်။ ကိုပုညကလည်း ဒန်းပွင့် ချမ်းသာခြင်း၊ မချမ်းသာခြင်းကို စိတ်ဝင်စားသူမဟုတ်။ တကယ်ချစ်ရှာခဲ့ခြင်းပင်။ သို့သော် ဒန်းပွင့်က ချက်ချင်းထယူလို့ မဖြစ်သေးသလို၊ ကိုပုညကလည်း တင့်တောင့်တင့်တယ်ဖြစ်အောင် ကြိုးစားချင်သေးသည်။ အချိန်ယူချင်သေးသည်။ တစ်ရက်မှာတော့ ဒေါ်ဌေးပက ဗြောင်မေးတော့သည်။

"ဒန်းပွင့်...ငါ့တူမ ...ထွေးပ ပတာတ်စာကုန်းကို လာနေတာ ညည်းကို စောင့်ရှောက်ဖို့ လာနေတာ...ငါ့စီးပွားပစ်ပြီး လာနေတာ ညည်း သိတယ်နော်...ညည်း ရှောက်ပင်တောကို လိုက်နေစေချင်တယ်... မနေချင်ရင်လည်း အနေအထိုင် ဆင်ခြင်ပါ...ထွေးပ သတင်းတွေ ကြားတယ်...ကောင်လေးက ဆင်းရဲလှဆို...ငါသိသလောက် မအေက ပညာသည်ကြီးတဲ့..."

ထွေးလေးဌေးပ စကားကြောင့် ဒန်းပွင့် လန့်သွားခဲ့သည်။ ဘယ်လိုမှ ဆင်မှတ်မထားသည့် စကားများပင်။ ကိုပုညအမေက စုန်းမကြီးတဲ့လား။ ထွေးပ ဘယ်ကဘယ်လို ကြားခဲ့တာပါလိမ့်။ ရွာကလည်း ဒန်းပွင့်ကို ချစ်ခင်ကြသည်ဖြစ်၍ တစ်ရွာသား လာလာရစ်နေတာကို မကြိုက်ချင်ကြတာတွေ ရှိသည်။ သည်ကောင် တို့ရွာက မိန်းကလေး ချမ်းသာမှန်းသိလို့ လာရွှဲနေတာလို့ ခြင်ကြသည်။ ဒန်းပွင့် ဒါတွေ မသိ။ ကိုပုညလာလျှင် ပျော်သည်။ မလာတော့ ချွေသည်။ ကိုပုည ချောမောသလောက် ကိုပုညအမေကြီး အရုပ်ဆိုးလွန်းတာကို မြင်ခဲ့ တွေ့ခဲ့ရတော့ ဟုတ်များဟုတ်လေမလားလို့လည်း တွေးမိပြန်သည်။ သည်သတင်းက ရှောက်ပင်တောကိုပါ ရောက်သွားခဲ့လေပြီ။ ထွေးမြနှင့် ထွေးခတို့ပါ လိုက်လာကြကာ လူရေးပြနေကြတော့သည်။ အခက်အခဲက ဒန်းပွင့်ကို ရှောက်ပင်တော ခေါ်လို့မရလေတော့ သူတို့ကိုယ်တိုင် ရောက်အောင်သာခြင်းဖြစ်သည်။

"တစ်ရက်မှာ ကျွန်မ အိပ်ရာကအထ အန်တယ်အစ်မ...အူထဲက လိပ်လိပ်ပြီး တက်လာတဲ့ အပုပ်နံ့ကြီးရပြီး ထိုးအန်တာပါ...အန်တော့ ဘာတွေ ထွက်လာတယ်ထင်သလဲ အစ်မ..."

"ပြောပါဦး..."

ခင်စောမူက ဒန်းပွင့်စကားတွေထဲမှာ စကားကျန်တာတွေ ရှိလောက်သေးတာကို ရိပ်စားမိသော်လည်း မမေးသေးဘဲ နားသာထောင်နေခဲ့သည်။ အခေါ်သုံးယောက်၊ ရည်းစားတစ်ယောက်။ ဒန်းပွင့်အန်တာက ဘာလဲ။ ကျွန်မ သားရိုး အန်တာလား။ ကိုယ်လေးလက်ဝန် ရှိတာလား။

www.burmeseclassic.com

www.burmeseclassic.com

"အေးစုရေ..."

ညကို ဖောက်ထွက်လာသော ဒေါ်ခင်မေသီ၏ အော်ခေါ်သံက စူးရှလွန်းလှ၏။ စကားပြောနေကြသူများပင် ဆတ်ခနဲ တုန်သွားကြကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြလေ၏။ ခင်စောမူက စိတ်ကို ထိန်းလိုက်ရင်းက အေးစုကို ပုတ်လိုက်သည်။

"အေးစု သွားဖွင့်ချေ...ဒန်းပွင့် မထနဲ့ဦး...ထလိုက်ရင် သည်အခန်းထဲမှာ ရှိတာကို မြင်သွားလိမ့်မယ်...လှေကားကြီးကို တက်လာပြီဆိုတော့မှ ဟိုဘက်အခန်းကို မြန်မြန်ကူး...ဟုတ်ပြီနော်..."

ဒန်းပွင့်မျက်နှာတွင် သွေးပင်မရှိတော့။

(၅)

မီးလုံးရောင် ဝါဝါမှုန်မှုန် အောက်တည့်တည့်တွင် ဒေါ်ခင်မေသီ ဆတ်ခနဲ ရပ်လိုက်သည်။ လှေကားပေါ်က တက်လာကတည်းက မျက်နှာမှုန်အသော်လည်း ဣန္ဒြေရရ တက်လာခဲ့ခြင်းသာဖြစ်၏။ အေးစုက နောက်က ချာခနဲချင်းတက်လာသဖြင့် အေးစုကို စစ်လားဆေးလား လုပ်ခဲ့ပုံမရပါ။ ခင်စောမူက ခုတင်ပေါ်မှာ အခန့်သား အနားယူတာမျိုး ဖြစ်မှာစိုးသဖြင့် သာထလာခဲ့ရာ မီးလုံးရောင်တည့်တည့်အောက်မှာ ဒေါ်ခင်မေသီ ရပ်လိုက်ချိန်နှင့် တစ်ချိန်တည်း ဖြစ်သွားခဲ့သည်။ ဒေါ်ခင်မေသီက လှေကားဘက်ကို ပြန်ချက်လှည့်ကြည့်သည်။ နောက်က လူတစ်ယောက် ကပ်ပါလာပုံမျိုးဖြင့် ပြန်လှည့်ကြည့်နေခြင်းဖြစ်၏။ အေးစုကတော့ ဒန်းပွင့်ရှိနေသည့် အခန်းထဲ ဝင်သွားခဲ့သည်။ အခန်းဆိုသော်လည်း လိုက်ကာကလေးသာ တပ်ထားသော အခန်းဖြစ်၍ မနေ့ညက ခင်စောမူ အိပ်ခဲ့သည့်အခန်းဖြစ်သည်။

"မခင်စောမူ အခန်းက အဆင်ပြေရဲ့လား...ကျွန်မပစ္စည်းတွေ ပြုတ်ကျင်းတောင်းနဲ့ အားများတောင်နာပါရဲ့...ယောကျ်ားသနာ မပျက်အိမ်ပါ...အမြင်မတော်တာတော့ အခန်းထဲမှာ မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အျွန်မတောင် မကြည့်မိပါဘူး...နေခွင့် တည်းခွင့်ရတာပဲ ကျေးဇူး တင်လှပါပြီရှင်...ကျွန်မလည်း သည်လိုပဲ မိသားစုနဲ့ နေတာဆိုတော့ အိမ်သဘာဝတွေ သိပါတယ်...တစ်ခါတလေ စိတ်က ရှင်းချင်ပေ မယ့် လူက မလိုက်နိုင်လို့ ဟိုတစ်စ သည်တစ်စ ပြန့်ကျဲနေတာ လေ...အားမနာပါနဲ့ရှင်...ကျွန်မအားရင် ရှင်းလိုက်ပါ့မယ်"

"ဩော်...မရှင်းပါနဲ့....၊ ကျွန်မထားတဲ့အတိုင်း မရွေ့စေချင်ဘူး မခင်စောမူ...သူ့အမှတ်အသားနဲ့ သူ့ပစ္စည်း ထားတာမို့ပါ...ကိုင်း... ကျွန်မ ခဏ နားပါရစေတော့"

"နားပါ အမေသီရယ်...အမေသီကြည့်ရတာ ပင်ပန်းလိုက်တာ... ညဘက်တောင် မနားရပါလားရှင်..."

ဒေါ်ခင်မေသီမျက်နှာ ညှိုးသွားတာကို ခင်စောမူ ရိပ်မိလိုက်သည်။ အမူအရာ တစ်ချက်ပျက်သွားသော်လည်း ဒေါ်ခင်မေသီက ချက်ချင်း စကားကာသည်။ ညဘက်တောင် မနားရပါလားရှင် ဆိုသည့်စကားကို ခင်စောမူက မျက်နှာလိုမျက်နှာရ ပြောလိုက်ခြင်းသဖြစ်သည်။ နာမည်ကြီး အစွမ်းကြီး ဆေးဆရာမ ဆိုတော့ လူနာတွေကို နေ့မအား ညမအား လိုက်ကြည့်ပေးရသူပါလားလို့ မြော်မှန်းပေးခြင်းပင်။ ဒေါ်ခင်မေသီ ဘာဖြစ်လို့ မျက်နှာပျက်ရတာပါလိမ့်။

"ညဘက် တရားထိုင်တာပါ မခင်စောမူ...ကျွန်မတို့မြို့မှာ ပင်စင်စား ကျောင်းဆရာမကြီးတစ်ယောက်ရှိတယ်...တရားပြတာ သိပ်ကောင်း တာ...အသက်ရပြီး မခင်စောမူရေ...ဝိပဿနာအလုပ်ကလည်း မလုပ်လို့မဖြစ်ဘူး"

"ဆောင်းပါလေရှင်...တရား, တရားနဲ့ တရားကို ကပ်နိုင်ဖို့ကလည်း အကြောင်းပါပါဦးမှ...အမေသီ ကံကောင်းပါတယ်...ကျွန်မတို့ဖြင့် အခုထိ ဝန်ထမ်းဘဝနဲ့ ပြေးရလွှားရတုန်း...အပူရေစာ တိုက်ရတုန်း ပါရှင်"

"အပူရေစာ တိုက်တယ်ဆိုတဲ့စကား နောင် ဘယ်တော့မှ မသုံးပါနဲ့ မခင်စောမူ...ကိုယ်ညီအစ်မချင်း ခင်လို့ပြောတာပါ.. ကျွန်မတို့ ပညာ နယ်မှာ မသုံးကြဘူး"

"ဩော်...ဟုတ်ကဲ့...ပြောပါရှင်...အမေသီဘဝအတွေ့အကြုံတွေ တောင် မေးချင်သေးတယ်...မပြန်ခင်ပေါ့"

"ပြော့ပါ့မယ်...ဥာဏ်မမီနိုင်တာတွေပေါ့လေ...ပြောရင် ယုံဖို့ဝဲ လိုတယ်...ယုံစရာမှ မရှိတာတွေကိုး...ကိုင်း...နား နား..."

ဒေါ်ခင်မေသီ သူ့အခန်းထဲ ဝင်သွားတာကို ခင်စောမူ လိုက်ကြည့်နေ ခဲ့သည်။ အခန်းထဲ ဝင်ကာနီးကလေးမှာပင် ဒေါ်ခင်မေသီခေါင်းမှာ စိုက်ထား သည့် စာရွက်ချွန်ချွန်ကလေး ပြုတ်ကျသွားလေ၏။ ဒေါ်ခင်မေသီလည်း သိလိုက် ပုံရ၊ လိုက်ကာ လှပ်ပြီး ဝင်သွားကာ တံခါးပိတ်လိုက်သံပင် ကြားရပြီ။ ခင်စောမူက စာရွက်ခေါက်ချွန်ကလေးကို လှစ်ခနဲ ပြေးကောက်လိုက်သည်။ စာရွက်က ကလေးတွေ စွန့်ဝဲတမ်းကစားသည့်အခါ စက္ကူရိုးထားသလို အဖျား ချွန်ချွန် အရင်းကားကားဖြစ်အောင် တစ်ထပ်ပြီးတစ်ထပ် သွယ်မြောင်းမြောင်း ခေါက်ထားခြင်းဖြစ်၏။ ဆံပင်မှာ စိုက်လို့ရအောင် ချွန်ထားပုံရသည်။ ခင်စောမူက ဖောက်ပြီး ချက်ချင်းပြန်မလာသေးပဲ အခန်းဝမှာ ရပ်နေလိုက်သေးသည်။ ပြန်ဆွဲထုတ်လာလျှင် စာရွက်ကောက်သေးသည်ပဲ ဖမ်းထားခြင်းဖြစ်၏။ ဒေါ်ခင်မေသီ ဆွဲထုတ်လာလေမလား သေချာအောင် ခဏကလေး စောင့်သည်။

စာရွက်ကလေးကို ဆုပ်ရင်း အခန်းဘက် ပြန်ဝင်လာခဲ့သည်။ ခေါင်းအုံး ခေါင်းချရင်း စာရွက်ကို ဖြေဖို့ပြင်သည်။ စိတ်မလုံသဖြင့် တံခါးထပိတ် သည်။ တံခါးချက်က တလှုပ်လှုပ်။ သံကုပ်နေရာ လေးချက်မှာ နှစ်ချက်က ချွတ်ချင်ချွတ်ခြစ်နေတော့ နည်းနည်းကလေး အားစိုက်ရုံဖြင့် ပွင့်သွားနိုင်တာကို သိသည်။ ဘယ်သူကမှတော့ တံခါးပွင့်သည်အထိ မဖွင့်ပါဘူးလေလို့ ယုံသည်။ လောလောဆယ်တော့ သည်အိမ်ကြီးမှာ မိန်းမသား လေးယောက်

www.burmeseclassic.com

www.burmeseclassic.com

သာ ရှိနေသည်။ ညည်းသည်ဆိုတော့ ကျုတတ်တယ်ဆိုသော်လည်း ဘယ်ဇည့်သည် မှလည်း နောက်ထပ်မရှိ။ ပြီးတော့ တစ်ယောက်က ဂိုဏ်းဆရာမ ခေါ်မလား၊ ဂန္ဓိရုပညာရှင် ခေါ်မလား။ လူမမာက တစ်ယောက်။ လူမမာစောင့်က တစ်ယောက်။ စာရင်းစစ်က တစ်ယောက်။

ဟိုသုံးယောက်က သူတို့အလုပ်နှင့်သူတို့ ဆက်စုပ်ပါ၏။ စာရင်းစစ်နှင့် ရောဂါသည်ကတော့ မဆိုင်လှသလိုပင်။ ပြီးတော့ ခင်စောမူ ငယ်ငယ်က အဖတ်နာခဲ့ရသော ကပွဲယစုံထောက်ကြီး ဦးဖြူသီးလိုလို ဘာလိုလို ဖြစ်နေရ ထာ်ကိုလည်း ကိုယ်ဟာကိုယ် ရယ်ချင်သည်။ လောကကြီးက ဆန်းကြယ်လှပါ၏။ ခင်စောမူက သူ မသိတာတွေ အများကြီးရှိပါသေးလားလို့ တွေးနေမိသည်။ လူ့ဘဝ တစ်ထောင့်တစ်နေရာမှာ သည်လိုအဖြစ်အပျက်တွေ၊ သည်လို ခံစားမှုတွေ၊ သည်လိုအူတိုအူကြောင်တွေလည်း ရှိရမှာပေါ့။ အခုပဲကြည့်လေ...။ လူ့ကျင့်ဝတ်ကို သူ ချိုးဖောက်မိခဲ့ပြီ။ သည်စာရွက်က သူ့စာရွက်မဟုတ်။ အမှတ်တမဲ့ ကောက်,ရတာလည်း မဟုတ်။ ဒေါ်ခင်မေသို့ခေါင်းက ဆံပင်မှာ စိုက်ထားရာက ပြုတ်ကျသွားတာ ခင်စောမူ အသိပင်။ တကယ်ဆို သူ ဖတ်ကြည့်ရန် အကြောင်းမရှိ။ သို့သော် ခင်စောမူ ဖတ်ချင်နေသည်။ အူတွေ ယားအောင် ဖတ်ချင်သည်။ စာထဲမှာ ဘယ်သူက ဘာတွေ ဘယ်လိုရေးထား ဖတ်ဖတ် သိချင်လှပါ၏။ သူတစ်ပါးကိုယ်ရေးကိုယ်တာကို မသိအောင် ဖတ်ခြင်းသည် လူ့ကျင့်ဝတ်တွင် အကျည်းတန်လှသော ဖောက်ဖျက်ခြင်းပင်။ သည်လို ဆိုတွားမိတော့ အခန်းဝမှာပဲ သည်အတိုင်း အခေါက်မပျက် ပြန်ထားရန် စိတ်ကူးမိပြန်၏။ စိတ်က တွေးမိခြင်းကို လက်က မသိသလိုပင် စာရွက်ကလေးကို ဖြေဖြန့်နေမိသည်။ မြန်မြန်ဖတ်လိုက်မည်။ ပြီးလျှင် ပြန်ခေါက်ပြီး အခန်းဝမှာ ပစ္စွားထားမည်။ ခေါင်းမှာ စိုက်လာတာဆိုတော့ ဂါထာမန္တာန်တစ်ခုခု ဖြစ်နိုင်သည်။ စာရွက်ကလေး ပြန့်သွားတော့ မီးခြစ်ဘူးသာသာလောက်သာ ရှိ၏။ ခဲတံနှင့် ရေးထားသော စာနှစ်ကြောင်း၊ သုံးကြောင်းသာ ဖြစ်သည်။

"မ ထူး ချားသေးဘာ
ရေဇီး သဲဇီး ဂဲဇီး ခြ ပီး ဘီ
နေ ဘာ ဇေ အုံး
ပက် စံ ပို့ မီ
လဲ့သမား ဆိတ်ခြ"

ခင်စောမူက စာဖတ်ပြီးမှ ရယ်ချင်သွားခဲ့ပါ၏။ သူ့မှာတော့ ထင်ထားသို့က်ရတာ။ ဂါထာမန္တာန်မို့ ခေါင်းထိုးလာသည် ထင်ခဲ့မိသည်။ တကယ်တော့ အခြေအနေတစ်ခုခုကို အကြောင်းကြားသည့် စာတိုကလေးသာဖြစ်၏။ ရေးလိုက်သူက စာတတ်ပုံမရ။ ရေးချင်သလို ရေးထားသည့်အပြင် ဘာမှလည်း ဆက်စပ်ပုံမရ။ ခင်စောမူပင် နှစ်ခေါက် သုံးခေါက် ထပ်ဖတ်ကြည့်မိသည်။ ဖတ်ပြီးအချိုးရာအတိုင်း ပြန်ခေါက်သည်။ ပြီးမှ လက်ညှိုးနှင့် လက်မကြားညှပ်ပြီး ဖွင့်ဆွဲလိုက်သည်။ ပိပိထပ်ထပ်ဖြစ်သွားအောင် လုပ်ခြင်းဖြစ်သည်။ သည်စာကို သည်ညပဲ တစ်ယောက်ယောက်ဆီက ရတာဖြစ်လိမ့်မည်။ ရရချင်းဖတ်ပြီး ဆိုင်းသားသဘာဝ အချွန်ကလေး ရအောင်လိပ်ချွန်ကာ ခေါင်းက ကလစ်အခြေ ထိုးခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

စာကကော ဘာအဓိပ္ပာယ်ပါလိမ့်။ အဓိပ္ပာယ်စဉ်းစားတာ နောက်မှ၊ အခေါက်ကို ကျသည့်နေရာ ပြန်ထားရဦးမှာမဟုတ်လား။ ခင်စောမူ အသာအယာ ထသည်။ တံခါးချက်ကို ကြိတ်ဖွင့်သည်။ ပတ္တာက ချောင်ပေသိ ချက်က ကျပ်သည်။ အသံမမြည်အောင် ဖွင့်ရတာဆိုတော့ စိတ်ရှိတိုင်း လုပ်လို့မရ။ ဖွင့်လို့သွားတော့ အသာအယာ ချောင်းကြည့်သည်။ တစ်အိမ်လုံး ငြိမ်လျက်ရှိ၏။ အရိပ်အယောင်လည်း မရှိ။ ဒန်းပွင့်နှင့် အေးစုတို့ပင် ငြိမ်ကုပ်နေကြရော။ ခင်စောမူက တံခါးကို လက်လျှို့လို့ ရအောင် ဖွင့်ပြီး ခေါင်မေသို့ အခန်းဝရောက်အောင် စက္ကူခေါက်ကို တောက်ထုတ်လိုက်ဖို့ စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com

"အို...သည်အိမ်ကြီးပေါ် ဘယ်နားချချ ရတာပဲ ..ကာယကံရှင်ကိုယ်တိုင်က ဘယ်နားကျမှန်းမှ မသိတာ...ကျတဲ့နေရာ တိကျစရာမလိုပါဘူး...ရောက်ချင်ရာရောက် ပစ်လိုက်ရင်လည်း ပြီးတာပဲ"

ခင်စောမူ တွေးမိခြင်းဖြစ်သည်။ 'တောက်'လိုက်တာက ဟုတ်ပါပြီ၊ ခင်စောမူက တောက်မထုတ်တတ်ပဲ ဖြစ်နေပါ၏။ သူ့ဟာသူလည်း ပြုံးမိသည်။ တံခါးဖွင့်ပြီး တရုပ်ရုပ်လျှောက်သွားလို့ကလည်း မဖြစ်တော့ အခန်းထဲမှာပဲ ထိုင်ချလိုက်သည်။ ဟနေသော အပေါက်က အပြင်ကို လက်ထုတ်ပြီး စက္ကူချွန်ကလေးကို ချွဲသည်။ ကြမ်းပေါ်မှာ ရှုပ်တိုက်ပြေးအောင် စက္ကူချွန်ကို လက်ညှိုးနှင့် ဆောက်ထုတ်လိုက်ရင် ရတာပဲ။ ခင်စောမူ တွေးမနေတော့ပဲ စက္ကူချွန်ကလေးကို တောက်ထုတ်လိုက်သည်။ စက္ကူချွန်ကလေးက ကြမ်းပြင်ကို ဖြတ်ပြီး ရောက်သင့်သလောက် ရောက်သွားလေ၏။ နဂိုကျသည့်နေရာတော့ မဟုတ်။ ကိစ္စမရှိ။ ခင်စောမူ ပြန်ထသည်။ တံခါးကို အသာပြန်စေ့ပြီး ချက်ထိုးရန် လက်အလှမ်း...။

ဒေါ်ခင်မေသီ အခန်းတံခါး ချပ်ခနဲ ပွင့်သွားတာကို တံခါးနှစ်ချပ် စေ့ထားသည့် မျဉ်းအဟကလေးထဲက ရေးရေးကလေး မြင်နေရသည်။ ခင်စောမူ ကလည်း တံခါးချက် မထိုးပဲတော့ပဲ မြင်ရသလောက် ချောင်းကြည့်နေခဲ့ပါ၏။ ဒေါ်ခင်မေသီက ဟိုဟိုသည်သည် လိုက်ကြည့်နေသည်။ စက္ကူချွန်ကလေးကို မြင်လိုက်ရပုံဖြင့် ကုန်းကောက်တာကိုလည်း မြင်ရသည်။ ပြီးတော့ လှစ်ခနဲ ပြန်ဝင်သွား၏။ သည်တော့မှ ခင်စောမူ ရင်မ,ရတော့သည်။ ကံကောင်းလို့ ပါလား...။ စက္ကူချွန်ကလေး ပြေးတုန်းကများ မြင်လိုက်ရင် အခက်။ ကံသို့ရှိကလေး။ ဒါမှမဟုတ်လို့ သည်စက္ကူချွန်ကလေး ခင်စောမူလက်ထဲ ရှိနေတုန်း ဒေါ်ခင်မေသီ ရှာမတွေ့ခဲ့ရင်...။ တွေးတောင်မတွေးဝံ့...။

တံခါးချက်ကို ထိုးကာ ခင်စောမူ ခုတင်ပေါ် ပြန်လာခဲ့သည်။ ဒေါ်ခင်မေသီက သူ့အခန်းထဲရောက်ပြီးမှ ခေါင်းက စာကို သတိရပုံပေါ်သည်။

ခေါင်းမှာ မတွေ့တော့ အခန်းထဲမှာ ရှာမည်။ မတွေ့တော့ အပြင်တစ်နေရာကို ဆွဲကျခြင်းဖြစ်လိမ့်မည်။ ဒါဆိုရင် သည်စာက အရေးကြီးလို့ပေါ့။ တခြားဘင်ယောက်ယောက် မြင်လို့မဖြစ်တဲ့ စာပေါ့။ အသည်းအသန် ရှာရလောက်အောင် အရေးကြီးတာရှယ်လို့လည်း မပါ ပါလား။

"မ ထူး ချားသေးဘာ

ရေဇီး သဲဇီး ဂဲဇီး ခြ ပီး ဘီ

နေ ဘ ဇေ အုံး

ပက် စံ ပို့ မီ

လွဲသမား ဆိတ်ခြ"

စာရေးသူက ပုဒ်ထီး၊ ပုဒ်မ မချပဲ တပြေတည်းရေးထားသော်လည်း အကြောင်းအရာကို ခွဲထားသည်။ အကြောင်းအရာ ငါးခုပါသည်။ 'မထူးခြား'၊ 'ရေစည်း၊ သဲစည်း၊ ခဲစည်းချ'၊ 'နေပါစေဦး'၊ 'ဝိုက်ဆံပို့မယ်'၊ 'လှည်းသမား စီတ်ချ'။ သည်လို စဉ်းစားမိတော့မှ စာက အရေးကြီးမှန်း ခင်စောမူ သိခဲ့သည်။ 'မထူးခြားသေးပါဆိုတာ အခြေအနေတစ်ခုခု ထူးထူးခြားခြား မပြောင်းသေးတာ' ကို ဆိုလိုဟန်ရှိသည်။ ရေစည်း၊ သဲစည်း၊ ခဲစည်းကတော့ ပညာရပ်ကိစ္စ ဖြစ်မည်။ နေပါစေဦး...ကကော။ နဂိုအတိုင်း ရှိပါစေဦးဟု ပြောတာများလား။ ဒန်းပွင့်ကို ဆိုလိုတာလည်း ဖြစ်နိုင်ပါ၏။ ကိစ္စဝိစ္စတွေအတွက် ကုန်ကျစရိတ်တွေ ဖို့ပါမည်။ ဆက်သွယ်ဖို့က လှည်းသမား စိတ်ချရသည်။

သည်စာတိုကလေး၏နောက်ဆီတွင် ကြီးမားသောအဖြစ်အပျက် ဆို့မဟုတ် အကြောင်းကိစ္စကြီး ရှိနေလောက်ပါ၏။ ဒါဖြင့် စာက ဘယ်သူ့ဆီလာတာလဲ။ ဆရာမကြီးဆိုသူကလား။ လှည်းသမားဆိုသူက ဆရာမကြီးကိုပေး၊ ဒေါ်ခင်မေသီက သွားယူဆိုတာ ဘာအဓိပ္ပာယ်ပါလိမ့်။ လှည်းသမားက ဒေါ်ခင်မေသို့အိမ်ကို တိုက်ရိုက်လာပေးနိုင်လျက်သားနဲ့ မလာဝံ့တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com

တော့...။ ခင်စောမူအတွေးတွေ ရှုပ်ယှက်ခတ်နေခဲ့လေပြီ။ စစ်ရမည့် စာရင်းကို အသာထား၊ ရှင်းရမည့်ဈာတ်ထုပ်ကို စိတ်ဝင်စားနေမိခဲ့ပြီ။ ဒန်းပွင့်ပြောသည့် ဈာတ်လမ်းက လည်း မဆုံးသေးတော့ ကောက်ချက်မဆွဲနိုင်။ စာက ဒန်းပွင့်တို့နှင့် ပတ်သက်တာကော ဟုတ်ရဲ့လား။ ခင်စောမူအထင်နှင့် တွေးနေခြင်းသာ ဖြစ်၏။

ထံခါးဖွင့်သံ ကြားရသည်။ ခင်စောမူ ငြိမ်နေလိုက်၏။

"အေးစုရေ...ဇက်ကြော တစ်ချက်လောက် လာကုတ်စမ်း...ခေါင်းတွေ...ဇက်တွေများ ခဲဆွဲထားသလား မှတ်ရတယ်"

အေးစုအခန်းက လှုပ်သံကြားရသည်။ ဟုတ်ကဲ့ထူးသံ မကြားရ။ ထ.သွားသံတော့ ကြားရသည်။ စကားတွေပြောသံ ကြားရသော်လည်း သဲသဲကွဲကွဲ မကြားရ။ ဒန်းပွင့်ကတော့ ငြိမ်လို့။ ခင်စောမူ နားစွင့်ထားသော်လည်း ဘာသံမှ မကြားရတော့ပြီ။

ခင်စောမူ မျက်လုံးတွေ မှိတ်ထားလိုက်သည်။

* * *

ညသည် တိတ်ဆိတ်ပူလောင်လွန်းလှသည်။ မနေ့ညက တစ်ဖက်ခန်းမှာ အိပ်ခဲ့သည်။ သည်လောက် ပူလောင်သည် မထင်ခဲ့။ ကနေ့ညတော့ အခန်းက လုံနေတာလည်း ပါပါလိမ့်မည်။ ခင်စောမူက ခေါင်းရင်း ဘုရားစင် ဘုက်ကိုလှည့်ပြီး ဘုရားရှိခိုးသည်။ အသံထွက် ရှိခိုးတာတော့မဟုတ်။ ပြီးတော့ အသာလှဲသည်။ အိပ်ရာသောက ဓာတ်မီးကို စမ်းသည်။ ရှိသည်။ သည်မြို့မှာက မီးအားနည်းသော်လည်း မီးမပျက်တာကို ခင်စောမူ သတိထားမိသည်။ မြို့က အိမ်တွေ၊ ဆိုင်တွေမှာ မီးတွေ ညီးနေအောင် ထွန်းထားတာ မရှိ။ မှိန်မှိန်ခြောက်ခြောက် လင်းတာမျိုးသာ ရှိသည်။ မြို့က မှိုင်းနေသလိုလို ထင်ရပါ၏။

သည်ကြားထဲ ဒေါ်ခင်မေသို့အိမ်မှာက ပိုဆိုးသေးသည်။ အိမ်တစ်လုံးလုံးတွင်မှ မီးလုံးကလေးတစ်လုံး အနိုင်နိုင်။ လေးဆယ်ဝပ်ဆိုတော့ အားနည်း

လွန်းလှသည်။ မီးလုံးက ကြေးချွတ်တွေပင် တက်နေလေပြီ။ မှုန်မှိုင်းကြောက်က ဆင်းလာသော ကြိုးကလည်း ပင့်ကူမျှင်များဖြင့် ဓာတ်ကြိုးမပေါ်ဟော့ ဟော်ပါသေးရဲ့။ အတန်ငယ် လင်းချင်းမှုကို ပေးနေလို့ ကျေးဇူးတင်ရပါ၏။ ထောကားက ဆင်းလျှင်တော့ မှောင်လှပါသည်။ ညဘက် အပြင်မထွက်ဖူးတော့ အိမ်ဝန်းကျင်မှာ ဘယ်လိုရှိမည်မသိ။

အခန်းထဲမှာ ပူလောင်အိုက်စပ်ခြင်းနှင့်အတူ အနံ့တစ်မျိုးရှိနေတာကို ခင်စောမူ မကြိုက်လှပါ။ အောက်သိုးသိုး ကြွက်ချေး၊ ပိုးဟပ်ချေးလို အနံ့တစ်မျိုးထင်း မှိုတက်နေကြသော ရှုပ်ထွေးပစ္စည်းတွေဆီကများလား...။ ခင်စောမူ ရှုထားသည့်အခန်းထဲမှာ မီးလုံးရယ်လို့ မရှိသော်လည်း အပြင်မီးလုံးရောင်ခို့က မှန်လည်ကပ် မှန်ချပ်တွေကိုကျော်ကာ မရဲတရဲ တိုးဝင်နေကြသဖြင့် အတန်ငယ် လင်းချင်းသည်ဟု ဆိုရပါမည်။ ခင်စောမူက ဓာတ်မီးကို ပြန်စမ်းကာ အခန်းထောင့်လည်ကို ထိုးကြည့်သည်။ မီးအလင်းရောင် ပြန့်တာကို သတိထားမိသဖြင့် အသာထကာ အနီးကပ် လိုက်ထိုးကြည့်သည်။

နံရံလေးဖက် တစ်ဖက်စီ ကြည့်ရမည်။ ပထမဆုံး တံခါးရှိသော ဘေပေါက်ဘက် နံရံကို လိုက်ကြည့်သည်။ ကြွက်လျှောက်လို အဆင့်တွေ့မှာ ဆေးပုလင်းညည်းတွေ တစ်တန်းကြီး တင်ထားသည်။ ဆေးတွေဆိုလျှင်တော့ ကောင်းနိုင်စရာမရှိ။ ကြာလှရော့မည်။ ပြက္ခဒိန်ဟောင်းတွေကို ညှပ်ပြီး အချို့လိုက် ကပ်ထားခဲ့သော်လည်း နှစ်ကာလကြာတော့ အတော်များများ ကွာကျနေကြ၏။ ပြက္ခဒိန်ရွက်တွေက သက္ကရာဇ်သည်ပင် ဆယ်နှစ်လောက်ရှိပြီ။ လွန်ခဲ့သော ဆယ်နှစ်က နာမည်ကြီးခဲ့သော ထိုမင်းသမီးမှာ သည်အချိန်မှာတော့ အသက်အခန်းမှာ သရုပ်ဆောင်နေလေပြီ။ လွန်ခဲ့သည့် ဆယ်နှစ်တုန်းကတော့ ဆောက်တော်ချောသေးသည်။ အချို့နေရာများမှာ သတင်းစာရွက်များ ကပ်ထားသည်။ ဘံခါးနှစ်ချပ်မှာတော့ သင်္ဘောဆေး သုတ်ထားသည်။ သင်္ဘောဆေးခြောက်ခြောက်သည် အရောင်တွေလွင့်ကာ ကစုတ်ကညစ်နိုင်လှပါ၏။

ခုတင်၏ ညာဘက်နံရံဘေးမှာတော့ သံသေတ္တာနှစ်လုံး၊ သံအိတ်သေတ္တာအဖုံးပြုတ် နှစ်လုံး၊ စက္ကူပုံးကြီးများ၊ ထင်းရှူးသေတ္တာငယ်အချို့နှင့်

www.burmeseclassic.com

www.burmeseclassic.com

မုန့်ဘူးခွံအမျောင်းတွေ ရှိသည်။ မုန့်ဘူးခွံတွေက ပိတ်ထားသဖြင့် ဘာတွေရှိမှန်း မသိရ။ သေတ္တာတွေနောက်မှာတော့ အဝတ်ဗီရိုရှိသည်။ ကျွန်းဗီရိုဖြစ်၍ ယေလစ် ရောင်က ညီညီညာညာ ဖြစ်နေလေပြီ။ သစ်သားဗီရိုဖြစ်၍ အတွင်းကို မမြင်ရ။ အပေါ်ဝိုင်းတွင် မှန်တပ်ထားသည်။ ဓာတ်ပုံငယ်ငယ်ကလေးတွေကို စက္ကူချပ် တစ်ချပ်မှာကပ်ပြီးမှ စက္ကူထောင့်လေးထောင့်ကို ကော်သုတ်ပြီး ကပ်ထားသဖြင့် ခြင်နေရသည်။ ခင်စောမူက တစ်ပုံချင်း ဓာတ်မီးနှင့် လိုက်ထိုးကြည့်သည်။ ရွှေစက်တော်ဘုရား မန်းချောင်းတွင် ရေချိုးနေကြပုံ၊ ကျိုက်ထီးရိုးစေတီတော် ဝတ်ဝန်းဏ္ဍင်ပုံများ၊ ကားတစ်စီးရှေ့တွင် ရပ်ပြီး ဓာတ်ပုံအရိုက်ခံနေကြသော မိသားစု၊ စေတီတော်တစ်ဆူရှေ့တွင် ယောဂီအဝတ်အစားနှင့် ရပ်နေကြသော မိန်းမများပုံ စသည်ဖြင့် ပုံတွေ များလှသည်။ သေချာတာတစ်ခုက သံသေတ္တာများ၊ စက္ကူပုံးများ၊ မုန့်ပုံးများနှင့် ဗီရိုပေါ်တွင် ဖုန်တွေ ထုကြီးထည်ကြီး ပိုးတက်နေကြခြင်းဖြစ်၏။

ခုတင်၏ အခြားတစ်ဖက်မှာတော့ ကြိုးတန်းတစ်တန်းရှိ၍ အဝတ် ဟောင်းတွေ လုံးထွေးတင်ထားသည်။ ထိုနံရံက နောက်ဖေး ရေချိုးခန်း၊ မီးဖိုနှင့်ကပ်လျက် ဖြစ်သော်လည်း လူသွားသာသည့် စကြိုလိုနေရာကလေး ခြားတာကိုလည်း ခင်စောမူ မှတ်မိသည်။ အခန်းဖွဲ့စည်းပုံအရ ပြောရသော်လည်း တကယ်တော့ နံရံမှာ အပေါက်မရှိ။ သုံးထပ်သားတောင့်တောင့် ကာထားခြင်း ဖြစ်၏။ ထိုနံရံမှာတော့ ဘောင်တပ်ဓာတ်ပုံ လေးငါးချပ်ရှိသည်။ ဒေါ်ခင်မေသီ မပါသော မိသားစုပုံများပင်။

နောက် ခုတင်ခေါင်းရင်းဘက်...။ တစ်ဖက်ရပ် အဖိုချထားသော အိမ်ဆေားဆိုင်က တောက်လျှောက်အရှည်ကြီးဆိုတော့ ခင်စောမူ နေခွင့်ရသော သည်အခန်းနှင့်လည်း ပြိုင်နေသည်။ သို့သော် ရှိသည့်ပြတင်းပေါက်ကို အသေပိတ် ထားသဖြင့် တစ်ဖက်အဖိုချဆိုင်ကို မမြင်ရပါ။ အားလုံးကြည့်ပြီးတော့ ခုတင် အောက်ကို ငုံကြည့်သည်။ အလိုလေးလေး...။ ဘာပစ္စည်းတွေမှန်းမသိရသော အကျိုးအပဲ့တွေ၊ ဖြုတ်စဖျင်းတောင်းတွေ၊ တိုလီမုတ်စတွေ၊ အထုပ်ဟောင်း

အထုပ်ဆွေးတွေ ရှိရှိသမျှ ခုတင်အောက် ထိုးထားခြင်းဖြစ်၍ ခြင်အောင်း နေလောက်သည်။ ထိုပစ္စည်းတွေပေါ်မှာ အိပ်ရမှာပါလားလို့ တွေးမိတော့ စိတ်မသက်မသာဖြစ်ရသည်။ အခန်းက ကျဉ်းရသည့်ကြားထဲ စားပွဲတစ်လုံးက ရှိနေသေးသည်။ စားပွဲပေါ်မှာတော့ မဂ္ဂဇင်းအဟောင်းများရှိ၍ ဘယ်မဂ္ဂဇင်းမှ ဆွဲနှုတ်မာတိကာ မပါ။ တခြားပစ္စည်း နည်းနည်းပါးပါးလည်း ရှိသည်။

ထိုစဉ်မှာပင် ခြေသံကြားလိုက်ရသည်။ အေးစု၊ ဒေါ်ခင်မေသို့အခန်းက ခြေလာတာပဲ ဖြစ်မည်။ ဒေါ်ခင်မေသို့အသံလည်း ကြားရသည်။

"မခင်စောမူ အိပ်ပြီလား...မီးရောင် တွေ့သလားလို့..."

ခင်စောမူ မမြင်လောက်ဖူး ထင်တာကို မြင်ပုံရသည်။

"ဟုတ်တယ် အမေသီရေ...ခြင်ထောင်ကြိုးပြတ်လို့ ပြန်ဆက်နေတာ... ကြိုးက ကွက်တိဖြစ်နေတော့ တော်တော်နဲ့ ဆက်လို့မရဘူး...ခုတော့ ရပါပြီ"

"ကြိုးတွေ ရှိတယ်လေ...ပေးလိုက်ပါ"

ကြိုးတွေ ရှိတယ်ဆိုသော်လည်း အေးစုရော ကြိုးပါ ပေါမလား။ ကြိုးက တကယ်လိုတာလည်း မဟုတ်တော့ ခင်စောမူကလည်း အသာငြိမ်နေ ချိုက်သည်။ ငါးမိနစ်လောက်နေမှ ကြိုးတစ်ထွာတစ်ညှိုနှင့် အေးစု ရောက်လာ ပါ၏။ ခင်စောမူက ကြိုးကိုယူပြီး မျက်ရိပ်မျက်ကဲနှင့် ဘယ်လိုလဲဟု မေးသည်။ အေးစုက မျက်လုံးပြူးပြသည်။ သိပ်ပါးတာ အစ်မရဲ့ ဆိုသည့်မျက်နှာ ပေါ်လွင် နေသည်။ ချက်ချင်း ပြန်ထွက်သွား၏။ တစ်ဖက်ခန်းမှာ အေးစုတို့ လည်း ငြိသွားပြီ။ ဒေါ်ခင်မေသီလည်း အကြောတွေ လျော့သွားပြီထင်၏။ ခင်စောမူ လည်း အိပ်ချင်လာခဲ့သည်။

မနက်ဖြန်မနက် ကိုမင်းအောင်မြင့်တို့ စာရင်းတွေ ယူလာလိမ့်မည် ဆိုသည်အခန်းထဲမှာပဲ စစ်ရမှာလား။ ဧည့်ခန်းကတော့ အနည်းငယ်ကျယ်သည်ဟု ဆိုလို့ဆိုတော့လည်း သူများအိမ်မှာ ရုံးဖွင့်သလို ဖြစ်တော့မည်။ ဘာဖြစ်လို့မှာ

www.burmeseclassic.com

www.burmeseclassic.com

သွားစစ်ရင်ကောင်း မဖြစ်နိုင်ပါ။ နေ့စဉ်နှင့်အမျှ ကူသယ်ခေါက်သယ် သွားဖို့ကလည်း မလွယ်။ အိမ်အောက်က ရေချိုးကန်ကြီးဘေးမှာ ကုက္ကိုရိုပ်ရှိသည်။ အခန်းထဲတဲ့ စားပွဲနှင့် ကုလားထိုင်တစ်လုံးချက်ာ အေးအေးလူလူ စစ်ရလျှင် အဆင်ပြေနိုင်သည်ဟု ထွေးထားလိုက်သည်။ မနက်မှ ခေါင်မေသီကို ပြောရမည်။ ကြိုသိထားသည့်ကိစ္စ ဆိုသော်လည်း ခင်စောမူဘက်က ခွင့်တောင်းမှ ကောင်းမည်။

အိပ်ရာထဲ ဒုတိယအကြိမ် ဝင်ရသလိုဖြစ်လို့ ရယ်ချင်မိပြန်ပါ၏။ ခင်စောမူ အခန်းတွင်းစစ်ဆေးရေး အကြမ်းပြီးပြီ။ ညဘက်ဆိုတော့ သေသေချာချာတော့ မကြည့်နိုင်။ မနက်ဖြန် စာရင်းကိစ္စပြီးလျှင် ခုတင်အောက်ကပစ္စည်းတွေကို သေသေချာချာ ကြည့်ရမည်။ ညီစို့.စို့.အန့်.က ပျောက်မသွား။ တံခါးပိတ်လိုက်တော့ အခန်းကျဉ်းကလေးထဲမှာ ပိတ်လှောင်လိုက်သလိုရှိသော်လည်း လုံခြုံသွားတာတော့ အမှန်ပင်။ အပျိုမနှစ်ယောက် ဘယ်လိုများ နေကြမှာပါလိမ့်။ လက်ဟန်ခြေဟန်ဖြင့် စကားတွေ ပြောကြရွေ့မည်။ ခေါင်မေသီက ရောက်လာလာချင်း အိမ်လှေကားကို သမင်လည်ပြန် ပြန်ကြည့်တာကို ခင်စောမူ ပြန်စဉ်းစားသည်။

အရိပ်...။ မီးလုံးရောင်က တစ်လုံးတည်း။ ခင်စောမူ အခန်းတွင်းက ဒန်းပွင့် ထွက်သွားတာကို လှေကားက တက်လာရင်း အရိပ်ကို မြင်လိုက်ပုံရသည်။ သေတော့ မသေချာပါ။ သည်တော့ အေးစုကို ဇက်ကြောလျှောပေးရန် အကြောင်းပြကာ ခေါ်မေးတာလည်း ဖြစ်နိုင်သည်။ အေးစုက ထူးကြောင်းမျက်လုံးပြူးပြခဲ့တာ မဟုတ်လား။ သည်အိမ်ကြီးမှာ ခင်စောမူက ဧည့်သည်။ အိမ်ရှင်ကို ဧည့်သည်သုံးယောက်က ပြန်စစ်ဆေးသလို ဖြစ်နေခဲ့ပြီ။ ခုထိတော့ ခေါင်မေသီတစ်ယောက် ပြောချင်ရာပြော ကြွားချင်ရာကြွားတာပဲ ရှိသေးသည်။ ဘာမှထိခိုက်စရာ မပြော၊ မကြဲ၊ မလုပ်၊ မပြုမူခဲ့။ သို့သော် သူမတွင် လျှို့ဝှက်စရာအကြောင်းတွေတော့ ရှိကြောင်း သေချာသည်။ စောစောက ခင်စောမူ ဖတ်ခဲ့သော စာတိုကလေးက တစ်စုံတစ်ရာ အဆက်အသွယ်လုပ်နေခြင်းကို ပြနေသည်။ ပြီးတော့ အခုထိ ခေါင်မေသီ အကြောင်းကိုရော၊ ခေါင်မေသီ သွားနေကျ ဆရာမကြီး ဆိုသူအကြောင်းကိုပါ မသိရသေး။

"အို...ငါ့အလုပ်နဲ့ ဘာဆိုင်တာမှတ်လို့...ငါ့အလုပ်က စာရင်းစစ်ပြီး ပြန်ရုံပဲဟာ..."

ဟင့် ထွေးကာ ခင်စောမူ ဖြတ်ချလိုက်ရပါ၏။

မနက်ဖြန် ကိုမင်းအောင်မြင့်တို့လာလျှင် အပြင်ထွက်ပြီး တစ်ခုခု စားမည်။ မြို့အခြေအနေ ဖေးမည်။ ခေါင်မေသီအကြောင်း ပါးပါးနပ်နပ်တော့ မေးချင်သည်။ အတွေးတွေ...၊ အတွေးတွေ...။

မျက်လုံးတွေ စင်းလာသဖြင့် မှေးလိုက်ရာက အိပ်ပျော်သွားခဲ့ပါ၏။

* * *

စကားသံ...။ ဝေးလွန်းလှသော အရပ်ဒေသက ပြောနေသံလိုလို အသံတိုးကို ခင်စောမူ နိုးနိုးချင်း ကြားနေရသည်။ ညကြည့်မီးစုန်းပါသော လက်ပတ်နာရီကို ယူကြည့်လိုက်တော့ ညတစ်နာရီခွဲပြီ။ သည်အချိန်ကြီးမှာ ဘယ်သူကများ စကားတွေ ပြောနေပါလိမ့်။ ဒန်းပွင့်လား...။ အေးစုလား...။ တစ်ဖက်က အပီချ ဈေးဆိုင်ကလား။ ခင်စောမူ ငြိမ်နေလိုက်သည်။ သေချာခဲ့ပြီ။ စကားတိုးတိုးပြောသံ။ တစ်ခါတစ်ခါ စိတ်ပျက်လက်ပျက် ပြောနေသလို ကျယ်လောင်လာတတ်သည်။

"အဓိပ္ပာယ်မရှိတာ ကိုဘကောင်းရယ်...ရှင် ရှိတုန်းကလည်း ဒုက္ခပေးတယ်...မရှိတော့လည်း ဒုက္ခပေးတယ်...ရှင် သည်အိမ်ထဲ ဝင်ခွင့်ရနေတာ ကံကောင်းတယ်မှတ်ပါရှင်...အိမ်တွင်းကို တောင်းပန်ထားရတာ ရှင် သိလျက်နဲ့..."

(.....)

"ရှင် သည်စကားမပြောနဲ့...ကိုယ်ကျင့်တရားမရှိရင် ကျွန်မ သည် အလုပ်တွေ လုပ်စားလို့ မရဘူး...သွားပါ...လာမထိနဲ့...အဲသည်နာမည်ကို မခေါ်နဲ့လို့ ကျွန်မပြောထားတယ်နော်..."

(.....)

www.burmeseclassic.com

www.burmeseclassic.com

"ရှင်နဲ့ ကျွန်မ ဘဝခြားနေပြီ ကိုတာကောင်း...တောင်စဉ်ခုနစ်ထပ် ခြားနေပြီ...သမုဒ္ဒရာ ခုနစ်စင်း ခြားနေပြီ..."

ခင်စောမူ လန့်ဖျပ်သွားခဲ့သည်။ ကိုဘကောင်း ဆိုတဲ့လူ သည်အိမ်ပေါ်မှာ ရှိနေတာလား။ ဘဝခြားပြီဆိုတာက ဘာလဲ။ တစ်ဖက်က ပြန်ပြောသံကို မကြားရသော်လည်း ဒေါ်ခင်မေသိုအသံက စကားအခြေအတင် အပြန်အလှန် ပြောနေပုံဖြစ်သည်။ ခင်စောမူက တစ်ခုတော့ ထွေးမိလိုက်သည်။ ဒေါ်ခင်မေသီက အပိုတွေ လုပ်တတ်လွန်းသည်။ အမှုအရာတွေ များလွန်းသည်။ မဟုတ်တာကို ပုံကြီးချဲ့ပြီး သူ့ကိုယ်သူ အမြဲမံတင်တာတွေ ရှိသည်။ ခင်စောမူနှင့် ရုံပိုင်ကြီး ကိုကြွမ်မိုက်တို့ ရောက်လာတုန်းက ရထားလမ်းပေါက် ငန်းတော်ကျားမြွေတွေ သူပဲ ရှင်းထားသလိုလို အပြဲခဲ့တာမျိုး၊ အာဟာရသိဒ္ဓိပဲ ပြီးသလိုလို လုပ်နေတာမျိုး များလှပြီ။ အခုလည်း တံမဲလွန်က လူတစ်ယောက်နှင့် စကားပြောနေသလို လုပ်နေပြန်ပြီ။ ဒန်းပွင့်ကို ခြောက်လှန့်နေတာလည်း ဖြစ်နိုင်သည်။ ခင်စောမူကို အထင်ကြီးအောင် လုပ်နေတာလည်း ဖြစ်နိုင်ပါ၏။

ဘယ်လိုပင်ဖြစ်စေ ပြောနေတာတွေက ကြောက်စရာကောင်းသည်။ ဟုတ်တာ မဟုတ်တာထား။ သည်လိုစကားမျိုးတွေကို ယုတ္တိယုတ္တာရှိရှိ ပြောနေခြင်းသည်ပင် ကျွေးချမ်းလောက်ပါ၏။ ခင်စောမူတွင် ကြောက်စိတ်မရှိ၊ စိတ်ပျက်သွားတာပဲ ရှိသည်။ ကိုမင်းအောင်မြင့်တို့ကို ပြောရင်ကော...။ ဘန်ဂလိုမှာ သွားနေမှ ကောင်းတော့မည်။ ဒါမှမဟုတ် စခန်းကို လိုက်သွားမည်။ နောက်ထပ်တော့ ဘာသံမှ မကြားရ။ အိမ်ကြီးက တစ်ချက် သိမ့်သွားတာကို ခင်စောမူ သတိထားမိလိုက်သည်။ အမိုးသွပ်ပြားကို လေတိုးသံ တဖန်းဖန်းက မှုန်မှုန်ကြီး ထွက်ပေါ်နေသည်။ အပြင်မှာ လေတိုက်နေတာလား။ အခန်းတွင်းမှာတော့ မွန်းလျော်လျော် အနေရကျပ်လှသည်။ နောက်တော့ အသံတိတ်နေရာက တအင်းအင်း ညည်းသံတွေ ကျယ်လောင်လာသည်။

"အမေသီ...အမေသီ...ဘီလူးစီးနေပြန်ပြီထင်တယ်...အမေသီ...အမေသီ"

"အေးစု...နိုးပြီ...နိုးပြီ"

ဒေါ်ခင်မေသိုအသံက မောဟိုက် တုန်ရီနေသည့်အသံမျိုးဖြင့် "အေးစုက ဒီမှာ ရှိနေပုံရသည်။ ခင်စောမူပင် အကြောက်ပြေရာက ရယ်ချင်သွားခဲ့သည်။ ဘီလူးစီးတာတဲ့လား။ ဒေါ်ခင်မေသီ အခန်းတံခါးဖွင့်သံ၊ လျှောက်သွားသံ၊ ရေအိုးဆုံးဖွင့်သံ၊ ရေခပ်သံ၊ ပြန်လျှောက်လာသည့်အသံ။ ခင်စောမူ နာရီကြည့်တော့ နှစ်ချက်ကျော်ပြီ။

ဘီလူးတွက်သွားပြီထင်၏။ ပြန်လည်ငြိမ်သက်သွားပြန်လို့ ဖြစ်သည်။

* * *

သမုန်းကျင်း နံနက်ခင်း။

အရွာရွာက နွားလှည်းသံတွေကို ဝေလီဝေလင်းလောက်ကတည်းက ကြားနေရသည်။ လှည်းတွေက များပုံရသည်။ အဆက်မပြတ် ကြားနေရ၍ သိရ၏။ ကျောက်လမ်းပေါက ကျောက်ခဲတုံးကြီးများကို လှည်းသံပတ်ဆွေ ကြိတ်သံ၊ ချော်သံ၊ နွားခလောက်သံ၊ နွားငေါက်သံများဖြင့် စည်စည်ဝေဝေကြီး ဖြစ်၏။ သမုန်းကျင်းဈေးကို ရွာထွက်သီးနှံ ကုန်ပစ္စည်း လာရောက်ရောင်းဝယ်သော်ကြမည့် လှည်းများ ဖြစ်ပုံရပါသည်။

သည်အသံတွေ ကြားတော့ ခင်စောမူ ရွာကိုသတိရသည်။ ကြီးတော်ကို သတိရသည်။ ခင်စောမူအဖေက ရွာဆက် တောဆက်ဖြစ်ပြီး အမေနှင့် အိမ်ထောင်ကျကာမှ ရန်ကုန်သားဖြစ်ရခြင်း ဖြစ်၏။ အပျိုကြီး ခင်စောမူ ဝန်ထမ်းဘဝက အဖေ့အစ်မ ကြီးတော်က လိုက်နေပေးခဲ့ရသည်။ မြို့တကာ ပြောင်းရွေ့ခဲ့ကြသော်လည်း ပြောင်းရသမျှ မြို့တွေမှာ ကြီးတော် ပါရတာ ဖြစ်သည်။ အခုတော့ ကြီးတော် မရှိရှာတော့။

ခင်စောမူကလည်း နေတတ်ပါပြီ။ ခင်စောမူအသက်လည်း မငယ်တော့။ ဆယ်ကျော်သက်ကလေး မဟုတ်တော့။ ခင်စောမူဘဝမှာ မေ့လျော့ခဲ့ကြသူတွေ ရှိခဲ့ဖူးပါ၏။ များသောအားဖြင့် အနေနီးကြသော ရုံးဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com

ပညာရှာရွှေများဖြစ်သည်။ အရွယ်ရ ပညာတတ်တွေဆိုတော့ လူငယ်တွေလို ဝိုင်ပွဲဝိုင်းလည်း ရှိကြတာမဟုတ်။ သို့သော် သူတို့စိတ်ထဲက မရိုးသားမှုကို ခင်စောမူ နားလည်သည်။ သည့်အတွက်လည်း ရေလာမြောင်းပေးမဖြစ်အောင် ရှောင်သည်။ ခင်စောမူသဘာဝက အေးအေးဆေးဆေး နေချင်သည်။ အပူမရှာချင်တာလို့ပဲ ပြောရမလား။ ကိုယ့်ဘက်က မေတ္တာငဲ့ချင်သူတွေ မရှိမဟုတ်။ သို့သော် ခင်စောမူ၏ မထုံတက်သေး နေတတ်မှုကြောင့်ပဲ ဆုတ်ခွာသွားကြသူတွေ များခဲ့သည်။ တချို့ကတော့ အရာရှိကြီးတွေ၊ မိုးမကျခင် ရောက်လာတတ်ကြသော ပုံလွှားငှက်တွေလို၊ ငှက်ဟော်တွေလို အရောင်ပြကြတာ များသည်။ အချိန်တန်တော့လည်း ပျောက်ကုန်ကြတာမျိုးပင်။

လှည်းအီသံတွေကို နားထောင်ရင်း ခင်စောမူ မှိန်းနေလိုက်သည်။ စပ်ဝေးဝေးဆီက ဓာတ်စက်ဖွင့်သံ ကြားရ၏။ ဝေးတော့ဝေးသည်။ ညက ဘယ်အချိန်ကျမှ အိပ်ပျော်သွားခဲ့သလဲ စဉ်းစားမိပြန်၏။ ဒေါ်ခင်မေသီ ဘီလူးစီးပြီးသည့်နောက်ပိုင်း အိပ်ပျော်သွားခြင်းဖြစ်၏။ ဒေါ်ခင်မေသီ နိုးနေပုံရသည်။ တူဖျားက်ချောက် ခြေလှမ်းတွေကို ခင်စောမူ သိနေခဲ့ပါ၏။ ခဏနေတော့ ကြေးစည်ရိုက်သံ ကြားရသည်။ ကြေးစည်သံ သုံးချက်။ ဘုရားရှိခိုးသံ။ အမျှဝေသံ။ ဒါလည်း ဟန်တစ်မျိုးများလား။ ခင်စောမူက အလကားနေရင်း အတိတ်များနေမိတာကို သတိရလိုက်တော့ ရယ်လည်းရယ်ချင်မိသည်။ ဒေါ်ခင်မေသီက အသံတော့ ကောင်းသား။ ဘုရားရှိခိုး အမျှဝေပြီးတော့ ဆက်ရွတ်နေပြန်၏။ ခပ်အုပ်အုပ်ရွတ်နေသော်လည်း အိမ်ကြီးထဲမှာ အသံက လွင့်နေလေ၏။

"ဓမ္မာဒီပါ၊ သခ်္ခါပတ်ကုံး၊ ကျွန်းလုံးနံ့မျှ၊ အနန္တတွင်၊ ကြီးစွာတန်ခိုး အမျိုးမြတ်စွာ၊ ရှင်ဒေဝါတို့၊ ပြည်တော်လေးထောင်၊ စောင့်လည် ထင်ရှား၊ ရှင်နတ်များတို့၊ လျင်လျားမကြာ၊ ကြွကြွပါကုန်လော့... သီတာရေအေး၊ ခြေလက်ဆေး၍၊ အမွေးနံ့ကြူ၊ သုံးတော်မူကြ ပါလော့..." ဖြူစင်လွလွ၊ အဝတစ်ကောင်၊ ပြောင်ပြောင်ရွှန်းရွှန်း လတ်ပန်းဝန်းထက်၊ ချက်ပြုတ်စုံလင်၊ ချိုချဉ်မလွတ်၊ ဆွတ်ဆွတ်ခူးယူ

ထမင်းဖြူနှင့်၊ ထုံကြူပျံ့မွှေး၊ ဆေးကွမ်း အုန်းသီး၊ ငှက်ပျောသီးနှင့်၊ မငြီးရသာ ကျွေးမွေးပါ၏။

အိမ်မှာအမြဲစံ၊ လေ့ကားဖြစ်၍၊ အဆစ်အမျက်၊ အတက်အဆင်း၊ အတွင်းအောက်၊ ရွေးကောက်သန့်စင်၊ အိမ်တွင်တည်စိုက်၊ ထိခိုက်ဘေးဒဏ်၊ ဥပါဒ်ရန်တို့၊ ဆဲခြိမ်းမြူမှု၊ မကျရအောင်၊ စောင်မစေသား၊ နတ်အများတို့..."

ဘယ်နတ်တွေကို တိုင်တည်နေမှန်းတော့ မသိ။ ဘာအုန်းသီးမှလည်း မပါ၊ ဘာငှက်ပျောမှလည်း မတင်တာကို ခင်စောမူ သိသည်။ ဘုရားပန်းတောင်းစုက လဲလို့ လန်းလန်းလတ်လတ် မြင်နေရတာ မဟုတ်လား။ အခုလည်း နတ်တွေကို ထုံကြူပျံ့မွှေး၊ ဆေးကွမ်းအုန်းသီး၊ ငှက်ပျောဖီးနှင့်ဆိုတာ ဟုတ်သောက်ပုံမရ။ အလွတ်ရထားတာတွေ တွန်းရွတ်နေပုံရသည်။ တော်တော်လေး ရွတ်ပတ်ပြီးတော့ အိမ်အောက် ဆင်းသွားသည်ထင်၏။ အိမ်ကြီး တသိမ့်သိမ့် လှုပ်လာ၍ဖြစ်သည်။ ခဏနေတော့ ပြန်တက်လာသည်။

"မခင်စောမူတို့ မနိုးသေးဘူး ထင်ပါရဲ့...အေးစုတို့ ဒန်းမွှေတို့ အပျိုမတွေတဲ့တော်...ငါဖြင့် အရပ်ဆယ်မျက်နှာ မေတ္တာပို့ပြီးပြီ... နေမင်းကြီးကို ရေတော်ကပ်ပြီးပြီ...ထကြဦး...ကောက်ညင်းပေါင်း စားကြရအောင်..."

ခင်စောမူ ထလိုက်သည်။ အိမ်ရှင်က ကောက်ညင်းပေါင်း ဝယ်ထားသည် ဆိုမှတော့ ပေပြီးအိပ်နေလို့ မဖြစ်တော့။ ခြင်ထောင်ကို မ,တင်ပြီး အိမ်ရာကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ထားခဲ့သည်။ လက်ပွေ့အိတ်ကို စစ်ဖွင့် ကြည့်လိုက်သည်။ ပစ္စည်းတွေကို စိတ်နှင့် မှတ်လိုက်ပြီး စစ်ပြန်ပိတ်သည်။ ဓားကို အဆုံးမပိတ်ပဲ လက်မဝက်လောက် ချန်ထားခဲ့သည်။ ပြီးတော့ လက်ပွေ့အိတ်ကို အိပ်ရာခင်းပေါ်က ပန်းပွင့်အစွန်းနှင့်အညီ ချထားလိုက်သည်။ သွားပုံနှင့် ဆပ်ပြာခွက်ကိုယူကာ အိမ်အောက်ကို ဆင်းရန် အခန်းထဲက ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"မောနင်း မခင်စောမူ...ညက အိပ်ရရဲ့လား...ကျွန်မ ဘီလူးစီးသေး တယ်... ဟင်း ဟင်း...တစ်ခါတလေ စိတ်ပင်ပန်းရင် အဲသလို ဖြစ်တတ်တယ်...ဘီလူးစီးတာ သိပ်ပင်ပန်းတာ...မခင်စောမူ ဘီလူး စီးဖူးသလား..."

စောစောစီးစီး မျက်နှာမသစ်ရသေးခင် မဟုတ်တဲ့စကားတွေ ပြောရောမယ်လို့ ခင်စောမူ တွေးမိသည်။ မျက်နှာကိုတော့ ပြုံးထားလိုက်ပါ၏။ ဒေါ်ခင်မေသီ စကားကို အပြည့်အစုံမဖြေပဲ ကျွန်မ မသိလိုက်ပါဘူးရှင်လောက်ပဲ ပြောကာ လှေကားက ဆင်းလာခဲ့သည်။ ဆက်တီစားပွဲပေါ်မှာ တင်ထားသည့် ကောက်ညှင်းပေါင်း ပန်းကန်နှင့် အကြော်ပူပူရွရွကြီးတွေကိုတော့ ခင်စောမူ မြင်ဖြစ်အောင်မြင်ခဲ့သည်။ စားလည်းစားချင်ပါ၏။ ဘာစိတ်များ ရလို့ပါလိမ့်။ စောစောစီးစီးထ ဘုရားရှိခိုး၊ အမျှဝေ၊ နတ်ပင့်တွေ လုပ်နေပြန်ပြီ။ ကောက်ညှင်းပေါင်းတွေ ဝယ်ထားပြီး လူတွေ လိုက်နှိုးနေပြန်သည်။ ရေသန့်အိမ် ခဏဝင်ပြီး ခဲ့ရကန်ဘက်ထွက်ကာ ခင်စောမူ သွားတိုက် မျက်နှာသစ်သည်။

အိမ်နောက်ဖေးဘက်မှာက နေရာကျယ်လှတာတော့ မဟုတ်။ ရထားလမ်းဘက် ခြံစည်းရိုးကတော့ သစ်သားခြံစည်းရိုးဖြစ်၏။ ရထားလမ်းပေါ်မှာ ဈေးသည်တွေ လျှောက်သွားနေကြတာ မြင်နေရသည်။ ရထားလမ်းနှင့် ဒေါ်ခင်မေသိအိမ်နောက်ဖေးက မဝေးပါ။ ရထားတွေကော သွားရဲ့လားမသိ။ ခင်စောမူကတော့ ရထား တစ်ခါမှ ဖြတ်သွားတာ မကြားမိသေး။ ခဏနေတော့မှ ရေစိုမျက်နှာဖြင့် ပြန်တက်လာခဲ့သည်။ မျက်နှာအေးချင်လို့ ဖြစ်၏။ အိမ်ပေါ် ရောက်တော့ မျက်နှာသုတ်၊ Lotion ပါးပါးကလေးလူးပြီးမှ အပေါ်က ပတ်ဖန်နှင့် မီတ်ကပ်အခြောက် ပုတ်သည်။ ဗီရိုမှန်ကိုပဲ ကြည့်ရပါ၏။ နောက်တော့မှ ကျောက်ပျဉ်နှင့် မှန်ခပ်သေးသေးတစ်ချပ်ကို ညစ်ပေရေစွာ တွေ့လိုက်ရသည်။ ရှိပါစေတော့။ အဝတ်အစားလဲကာ အပြင်ပြန်ထွက်ဖို့ ပြင်ပြီးမှ အိတ်ကို စစ်ဆေးလိုက်ပါ၏။

အိတ်အစွန်းနှင့် အိပ်ရာခင်းပန်းပွင့်...။

ထော်ထော်ကို နေရာလွဲနေသည်။ ဇစ်...။ ဇစ်က အဆုံးထိ ပိတ်လျက်သား။ မှတ်မှတ်ရရ ဇစ်လက်ဆွဲကွင်းကလေးကို အိတ်ဘယ်ဘက်ကို ချခဲ့သော်သည်း အခုတော့ ညာဘက်ကို ရောက်နေသည်။ တရားခံကို အထူးရှာရန်လိုပါ။ ဆက်တီမှာ ငုတ်တုတ်ကြီးထိုင်နေသူ၏ လက်ချက်ဆိုတာ ရှင်းနေပြီ။ ဦးဆံနှိုက်တာတော့ မဖြစ်နိုင်။ ဘာကိုရှာတာလဲ။ ရှာတာကတော့ သေချာပြီ၊ အိတ်ကို လာထိတွေ့တာ၊ ဇစ်ကိုဖွင့်တာ သေချာသော်လည်း လက်ထိုးထွင်းတာမျိုးတော့ မရှိ။ ဘာပဲဖြစ်ဖြစ် လုံခြုံမှု မရှိတော့သလို ခံစားရသည်။ ခင်စောမူကို ဘာမှန်းမသိပဲ ဧည့်သည်တစ်ယောက်အဖြစ် လက်ခံသည်။ အိမ်ပေါ် ဆောင်ထားသည်။ အခရယ် နှုန်းရယ်လည်း မရှိ။ ဘာမှလည်း မပြော။ အိမ်ပေါ်မှာ အိမ်သားမဟုတ်သော လူစိမ်းတစ်ယောက် တင်ထားရတာ ဘာဝန်ကြီးသည်။ ထွက်လပ်မှ လျော့သည်။ သို့သော် အိမ်ပေါ်မှာ လူတင်ထားခြင်းသည်ပင် ဒေါ်ခင်မေသိ၏ ပရိယေသနဆိုတော့ လာတည်းသမျှလူတွေကို လက်ခံရတော့သည်၊ ခင်စောမူ သိရသလောက် ဆေးလာကုကြသူတွေသာ များသည်။ ဆေးကုပဲ တာဝန်တစ်ခုနှင့် ရောက်လာပြီး တည်းတာမျိုးတော့ နည်းလိမ့်မည်ထင်ပါ၏။ သည်အထိက ကိစ္စမရှိပါ။ လက်ခံရသူအဖို့လည်း ဝင်ငွေရသည်။ ထည်းရသူအဖို့လည်း ကူနေရသည်။ နှစ်ဦးနှစ်ဖက် အဆင်ပြေရသည့်ကိစ္စပင်။ ဒီသော် သည်ကြားထဲမှာ ရိုးသားမှုတော့ လိုသည်၊ အချင်းချင်း စောင့်ရှောက်မှုတော့ လိုသည်၊ ယုံကြည် ကိုးစားမှုတော့ လိုသည်ဟု ထင်သည်။

သည်ထက်ကြာလို့ မကောင်းတော့ ခင်စောမူ အခန်းအပြင်ကို ထွက်ခဲ့သည်။ ခဏနေတော့ ဒန်းပွင့်နှင့် အေးစုတို့ မျက်နှာသစ်ပြီး ရောက်လာသဖြင့် ဆက်တီဟောင်း ဖုန်ချိုးတက်မှာ လူပြည့်သွားလေ၏။

"အေးစုတို့ကတော့ သမုန်းကျင်းကောက်ညှင်းပေါင်း ရိုးနေပါပြီ... မခင်စောမူ စား...နှမ်းဆီလေးလောင်းပြီး နှမ်းထောင်းကလေး ခြစ်ထား တာ...ကောက်ညှင်းပေါင်းနဲ့ အကြော်နဲ့ သိပ်လိုက်တာ... ကျွန်မအိမ်သား ရှိတုန်းကများ..."

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်မေသီ စကားချော်သွားတာလား၊ တမင်ပြောပြီးမှ ရပ်လိုက်တာလား တော့ မသိ။ စကားပြတ်သွားသည်။ ခင်စောမူက ဘာမှအရေးမကြီးသလို ကောက်ညှင်းပေါင်းတစ်ဆုပ်နှိုက်ပြီး ဆုပ်လိုက်သည်။ ပူပူနွေးနွေး၊ စေးစေးဆန်းဆန်း။ မတ်ပဲကြော်ကလည်း ကြွကြွပွပွ ရွရွကလေး။ ကောက်ညှင်းပေါင်းက အဖြူတစ်ခြမ်း၊ ငချိတ်တစ်ခြမ်း။ တိုက်ပန်းကန်ကြီးထဲမှာ မောက်နေသည်။ အေးစုကလည်း နှိုက်ပြီး ဒန်းပွင့်ကို တစ်ဆုပ်ပေးသည်။ ဒေါ်ခင်မေသီက ပါးလိုက်တာ လုစ်လို့။ မထင်သောစကားနှင့် ပြန်ဆက်ပါ၏။ ကောက်ညှင်းပေါင်း အဖြူနှင့်အမည်းကို ပြသည်။

"အဖြူနဲ့အမည်း...ကျွန်မတို့ပညာနယ်မှာ အလင်းနဲ့အမှောင် ဆေါတယ် မခင်စောမူရဲ့...ကမ္ဘာလောကကြီးကို ကြည့်လေ...နှစ်မျိုး ရှိတယ်...အလင်းနဲ့အမှောင်...လူ့စိတ်လည်း သည်လိုပဲ နှစ်မျိုး ရှိတယ်...အလင်းနဲ့အမှောင်ပဲ...လူ့ကံကြမ္မာလည်း အလင်းနဲ့ အမှောင်ပဲ...ကုသိုလ်နဲ့ အကုသိုလ်ဆိုတာလည်း အလင်းနဲ့အမှောင်ပဲ...ဘုံခန်းနဲ့ ငရဲခန်းဆိုတာကလည်း အလင်းနဲ့အမှောင်ပဲ...မဆန့်ဖူးလား...ညက ကျွန်မ လူစိတ် လွတ်သွားတယ်...ဘီလူးစီးတာ... ကျွန်မ မွန်းကြပ်နေတာပဲ...မနက်ကျတော့ ဘုရားတွေ နတ်တွေ ရှိခိုးကန်တော့တယ်...စိတ်ချမ်းသာသွားတယ်...ညနဲ့ မနက် မတူဘူး...အလင်းနဲ့အမှောင် တစ်လှည့်စီ သွားနေတာ"

ခင်စောမူက ထူးဆန်းသည့်စကားတွေ ကြားရလေခြင်း ဆိုသည့်မျက်နှာဖြင့် ကြည့်နေခဲ့သည်။ ကြော်...ဟုတ်သားပဲနော် ဆိုတာမျိုးဖြင့် စိတ်ဝင်စားသွားလုပ်နေခြင်းဖြစ်သည်။ အမှုအရာ မပို့ရန်လည်း သတိထားရသည်။ သူမမသိအောင် အိတ်ထဲရှာတာလည်း အလင်းအမှောင်နေမှာပဲလို့ တွေးမိသေးသည်။ ခင်စောမူက ညက ဒေါ်ခင်မေသီ ဘီလူးစီးတာ မကြားမိကြောင်း ပြောထားမိတော့ ငြိမ်နေလိုက်သည်။ အေးစုကလည်း ဘာမှဝင်မပြော။ ဒန်းပွင့်ကတော့ ခေါင်းပင် မမော့ရှာ။

"ဟုတ်ပါရဲ့ရှင်...အမေသိပြောလိုက်တော့လည်း လင်းသွားတာပဲ...မြန်မာ့ဆေးပညာမှာ နေနဲ့လ ဆိုတာတော့ ကြားဖူးပါတယ်...ဖတ်ဖူးတာပေါ့လေ...အလင်းနဲ့အမှောင်သဘောကို သတိမထားမိပဲဘူး"

ဒေါ်ခင်မေသီက ပြုံးသည်။ သည်မနက်တော့ သနပ်ခါးမလိမ်းပဲ မျက်နှာပေါ်ကပါးပါးကလေး လိမ်းထားသည်။ ဘလောက်စ်အင်္ကျီက ပန်းပွင့်ဝါဝါနှင့် ဒီဇိုင်းမွှေးရောင် ဖောက်ထားသည့် ဒီဇိုင်းဖြစ်သည်။ ထဘီက အညို။ လက်မှာ နာရီးပတ်ထားသည်။ ဓာတ်လက်စွပ်လို လက်စွပ်တစ်ကွင်းကို စွပ်ထားသည်။ ထက်ကလေးတွေက ငယ်ငယ်က တော်တော်လှလောက်သည်။ သွယ်သွယ်ဖြူဖြူလေးတွေ။ မျက်ရစ်ကလေး ညိုချင်တာကလွဲ၍ မိန်းမချောဆိုတာတော့ သေလွင်လှပါ၏။ ခင်စောမူ စဉ်းစားနေခိုက်မှာပင် ဒေါ်ခင်မေသီက ကောက်ညှင်းပေါင်းအဖြူနှင့် ငချိတ်ကို ခြားထားသည့်အလယ်က မျှပြီး တစ်ဆုပ်လှမ်းကုပ်သည်း ပြီးတော့ လက်ထဲမှာ ဖီခနဲ ဖီခနဲ ဆုပ်သည်။ ဒန်းပွင့်ကို လှမ်းပေးသည်။

"စား ဒန်းပွင့်...အဖြူနဲ့အမည်းကို အဖြူနဲ့အမည်းနဲ့ ချေရတယ်...ညည်းစိတ်က လင်းလိုက် မှောင်လိုက် ဖြစ်နေတာ အမေသိတယ်...အမေ့စကား နားထောင်ပါ...ညည်းကို အမေ နားလည်တယ်...ညည်းက အမေ့ကို နားမလည်ဘူး...အမေတို့က ဆေးနဲ့ကုတာ မဟုတ်ဘူး...ပညာနဲ့ကုတာ... ညည်းမသိပဲလည်း ကုနေတာပါ"

ဒန်းပွင့်ကို ချော့တာလား၊ ခြိမ်းခြောက်တာလား မသိနိုင်သော စကားဆိုပြောင်။ ခင်စောမူမှာ ဒန်းပွင့်က ပြန်ပက်လိုက်မှာပဲ စိုးနေသည်။ ဒန်းပွင့်က အာမေဋိတ်ပါ။ ဒေါ်ခင်မေသီ ကမ်းပေးသော ကောက်ညှင်းဆုပ်ကို ကိုင်ရင်း ငေးနေတာပဲရှိသည်။ ဒန်းပွင့်က ရုံ့နေပုံရသည်။ ခင်စောမူက ချက်ချင်းဝင်လိုက်သည်။

"ဒန်းပွင့် စားလေ...ဝပြီလား...ပေး ပြန်ထည့်...အစ်မစားလိုက်မယ်..ကောင်းလိုက်တဲ့ ကောက်ညှင်းပေါင်း...သမုန်းကြီး ကောက်ညှင်းပေါင်း ဆိုပြီး ရန်ကုန်ယူရောင်းရင် သူဌေးဖြစ်ပြီ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်မေသီကလည်း ပါးလွန်းလှပါ၏။ မျက်နှာတစ်ချက် ပျက်သွားရာက ခပ်ဆတ်ဆတ်ရယ်သည်။ ခင်စောမူက သူ့ဟာသကို သူကိုယ်တိုင် သဘောကျပုံဖြင့် ရယ်လိုက်သည်။ သည်တော့မှ ဒန်းပွင့်က ပြုံးလေသည်။ ကောက်ညှင်းတစ်ဆုပ် သွေ့လက်ဖြင့် နို့က်ယူပြီး စားနေခဲ့ပါ၏။ ဒေါ်ခင်မေသီကောက်ညှင်းဆုပ်ကတော့ ပန်းကန်ထဲမှာ သည်အတိုင်း။ စကားနည်းနည်းပါးပါး ပြောပြီးသည်နှင့် ဒေါ်ခင်မေသီ သူ့အခန်းဘက် ထသွားသည်။ ခင်စောမူလည်း ထလာခဲ့၏။ ကနေ့မနက် ဆယ်နာရီလောက် ကိုမင်းအောင်မြင့်တို့ လာကြလိမ့်မည်။ ကိုးနာရီလောက် ရောကလေးမိုးကလေး ချိုးရမည်။

အခန်းထဲ ပြန်ရောက်တော့ တံခါးချက်ထိုးကာ လက်ပွေ့အိတ်ကို အိပ်ရာပေါ် သွန်ချလိုက်၏။ ကျလာသည့် အမယ်တွေကို တစ်ခုစီ ပြန်ထည့်သည်။ ငွေစက္ကူအချို့က အိတ်ကြီးထဲမှာ ထည့်ထားသဖြင့် ပိုက်ဆံအိတ်ထဲမှာ အသေးသုံးလောက်သာ ထည့်ထားခဲ့သည်။ တစ်ထောင်တန် စက္ကူတွေကို သားရေပင်နှင့် စည်းထားတာ အရာမယွင်းပါ။ တခြားပစ္စည်းတွေကတော့ စာရွက်အချို့၊ အလှပြင်ပစ္စည်းအချို့၊ ဘုရားရှိခိုးစာအုပ်၊ ဒိုင်ယာရီစာအုပ်၊ မျက်နှာသန့်စင်သည့် tissue ထုပ်အချို့၊ အလွယ်သောက်ဆေးအချို့ ထည့်ထားသည်ဟူး၊ ရှုဆေးတောင့်၊ သော့များနှင့် ထွေလီကာလီ ကလေးတွေသာဖြစ်၏။ ဘာမှတော့လည်း ပျောက်တာမရှိ။ ရထားပေါ်မှာ အမေကြေးစည် ပေးလိုက်သော ပစ္စည်းကလေးကလည်း ဘေးကပ်အိတ်ထဲမှာ ရှိသေးသည်။

လက်စနှင့် ထိုပစ္စည်းကလေးကို ထုတ်ကြည့်လိုက်သည်။ ကျောက်ပြားမည်းကလေးဖြစ်၍ ထိပ်တွင် အပေါက်ရာကလေး ပါ၏။ လေးထောင့်စပ်စပ် ဘာင်ခတ်ထားသော အင်းကွက်လို အကွက်တစ်ကွက် ရေးထားတာကလွဲ၍ အခြား ဘာစာမှမပါ။ နောက်ဘက်မှာတော့ ကြေးစည်ရုပ်ကလေး ထွင်းထားသည်။ ဒိုင်ယာရီကိုထုတ်ပြီး ဟိုလှန် သည်လှန်လုပ်ကြည့်သည်။ ဘာမှပျောက်တာ မရှိ။ ဒါဖြင့် ဘာများရှာတာပါလိမ့်။ ခင်စောမူ အိတ်ကို ပိတ်လိုက်ပြီး ခုတင်ပေါ် အသာလှဲသည်။ ဒန်းပွင့်က ဒေါ်ခင်မေသီ ဆုပ်ပေးသည့် ကောက်ညှင်

ခေါင်းကို မစားတာ သတိရမိပြန်သည်။ ကြားက ခင်စောမူကပါ ဝင်ဟန့်လိုက်သလို ဖြစ်သွားတာကို ဒေါ်ခင်မေသီ ကြည့်ပုံမရ။ ခင်စောမူက သူ့ကိုယ်သူလည်း ဒဲ့စားသည်။ ဘာကြောင့် သည်လိုလုပ်မိပါလိမ့်။

ခင်စောမူမျက်လုံးက အခန်းတစ်နေရာကို ရောက်သွားခဲ့သည်။ မာတ်ပုံ...။ ညတုန်းက သူ မာတ်မီးထိုးကြည့်ခဲ့သည် မာတ်ပုံ။ ငယ်ရွယ်သူ နှစ်ဦးမောင်နှံနှစ်ယောက် ရိုက်ထားသည့် မာတ်ပုံ။ မာတ်ပုံဘောင်နှင့် မှန်က ညှပ်မှန်မှန်ဖြစ်နေသဖြင့် ခင်စောမူ ထကြည့်သည်။ အစတော့ ဘယ်သူ့ဘယ်ဝါမကွဲ။ နောက်တော့မှ ဒေါ်ခင်မေသီ ငယ်ငယ်ကပုံဖြစ်နေမှန်း ပုံဖမ်းလို့ ရလာသည်။ ပုံထဲမှာ ယောကျ်ားတစ်ယောက်နှင့် ယှဉ်ရပ်ရင်း မာတ်ပုံကင်မရာကို ကြည့်နေကြပုံ ဖြစ်၏။ ယောကျ်ားဖြစ်သူက မျက်နှာကြီး ရှည်လွန်းလှသည်ကော။

"အို ...ဟုတ်သားပဲ....ရှည်လိုက်တဲ့ မျက်နှာကြီး...ဘာလူမျိုးပါလိမ့်...ရုပ်ကတော့ ဗမာရုပ်မျိုးပါ"

ခင်စောမူ အံ့သြနေခဲ့သည်။ မျက်နှာသွယ်သူ၊ မျက်နှာလျသူတွေတို့ မြင်ဖူးလှပြီ။ သည်လို ရှည်မျောမျောမျက်နှာမျိုးတော့ ခင်စောမူ တစ်ခါမှမမြင်ဖူးခဲ့။ လူ့ခန္ဓာကိုယ်မှာ မြင်းခေါင်းကြီးဘပ်ထားတာနှင့်ပင် တူသည်။ ပုံထဲက ဒေါ်ခင်မေသီကတော့ ချောလွန်းလှပါ၏။ အိမ်ထောင်ဖက်နှင့်ပင် မလိုက်ဖက်တဲ့ပုံက ပုံသေးကို ချဲ့ထားပုံရသဖြင့် နဉ်းနဉ်းတော့ ဝါးသည်။ ပြီးတော့ အသိုးရောင်။ မာတ်ပုံပေါ်မှာ ခုနှစ်သက္ကရာဇ်ကို ရှာကြည့်သည်။ စာတစ်ကြောင်း ဘာလေကို ရှာကြည့်သည်။ ယုတ်စွအဆုံး ရိုက်ကူးခဲ့သည့်မြို့နှင့် မာတ်ပုံဆိုင် အမည်ကိုပါ တွေ့ရလေမလား ရှာကြည့်သော်လည်း ဘာမှမပါပါ။ မာတ်ပုံတကြောတော့ကြာပြီ ဆိုတာလောက်သာ မှန်းဆနိုင်သည်။

ခင်စောမူ မာတ်ပုံကို ကြည့်ရင်းဖြင့် ညတုန်းက ဒေါ်ခင်မေသီ ဘီလူးစီးရင်း စကားတွေပြောနေတာကို ကြားယောင်နေခဲ့သည်။ ဘီလူးစီးတာ ဟုတ်ရဲ့လား။ ညတုန်းကတော့ သည်အမျိုးသမီးကြီး ဂိုက်တော်ပြုလို့

www.burmeseclassic.com

www.burmeseclassic.com

ထင်ခဲ့သည်။ လူအထင်ကြီးအောင် လုပ်နေတာပါဆေလို့ ခပ်ပေါ့ပေါ့ သဘောထားခဲ့သည်။ သည်မနက်မှာတော့ တကယ်များ ဟုတ်နေရင်ကော ဆိုသည့် စိတ်ကလေး ဝင်ခဲ့ရပြန်ပြီ။ သေသေချာချာ စဉ်းစားကြည့်တော့လည်း သည်လို ခေတ်ကာလမျိုးမှာ လူတစ်ယောက်က လူတစ်ယောက်ကို အပင်းတိုက်၊ အဓိပ်းတိုက်၊ နတ်တိုက်၊ ဓာတ်တိုက် လုပ်လို့ ရနိုင်ပါ့မလား။ မဖြစ်နိုင်တာ။

အခုပဲကြည့်လေ...။ ဘဝအမောများနှင့် ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ရသော် တောသူတောင်သားတွေအပေါ် ဆန်းကြယ်သော ဖိစီးမှုတစ်မျိုးဖြင့် အနိုင်ကျင့်နေတာပဲ မဟုတ်လား။ ဗေဒင်ပညာ၊ ဆေးပညာ၊ ဂါထာမန္တရားများ၊ ဝိညာဉ်လောက၊ ပရလောက ဆိုတာတွေကို ခင်စောမူ မယုံတာလည်း မဟုတ်၊ ယုံတာလည်း မဟုတ်။ မရှိဘူးလို့လည်း မငြင်းနိုင်သလို၊ ရှိသည်လို့လည်း အာမခံနိုင်။ သည်အနီးအနားက ရွာတွေမှာ အသိမဲ့ အကြားမဲ့ နေထိုင်ကြသော တောသူတောင်သားတွေခမျာတော့ အားထားစရာ၊ တိုင်ပင်စရာ၊ အကြံဉာဏ် တောင်းစရာ ဆရာတစ်ဆူလို ဖြစ်နေတာလည်း အမှန်ပင်။ ထိုကိုးစားမှု၊ အားထားမှုကို အမြတ်ထုတ်ခြင်းကတော့ ရုပ်ဆိုးသည်ဟု ခင်စောမူ ထင်သည်။ ဒန်းပွင့်ကိုပဲကြည့်။ ခင်စောမူ ကြားရသလောက်အထိ ဒန်းပွင့်စကားတွေမှာ ယုတ္တိမဲ့တာ မပါ။ ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းမရှိ။ တောရောက် တောင်ရောက်လို့ ပြောရလောက်အောင်ကလည်း မူမှန်စိတ်ရှိသူ မိန်းကလေးတစ်ယောက်လို ရှိနေတာပဲ မဟုတ်လား။

"အေးစုတို့ ရွာလူကြီး သွားရှာကြမလို့ဆို...လှည်းဆိပ်ကို သွားချင်သွားကြလေ...ဒန်းပွင့် ခဏတစ်ဖြုတ် လိုက်ချင်လိုက်သွား ..ပြောလိုက်ပါလေရဲ့...ရွာကို ငါမ,သိအောင်ပြန်တာ လက်မခံဘူး ..ရွာပြန်လည်း ဒုက္ခရောက်မှာပဲ သိလား...ညည်းတို့က အပျိုတွေ ..ညည်းတို့က ယေ့ပေါ့တွေးချင်တွေးမယ်...ငါက တာဝန်ယူထားရတာ မမေ့နဲ့ ...လမ်းမှာ တစ်ခုခုဖြစ်ရင် စ,ရှင်းရမှာက ငါ...။ မခင်စောမူတို့ ရုံးကဆရာတွေမလာခင် ပြန်ခဲ့ကြ...ကြားလား...မြို့စွန်က အိမ်ကြီး

မှာ ငါရှိမယ်...အပ်ပွဲတစ်ပွဲရှိလို့ တစ်မနက်လောရှိ ကြာမယ်... ဟင်းချက်စရာ ရှိရဲ့လား..."

"ရှိတယ် အမေသီ...ကျီသားခြောက်တွေ ရှိသေးတယ်...မီးဖုတ်အား လိုက်တော့မယ်"

ဒေါ်ခင်မေသို့အသံက ကရုဏာလိုလို၊ ခြိမ်းခြောက်တာလိုလို။ ဒန်းပွင့်ကို အိမ်ပေါ်မှာချည်း တုတ်နှောင်လှောင်ပိတ်ထားတာမျိုး မဖြစ်အောင် ဧကတစ်ဖြုတ် လွှတ်လိုက်တာပဲဖြစ်မည်။ လှည်းဆိပ်ရောက်မှ ရွာပြန်ပြေးမှာကိုလည်း သိပုံရသည်။ ရွာပြန်ပြေးလည်း သူ့လက်ထဲ ပြန်ရောက်မည့်ပုံမျိုး ပြောလိုက်သေး၏။ မြို့စွန်က အိမ်ကြီးမှာ သူရှိနေမယ်ဆိုတာကလည်း ဟုတ်ခွင့်မှဟုတ်မည်။ ဒန်းပွင့်တို့ကို လမ်းတစ်နေရာက စောင့်အကဲခတ်တာ ဖြစ်ချင်လည်းဖြစ်နိုင်သည်။

သူတို့ သွားကြတော့မတဲ့...။ ကိုမင်းအောင်မြင့်တို့ လာမှာက ဆယ်နာရီလောက်ဆိုတော့ ကြားထဲမှာ နှစ်နာရီလောက် သည်အိမ်ကြီးပေါ် ခင်စောမူတစ်ယောက်တည်း နေရမှာပါလား။ ခင်စောမူ အသာငြိမ်နေလိုက်သည်။ အဖုံးတွေ စုတ်နေသော မဂ္ဂဇင်းပုံထဲက မဂ္ဂဇင်းတစ်အုပ် ထ,ယူကာ ဖတ်နေခဲ့သည်။ ခင်စောမူကို နှုတ်ဆက်ပြီး ဒေါ်ခင်မေသီ ဆင်းသွားခဲ့ပြီ။ ဒန်းပွင့်နှင့် အေးစုတို့ကိုပါ တစ်ပါတည်း ခေါ်သွားခြင်းဖြစ်၏။ ခင်စောမူ မဂ္ဂဇင်းစာအုပ်ကို ကိုင်ရင်း လှေကားထိပ်အထိ လိုက်ပို့သည်။

"အေးစုရေ...အစ်မ ဆရာမင်းအောင်မြင့်တို့လာရင် လိုက်သွားချင် သွားရမှာနော်...မြန်မြန်တော့ ပြန်ခဲ့ကြဦး"

"စိတ်ချ မခင်စောမူ...ကျွန်မ မှာထားပါတယ်...တကယ်လို့ ဆရာတွေ လာလို့မှ သူတို့ပြန်မရောက်ရင်လည်း လိုက်သာသွား...တံခါးတွေဖွင့်ခဲ့ ဘယ်သူမှ မနိုးဝံ့ဘူး"

ခင်စောမူ ပြန်လှည့်လာခဲ့သည်။ အခန်းထဲက ဓာတ်ပုံတွေ၊ လူပုံးတွေကို တစ်ပုံချင်း ကြည့်ရမည်။ ခုတင်အောက်က ပစ္စည်းတွေကို ထုတ်ကြည့်ရ

www.burmeseclassic.com

www.burmeseclassic.com

မည်။ အိမ်အပျိုကြီးဆင်းကာ အိမ်ကြီးကို ရထားလမ်းဘက်က မျှော်ကြည့်ချင်သေးသည်။ ခင်စောမူ ဆက်တိုပေါ်မှာပဲ ထိုင်လိုက်သည်။ ရေကလေးတစ်ပေါက် ခြေရုံမှာကလည်း ရှိသေးသည်။ ဘာပဲဖြစ်ဖြစ် စာရင်းပေါ်မှာမူတည်ပြီး နောက်ထပ် သုံးလေးရက်လောက်တော့ နေရဦးမည်။

ထိုစဉ် တံခါးဝက အော်သံကြားလိုက်ရသည်။ အေးစုအသံ...။ တစ်ယောက်တည်း တက်လာခြင်းဖြစ်၏။ ခင်စောမူ ဆက်တိုကုလားထိုင်မှာ ထိုင်နေတာတွေ့တော့ ပြုံးပြသည်။ ခင်စောမူကို ဘာမှမပြောပဲ ဒေါ်ခင်မေသို အခန်းဘက် ဝင်သွားသည်။ အပြန်မှာတော့ ပဝါတစ်ထည် ကိုင်လျက်။

"အမေသို့ဆေးပဝါ ကျန်ရစ်ခဲ့လို့ ပြန်ပြေးယူတာ...ကျွန်မတို့ ပြန်လာမှာ အစ်မ"

"အေး...နေဦး...၊ ငါမေးစရာရှိလို့...ကိုဘကောင်းဆိုတာ ဘယ်သူတုံး"

"အမေသို့ယောကျ်ား အစ်မ ..သေတာကြာပြီလေ..."

အေးစုက ဒါပဲပြောပြီး ပြေးဆင်းသွားတော့သည်။ ကြာကြာနေဝံ့ပုံမရ။ ခင်စောမူသာ ရင်တုန်ပန်းတုန် ကျန်ရစ်ခဲ့ပါ၏။ ကိုဘကောင်း ဆိုတာ အမေသို့ယောကျ်ား...။ ဓာတ်ပုံထဲကလူက ကိုဘကောင်းပေါ့...။ မျက်နှာရှည်ရှည်ကြီးနဲ့လူ...။

ခင်စောမူမှာ အိမ်ကြီးပေါ်မှာ နေရတာ မသိုးမသန့် ဖြစ်လာသဖြင့် လေကားက ဆင်းလာခဲ့သည်။ အိမ်အောက်ရောက်ကာမှ ရေချိုးထားဖို့ သတိရလိုက်သည်။ ကိုမင်းအောင်မြင့်တို့လာလျှင် အဆင်သင့်ဖြစ်မှ ကောင်းမည်။ ရှာပုံတော်ဖွင့်တာကိုတော့ ကြုံမှ လုပ်တော့မည်။

ခင်စောမူ အက်ိုချွတ်နေစဉ်မှာပင် လေကားပေါ် လူတက်လာသလို အိမ်တစ်အိမ်လုံး သိမ့်သိမ့်ခါသွားလေသည်။

■

(၆)

အက်ိုချွတ် ရင်ကလေးရှားပြီး ရေချိုးမယ်လုပ်ကာမှ အိမ်ပေါ် ဘယ်သူတက်လာပါလိမ့်။ ခင်စောမူ စိတ်ကသိကအောင့် ဖြစ်သွားခဲ့ရသည်။ တစ်ခုက်တစ်ထည် ကောက်ခြုံကာ တံခါးကို အသာလှပ်ကြည့်လိုက်သည်။ ဘယ်သူမှ မရှိ။ အိမ်ကတော့ လှေကားပေါ် လူတက်လာတိုင်း တသိမ့်သိမ့်လှုပ်နေသလို လှုပ်နေတုန်း။ လှေကားကြီး သည်လောက်မရှည်ပါပဲလျက် ဘယ်နယ်ကြောင့် လူလုံးပေါ်မလာရတာလဲ။ ခင်စောမူ စိတ်မရှည်နိုင်သဖြင့် တံခါးဘက်ကို ထွက်လာခဲ့သည်။ အိမ်ကြီးပေါ်မှာ သူတစ်ယောက်တည်းဆိုသည့် အသိကြောင့် နှည်းနည်းတော့ ချောက်ချားသလိုလို ဖြစ်ရပါ၏။ လှေကားဝရောက်လို့ ငုံ့ကြည့်တော့လည်း လူမရှိ။ ဘယ်သူမှ တက်မလာ။ ဒါဖြင့် အိမ်ကြီးက ဘာကြောင့်များ လှုပ်နေရတာလဲ။ ခင်စောမူ လှေကားဝမှာရပ်ရင်း ခဏတော့ ငေးစားသည်။ စဉ်းစားမရတော့လက်စနှင့် ရေဆင်းချိုးလိုက်သည်။ အိမ်ပေါ်ပြန်ရောက်တော့ လှေကားဝက တံခါးကို စေ့ထားခဲ့ကာ အခန်းထဲ ပြန်ဝင်လာခဲ့သည်။ မျက်နှာကလေး လိမ်းခြယ်၊ အဝတ်အစားကလေး လဲဖယ်နေတုန်း အိမ်ကြီးက သိမ့်ခနဲ လှုပ်လာပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"အိမ်ရှင်တို့...မဘယ်သူတို့..."

သူညအသံ ကြားဖူးသည်။ ခင်စောမူ အခန်းထဲကထွက်ပြီး အသံရှင်ကို ကြည့်လိုက်တော့ ရုတ်တရက်ဆို လန့်များတောင် လန့်သွားမိပါ၏။ ကိုကြွိမ်ပိုက်...။ အင်ကြင်းတောဘုတာရုံပိုင်ကြီး ကိုကြွိမ်ပိုက်က အနွေးထည် အထုပ်ထုပ်နှင့်ဖြစ်၏။ လူက ပိုလို့တောင် အရိုးပေါ်အရေတင် ဖြစ်သွားသည် ထင်ရပါသည်။ ကိုကြွိမ်ပိုက်ကို တွေ့လိုက်ရသဖြင့် ခင်စောမူ ဝမ်းသာသွား သည်။ ကိုကြွိမ်ပိုက်က လူတစ်မျိုးဆိုပေသိ စိတ်ကောင်းနှလုံးကောင်းရှိသည်။ ဘာပဲဖြစ်ဖြစ် လူမရှိသော သည်အိမ်ကြီး မှာ အဖော်ရောက်လာသလို ခံစားရ သဖြင့် ခင်စောမူမှာ အားပါတရ နှုတ်ဆက်မိသည်။

"ရုံပိုင်ကြီးလာတာ ဝမ်းသာလိုက်တာရှင်...ကျွန်မဖြင့် လိုက်ပို့တဲ့ ညက အချိန်မီမှ ရောက်ပါ့မလား တွေးပူမိသေးတယ်...နေမကောင်း ဘူးလား...အနွေးထည်တွေနဲ့..."

ကိုကြွိမ်ပိုက်က ဆက်တီတွင် ဝင်ထိုင်သည်။ သူထိုင်နေကျအတိုင်း ခက်ကြီး နောက်လှန်ကာ တောင့်တောင့်ကြီး ထိုင်ခြင်းဖြစ်၍ မျက်လုံးတွေပါ လှန်ထားသည့်အတွက် မျက်ဖြူကြီးလန်သလို ရှိနေခဲ့သည်။ ခင်စောမူကလည်း မျက်နှာချင်းဆိုင် ဆက်တီခုံမှာ ထိုင်လိုက်သည်။

"ခင်ဗျားပို့ပြီး ပြန်လာတဲ့ညက ဖျားတာပဲ...အခုတော့ သက်သာပါ ပြီ...အဖျားငွေ့ငွေ့ရှိသေးလို့ အနွေးထည်တွေ ထပ်ဝတ်ထားရတာ... ကျုပ်မလည်းဗျာ...ကျုပ်လက်ထောက်ကောင် မိန်းမခိုးပြေးလို့လေ... သူ ဝက်စာယူတဲ့ရွာက ကောင်မလေး ခိုးပြေးတာ...မိန်းကလေး မိဘတွေက ကျုပ်ရှန်လာလုပ်လို့...ကျုပ်ဖြင့် အရိုက်ခံရရော အောက်မေ့ တာ...ဘယ်နယ်ဗျာ...ခိုးပြေးတာက တစ်ယောက်...ရန်လုပ်ခံရတာ က တစ်ယောက်"

"ဖြစ်ရလေရှင်...ဒါနဲ့ ဘယ်လိုပြီးသွားတာလဲ...ကလေးမလေး ပြန်ရှာ ပေး ရရောလား..."

"ကျုပ်ကောင်က ဘူတာပစ်ပြီး အကြာကြီးရှောင်နေလို့ ဘယ်မှမှာ တုံး...ပြန်လာရမှာပေါ့...ကျုပ်က တစ်ခုတော့ ပြောပိုက်တယ်... ကျုပ်ကောင်က ခင်ဗျားတို့သမီး ယူသွားတယ်...အဲသည်တော့ ခင်ဗျားတို့က ကျုပ်ကောင် မွေးထားတဲ့ ဝက်နှစ်ကောင် ယူသွား တော့ဆိုတော့မှ ငြိမ်သွားကြတာလေ...သမီးနဲ့ ဝက်နှစ်ကောင်နဲ့ လဲတဲ့သဘောပေါ့..."

ခင်စောမူက ရယ်သော်လည်း ကိုကြွိမ်ပိုက်က မရယ်ပါ။ တရား သဖြင့် ဆုံးဖြတ်ချက်ချနိုင်ခဲ့သော တရားသူကြီးကဲ့သို့ 'ကိုင်း...ကျုပ် မပိုင် ဘူးလား' ဆိုသည့်ပုံဖြင့် ခပ်မဆိတ် ငြိမ်လျက်ရှိ၏။ ကိုကြွိမ်ပိုက်က လျှော်လျှောကြီးထိုင်ရာက ပြန်မတ်လိုက်ပြီး အခန်းဘက် အကဲခတ်သည်။ ပြီးမှ ခင်စောမူကို မေးသည်။

"ဘယ့်နယ်တုံး...အဆင်ပြေရဲ့လား...ကျုပ်က စိတ်ရောက်နေတာ ပါဗျာ...အရောင်းစာရေးမတော့ အခြေအနေ ကောင်းလောက်ပါရဲ့ လို့..."

"စာရင်းစစ်ပါရှင်...လုပ်တော့မယ်...နာမည်ကော မှတ်မိရဲ့လား..."

"အဲ...ဟုတ်ပါရဲ့...စာရင်းစစ်...ကျုပ်က ဝါးတားတားရယ်... နာမည်တော့ မှတ်မိပါဗျာ...မစောညွန့် မှုတ်လား..."

မစောညွန့်...။ ကိုကြွိမ်ပိုက်က ဘယ်လိုကြောင့် သူ့ကို မစောညွန့် လို့ မှတ်မိနေရတာလဲ။ မစောညွန့်ဆိုတာကို ကိုကြွိမ်ပိုက် သိလို့များ ခေါင်းထဲ ရောက်တဲ့နာမည် ပြောလိုက်တာလား။ ရိုးရိုးသားသား မှားပြောတာလည်း ဖြစ်နိုင်တာပါပဲ။ လူက အူတူတူမဟုတ်လား။ သည်လိုတွေးမိတော့ ခင်စောမူ ရယ်ချင်သွားသည်။ ဖြစ်ရလေ...မစောညွန့်နဲ့များ မှားရတယ်လို့။

"ခင်စောမူပါရှင့်...ကိုကြွိမ်ပိုက်ရောက်ကတည်းက တလဲလဲနည်း ပါလား...တော်သေးတာပေါ့...ရထားချိန်တွေ မလွဲလို့..."

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်က့ မေ့တော့တော့ရယ် ..မခင်စောမူနော်...ဟုတ်ပါရဲ့...ကျုပ် စိတ်ထဲ ခဲစာတစ်လုံးမှတ်မိလို့ မစောညွန့် ထင်လိုက်မိတာ... ဆောရီး...ကျုပ် ဘာကူညီရဦးမလဲ...အဆင်ကော ပြေရဲ့လား ..."

"ပြေပါတယ်...ကျွန်မတို့ကုမ္ပဏီပိုင် ဘန်ဂလိုလည်း ရှိပါတယ် ဝေးလို့ရယ်. မိန်းမအော်မပါလို့ရယ် သည်မှာနေရတာပါ...ဘန်ဂလို စောင့် လင်မယားကလည်း နေ့ခင်းဘက် မိန်းမက မရှိဘူး...ဈေး လည်ရောင်းနေတာနဲ့ ..နေဦး .ဘာစားခဲ့လဲ...ကျွန်မ လက်ဖက်ရည် တိုက်ပါရစေ...ကပ်လျက်ဆိုင်က လက်ဖက်ရည်ဆိုင်လားမသိဘူး"

"ခင်ဗျားပြောတာ သမုန်းကျင်း မြောက်ဖျားက ဘန်ဂလိုထင်တယ်... အဲသည်မှာ မတည်းတာကောင်းတယ်...အဲသည်ဘန်ဂလိုက သရဲ သိပ်ခြောက်တာဗျ...အရင်က ကုလား သစ်သွေးလင်မယား နေခဲ့ ကြတုန်းက ကုလားမကြီး ရုတ်တရက်သေရော...ကောက်ကာငင်ကာ သေတာဗျ...ကျုပ်တို့ ရွှေ့က ရုံပိုင်ကြီးတွေ ပြောခဲ့ဖူးတာ...ကျုပ် ကတော့ မမီဘူး..."

"ကောက်ကာငင်ကာ သေတယ်ဆိုတာ ဘယ်လိုဖြစ်တာတဲ့လဲ... ရောဂါနဲ့ သေတာလား..."

"အမျိုးမျိုးပဲဗျ...ပြောကြတာတော့ အဆိပ်ခတ်ခံရသလိုလို...မြွေ ကိုက်တာလိုလို...နှလုံးရောဂါနဲ့လိုလို...ကုလားကြီးက သတ်သလို လို...ကြိုးဆွဲခံ သလိုလို..."

"တော်ပါတော့ ကိုကြိမ်ပိုက်ရယ်...ရှင့်ဟာက မသေချာလိုက်တာ ရှင်..."

"ကျုပ်ပြောပါပကော...ကျုပ်မမီပါဘူးလို့...သည်ကိစ္စ ပြောတဲ့လူ တွေက တစ်ယောက်တစ်မျိုး ပြောကြတာကို ကျုပ်က မှတ်ထားတာ လေ...သေချာတာတစ်ချက်ကတော့ ကုလားမကြီးက မကျွတ်ဘူး"

"ကဲပါ...ကုလားမကြီး မကျွတ်တာ ထားတော့...လာ အောက်ဆင်း ကြရအောင်...လက်ဖက်ရည် တိုက်ပါရစေ..."

မြို့စိမ်းမှာ ကိုယ့်အိမ်ကိုယ့်ရာမဟုတ်ပဲ ယောကျ်ားသားတစ်ယောက် သိုင်ဦးခံနေရတာ ခင်စောမူ စိတ်မသန့်ပဲ ရှိလာသဖြင့် အပြင်ထွက်ဖို့ ဆုံးဖြတ်ခြင်းဖြစ်သည်။ ကိုကြိမ်ပိုက်၏ ကိုယ်ကျင့်တရားကို ယုံကြည်သော်လည်း ထိုကြည်တာက သပ်သပ်၊ လုံခြုံအောင်နေတာက သပ်သပ်။ မိန်းကလေးဆိုတာ သွားတော့လည်း ငဲ့ရ၊ စားတော့လည်း ငဲ့ရ၊ နေတာထိုင်တာကအစ ငဲ့နှိုင်မှ ဟုတ်လား။ ကိုကြိမ်ပိုက်က ဆတ်ခနဲထကာ လှေကားဘက် ထွက်နှင့်သည်။ ခင်စောမူက အခန်းထဲကို အိတ်ဝင်ယူပြီး ပြန်ထွက်လာခဲ့သည်။ ဘာရယ်မဟုတ် ခေါင်မေသီတို့ လင်မယားဓာတ်ပုံကို မေ့ကြည့်ဖြစ်လိုက်သည်။ ဓာတ်ပုံထဲက ကိုဘကောင်းဆိုသူ မျက်နှာရှည်ကြီးက ခင်စောမူကို မျက်နှာဆိုးကြီးဖြင့် စိုက်ကြည့်နေသလို ထင်လိုက်မိသည်။ မျက်နှုံးကြီးတွေ ပင့်ထားပြီး အလိုမကျ ဖြင့် ကြည့်နေသလို ဧစားရသည်။ ကြက်သီးငွေ့ငွေ့ ထသွားခဲ့ရာက ချက်ချင်း ဆုတ်လာခဲ့သည်။ တော်ပါသေးရဲ့။ ကိုကြိမ်ပိုက်ရောက်လာလို့ စကားပြောရင်း ရုန်းမည့်အခြေအနေက လွတ်သွားခဲ့ရသည်။

"ကိုကြိမ်ပိုက် လှေကားပေါ် တစ်ခေါက်တက်လာခဲ့သေးသလား.... အိမ်လှုပ်လို့ ကျွန်မ လှေကားထိပ် ထွက်ကြည့်တော့ ဘယ်သူမှမတွေ့ လို့ မေးတာပါ"

"မတက်ရပေါင်ဗျာ...ခုတစ်ခေါက် တက်လာတာပါ...အိမ်လှုပ်တာ တော့ ဘာထူးဆန်းလို့တုံးဗျာ...အိမ်မဲ့ လှုပ်တာပေါ့..."

"အိမ်က သူ့အလိုလို လှုပ်ပါ့မလားရှင့်...လူတက်လာလို့ လှုပ်တာ ပေါ့..."

ကိုကြိမ်ပိုက်နှင့် စကားပြောရတာ အချိုးအချိုတ် မပြေသော်လည်း ဖြေရသည်။ စိတ်ပေါ့ပါးရသည်။ အစ်ကိုလို့၊ ဖောင်လို ချစ်ခင်မိရသည်အထိပင် ဟောက်တိ ကပေါက်ချာ ပြောတတ်တာကလွဲလျှင် စိတ်ကောင်းရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ထင်သည်။ ကိုကြွိမ်ပိုက်က အိမ်ပေါ် သူ မတက်ခဲ့ပါဆိုတော့...ဘယ်သူများ ပါလိမ့်။ သည်ကြားထဲ မျက်နှာဆိုးကြီးဖြင့် ကြည့်နေသော ကိုတကောင်းဆိုသူ၏ မျက်နှာရှည်ကြီးကို သတိရလိုက်သေးသည်။ ကိုကြွိမ်ပိုက်ကို သည်အရပ်က လူတွေက မျက်နှာရှည်ကြတယ်နော်ဆိုတော့ ကိုကြွိမ်ပိုက်က ခင်ဗျားထင်လို့ နေမှာပါတဲ့။

ဆိုင်မှာ ထိုင်မိကြတော့မှ ဆိုင်ကို ခင်စောမူ ကောင်းကောင်းအကဲခတ် ရပါသည်။ ဒေါ်ခင်မေသို့အိမ်ကြီး၏ တောင်ဘက်တစ်ခြမ်းလုံးကို ဈေးချက ထိုးထားသော အဖိတဲကြီးဖြစ်သည်။ အတွင်းမှာ အတော်မှောင်သော်လည်း မျက်နှာစာမှာတော့ လင်းလင်းချင်းချင်းရှိ၏။ အိုးတွေ၊ ခွက်တွေ၊ ရေနွေးဓာတ်ဘူးတွေ၊ အကြမ်းပန်းကန်တွေကအစ လက်သုတ်ပဝါအဆုံး အလွန်ညစ်ပတ် ပေပွနေတော့သည်။ လူတွေကလည်း ရေမချိုးကြတာ ကြာပုံပေါ်သည်။ အဝတ်အစားတွေကလည်း ညစ်ထပ်ထပ်ပင်။ အသက် ငါးဆယ်ကျော်ကျော် အသားမည်းမည်း တုတ်တုတ်တိုတို မိန်းမကြီးတစ်ယောက်၊ အရွယ်လတ်လတ် ဝဝဖိုင်းဖိုင်း လူတစ်ယောက်ကိုသာ တွေ့ရသည်။ တစ်ရက်က ခင်စောမူနှင့် တွေ့လိုက်ရသော ကလေးမလေးကိုတော့ မမြင်ရ။ လက်ဖက်ရည်ဆိုင် ဆိုသော်လည်း လက်ဖက်ရည်ဆိုင်ပီပီတော့ မဟုတ်။ သမုန်းကျင်းသူ၊ သမုန်းကျင်းသားတွေထက် အဝေးက လာသော ကျေးရွာလူည်းသမားတွေကို မျှော်ရောင်းသော ချောက်တီး ချောက်ချက်ဆိုင်သာဖြစ်၏။ ထမင်းသုပ်၊ ထမင်းဆီဆမ်းလို တွေလီကာလီ လည်း ရသလို အရက်ကလေး၊ အမြည်းကလေးလည်း အတွင်းကျိတ်မေးလျှင် ရနိုင်ပုံပေါ်၏။

ကိုမင်းအောင်မြင့်တို့ မလာသေးပါ။ နည်းနည်းကလေး စောသေးလို့ ဖြစ်မည်။ ကိုကြွိမ်ပိုက်က လက်ဖက်ရည်ကျကျတစ်ခွက် မှာသည်။ ခင်စောမူက ဆိုင်ကို မကြိုက်လှသော်လည်း ဧည့်ခံသူက သောက်ပါမှ ကောင်းမှာလို့ ထွေးမိသဖြင့် ပေါ့ဆိမ့်တစ်ခွက် ရောမှာလိုက်ရသည်။ လက်ဖက်ရည်ကို မိန်းမကြီးကပဲ ဖျော်၍ မိန်းမကြီးကပဲ လာချသည်။ လက်ဖက်ရည် ချလိုက်သော လက်ကို မြင်လိုက်ရတော့ ခင်စောမူ ဖျတ်ခနဲ တစ်စုံတစ်ရာကို သတိရလိုက်

သည်။ ထိုမိန်းမကြီး၏လက်ခံပေါ်မှာ ဆေးမင်ရည်ဖြင့် ထိုးထားသော လေးထောင့်ဆဲပေ အကွက်တစ်ကွက် ပါတာကို မြင်လိုက်ရ၍ဖြစ်၏။ နေပါဦး...။ ဘယ်မှာ မြင်ဖူးတော့ပါလိမ့်။ ဆေးမင်ကြောင်က မည်းနက်သော အသားပေါ်မှာ ခပ်စိမ်းစိမ်း အရောင်လေးသာ မြင်ရသော်လည်း ခင်စောမူ မှတ်မိနေသည်။

သတိရပြီ...။ အမေကြေးစည် ပေးလိုက်သော ကျောက်သင်ပုန်း ကြီးလေးပေါ်က အကွက်များ။ အမှတ်တမဲ့ဆိုလျှင် တံဆိပ်တုံးရိုက်ထားတာနှင့်ပင် တူသည်။ ကိုကြွိမ်ပိုက်က လက်ဖက်ရည်ကို ဖရူးခနဲ မြည်အောင် သောက်လိုက်ပြီး နို့ကလည်း ချဉ်စုတ်စုတ် ဖြစ်နေပါပကောလို့ ခပ်ကျယ်ကျယ်ညည်းသည်။ ကိုကြွိမ်ပိုက် စကားကြောင့် သူ့ရှေ့ချထားသော လက်ဖက်ရည်ကို ခင်စောမူ ငေးတော့ပြီ။

"ဒိန်ချဉ်လက်ဖက်ရည်နဲ့ တူပါရဲ့...မြို့တောင် တက်ရောင်းဖို့ ကောင်း သဗျာ...ဘယ်နယ်လုပ်များ ထမင်းစားကြသလဲ မပြောတတ်ပါဘူး... နို့ဆီတစ်ပုံး သုံးနှစ်လောက်များ သုံးကြရော့လား..."

ကိုကြွိမ်ပိုက်က ကျယ်ကျယ်လောင်လောင် ပြောနေလို့ အားနာရ သေးသည်။ ခင်စောမူက ရယ်လည်းရယ်ချင်သွားခဲ့သည်။ တကယ့်လူနှင့်မှ နို့သိုနို့ချဉ်နှင့် တွေ့ရပလေ။ ကိုကြွိမ်ပိုက်က နို့ချဉ်လက်ဖက်ရည်ကို တစ်စိမ်က် ချန်ထားပြီး ဓာတ်ဘူးညစ်ညစ်ထဲက ရေနွေးတစ်ခွက် ငဲ့သည်။ ရေနွေးက ဆူညီးနေ၏။ နို့ချဉ်ပြေ သဘောဖြင့် ဖရူးခနဲ သောက်လိုက်ပြန်သည်။

"အမယ်လေးလေး...ဆီးချုပ်ဝမ်းချုပ်လိုက်ဖို့ ရှိတော့တာဗျို့... လက်ဖက်ခြောက် မဟုတ်လောက်ဘူးဗျ...တမာရွက်ခြောက် ဖြစ်လောက်တယ်"

"တိုးတိုးလုပ်ပါ ကိုကြွိမ်ပိုက်ရယ်...တမာရွက်တော့ မခတ်လောက် ပါဘူး"

"ခက်တာပဲ မစောဘွန့်ရယ်...အဲလေ ဘယ်သူတဲ့...မခင်စောမူရဲ့ ခင်ဗျားက ပါးစပ်ထဲ မထည့်သေးတော့ မသိဘူး...ဖြုတ်ပူးရွာ ခါးသက်သက်ရယ်...ဒေါ်ကြီး ရေနွေး လဲဦးဗျို့"

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရှင်ကိုကို လှမ်းအော်တော့ ဆိုင်ရှင် မိန်းမကြီးက ဓာတ်ဘူးကို လာယူကာ ရေနွေးဖြူ ခပ်ပေးသည်။ ဓာတ်ဘူးပြန်လာချသည်။ ကိုကြိမ်ပိုက်က ခင်ဗျားတို့ သည်လောက်ကောင်းတဲ့လက်ဖက်ခြောက် ဘယ်က ဝယ်တာတုံး၊ ဘာတံဆိပ်တုံး လုပ်နေသဖြင့် ခင်ဧောမူက စကားဝင်ဖာရတော့သည်။ ဧည့်သည်တွေဖြစ်ကြောင်း၊ ဒေါ်ခင်မေသို့အိမ်မှာ တည်းနေကြောင်း၊ ကိုကြိမ်ပိုက်က အဲ့ဒါကြီးတော ဘူတာရုံပိုင် ဖြစ်ကြောင်း ပြောပြတော့ မိန်းမကြီးက ခုံလွတ်တွင် ဝင်ထိုင်သည်။ ဒူးတစ်ဖက်ကို လက်နှစ်ဖက်ဖြင့် သိမ်းပွေ့ထားသဖြင့် လက်ခုံပေါ်က အမှတ်တံဆိပ်ကို ပြူးပြူးကြီး မြင်နေရပါ၏။

"ကျုပ်တို့ကလည်း ဆိုင်ဖြုတ်တော့မှာဆိုတော့ ဆိုင်ကို ဦးမစိုက်နိုင်တော့ဘူး...သည်းခံသာ သောက်ကြတော့...ဆိုင်ဌားတာ နောက်နှစ်လ လား, သုံးလလား ကျန်တာကို မှေးနေကြတာ...ဆိုင်က မရောင်းရတဲ့ကြား ဘိုမက လခပိုလိုချင်နေတော့ မခက်ဘူးလား...တလောက လည်း စကားများပြီးရပြီ...ထွက်ပါမယ်ဆိုတော့လည်း ငွေပြန်မအမ်းနိုင်ဘူးတဲ့"

"အဒေါ်က သည်မြို့သူလား..."

"မဟုတ်ရပေါင်...ဒီးပင်မောင်နမ နတ်ကွန်းနားက မိုးထိန်ပူကုန်းဘက်ကပါ...သည်ကို ဘိုမကပဲ ခေါ်လာတာ...ဆိုင်ခန်းခ တစ်လ နှစ်ရာက အခု နှစ်ထောင်ရှိပြီ...နှစ်များ မနည်းတော့ဘူး"

"အခုက ဆိုင်ဖြုတ်တော့ ဘာလုပ်စားမှာလဲ...မြို့မှာ မကောင်းဘူးလား"

"မြို့မှာ မကောင်းပဲလား ငါ့တူမရဲ့...လှည်းသမားတွေက အရက်လောက် အာသာရှိကြတာ...ဘိုမက အရက်မရောင်းရဘူးဆိုတော့ အတွင်းထဲ ခိုးရောင်းရတာလေ...လူမသိဘူးပေါ့...နေရာတော့ ရှာကြည့်ရဦးမှာပါ...အဆင်မပြေတော့လည်း တောပြန်ရုံရှိတာပဲ...မဆန်းပါဘူး...ဆင်းရဲသူ ဆင်းရဲသား..."

မိန်းမကြီးက မျက်နှာဆိုးဆိုး ညီညာစ်ညစ်ဆိုသော်လည်း စိတ်ကောင်းရှိသည်။ ရင်ဖွင့်ချင်တုန်း တည့်တည့်မေးသူနှင့် တွေ့ရသဖြင့် ခံစားနေရသမျှကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ဖြေနေခြင်းဖြစ်၏။ ကိုကြိမ်ပိုက်ကတော့ နို့ချဉ်ရာမှ စခဲ့သော မိန်းမတစ်ယောက်ကြောင့်သည့် ဓာတ်လမ်းကို စိတ်ဝင်စားပုံ မရ။ အသစ်ရောက်လာသော ရေနွေးကိုသာ တွင်တွင်သောက်နေလေသည်။

"ကျုပ်က ရွာကအိမ်ကိုရောင်းပြီး မြို့တက်ဈေးရောင်းမယ်ဆိုတော့ ကျုပ်မောင် လင်မယားကပါ လိုက်မယ်ဆိုပြီး လိုက်ခဲ့ကြတာ...ဟိုမှာ ထိုင်နေတာ ကျုပ်မောင်...မယားက သေရှာပြီ...သမီးလေးတစ်ယောက် ကျန်တာ ငါ့တူမ သိမှာပေါ့...သန်းသန်းလေ...အခုတော့ မြေးတူမလေး နဲ့မောင်ပဲ ကျန်တယ်...ယောက်မသေတာလည်း ထူးဆန်းလိုက်တာ...ဖြစ်ပုံက..."

ထိုစဉ်မှာပင် ကားတစ်စီး ဆိုက်လာခဲ့သည်။ ကိုမင်းအောင်မြင့်နှင့် ဆင်တူသည့်နှစ်ယောက်ဖြစ်၏။ ကိုမင်းအောင်မြင့်ကို မြင်လိုက်တော့ ခင်ဧောမူ ဆော်တက်ရပ်ကာ လူယောင်ပြလိုက်သည်။ ကားနောက်မှာတော့ ကျိုက်အိတ်လွှဲအိတ်ဖြူဖြင့် ထုပ်ထားသော စာထုပ်တစ်ထုပ် ပါသည်။ စာရင်းတွေ၊ လယ်ကျသွားပဲ ဖြစ်မည်။ အိတ်က အိတ်ကြီးဆိုတော့ စာရင်းတွေကလည်း များပုံရပါ၏။ ကိုမင်းအောင်မြင့်က ခုံလွတ်မှာ ဝင်ထိုင်သော်လည်း တပည့်နှစ်ယောက်က ကားဆီ ပြန်သွားကြသည်။

"ရုံပိုင်ကြီး နေကောင်းလား...ကျွန်တော့် မှတ်မိလား..."

"ရိုးတိုးရိပ်တိတ်ပဲဗျာ...မျက်နှာတော့ တွေ့ဖူးပြီးသားထင်ပါ့"

ခင်ဧောမူက ရယ်ရင်းက ပြန်မိတ်ဆက်ပေးရသည်။ ခင်ဧော်ရဲ့ခင်ကြင်းတောဘူတာကို ရောက်လာပြီး နောက်တစ်နေ့ ကိုမင်းအောင်မြင့်တို့က ဘူတာရုံ သွားမေးကြတာပင် ရက်မကြာသေး။ ကိုကြိမ်ပိုက်က အကျိုးအကြောင်း ရှင်းပြတော့လည်း မှတ်မိပါ၏။ ကိုမင်းအောင်မြင့်က လုပ်ငန်းကိစ္စ မပြောသေးခင် ခင်ဧောမူကို ဘယ်သွားချင်သလဲ၊ ဘာလိုသေးသလဲ စသည်ဖြင့် မေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူစိမ်းများရှိလို့လည်း ဖြစ်နိုင်သည်။ တအောင့်နေတော့ ရုံပိုင်ကြီး ကိုကြိမ်ပိုက်က နှုတ်ဆက်ပြီး ထသွားတော့သည်။

"ကိုင်း...သမုန်းကျင်း ရောက်တုန်းရောက်သနိုက် မိတ်ဆွေတွေဆီ ခဏဝင်လိုက်ဦးမယ်"

ကိုကြိမ်ပိုက်က လက်ကြီးနှစ်ဖက် တွဲလောင်းချကာ ထိုထို, ထိုထိုနှဲ့ လမ်းမပေါ် ထွက်သွားတော့သည်။ သူ့လက်ထောက်ရုံပိုင်၏သတင်း လာစုံစမ်းတာလည်း ဖြစ်နိုင်ပါ၏။ ခင်စောမူတို့လည်း ဆိုင်ကလေးက ထရန်ပြင်ကြရသည်။ ဆိုင်ရှင် မိန်းမကြီး ပြောပြသည့် ဇာတ်လမ်းက မပြီးသေး။ 'ဖြစ်ပုံက...'ဆိုပြီး ဇာတ်ထုပ် ခင်းကာနီးမှ စကားပြတ်သွားတာ မဟုတ်လား။ ယောက်မသေတာ ထူးဆန်းလိုက်တာ ဆိုတာကို ခင်စောမူ သိချင်သေးသည်။ သမုန်းကျင်းမှာ သေတာဆိုတော့ မြို့နှင့်ဆက်စပ်သော ဆန်းကြယ်မှုတွေ ပါနိုင်သည်။ ပြီးတော့ 'ဘိုမ'ဆိုတာကိုလည်း သိချင်သည်။ ခင်စောမူက စကား ပြန်ချိတ်ထားခဲ့သည်။ ဒေါ်ခင်မေသီနှင့် မတည့်သူဆိုတော့ စကားဆန်းတွေ ပါလောက်သည်။

"အစ်မကြီး...တစ်ရက် လက်ဖက်ရည်သောက်ရင်း လာခဲ့ပါဦးမယ်... စကားပြောကြရအောင်ပါရှင်..."

"ကျုပ်က ရှိပါ့...လာချင်ရင် လာသာလာခဲ့...တော်ကြာ ဘိုမက မကြိုက်ပဲ ရှိနေပါ့မယ်...ကြည့်လာပေါ့"

"ဟုတ်ကဲ့ပါ...ကျွန်မ သုံး,လေးရက် ရှိဦးမှာပါ"

ကိုမင်းအောင်မြင့်နှင့် မြို့ထဲက စားသောက်ဆိုင်တစ်ဆိုင်မှာ စကား ပြောရသည်။ ထမင်း မဆာကြသေးသဖြင့် ခေါက်ဆွဲသုပ်တစ်ပွဲစီ စားကြပြီး လုပ်ငန်းကိစ္စ ပြောကြခြင်းဖြစ်၏။ ကားပြန်မောင်းလာခဲ့ကြပြီး စာအုပ်တွေ၊ စာရင်းတွေကို ကားပေါ်က ချကာ အိမ်ပေါ်တင်ပေးဖို့ စီစဉ်ခိုက်မှာပင် အေးစုနှင့် ဒန်းပွင့်တို့ ရောက်လာကြသည်။ ခင်စောမူက စာရင်းစာအုပ်အထုပ်လိုက် သူမ အခန်းတွင်း ထားပေးရန် အေးစုကို ခိုင်းလိုက်သည်။ ပြီးတော့ အေးအေးဆေးဆေး စာရင်းစစ်နိုင်ရန် ရောကန်ဘေးမှာ စားပွဲ၊ ကုလားထိုင်တစ်စုံ ပြင်ဆင်ထားပေးရန်

ခဲ့ကြရ၏။ အေးစုလည်း အထုပ်လိုက် ရွက်ရင်း အိမ်ကြီးပေါ် တဒင်္ဂသွား ခဲ့သည်။ ဒန်းပွင့်က နောက်က။

"ကျွန်မလည်း သည်ရောက်မှ ထူးထူးဆန်းဆန်းတွေ ကြုံနေရတာယ် ကိုမင်းအောင်မြင့်ရေ...ကပ္ပိယစုံထောက်ကြီး ဦးဖြူသီး လုပ်နေတာ... ဇာတ်ကွက်တော့ မလည်သေးဘူး...အချက်အလက်တွေတော့ ရနေပြီ..."

"ကောင်းပါ့ဗျာ...ကျွန်တော်တို့က မခင်စောမူ စိတ်ညစ်နေမှာပဲ စိုးတာပါ...မင်္ဂေးကော ထမင်းလာပို့ရဲ့ မဟုတ်လား..."

"ပို့ပါတယ်...ကနေ့တော့ မလာသေးဘူး...တွေ့တဲ့လူ ပေးထားခဲ့မှာပါ"

"အခုကော ဘယ်သွားချင်သေးသလဲ...များများစားစားတော့ လည်ပတ်စရာ မရှိပါဘူး"

ခင်စောမူက စာရင်းတွေကို မနက်ဖြန်မှ စ,စစ်ရန် စိတ်ကူးထား ခဲ့သည်။ အေးစုက နေရာထိုင်ခင်း ပြင်ဆင်ရဦးမှာ မဟုတ်လား။ ရန်ကုန်ကမ္ဘာဆီက အနှံကယ်ဟုတ်ကလည်း ခင်စောမူ နေနိုင်သလောက်နေပြီး စာရင်းတွေ ပြည့်စုံအောင် စစ်ခဲ့ပါလို့သာ မှာသည်။ ရက်သတ်မှတ်ပေးလိုက်တာမျိုး မရှိတော့ လွတ်လပ်မှုရှိသည်။ ရုံးလုပ်ငန်းသဘာဝအရ စစ်ဆေးရခြင်းဖြစ်၍ ကိုမင်းအောင်မြင့်တို့ ရုံးတွင်လည်း စာရင်းနားလည်သူ ရှိသဖြင့် အခက်အခဲတော့ များများမရှိနိုင်။ သည်ကနေတော့ ကိုမင်းအောင်မြင့်တို့ ရောက်လာသနိုက် အနီးအနား ရွာကလေးတွေကို ဒေသန္တရဟုသုတ လည်ပတ်ကြည့်ချင်သေးသည်။ အထူး သဖြင့် အမေကြေးစည် ညွှန်လိုက်သော ဒိုးပင်မောင်နှမနတ်ကွန်းနှင့် ဓာတ်ပေါင်းစု အုရားကို ရောက်ဖူးချင်လှသည်။ တစ်ဖက်ကလည်း အားနာရပါ၏။ စာရင်းစစ် ဆိုပြီး အပေါ်စီးက အားမနာ လျှာမကျိုး အခွင့်အရေးယူလေခြင်းလို့ နားလည် လိုက်မှာကိုလည်း စိုးရသေးတာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မက အားနာနေတာ ကိုမင်းအောင်မြင့်ရဲ့...ရက်ကလည်း သည်ကနေ့ တစ်ရက်လောက် အားတာဆိုတော့..."

"ပြောပါ...ကျွန်တော်တို့ကို အားမနာပါနဲ့ မခင်စောမူ ..သွားချင်တဲ့ဆီ ပို့မယ်...လမ်းတွေ မကောင်းပေမယ့် ကားက လုပ်ငန်းသုံးကားဆိုတော့ အကြမ်းခံပါတယ်...ဖိုးဝိုးဒရိုက်ပါ"

"ပို့နိုင်မလားတော့မသိဘူး ..ကျွန်မ..."

"ပြောပါဗျာ ..လိုက်ပို့ပါမယ်"

"ဒိုးပင်မောင်နမနတ်ကွန်းကို သွားချင်တာ"

ယည်တစ်ခါ မျက်လုံးပြူးသွားသူက ကိုမင်းအောင်မြင့်ပင်။ ထင်မှတ်မထားသောနေရာကို ပြောလိုက်သဖြင့် အံ့သြသွားခြင်းဖြစ်သည်။ ဒိုးပင်မောင်နမနတ်ကွန်းက ခံတက်ကန်၊ ခလောက်ဆွဲ၊ နေပူကုန်း၊ မိုးထိကို ကျော်ပြီးမှ ရောက်နိုင်သည်။ လမ်းတွေက လှည်းလမ်း။ ကားက သွားနိုင်ဦးတော့ ပင်ပန်းမှာသေချာသည်။ မြောက်ဘက်တစ်ကြောတွင် လယ်စိုက်ကြပြီး လမ်းတောင်ဘက်သည် ဖုန်ဆိုးတောကြီး ဖြစ်သည်။ သည့်ထက် တောင်ဘက်ဝေးဝေးကို လှမ်းမျှော်ကြည့်လိုက်လျှင် ကိုမင်းအောင်မြင့်တို့ သစ်စခန်းနှင့် သစ်တောကြီးသာ ရှိတော့သည်။ လှည်းလမ်းက တည့်တည့် အနောက်ဘက်ကို သွားလျှင်တော့ ဒိုးပင်မောင်နမနတ်ကွန်း၊ နတ်ကွန်းကျော်တော့ ဓာတ်ပေါင်းစု စေတီ။ သည်ကျော်တော့ တောင်တွေသာ ရှိတော့သည်။ ကိုမင်းအောင်မြင့် အသံငြိမ်သွားတော့ ခင်စောမူ အားနာသွားသည်။

"ဝေးများနေသလားရှင်...ကျွန်မ..."

"မခင်စောမူ ရှေ့ခန်းမှာ ကျွန်တော်နဲ့ထိုင်...တပည့်တစ်ယောက်က နေခဲ့မှာ...အပြန်ကျမှ ကျွန်တော်တို့နဲ့ ပြန်လိုက်မှာပါ...ကဲတက်"

* * *

သမုန်းကျင်းမြို့ဟောင်းမှ အနောက်ဘက်ကို ကား ဆက်ထွက်လာခဲ့ကြဆိုကတည်းက ခင်စောမူ နောင်တတွေ တရိပ်ရိပ်တက်လာခဲ့တော့သည်။ ဘာရယ်ညာရယ်မဟုတ်ပဲ သည်အနားရှိတဲ့နတ်ကွန်းဆီ သွားလိုက်မဟဲ့ဆိုတာမျိုးတော့ မဟုတ်။ သည်နယ်တစ်ဝိုက် ရောက်ချင်စိတ်ရှိသလို၊ သည်နယ်က လူတွေရဲ့ဘဝတွေကို သိချင် မြင်ချင်တာလည်း ပါပါ၏။ ဒိုးပင်မောင်နမနတ်ကွန်း၊ ဓာတ်ပေါင်းစုဘုရား ဆိုတာကို မီးရထားပေါ်မှာ ကြားရစဉ်က သည်လောက် စိတ်ဝင်စားမိခဲ့သည် မဟုတ်သော်လည်း သည်နယ် သည်ဒေသကို ရောက်ရပြန်တော့ သည်အနားက ရွာတွေဆီ ရောက်ချင်ခဲ့သည်။ ဒန်းပွင့်တို့ရွာက ပတ်စာဇုန်းတဲ့။ လက်ဖက်ရည်ဆိုင်က ကြီးတော်ကတော့ မိုးထိ၊ နေပူကုန်းဆီကတဲ့။ သည်အနားက ရွာတွေကို အမေကြေးစည်ဆိုသူ ထူးဆန်းသော အမယ်အိုက ဆည်း ရေရွတ်ပြခဲ့ဖူးသည်။

"သမုန်းကျင်းကနေ အနောက်ထွက်လို့ တော်တော်လေး ခရီးရောက်ရင် အင်တော၊ကညင်တောကြီးဘက် ရောက်တယ်...ကျွန်တော်တို့ သစ်စခန်းတွေ ရှိတဲ့နေရာပေါ့...သစ်စခန်းက အတွင်း တော်တော်ဝင်ရတယ်...အဲဒီသည် အင်တော၊ကညင်တောဘက်ကို မကွေ့ဘဲ ညာဘက်ကွေ့မှ ရွာတွေဆီ ရောက်တယ်...ကျွန်တော်တို့ သစ်စခန်းတက်သွားတဲ့ လမ်းဆုံကို မရောက်သေးဘူး"

လမ်းတွင် ကိုမင်းအောင်မြင့်က ပြောပြခြင်းဖြစ်သည်။ သစ်စခန်းလမ်းဆုံကိုပင် မရောက်သေး။ သစ်စခန်းကိုရောက်ရန် အတွင်းကို တော်တော်ဝင်ရသေးသည်ဆိုမှတော့ ခေါ်ခင်မေသို့အိမ်မှာ တည်းဖြစ်သွားတာကမှ သက်သာသေးသည်။ ခုပင် ခရီးမရောက်သေးပဲ ခါးကြောတွေ နာလှပြီ။ ကားထဲမှာ ခင်စောမူ ဆန်ကာထဲက ဆီးဖြူသီးလို လှိမ့်နေရပါ၏။ ကိုမင်းအောင်မြင့်ကို ဇီလိုက်၊ တစ်ဖက်ကို ယိမ်းလိုက်။ ကားက တကြိကြိ မြည်နေသည့်ကြားက ခါးရိုးများ ကျိုးသွားလေမလား ထင်ရသည်။ ရိတ်သိမ်းထားပြီးသား လယ်ထွက်တော့ မျက်စိတစ်ဆုံး ကျယ်ပြောလွန်းလှသည်ကော့။

www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်းအောင်မြင့်...ဟောခြေတို့ ပတတ်စာကုန်းတို့က ဘယ်နားမှာ တုံး"

"ဟောခြေက ပတတ်စာကုန်းပဲ မခင်ဧစာမူ...ဒိုးပင်မောင်နှမနတ်ကွန်းတို့ မာတ်ပေါင်းစုစေတီတို့ ရှိတဲ့နေရာနဲ့ တောင်ဘက် မြောက်ဘက်ပဲ...လယ်တွေတော့ ခြားတယ်...ဒါပေမဲ့ ကားလမ်းနဲ့ ကပ်လျက် မဟုတ်ဘူး...အနေအထားကို ပြောတာပါ"

"ဩော် ဟုတ်ပါရဲ့...မှေလို့...ပတတ်စာကုန်းက ဟောခြေပဲ...ကျွန်မနဲ့ အတူတည်းနေတဲ့ ရောဂါသည်ဆိုတဲ့ မိန်းကလေးက ပတတ်စာကုန်းက...စောစောက စာရင်းထုပ်ကြီးရွက်သွားတဲ့ မိန်းကလေးနှစ်ယောက်ရဲ့ရွာ"

"သည်နားရွာတွေက ရှေးတုန်းက သမုန်းကျင်းမြို့ဟောင်းနယ်တွေထင်တယ်...ခြမြေကြီးထဲက ရွှေတွေ ငွေတွေ ပစ္စည်းတွေ အများကြီးရတယ်လို့ ပြောသံကြားဖူးတယ်...ဘုရားစေတီပျက်တွေလည်း များတယ်...မိန်းမချောတွေလည်း သိပ်ပေါသတဲ့"

"ဒါကြောင့် ကိုမင်းအောင်မြင့်က တောထဲမှာ ပျော်တာကိုး...ခုမှ သဘောပေါက်တော့တယ်..."

"မဟုတ်ရပါဘူးဗျာ...သည်ရွာတွေဘက်ကို အလုပ်ထဲ လူကျပ်ကျပ် လိုရင် လိုက်ရှာရလို့ ရောက်ဖူးတာပါ...ကျွန်တော့်မျက်စိထဲတော့ ဘယ်မိန်းကလေးကိုမှ မစွဲသေးပါဘူး"

ကိုမင်းအောင်မြင့်က သူ့စကားကို သူပြန်ရယ်သည်။ ကိုမင်းအောင်မြင့်က လူရိုးလူအေးတစ်ယောက်ပင်။ သဘောသကာယ ကောင်းသည်။ ဘယ်နေရာ ရောက်ရောက် နေတတ်အောင်နေမယ် ဆိုသူမျိုးပင်။ သည်တောကြီးထဲ ရောက်နေသည်ပင် ကြာပြီဆို၏။ မြို့ပြန်ချင်ကြောင်း ညည်းညူသံ မကြားရ။ စခန်းတာဝန်ခံအရာရှိ ဆိုပေသိ လူက ငယ်သေးသည်။ ခင်ဧစာမူနှင့်တော့ ရွယ်တူလောက်လည်း ဖြစ်နိုင်သည်။ သူကြီး ကိုယ်ကြီး တစ်နှစ် နှစ်နှစ်ထက် ပိုပုံမရှိ။

လမ်းဘေးဝဲယာတစ်လျှောက် ထနောင်း၊ ဆူးရစ်၊ ဆူးပြို့၊ တံန္တဝန်နှင့် ဆူးပင်ပုတွေသာ များများတွေ့ရသည်။ လမ်းက သွားမဖြစ်လောက်တာမျိုး။ ဟုတ် သော်လည်း ကားဆရာ မကျွမ်းကျင်လျှင် ရှေ့ဆက်တိုးဖို့ မလွယ်သော လမ်းမျိုးဖြစ်သည်။ ဘုရားပြို့ဘုရားပျက်တွေကလည်း များလှပါ၏။ ဘယ်နေရာ ကြည့်ကြည့် အုတ်နီခဲပုံ့ပုံ့တွေချည်း ဖြစ်သည်။ တစ်ခါတစ်ရံ စေတီရုပ်လုံးပေါ်တော့သော အုတ်ပုံကို သစ်ပင်ကြီးတွေက အုပ်မိုးနေတာတွေလည်း မြင်ကြသည်။ တော်တော်ကလေး ဂရုန်းဂရင်း မောင်းလာမိသည့်အခါ သစ်တောနှင့် ရွာတွေဘက်ကို ခွဲထွက်သော လမ်းဆုံကို ရောက်သည်။ အင်တော်းညည်တောကြီးက သည့်ထက်ပိုဝေးသော တောင်တန်းခြေအထိ ရှိနေသည်။ ကိုမင်းအောင်မြင့်တို့ ခမျာ သည်သစ်တောကြီးထဲက သစ်စခန်းတစ်ခုမှာ နေရရှာတာပါလားလို့ တွေးမိသေးသည်။ ငှက်တော ခွေးတော ဆိုသည့်နေရာပင်။ ဆရာကြီး စစ်ကိုင်းဦးဖိုးသင်း၏ စာအုပ်တစ်အုပ်မှာ ခွေးတော ဆိုတာ ခွေးဓာတ်ရှိသည့်နေရာကို ပြောခြင်းဖြစ်ကြောင်း ခင်ဧစာမူ ဖတ်ဖူးသည်။ ကောင်းကောင်း ဟော့ မမှတ်မိ။

"သည်ရွာတွေဘက်က လူတွေက အနီးဆုံး သမုန်းကျင်းကို လာကြရတာလေ...ကုန်းကြောင်းလျှောက်တာက ပိုတွင်တယ်...လှည်းတောင် ခရီးမပေါက်ချင်ဘူး...လှည်းက နွေးတော့ လျှောက်ကြတာများတယ်...နတ်ပွဲရက်ဆို သိပ်စည်တယ်"

"ဒိုးပင်မောင်နှမနတ်ပေါ့...ဟုတ်လား ကိုမင်းအောင်မြင့်..."

"ဟုတ်တယ်...ဒိုးပင်လို့ခေါ်တဲ့ ဒိုးနွယ်ကြီးနှစ်နွယ်က တစ်ခုတည်း လူ့လက်မောင်းလုံးလောက် ရှိတယ်...မောင်နှမပင်ဆိုတော့ အပင်ချင်း မယှက်ဘူး...နတ်ကွန်းကတော့ တစ်ဆောင်တည်းပါ...ကျွန်တော်တို့ ဆီက ဆင်သမားတွေ ကိုးကွယ်ကြတယ်...ဆင်ပျောက်ရင်, ဆင်များရင်, ဆင်မကျန်းမာရင် လာပြီး ပူဇော်ကြတယ်"

တလူးလူး တလိမ့်လိမ့်ဖြင့် ခံတက်ကန်ရွာကို ရောက်လာခဲ့ကြသည်ဟု ဆိုခြေနှင့် ကောက်ရိုးပုံတွေ လှမ်းမြင်နေရသည်။ ရွာကြီးက စိမ်းညို့နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ခလောက်ဆွဲ။ ခံတက်ကန်နှင့် ခလောက်ဆွဲက ဆက်လျက်။ လှည်းလမ်းခွဲများက ရွာထွေဘက် ချိုးသွားသည်။ မူလလမ်းကတော့ တည့်တည့်ကြီး အနောက်ကို ဆက်ပေါက်သည်။ ခလောက်ဆွဲပြီးလျှင် နေပူကုန်း။ သို့သော် ခရီးမနီးပါ။ ကျိုးကျိုးကျိမ့်ကျိမ့် လိမ့်ရင်းက ရောက်လာပြန်တော့ မိုးထိကို ဆက်မောင်းရသည်။ သမုန်းကျင်းက ထွက်လာတာပင် နှစ်နာရီလောက်ရှိပြီ။ ခုမှ ထမင်းဆာလာသည်။ ကားပေါ်မှာ မုန့်တွေပါလာလို့ တော်ပါသေးရဲ့။

"ကျွန်တော်တို့ကားက သည်လိုလမ်းမျိုး သွားလာနေရတော့ မုန့်ခြောက်တွေ၊ မုန့်ပုံးတွေ ဝယ်ထားရတယ်...ဈေးသန့်ဘူးဆို အတွဲလိုက် တင်ထားလိုက်တာပဲ...ရှေ့ဆိုရင် မိုးထိ ရောက်ပါပြီ...မိုးထိဘုန်းကြီးကျောင်းက ရွာနဲ့မလိုက်အောင် ခံထည်တယ်...တစ်အောင့်တစ်ဖြုတ် မိုးထိမှာ နားကြသေးတာပေါ့"

မုန့်တစ်ကိုက် ရေတစ်ကျိုက်မို့ အဆာတော့ ပြေရပါ၏။ ပင်ပန်းသော်လည်း ခင်ဈောမူ ပျော်ပါသည်။ ပတ်ဝန်းကျင်သစ်ကလည်း ဖြစ်ပြန်၊ တောရိပ်တောင်ရိပ်နှင့်ဆိုတော့ ငယ်ငယ်က ရွာမှာနေခဲ့ရတာကိုလည်း သတိရပြန်ဆိုတော့ ရွာဓာတ် တောဓာတ်ကလေး ပြန်ရနေခဲ့သည်။ ကိုမင်းအောင်မြင့်ကို ကျေးဇူးတင်မိသည်။ သည်လိုနှင့် မိုးထိရွာကို ရောက်လာခဲ့ကြသည်။ မိုထိကတော့ လမ်းနှင့်မဝေးပါ။ ကားက ရွာထဲဘက် ချိုးလာခဲ့လေသည်။

မိုးထိရွာ...။

သစ်တောနှင့်နီးနီးရွာဆိုတော့ တောပင်တောင်ပင်တို့ဖြင့် ဖားဖားစည်စည် ရှိလှသည့်ရွာ ဖြစ်ပါ၏။ လှည်းလမ်းက ဖွဲ့ဆင်းလာသည့် ရွာအဝင်လမ်းကိုတော့ ပြုပြင်ထားကြသဖြင့် လမ်းချောပါသည်။ ရွာလမ်းလည်းဖြစ်၍ လမ်းကို ကျယ်ကျယ်ယူထားသည်။ အိမ်တွေကတော့ သာမန် မြင်ရိုးမြင်စဉ် အညာရွာတွေက အိမ်ကလေးများလိုပင်။ သက်ကယ်မိုး၊ ရုံးရွက်မိုး၊ ဝါးကပ်မိုး အမျိုးမျိုးဖြစ်၏။ ရွာလမ်းမှာ ရေချိုတွင်းက ရေခပ်နေကြသူတွေ ရှိသည်။ ရေထမ်းနေကြသည့် မိန်းကလေးတွေက သန်စွမ်းကြသည်။ ဆံတောက်၊ ဆံရစ်၊ ဂျာရစ်စသည်ဖြင့် ဆံပင်ပုံစံရိုးရိုးကလေးတွေကို မစွန့်ကြသေးသဖြင့် တောသူတောင်သား

ဇမာမိန်းကလေး ပီသကြလှပါသည်။ အသားတွေကတော့ ညိုကြသူများပါ၏။ ရွာထဲ ကားဝင်လာတာကို ရပ်ကြည့်ကြသည်။ ကားကို မဆန်းကြတော့သော်သည်း ကားဝင်လာတာကတော့ ဆန်းသည်။ ကားကို ဘုန်းကြီးကျောင်း မရောက်ခင် ကွင်းပြန့်တွင် ရပ်လိုက်ပြီး ဆင်းကြရသည်။ အခုမှ ခြေညောင်းလက်ဆန့်ရှိတော့သည်။

ဘုန်းကြီးကျောင်းကြီးက ကိုမင်းအောင်မြင့်ပြောသလို ကြီးလှသည်။ ကျောင်းဝိုင်းကြီးကလည်း ကျယ်သည်။ သစ်ပင်ပန်းပင်တွေကလည်း စုံသည်။ ကျောင်းအဝင် စောင်းတန်းက ရေနုံရည်ဝနေသဖြင့် မည်းချိတ်နေသည်။ စောင်းတန်းရှည်ကြီးက တစ်ဖြောင့်တည်းမဟုတ်။ တစ်ဆစ်ချိုးကွေ့ကာ ကွေ့ကာ ခပ်ဝေးဝေးကို မျှားခေါ်သလို ရှည်လျားလွန်းလှ၏။

"နတ်လမ်းစောင်းတန်းတွေ ကျွန်မဖြင့် တွေ့ဖူးလှပါပြီ...သည်ရွာက စောင်းတန်းအရှည်ဆုံးနဲ့ အလှဆုံးပဲ...စေတနာသန့်လိုက်ကြတာရှင်...မြင်ရတာနဲ့တောင် ကုသိုလ်ရပါရဲ့..."

ကားဆရာလေးက ကားပေါ်မှာ ကျွန်ရစ်ခဲ့သဖြင့် ကိုမင်းအောင်မြင့်နှင့် ခင်ဈောမူ စောင်းတန်းအတိုင်း နှစ်ယောက်သား လျှောက်လာခဲ့ကြသည်။ စောင်းတန်းထဲမှာ ယောကျ်ားသားတစ်ယောက်နှင့် အတူလျှောက်ရင်း ခင်ဈောမူ ဆွေးမိသည်။ ရန်ကုန်လို မြို့ကြီးမှာ စာရင်းစစ်ရာထူးဖြင့် သန့်သန့်ခန့်ခန့် နေထိုင်ခဲ့သော အပျိုကြီး ခင်ဈောမူမှာ သူ့ကိုယ်သူပင် ကြောင်နေသလား ဝန်းစစ်ကြည့်ရသေးသည်။ ရွာက ရွာစိမ်း၊ အတူလာရသူက သည်တစ်ခါတည်း တွေ့ဆုံဖူးသော လူစိမ်း။ ဘယ်လိုမှ မျှော်လင့်မထားသောနေရာကလည်း ကိုယ့်အလုပ်အကိုင်နှင့် ဆက်စပ်ပတ်သက်ခြင်း အလျဉ်းမရှိ။ သည်လိုလည်း တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့တာလည်း သေချာသည်။

ဆရာတော်ကို ကန်တော့ကြပြီး နှစ်ယောက်သား နဝကမ္မ လုပ်ခဲ့ကြသည်။ ဆရာတော်က ငှက်ပျောသီးတစ်ဖီး စွန့်လိုက်သဖြင့် ကားပေါ် ယူလာခဲ့ကြသည်။ ကားမထွက်ခင် ငှက်ပျောသီး တစ်ယောက်နှစ်လုံးစီ ဖြုတ်စားကြတော့ ဝမ်းတောင့်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မခင်စောမူ...ထမင်းစားရင် ဖြစ်တယ်နော်...ကျွန်တော် စီစဉ်လို့ ရတယ်...တစ်ခုပဲ...အချိန် သိပ်နောက်ကျမှာစိုးတာပဲ ရှိတယ်"

ခင်စောမူက ခေါင်းခါပြလိုက်သည်။ ထမင်းကို မေ့တောင်နေပြီ။ မုန့်စားသည်။ ငှက်ပျောသီးစားသည်။ သည်လောက်ဆိုလျှင် အဆင်ပြေသွားပြီ။ ဆရာတော်ကပင် ထမင်းစားကြရန် မိန့်ပါသေးသည်။ နှစ်ယောက်စလုံးက ငြင်းခဲ့ကြသည်။ ကလေးတွေက ကားကို ဝိုင်းထားကြသဖြင့် ကိုမင်းအောင်မြင့်က ကားပေါ်ပါလာသည့် သကြားလုံးထုပ်ကို ဖောက်ဝေသည်။ ကလေးတွေက တဟေးဟေး။ ကားထွက်လာတော့ ကလေးတွေ ကျန်ရစ်ခဲ့သည်။ ရွာလမ်းတစ်နေရာရောက်တော့ တစ်ဖက်တစ်ချက် အိမ်တွေ စီစီရီရီရှိနေသည်။ ကားဆရာလေးက လမ်းပေါ်ကားရပ်ပြီး အိမ်တစ်အိမ်ကို ဝင်သည်။ သူ့ဆရာကိုလည်း မှာခဲ့သည်။

"ဆရာ...ဒါ သစ်စခန်းက စက်ကြီးမောင်း ကိုကျန်ပေါ်တို့အိမ်လေ...ဘာမှာဦးမှာလဲ ဝင်မေးလိုက်ဦးမယ်"

"ညော်...ကိုကျန်ပေါ်က မိုးထိကလား...အေးလေ...မှာစရာရှိတာ မှာနိုင်တာပေါ့"

ကားဆရာလေးက ခဏနေတော့ တစ်ခေါက်လာခေါ်သည်။ ဆရာရော ခေါ်ခင်စောမူရော ဆင်းကြပါဦးဆိုတော့ မဆင်းလို့မဖြစ်တော့။ အိမ်ရှင်အမျိုးသမီးက ဝမ်းသာအားရ ဆီးကြိုသည်။ အေးခုတင်ကြီးပေါ်မှာ ထိုင်ကြရန် ဖျာခင်းပေးသည်။ မုန့်ခဲဖွယ်တွေကို ချကျွေးသည်။ ရေနွေး ပြေးခပ်လိုက်၊ သူ့ယောကျ်ားဖြစ်သူကို ပေးလိုက်ရန် အနွေးထည်အချို့ ပြေးယူလိုက်၊ ဧည့်ခံစကား ပြောလိုက် လုပ်နေရှာသည်။ ခင်စောမူကတော့ အိမ်ရှေ့တွင် စိုက်ထားသော ရွှက်လှပင် ဖားဖားကြီးတွေကို လိုက်ကြည့်နေမိသည်။ အပင်ကြီးတွေက လူတက်လို့ပင် ရလောက်အောင် ကြီးကြသည်။ အိမ်ရှင်ကို နှုတ်ဆက်ရန် အိမ်ရိပ်ကို ဝင်လိုက်သည့်အခါမှာတော့ ခင်စောမူ အံ့သြသွားခဲ့ရသည်။ အိမ်ရှင်အမျိုးသမီး၏ လည်ပင်းတွင် ကျောက်ပြားကလေး ဆွဲထား၍ဖြစ်သည်။ ခင်စောမူတွင် ရှိနေသော ကျောက်ပြားမျိုးပင်။ ကျောက်ပြားကလေးကို ပိုးကြိုးမည်းဖြင့် ဆွဲထား

ခြင်းဖြစ်၏။ အနားကို ရောက်လာသော ဆယ်နှစ်အရွယ်သမီးလေးများလည်း ကျောက်ပြားဆွဲကလေးနှင့်။

"ဆရာ့နာမည်တော့ ကိုကျန်ပေါ် အိမ်ရောက်လာတဲ့အခါ ကြားရပါတယ်...ဆရာ သဘောကောင်းတဲ့အကြောင်း...တပည့်တွေကို ညှာတာတဲ့အကြောင်း...အလှည့်ကျ အိမ်ပြန်လွှတ်ပေးတဲ့အကြောင်း စုံလို့...အခု ဆရာ့တပည့် မလာတာကြာပြန်ပြီ...လွှတ်ပေးဦး ဆရာရဲ့...အမေကြီးပွဲ နီးလာလို့..."

ကိုမင်းအောင်မြင့်ကတော့ သူ့ကို ချီးကျူးနေတာကိုပဲ ရှက်နေရှာပါ၏။ ကောင်းသည်လည်း မပြော၊ ဆိုးသည်လည်း မပြောပဲ ပြုံးတုံ့တုံ့လုပ်နေခဲ့သည်။ ခင်စောမူက ကျောက်ပြားကလေးတွေအကြောင်း မေးချင်လွန်းလို့ အူတွေပင် ယားလာသည် ထင်ရပါ၏။ မေးလို့ ကောင်းပါ့မလား။ မေးတာပဲ ဘာဖြစ်တာမှတ်လို့။ ထူးထူးဆန်းဆန်း သည်ရွာမှာ ကျောက်ပြားဆွဲထားသူ နှစ်ယောက်ကို မြင်ရသည့်အခါ ခင်စောမူစိတ်ထဲ လွန်ခဲ့သနေခြင်းဖြစ်သည်။

"အမေကြီးပွဲက ဘာကိုပြောတာတုံး ညီမရဲ့...အမေကြီးပွဲကျရင် တစ်အိမ်သားလုံး ရှိကြရတာလား..."

"ဟုတ်တယ် ဆရာမ...မိသားဖသား စုံစုံညီညီ ကန်တော့ရတာ...ရှိသေသမှုပေါ့...ကျွန်မတို့ဦးရာတော့ မဟုတ်ပါဘူး...ဒါပေသိ ရွာဆိုင်နယ်ဆိုင် အမေကြီးဆိုတော့ သူ့လည်း အားကိုးကြရတယ်"

"အမေကြီးဆိုတာ ဘယ်သူ့ကိုပြောဟာလဲ...နတ်လား..."

"နတ်မဟုတ်ဘူး...လူရယ်...အသက်ကြီးရှာပြီပြောတာပဲ...မဒုန်းတတ်ဘူး...နတ်လို ကိုးကွယ်ကြတာတော့ မဟုတ်ပါဘူး...ရိုးရိုးကြတာပါ...အမေကြီးဝိုင်း ခေါ်ကြတယ်...မြေလျှောက် အမေကြီးပေါ့"

"ညော်...သက်ရှိထင်ရှား ရှိသေးတယ်ပေါ့...ဒါနဲ့ ရွာဆိုင်နယ်ဆိုင်ဆို..."

www.burmeseclassic.com

www.burmeseclassic.com

"ရှိသေးတယ်...နယ်တကာ ရပ်တကာ လျှောက်သွားနေတာ... သည်ဘက်ရွာတွေမှာ ရွာဆိုင် နယ်ဆိုင် ခေါ်ကြတာပဲ"

ခင်စောမူ သည်ထက်မေးလို့ မကောင်းနိုင်တော့ မေးခွန်းတွေ ရပ်လိုက်ရပါ၏။ အမျိုးသမီးက ငယ်ပါသေးသည်။ ကလေးတစ်ယောက်မိခင်။ ရုပ်ရည် ရွှက်ကြမ်းရေကျိုနှင့် အသားညိုညိုဖြစ်၏။ နာမည်မေးတော့ မပုခက်တဲ့။ နာမည်ကတော့ လှသား။ ကားပေါ်ပြန်ရောက်ကြတော့ မုန့်ခဲဖွယ်တွေ အင်ဖက်နှင့်ထုပ်ပြီး ပေးလိုက်သေးသည်။ ခင်စောမူကတော့ အမေကြေးစည်ဆိုသူ အမယ်ကြီးတစ်ယောက်နှင့် မီးရထားပေါ်မှာ တွေ့ခဲ့ရတာကို ပြန်သတိရနေသည်။ မြေလျှောက်အမေကြီးဆိုတာ နယ်တကာ ရပ်တကာ လျှောက်သွားနေတာကို ပြောပုံရသည်။ မစောညွန့် ဆိုသူကို ပေးလိုက်ပါဆိုပြီး ပေးလိုက်သည့် ကျောက်ပြားကလေးတစ်ပြားပင် လောလောဆယ် အိတ်ထဲမှာ ပါသေးသည်။ အမေကြီးဆိုတာ အမေကြေးစည်ကို ပြောတာများလား။ ကားထွက်လာတော့ အိတ်ထဲက ကျောက်ပြားကလေးကို ထုတ်ပြီး ကိုမင်းအောင်မြင့်ကို ပြလိုက်သည်။

"ဩော်...မခင်စောမူကလည်း အမေကြီးဂိုဏ်းကပဲလား...ပြောပြပါဦး"

"မဂိုဏ်းရပါဘူးရှင်...ခရီးသွားရင်း ကြုံခဲ့ရတာပါ...သည်ရွာမှာ လာပြီးတိုက်ဆိုင်တာကို ပြောချင်တာပါ...သည်ကျောက်ပြားကလေးက လူကြုံပေးလိုက်တာ...ကျွန်မ မေးကြည့်တော့ မသိကြဘူး"

"ဘယ်သူတဲ့လဲ အစ်မ..."

သည်တစ်ခါ ဝင်မေးလိုက်သူက ကားဆရာလေး ဖြစ်သည်။ တွေ့ကတည်းက သည်တစ်ခါပဲ စကားသံ ထွက်လာသည်။ ကိုမင်းအောင်မြင့်၏ တပည့်၊ ကုမ္ပဏီဝန်ထမ်းဖြစ်၍ လိုအပ်သည့်အခါ ကားမောင်းပေးသူဟု သိရသည်။ နာမည်က မောင်မောင်တင်။ ရုပ်ရည်သန့်သန့် ပညာတတ် လူငယ်တစ်ယောက်ပင်။

"အစ်မနဲ့ မီးရထားပေါ်မှာ ခုချင်းကပ်ကျတဲ့ ခရီးသည်ပါ...အမေကြေးစည်တဲ့...သူက အစ်မ ဘူတာဆင်းတော့ မစောညွန့်ကို ပေးပေး စမ်းပါဆိုပြီး ပေးလိုက်တာပဲ...သမုန်းကျင်းမှာမေးတော့ မစောညွန့်ကို မသိကြဘူး...တစ်ခုတော့ ရှိတာပေါ့လေ...များများတော့ မမေးဖြစ်သေးဘူး...ရှိချင်လည်း ရှိမှာပါပဲ"

မောင်မောင်တင်က ဒိုးပင်မောင်နမနတ်ကွန်းဘက်ကို မောင်းနှင်နေသည်။ နတ်ကွန်းနှင့် မိုးထိုက နီးသည်လည်း မဟုတ်၊ ဝေးသည်လည်း မဟုတ်။ နည်းနည်းတော့ လှမ်းပုံရသည်။ မြင်ရသလောက် ရေ့မှာ ဘာမှမရှိ။ ကွင်းခြောက် ကုန်းခြောက်သာ ရှိသည်။ လမ်းကတော့ ဆိုးလှပါ၏။ ဘယ်လူးညာလူးဆိုတော့ စကားတောင် နား...နား ပြောရသည်။

"ခုနက စက်ကြီးမောင်းတဲ့ ကိုကျန်ပေါ်မိန်းမ မပုခက်ပြောတာ အဲသည့် အမေကြီးပဲ...သည်ဘက်ရွာတွေမှာ သည်အဘွားကြီးက တော်တော် သြဇာရှိတယ်...အဘွားကြီးက လျှောက်သွားနေတာ အစ်မရဲ့... တစ်ခါတလေ ညကြီးသန်းခေါင် တစ်ယောက်တည်း သွားချင်သွား နေတာလို့ ပြောကြတယ်...မစောညွန့်ဆိုတာတော့ မကြားဖူးဘူး ဗျ...ခုန အစ်မပြောတဲ့ အဆောင်ကျောက်ပြားကလေးကို လူတိုင်းက လိုချင်ကြတာ...အဲသလိုတော့ မပေးပြန်ဘူး"

"မင်းက ဒါတွေ ဘယ်လိုသိတာလဲ...ငါဖြင့် မကြားဖူးဘူးပါလား..."

ကိုမင်းအောင်မြင့်က သူ့တပည့်ကို ဝင်မေးခြင်းဖြစ်သည်။

"ဆရာကလည်း...သစ်စခန်းထဲ စကားဝိုင်းဖွဲ့ရင် ဒါတွေပြောနေကြတာ... အမေကြီးက တစ်နေရာတည်း မရှိတာက မထူးဆန်းဘူး...တစ်ချိန်တည်းမှာ ရွာသုံးရွာက မြင်ကြရတယ် ဆိုတာက ထူးဆန်းတာ"

"ဘယ်လိုကွ..."

www.burmeseclassic.com

www.burmeseclassic.com

"ဆိုပါစော့ ဆရာရယ်...တစ်ချိန်တည်းမှာပဲ မိုးထိရွာမှာလည်း တွေ့ကြတယ်...ခံတက်ကန်မှာလည်းတွေ့ကြတယ် ဆိုတာမျိုးပေါ့...ဟုတ်မဟုတ်တော့ မပြောတတ်ဘူး...လူတွေက စကား ကားတာလည်း ဖြစ်နိုင်တာပါပဲ"

စက်ကြီးမောင်း ကိုကျန်ပေါ်ပြောပြသည့် ဖြစ်ရပ်ကို မောင်မောင်တင်က ပြောပြပါ၏။ ကိုကျန်ပေါ်က သစ်စခန်းတွင် သစ်လုံးရွေ့သည့် စက်ကြီးတွေ့ မောင်းရသူဟု ဆိုပါသည်။ သူ့မိန်းမ မပုခက်တို့သားအမိကတော့ ရွာမှာနေကြသူတွေဖြစ်သည်။ တစ်ခါတစ်ရံ ကိုကျန်ပေါ် ပေါ်မလာလျှင်တော့ မပုခက်ကိုယ်တိုင် သွားစခန်းကို လိုက်လာတတ်သည်။ တစ်ရက်မှာတော့ စက်ကြီးမောင်း ကိုကျန်ပေါ်က မြေညှိရင်း ဘုရားငုတ်တိုကို စက်နှင့်ထိုးမိသည်။ တွင်းခေါင်းထဲက မြွေတွေထွက်လာသဖြင့် သစ်စခန်းက အလုပ်သမားတွေက ဝိုင်းရိုက်သတ်ပစ်လိုက်ကြသည်ဆို၏။ သည်ကိစ္စကို ရွာမှာရှိနေသူ မပုခက်က မသိထိမနက်မှာပင် အမေကြေးစည် မိုးထိကို ရောက်လာချိန်နှင့် တိုက်ဆိုင်သဖြင့် မပုခက်က တဘက်စောင်ပိုင်းကလေးတစ်ထည် သွားကန်တော့သည်။ တဘက်စောင်က စောင်စင်းကျားကလေးဖြစ်၍ အလွန်လှသည်ဟုဆို၏။ အမေကြေးစည်က တဘက်စောင်ကလေးကို ဖြန့်ကြည့်ရင်း မပုခက်ကို စကားတစ်ခွန်း ပြောသည်တဲ့။

"ညည်းစောင်လေးက မြွေကျနေတာပါလားအေ...ညည်းယောကျ်ားတော့ တောထဲ မြွေတွေ့နေပြီ မှတ်တာပဲ...ဘုရားငုတ်တိုတွေထဲက မြွေတွေရှိတတ်တယ်...ညည်းကုသိုလ်ပဲ...သည်ကျောက်ပြားသုံးပြားယူထား...လည်ပင်း ဆွဲထားကြ..."

မပုခက်က လည်ပင်းမဆွဲမိသေးပဲ ကျောက်ပြားသုံးပြားကို သိမ်းထားခဲ့သည်။ တစ်ရက် ကိုကျန်ပေါ် ရောက်လာမှ မြွေတွေကိစ္စ ပြောပြသဖြင့် လန့်ဖျပ်သွားပြီး ကျောက်ပြားကလေးတွေ ကြိုးတပ်ဆွဲကြသည်။ ကိုကျန်ပေါ်ကိုလည်း ဆွဲပေးလိုက်သည်။ သည်စကားက တစ်ရွာလုံး ပြန့်သွားခဲ့သည်

မောင်မောင်တင် ပြောတာကို ကိုမင်းအောင်မြင့်ရော ခင်စောမူပါ ဆွံ့အနေတော့သည်။

"ဒါဆို အမေကြီးက တကယ်စွမ်းတာပေါ့"

"မပြောတတ်ဘူးအစ်မရဲ့...မပုခက်ကတော့ ပြောနေတာပဲ"

ကိုမင်းအောင်မြင့်က မြွေတွေထွက်လာတာတော့ အမှန်ပါဟုဆိုသည်။ အလုပ်သမားတွေက သူ့ကို ပြောပြကြတာ မှတ်မိနေသည့်အပြင် တောင်းပန်ကြရန်ပင် အလုပ်သမားတွေကို တိုက်တွန်းခဲ့သည်။ တောင်းပန်ကြလေသလား၊ ဘာလား တော့မသိ။ သူလည်း မေ့မေ့မျောက်မျောက်နေခဲ့သည်။ တစ်ရက်တွင် ကိုမင်းအောင်မြင့် အလုပ်စားပွဲပေါ် မြွေတစ်ကောင် ခွေနေတာ ထွေ့လိုက်ရသည်။ ကိုမင်းအောင်မြင့်က သစ်ခေါင်းကြီး ဦးလှသန်းကို ခေါ်ပြီး မြွေကို ခြောက်ထုတ်ခိုင်းခဲ့ရသည်။ ကန်တော့ပွဲ စီစဉ်စေ၍ မြွေတွင်းအနီးတွင် ပွဲထိုးပြီး တောင်းပန်ကြရသည်ဟု ဆိုသည်။

"မြွေက သင်းခွေချပ်လို အရောင်မျိုး မခင်စောမူရေ...အကြေးခွံကြီးတွေနဲ့ ကျွန်တော်လည်း တုန်သွားတာပဲ...တောင်းပန်တော့လည်း နောက် မတွေ့ရတော့ပါဘူး"

ခင်စောမူမှာ ကားပေါ်က ဆင်းရန်ပင် လန့်သွားခဲ့သည်။ လောကမှာ သူတွေ့ နားမလည်နိုင်တာတွေ ရှိပါသေးကလား။ အမေကြေးစည်၊ ခေါ်ခင်မသီး၊ အေးစု၊ ဒန်းပွင့်၊ မပုခက်၊ ကိုကြိမ်ပိုက်...။ ခင်စောမူနှင့် တွေ့ခဲ့ရသူတွေကို ပြန်စဉ်းစားကြည့်တော့လည်း လူထူးလူဆန်းတွေချည်းပါလားလို့ တွေးမိပါ၏။ အတ်ပညာတတ်ဆိုသူ ကိုမင်းအောင်မြင့်နှင့် မောင်မောင်တင်တို့မှာပင် ကိုယ်တွေ့ အလေးတွေ ရှိနေကြသည်။ မနက်ဖြန်ဆိုလျှင် ခင်စောမူ စာရင်းတွေ စစ်ရမည်။ ဆယ်နှရက်ကြာဦးမည် မသိ။ သည်အတောအတွင်း ဘာတွေကြုံရမည် မသိ။

အခုလည်း ဒိုးပင်မောင်နှမနတ်ကွန်းနှင့် ဓာတ်ပေါင်းစုဘုရားကို လာချင်လွန်းသဖြင့် လာခဲ့ရပြီ။ ခင်စောမူက နတ်တွေ ဓာတ်တွေကို ယုံတာလည်း မဟုတ်။ မယုံတာလည်း မဟုတ်။ သို့သော် ဒိုးပင်မောင်နှမဆိုသည့် အသံကို ကြားလိမ်းနေမိရာက လာချင်စိတ်ကလေး ဝင်ခဲ့သည်။ တကယ်လာတော့လည်း

www.burmeseclassic.com

www.burmeseclassic.com

လမ်းက ဆိုးလှပါ၏။ မောင်မောင်တင်က ကားမောင်းရင်း ရှေ့က မြင်ရတဲ့ သစ်ပင်ရိပ်ရိပ်တွေနဲ့ အစုက နတ်ကွန်းနေရာပဲဆိုလို့ လှမ်းမျှော်ကြည့်လိုက်သည်။ **ကွင်းထီးထီး** တောင်တန်းနောက်ခံ နှင့် မြူတွေဆိုင်းနေသော နတ်ကွန်းနေရာ **ကို ဝိုးတိုးဝါး**တား မြင်ရလေပြီ။

"နေပါဦး ငါ့မောင်ရဲ့...ဒီးပင်မောင်နှမဆိုတာက ထူးထူးဆန်းဆန်း ဒီးနွယ်ပင်ကြီးနှစ်ပင် ပေါက်နေလို့ နွယ်ပင်မောင်နှမသဘော ခေါ်တာလား...လူမောင်နှမက နတ်ဖြစ်ပြီး ဒီးပင်နှစ်ပင်မှာ မှီကြတာလား"

"အဲဒါတော့ မပြောတတ်ဘူး အစ်မရယ်...ဒီးပင်မောင်နှမ ခေါ်ကြတာပါပဲ...နတ်ကွန်းပေါ်မှာ နတ်ရုပ်ရယ်လို့တော့ မတွေ့မိဘူး...ကျွန်တော် တစ်ခေါက်ရောက်ဖူးတယ်"

ခင်စောမူက နတ်ကွန်းဘက်ကို မျှော်ကြည့်သည်။ တဖြည်းဖြည်း နီးလာခဲ့ပြီ။

* * *

နတ်ကွန်းစင်က ကြီးကြီးမားမားမဟုတ်။ သစ်သားပျဉ်ချပ်တွေ စီရိုက်ထားသော ခြောက်ပေပတ်လည် ကွန်းဆောင်ကလေးသာ ဖြစ်သည်။ အဆောင်ပေါ်မှာ သွပ်ပြားကို ဖောက်ထားသော ကနုတ်ခက်တွေ တင်ထားပြီး ဆေးဝါတွေ မည်မျှသာ သုတ်ထားသည်။ ကွန်းဆောင်နှင့် တိုင်တွေကိုတော့ ရေနံသုတ်ထားပါ၏။ အတွင်းမှာ နတ်ပန်းအိုးများရှိပြီး၊ နတ်ပန်းတွေ ဝေနေအောင် ထိုးထားသည်။ ဒီးပင်မောင်နှမ နတ်ကွန်းကိုမှီ၍ တစ်အိမ်စု နှစ်အိမ်စု စုရာက ဒီးပင်ရွာဆိုတာလည်းရှိ၏။ အိမ်ခြေမများလှဘဲ နတ်ကွန်းဝေယျာဝစ္စ လုပ်ကိုင်ကြသော နတ်ဆွေနတ်မျိုးတွေ ဖြစ်လောက်ပါသည်။ မောင်မောင်တင် ပြောပြသလို ဒီးပင်နွယ်ကြီးနှစ်ပင်ကတော့ အလုံးတုတ်တုတ်ကြီးတွေ။ တစ်ပင်စီ ခြေကာ ခွေကာရစ်ကာ လိမ်ကာတွန့်ကာ မြွေစိမ်းကြီးနှစ်ကောင်လို ရှိနေကြခြင်း ဖြစ်၏။

"ကျေးဇူးတင်လိုက်တာ ကိုမင်းအောင်မြင့်ရယ်...**မောင်မောင်တင်** ရောပေါ့...ကိုယ်မရောက်ဖူးတဲ့ ဒေသစိမ်းက ထူးခြားတဲ့**နေရာကလေး**တွေကို မြင်ရ တွေ့ရတော့ အာရုံသစ်တစ်မျိုး ရတာပေါ့...**ကျွန်မက** ရောက်ဖူးချင်တာပဲ သိတာလေ...ရုံးကားသုံးပြီး Tour လှည့်တယ် အပြောခံရမှာလည်း စိုးပါရဲ့...သည်လောက်ဝေးမယ်လို့ **မသိပါ**ဘူးရှင်..."

"အားမနာပါနဲ့ မခင်စောမူရယ်...ကျွန်တော်တို့ စခန်းမှာ လူလိုရင် သည်ကားနဲ့ပဲ ရွာတွေ လူလိုက်စုရတာ...ကျန်ခဲ့တဲ့ မိသားစုတွေကို လုပ်ခ လိုက်ပေးတော့လည်း ရောက်ရတာပါပဲ...အလုပ်သမားတွေက အိမ်ကို ငွေပေးစေချင်ရင် လာကြရတယ်"

"ဟုတ်ပါပြီရှင်...ကျွန်မက မြန်မာခံစားမှုရလို့ ကျေးဇူးတင် ဝမ်းသာပါတယ်...ရွာယုံကြည်မှုကို ကျွန်မ ဘာမှမဆေဖန်ချင်ပါဘူး...ဒါပေမဲ့ သူတို့ရဲ့ လူမှုပတ်ဝန်းကျင်က ရိုးရှင်းတယ်...ဆန်းကြယ်တယ်...အတွင်းစိတ်မှာ နက်နဲတဲ့အဓိပ္ပာယ်တွေ ရှိကြတယ်...ကျွန်မ အဲဒါကို ချစ်တာပါ"

ခင်စောမူတို့ကား ဝင်လာတော့ တဲအိမ်တွေထဲက မိန်းကလေးတွေ ခြင်ထွက်လာကြသည်။ တချို့မိခင်တွေက ကလေးခါးထစ်ခွင်ရင်း ရင်ဖောင်းဖောင်းနှင့် ထွက်လာကြသူတွေ ဖြစ်သည်။ ယောကျ်ားသားတစ်ယောက်မှ မယောက်ကတော့ သစ်ပင်ရိပ်မှာ ကြွေချနေကြပုံရသည်။ ကြွေပန်းကန်ထဲ ထမင်းနှိက်ပြီး ကြွေစေ့တွေ ပစ်နေပုံမျိုး မြင်နေရ၍ဖြစ်သည်။ နတ်ကွန်းစင်လေးတွင် ဖျာကြမ်းအနားစုတ်တွေ လေး,ငါး,ခြောက်ချပ် ခင်းထားသည်။ **သောက်ရေ**ခွက်ငယ်ကလေးတွင် တည်ထားတာက စိမ့်ပေါက်နေလေသည်။ အေးလိုက် မြလိုက်မည့် အရိပ်ခြင်း။ ဒီးပင်နှစ်ပင်၏အခြေမှာ အမွှေးတိုင် ငုတ်တိုတွေ ပွစာတက်**နေကြ**သည်။ တစ်ပင်မှာ ရုံပန်းထည်စ အနီပတ်ထား၍ တစ်ပင်မှာ အဖြူစ **ပတ်ထား**ပါ၏။ အေးမြသော ညောင်ကြပ်ပင်ရိပ်ကြောင့်ရော သစ်တောဘက်က **ဝင်လာတော့**

www.burmeseclassic.com

www.burmeseclassic.com

လာသော လေကြောင့်ပါ အနီးအနားတစ်ဝိုက် အေးမြနေသည်။ လဲကျင်းပြုပြင်ထားသဖြင့် ရှင်းသန့်နေသည်။

ကိုမင်းအောင်မြင့်နှင့် မောင်မောင်တင်တို့က ညောင်ကြပ်ပင်ကြီးကို လှည့်ပတ် ကြည့်နေကြ၏။ ခင်စောမူက ဖျာပေါ်ထိုင်လိုက်ရင်း အားဘီကို အကဲခတ်သည်။ မိန်းမနှစ်ယောက် သုံးယောက်က ခင်စောမူကို စိုက်ကြည့်နေကြသည်။ ဒါကလည်း ရွာသဘာဝပင်။ လူစိမ်းရောက်လာလျှင် စူးစူးရဲရဲ အကဲခတ်တတ်ကြသည်။ သူတို့စိတ်ထဲထင်တာကို မှတ်ချက်ချတတ်ကြသည်။

"ငါ့ညီမက နတ်မေးချင်လို့လား..."

အနားကို မိန်းမတစ်ယောက် ဇုတ်ခနဲ လာထိုင်ရင်း မေးလိုက်လို့ ခင်စောမူပင် လန့်သွားရသည်။ နတ်ကတော် ထင်ပါရဲ့။ အသားညိုညိုမှာ သနပ်ခါးတွေ ဖွေးနေအောင် လိမ်းထားသည်။ အဝတ်အစား လတ်လတ်လေး လောနှင့် သန့်သန့်ရှင်းရှင်း နေတတ်သူ ဖြစ်ပုံရပါ၏။

"ဦးပင်မောင်နှမနတ်ကွန်းကို ရောက်လာကြတဲ့ ဧည့်သည်များပါ... ယုံကြည်ပါတယ်... သက်ဝင်ပါတယ်... ဦးညွတ်ပါတယ်... နတ်မောင်နှမ စောင့်ရှောက်လို့ ဘေးမသီ ရန်မသီ နတ်ကွန်းရှေ့ ရောက် လာကြသူတွေပါ... ဟိုတစ်ယောက်က ငါ့ညီမ အိမ်သားလား..."

နတ်ကတော်က ဦးပင်နှစ်ပင်ဆီ လက်အုပ်ချီ ဆုတောင်းရာက ခင်စောမူကို ဖျတ်ခနဲ မေးလိုက်ခြင်းဖြစ်၏။

"အို... ရှင် မဟုတ်ပါဘူး... ကျွန်မကို လိုက်ပို့တာပါ... ကျွန်မက ဧည့်သည်ပါ..."

"သြော်... မသိလို့ပါ... ကျွန်မက လင်စုံမယားဖက် ဆုတောင်း ပေးမလို့ပါ..."

ပိုလို့သာဆိုးတော့သည်။ တော်ပါသေးရဲ့... ကိုမင်းအောင်မြင့်တို့ မကြားလို့။ မကြားတာတောင် ခင်စောမူမှာ တွေးရင်းက ရှက်နေမိသေးသည်။ နတ်ကတော်ကိုလည်း အပြစ်မတင်သာ။ အရွယ်လွန်တွေဆိုတော့ လင်မယား ထင်ချင်ထင်ကြရော့မည်။ နတ်ကတော်က ခင်စောမူကို အမွှေးတိုင်တစ်ထုပ်

ပြန်းတစ်စည်း လက်ထဲထည့်ပေးကာ နတ်ဆက်လိုက်ပါ ခိုင်းနေသည်။ ခင်စောမူလည်း ထလုပ်ရလေတော့သည်။ သူ့နတ်ကွန်းကို လာမှတော့ လေးစား ကြောင်း ပြရမည်။ လူ့ကျင့်ဝတ်ပင်။

"နတ်ကွန်းက နတ်မောင်နှမနတ်ကွန်းလား... ဦးပင်မောင်နှမနတ်ကွန်း ဆိုတာကို သိချင်လို့ မေးတာပါရှင်..."

"နတ်မောင်နှမပါ... ဖိုးတေနဲ့ မယ်ခွေတဲ့... မောင်နှမနှစ်ယောက် အသက်ကြီးမှ နတ်ဖြစ်ကြတာ... ဖိုးတေက မုဆိုးကြီး... နှမက အစ်ကိုကြီး ပစ်ခတ်ရတဲ့ အမဲကို ရွာတာကာ လိုက်ရောင်းရရှာတာ... ဖိုးတေက မုဆိုးလုပ်ပေမယ့် လူသူတော်ကောင်း... လုပ်ဖာတ်တာတို့ လုပ်စားရတာကိုး... မယ်ခွေက အာကြမ်းတယ်"

"ဒါဆို... နတ်ဖြစ်ကြတာ မကြာသေးဘူးပေါ့"

နတ်ကတော်က မနေ့တစ်နေ့ ကကိစ္စလို ပြောနေသဖြင့် ခင်စောမူက ဆောအောင် မေးခြင်းဖြစ်သည်။

"ကြာပြီပေါ့... ကျွန်မတို့ဘိုးဘွားများတောင် မမီပါဘူး... ဘုရင်ခေတ်က ဖြစ်ခဲ့တာ... တစ်ရက်တော့ ဘုရင်က တောကစားထွက်လာတော့ သည်တောကို ရောက်လာရော... ဟိုတုန်းက သည်တောကြီးက နေ ပြောက်တောင် မထိုးဘူး... အရှင်တို့အကြောင်း အကောင်းပြောခြင်း ဖြစ်ပါတယ်ဘုရား... အမှားပါရင် ခွင့်လွှတ်တော်မူပါ... ဒါနဲ့..."

နတ်ကတော်က ဦးပင်နှစ်ပင်ကို လက်အုပ်ချီတောင်းပန်ရင်းက ဆောက်ပြောလေသည်။ ဇာတ်လမ်းကတော့ ထုံးစံအတိုင်းပင်။ ရှင်ဘုရင် မကျွန်ုပ်တို့ ကွပ်မျက်ခံရရာက နတ်ဖြစ်သွားသည့် ဇာတ်လမ်းဖြစ်၏။ မောင်နှမ နတ်ယောက် နတ်ဖြစ်တော့ ဦးပင်တစ်ပင်စီမှာ မိတွယ်ရာက ဦးပင်မောင်နှမနတ် ကွန်းသွားခြင်းဟု ဆိုပါ၏။

ဇာတ်လမ်းဆုံးတော့လည်း နတ်ကတော်က စကားတွေ မနားတမ်း ပြောနေသည်။ ထူးထူးဆန်းဆန်းတွေ ပါသလို၊ လုပ်ဇာတ်တွေလည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com

(၇)

ဓာတ်ပေါင်းစုစေတီက ဥာဏ်တော် မမြင့်လှပါ။ စေတီဟောင်းတစ်ဆူ အဖြစ်၌ အုတ်အင်္ဂတေတို့ ကွာသည့်နေရာကကွာ၊ ထုံးဖြူအင်္ဂတေ ကျန်သည့် နေရာက ကျန်ဖြစ်နေခဲ့ပြီ။ ထီးတော်က သံချေးများပင် တက်လျက်ရှိပါ၏။ နိမ့်ဖူးမရှိ။ ငှက်မြတ်နားကလည်း ပြုတ်လုပြုတ်ခင်။ ခင်စောမူက ဓာတ်ပေါင်းစုစေတီဆိုသည်နှင့် အများတကာ ကိုးကွယ်ရာစေတီအဖြစ် ရောင်တော်ပွင့်နေမည် ထင်ခဲ့မိသော်လည်း အထင်နှင့်အမြင် ကွာလွန်းလှသည်။ မပြုမပြင်ထားခဲ့သည်ပင် ကြာရော့မည်။ အာရုံခံ သစ်သားဧရပ် ရှိသော်လည်း လူမရှိ။

"ငါမောင်...ဓာတ်ပေါင်းစုစေတီက ဘယ်ပုဂ္ဂိုလ်ရဲ့ ဓာတ်တော်တွေ ကိုးကွယ်ထားတာလဲ...စေတီတော်ကို ဖူးရတာ ကြာလောက်ပြီထင်တယ်"

"မပြောတတ်ဘူး အစ်မရဲ့...ဓာတ်ပေါင်းစုစေတီပဲ ခေါ်ကြတာ ကြာပြီပြောတာပဲ...ဂိုဏ်းဆရာတွေတော့ လာလေ့ရှိကြတယ်... အဓိဋ္ဌာန်ဝင်ကြတယ်...ပုတီးစိပ်ကြတယ်...ပြီးရင်တော့ ပြန်ကြတာ

ခင်စောမူက ငွေတစ်ထောင် ဆက်လိုက်တော့ နောက်တစ်ရွက်တောင်းသည်။ ထိုတစ်ရွက်ကိုတော့ ဒိုးပင်နှစ်ပင်ကို သွားပွတ်ပြီး ပြန်ပေးသည်။ ဆောင်ထား လျှင် အန္တရာယ်ကင်းသည် ဆို၏။ ကိုမင်းအောင်မြင့်တို့ကို အားနာသဖြင့် ပြန်ရန် ထလိုက်သည်။ ဓာတ်ပေါင်းစုဘုရားကို သွားဖူးကြဦးမှာ မဟုတ်လား။

ကားထွက်လာတော့ နတ်ကတော်လည်း အိမ်စုကလေးတွေဆီ ပြန်ပြီ ထိုစဉ်မှာပင်...။

အိမ်စုထဲက မိန်းမတစ်ယောက် ထွက်လာတာ လှပ်ခနဲ မြင်လိုက်ရ သည်။ ပိတ်ညိုဝတ် အမေကြီးအရွယ် မိန်းမအိုကြီး။ ပါးပါးလှပ်လှပ်။ ဖျာ လွယ်အိတ် ညစ်ထေးထေးကြီးလွယ်လျက်။ ကားက မောင်းလာခဲ့ပြီဆိုတော့ ရုပ်ကိုတော့ ကောင်းကောင်းမမြင်ရပါ။ သည်လို ပိတ်ညိုဝတ် ပိန်ပိန်ပါးပါး အမျိုးသမီးကြီးကို အဝေးက လှမ်းမြင်ရရုံနှင့်ပင် ခင်စောမူအာရုံမှာ မှတ်မိစရာ သလိုလို ရှိနေသည်။ အမေကြေးစည်များလား...။

ကားက နတ်ကွန်းကို ချန်ရစ်ခဲ့လေပြီ...။

www.burmeseclassic.com

www.burmeseclassic.com

များတယ်...လာတာတော့ အမျိုးမျိုးပဲ...တချို့က ယောဂီဝတ်နဲ့...
တချို့က ရသေ့ဝတ်နဲ့...တချို့က ပိတ်ဖြူနဲ့..."

ခင်စောမူ ကားမောင်းပို့သူ မောင်မောင်တင်ကို မေးသဖြင့် မောင်မောင်တင်က ဖြေခြင်းဖြစ်သည်။ ဓာတ်ပေါင်းစုဘုရားကို လွန်သော် တောင်တွေသာ ရှိတော့သည်။ တောင်တွေက အဆင့်ဆင့်တောင်တန်းကြီးတွေလို မဟုတ်ပဲ မြေပေါ်က ခပ်ရွှန်ရွှန် ထိုးထွက်နေသော တောင်ပုစာတွေလိုပင်။ မြင့်တာတော့ မြင့်ကြသည်။ စေတီတော်နှင့် မနီးမဝေးမှာ အာရုံခံတန်ဆောင်းရှိသည်။ တန်ဆောင်းကလည်း သွပ်ပြားဟောင်း မိုးထားသည့် လေးဘက်ပွင့် အဆောက်အဦကလေးဖြစ်၏။ အတွင်းမှာ ဗျာကြမ်းတွေ ခင်းထားသည်။ ပန်းအိုးနှင့် အမွေးတိုင်ထွန်းသည့် သံပန်းစင်ရှိသည်။ သည်စေတီတော်က ပတတ်စာကုန်း (တောခြေ)နှင့် နီးသည်ဆို၏။ ရွာနှင့် စေတီကြားတွင် ခြောက်တောက်တောက်လယ်ကွင်းများနှင့် အင်တိုင်းတောလို တောအုပ်ကလေး ခြားလျက်ရှိ၏။ ခင်စောမူသဘောအတိုင်းသာဆိုလျှင် ရွာဘက် သွားဖြစ်အောင် သွားလိုက်ချင်သည်။ မကောင်းနိုင်မှန်းသိလို့ အသာငြိမ်နေလိုက်ရ၏။

"မခင်စောမူ အဓိဋ္ဌာန်ပုတီးတွေ ဘာတွေ စိပ်သလား..."

ကိုမင်းအောင်မြင့်က ဘယ်လိုထင်လို့လည်းမသိ။ ခင်စောမူကို မေးခြင်းဖြစ်၏။ စေတီတော်အထိ လာချင်သည်ဆိုကတည်းက ဓာတ်ကိစ္စတွေ ပါသည်ဟု ထင်တာဖြစ်လိမ့်မည်။ ထင်လည်းထင်ချင်စရာကိုး။ ခင်စောမူ ပြုံးလိုက်သည်။

"ကျွန်မ ရန်ကုန်မှာတော့ ဘုရားကိုသွားပြီး ပုတီးစိပ်ပါတယ်...ဘာအဓိဋ္ဌာန် ဘာဓာတ်သဘောမှ မပါပါဘူး...အာရုံယူတာပါ...သမာဓိယူတာပါ"

"ကောင်းတာပေါ့ဗျာ...ဘုရားရှေ့ရောက်ရတာ အကုသိုလ်ငြိမ်းတာပေါ့!"

ယုံလေသလား၊ မယုံလေသလားတော့ မသိ။ ကိုမင်းအောင်မြင့်က အလိုက်သင့်ဖြေသည်။ စေတီတော်ကို တစ်ပတ်ပတ်လိုက်တော့မှ စေတီတော်၏ အနောက်ဘက်မှာ ပုတီးဆိုင်ကလေး၊ ပန်းဆိုင်ကလေး တွေ့ရသည်။ ကားလမ်းက ဝင်ဝင်ချင်း မြင်သာသည့်နေရာမှာ မရောင်းကြပဲ ဘယ်လိုကြောင့် ပုန်းလျှိုးထွယ်လျှိုး ရောင်းနေကြတာပါလိမ့်။ ဆိုင်ဆိုသော်လည်း အိမ်ကလေးတစ်လုံးလိုဆောက်ထားသဖြင့် လူနေတာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ အဓိဋ္ဌာန်ပုတီးလေး၊ ငါးဆယ်ကုံး ချိတ်ထားသည့် ဝါးလုံးတန်းကလေး ထုတ်ထားတာ တွေ့ရသည်။ ပန်းကလည်း ရွာမှာစိုက်သည့် သပြေလို၊ ကံ့ကော်လို အရွက်ထိုးပန်းတွေသာဖြစ်၍ ဝယ်ပါ ယူပါ အော်နေတာမျိုးလည်း မရှိ။ ဆိုင်ကလေးထဲမှာ ခေါ်မနှစ်ယောက်၊ သုံးယောက်ရှိ၍ လူရွယ်တစ်ယောက်က စေတီရှေ့တော်သာရောက်ကြသူများ သောက်သုံးရန်ထားသော ရေအိုးတွေမှာ ရေလိုက်ဖြည့်နေသည်။ ရေကုသိုလ်ပြုခြင်း ဖြစ်လိမ့်မည်။

"ရေခပ်ရတာ ဝေးသလား..."

"နည်းနည်းတော့ လှမ်းတယ်...ရွာစပ်မှာ မိုးရေကန်ရှိတယ်"

"မိုးရေက မှန်မှန်ရလို့လား..."

"မိုးနည်းတဲ့နှစ်တွေတော့ မပြည့်ဘူး...တောင်ပေါ်ရေက မပြတ်ရနေတော့ သုံးဖို့စွဲဖို့တော့ ရနေတာပါပဲ"

ဒန်းပွင့်ပြောဖူးတာတော့ ပြာညှိုညှိုတောင်တန်းကြီးတွေဆီက ရေဆင်းသဖြင့် စိုက်ရေးပျိုးရေး အဆင်ပြေသည်လို့ ဆိုသည်။ ချောင်းငယ် မြောင်းငယ်တွေ ရှိသဖြင့် ရေပေါသည့်ရွာဟု ဆိုခဲ့ဖူးသည်။ ဒန်းပွင့်ပြောသလိုပင် လွှင့်ပြင်ထွယ်နှင့် စပါးစိုက်ကွင်းတွေက တစ်မျှော်တစ်ခေါ်။ အဓိက စီးပွားရေးတော်စပါးစိုက်ကြခြင်းဖြစ်၍ တောတိုး၊ မို့ရှာ၊ ပျားဖွပ်၊ သားထိုးတွေလည်း ရှိသည်။ ရွာနှင့်ချောင်းတွေမှာ ရွှေရာကြသူ၊ ရွှေကျင်ကြသူတွေလည်း ရှိသည်။

"နေပါဦးကွယ်...ရောက်ပင်တော ဆိုတာကကော ဘယ်ဆီမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"နေ့ဝက်လောက် ပြင်းပြင်းသွားရတယ်...သွားချင်လို့လား..."

သွားချင်လို့လားဆိုတာက လိုက်ပဲပို့တော့မည်ပုံ မေးနေခြင်းဖြစ်သည်။

"မဟုတ်ပါဘူး...ကြားဖူးလို့ မေးကြည့်တာပါ...ဒါထက် ပတ်စာကုန်း ရွာလယ်မှာ ရေတွင်းကြီးတစ်တွင်းရှိဆို...ဈေးက ချိုပြီး အေးနေတာပဲလို့ ကြားဖူးတယ်"

"သွပ်မိုး ရေတွင်းကြီးရှိတယ်...ဒန်းပွင့်တွင်း ခေါ်ကြတယ်...ရှိပါသဗျား..."

"ဩော်...ဒန်းပွင့်ဆိုတာက ဘယ်သူလဲ...အခုရှိလား..."

"ငယ်ငယ်က စကားမပြောတတ်ဘူးဗျ...ကြီးမှ စကားသံထွက်လာတာကို မိဘတွေက ဝမ်းသာလို့ ရေတွင်းတူး လှူကြတာ...အခုတော့ ဒန်းပွင့်က ရောဂါသည်ပါဗျာ...မြို့မှာ ဆေးသွားကုနေလေရဲ့"

ရေကုသိုလ်ရှင် လူရွယ်က ခင်စောမူးသမျှ ပြောနေသဖြင့် အချိန်ယူကာ မေးချင်လှသော်လည်း ပြန်ရဦးမှာ ရှိသေးသည်။ ဒန်းပွင့်နှင့်ပတ်သက်၍ သိချင်တာတွေ ရှိသော်လည်း ခရီးသွားဟန်လွဲ မေးလို့မကောင်းနိုင်။ ကိုမင်းအောင်မြင့်က ခင်စောမူကို ထူးဆန်းသလို ကြည့်နေလေသည်။ ပတတ်စာကုန်းမှာ ရေတွင်းရှိတာ ဘယ်လိုများသိပါလိမ့် ဆိုသည့်ပုံဖြင့် အသာငြိမ်နေးနေလေ၏။

"အစ်မ မေးဦးမယ်...မိုးနံ့ကကော ဘယ်မှာတုံး..."

"မိုးနံ့ကလည်း သည်နားတစ်ကြောပါပဲ...မိုးနံ့ဘုရားပွဲက သိပ်စည်တာဗျ"

"ကြားဖူးတယ်...မိုးနံ့ရွာက မောင်ပုညကို မင်းသိမှာပေါ့..."

သည်စကား ကြားတော့ ရေခပ်လူရွယ် ငြိမ်သွားသည်။ သည်မိန်းမက ရှောက်ပင်တောကို မေးသည်။ မိုးနံ့ကို မေးသည်။ ဒန်းပွင့်ကို မေးသည်။ ပုညကို မေးသည်။ ဒါဆိုရင် သည်မိန်းမက ဘာလဲ။ လူရွယ်က ခင်စောမူ၏

မေးခွန်းကို မေ့သွားရပုံရသည်။ ရေပုံးနှစ်ပုံး ကောက်ကိုင်ကာ မသိသာပြောပြီး လှည့်ထွက်သွားသည်။ ကိုမင်းအောင်မြင့်နှင့် မောင်မောင်တင်က ခင်စောမူ ကျဉ်းကျပ်နေမှာစိုးသဖြင့် ကားဘက်ကို ပြန်နားကြဖို့ ပြင်သည်။

"မခင်စောမူ အေးအေးဆေးဆေးမေးပါ...အပြန် မိုးမချုပ်ပါဘူး...ချုပ်လည်း ကိုယ့်ကားနဲ့ ကိုယ်ပဲ...ကျွန်တော်နဲ့ မောင်မောင်တင်ကားကပဲ စောင့်မယ်"

"ဟုတ်ကဲ့ပါ...ကျွန်မလည်း ခဏပါ...စေတီတော် တစ်ပတ်လှည့်ပြီး လာခဲ့ပါ့မယ်"

ကိုမင်းအောင်မြင့်တို့ ထွက်သွားတော့မှ ပုတီးကုံးတွေ ချိတ်ထားသည့် ဆိုင်ကို ဝင်လိုက်သည်။ ဆိုင်ဆိုသော်လည်း ထန်းလက်မိုးထားသည့် မဏ္ဍပ်ထလေးလို ဖြစ်နေသည်။ အတွင်းမှာ ထန်းကုလားထိုင် နှစ်လုံး၊သုံးလုံး ချထားသည်။ သည်လောက် ကျဲပါးသည့် ဘုရားဖူးစည်သည်များကို မျှော်ကိုးကာ ရောင်းကြတာကို ခင်စောမူ နားမလည်နိုင်။ ပုတီးကလည်း များများစားစားမဟုတ်။ မိန်းမနှစ်ယောက်က ကျိတ်စေ့ပုတီးကလေးတွေ၊ အဝေရာစေ့ပုတီးကလေးတွေ သီကာ ဆွဲကြိုးကလေးတွေ ဘယက်ကလေးတွေ ပုံဖော်နေကြသည်။ ကျိတ်စေ့ပုတီးက ဖြူလျော်လျော်၊ အဝေရာစေ့က အညိုရင့်။ သည်ပုတီးကလေးတွေကိုလည်း လေး၊ငါးကုံး ချိတ်ထားသည်။ ခင်စောမူတာထန်းလက်မိုးအောက်ကို ဝင်လိုက်ပြီး ပုတီးကုံး သီနေကြသူတွေအနီးမှာ ရပ်လိုက်သည်။ ခင်စောမူကို မော့ကြည့်ကြလေ၏။

"ငါ့ညီမတို့က လက်ရာကောင်းလိုက်တာ...လိုချင်စရာကလေးတွေပါလား...သည်ဘက်ရွာကပဲလား..."

"ဇာတိက အင်ကြင်းတောဘူတာ မန္တလေးဘက်က သခွပ်ပင်သူရယ် ဒါပေသိ ရောက်နေတာ ကြာပါပြီ...သည်ရွာသားနဲ့ အိမ်ထောင်ကျတာကိုး..."

www.burmeseclassic.com

www.burmeseclassic.com

"ဘုရားကို အလာအပြုနည်းတော့ ညီမတို့ ဈေးရောင်းရတာ ကိုက်ရဲ့လား...တစ်မျိုးမထင်နဲ့နော် ဈေးသည်ဆိုတာ ဈေးဝယ်ကလည်း ရှိမှ မူတ်လား..."

"သည်ရက်က ပါးလိုက်တာမှ ကြက်သွန်ခွံသာကြည့်တော့...ဒါပေမဲ့ တစ်ခါတလေ ဓာတ်အုပ်ကျရင် ရောင်းရပါတယ်"

"ဓာတ်အုပ်က ဘာကိုပြောတာလဲ"

"ဓာတ်သမားတွေ အုပ်လိုက်ကျတာကို ပြောတာ...ရှိသမျှ ကုန်တာပဲ"

"ဩော်...ဩော်...အမှတ်တရ ဝယ်ကြတာပေါ့"

"အမှတ်တရရယ် မဟုတ်ပါဘူး...ဆောင်ကြဖို့ ဝယ်ကြတာပါ...သည်ကျိတ်စေ့တွေ အဝေရာစေ့တွေက ဟိုဘက်တောထဲ သွားခူးကြရတာလေ...တခြား ဘယ်တောကမှ ခူးမရောင်းဘူး...အဲသည်တောက အမေကြီး ဓာတ်ကျတဲ့တော...ဓာတ်စေ့တွေပေါ့"

ခင်စောမူလည်း အဝေရာစေ့ပုတီးနှင့် ကျိတ်စေ့ပုတီးကုံးတွေ အားပေးလိုက်သည်။ ပုတီးကုံးနေကြသည့် မိန်းမတွေနှင့် အဖွဲ့ကျသွားကြပြီ။ တစ်ယောက်က မတုံးတီတဲ့။ တစ်ယောက်က မပူစူးတဲ့။ နှစ်ယောက်စလုံး ရွာကြမ်းရေကျိုအဆင်ကွဲဖြစ်၏။ ထန်းနဲ့မွေးမွေး ထန်းအမိုးအောက်မှာ ခင်စောမူ အိပ်ဝင်အိပ်ချင်လာခဲ့သည်။ သူတို့ကလည်း ခင်စောမူကို အကဲခတ်ကြပါ၏။ ဓာတ်အုပ်ကျကယ် ဆိုသည့်စကားက အယုံအကြည်မရှိတာကို လှောင်တဲ့သဘောလား ခင်စောမူ တွေးသည်။ မတုံးတီတို့ ပြောသလောက်ဆိုလျှင် ဓာတ်ကိစ္စနှင့် လာကြသူတွေကလွဲလို့ အခြားလာသူ မရှိဆိုသည့် သဘောပင်။ ဒါလည်း မဟုတ်ပါရဲ့။ တန်ခိုးကြီးဘုရားလည်းမဟုတ်၊ ရောင်တော်ဖွင့်ထားသည့် စေတီလည်းမဟုတ်။ သည်ကြားထဲ လမ်းပန်းက မသာလေတော့ ရောက်ချင် ဖူးချင် သောမှ မဖူးနိုင်ကြတာလည်း ရှိလိမ့်မည်။

"အစ်မလေးက ဓာတ်ကိစ္စပဲလား..."

မပူစူးက မေးခြင်းဖြစ်၏။ ခင်စောမူကို အကဲခတ်လို့မရတော့ ပြောင်ဖွင့်မေးခြင်း ဖြစ်သည်။ ခင်စောမူက ဘာမှမပြောပဲ သူ့လက်ကိုင်အိတ်ထဲက အမေကြေးစည် ပေးခဲ့သည့် ကျောက်ပြားကလေးကို ထုတ်ပြလိုက်သည်။ ထိုအခါ အဝေရာပုတီးကုံးက အလိုအလျောက် မီးထတောက်လိုက်သလို အံ့သြသွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြရင်း ဝေခွဲရခက်နေကြပုံမျိုး။ ခင်စောမူကို ဘာမေးခွန်းမှတော့ ဆက်မမေးကြပါ။

"ငါ့ညီမတို့...သည်စေတီမှာ ဟိုတုန်းက ဓာတ်ကိစ္စနဲ့ လာဖူးတဲ့ မိန်းမတစ်ယောက်ကို သိကြသလားလို့...သည်ကျောက်ပြားကလေးက အစ်မပစ္စည်း မဟုတ်ဘူး...လူကြုံပေးလိုက်လို့ လက်ခံပြီး ယူလာတာပါ...ခက်တာက မေးလို့မရဘူး"

တကယ်တော့ ခင်စောမူက သမုန်းကျင်းတစ်မြို့လုံး အိမ်ပေါက်စေ့ မေးရသေးတာမဟုတ်။ သမုန်းကျင်းမှာ မစောညွှန့် ဆိုသူ ရှိချင်လည်း ရှိနိုင်သည်။ ရှိချင်မှလည်း ရှိမည်။ အခုဟာက ဓာတ်ပေါင်းစုဘုရားတစ်ဆူကို ရောက်သခိုက် သိများသိကြလေမလား စကားတောက်ကြည့်ခြင်းသာ ဖြစ်၏။ အမေကြေးစည်ကိုယ်တိုင် ကျောက်ပြားကလေးကို ပေးခဲ့စဉ်က ရှာဖွေပေးရမည့် မိန်းမတစ်ယောက်ဆိုလျှင် လူကြုံထည့် ပေးစရာမရှိ။ သမုန်းကျင်းရောက်ပြီဆိုသည်နှင့် ဘယ်သူ့မေးမေး ရသည့် ထင်ရှားသော မိန်းမမို့ ထည့်ပေးလိုက်ခြင်းသာ ဖြစ်မည်။ သမုန်းကျင်းမှာ ဆရာမကြီး လုပ်နေသည့် ဒေါ်ခင်မေသီကိုတော့ ကိုယ်ထိလက်ရောက် မမေးရသေးတာတော့ ရှိ၏။ ဒေါ်ခင်မေသီကို ခင်စောမူကိုယ်တိုင်ကလည်း မမေးချင်ခဲ့ပါ။

"မိန်းမက ဘယ်သူတဲ့တုံး အစ်မရဲ့...ကျွန်မတို့က သခွပ်ပင်ကဆိုပေသိ သည်မှာနေတာ ကြာလှပေါ့ဟာ...ဓာတ်ပေါင်းစုဘုရားလာနေကျဆိုရင် ကျွန်မတို့ သိရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"နာမည်က မစောညွန့်...တဲ့"

"မစောညွန့်..."

မိန်းမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြပြန်သည်။ ပြီးမှ တစ်နေရာကို လက်ညှိုးထိုးပြသည်။

"ဟိုမှာလေ...မစောညွန့်..."

ခင်စောမူက ကျပ်ကသိ လှည့်ကြည့်လိုက်သည်။ ဘယ်သူမှ မရှိ။ အာရုံခံ သစ်သားဇရပ်ကို ပြကြပြန်သဖြင့် သေသေချာချာ ကြည့်ရသည်။ ဇရပ်ဒါယကာနှင့် ဒါယိကာမတို့၏ ကောင်းမှုအမည် ကမ္မည်းထိုးထားသော သစ်သားစာလုံးတွေက ကနုတ်ပန်းခက်တွေအလယ်မှာ သေသေချာချာကြည့်မှ မြင်ရပါ၏။ စာလုံးတွေ ပြုတ်တာကပြုတ်၊ ပဲ့တာကပဲ့။

"..... စေ.....ညွန့်. ေ.....င်းမ"

ဒါပဲ ဖတ်လို့ရသည်။ ရှေ့က စာလုံးတွေ မရှိတော့တာထား။ ဒါယိကာမ ၊နာမည်ပင် အပြည့်အစုံ မရှိတော့။ မစောညွန့်. ကောင်းမှုက ဆယ်စုပ်ဖတ်မှ ရေးတေးတေး ရှိလေသည်။

"ကျွန်မတို့ ရောက်စက အထင်ကရ ဖတ်လို့ရတယ်...မစောညွန့် ကောင်းမှုဆိုတာ သေချာပါတယ်...ဇရပ်ဒါယကာက နာမည် တစ်မျိုးရယ်..."

"စဉ်းစားကြည့်ပါဦး..."

"နေဦး...ရိုးပြာညို သွားခေါ်ချေဦးမယ်..."

"အဝေးကြီးလား...ကျွန်မက အချိန်မရတော့လို့ပါ"

"သည်နားတင်ရယ်..."

ခင်စောမူ ကိုမင်းအောင်မြင့်တို့ကို အားနာသော်လည်း သည်နား တင်ရယ်ဆိုတာကို စောင့်လိုက်ချင်သေးသည်။ ရိုးပြာညိုဆိုတော့ အသက်ကြီးကြီး

ဖြစ်လိမ့်မည်။ ထိုတဒင်္ဂကို အချိန်တွေ ကုန်လွန်းလှသည်ဟု ခင်စောမူ ထင်မိသည်။ သူမကိုယ်သူမလည်း ပြန်မေးကြည့်မိပါ၏။ ဘာကိစ္စများ ကိုယ့်ကိစ္စ အပြီး တောထဲတောင်ထဲက နတ်ကွန်းနှင့် ဓာတ်ပေါင်းစုဘုရားဆိုတာကို လာချင်ရတာပါလိမ့်။ သည်ကျောက်ပြားကလေး ခင်စောမူလက်ထဲ ရောက် လာတည်းက မစောညွန့်. ဆိုသူကို ရှာနေမိသည်။ ပြီးတော့ သည်လို နတ်တွေ၊ ဓာတ်တွေဆိုတာကလည်း ခင်စောမူနှင့် အဝေးကြီး။ မြန်မာတွေးတွေးလျှင် ခင်စောမူနှင့် ဘဝက အကြောင်းရေစက်များ ပါလာလေသလား။ ဘာအကြောင်း ကိစ္စမှ မပါပဲ ခမျာများ လိုက်ပို့ကြရှာတာကိုလည်း ကျေးဇူးတင်ရပါ၏။ ဘာယ်တော့ လုပ်ငန်းနှင့်မဆိုင်။ စာရင်းယေားတွေ ဓောက်တိုဓောက်ထိုး ဖြစ်နေလို့ ခင်စောမူ ကျေနပ်စေရန် ဒါမှမဟုတ် စာရင်းတွေအပေါ်မှာ ပြင်းထန် သောမှတ်ချက် တစ်စုံတစ်ရာ ရေးမသွားရန် လိုက်လျောတာမျိုး မဟုတ်တာ ကိုတော့ ခင်စောမူ ယုံပါသည်။ ပုဂ္ဂိုလ်ရေးကိစ္စများနှင့် အလှပ်တာဝန်ကို ရွေးရောယှက်တင် မရှိအောင် တစ်ပိုင်းစီ ကန့်ထားဖို့လည်း ခင်စောမူ စဉ်းစား သေးသည်။ နောက်ထပ် မိနစ်နှစ်ဆယ်လောက်ကြာတော့မှ ရိုးပြာညိုဆိုသူ ဆိုက်လာသည်။ အသက်ရှူပါပြီ။ ပိန်လှီလှီကလေးဖြစ်၍ တဘက် ခေါင်းစွင့် လိုက်လာခြင်းဖြစ်သည်။ တွေ့ချင်သည်ဆိုသော ခင်စောမူကို သေသေ ချာချာ ကြည့်သည်။ ကြောက်လန့်နေပုံလည်း ပေါ်၏။

"အမေကြီးက ရိုးပြာညိုလား..."

"ဟုတ်တယ်...မပြာညိုရယ်..."

"ကျွန်မ သိချင်တာလေးရှိလို့ အရီးရဲ့..."

"ဘယ်သူ့သိချင်တာတုံး..."

"သည်ဇရပ်က မစောညွန့်. လှူထားတာ ဖတ်ရလို့ပါ...မစောညွန့် ဆိုတာ အရီး သိလောက်တယ်ထင်လို့..."

"စောညွန့်. မသိပဲလား...သည်ဇရပ်က စောညွန့်. ယောကျ်ားလေးနော် ဆောက်လှူတာ...ယောကျ်ားက သစ်တောဗိုလ်ဆိုလား ဘာလား ကြွေးကြ

www.burmeseclassic.com

www.burmeseclassic.com

တယ်...နာမည်တော့ တို့ငေးကက ခေါ်ကြတာဖြင့် ကာလူးတဲ့...
မျက်နှာရဲစပ်စပ် ခပ်ရည်ရည်...ခရသင်း စွဲထားသလိုပါအေ"

"မစောညွှန့်ကကော..."

"စောညွှန့်ကတော့ တို့သိသလောက် ဗမာပဲ ထင်ပါရဲ့...လူမျိုးခြ
နဲ့ ညားတာ ..စောညွှန့်ဖအေ မအေက ဗမာဟာကို...တစ်ခုတော
ရှိတယ်...စောညွှန့်ငယ်ငယ်က ဘိုမရွာ်ကလေးနဲ့တူလို့ ရွာက ဘို
ခေါ်ကြတာ...မျက်လုံးများ အင်မတန်လှပေါ့အေ"

"ဩော်...ဒါဆို သည်ဧရပ်မှာ ဦးကာလူး၊ ခေါ်စောညွှန့်ကောင်းမှု
ရေးထားတာပေါ့...ဟုတ်လား အရီး..."

"ကာလူးက အရပ်က ခေါ်တာ...ဗမာနာမည်ရှိတယ်...နေပါဦး
မေ့တော့တော့ရယ်...ဧရပ်မှာ ရေးထားတာက ဗမာနာမည်ပါ...ခေါင်
ပျောက်နေလို့..."

"အခုကော မစောညွှန့် ဘယ်ရောက်သွားလို့လဲ...ဦးကာလူး
ကော..."

"ကြာပြီကော...အနှစ်နှစ်ဆယ် အစိတ်လောက် ရှိရော့မယ်
ဘယ်ရောက် သွားကြမှန်းတောင် မသိပေါင်အေ...ကာလူးကတော
သေပြီးဆိုလားပဲ...ခက်တာက တို့ကလည်း ကိုယ့်ရွာတင်ကို
လေ့ပျက်များ ရေနစ်သလို နစ်နေကြသူတွေကိုး...ဘယ်မှလည်
မရောက်ရတော့ ဘာမှလည်း မကြားဘူး...တစ်ရွာ့တစ်ရွာတော
ကူးဖို့ခက်သား...သမုန်းကျင်းတောင် မရောက်ဖူးဘူး"

ခင်စောမူ မေးစရာကုန်ပြီ။ အမေကြေးစည် ဖေးလိုက်သော မစောညွှ
အတွက် ကျောက်ပြားကလေးဆိုတာကလည်း အရီးပြာညိုပြောသလို လေယူ
ရေဝင်နစ် နစ်လေပြီ။ မစောညွှန့်ဆိုတာ ငယ်ငယ်က ချောသည်။ အရပ်
ဘိုမလို့ခေါ်သည်။ လင်က သစ်တောဗိုလ်။ နာမည်က ကာလူး။ အိမ်ထော

ကူးသည်နှစ်က ဧရပ်ဆောက် လှူခဲ့သည်။ သည်အချက်တွေကလွဲလို့ ဘာမှ
ကူးပြီး မသိရ။ ခင်စောမူက အရီးပြာညိုကို ငွေတစ်ထောင် ကန်တော့တော့
သော်သာရှာပါ၏။ ဆုတွေပေးပြီး ခင်စောမူကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

"ညည်းက စောညွှန့်ညီမလား...ညည်းရုပ်မျိုးပဲအေရဲ့...မျက်လုံး
မျက်ခုံးများ မျက်နှာပေါ် ကောက်တင်ထားတဲ့အတိုင်းပဲ...တွေ့ချင်
ပါ့အေ...ဓာတ်ပေါင်းစု ဘုရားပွဲတော်ဖြစ်တဲ့နှစ်က ပညာသည်တွေ
လာကြတာမှာ ပါလာတယ် ပြောကြတာပဲ...ဟုတ်မဟုတ်တော့
မပြောတတ်ဘူး"

"မစောညွှန့်ညီမ မဟုတ်ပါဘူးအရီးရယ်...မစောညွှန့်ကို ပစ္စည်းလှူ
ပေးလိုက်လို့ပါ...သည်ဧရပ်က မစောညွှန့် လှူတယ်ဆိုလို့ စိတ်ဝင်
စားတာပါ"

"ညည်းက...အခု ဘယ်က လာတာတုံး..."

"သမုန်းကျင်းကပါ...ကျွန်မ ဧည့်သည်ပါ...သမုန်းကျင်းမှာ သုံးလေး
ရက် နေဦးမှာပါ"

"ငါတော့ မရောက်ဖူးဘူး... သမုန်းကျင်းမြို့စွန်မှာ မကောင်းလှ
ဆိုတာ ရှိတယ်...မကောင်းလှ ရွာ တစ်ခါလာလို့ ပြောသွားဖူးတာ
ဘယ်ဆီဘယ်ဝယ်လို့တော့ ပြောတတ်ပေါင်အေ...၊ အဲသည့်
မကောင်းလှက စောညွှန့်အဖေ၊ အမေများနဲ့ သိကြတယ်...သူ
မေးကြည့်... မကောင်းလှ မသေသေးရင် ပြောပါတယ်...အသက်
ကြီးရှာပြီဆိုတော့ ရှိမှရှိသေးလားတောင် မသိဘူး"

"ဟုတ်ကဲ့ပါရှင်...ခွင့်ပြုကြပါဦး"

ခင်စောမူက နှုတ်ဆက်ပြီး စေတီတော်ကို တစ်ပတ်ပတ်ခဲ့သည်။
ဦးမင်းအောင်မြင့်တို့က ကားဘေးမှာ ငုတ်တုတ်ကလေးတွေ ထိုင်လို့။ ဘာမှ
ပြောကြသော်လည်း ပြန်ချင်ကြပုံပေါ်သည်။ ဟုတ်သားပဲ။ ခင်စောမူတို့

www.burmeseclassic.com

www.burmeseclassic.com

သမုန်းကျင်းအထိ ပို့ပြီးတော့ သည်ခရီးကိုပဲ လမ်းတစ်ဝက်စာလောက် ပြန်မောင်း**ရဦးမှာ မဟုတ်လား**။ ခင်စောမူက နာရီကိုကြည့်သည်။ သိပ်များ ကြာသွားပြီလား။ ကိုမင်းအောင်မြင့်က ရိပ်မိသွားပုံပေါ်သည်။

"မကြာပါဘူးဗျာ...အေးအေးဆေးဆေးပါ...၊ ကျွန်တော်တို့ကို အားမနာပါနဲ့...ကျွန်တော်က မခင်စောမူကို စိတ်ဝင်စားနေတာ"

"ရှင်..."

"သြော်...မခင်စောမူက တစ်မျိုးပဲလို့ ထင်လို့ပါ...ကျွန်တော်ထင်တာတော့ မခင်စောမူမှာ သိချင်တာတွေ ရှိနေသလိုပဲ...ကွင်းဆက်တွေ မဆက်မိသေးတော့ ပြတ်နေသေးတဲ့ ကွင်းကလေးတွေ ရှာဖြည့်ချင်စေတာမျိုး...ဟုတ်ရဲ့လားတော့ မသိဘူး"

ခင်စောမူက ပြုံးသည်။ ရုပ်ပျက်ဆင်းပျက်များ နိုင်နေရောလား ကိုမင်းအောင်မြင့်ကပင် ခင်စောမူကို လူထူးလူဆန်းလိုလို ပြောနေမှတော့ မကောင်းနိုင်တော့။ ကိုမင်းအောင်မြင့်စိတ်ထဲမှာ 'ဘယ့်နယ်...ရန်ကုန်ကလာတဲ့ စာရင်းစစ်မမက လက်စသတ်တော့ ဓာတ်...ကိုး' လို့ မြင်ချင်လည်း မြင်ချင် နိုင်သည်။ **ခင်စောမူလည်း** မိမိကိုယ်မိမိ ပြန်တွေးကြည့်နေမိပါ၏။ ရန်ကုန်က လာကတည်းက အခုထိ အလုပ်မလုပ်ရသေး။ ပြန်စဉ်းစားကြည့်တော့လည်း ကိုမင်းအောင်မြင့်ပြောတာ မလွန်ပါ။ ကလေးတွေ ကစားကြသည့် ရုပ်ပုံတွေ အံစာတုံးတွေလို အရုပ်မပေါ်လေ အံစာတုံးတွေထဲ ထိုးမွှေရှာရလေဆိုတာမျိုး ဖြစ်နေရပါ၏။ ကိုယ်က ကိုယ့်ဇာနှင့်ကိုယ်မို့ လူပ်သည် မထင်သော်လည်း ဘေးလူက လူပ်မှန်းသိနေကြပြီ။

"ဆောရီး ကိုမင်းအောင်မြင့်ရယ်...ကျွန်မ သိပ်ကို အချိန်တွေပူလို့ မိတယ်...မောင်မောင်တင်ကိုလည်း အားနာပါရဲ့...ကျွန်မပို့ပြီး ပြန်လာကြရဦးမှာနဲ့ သိပ်ကို မိုးချုပ်တော့မှာပဲ"

"နိုး...နိုး...၊ မခင်စောမူ အဲသလိုမဟုတ်တော့ဘူးဗျို့...ကျွန်တော် တို့နှစ်ယောက် တိုင်ပင်ပြီးပါပြီ...ကနေ့ည သမုန်းကျင်း ဗိုလ်တဲ

မှာပဲ အိပ်ကြတော့မှာ...အေးဆေးသာ လုပ်ပါ...သမုန်းကျင်းမှာ တစ်ယောက်ကျန်ခဲ့တော့ သူ့ရှာရမှာနဲ့ မထူးဘူး...ညစာ ကျွန်တော် တို့နဲ့ အတူစား..."

"သြော်...ကျွန်မ အားနာလိုက်တာရှင်...ကျွန်မကြောင့်များလား..."

"အားမနာနဲ့လေ...ကျွန်တော်တို့ဗိုလ်တဲပဲ...မင်္ဂေးကို ချက်ခိုင်းလိုက်ရင် စားရေးသောက်ရေး မပူရပါဘူး...ဟိုမှာက Guest house ဆိုတော့ အိပ်ရာ ဘာညာလည်း ပြည့်စုံပြီးသားပါ...ကျွန်တော်တို့ သမုန်းကျင်းမှာ မိုးချုပ်ရင် သည်လိုပဲ ဗိုလ်တဲမှာ အိပ်နေကျပါ"

တစ်မျိုးစဉ်းစားတော့လည်း တော်ပါသေးရဲ့ အောက်မေ့မိသည်။ ကျွန်မများ တစ်ခေါက်ပြန်လာရလျှင် လူတစ်ကိုယ်လုံး ကိုင်ရိုက်သလို ရှိကြတော့မည်။ သမုန်းကျင်း ဗိုလ်တဲမှာ ညအိပ်မှာဆိုတော့ သည်ညက ကိုမင်းအောင်မြင့်နှင့် ထမင်းလိုက်စားမည်။ ဗိုလ်တဲမှာ ခဏတစ်အောင့် စကားစမြည်ပြောပြီးမှ ခြင်မေ့သီအိမ်ကို ပြန်ပို့ခိုင်းမည်။ ဒါမှမဟုတ် မင်္ဂေးနှင့် အိပ်လို့လည်း ရသည်။ ခြင်မေသီကိုတော့ သမုန်းကျင်း အဝင်မှာ ဝင်ပြောခဲ့မည်။

"ဒါဆိုရင်တော့ အားမနာတော့ပါဘူးရှင်...ကျွန်မလည်း ဗိုလ်တဲ လိုက်ခဲ့ပါ့မယ်...ဗိုလ်တဲမှာပဲ စားမယ်လေ...ညဘက်တော့ ကျွန်မ ပြန်ပို့ပါဦး..."

"ဟာ ပို့မှာပေါ့...ကောင်းပါ့ဗျာ...စကားတွေ ပြောရတာပေါ့...ကဲ...မောင်မောင်တင် စီးကော်မြင်း ပြင်တော့...မမောင်ခင် ရောက်ပါတယ်...မပုခက်တို့ ရွာဝင်ပြီး အဆာပြေ တစ်ခုခုစားကြတာပေါ့"

ကားထွက်လာတော့ နေပင် ချိုချင်ပြီ။ သစ်ရိပ်တောရိပ်ကြောင့် ထင်ပါ၏။ အချိန်အားဖြင့်တော့ ဆောပါသေးသည်။ ခင်စောမူက ခေါင်းထဲမှာ အချက်အလက်တွေ ပြန်စုစည်းသည်။ ငယ်နာမည် ဘိုမ။ ရုပ်ချော။ မျက်လုံးလှ။ ထင်က ကာလူး။ သစ်တောဗိုလ်။ ဇရပ်လှူခဲ့။ မကောင်းလှကို မေးကြည့်

www.burmeseclassic.com

www.burmeseclassic.com

ဘယ်နယ် ငါ့ခေါင်းထဲ ဒါတွေချည်း တွေးမိနေပါလိမ့်။ ခင်စောမူ စိတ်ကို ပြန်စုစည်းရပြန်ပါ၏။

ကားက မပုခက်တို့ရွာကို မဝင်ဖြစ်တော့ပါ။ မိုးချုပ်မှာစိုးသဖြင့် တောက်လျှောက် မောင်းလာခဲ့သည်။ ကားက ယိမ်းလွန်းလှသည်။ ညည်းသံပင် ပါပါ၏။ ခင်စောမူနှင့် ကိုမင်းအောင်မြင့်တို့ ပူးချည်ခွာချည်။ တချို့နေရာ တွေမှာ တစ်ယောက်နှင့်တစ်ယောက် ဖိမိကြသဖြင့် အားနာရပါ၏။

ကျောက်ပြားကလေးတစ်ပြားက စ,ခဲ့သော မစောညွန့်။ ခုထိတော့ ဦးဝိုးဝါးဝါးပင်။

* * *

သမုန်းကျင်းကို ဝင်တော့ မီးလုံးမှိန်မှိန်ကလေးတွေ လင်းပြီ သမုန်းကျင်းမြို့ဟောင်း ဆိုသော်လည်း လမ်းက ဖုန်လမ်းသာဖြစ်သည်။ ဖုန် တွေက ကားနောက်ကို ပြန်လိုက်နေကြသည်။ လမ်းမှာ ခင်စောမူ တစ်ယောက် ရလိုက်သေးသည်။ ဝမ်းက ဆာဆာ၊ ကားက လှုပ်လှုပ်ခုန်ခုန်ဆိုတော့ မျက်လုံး တွေ မှေးစင်းလာရာက သတိလက်လွတ်ပင် အိပ်ပျော်သွားခဲ့သည်။ ဘာကို ကိုင်တွယ်မထားပဲ ဘယ်လိုများ အိပ်ပျော်နိုင်ခဲ့ပါလိမ့်။ ကိုမင်းအောင်မြင့်အလေ ဘယ်လောက်တောင် ဖိမိ ကိုင်းမိခဲ့ပါလိမ့်။ သက်တူရွယ်တူ ယောကျ်ားသား တစ်ယောက်နှင့် အတူပူးကပ်ထိုင်ရင်း အိပ်ပျော်ခဲ့တာဆိုတော့ အထိန်းအကွ မရှိပဲ မရပ်တည်နိုင်တာကို တွေးမိတော့ ရှက်ရပါ၏။ ကျွန်မ အိပ်ပျော်နေတုန် ရှင် ဖက်ထားသလား မေးရအောင်ကလည်း မကောင်း။ ကျွန်မကို ဖက်ထား လို့သာ နဖူးမကွဲတာပါရှင် ကျေးဇူးများတင်ပါရဲ့ ဆိုရအောင်ကလည်း မသ တော်။ သည်အတိုင်းသာ ငြိမ်နေရတော့သည်။ ကိုယ်သွားချင်သည့်နေ သည်လောက်တော့ ပွန်းမှာပေါ့လေလို့ တွေးရသော်လည်း ဘယ်လောက်ထား ပွန်းခဲ့သလဲ ဆိုတာတော့ တွေးပင်မတွေးရဲခဲ့။ ကျေးဇူးစကား ခပ်ဝါးဝါးထွေ ပြောရပါ၏။

"အိပ်ပျော်သွားတယ်ရှင်...အားနာလိုက်တာ...ကျွန်မတော့ လူဒုက္ခ ပေး, ကားဒုက္ခပေး ဖြစ်နေပြီ"

"အစ်မနယ်...ကျွန်တော်တောင် ကားမောင်းရင်း ငိုက်ချင်နေတာ... မျက်လုံး မနည်းဖြတ်ထားရတယ်...ဆရာကတော့ မအိပ်ဖူး...အစ်မကို ဖက်ပြီး ပခုံးအား မှေးထားလို့ပေါ့...နို့မို့ အစ်မ အိပ်ရမှာမဟုတ်ဘူး"

မောင်မောင်တင်ပြောမှ ပိုဆိုးတော့သည်။ ကိုမင်းအောင်မြင့်ကတော့ ဆွံ့နွံ့လှုပ်။ တော်တော်လေးနေမှ တပည့်ကို ငေါက်တော့သည်။

"မခင်စောမူ သူ့ဟာသူ ငိုက်တာရော...အိပ်ပျော်တာရော...နိုးတာ ရော...စိတ်အနှောင့်အယှက်မဖြစ်ဖူး...မင်းပြောမှ မတန်တဆ တွေး နေတော့မှာပဲ...မင်းဟာက ဖက်တာရော မှေးတာရော...တော်ရီး မခင်စောမူ ကျွန်တော်က ထိန်းရုံပါ...မခင်စောမူ သတိရှိပါတယ်... မထိန်းလို့တော့ မရဘူးဗျ...နဖူးကွဲလိမ့်မယ်"

"ရပါတယ်ရှင်...ကျေးဇူးတင်ပါတယ်...ကျွန်မလည်း မအိပ်မိအောင် ကြိုးစားသေးတယ်...ဘယ်နယ်ဖြစ်တယ် မသိပါဘူးရှင်"

"မောင်နှမတွေပဲဗျာ...ကိစ္စမရှိပါဘူး...ထိန်းတာတောင် ကျွန်တော် က ဘာဝနာနဲ့ ထိန်းတာပါ"

ကိုမင်းအောင်မြင့်စကားကို ခင်စောမူ ရှက်ရယ်ရယ်မိရသည်။ ဘာဝနာ ဆိုတာက တဏှာနဲ့ မဟုတ်ပါဘူး ဆိုခြင်းပင်။ ခင်စောမူ သည်ကိစ္စ ကိုင်းထဲက ထုတ်ပစ်လိုက်သည်။ ဘာဝနာနဲ့ပါဆိုမှတော့ ပြီးရောပေါ့။ ကျေးဇူး တင်ရ၊ ခင်လည်း ခင်ရသူတွေ။ တကယ်လည်း သူတို့ကိုယ်ကျင့်သိတ္တ ခင်စောမူ ယုံကြည်ပါ၏။ ကိုယ့်အရွယ်ကလည်း ဆယ်ကျော်သက်မဟုတ် ခန့်ရမည့်အရွယ်တောင် လွန်ခဲ့ပြီပဲ။

ဒေါ်ခင်မေသို့အိမ်ရှေ့မှာ ကားခဏရပ်ခိုင်းလိုက်သည်။ သည်တွင် ပြန်နောက်ကျနိုင်ကြောင်း ခွင့်တောင်းချင်၍ဖြစ်၏။ အိမ်ရှင်ကို ခွင့်ပန်မှ ကောင်း

www.burmeseclassic.com

www.burmeseclassic.com

မည်။ မောင်နေသော်လည်း မီးလုံးရောင်အလင်းဖြင့် အိမ်ဘက် ဆင်းသော
အနိမ့်ပိုင်းကို ဆင်းလာခဲ့သည်။ ဝင်းတံခါးသံကွင်းကို ဖွင့်ကာ အသံပြုလိုက်
သည်။

"အေးစုရေ..."

လူရိပ် မြင်ရသော်လည်း ထူးသံ မကြားရ။ ခင်စောမူက ဝင်းတံခါးကို
ဖွင့်ကာ လှေကားအတိုင်း တက်လာခဲ့သည်။ လှေကားဝမှာ မီးလုံးရောင်ထို
ကျောပေး ရပ်နေသည့် လူသဏ္ဌာန်။ ဒေါ်ခင်မေသီမှန်း သိသဖြင့် ခင်စောမူက
နှုတ်ဆက်လိုက်သည်။

"အေးစုတို့ လှမ်းခေါ်တာ...အမေသို့ကို အားနာလိုက်တာ"

"အေးစုရော ဒန်းပွင့်ပါ ဟင်းသွားဝယ်ကြတယ်...ကျွန်မ ကစ
ဥပုသ်ရလို့ မချက်တော့ဘူး...မခင်စောမူ ထမင်းချိုင့်ရောက်နေပြီ
စားလိုက်ကြ ပြောပါတယ်...ကလေးတွေက မစားရဲကြဘူး...ကျွန်
မခင်စောမူ နောက်ကျမှာကို သိတယ်...ဓာတ်ပေါင်းစုဘုရားအ
သွားကြတာဆိုတော့လေ..."

ခင်စောမူပင် ဖျန်းခနဲ လန့်သွားခဲ့သည်။ ဒေါ်ခင်မေသီအသံက ပုံ
ပင်။ ခင်စောမူမှာသာ မအေမသိအောင် ရည်းစားနှင့် ချိန်းတွေ့မိသော မိန်းက
လို ပူထူသွားခဲ့ရသည်။ ဟုတ်သားပဲ။ ထမင်းချိုင့်ကို အေးစုတို့ စားကြ
ပေါ့။ အံ့သြတာ နောက်ထားပြီး ကနေ့ည လုပ်ငန်းအစည်းအဝေးရှိသ
ဘန်ဂလိုမှာ ရှိမှာဖြစ်ကြောင်း၊ နည်းနည်းနောက်ကျလျှင် ဘန်ဂလိုမှာပဲ အိပ်
အိပ်မည်ဖြစ်ကြောင်း ပြောပြသည်။ အပြင်လမ်းပေါ်မှာ ကားရပ်ထားကြ
လည်း ပြောပြရသည်။ ဒေါ်ခင်မေသီက ပြုံးသည်။ ခင်စောမူပခုံးကို ဖက်သ

"ခွင့်တောင်းမနေရပါဘူး ငါ့ညီမရယ်...ရပါတယ်...အေးလေ ကို
အစ်မလို အမေလို သဘောထားတာကိုပဲ ဝမ်းသာနေတာပါ...သ
ယဉ်ကျေးမှုတွေ ပျောက်ကုန်ပြီ...အစ်မတို့ငယ်ငယ်ကဆို အ
သိပ်ကြောက်ခဲ့ရတာပေါ့...သွား သွား...ထမင်းချိုင့် ယူသွား

"နေပါစေ အမေသီ...အေးစုတို့ကို စားလိုက်ကြတော့လို့ ပြောပေး
ပါ...အခုလည်း မဇ္ဈေးတို့ဆီ သွားမှာပါ...လုပ်ငန်းကိစ္စလည်း ရှိလို့
လေ..."

ဒေါ်ခင်မေသီက လှေကားအထိ လိုက်ပို့သည်။ ခင်စောမူ လှေကား
က ဆင်းတော့လည်း လှေကားထိပ်မှာ မားမားကြီး ရပ်ကျန်နေရစ်ခဲ့ပါ၏။
အစီအစဉ်က ပြောင်းသွားလို့သာ၊ ဘန်ဂလိုကို မလိုက်ရဘူးဆိုလျှင် ခင်စောမူ
ရေချိုးချင်လှပြီ။ ဖုန်နှင့် သဲမှုန်တို့ ချွေးနှင့်ရောကာ စေးထန်းထန်း ဖြစ်နေလေပြီ။
ယောကျ်ားသားတစ်ယောက်နှင့် ကပ်ထိုင်ရသော မိန်းမပျိုအဖို့ရာ ချွေးနံ့ရမှာ
အားနာစရာ ကောင်းလှသည်။ သည်ထက်အရေးကြီးတာက ခုတင်ပေါ်မှာ ပစ်လဲ
လိုက်ချင်တာပဲဖြစ်၏။ နေကလေးကျလို့ မောင်ရိပ်ဝင်လာတော့ တော့်ရိပ်
ကောင်ရိပ်နှင့် အေးလာသည့်အတွက် လူကလည်း နံးလာခဲ့သည်။ ခြေပစ်
လက်ပစ် ဖြစ်ချင်လာခဲ့ပြီ။ ကားပေါ်ကို ခွဲတက်ရတာတောင် အားမပါချင်ပြီ။

"တပည့်တစ်ယောက် ရှာရဦးမှာဆို..."

"သည်အချိန်ဆို ဘန်ဂလိုကို ရောက်နေလောက်ပြီ...ကျွန်တော်
တို့ချင်း သိကြပါတယ်...ကိုယ့်အလုပ်နဲ့ကိုယ် ခွဲလုပ်ပြီး အချိန်လွန်ရင်
ဘန်ဂလိုမှာ ဆုံကြတာ များတယ်"

"ဩော်...ကျွန်မတော့ ဘန်ဂလိုရောက်ချင်ပြီ...ရေချိုးချင်လို့..."

"ရေနွေးချိုးနော်...သမုန်းကျင်းရေက ညဘက်ဆိုရင် ကျင်နေအောင်
အေးတာဗျ"

ဘန်ဂလိုက အဝေးသား။ မြို့စွန်ရောက်တော့ 'မကောင်းလှ' ဆိုသည့်
အမေကြီးတစ်ယောက် သည်ဘက်နေတာများလားလို့ စိတ်ရောက်မိသည်။
မြို့စွန် လူနေအိမ်ခြေ ကျဲပါးပါးရှိရသည့်ကြားက ဘေးကို ဖဲ့ထွက်သည့်လမ်းက
ချောင်ကျလွန်းလှသည်။ ညောင်ပင်ကြီးများ၊ ရေသဖန်းပင် အုပ်အုပ်ကြီးများ
ဘဝဲပင် ကားကားကြီးများဖြင့် လမ်းသည် တစ်ယောက်တည်းသာ ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com

ကျောချမ်းလောက်၏။ လမ်းက ကျောက်ကြမ်းတုံးများ အောင်ခတ်ထားပြီး ကျောက်သေးများ စီထားခြင်းဖြစ်၏။ တော်တော်လေး ဝင်မိတော့ သစ်ပင်တွေ အုံ့ဆိုင်းနေသော သစ်သားဘန်ဂလိုကြီးကို တွေ့ရလေပြီ။ ညအမှောင်ထဲတွင် မည်းမည်းကြီးထိုင်နေသော ဆင်ကြီးနှင့်ပင် တူပါ၏။ မီးရောင်မရှိ။ မနီးမဝေးက အလုပ်သမားတန်းလျားလို အိမ်ကလေးမှာတော့ မီးရောင် ရှိသည်။ ကား ဝင်ကာနီး ဟွန်းတီးလိုက်သဖြင့် ကိုပု ပြေးထွက်လာသည်။ လူက ဂင်တိုတို၊ ပုတုတု။ ခင်စောမူက ဘန်ဂလိုကို ညဘက် တွေ့ရတော့ ပိုလို့ပင် စိတ်ပျက်သွားမိသည်။ သည်ကြားထဲ ကိုကြိမ်ပိုက်က ကုလားမကြီး ရတ်တရက် သေဖူးသလိုလို ပြောတာကို ဖျတ်ခနဲ သတိရမိပြန်၏။ မင်္ဂေးက ညဘက်ကြီး ကိုမင်းအောင်မြင့်တို့ နှင့်အတူ ခင်စောမူ ပါလာတာကို အုံ့သြနေသည်။

"မင်္ဂေး...ဘာရှိတုံး...ကျွန်တော်တို့ ညစာ သည်မှာစားမယ်...ဘာမှ မစားခဲ့ရသေးဘူး...ဆန်တို့ ဆီတို့ကော ရှိရဲ့လား..."

"ရှိတယ်ဆရာ...ဆရာပေးထားတာ ကျန်ပါသေးတယ်...လှမြင့် ရောက်နေပြီလေ...ဆရာတို့ ဝင်လာမှာသိလို့ ဟင်းစား ရှာထားတယ်...ချက်ရုံပါပဲ"

"မြန်မြန်ချက်ဗျာ...မခင်စောမူရော စားမှာ...ဆာကြလှပြီဗျ"

"မြန်ပါ့ဆရာရယ်...ကိုင်း ကိုပု မီးထည့်...နေဦး အေးတယ်ဆရာ...ရေနွေးအဆင်သင့်ရှိတယ်...ရေချိုးကြမလား...ဆရာမရော အားမနာနဲ့ ရတယ်"

"ရေတော့ ချိုးချင်တယ်...ဒါပေမဲ့ ညဘက်ဆိုတော့ ဖျားမှာ နာမှာ စိုးလို့ ကိုယ်လက်ပဲ သန့်စင်လိုက်တော့မယ်"

မောင်မောင်တင်က ဘန်ဂလိုသစ်ရိပ်မှာ ကားထိုးပြီး ကားကို ပုဆိုးစုတ်ဖြင့် တဝုန်းဝုန်း ခါနေသည်။ ထွက်လိုက်တဲ့ ဖုန်တွေ။ ဘာပဲဖြစ်ဖြစ် ကုမ္ပဏီမီသားစုဆိုသည့် အသင်းအပင်းစိတ်ကလေး ရှိသဖြင့် လုံခြုံသလို ခံစား

နေသည်။ ချက်ပြုတ်နေခိုက်တွင် ကိုမင်းအောင်မြင့်က ကိုပုနှင့် မင်္ဂေးတို့ တင်ပြသော စာရင်းကို ယူထားပြီး နောက်ထပ် ငွေအနည်းငယ် ထပ်ပေးနေသည်။ ဘန်ဂလိုစောင့်ခ၊ ခင်စောမူကို ထမင်းချိုင့် စီစဉ်ပေးခနှင့် အထွေထွေစရိတ်တွေ ဖြန်ဖြေလိမ့်မည်။

ကိုပုက ဘန်ဂလိုဧည့်ခန်းမှာ ဓာတ်ငွေ့မီးအိမ်ကို ထွန်းလိုက်တော့ အမှောင်ထဲမှာ မီးရောင်တွေ ဝင်းရိုန်သွားခဲ့ပြီ။ အခန်းကျယ် သုံးခန်းရှိ၍ အတွင်းမှာ နှစ်ယောက်အိပ်၊ သုံးယောက်အိပ် ခုတင်၊ မွေ့ရာ၊ ခြင်ထောင် စသည်ဖြင့် စီစဉ်ထားသည်။ သစ်သစ်လွင်လွင်တွေချည်း မဟုတ်သော်လည်း သန့်စင်သန့်ရှင်းသည်။ အခန်းတွေမှာလည်း ဓာတ်ငွေ့မီးအိမ်တွေ တစ်လုံးစီ ချိတ်ပေးသည်။ ဧည့်သည်လာမှ ထွန်းသည်ဆို၏။

"လျှပ်စစ်မီး ရတယ်မဟုတ်လား မင်္ဂေးရဲ့..."

"ရတယ် ဆရာမ...အားနည်းလွန်းတော့ ဧည့်သည်တွေလည်ခံရင် မနေတတ်ကြဘူး...ဒါနဲ့ ကုမ္ပဏီက ဂက်မှန်အိမ်တွေ ပို့လိုက်တာ" ဂက်မှန်အိမ်။ Gas မှန်အိမ်ကို ခေါ်ခြင်းဖြစ်မည်။ ခင်စောမူလည်း သည်တစ်ခါပဲ မြင်ဖူးသည်။ ထွန်းရတာလည်း မခက်ပါ။ မှန်အိမ်ပြောင်းမှန်သားကို စတီးအနားကွပ် ကွပ်ထားသဖြင့် အသာ ကော်မလိုက်ရုံပင်။ နည်းနည်းအောင်းသွားတော့မှ သစ်သားမီးခြစ်ဆံဖြင့် မီးစာကို တို့လိုက်ရုံပင်။ ဓာတ်ငွေ့က အယ်ကဝင်လို့ ဘယ်လိုလင်းသလဲဆိုတာတော့ ခင်စောမူ မသိ။ ကိုယ်လက်သန့်စင် အဝတ်အစားလဲပြီး မင်္ဂေး ချက်ပြုတ်နေတာကို ဝင်ရောက်ကူညီရင်း ကားတွေ ပြောနေခြင်းဖြစ်၏။

"မင်္ဂေးတို့ကော ညတိုင်း ထွန်းတာပဲလား..."

"ကျွန်မတို့က လျှပ်စစ်မီး ထွန်းတယ်...မီးပျက်ရင် အမှောင်ထဲ နေလိုက်တာပါပဲ"

"မကြောက်ဘူးလား..."

www.burmeseclassic.com

www.burmeseclassic.com

"ဘာကိုလဲ..."

"ဘန်ဂလိုက မြို့နဲ့လည်း ဝေး...သစ်ပင်ကြီးတွေကလည်း အုံ့ဆိုင်း... မီးကလည်း ပျက်နေရင် ကျွန်မဆို နေစရာရှိမှာ မဟုတ်ဘူးလေ..."

"သရဲခြောက်တယ်လို့တော့ ပြောကြတယ်...ကျွန်မတော့ ဒီလို လည်ရောင်းရတာနဲ့...ဘန်ဂလို ရှင်းရလင်းရတာနဲ့ဆိုတော့ အိပ်ရင် တုံးခနဲပဲ...ဘာမှကို မသိတော့တာ...စိတ်ထဲ ယနမကင်းစရာ ကလေးတွေတော့ တွေ့တာပေါ့ ဆရာမရယ်"

"မင်္ဂေးက သတ္တိကောင်းပဲ...ဘယ်လို ယနမကင်းစရာ တွေ့တာလဲ... အကောင်အထည် တွေ့တာလား..."

"သတ္တိက ကောင်းချင်လို့ ကောင်းတာမဟုတ်ဘူး ဆရာမရေ... ကုမ္ပဏီက ကိုပုကို ဘန်ဂလိုစောင့်တာဝန်...ကျွန်မကို သန့်ရှင်းရေးနဲ့ ချက်ရေးပြုတ်ရေးတာဝန်...လခနှစ်မျိုးပေးထားတော့ ခွာလို့မဖြစ် ဘူး...တောမြို့ဆိုတော့ လင်မယားနှစ်ယောက် နှစ်လခနဲ့ စားလောက် သောက်လောက်ကိုး ဆရာမရဲ့...မြစရတော့တာပေါ့"

"ဈေးက ဘာကိစ္စ ရောင်းရတာလဲ မင်္ဂေးရဲ့...အေးအေးနေရောပေါ့"

"အပိုဝင်ငွေပေါ့...၊ ဈေးရောင်းတာကလည်း ငွေမကျန်ပေသိ စားစရာ ကျန်တယ်...ရွာမှာ မိအိုဖအိုတွေ ရှိကြသေးတယ်...ထောက်ပံ့ကြ သေးတာကိုး..."

"သာဓုပါရှင်...ပြောပါဦး...သရဲတွေ့ပုံတွေ့နည်း..."

"သရဲလား ဘာလားတော့ မဝေခွဲတတ်ပါဘူး ဆရာမရယ်...ဘန်ဂလို ကြီးပေါ်က လမ်းလျှောက်သံ ခြုံကုံးသံ လက်ကောက်ချင်း ပွတ်သံတွေ ကြားရတာမျိုး...လော်ပန်းတွေ ထောင်းခနဲ ထတာမျိုး...ထပ်တစ်ရာ ပန်းနံ့တွေ ရတာမျိုးတွေလောက်ပါ...တစ်ခါတော့ ဆရာမရေ... နေဦး...ထမင်းစားပြီးမှ ပြောကြရအောင်..."

ဘန်ဂလိုဝိုလ်တဲ့ ညောင်ပင်ကြီးကို ညလေအေးတိုးသံတွေ တရှဲရှဲ ခြည်နေသည်။ ခင်စောမူက အနွေးထည်ဝတ်ထားသော်လည်း လည်ပင်း အေး သဖြင့် ရှောတဘက်ကလေး ပြေးယူကာ လည်မှာ ရစ်သိုင်းခြုံလိုက်သည်။ ခေါင်းငါ ပတ်ပြီး ကုလားမခြုံ ခြုံထားသဖြင့် မင်္ဂေးက အဲသလိုမခြုံနဲ့ ဆရာမ ဦးလို့ ကပျာကသီ ဖြုတ်လိုက်ရပါ၏။ မင်္ဂေး ကြားရသည့်အသံ၊ ရသည့်အနံ့ အားက ကုလားမတစ်ယောက်ဆီက ရနိုင်တာမျိုးဆိုတော့ ကိုကြိမ်ပိုက် ကြားဖူး သည်ဆိုသော ကုလားမကြီးဆိုတာ ဟုတ်လောက်သားပဲလို့ တွေးမိတုန်း ကုလားမလို မခြုံနဲ့ဆိုလိုက်တော့ ခင်စောမူ လန့်သွားခဲ့သည်။

ထမင်းဟင်းကျက်တော့ မင်္ဂေးလက်ရာ ပူပူနွေးနွေးကို ပြန်ပြန်ရှက်ရှက် စားကြရသည်။ မင်္ဂေးက ကြက်သားကာလသားချက်နှင့် ငါးကြင်းခြစ်ကို ဆုတ်ကာ ချက်ထားခြင်းဖြစ်၏။ ငရုတ်သီးစိမ်းခတ်၊ နံနံပင်အုပ် ချက်ထားသော ဟင်းကို ချက်နေစဉ်ကပင် စားချင်နေခဲ့သည်။ ချဉ်ပေါင်ဖူးထောင်း၊ အာလူး နှင့် ကြာဆံချက်၊ ကြက်ဥမွှေကြော်၊ ငံပြာရည်ချက်နှင့် ဆလပ်ရွက် တို့စရာ အလေးနှင့်ဆိုတော့ ခံတွင်းကောင်းလိုက်သည်ဖြစ်ခြင်း။ ထင်းမီးက ကောင်း သဖြင့် နပ်နပ်ပျောင်းပျောင်း နူးနူးအိအိ ရှိလှသည်။ ထမင်းစားသောက်ပြီးကြ တော့ မိုးချုပ်လုလုပြီ။ အားလုံးက မင်္ဂေးနှင့်အတူ အခန်းတစ်ခန်းမှာ အတူအိပ်ကြ ဖို့ပြောလာကြသဖြင့် ခင်စောမူ ဝေခွဲရခက်နေသည်။ အိပ်လည်းအိပ်ချင်သည်။ ဆွေးပြောစကားတွေကြောင့် မဝံ့မရဲ ဖြစ်ရတာလည်း ရှိသည်။

"အိပ်ပါ ဆရာမရဲ့...အခန်းထဲမှာ နှစ်ယောက်အိပ်ခုတင်တစ်လုံး ရှိ ပါတယ်...ကျွန်မ လိုက်အိပ်မယ်လေ...အချိန် မနှောင်းတော့ဘူး ဆရာမရဲ့..."

မောင်မောင်တင်ကတော့ အစ်မ ပြန်ချင်ရင် လိုက်ပို့ပါမယ် ဆိုပြီး ပါရော။ ပြန်လို့မကောင်းနိုင်ပါ။ သည်တစ်ည ကုမ္ပဏီဝန်ထမ်းတွေ ဆုံကြရ တုန်း အားလုံးက နေစေချင်ပုံရသည်။ ကိုမင်းအောင်မြင့်တို့ကလည်း တောင်တွင် ချက်မည်းထဲ နေကြရသူတွေ။ ကိုပုနှင့် မင်္ဂေးတို့ကလည်း ဘန်ဂလိုထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

မြေမကြောက်၊ ကင်းမကြောက် နေကြရရှာသူတွေ။ ကိုမင်းအောင်မြင့်တို့က ခင်စောမူ သွားချင်သည့်နေရာကို လိုက်ပို့ခဲ့ကြသလို၊ ကိုပုတို့ မင္ဂဒေါကလည်း ဈေးကိုပြုတ်ကျွေးမွေးရှာကြသည်။ ကိုယ့်ကိစ္စပြီးတော့ ထပြန်သည် ဆိုတာမျိုး ကျတော့လည်း ရပ်များ ဆိုးနေလေမလား တွေးမိသည်။ အားလုံးကတော့ ရောက်တုန်းရောက်သနိုင် နေစေချင်တာပဲ ဖြစ်သည်။ ပြီးတော့ လုပ်ငန်း သဘာဝတွေကိုလည်း ကိုမင်းအောင်မြင့်ကို ခင်စောမူ မေးစရာတွေ ရှိသေး သည်။ ခင်စောမူက အိပ်လိုက်ပါ့မယ်ဆိုတော့ ဝမ်းသာကြသည်။ မင္ဂဒေါက သားသောစကားကို ဆိုရှာပါ၏။

"ကျွန်မတို့က ဘန်ဂလို လာတည်းမယ့်ဧည့်သည် မျှော်နေရတာ ဆရာမရဲ့...ပျော်လို့...၊ ချက်ပြုတ်ကျွေးချင်နေတာကိုး...ဧည့်သည် မလာတာ ကြာရင် ပျင်းတယ်...ဆရာတို့လာရင်ဖြစ်ဖြစ်...သမီး အဖွဲ့တွေ လာရင်ဖြစ်ဖြစ်...ရန်ကုန်က မန်နေဂျာတွေ လာရင်ဖြစ်ဖြစ် ဝမ်းကို သာနေတာ"

ထမင်းစားသောက်ပြီးတော့ ခင်စောမူက လက်ဆေးရန် မီးဖိုဆောင် ဘက် ဝင်ခဲ့သည်။ လွတ်လွတ်လပ်လပ် ဖြစ်သွားစေရန် လည်မှာ သိုင်းထား သော ရွှေတဘက်ကို ဆွဲခွာလိုက်သည်။ အို...အဝေရာစေ့ ပုတီးကုံးကလေး တဘက်နှင့်ငြိကာ ကြမ်းပြင်ပေါ် ပုံကျသွားသည်။ သည်တော့မှ ဓာတ်ပေါင်း စုဘုရားက ဝယ်လာပြီးကတည်းက လည်ပင်းမှာ ဆွဲထားခဲ့တာကို သတိထား လိုက်မိတော့သည်။ မင္ဂဒေါက ပုတီးကုံးကလေးကို ကောက်ပေးရင်း ပြောသည်

"ဆရာမတို့ ဓာတ်ပေါင်းစုဘုရားကို ရောက်ခဲ့တယ်ထင်တယ်— သည်လို ပုတီးကုံးကလေးတွေက ဓာတ်ပေါင်းစုဘုရားမှာမှ ရတာ လေ...ငွေကြေးတန်ဖိုး မရှိပေမယ့် ဓာတ်သမားတွေအတွက်ကတော့ သွားလေရာ ဆောင်တတ်ကြတာ...အင်မတန်မှ အန္တရာယ်ကင်းတာ လို့ ပြောကြတာပဲ...ကျွန်မလည်း ဆောင်ထားတာ ရှိတယ်"

သည်တော့မှ ခင်စောမူ ဓာတ်ပေါင်းစုဘုရားကို ရောက်တာ ခေါင်မေသီ သိသွားရခြင်းအချက်ကို သဘောပေါက်ရလေတော့သည်။

ထိုညက ဘန်ဂလိုပေါ်မှာပင် မီးလင်းဖိုကြီးဖိုကာ မီးလှုံရင်း စကား တွေ ပြောကြသည်။ မင္ဂဒေါက ထင်းချောင်းကြီးတွေ တစ်ချောင်းပြီးတစ်ချောင်း ထည့်ပေးသည်။ ကိုမင်းအောင်မြင့် ပြောပြသည့် သစ်တောဗဟုသုတများ၊ သစ်လုပ်ငန်းသဘာဝများ၊ ဆင်နှင့်ဆင်ဦးစီးများ၊ သစ်ဆိုးတို့၏ ခိုက်တတ် ပုံများ၊ ထူးဆန်းသော တောတွင်းသဘာဝများ၊ နတ်ကြီးတောနှင့် နတ်မကြိုက် တောများအကြောင်းတွေက စိတ်ဝင်စားစရာ ကောင်းလှသည်။ အတွေ့အကြုံ အရ လူတွေကို ထိန်းရတာ အခက်ဆုံးဟု ဆို၏။ သစ်စခန်းမှာက လူကြမ်း တွေမှ ခံနိုင်ကြသည် ဆိုသည်။ အလုပ်သဘာဝအရ ပင်ပန်းကြသည်။ နေချင် သလိုနေကြ၊ ပြောချင်သလိုပြောကြ၊ ဆဲချင်သလိုဆဲကြ ဆိုတာမျိုးကိုလည်း သည်းခံရသည်။ ချော့လိုက်၊ ခြောက်လိုက်၊ ကြိမ်းလိုက်၊ လေပြေထိုးလိုက် လုပ်ရင်းက လုပ်ငန်းခွင်မှာ ပျော်စေရသည် ဆိုသဖြင့် ကိုမင်းအောင်မြင့် အလုပ် ထလည်း မလွယ်ပါလားလို့ ကိုယ်ချင်းစာမိပါ၏။ စခန်းတွင် ကိုမင်းအောင်မြင့် ကျိုလျှင်မဖြစ် ဆိုသည့်ကြားက အချိန်တွေ ပေးခဲ့သည့်အပြင် ညပါ အိပ်လိုက် ရတာကို အားနာလို့ မဆုံးတော့။ အားလုံး ပင်ပန်းနေကြသဖြင့် တန်ဂလို ရောက်လျှင် ကျွာချနားလိုက်ဦးမည်လို့ စိတ်ကူးထားသော ခင်စောမူပင် အိပ်ချင် စိတ် ပျောက်နေလေ၏။

"သည်သစ်တောနယ်ကြီးကို ခရစ်နှစ် ထောင်ကိုးရာ ဆယ့်ငါးခု လောက်ကတည်းက အင်္ဂလိပ်ကုမ္ပဏီတချို့ တာဝန်ယူ သစ်ထုတ်ခဲ့ တာပါ...ထောင့်ကိုးရာသုံးဆယ်လောက်ကျတော့ အိန္ဒိယသစ်ကုန် သည် သူဌေးကြီးတွေကို ကန်ထရိုက်ပေးလိုက်တော့ ကုလားအလုပ် သမားတွေ ရောက်လာကြတယ်...သည်မှာတင် ငှက်မိုလို့, တောပျံ လို့, ရောဂါဘယဖြစ်ကြလို့ သေတာ မနည်းဘူးလို့ ပြောကြသ... တကယ်သူဌေးတွေကတော့ ဟောဒဲ လာမနေပါဘူး...သူတို့ထိုင်ခုံ

www.burmeseclassic.com

www.burmeseclassic.com

တဲ့ မန်နေဂျာတွေ၊ ကူလီခေါင်းတွေနဲ့ လာနေကြတာပေါ့...သည်ဘန်ဂလိုဆောက်တာက ထောင့်ကိုးရာလေးဆယ်လောက်မှာပါ...ကုမ္ပဏီမှာတော့ အချက်လက်တွေရှိတယ်...နောက်ဆုံး ဘန်ဂလိုမှာနေခဲ့ကြတဲ့ ကုလားမန်နေဂျာလင်မယားက ရွာနဲ့ အလုပ်သမားတွေအပေါ် တော်တော် ဆိုးဆိုးရွားရွား ဆက်ဆံသတဲ့...ဒါကို ဘယ်သူက မီသလဲဆိုတော့ ကျွန်တော့်သစ်လုပ်ငန်းထဲက သစ်ကျွမ်းကျင်သူ ဘကြီးဦးလုံး ပြောပြတာ...အဲသည်တုန်းက သူတို့က ငယ်သေးတယ်တဲ့...တစ်ရက်တော့ ကုလားမန်နေဂျာက သူ့ခြောက်လုံးပြူးကို တိုက်ချွတ်နေသတဲ့...သူ့မိန်းမ ကုလားမကြီးက ပြတင်းပေါက်မှာမှီရင်း သီချင်းဆိုနေသတဲ့...သည်မှာတင် ကုလားမန်နေဂျာကြီးက ရုတ်တရက် စိတ်ဖောက်သွားပုံရတယ်..."

ကိုမင်းအောင်မြင့်က ဖြစ်ပျက်ခဲ့သည့် နေရာကိုပါ ထ,ပြသည်။ ခင်စောမူတို့ ထိုင်နေသည့် အခန်းကျယ်ကြီးထဲမှာပင် ဖြစ်လေ၏။

(၈)

ဓာတ်ငွေ့မီးရောင်က လင်းလွန်းလှသည်။ အခန်းထဲမှာ စကား ထိုင်ပြောနေကြသူတွေ ရှိနေသဖြင့် ကြောက်စိတ်လည်း မရှိ။ ကိုမင်းအောင်မြင့် ပြောပြသည့် ကုလားလင်မယား ဓာတ်လမ်းကိုပင် ကျကျနန နားထောင်နေမိခဲ့သည်။ ကိုမင်းအောင်မြင့်က စကားပြော ညင်သာသည်။ ရှည်သွယ်သော အရပ်အမောင်းနှင့် လိုက်ဖက်သည့် ခန္ဓာကိုယ်တည်ဆောက်ပုံ ရှိသူဖြစ်၍ ရုပ်ရည်လည်း ပြေပြစ်သည်။ တည်ကြည်သော လူတစ်ယောက်အဖြစ် ယုံကြည်လောက်စရာ ဖြစ်၏။ စကားကို ဖွဲ့ကာနွဲ့ကာ ပြောတတ်သည့်အပြင် ချင့်ချင့်ချိန်ချိန် ရှိလှပါ၏။

မောင်မောင်တင်က ဓာတ်ငွေ့မှန်အိမ်တွေ ငြိမ်းကာ လျှပ်စစ်မီးကို ပြန်ဖွင့်သည်။ ဟုတ်ပေသားပဲ။ ဓာတ်ငွေ့ထွေ နှမြောစရာ။ မီးလုံးရောင်က မှေးနည်းသော်လည်း စည့်ခန်းတွင် မီးလုံး လေး,ငါးလုံး တပ်ဆင်ထားသဖြင့် အတွင်းကျင် အလင်းရောင်က ခပ်များများ ကျရောက်လျက်ရှိ၏။ ထမင်းစားခန်းက ဆာလောင်သဖြင့် ယောက်ယက်ခတ်ခဲ့ကြသလောက် စားပြီးတော့လည်း အိပ်နိုင်ကြ။ ခင်စောမူက မင်္ဂေးနှင့်အတူ ဘန်ဂလိုမြောက်ဘက်ကျကျ အိပ်ခန်း

www.burmeseclassic.com

www.burmeseclassic.com

တွင် အိပ်ဖို့ စီစဉ်ထားသည် ဆို၏။ အိပ်ခန်းကို ခင်စောမူ တစ်ချက်ဝင်ကြည့်
ခဲ့သေးသည်။ ဆော်ဆော့်ကို ကျယ်သည့်အပြင် နှစ်ယောက်အိပ်ခုတင်ကြီးတစ်လုံး
ခင်းထားသည်။ ကျွန်းသားဗီရို ညီရင့်ရင့်တစ်လုံး ရှိသဖြင့် ဖွင့်ကြည့်ရာ အတွင်
မှာ အင်္ကျီရှပ်တွေ ချိတ်ထားတာ တွေ့ရသည်။ ခေါင်းလျှော်ပြီးလျှင် မှုတ်ရသည့်
Dryer တစ်လုံးလည်းရှိ၏။ ဗီရိုအောက်ထပ်မှာ စောင်ထူထူများ၊ ခေါင်းအုံး အ
များနှင့် အိပ်ရာခင်းတွေ ရှိသည်။ ပရုပ်လုံးနှံ့တွေ လှိုင်နေသော အိပ်ရာသို့
ပစ္စည်းတွေက သန့်ရှင်းလှပါသည်။ ပြတင်းပေါက်တွေမှာတော့ ပါးလွှာသော
အိုးစ,လို အစကလေးတွေ ချိတ်ထားကာ အခန်းအပေါ်ဘက်ဆီမှာ ဘုရား
ကလေး ရှိသည်။ ရေဖန်ချိုင့်၊ ကော်ဖီခုတ်ဘူးနှင့် ကော်ဖီခွက်များ။ မင်္ဂေးနှင့်
အတူ အိပ်ရမှာဖြစ်၍ စကားတပြောပြော အိပ်ကြရုံ။ ဝမ်းဆောင်နှစ်ထည်ထပ်
နွေးလောက်ပါ၏။ လောလောဆယ်တော့ သူတို့အားလုံး ဧည့်ခန်းထဲမှာ
ရှိကြသေးသည်။ ကိုမင်းအောင်မြင့်က စကားကို ညင်ညင်သာသာ ပြောနေ
ဖြစ်၏။

"ကုလားကြီးနာမည်ကို 'ပေါ'ဘာဘူ ခေါ်ကြတယ်လို့ ပြောတယ်...
ကုလားဆိုပေမယ့် ဘိုစိတ်ပေါက်နေတဲ့ကုလားနဲ့ တူပါရဲ့...ပေါ
ဆိုတဲ့နာမည် ဖြစ်လိမ့်မယ်...ပေါလ်ဘာဘူပေါ့...ပေါလ်ဘာဘူ
တောပစ်ဝါသနာပါတယ်...နဂိုက သည်နံရံတွေမှာ သေနတ်ထား
စင်တွေရှိတယ် မခင်စောမူရဲ့...သေနတ်ပြောင်းရှည်ကြီးတွေ ထားထ
လေ...အဲဒါတော့ ကျွန်တော်တို့ကုမ္ပဏီက ဘန်ဂလိုပြင်တဲ့အခ
ရှိသေးတယ်...ကျွန်တော်တော့ မတွေ့ဖူးလိုက်ဘူး...ကျွန်တော်တို့
ရှေ့က ရောက်လာတဲ့ အရာရှိတွေ ပြောသလောက်ဆိုရင် ပန်းကန်
ခွက်ယောက်တွေ၊ ဇွန်းတွေ၊ အိုးတွေက လန်ဒန်ကလာတဲ့ ပစ္စည်း
တွေချည်းပဲတဲ့...အခုတော့ မရှိကြတော့ဘူး...သေနတ်တွေကတော့
မရှိတာ ကြာပါပြီ...အောက်မှာ ကုလားအစေခံတွေနေတဲ့တန်းလျား
ရှိတယ်...အဲသည် ကုလားတန်းလျားမှာ အလုပ်သမားခေါင်

တစ်ယောက်ရဲ့ သမီးတစ်ယောက်က ဆော်ဆော့်ကို ချစ်သဘော
သစ်တောအရာရှိ ကုလားကြီးက မယားကြီးရှိတဲ့ကြားက အဲသည်
ကုလားမကလေးကို ကြိုက်နေတာတဲ့..."

မင်္ဂေးက ကော်ဖီဖျော်ပြီးသား ခဲတံဘူးကို လာချပေးသဖြင့်
တစ်ယောက်တစ်ခွက် ထည့်ကာ သောက်ကြသည်။ ကော်ဖီမှုန့်ကို အိုးနှင့်
ထို့ကာ အနှစ်ကျပြီဆိုမှ နို့နည်းနည်း သကြားနည်းနည်းထည့်ထားသော
ကော်ဖီဖြစ်၏။ မင်္ဂေးက ဆော်ဆော့်ကို အတွေ့အကြုံရနေပြီ။ ဟင်းချက်
လက်ရာတွေကလည်း ဆီမများသော ချက်နည်းဖြစ်၍ ဆော်ဆော့်ကို
အဆင့်မြင့်မြင့် နည်းစနစ်ကျကျ ချက်နိုင်သည်။ ခင်စောမူက ကော်ဖီသောက်ရင်း
ပြောပါဦးလို့ ဆိုတော့မှ စကားဆက်ပြန်လေ၏။

"ကုလားမကလေးနဲ့ သူ့ယောကျ်ားကြိုက်နေတယ်...ဒါမှမဟုတ်
သူ့ယောကျ်ားက ကုလားမလေးကို တစ်ဖက်သတ် စွဲလမ်းနေတယ်
ဆိုတာ ကုလားမကြီးက သိတယ်...ဦးဒိုးလုံးပြောတာတော့ ကုလားမ
ကြီးကလည်း ပညာတတ်ပဲတဲ့...အင်္ဂလိပ်လို မှုတ်နေအောင် ပြော
နိုင်တဲ့အပြင် တကယ့် မျိုးကြီးရိုးကြီးက လာတဲ့သူလို့ဆိုတယ်...
ဓာတ်အားဖြင့်လည်း သူ့ယောကျ်ား ကုလားကြီးကတောင် နိမ့်သေး
သတဲ့...ဆားပါတော့...သည်လို သံသယရှိလာတော့ ကုလားမကြီး
က အလုပ်သမားတန်းလျားက အလုပ်သမားခေါင်းကို သူ့သမီး
သည်မှာမထားနဲ့ ထားရင် အလုပ်ဖြုတ်ပစ်မယ်လို့ ပြောတာကို အရာရှိ
ကုလားကြီးက သိ၏တဲ့ မယားနဲ့ ရန်ဖြစ်ကြသတဲ့...နောက်တော့
လည်း ပြန်တည့်သွားကြတာပေါ့လေ...တစ်ပတ်လောက်ခြားတော့
ကုလားကြီးက ခြောက်လုံးပြူးကို တိုက်ချတ်နေသတဲ့...သည်အချိန်
မှာ ကုလားမကြီးကလည်း ပြတင်းပေါက်နား ရပ်ပြီး သီချင်းကလေး
ညည်းနေသတဲ့...သည်အချိန်မှာ ကုလားကြီးက သေနတ်ကို ကိုတ်
ချတ်ပြီးလို့ ကျည်ဆံတွေဘာတွေ ဖြည့်ထည့်နေပြီ...သည်မှာတင်

www.burmeseclassic.com

www.burmeseclassic.com

မပြောမဆိုနဲ့ ပစ်ချလိုက်တယ် ပြောတာပဲ...ကုလားမကြီးလည်း သီချင်းဆိုနေရင်းက တုံးလုံးလဲကျသွားတယ်...အစေခံတွေလည်း သေနတ်သံကြားတော့ ပြေးတက်လာကြတာပေါ့...ကုလားကြီးက သေနတ်ကြီးကိုင်ရင်း ငါမပစ်ဘူး...ငါမပစ်ဘူးလို့ချည်း ငိုရင်း အော်နေသတဲ့...ကုလားမကြီးကတော့ သေနတ်ဒဏ်ရာနဲ့ပဲ နေရာတင် ဆုံးသွားတယ်...ကုလားကြီး နောက် ဘာတွေဖြစ်သလဲတော့ မသိဘူး...တရားတဘောင် ဖြစ်မှာပေါ့...ထူးဆန်းတာက..."

ကိုမင်းအောင်မြင့်က သူ့ရှေ့ ချထားသော ကော်ဖီခွက်ကို သောက်သည်။ စကားတွေပြောဖို့ ကျန်သေးသလိုဖြင့် နံရံကနာရီကို လှမ်းကြည့်သည်။ ညသန်းခေါင် တိုင်တော့မည်။ ခင်စောမူကို အားနာပုံလည်း ရ၏။ တကယ်တော့ ဘယ်သူမှ မအိပ်ချင်ကြတာ သေချာပါသည်။ မောင်မောင်တင်၊ မောင်လှမြင့် နှင့် မဋ္ဌေးတို့လင်မယားပါ သည်အဖြစ်အပျက်ကို ကျကျနန သိကြပုံမပေါ်။ ကိုမင်းအောင်မြင့် ပြောနေတာကို နားစိုက်ထောင်နေကြပါ၏။ ကိုမင်းအောင်မြင့်က 'ထူးဆန်းတာက' ဆိုပြီး စကားရပ်ထားတော့ ဘာများပါလိမ့် ဆိုသည့် မျက်နှာများဖြင့် ကြည့်နေကြသည်။ သည်အထဲမှာ ခင်စောမူလည်း ပါသည်။ သို့သော် ကော်ဖီတစ်ကျိုက်တော့ အေးအေးဆေးဆေး သောက်ပါစေဦးဆိုသည့် သဘောဖြင့် သည်းခံနေကြရသည်။

"ထူးဆန်းတာက...နောက်တစ်လလောက်ကြာတော့ အစေခံတန်းလျားက အင်မတန်ချောတယ်ဆိုတဲ့ အလုပ်သမားခေါင်းရဲ့သမီး ကုလားမကလေး အိပ်ရာထဲမှာ သေနေတာ တွေ့ကြရတယ်လို့ ဆိုတယ်...ကောင်မလေးက ဘာရောဂါမှလည်း မရှိဘူး...မနက်ခင်းကလည်း အကောင်းကြီးပဲတဲ့...ညနေဘက်မှာတောင် ဘန်ဂလို လေ့ကားခြေက အုတ်ခုံမှာ သွားထိုင်သေးသတဲ့...မနက်မိုးလင်းမှ ဆုံးနေတာ တွေ့ရတယ်လို့ ဆိုတယ်...တချို့က ကုလားမကြီး လက်ချက်လို့ ထွေးကြသတဲ့"

"ဒါဆို...ကုလားမနှစ်ယောက် သေတာပေါ့"

"ဟုတ်တယ်...နှစ်ယောက်...၊ တစ်ယောက်က သေနတ်မှန်တာပေါ့...တစ်ယောက်က ဘာမှန်းမသိပဲ သေတာ...မကြောတိုကြနဲ့နော်...ဒါက လွန်ခဲ့တဲ့ နှစ်လေးငါးခြောက်ဆယ်က ဖြစ်ခဲ့တာတွေပါ...ကျွန်တော်တောင် ဦးဦးလုံးပြောပြလို့ ကြားဖူးတာပါ"

စကားဝိုင်းသိမ်းတော့ ညကြီးသန်းခေါင် ကျော်ပါပြီ။ ခရီးကလည်း ဝန်းထားကြသဖြင့် ကိုင်း...တော်ကြဦးစို့ ဆိုလို့သာ ခင်စောမူက နားထောင်ချင်သေးသည်။ မေးစရာရှိတာတော့ မေးလိုက်သေးသည်။ ကုလားကြီးက သူကိုယ်တိုင် သေနတ်နဲ့ပစ်ပြီး သူကိုယ်တိုင်ကပဲ ငါပစ်တာမဟုတ်ဘူးလို့ ပြောခဲ့တာကို မရှင်းသဖြင့် ထပ်မေးခြင်းဖြစ်သည်။ ကိုမင်းအောင်မြင့်က ခင်စောမူ မေးလိုက်တော့မှ စကားကျန်မှန်း သိလိုက်သလို ပြုံးသည်။ ဟုတ်သေးပဲဆိုသည်ပုံ။

"ကျွန်တော်လည်း ဦးဦးလုံးကို သည်ကိစ္စ မေးကြည့်ဖူးတယ်...သေနတ်ပစ်မှုဖြစ်ပြီး မကြာဘူး ကုလားကြီး မရှိတော့တာ ကျွန်တော် ပြောခဲ့တယ်နော်...ထွက်ပြေးတာလား...ကိုယ်တိုင် တရားတဘောင် သွားရင်ဆိုင်တာလား ဆိုတာတော့ ဘယ်သူမှ မပြောနိုင်ဘူး...သည်နေရာကို လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်က ပုလိပ်တို့ အမှုစစ်တို့ လာဖို့ ဆိုတာ ခက်သားပဲ...လာရင် စာရင်းစစ်လောက် လာမှာကိုး..."

ကိုမင်းအောင်မြင့်က ခင်စောမူကို ရည်ညွှန်းကာ စ,ခြင်းဖြစ်၏။ စာရင်းစစ်ဆိုတာ ပါလာတော့ ခင်စောမူက လှမ်းထုသည်။ လှမ်းထုလိုက်ပြီးမှ ခင်စောမူ ဘရိတ်အုပ်ရပါ၏။ ငယ်ပေါင်းတွေလို ပြုမူလိုက်မိ၍ ဖြစ်သည်။ ကိုမင်းအောင်မြင့်က ဘယ်လိုမှ သဘောထားပုံ မရပါ။ ခင်စောမူ လှမ်းထုလိုက်တာကို ရှောင်ရင်း ရယ်လို့ပင် နေပါသေးသည်။ ခင်စောမူက စိတ်မရှင်းသဖြင့်

"ပြောစမ်းပါ...နားထောင်ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပါပဲ...ဘာဖြစ်လို့ ပျောက်သွားတယ်ဆိုတာ မသိပေမယ့် နောက်ပိုင်း ကြားရတာတော့ ကုလားမကြီးကို မှန်တာ ကုလားကြီး ခြောက်လုံးပြူးက ကျည်ဆံမဟုတ်ဘူးတဲ့...ဒါက ဦးဒိုးလုံးတို့ နောက်ပိုင်း ကြားတာပေါ့...ကုလားကြီးက လှမ်းချိန်တဲ့အထိ ဟုတ်တယ်...ဒါကလည်း သေနတ်တွေ ဘာတွေဆိုတာ တိုက်ချတာ ပြီးရင် ဟိုချိန် သည်ချိန် ချိန်နေကျသဘာဝ ရှိတယ်လေ...ကုလား ကြီးကို သူ မပစ်လိုက်ခင် ကျည်ဆံတစ်တောင့်က သွားမှန်တာလို့ ပြောကြတယ်"

"ဘယ်ကကျည်ဆံ သွားမှန်ရတာတုံး...အဲဒါတော့ မဟုတ်လောက်ပါဘူး...စကား ကားကြတာနေမှာပါရှင်"

"ဖြစ်လောက်တယ် မခင်စောမူရဲ့...သေသေချာချာသိလို့တော့ မဟုတ်ပါဘူး...ကျွန်တော်ထင်တာပြောတာ...ကုလားကြီးကို တော်တော် လူမုန်းများသတဲ့ဗျ...သိပ်မောက်မာ သိပ်ရိုင်းပျသတဲ့...သေနတ်ရှိတဲ့တစ်ယောက်က အခန်းထဲ ကြိုရောက်နေပြီး ပစ်လိုက်တာ နေမှာပဲ...အဲသည်ခေတ်က တောခေါင်းတွေလည်း သေနတ်ကိုင်ရင် ခေတ်ကိုးဗျ"

"ပစ်ရင် ကုလားကြီးပစ်မှာပေါ့...ဘယ့်နယ့်ကြောင့် ကုလားမကြီး ပစ်ရတာလဲ"

"ကျွန်တော်ထင်တယ်...လက်စားချေချင်လို့ မယားဖြစ်သူကို ပစ်လိုက်တာနေမှာ...နောက်ပိုင်း သတင်းထွက်လာတာက စောစော်ထား တော်တော်ချောတဲ့ ကုလားမကလေးနဲ့ ရည်ငံနေတဲ့ ကုလား တစ်ယောက်က တောခေါင်းတဲ့...ပြဿနာဖြစ်ပြီးတော့ အဲသည်လူ လည်း ပျောက်သွားတယ် ပြောတာပဲ"

"ဒါဆိုရင်တော့ ဖြစ်နိုင်တယ်"

အိပ်ရာထဲရောက်သည်အထိ ကိုမင်းအောင်မြင့် ပြောပြသည့် စကားလုံး ရင်ထဲ ရောက်နေခဲ့သည်။ လူတစ်ယောက်က မယားဖြစ်သူကို လုပ်ကြံခဲ့တော့ ကုလားကြီးလည်း ချက်ချင်းထွက်ပြေးခဲ့ပုံရသည်။ သည်တစ်ခါ သူ လည်း သေနေမှာလို့ တွေးမိခဲ့ပုံရပါ၏။ ဘာပဲဖြစ်ဖြစ် သည်အိမ်ကြီး သည်ဝင်းကြီး ထဲမှာ လူနှစ်ယောက် သေခဲ့ဖူးသည်။ အရင်က ဘန်ဂလိုပုံဟောင်းကို စည်းခန်း ထဲမှာ ချိတ်ထားတာ ခင်စောမူ တွေ့ခဲ့သည်။ ရှေးခေတ် ကိုလိုနီအဆောက်အဦ ဖြစ်၍ တောတွင်းနှင့်မလိုက်အောင် ခံညားလှပါသည်။ အိပ်ရာထဲကို မွေး ကျက်ချင်းရောက်မလာသဖြင့် ဟိုတွေးသည်တွေး လျှောက်တွေးနေမိသေး ထားနေတော့မှ မွေး ရောက်လာသည်။ ခင်စောမူနှင့် အတူမအိပ်ပဲ ဘောင်နှင့် ခြင်းအုံးကို ဆွဲချကာ ကြမ်းပေါ်မှာ အိပ်ဖို့ပြင်သည်။ ခင်စောမူက ခွင့်ခေါ် သော်လည်း မရပါ။ မွေးကိုယ်တိုင်က ခင်စောမူနှင့် အတူမအိပ်ရဲသလို မတ်မတ် နေခဲ့ရှာသည်။

"ဆရာမ အိပ်ပါ...ကျွန်မက အဖော်ရအောင်သာ လာအိပ်တာ... ချောင်ချောင်ချိချိ ခြေပစ်လက်ပစ် အိပ်ပစ်လိုက်...မနက်ကျ ရေမိုး ချိုး...ဆရာမကြီးအိမ် ကျွန်မလိုက်ပို့မယ်"

"ကိုမင်းအောင်မြင့်ပြောပြတာ ကျွန်မဖြင့် ကြောက်လိုက်တာ...မွေး တို့ကို ချီးကျူးချင်တာ...နေရဲလိုက်တာကြတာလို့...."

"ကျွန်မပြောသလိုပဲ ဆရာမရဲ့...မနေမဖြစ်တော့လည်း နေရတာပဲ... လော်ပဲနံ့, ပန်းနံ့ ရတာလောက်တော့ ကျွန်မလည်း ကြုံခဲ့တယ်... ကိုပုကတော့ ကုလားမတစ်ယောက် လျှောက်သွားနေတာ ခဏခဏ တွေ့တယ်ပြောတာပဲ...ခက်တာက ဆရာတော့ မပြောပါနဲ့...ညဘက် ဆိုရင် မူးမူးနေတော့ သူ့စကားလည်း ယုံဖို့ခက်သား..."

မျက်တောင်တွေ စင်းလာတော့ စကား အမေးအဖြေကို ရုပ်လိုက် ချ၏။ အနားမှာ မွေးရှိနေသည် ဆိုသည့်စိတ်ကြောင့် လုံခြုံပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲမှာ ယောကျ်ားသားအဖော်တွေ ရှိနေတာကို သိတော့လည်း နှစ်
ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ ဖျတ်ခနဲနိုးတော့ အခန်းက မှောင်ပိန်းနေသ
အခြား ဘာသံမှမရှိ။ မင်္ဂေးကို ငုံ့ကြည့်တော့ ခုတင်အောက် ဝေးဝေးမှာ ဦ
ဝါးဝါး မြင်ရသည်။ မိုးပဲ လင်းပြီလား။ ငှက်သံတွေတော့ မကြားရ။ ပြ
ပေါက်ဆိ ထသွားကာ ချက်ကို အသာဖြုတ်လိုက်သည်။ သစ်ပင်တွေ ရှိနေသ
မှောင်ရိပ်အချို့ကို မြင်ရသည်။ လရောင်ကောင်းကောင်းမရှိ။ နှင်းတွေ
မြူတွေလား။ အပြင်မှာ မှိုင်းမှုန်မှုန် ဖြစ်နေတာကိုကြည့်ရင်း ညလမ်းလျှောက်
ကူလားမဆိုတာကို သတိရမိလို့ ပြတင်းပေါက်ကို ပြန်ပိတ်လိုက်သည်။
ကျယ်သွားလို့ ထင်ပါ၏။ မင်္ဂေးက ငုတ်တုတ်ထထိုင်သည်။

"ဆရာမ အပေါ့အပါး သွားချင်လို့လား...သည်အပေါ်မှာပဲ ရေ
ရှိပါတယ်...ဧည့်ခန်းနဲ့ တစ်ဆက်တည်းမှာ ကျွန်မ လှိုက်ပို့မယ်

"ဟုတ်သားပဲ...တော်ကြာ ယောကျ်ားသားတွေ နိုးလာရင် အ
ခက်နေမှာနော်...ကျွန်မသွားလိုက်မယ်...လက်နှိပ်မီး ရှိလား..."

"မီးဖွင့်လိုက်လေ ဆရာမ...မီးလာပါတယ်"

ခင်စောမူ မီးဖွင့်လိုက်တော့ ဘန်ဂလိုအပေါ်က အခန်းတွေကို
ကောင်း မြင်ရသည်။ ဧည့်ခန်းဆီ အရင်လျှောက်လာခဲ့ကာ ဧည့်ခန်းနှင့်ဆက်
သော ရေအိမ်ကို ဝင်လိုက်သည်။ တစ်နေရာက ရေကျသံတွေ ကြားရ
များများစားစားတော့ မဟုတ်။ တပေါက်ပေါက် အဆက်မပြတ် ကျ
ဖြစ်၏။ အပေါ့အပါးသွားပြီး ရေဆွဲခဲ့သည်။ အပြင်ကို ပြန်အထွက်...။ တံ
ဖွင့်မရပဲ တင်းကျပ်နေတာ သတိထားလိုက်မိသည်။ တံခါးပိတ်မိနေလို့
အော်ဖို့ကလည်း မကောင်းတော့ ကြိုးစားဖွင့်သည်။ မပွင့်။ ကိုယ်လုံးနှင့် ထ
ကြည့်သည်။ မရ။ သည်အခါမှာတော့ ခင်စောမူ လန့်ဖျပ်သွားမိပြီ။ ကြောက်
ဝင်လာခဲ့သည်။ ရေအိမ်က အခန်းကျယ် ဖြစ်၍ မီးတစ်ပွင့်ရှိသည်။ သည်
ခင်စောမူပဲ ဖွင့်ခဲ့ခြင်းဖြစ်၏။ သည်မီးရှိလို့ တော်ပါသေးရဲ့။ ခင်စော

တံခါးချက်ဘုကို လှည့်ကြည့်သည်။ လှည့်လို့မရ။ ရရမှာပေါ့။ ဘယ်လို
ဖြစ်တာပါလိမ့်။ ထိုစဉ်မှာပင် မီးလုံးလည်း မှိတ်သွားတော့သည်။ မီးခလုတ်ပိတ်
လိုက်သံ မကြားရပဲ မီးလုံးက မှောင်သွားခြင်းဖြစ်၏။ တံခါးဖွင့်မရတာ၊
မီးလုံးမှိတ်သွားတာကတော့ တိုက်ဆိုင်မှုမဖြစ်နိုင်။ တစ်ယောက်ယောက်က လုပ်
နေတာပဲ ဖြစ်ရမည်။ သည်အချိန်မှာတော့ ခင်စောမူ သတ္တိမကောင်းနိုင်တော့ပဲ
တံခါးကို ထုသည်။ သည်လောက်ဆိုလျှင် မင်္ဂေး ကြားလောက်သည်။ ဘယ်သူမှ
ဆရာက်မလာတော့ ထပ်ထုသည်။ ခပ်ပြင်းပြင်း ထုပြန်၏။ ချောက်ခနဲပွင့်သံနှင့်
အတူ မီးလုံးပါ ပြန်လင်းလာခဲ့သည်။ အပေါက်ဝမှာ မင်္ဂေး ရပ်နေသည်။

"ဆရာမ ကြာလို့လိုက်လိုက်လာတာ...ထုသံကြားတာနဲ့ ဖွင့်လိုက်
တာ...မပြောလိုက်ရလို့ ဆရာမရေ...သည်ရေအိမ်တံခါးချက်က
ပျက်နေတယ်နဲ့တူတယ်...မီးလုံးကလည်း လွတ်လွတ်နေတာ ဆရာမ
ရဲ့...ကျွန်မတို့လည်း မသုံးတော့ မပြင်ဖြစ်ဘူး"

"တော်ပါသေးရဲ့ မင်္ဂေးရယ်...ကျွန်မ လန့်ပြီးထုတာ"

မင်္ဂေးနှင့် ခင်စောမူ အိပ်ရာထဲ ပြန်ရောက်တော့ မင်္ဂေးက ရယ်သည်။
ဘာရယ်တာလဲဆိုတော့ ကျွန်မလည်း လန့်နေတာ ဆရာမရဲ့ဟု ဆို၏။ မင်္ဂေးနှင့်
ခင်စောမူတို့အိပ်သည့် အခန်းကျယ်ကြီးက ကုလားကြီးလင်မယား အိပ်သည့်
အခန်းဖြစ်၍ တစ်ယောက်တည်း နေခဲ့ရတာကို လန့်ခြင်းဖြစ်သည်။

"မင်္ဂေးက မကြောက်တတ်ဖူး ထင်နေတာ ကြောက်တာပဲလား..."

"ဘန်ဂလိုကြီးပေါ်မှာ ကျွန်မ မအိပ်ဖူးဘူး ဆရာမရဲ့...ဒါ ပထမဆုံး
အိပ်ဖူးတာ...တံခါးကျပ်တာတို့ မီးလုံးလွတ်နေတာတို့က ကိုပု
ပြောဖူးလို့သိတာ"

"အရင်က အမျိုးသမီးတွေ လာတည်းဖူးတယ်ဆို..."

"လာဖူးတယ်...သည်အခန်းမှာ မအိပ်ကြဘူး...လေကား ဟိုတာ
အခန်းမှာ အိပ်ကြတာ ဆရာမရဲ့...ဆရာက ကောင်လေးတွေ

www.burmeseclassic.com

www.burmeseclassic.com

ပါ ခိုင်းဖို့ စေဖို့ ထားပေးတော့ သည်လိုပဲ နေပြီးပြန်ကြတာ...ဆရာကလည်း သည်လောက် ပြောမပြတော့ ဘာမှန်းလည်း သိမသွားကြဘူး"

"နောက်လာမယ့်လူတွေကိုလည်း မပြောပါနဲ့ မင်္ဂေးရယ်...ကြောက်နေကြပါ့မယ်"

"ဆရာမ အိပ်လိုက်ဦး...ခုမှ လေးနာရီကျော်ကျော် ရှိသေးတယ်...ကျွန်မတော့ ငါးနာရီထိုးရင် ဆင်းမယ်...ဆရာတို့ ရေချိုးဖို့ ရေနွေးတည်ရဦးမယ်"

"ကျွန်မလည်း မအိပ်ချင်တော့ပါဘူး...ရေနွေးတော့ လိုချင်တယ်...ဆင်းတည်ရအောင်...မျက်နှာသစ်ပြီး ကျွန်မလည်း ဝိုင်းကူမယ်"

နှစ်ယောက်သား ဘန်ဂလိုပေါ်က ဆင်းလာတော့ လေးနာရီ ထယ်မီနှစ်။ ကိုမင်းအောင်မြင့်တို့ကတော့ အိပ်ကြတုန်း။

အပြင်မှာ နှင်းတွေ လည်နေလေပြီ။

* * *

မင်္ဂေးတို့လင်မယား နေကြသည့်အခန်းက အတော်အတန်ကျယ်ဝန်းပါသည်။ တစ်ဖက်မှာ မီးဖိုချောင်ဖြစ်သည်။ မီးဖိုချောင်ကလည်း ကျယ်ပါ၏။ မီးဖိုက သန့်ရှင်းသပ်ရပ်သော အခင်းအကျင်းနှင့် ဖြစ်သည်။ မင်္ဂေးကတော့ ဆရာက ညစ်ပတ်ရင် ဆူလို့ဟု ပြောပြသည်။ အင်္ကတေနှင့် သေသေချာချာ လုပ်ထားသော အုတ်ပေါက်မီးဖိုတွဲကြီးရှိသဖြင့် တစ်ပြိုင်နက်တည်း ထမင်းအိုးဟင်းအိုးတွေ တည်နိုင်သည်။ ကြောင်အိမ်နှင့် ရေခဲသေတ္တာလည်း ရှိသည်။ ရေခဲသေတ္တာထဲမှာ ကြက်ဥများနှင့် ဟင်းသီးဟင်းရွက်တွေ ရှိသည်။ မီးမှန်သည့် အရပ်ဆိုတော့ အဆင်ပြေသား။ မင်္ဂေးက ဆယ်ဝင်ပုံးလို သံပုံးဖြင့် ရေနွေးတည်သည်။ ခင်စောမူ အတွက် ရေနွေးမြန်မြန်ရရန် ကျိုအိုးကလေး တစ်အိုးစာပါ တည်သဖြင့် မျက်နှာသစ်ရပါ၏။ ခင်စောမူအတွက် ကော်ဖီတစ်အိုးပါ စီစဉ်

လေးသဖြင့် မနက်ငါးနာရီကျော်ကျော်မှာ ကော်ဖီနှင့် ကိတ်ခြောက်၊ ကြက်ဥကြော်တွေ စားရပြီ။

မိုးမလင်းတလင်းဆိုတော့ မြူတွေထဲက ဘန်ဂလိုကြီး ရုပ်လုံးပေါ်လာခဲ့သည်။ ရှေးက ရှိခဲ့သော အလုပ်သမားတန်းလျားဆိုတာကိုတော့ မမြင်ရတော့။ မင်္ဂေးက ရှေ့နားလျှောက်လျှင် ရှေးက အလုပ်သမားတန်းလျားတွေ ရှိခဲ့ပုံသော အုတ်မြစ်ခြေတွေရှိကြောင်း ပြောသဖြင့် ခင်စောမူ ထွက်လာခဲ့သည်။ ဟုတ်ပေသားပဲ။ နှစ်ပေခန့် မြင့်တက်နေသော အုတ်မြစ်ခြေပတ်လည်ကို မြင်ရပြီ။ ပြည့်ပြည့်စုံစုံတော့ မဟုတ်။ ပဲ့သည့်နေရာက ပဲ့၊ ကျိုးသည့်နေရာက ကျိုးနေသဖြင့် စိတ်နှင့် ပုံဖော်ကြည့်ရခြင်းဖြစ်၏။ အရင်ကတော့ သည်အဆောက်အဦက ခိုင်ခိုင်ခဲ့ခဲ့ သပ်သပ်ရပ်ရပ်ဖြစ်ပါလိမ့်မည်။ အခုတော့ မြေပေါ်မှာ အရာလောက်သာ ရှိတော့သည်။

လွန်ခဲ့သည့် နှစ်ပေါင်းလေး,ငါးခြောက်ဆယ်က သည်တန်းလျားအခန်းတစ်ခန်းမှာ ကုလားမချောချောကလေးတစ်ယောက် ရှိခဲ့လိမ့်မည်။ ဘန်ဂလိုကြီးပေါ်မှာတော့ မောက်မာသည့် လင်ယောကျ်ားနှင့် မာနကြီးသော ကုလားမကြီး တစ်ယောက် ရှိကြမည်။ သည်ကုလားမ ချောချောကလေးမှာ ချစ်သူ သို့မဟုတ် ကြိုက်နေသူ တောခေါင်းတစ်ယောက် ရှိမည်။ ထိုလေးဦးအကြား သံသယနှင့် စက်ပိုမုန်းထားမှုတွေ အားပြိုင်လာကြသည့်အခါ သေနတ်သံတစ်ချက် ထွက်လာခဲ့လိမ့်မည်။ သေသူက သေခဲ့ပြီ။ ပစ်သူကို ပြောဖို့ခက်သည်။ ခင်စောမူက ညတုန်းက ကြားခဲ့သည့် ဓာတ်လမ်းကို စဉ်းစားရင်း တွေးမိနေခြင်းပင်။ အခုတော့ ဖြစ်အပျက်တို့သည် အရိပ်သဖွယ်သာ ရှိတော့သည်။

ခင်စောမူ ရှေ့ဆက်လျှောက်လာခဲ့သည်။ ရှေ့မှာတော့ ဘန်ဂလို ကာထားသော ဝင်းထရံသာ ရှိတော့သည်။ မနီးမဝေးမှာ ရေတွင်းတစ်တွင်းရှိသဖြင့် နောက်မှ တူးတာပဲလား၊ အရင်က ရှိတာပဲလား မဝေခွဲနိုင်။ ကျောက်ခဲတစ်ခွေစာသာ မြင့်သော ရေတွင်းဆီသွားကာ ငုံ့ကြည့်တော့ ဆယ်ပေလောလန့်မှာ ရေကို မြင်ရသည်။ လက်စနှင့် ခြံကို တစ်ပတ်ပတ်ကြည့်ရန် စဉ်းစားလိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ခြံကြီးက ကျယ်လှသည်။ တစ်နေရာမှာ တမဲ့သလင်းခင်း ပြန့်ကျယ်ကို တွေ့ရသဖြင့် အံ့သြသွားသည်။ တင်းနစ်ကွင်းလား၊ ကြက်ဟောင်ရိုက်ကွင်းလား။ သစ်လုပ်ငန်းရှင် ကုလားကြီးလင်မယား မနေခင်က အင်္ဂလိပ်တွေ နေသွားဖူးသည်ဆိုရာ သူတို့အတွက် လေ့ကျင့်ကွင်း ဖြစ်လောက်သည်။

ခြံကျယ်ကြီးကို တစ်ပတ်ပတ်မိသည်နှင့် ခင်စောမူ ဝင်ပေါက်ဘက်ကို ပြန်လျှောက်လာခဲ့သည်။ လက်ကနာရီကို ကြည့်တော့ ခြောက်နာရီသာသာခဲ့ ရှိသေးသဖြင့် ကိုမင်းအောင်မြင့်တို့ မနိုးလောက်သေး။ ဂိတ်ဝက ကျောက်လမ်း အတိုင်း ခြံအပြင်ဘက်ကို လျှောက်လာခဲ့သည်။ နံနက်ခင်း လေပြည်က လတ်ဆတ်လှပါသည်။ မြူတွေ ရှိနေသေးသော်လည်း ပတ်ဝန်းကျင်ကို ကောင်းကောင်းမြင်နေရပြီ။ သည်လမ်းအတိုင်း ဆက်လျှောက်သွားလျှင် သမုန်းကျင်းကို ရောက်နိုင်မှန်း သိပါ၏။ ကားနှင့်ပင် ဆော်တော်လေး မောင်းဝင်လာရတော့ လမ်းလျှောက်သွားလျှင် ဆေးလိမ်မည်။ မကြာခင် လမ်းပေါ် ရောက်လာခဲ့သည်။ ဘုန်ကလိုဘက်ကို ဝင်သောလမ်းက လမ်းမကြီးမှ ဖဲ့ထွက်လာသောလမ်းဖြစ်၍ ခင်စောမူ ရောက်နေသော လမ်းကမှ မူလ တာလမ်းဖြစ်၏။ လမ်းတစ်ဖက် တစ်ချက်ကို လှမ်းကြည့်တော့ လူသူမရှိ။ ခပ်ဝေးဝေးမှာတော့ လှည်းနှစ်စီး သုံးစီးမောင်းလာတာ တွေ့ရသည်။ ဖုန်တွေက နှင်းသိပ်ထားသဖြင့် သိပ်တော့ မထသေး။ ခင်စောမူက လှည်းတွေ မောင်းလာသည်ဘက် လျှောက်လာခဲ့သည်။ လှည်းက သုံးစီး။ နှစ်စီးက မီးသွေးလှည်းဖြစ်၍ တစ်စီးက ထင်းချောင်းတွေ တင်လာခြင်းဖြစ်သည်။ ထင်းတွေက အပင်လိုက် ပင်ခြေက ခုတ်လာသည့် အပင်ရှည်ကြီးတွေ။ လုံးပတ် ခြောက်လက်မစီလောက် ရှိကြမည်ထင်၏။

"ဘယ်သွားရောင်းကြမှာလဲ လှည်းဆရာကြီး..."

"သမုန်းကျင်းကို..."

"ဘယ်က လာရောင်းကြတာလဲ..."

"ဒဟတ်တောက..."

"ဝေးသလား..."

"အတွင်းထဲကျတယ်ရယ်...ဝေးတယ်..."

လှည်းဆရာက လှည်းမောင်းရင်း ပြောသွားသဖြင့် လှည်းတွေက ခင်စောမူကို ကျော်သွားကြသည်။ ဒဟတ်တောရွာကို အခုမှ ကြားဖူးသည်။ ရှိမှာပေါ့လေ။ ရွာတွေဆိုတာ ရေမိုး အဆင်ပြေသည့်နေရာတွေမှာ ရှိတတ်ကြတာ မဟုတ်လား။ ဘယ်လောက်စောစောက မောင်းလာကြတာပါလိမ့်။ နှင်းဆွတ်လေဆွတ် ချမ်းချမ်းစီးစီး။

ခင်စောမူ ရှေ့ကိုပဲ ဆက်လျှောက်ခဲ့သည်။ ရှေ့မှာ တဲကလေးသုံးလုံး တည်း ရှိသည့် လှည်းစခန်းလို နေရာကလေး။ အရွာရွာက လှည်းတွေ၊ လူတွေ၊ နွားတွေ ခဏတစ်ဖြုတ် နားကြသည့်နေရာ ဖြစ်ပုံရပါ၏။ အကြော်ဗိုက်လေးပါ တွေ့လိုက်ရသဖြင့် ခင်စောမူ အနွေးထည်ထဲ လက်နှိုက်ကြည့်သည်။ တော်ပါသေးရဲ့ ငွေစက္ကူအချို့ ပါလာလို့။ ဗိုက်မဆာလှသော်လည်း တောစာကလေး တွေ့ စားချင်ခဲ့သည်။ အကြော်တဲက တစ်တဲတည်းရှိသော်လည်း ကောက်ညှင်းပေါင်းလို၊ ငချိတ်ပေါင်းလိုလည်း ရနိုင်ပါ၏။ အကြော်က ဖူးဖူးရွရွကြီးတွေ။ သည်အရပ်က ဟင်းသီးဟင်းရွက် ပေါပုံရသည်။ ဘူးသီးကြော်ကြီးတွေဆိုလျှင် လက်ဝါးတစ်ဝါးစာမက ကြီးသည်။ ခင်စောမူက ကောက်ညှင်းပေါင်းတစ်ထုပ် ဝယ်ပြီး အကြော်တဲထဲ ဝင်လိုက်သည်။ လှည်းသမား နှစ်ယောက်၊ သုံးယောက်နှင့် အကြော်သည် မိသားစုတွေ မီးဖိုဘေး ထိုင်နေကြသည်။ အားလုံးက ခင်စောမူ ဝင်လာတော့ ကိုယ်ကို ယို့ပေးကြပါ၏။

"အကြော်ကြီးတွေ ကောင်းလိုက်တာ...ဘယ်လိုရောင်းတာလဲ"

"တစ်ရာဖိုး သုံးခု"

"ကျွန်မတို့မြို့မှာဆိုရင် တစ်ခုကို တစ်ရာလောက် ပေးရလိမ့်ထော်ထင်တယ်...အကြီးကြီးတွေနော်"

"တောဆိုတော့ တောဈေးပေါ့"

www.burmeseclassic.com

www.burmeseclassic.com

အကြော်သည်က အလိုက်သင့် ဖြေသည်။ ခင်စောမူက မီးဖိုဘေး ဝင်ထိုင်တော့ မိန်းကလေးတစ်ယောက်က ဖင်ထိုင်ခုံ တိုးပေးရှာ၏။

"တော၊ တောပါဦးရှင် အကြီးကြီးတွေ...မြတ်ကောမြတ်ကြရဲ့လား"

"ကျွန်မတို့ဆီက ဘူးသီးပေါတယ်...ထင်းပေါတယ်...ဆီပဲရှားတာ... အကြော်ခံပါတယ်...ရောင်းနိုင်ပါတယ်"

"ဟုတ်တယ်နော်...သည်နယ်က ဟင်းသီးဟင်းနှံ ပေါလိုက်တာရှင်"

အကြော်ဆိုင်ထဲက လူတွေအားလုံး စောစောစီးစီး ဥစ္စာစောင့်မ တစ်ယောက် ရောက်လာသလို ခင်စောမူကို ကြည့်နေကြသည်။ သူတို့အတွေ့ အကြုံအရ သည်လို မနက်ခင်းမှာ မြို့သူတစ်ယောက် ရောက်လာဖူးပုံမရတော့ ခမ်းရိုင်းရိုင်းပင် ဂူးစူးကြီး ကြည့်နေကြလေသည်။ ခင်စောမူက အကြော်ပူပူကို ဗဲ့ရွဲ့စားရတာကို သဘောကျလှသည်။ နပ်နပ်ပျောင်းပျောင်းဖြင့် စားလို့ကလည်း ကောင်းမှကောင်း။ ကောက်ညှင်းပေါင်းက စီးစီးထွေးထွေး။ ခင်စောမူက စပ်စု လိုက်သည်။

"သည်က အစ်မတို့က သမုန်းကျင်းကလား..."

"ဟောက်ပင်က..."

"ဟောက်ပင်...ရွာလား..."

"ရွာလေ...သည်နောက်ကျောတင်ရယ်...ရွာက မကြီးပါဘူး"

"ဪ ဪ...သမုန်းကျင်းကလားလို့ပါ"

"သူက သမုန်းကျင်းက လှည်းဆရာ..."

ခင်စောမူက သမုန်းကျင်းက လှည်းဆရာ ဆိုသူကို လှည့်ကြည့် လိုက်သည်။ အသားမည်းမည်း၊ မျက်နှာပိန်ပိန်။ လှည်းဆရာဆိုပေသိ လှည်း ဆော့ မတွေ့ရပါ။ လှည်းဆရာက ဘယ်လိုကြောင့် အကြော်တဲလာပြီး ငုတ်တုတ် ထိုင်နေရပါလိမ့်။ လှည်းဆရာက လှည့်ကြည့်ကာမှ နောက်ကို တပ်ဆုတ်နေ

သေးတော့သည်။ သူ့ခမျာ အားနာဟန်တူပါ။၏၊ ခင်စောမူက ပြုံးပြတော့လည်း ခေါင်းငုံ့သွားသည်။ တကယ့်ရိုးသားကြသူတွေပင်။ သမုန်းကျင်းသားလား ဆိုတော့ ခေါင်းညိတ်သည်။ ကြာပြီလားဆိုတော့လည်း ခေါင်းညိတ်သည်။ ခက်တော့ခက်နေပြီ။

"ကျွန်မက ဧည့်သည်ပါ...သမုန်းကျင်းက ဒေါ်ကောင်းလှကို သိသလားလို့..."

"ဒေါ်ကောင်းလှ...အမေကြီးကောင်းလှ...ရှိပါ့ဗျာ...အိပ်ရာခံ လဲနေပြီ"

"ဪ...နေဦး...မစောညွန့်ဆိုတာကော...ဒေါ်စောညွန့်ပေါ့လေ"

"ဒေါ်စောညွန့်...သူက ဘိုးဘိုးပဲတာလဲ..."

"မပြောတတ်ဘူးရှင်...လူကြီးက ပစ္စည်းပေးလိုက်လို့ပါ"

"ဒေါ်...စော...ညွန့်...အဲ..."

လှည်းသမားဆိုသူက နာမည်ကို ရွတ်ရင်း ပါးစပ်အဟောင်းသား ဖြင့်နေတာပဲ ရှိသည်။ ဘာသံမှ ထွက်မလာ။ အကြော်သည်တွေကို လှမ်းကြည့် ပြီး ခင်ဗျားတို့ကော သိကြသလားဆိုသည့် မျက်နှာဖြင့် မေးထိုးပြသည်။ အကြော်သည် မိသားစုက ပြဿနာထဲ ကျုပ်တို့ ဆွဲမထည့်ပါနဲ့နော် ဆိုတာ ဖြင့် ခေါင်းငုံ့သွားကြသည်။ ခင်စောမူက အခြေအနေမဟန်မှန်း သိလိုက်ပြီး အကြော်တဲမှထကာ ဘန်ဂလိုပြန်ဖို့ ပြင်ရသည်။ နေရောင်ခြည် ကောင်းကောင်း ထင်းပြီ။ ကိုမင်းအောင်မြင့်တို့ နိုးလောက်ပြီ။ ခင်စောမူ ပျောက်သွားလို့ စိုးရိမ် ကြရော့မည်။ ဟုတ်ပါရဲ့...။ မဌေးကိုပင် မပြောခဲ့ရတာကို သတိရလိုက်သည်။ ဘာလမ်းပေါ် တက်လိုက်တော့ အဝေးဆီက ကားတစ်စီး လာနေတာ မြင်ရပါ၏။ ခင်စောမူတို့ စီးလာသည့်ကားပင်။ မောင်မောင်တင်ပဲ မောင်းလာခြင်းဖြစ်မည်။ ကားက အနားကို ရောက်လာခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

"အစ်မ...ဆရာရှာခိုင်းလို့...ကျွန်တော် ဟိုဘက်တွေပါ ရောက်တယ်...ထင်းလှည်းသမားတွေက သည်ဘက် တွေ့ခဲ့တယ်ဆိုလို့ ပြန်မောင်းလာတာ"

"ဟုတ်ပါရဲ့...မပြောခဲ့ရဘူး...လမ်းလျှောက်ရင်းရယ်လို့ ထွက်လာတာပါ ငါ့မောင်ရယ်..."

"လာ တက် အစ်မ..ဘရိတ်ဖတ်စ် စားကြရအောင်..ပြီးရင် ကျွန်တော်တို့ သစ်စခန်းပြန်မယ်...အစ်မကို မြို့ထဲ လိုက်ပို့မယ်"

"အေးပါ..."

ခင်စောမူ ကားပေါ်တက်လိုက်တော့ မောင်မောင်တင်က ကားကို ပြန်ကွေ့သည်။ ခင်စောမူအဖို့ အမှောင်ကြီးကောင်းလှ ဆိုတာ သမုန်းကျင်းမှာ ရှိသည်ဆိုတာကို လှည်းသမားဆီမှ သတင်းအစအန ရခဲ့ပြီ။ ဘာရယ်တော့ မသိ။ ခင်စောမူလက်ထဲ ရောက်နေသည့် ကျောက်ပြားမည်းကလေးကို မစောညွှန့်ဆိုသူ၏လက်ထဲရောက်အောင် ထည့်ပေးချင်လှပြီ။

* * *

ဒေါ်ခင်မေသို့အိမ်ကို ခင်စောမူရောက်တော့ မနက်ကိုးနာရီ ထိုးတော့မည်။ ကိုမင်းအောင်မြင့်တို့ကို နှုတ်ဆက်ပြီး အိမ်ပေါ်တက်လာခဲ့သည်။ အားလုံး လူစုံတက်စုံ ရှိနေကြပါ၏။

ဒေါ်ခင်မေသီ၊ အေးစု၊ ဒန်းပွင့်...။ ဆက်တီပေါ်မှာ မျက်နှာချင်းဆိုင် ထိုင်ကြလို့။

ခင်စောမူက ညက ဘန်ဂလိုမှာပဲ အိပ်လိုက်ရကြောင်း ပြောပြရင်း ပြန်မလာဖြစ်တာကို တောင်းပန်လိုက်သည်။ ဒေါ်ခင်မေသီက ထုံးစံအတိုင်း ဟန်လုပ်ထားသော အပြုံးဖြင့် မျက်လုံးပြူးကာ အသိအမှတ်ပြုသည်။ မြင်ရသလောက် ဒန်းပွင့်နှင့် အေးစုကို တစ်စုံတစ်ရာ ပြောနေပုံရသည်။ ဒန်းပွင့် မျက်နှာက မဲ့ဆောင်းဆောင်း။ အေးစုကတော့ မထုံတထုံ။ ခင်စောမူ သိရသလောက်

ဒန်းပွင့်ကို ဆေးကုတာ မတွေ့ရတာကလည်း ထူးဆန်းသည်။ ကလေးမလေးကို သက်သက်ခေါ်ထားပြီး နှိပ်စက်နေတာနှင့် တူနေသည်။ အေးစုခမျာလည်း ကြားထဲက လိုက်နေပေးရတာထား၊ ဒေါ်ခင်မေသို့ ခိုင်းဖတ် ဖြစ်နေတာက လည်း အနိုင်ကျင့်ရာကျသည်ဟု ထင်သည်။ ဒန်းပွင့်က ပြန်ချင်သော်လည်း တစ်စုံတစ်ရာဖြင့် ပြန်မရအောင် လုပ်ထားတာကို ခင်စောမူ မကြိုက်။ ရောဂါ ရှိသလား...ကု။ ရောဂါမရှိဘူးလား...ပြန်လွတ်။ သည်နှစ်မျိုးသာရှိသည်။ ခင်စောမူ၏ မျက်နှာရိပ်ကို ဒေါ်ခင်မေသီ အကဲဖမ်းမိပုံရသည်။

"ပြောနေရတယ် မခင်စောမူရေ...ဒန်းပွင့်ကိုလေ...မနက်မိုးလင်းတာနဲ့ ရွာပြန်ချင်တယ်...ရွာပြန်ချင်တယ်နဲ့ နွားပူနားဆာတိုက်နေတော့တာပဲ...ကိုယ်က ရောဂါနဲ့ ရွာပြန်ရင် ဒုက္ခရောက်တော့မှာ...သည်မှာက လိုလေသေးမရှိအောင် ထားတာဟုတ်ရဲ့နဲ့..."

"နေပါဦး...ဒန်းပွင့်ရောဂါက အခုထိ အဖြေမပေါ်သေးဘူးလား အမေသီ...သူ့ကြည့်ရတာတော့ လူကောင်းအတိုင်းပဲနော်"

ဒန်းပွင့်က ခင်စောမူကို အားကိုးတကြီး ကြည့်ပုံမျိုးဖြင့် လှမ်းကြည့်သည်။ ခင်စောမူ ဘာကိုဆိုလိုတာလည်း ဒေါ်ခင်မေသီက သိပါ၏။ အူပုံနှင့် စွဲချက်တင်လိုက်သည့် စကား မဟုတ်လား။ ခင်စောမူက သည်လိုကိစ္စ နားမလည်နိုင်ဘူးဆိုသည့် မျက်နှာပေး လုပ်ထားလိုက်သည်။ ဒေါ်ခင်မေသီ ကတော့ နည်းနည်းတော့ မာသည်။

"ရောဂါလား...ခင်မေသီစက်ရိပ်ထဲ ကျနေလို့ အသက်နဲ့ခန္ဓာ ကြေရောတာ ငါ့ညီမရေ...မနောဓာတ်နဲ့ စွပ်ပေးထားတဲ့ ခမည်းကြီး ခံနေလို့ပေါ့...နို့မို့ ဘယ်ခံနိုင်မှာလဲ...လုပ်တာက အသေလုပ်တာ"

"ဩော်...ဘာအညှိုးနဲ့များ လုပ်တာပါလိမ့်"

"သူ့ကို ရအောင်သိမ်းသွင်းမယ်...သူ့စည်းစိမ်တွေ အပိုင်စီးမယ်...ပြီးရင် ဒန်းပွင့်ကို အသက်နုတ်မယ်...ဒါပဲပေါ့...ဘာရှိလိမ့်လဲ"

www.burmeseclassic.com

www.burmeseclassic.com

မနောနှင့် စွပ်ပေးထားသည့် ခမည်းကြီး...။ ဆန်းလှချည်းလား။ မနောနဲ့ စွပ်ပေးထားတာဆိုမှတော့ ဘယ်ဟာလဲ ပြစမ်းလို့ မေးဖို့အခက်သား။ ဟိတ်တွေများလှသော ခေါ်ခင်မေသို့ အိုင်တင်တွေကို ခင်စောမူ မကြိုက်သော်လည်း အသာငြိမ်နေလိုက်ရသည်။ သည်မိန်းမကြီး ရိုးသားတဲ့ တောသူတောင်းသားတွေကို သည်လိုလုပ်စားနေခဲ့တာ ကြာပြီထင်ပါ၏။ ခင်စောမူ အူတွေယားလာသဖြင့် စကားဝိုင်းက အသာထကာ အိမ်အောက်ထပ်ကို ဆင်းပြီး စာရင်းစစ်ရမည့်နေရာကို ကြည့်သည်။ သစ်ပုံကြီးဘေးမှာ စလွန်ရွက်တွေ မိုးထားသော ဝါးမထွာပ်လို နေရာကလေးရှိသည်။ တဲထဲမှာ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး ချထားသည်။ အေးစု လုပ်ပေးထားတာ ထင်ပါရဲ့။

ခင်စောမူက အေးစုကို လှမ်းခေါ်လိုက်ပြီး သန့်ရှင်းရေး အလုပ်ခိုင်းလိုက်သည်။ ပြီးတော့ အိမ်ပေါ်က အထုပ်ကြီး မခဲ့ပါဦး ပြောရသည်။ စားပွဲထိုးစားပွဲဟောင်း။ ညစ်ပတ်ပေရေနေသဖြင့် ကြေးတွေ ညှော်တွေကို တော်တော်ပွတ်ယူရပါ၏။ အေးစုကပဲ အိတ်ကြီးထဲက လယ်ကျစာအုပ်တွေ ထုတ်ပြီး ဘာထပ်လိုက် စီပေးရသည်။ အိမ်ပေါ်မှာတော့ ခေါ်ခင်မေသိနှင့် ဒန်းပွင့်တို့ နှစ်ယောက်သာ ရှိနေသည်။ အေးစုက လေသံဖြင့် ညည်းသည်။

"တစ်မနက်လုံး ကျွန်မတို့ကို ကြိမ်းမောင်းနေတာ အစ်မရေ...အစ်မရောက်လာလို့ တော်သေးတယ်"

"ဘာတွေများ ကြိမ်းမောင်းနေတာလဲ အေးစုရဲ့..."

"အစုံပါပဲ...ကျွန်မလည်း ရွာပြန်ချင်ပြီ...ဒန်းပွင့်ကို အချိန်ဆွဲထားတာ အကြောင်းတော့ ရှိမှာပဲ...ကျွန်မလည်း မသိဘူး...ကျွန်မထင်တာတော့..."

"ဘာဖြစ်မလဲ...ပုညကိစ္စလား..."

"ဟုတ်တယ်...ပုညတို့က ပြစားထားတာလိုလို လုပ်နေတာကြာပြီ...ကျွန်မ မသိချင်ယောင်ဆောင်နေလို့ရယ်...အမှန်က ဒန်းပွင့်ကို သက်သက်ခေါ်ထားတာ ပုညနဲ့ ကွဲအောင်ပေါ့"

"အစ်မလည်း ထင်တယ်...၊ နေဦး...အစ်မ မပြန်ခင် သည်ကိစ္စ အမှန်အတိုင်း ဖြစ်စေရမယ်"

"အစ်မက ဘယ်တော့ပြန်မှာလဲ"

"နှစ်ရက် သုံးရက်တော့ နေရဦးမယ်ထင်တယ်"

အေးစုမျက်နှာကလေး တည်သွားသည်။ ချက်ချင်း အိမ်ပေါ်ပြန်တက်သွားခဲ့ပါ၏။ ခင်စောမူက လယ်ကျာတွေကို အုပ်စုခွဲလိုက်သည်။ ဆီစာရင်း၊ ဆေးစာရင်း၊ ဝန်ထမ်းလစာ စာရင်း၊ ဝင်ငွေ၊ ထွက်ငွေစာရင်း စသည်ဖြင့် ခွဲခြားခြင်း ဖြစ်၏။ စာရင်းသဘောအရ မှန်မှန်ကန်ကန် ရေးသွင်းထားသော်လည်း အစ်မကျတာတွေတော့ ရှိသည်။ ဒါကလည်း လုပ်ငန်းသဘာဝတစ်မျိုးဆိုတာ ခင်စောမူ အတွေ့အကြုံအရ သိပါသည်။ ရောက်နေတာ သုံးလေးရက်ရှိပြီသော်လည်း ကနေ့မှပဲ စာရင်းတွေကို ကိုင်ရတော့သည်။ ကနေ့တော့ တစ်တမ်း စာရင်းတွေ စစ်လိုက်မည်ဟု တွေးထားသည်။ တချို့စာရင်းတွေက ပြန်ရမှာတွေ ရှိသည်။ စာရင်းသဘောအရ အဝင်အထွက် မှန်သော်လည်း ငွေကြေးစဉ်မှားသွင်းထားတာတွေ ရှိသည်။ ဒါတွေ ပြန်ဖြောင့်ရဦးမည်။ ပြေစာတချို့ကလည်း သပ်သပ်စစ်ရမည်။ ခင်စောမူ ခေါင်းမော့စတမ်း လုပ်နေသည့်အခါ ရထားလမ်းနှင့် နီးသည်။ စောစောက ရထားတစ်စီး ဖြတ်သွားတာကို သတိထားမိရာက ရုံပိုင် ကိုကြိမ်ပိုက်ကိုပင် သတိရလိုက်မိသေးသည်။ ခေါင်း တစ်ချက်ထိုးသည်အထိ ခင်စောမူ မထသေး။ မနက်က အဆာပြေစားကိုပဲ သုံးခါပြန် စားခဲ့တာဆိုတော့ မဆာသလို ရှိနေခဲ့သည်။ မင်္ဂေးကိုပင် နေ့စာကျမှ ပို့တော့လို့ မှာခဲ့သည်။

"နေ့လယ်စာ မစားသေးဘူးလား ငါညီမရဲ့..."

"ကျွန်မ မနက်က ဘန်ဂလိုမှာ စားခဲ့တာ များသွားလို့...မဆာလှပါဘူး အမေသီ"

"သည်နေရာက ကျွန်မယောကျ်ားထိုင်တဲ့နေရာလေ...လွမ်းတောင် လွမ်းမိသေးတယ်...သူ ရထားနဲ့ ပြန်လာရင်လည်း ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com

သည်နေရာက မျော်ရတာ...သူပါလာတဲ့ အထုပ်တွေကို အိမ်တည့်တည့်ရောက်ရင် ရထားပေါ်က ပစ်ချပေးတတ်တယ်လေ...ဒါကို ကျွန်မက သွားကောက်ရတယ်"

"ဘာတွေ ချတာလဲ..."

"များသောအားဖြင့်ကတော့ စာအုပ်တွေပေါ့ မခင်စောမူ...ကိုဘကောင်းက စာသိပ်ဖတ်တယ်...တစ်ခါတလေတော့လည်း မကျိုးမကျေနိုင်တဲ့ ပစ္စည်းပစ္စယတွေပေါ့...ခေါက်ဆွဲထုပ်တောင် ပါသေးတယ်"

"ဩော်..."

ဒေါ်ခင်မေသီက နောက်ဖေးရေကန်ဘက်ထွက်ရင်း ခင်စောမူအနား ရောက် လာကာ ပြောနေခြင်းဖြစ်သည်။ တအောင့်နေတော့ နှုတ်ပင်မဆက်ဘဲ အိမ်ရှေ့ဘက်ကို ကောက်ခဲ့ထွက်သွားခဲ့သည်။ ဧဏနေတော့ အေးစုနှင့် ဒန်းပွင့် ရောက်လာကြသည်။ ဒေါ်ခင်မေသီ အပြင်ထွက်သွားပြီဆို၏။ သွားပြီဆိုသော်လည်း စိတ်မချနိုင်သေးတော့ သေချာရဲ့လား မေးရသည်။ အေးစုကတော့ သေချာသည် ဆို၏။ သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ စကားတွေ တရွတ်ပြောချင်နေပုံရသည်။ သို့သော် သည်ကနေ့တော့ ခင်စောမူ စာရင်းတွေနောက် ကိုသာ တစ်ကောက်ကောက် လိုက်ရတော့သည်။ ဒန်းပွင့်အမှုကို မစစ်နိုင် ခင်စောမူ အလုပ်မအားမှန်းသိတော့ အေးစုနှင့် ဒန်းပွင့် ဧဏလောက်သာ နေပြီး အိမ်ပေါ်ပြန်တက်သွားကြသည်။

ညနေ သုံးနာရီလောက်မှာတော့ တော်တော်ကလေး အဆင်ပြေသွားပြီ စာရင်းတွေ အတော်များများ ကျန်သေးသော်လည်း နှစ်ရက်လောက် စစ်လိုက်လျှင် ပြီးနိုင်သည်။ သို့သော် စာရင်းထားပုံထားနည်းနှင့် စာရင်းချုပ် ဆွဲနည်းတွေ သင်ဖို့ရှိသည်။ လအလိုက်၊ နှစ်အလိုက် ခွဲရန်နှင့် ခေါင်းစဉ်အလိုက် ဖိုင်ဖွင့်ရမှာ ပြောရဦးမည်။ စာရင်းသဘောအရ စစ်ပြီးသွားလျှင်တော့ ကုန်လက်ကျန် စစ်ဆေး

ရန်နှင့် လိုအပ်ချက် တင်ပြထားတာတွေကို စစ်ဆေးရန် သစ်စခန်းကို တစ်ရက် လောက် လိုက်သွားဖို့တော့ လိုဦးမည်ထင်သည်။ သုံးနာရီက တွေ့ဆုံတော့ မှောင်သေးသော်လည်း ညို့ရီရီ ရှိလာခဲ့သည်။ ခင်စောမူကတော့ အေးစုကို လှမ်းခေါ်ကာ စာအုပ်တွေ ပြန်ထုတ်ခိုင်းရပါ၏။

"သည်စာအုပ်တွေက အရေးကြီးတယ်နော် အေးစု...အားလုံး ပါအောင် ပြန်ထည့်ပေး...အစ်မအခန်းထဲ ဧဏတက်လှဲလိုက်ဦးမယ်...ပြီးရင် အပေါ်ယူခဲ့..."

"ဟုတ်ကဲ့..."

အေးစုက ခင်စောမူ ခိုင်းသမျှ လုပ်ပေးရှာပါ၏။ ရိုးသားဖြူစင်ကြသော တောသူကလေးတွေ။ သူတို့ဘဝကလေးတွေက ချစ်စရာလည်း ကောင်းသလို၊ သနားစရာလည်း ကောင်းနေပြန်သည်။ ခင်စောမူ ပြန်လျှင် အေးစုနှင့် ဒန်းပွင့်ကို အမှတ်တရ တစ်ခုခုဝယ်ပေးဖို့ စိတ်ကူးထားသည်။

ခင်စောမူ အိမ်ပေါ်တက်လာခဲ့သည်။ ဒန်းပွင့်က အိပ်နေပုံရသည်။ အသံ မကြားရ။ ခင်စောမူက အခန်းထဲဝင်ကာ အိပ်ရာပေါ် လှဲလိုက်သည်။ မျက်လုံးတွေပါ ညောင်းသွားသဖြင့် မျက်ခွံတွေကို ပိတ်ကာ မှိတ်ထားခဲ့သည်။ ညက ဘန်ဂလိုမှာ ကြားခဲ့ရသည့် ဇာတ်လမ်းကို ပြန်တွေးမိနေပြန်သည်။ မနက် အောစော လျှောက်သွားခဲ့ရတာကိုလည်း သတိရပါ၏။ လောကမှာ ဆန်းကြယ် သောအဖြစ်တွေ ရှိတာကိုတော့ ခင်စောမူ ယုံသည်။ တချို့ကိစ္စတွေက နားပင် လည်နိုင်။ ခင်စောမူ တွေးနေစဉ်မှာပင် အိမ်ကြီး လှုပ်သွားတာ သတိထား မိသည်။ အေးစု တက်လာပုံရသည်။ အေးစုအသံ ကြားရသည်။

"အစ်မ...အစ်မအခန်းထဲ ထားရမှာလား..."

"ဆက်တီစားပွဲပေါ် ထားလိုက်ပါ အေးစုရယ်...ညကျ မီးရောင်နဲ့ မြင်ရရင် တစ်ညလုံး စာရင်းတွေ ကြည့်လိုက်ချင်သေးတယ်"

ခင်စောမူက ပြောရင်းဖြင့် တစ်စုံတစ်ရာကို သတိရသွားသဖြင့် အေးစုကို လှမ်းခေါ်လိုက်သည်။ အေးစုက အခန်းဝမှာ လာရပ်သည်။ ဒန်းပွင့်ကော

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ အိပ်နေသည်ဟု ဖြေသည်။ ခင်စောမူက အေးစုကို အပေါက်ဝ လှမ်းမြင်ရသည့်နေရာမှာနေရန် ပြောလိုက်သည်။ အေးစုကလည်း သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြကာ ထွက်သွား၏။ ခင်စောမူကိုယ်တိုင် စစ်ဆင်ရေး ဝင်တော့မလို ထေါက်ခနဲ ထကာ ခုတင်အောက်ကို ငုံ့ကြည့်လိုက်သည်။ ခုတင်အောက်မှာ ဗြုတ်စဗျင်းတောင်းတွေ ဖုန်တသောသောနှင့် ရှိနေကြ၏။ ဒေါ်ခင်မေသက သူ့ပစ္စည်းတွေ မရွေ့ပါနှင့်ဟု မှာဖူးသည်။ နောက်တစ်ချက်က သူတစ်ယောက်ကိုယ်ရေးကိုယ်တာကို သူတစ်ပါးမသိအောင် စူးစမ်းတာ ကောင်းပါ့မလားလို့ တွေးမိတော့ ခုတင်ပေါ် ပြန်ထိုင်မိပြန်၏။ မျက်လုံးနှင့်တည့်တည့် ဗီရိုပေါ်မှာ ဖိုင်တွဲတစ်ထပ်ရှိသည်။ ဖိုင်တွေကို ကြိုးဖြင့် လေးဘက်လေးတန် စည်းထားပြီး ဖုန်တွေ ထုတက်နေတာကို မြင်ရသည်။ သည်ဖိုင်က ဘာဖိုင်ပါလိမ့်။ စာရေးဆိုတာတော့ သေချာသည်။ ခင်စောမူက ကြမ်းပေါ် ပြန်ထိုင်ကာ ခုတင်အောက်ကို ငုံ့ကြည့်လိုက်မိပြန်သည်။ စက္ကူကျပ်ဘူးကြီးနှစ်ဘူးက အတွင်းဘက်မှာ ကျန်သဖြင့် ရှေ့ပိုင်းက ပုလင်းခွံတွေ၊ ဘူးခွံတွေကို အသာရွေ့ ကြည့်သည်။ မဖြစ်နိုင်ပါ။ တစ်ခုခုကို ကိုင်လိုက် ရွေ့လိုက်သည်နှင့် အရာယွင်းနိုင်တာကို ခင်စော သတိထားလိုက်မိပြီ။

"အေးစုရေ...လာပြီလား..."

"မလာသေးဘူးအစ်မ...အစ်မ ဘာရှာတာလဲ..."

"ဘာရယ်မဟုတ်ပါဘူး...သည်ခုတင်ကြီးအောက် ဘာတွေများသည်လောက်တောင် ထိုးထည့်ထားရသလဲ သိချင်လို့ပါ...ခက်တာက သူ့ပစ္စည်းတွေက ရွေ့ရင် သိမှာ..."

"အစ်မ ခုတင်ဘက်က ရွေ့လို့တော့ မရဘူးလေ...နံရံဘက်ကနေ ခုတင်အောက် ဝင်နိုင်ရင် ရတာပဲ...အစ်မကတော့ ဝင်လို့ရမှာ မဟုတ်ဘူး... ကျွန်မ ဝင်ကြည့်မယ်"

"မလုပ်နဲ့တော့ အေးစုရယ်...မလုပ်ကောင်းပါဘူး...အစ်မတော့ လွယ်လင့်တကူ ဘာများ တွေ့ရမလဲလို့ပါ...အေးစု အပြင်ကိုပဲ သွားကြည့်နေ...အစ်မ သည်အတိုင်းပဲ လျှောက်ကြည့်တော့မယ်"

အေးစု ပြန်ထွက်သွားသည်။ လေးနာရီကျော်ပြီ။ အိမ်ထဲမှာ မောင်ချွင်းမီးက ဖွင့်ရတာလား၊ သူ့ဟာသူ လာတာလား ခင်စောမူ မသိ။ ရုသလောက် အလင်းရောင်နှင့် ဓာတ်ပုံတွေ တစ်ပုံချင်း လိုက်ကြည့်သည်။ ဓာတ်ပုံတွေက ဘယ်ဟာမှ ကြည့်ကြည့်လင်လင်မရှိ။ ဓာတ်ပုံတစ်ပုံကတော့ အလယ်လောက်မှာ ပိုးတောက်ထားသဖြင့် မန်ကျည်းစေ့တစ်စေ့စာလောက် ပေါက်နေသည်။ ဓာတ်ပုံအတွင်းက အမာခံ ထည့်ထားသော ကတ်ပြားကိုပင် မြင်နေရသည်။ ခင်စောမူက လက်ကိုင်အိတ်ထဲရှိ သူ့ဓာတ်မီးကို ယူကာ အပေါက ဓာတ်ပုံကို ထိုးကြည့်လိုက်သည်။

အလှူပွဲတစ်ခုတွင် ဒေါ်ခင်မေသီနှင့် အမျိုးသမီးတွေ စုပေါင်းရိုက်ထားသည့်ပုံ ဖြစ်သည်။ စုပေါင်းရိုက်ထားသည် ဆိုသော်လည်း စီစီရီရီ တန်းစီရိုက်ထားသော အမျိုး မဟုတ်။ သဘာဝ လူပ်ရှားမှုအတိုင်း ရိုက်ထားသောပုံ ဖြစ်သည်။ ဒေါ်ခင်မေသီပင် တော်တော်ငယ်ပါသေးသည်။ အခုလို ဆံပင်ဘုတ်သိုက်ချထားတာ မဟုတ်ပဲ နဖူးပြောင်ရှင်းရှင်းကလေးနှင့် ဖြစ်သည်။ မျက်နှာက မခိုတရို။ ဓာတ်ပုံရိုက်သည့် ကင်မရာကို မချိုမချဉ် လှမ်းကြည့်နေပုံမျိုးဖြစ်၏။ ဝတ်ပုံစားပုံကတော့ ဓာတ်ပုံထဲမှာပါသော အခြားအမျိုးသမီးများလို မြန်မာဆန်ဆန် ဝတ်ထားခြင်းမျိုး မဟုတ်။ လည်ဟိုက်၊ နောက်ဖစ်တပ်၊ ခေါင်းလောင်းပွအင်္ကျီ ဝတ်ရှည်နှင့်။ ထိုခေတ် ထိုအခါက အတော်ခေတ်ဆန်သော ဝတ်စားဆင်ယင်ပုံမျိုး ဖြစ်လိမ့်မည်။

ဓာတ်ပုံအလယ်လောက်က ပိုးတောက်ထားသည့်နေရာမှာ အောက်ခံ ကတ်ပြား ပေါ်နေသည်။ ကတ်ပြားပေါ်မှာ ရှေးက ပုံနှိပ်စာလုံးပြနှင့် ရိုက်ထားသော စာလုံးကလေးတွေကို မြင်နေရသည်။ ခပ်ဝါးဝါး။ ဖတ်ကြည့်တော့

www.burmeseclassic.com

'.....ဖေ (ခေါ်) ဦးကာ.....' ဆိုတာလောက်ပဲ ပါသည်။ 'ဖေ' ရှေ့မှာ စာရှိရမည်။ 'ကာ' နောက်မှာလည်း စာရှိရမည်။

ဦးကာ.....။ ဦးကာ ဆိုတာ ဦးကာလူး ဆိုတာကော မဖြစ်နိုင်ဘူးလား။ ခင်စောမူက ဓာတ်ပုံကို ဖြုတ်လိုက်ဖို့ လက်ရှဉ်လိုက်သည်။

"အစ်မ...လာနေပြီ...လာနေပြီ..."

အေးစုဇ၏ ခပ်အုပ်အုပ်အသံကြောင့် ခင်စောမူ ခုတင်ပေါ် ပစ်ထွေ လိုက်ရလေသည်။

(၉)

မနက်စောစောထပြီး သမုန်းကျင်းဈေးဘက်ကို ခင်စောမူ လျှောက်လာခဲ့သည်။ တာလမ်းက မြင့်နေကာ အိမ်တွေက လမ်းတစ်ဖက်တစ်ချက်မှာ စီကာရီကာ ဆောက်ထားကြသည်။ အိမ်တိုင်းလိုလိုက ဈေးဆိုင်များဖြစ်၍ လိုချင်ရာ ရနိုင်ပါ၏။ သို့သော် ဆိုင်တွေက ခြောက်ခန်းလှသည်။ ဘယ်ပစ္စည်းမှ ကောင်းကောင်းကန်းကန်း လှလှပပ သစ်သစ်လွင်လွင်မရှိ။ ဖုန်အလူးလူး၊ သဲအလူးလူး။ လိုချင်လို့လည်း များများမရနိုင်။ ဈေးဆိုင်တွေပါလို့ ပြောနိုင်ရုံသာ ရှိသည်။ ဝတ်ကျေဝတ်ကုန် ဈေးဆိုင်တွေ ရှိနေတာကိုပင် ကျေးဇူးတင်ရသေးသည်။ ကောက်ကာငင်ကာတော့ ဝယ်နိုင်ကြသား။

ဈေးခင်းနေရာက မကျယ်လှပါ။ အရွာရွာက လာရောင်းကြသော ဟင်းသီးဟင်းရွက်သည်များကြောင့်သာ မနက်ခင်း စည်နေခြင်းဖြစ်သည်။ ဈေးခင်းနေရာမှာတော့ ဆိုင်တွေက မဆိုးလှပါ။ လက်ဖက်ရည်ဆိုင်ရှိသည်။ ခေါက်ဆွဲဆိုင်ရှိသည်။ လက်သုပ်စုံဆိုင်ရှိသည်။ မုန့်ပေါင်း၊ မုန့်ပျားသလက်၊ မုန့်ရေး၊ ဓဉ့်ဝက်သခေါက်၊ မုန့်လိပ်ပြာ၊ မုန့်ပီးတီ စသော တောသရေစာ မုန့်ဆွေးတွေ့ ကပ်တန်းထိုး ရောင်းနေကြသည်။ ခင်စောမူက စားတော်ပဲပြုတ်တွေကို သဘော

www.burmeseclassic.com

www.burmeseclassic.com

ကျသည်။ အလုံးဖူးဖူး နူးနူးနပ်နပ်ကြီးတွေ။ စားတော်ပဲ တစ်ဆယ်သား ဝယ်ကာ မုန့်ပေါင်းဆိုင်မှာ မုန့်ပေါင်းလေးခု ဝယ်လိုက်သည်။ မုန့်ပေါင်းကလည်း အကြီးကြီးတွေပင်။ ပြီးမှ ဆီဆမ်းခိုင်းကာ အနားက တောလက်ဖက်ရည်ဆိုင်ကလေးဘက် လျှောက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်က သွပ်ပြားခေါက်တံခါးတွေ တပ်ထားသဖြင့် သံချေးရောင် ပေါက်နေလေ၏။ ရောက်လာသည့် လက်ဖက်ရည်ကလည်း သံချေးရောင်။ ခင်စောမူ အနားက စားပွဲမှာ စောင်တွေကိုယ်စီ ခြုံထားကြသော လှည်းသမား နှစ်ယောက်၊ သုံးယောက်နှင့် သမုန်းကျင်းမြို့ခံဟု ထင်ရသော လူလေး၊ ငါးယောက် ရှိနေကြသည်။ လက်ဖက်ရည်ဆိုင် အလယ်တိုင်မှာ ချိတ်ထားသည့် ရှစ်မြောင့်နာရီက ဟောင်းမြင်းလှပြီ။ သို့သော် ချိန်သီးတုံးက မှန်မှန်ရွေ့လျားနေပါ၏။ ၆ နာရီ ၁၅ မိနစ်။ ခင်စောမူက လက်က နာရီနှင့် တိုက်ကြည့်တော့ နှစ်မိနစ် မြန်နေသည်။ မုန့်ပေါင်းပူပူ ဆီဆမ်းနှင့် ပဲပြုတ်က စားလို့အကောင်းသား။ လက်ဖက်ရည်ကတော့ ချိုတိုတို။

"အစ်မကြီးကို...ကျုပ် တွေ့ဖူးသလားလို့..."

စောင်ကျားကြီး ခြုံထားသော လှည်းသမားက ခင်စောမူကို မဝံ့မရဲ နှုတ်ဆက်ခြင်းဖြစ်၏။ ခင်စောမူကလည်း မြင်ဖူးသလားလို့ ဆိုသူကို ကြည့်ရင်း မှတ်မိသလိုလို ဖြစ်နေသည်။ ဘယ်မှာ မြင်ဖူးတာပါလိမ့်။ လှည်းသမားမျက်နှာပေါက အမည်းမှတ်ကြီးကို မှတ်မိခြင်းဖြစ်၏။ ခင်စောမူက ကပျာကယာ ပြုံးပြုရင်း အသိအမှတ်ပြုသော်လည်း ရေရေရာရာတော့ မရှိသေး။ အမှန်က တွေ့ဖူးသလားလို့ ဆိုတာထက် တွေ့ဖူးတယ်လို့ ပြောလိုခြင်းသာ ဖြစ်သည်။

"ဟုတ်ပါရဲ့...ကျွန်မလည်း တွေ့ဖူးတယ် အောက်မေ့တယ်... ဘယ်မှာပါလိမ့်"

"ရော်ဗျာ...ကုလားဘိုတဲက လျှောက်လာတော့ အနောက်ဆီမယ် အကြော်ဆိုင်ရှိတာကော...ခင်ဗျားတောင် အကြော်တစ်ရာဖိုး သုံးခု ရတာ အံ့သြနေတာကော...အဲသည်တုန်းက ကျုပ်ရှိတယ်လေ"

"သြော်...ဟုတ်ပါရဲ့...ရှင်က စောင်ကြီး ခြုံထားတာကိုးရှင့်... ဘယ်မှတ်မိပါ့မလဲ...ရှင်က သမုန်းကျင်းသား ဆိုတာဟောင် ဒုတ်ခြင်း ကုလားဘိုတဲဆိုတာက ကိုမင်းအောင်မြင့်တို့ ဘန်ဂလိုကို ပြောခြင်း ဖြစ်လိမ့်မည်။ အရပ်အခေါ်က ကုလားဘိုတဲဆိုတော့ သည်ဘိုတဲဓောတ်လမ်းကို သမုန်းကျင်းက နောက်ပြောသား ဖြစ်လိမ့်မည်။ ခင်စောမူက လှည်းဆရာ၏ မှတ်ချက်ကို ကြားချင်သဖြင့် စကားဆောက်ကြည့်လိုက်သည်။ ကုလားဘိုတဲလို့ ခေါ်နေကြတာ ကြားကြောင်း၊ ဘာကြောင့် ကုလားဘိုတဲ ခေါ်တာလဲဆိုတာ မသိရကြောင်း မေးကြည့်ခြင်းဖြစ်၏။

"ရော်...အစ်မကြီးနယ် ကုလားတွေ တစ်ခေတ်တုန်းက နေခဲ့တာ ကိုးဗျ...ကုလားမနှစ်ယောက် သေတဲ့ ဘိုတဲကြီး...သရဲခြောက်လိုက် တာလည်း သွက်သွက်ခါလို့...ကျုပ်တို့ဖြင့် ဘိုတဲနား လှည်းမရွှေ့တော့ ရဲဘူး"

"ရှင် တွေ့ဖူးလို့လား...သည်လိုပဲ ပြောကြတာပါရှင်...လောကမှာ သရဲရယ်လို့ မရှိပါဘူး"

"မရှိဘူး မပြောပါနဲ့ဗျာ...ရှိလိုက်တာမှ ဟောဒါက တောခြေက လှည်းသမားဗျ...သည်ကောင် တစ်ခါ အခြောက်ခံလိုက်ရပြီးကတည်း က ဘိုတဲနား မသီရဲတော့ဘူး...နောက်ဟ...ငဒေါင်း..."

ငဒေါင်း ဆိုသူ လှည်းသမားက စောင်ကျားခြုံလျက်က ဆေးလိပ်ကို အစိခံရောက်အောင် ဖွာနေသည်။ ဆေးကြေးနှံ့တွေက တလောင်းလောင်း။ နှာခေါင်းက ညီညာစည်စည် ဆိုသော်လည်း အရွယ်က မကြီးလှသေးပါ။ နာမည်က ငဒေါင်း။ ရွာသဘာဝ ခေါ်ကြတာဖြစ်မည်။ တောခြေက လှည်းသမားတဲ့။ လောကမှာ သရဲရှိခြင်း မရှိခြင်းထက် တောခြေက လှည်းသမားဆိုတာကို ခင်စောမူ ပိုစိတ်ဝင်စားသွားခဲ့ပါ၏။ လက်ဖက်ရည်ဆိုင်ထဲက လက်ဖက်ရည် ဖျော်သူမှစ၊ကာ တစ်ဆိုင်လုံးလိုလို ခင်စောမူကို မသိမသာ ကြည့်နေကြသဖြင့် မုန့်ပေါင်းနှင့် ပဲပြုတ်တွေကို လူးကာလိမ့်ကာ အားရပါးရ စားနေသည့် ပြဿနာ မိန်းမ။ သမုန်းကျင်းမှာ ခင်စောမူက တစ်ဘာသာ ဖြစ်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ပြောပါဦး ကိုဒေါင်းရယ်...ဘယ်လိုခြောက်တာတုံး...ပြောပြ
လွန်းလို့.ပါရှင်...ကျွန်မက မယုံဘူးရယ်..."

ခင်စောမူက တောခြေလှည်းသမားကို ရင်းနှီးမှုရအောင် စကား
သည်။ ဒေါင်းဆိုသူက သောက်လက်စ ဆေးလိပ်တိုကို စဉ့်ခွက်ထဲ ထိုး
သည်။ ခြုံစောင်ကျားကြီးကို ပခုံးဆီက လျှောချကာ ထိုင်ခုံမှာ ပြင်ထိုင်သည်
စကားပြောတော့မည်ပုံ။ ခင်စောမူက အရေးတယူရှိတာကိုလည်း ဝမ်းသာမိ
ပါ၏။ ခြုံစောင်ကို ဖယ်လိုက်တော့ ဖျင်ကြမ်းလည်ကတုံးအင်္ကျီဟောင်း ရင်ဘတ်
ဟပြဲ ပေါ်လာသည်။ လည်ပင်းမှာတော့ သတ္တုပြားကလေးကို လိပ်ထားသော
ကြိုးတစ်ချောင်း။ ချည်မန်းကွင်း ဆိုတာများလား။ နဂိုက ကြိုးဖြူ ဖြစ်နိုင်
သော်လည်း ညစ်ထေးထေးဖြစ်နေပြီ။

"တစ်ရက်...ကျုပ်က သမုန်းကျင်း မဝင်ခင် ဝေလီဝေလင်း စောသော
တာနဲ့ လှည်းကို ဘိုတဲအဝင်လမ်းထိပ်ရပ်ပြီး မိုးအလင်း စောင့်တာ
ပေါ့ဗျာ...တခြား အဖော်လှည်းလည်း မပါဘူး...ကျုပ်တစ်လှည်း
ထဲရယ်...နွားကြိုးကို လှည်းရံတိုင်မှာ ကျကျနနချည်ပြီး ကျုပ်လည်း
စောင်ခြုံရင်း ကွေးကွေးကြီး လဲနေလိုက်တယ်...နွားတွေတော့
မချွတ်တော့ဘူး...နောက်လှည်းတွေလာရင်ရော လိုက်မယ် စိတ်ကူး
တာကိုးဗျ...မှေးခနဲ အိပ်ပျော်မယ်လုပ်တော့ နွားတွေက ဆောက်တည်
ရာမရဘူး...ရှူးရှူးရှားရှားနဲ့ ဇွတ်ရုန်းကြတော့တာ...ကြိုးကလည်း
တင်းတင်းချည်ထားတော့ ခေါင်းကြီးတွေ လန်ပြီး အော်နေကြတာ
...ဒါနဲ့ ကျုပ်ကလည်း ဘာများပါလိမ့်ပေါ့...ကြည့်လိုက်တော့
ကုလားမနှစ်ယောက်ရယ်...တစ်ယောက်က ကြီးကြီး...တစ်ယောက်
က ငယ်ငယ်...လှည်းရှေ့မှာ မွေးမွေးကြီးတွေနဲ့ ရပ်ကြလို့ဗျာ...သူတို့
ဝတ်တာ ဘာခေါသလဲ...အဲဒါကြီးတွေနဲ့...ကျုပ်က မကြောက်ဘူး...
သည်အချိန်မှာ ကုလားမတွေ တွေ့တော့ သရဲခိုပြီး လှည်းရံတိုင်မှာ
ချည်ထားတဲ့ကြိုးစ ဖြုတ်ပြီး နွားတွေကို နကန်နဲ့ ရိုက်လိုက်တော့
လှည်းက ဝုန်းခနဲ ဆောင့်ထွက်ကရောဗျို့...ကျုပ်က လှည်းနဲ့

တိုက်ချင်လို့ လုပ်တာ...တိုက်ကရောဟာ-ဆိုပြီး ရိုက်ထွက်တာမှာ
ဖြစ်ချင်တော့...”

ခင်စောမူက တောခြေလှည်းဆရာ၏ စကားတွေကို မလွတ်တမ်း
နားထောင်နေခဲ့သည်။ ကြွားဝါနေတာလား၊ ပုံကြီးချဲ့တာလား၊ လှည်းသမားချင်း
ယှဉ်ပြိုင်ရှိကြောင်း စကားလှွှင့်တာလား အကဲခတ်နေခြင်းဖြစ်သည်။ သရဲကိစ္စက
စကားအဖြစ်သာ မေးလိုက်ရခြင်းဖြစ်၍ တကယ်တန်း မေးချင်နေတာက
ဆောခြေရွာက ဒန်းပွင့်တို့အကြောင်း ဖြစ်ပါ၏။ တစ်ဖက်ကလည်း သရဲ
အကြောင်း ပြောနေတာကို အလိုက်သင့် ထောက်ပေးရသည်။ အံ့သြဟန်
ဆောင်ရသည်။ လေးလေးနက်နက်ရှိကြောင်း ပြရသည်။

“အဲဒါနဲ့ ကျုပ်က နွားတွေ ဇွတ်ရိုက်ပြီး လှည်းနဲ့ တိုက်ရင်ပဲ ကုလား
တွေက လှည်းထိပ်က မဖယ်ကြဘူးဗျို့...လှည်းထမ်းပိုးတုံးကို
ရှေ့ကနေ ဆီးတွန်းကြတာများ ထမ်းပိုးတုံးတောင် ကျွတ်ကျွတ်
ကျွတ်ကျွတ်မြည်သဗျာ...နွားတွေကလည်း ရုန်း...ကုလားမတွေ
ကလည်း မဖယ်ဆိုတော့ လှည်းဆိုတာ မြောက်တက်လိုက် ဝုန်းခနဲ
ပြန်ကျလိုက်...နွားတွေက ဇွတ်ရုန်းကြတော့ ထမ်းပိုးကျည်းတွေ
ပြုတ်ထွက်ကုန်ကရော...နွားနှစ်ကောင်လည်း ထမ်းပိုးကျည်းက
လွတ်ထွက်ကုန်ကရော...လှည်းကလည်း ကိုင်ဆောင့်လိုက်သလို
ဝုန်းခနဲ ကျသွားတာများ ပေါင်လုံးလောက် ထမ်းပိုးတုံးကို ပို့င်းပိုင်း
ကျိုးကရော...”

“ကြောက်စရာကောင်းလိုက်တာရှင်...အံ့သြပါရဲ့...ကျွန်မ ဆိုရင်
တော့ လိပ်ပြာတောင် စင်သွားမှာ သေချာတယ်...ကိုဒေါင်းက
တောခြေရွာသားလား...”

လှည်းသမား ဒေါင်းက သရဲအကြောင်း ဆက်ချင်သေးပုံရသော်
လည်း ခင်စောမူက စကားဖြတ်လိုက်ရသည်။ အပိုတွေ ပါလာတော့မှာ သေချာ
သည်။ ခင်စောမူက တောခြေရွာက အကြောင်းတွေ သိချင်သဖြင့် စကား
ရှည်သည်။ ဒန်းပွင့်၊ ပုည၊ ဒေါ်ခွေးမြဲ၊ ဒေါ်ခွေးလှ၊ ဒေါ်ခွေးပ စသည့် နာမည်တွေကို

www.burmeseclassic.com

www.burmeseclassic.com

မြောင်မေးရင် ကောင်းမလား တွက်ရသေးသည်။ ဒေါ်ခင်မေသီကို သိသလားက စလျှင်ကော။ လှည်းဆရာက တောခြေ (ခေါ်) ပတတ်စာကုန်းသားဟု ဖြေပြီး သည်နောက်မှာပင် ခင်စောမူ စကားမစနိုင်သေး။ မနေ့က ရောက်ခဲ့သလိုလို ကပဲ စရလိမ့်မည်။ ပြီးတော့မှ တောခြေက လူတွေအကြောင်း မေးရမည်။

"တောခြေရွာက လှတယ်နော်...ကျွန်မ ရောက်ခဲ့တယ် ..သစ်တော ကြီးအခြေက ရွာပဲ...ခရီးတော့ အကြမ်းသား..."

"အစ်မ ရောက်ခဲ့တယ်ပေါ့...တောခြေက ရွာဆင်းရဲပါဗျာ...ချမ်းသာ တဲ့လူ တစ်ဦး နှစ်ဦးတော့ ရှိပါရဲ့...ဘယ်သူ့အိမ် သွားတာတုံး..."

"ဒေါ်ဒွေးမြတို့၊ ဒေါ်ဒွေးပတို့ဆီ သွားတာပါ...တစ်အောင့်ပါရှင်... သူတို့ တူမကလေး ဒန်းပွင့်ဆိုတာတော့ မတွေ့ခဲ့ရဘူး"

"ဒန်းပွင့်က သမုန်းကျင်းမှာပဲ ရှိထင်ပါရဲ့...နေမကောင်းလို့ သမုန်းကျင်းက ဆရာမကြီးဆီ ပို့ထားတာ ကြာလှပေါ့ဟာ...အစ်မ က ဧည့်သည်လား..."

"ဧည့်သည်ပါရှင်...ရှင် သရဲခြောက်တယ်ဆိုတဲ့ ဘိုတဲမှာ တည်း တာလေ"

ခင်စောမူက ဒေါ်ခင်မေသီအိမ်မှာ တည်းသည်ဟု မပြောချင်သဖြင့် လွဲပြောလိုက်ခြင်းဖြစ်သည်။ ဒေါ်ခင်မေသီအိမ်မှာ တည်းသည်ဆိုလျှင် ဒန်းပွင့် နှင့် မတွေ့ဖူးတာ ယုတ္တိမတန်နိုင်။ လှည်းဆရာကတော့ ဘိုတဲမှာ တည်းသည် ဆိုကတည်းက မျက်လုံးပြူး ကြည့်သည်။ အာဂမိန်းမဟုတ်လား ဆိုသည့်ပုံ ခင်စောမူက နာရီကို ကြည့်သည်။ မနက်ခင်း ခုနစ်နာရီကျော်ပြီ။ ပြန်ရ ကောင်းတော့မည်။ စာရင်းတွေ စစ်ရဦးမည်။ ညကလည်း ညဉ့်နက်သည်အထိ စစ်ခဲ့ပါ၏။ မနက်က စောစောနိုးနေသဖြင့် ထလာခဲ့ခြင်းဖြစ်သည်။ ပြန်ကာနီးမှစ၍ စာတစ်စောင်အကြောင်း ခေါင်းထဲ ရောက်လာခဲ့သည်။ ရေစည်း၊ သဲစည်း ချပြီးပြီ၊ နေပါစေဦး၊ ပိုက်ဆံပို့မည်၊ လှည်းသမားစိတ်ချ ဆိုသည့် တစ်ခါက ဒေါ်ခင်မေသီထံမှာ တွေ့ခဲ့သည့် စာကလေးကို သတိရမိ၍ ဖြစ်သည်။

"ရှင်တို့ တောခြေဘက်ကတော့ မဟုတ်ဘူး...မိုးနံ့ဘက်ထဲ လှည်း ထောင် မောင်ပုညကိုတော့ သိမှာပေါ့...မောင်ပုညက ကျွန်တော့် မိုးနံ့ ရောက်တော့ လှည်းလိုက်ပို့ဖူးတယ်...ကောင်လေးက သဘောကောင်း လေးပါ...တွေ့ရင် ပြောလိုက်ပါ ကိုဒေါင်းရယ်...မင်းလိုက်ပို့ဖူးတဲ့ အစ်မက မေးလိုက်ပါတယ်လို့..."

"ပုည...မသိပဲလား...ပုညက လှည်းထောင်လှည်းသမားဗျ... အဆင်းရဲကြီးတော့ မဟုတ်ပါဘူး...မအေအိုကြီးနဲ့နေတာ...အစ်မ စောစောကပြောတဲ့ တောခြေက ဒန်းပွင့်ဆိုတာ ပုညရည်းစားပဲ...ပုည မအေက ပညာသည်လို့ ပြောကြတာပဲ...ဒန်းပွင့်က ချမ်းသာတော့ ပုညက ဆေးနဲ့ လုပ်ယူတာပေါ့ဗျာ"

"ဆေးနဲ့ လုပ်ယူလို့ ရလို့လား ကိုဒေါင်းရယ်...မဟုတ်တာ..."

"မသိပေါင်ဗျာ...ပြောကြတာပဲ...အခု သမုန်းကျင်းက ဆရာမကြီး နဲ့ ဆေးပြယ်အောင် ကုနေတာပဲ ကြာလှပေါ့ဟာ...ကျုပ် ကနေ့ လာတာလည်း အဲသည်ကိစ္စပဲ"

သည်စကားကတော့ ခင်စောမူကို ဆတ်ခနဲပင် တုန့်သွားစေခဲ့သည်။ စိတ်ချရတဲ့ လှည်းသမားဆိုတာ ကိုဒေါင်းပဲ ဖြစ်ရလိမ့်မည်။ သူ့စကားမှာ တစ်ဝက်ပါနေခဲ့ပြီ။ ခင်စောမူက မျက်နှာပိုးသပ်ရင်းက အရေးမကြီးသလို လုပ်နေလိုက်သည်။ လှည်းသမားနှစ်ယောက် သောက်ထားသည့် လက်ဖက်ရည် ဒိုးပါ ရှင်းပေးလိုက်ပြီး ထဖို့ ပြင်ရပြီ။ လှည်းသမား ဒေါင်းက ကြမ်းပေါ် ကျသွားသော သူ့ခြုံစောင်ကြီးကို ကောက်ရင်း ခင်စောမူကို ထူးဆန်းသလို ကြည့်နေလေသည်။ သည်မိန်းမ တောခြေရော၊ မိုးနံရော ရောက်ဖူးတယ် ပြောတယ်။ ဒေါ်ဒွေးမြတို့၊ ဒေါ်ဒွေးလှတို့ကိုလည်း သိတယ်ပြောတယ်။ ဒန်းပွင့် နဲ့ ပုညကိုလည်း သိတယ်။ ဘာပါလိမ့်၊ ဘယ်သူပါလိမ့် တွေးတောနေပုံရသည်။ ခင်စောမူက သတိကြီးကြီးထားရင်း အကြော်ဆိုင်မှာ တွေ့ခဲ့သည့် အမည်း မှတ်ကြီးနှင့် လှည်းသမားကို စကားတွေ လှည့်ပြောနေခဲ့သည်။ ပြီးမှ လှည်းသမား ဒေါင်းဘက် လှည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဈေးလာရောင်းတာလား...တောခြေဘက်က ဘာကုန်တွေ ထွက်လို့လဲ"

"ထွက်တာကတော့ စပါးရော၊ ပဲမျိုးစုံရောပေါ့ဗျာ...အခုက ဆရာမကြီးဆီ ပိုက်ဆံနဲ့ဆန် လာပို့တာပါ...ကျုပ်ကို စိတ်ချလို့လေ...ကျုပ်ကလည်း မဟုတ်တာ မလုပ်ဘူး...တော်ကြာဆို ဆရာမကြီး လာလိမ့်မယ်...ငွေအပ်ပြီးရင် ပြန်မှာ...လိုက်ခဲ့ပါဦးလား ရွာကို..."

"မလိုက်တော့ပါဘူးရှင်...ကျွန်မက ပြန်တော့မှာပါ...ဒန်းပွင့်တို့ မင်္ဂလာဆောင်မှ တစ်ခေါက်လာခဲ့ရဦးမယ်"

"မလွယ်လောက်ပါဘူးဗျာ...ဒန်းပွင့်တို့ဘက်က သဘောမတူဘူးဗျ"

ခွင့်စောမူက ထဖို့ပြင်ရပြီ။ စိတ်ချရတဲ့ လှည်းသမားဆိုတာ ကိုဒေါင်းသေချာခဲ့ပြီ။ အခုလည်း ငွေလာပို့တာလို့ ဆိုနေပြီကော။ ခင်စောမူက ချွတ်ထားသံချွန် ဖိနပ်စာစဖက်ကို ခြေနှင့်စမ်းရင်း ငုံ့ကြည့်လိုက်သည်။ ကြမ်းခင်းစားပွဲခြေထောက်နားမှာ စာရွက်ကလေးတစ်ရွက်။ စောစောက ကိုဒေါင်း စောင်နှင့် လိုက်ပြီး ကျသွားသည့်စာ ဖြစ်လိမ့်မည်။ ဖိနပ်ငုံ့ကောက်သလိုနှင့် စာရွက်တို့ကလေးကို ကောက်လိုက်သည်။ ဖျတ်ခနဲ ဖွင့်ကာ ဖျတ်ခနဲ ဖတ်လိုက်သည်။

"လဲသမားနဲ့ ပက်ဆံပို့လိုက်ဘီ။ ငါးဒေါင်။

ပုံည ပြောက်ဆယ်သီ။ ဘ ဒီ ထားဘာရံ"

ခင်စောမူက စာကို ကိုဒေါင်းကို မပေးပဲ အကြော်ဆိုင်မှာတွေ့သည့် လှည်းသမားကို ကမ်းလိုက်သည်။

"ရှင်တို့စာလား...အောက်ကျနေလို့"

"ကျုပ်စာ...ကျုပ်စာ...တော်ပါသေးရဲ့ဗျာ...သည်စာကို ဆရာမကြီး ပေးတော့မှ လှည်းခရမှာ..."

လှည်းသမား ငဒေါင်းက ဖျတ်ခနဲ လှမ်းယူသည်။ ခင်စောမူကိုတော့ သက်ာမကင်းတာမျိုး မရှိ။

ခင်စောမူ ထလာတော့ ခုနစ်နာရီခွဲပြီ။ ဈေးပင် စည်လှပေါ့။ ဘာဝဲ ခြစ် အချက်အလက်အချို့တော့ ရခဲ့ပြီ။

* * *

လှည်းသမားနှင့် တွေ့ခဲ့ပြီး ပြန်ရောက်လာတော့ ခင်စောမူ ရေချိုးခြင်း၊ သနပ်ခါးကလေး ပွတ်ပြီး အိမ်အောက်ဘက် စားပွဲကို ဆင်းရပြန်၏။ ဆင်းတော့ ထမင်းလာမပို့သေး။ စောသေးလို့ ဖြစ်မည်။ အေးစုကပဲ ရောင်းစာအုပ်တွေ ချပေးသဖြင့် ကျေးဇူးတင်ရပါ၏။ မနက်ခင်း ကိုးနာရီ ဘက်က စ,ထိုင်လိုက်တာ ဆယ်နာရီခွဲတော့မှ အေးစုက ဒေါ်ခင်မေသီ ကြွသွားပြီဖြစ်ကြောင်း လာပြောခဲ့သည်။ ဒန်းပွင့်လည်း ပါလာသည်။ သည်တော့ ဒန်းပွင့်က အေးအေးဆေးဆေး ရှိနေသည်။ လှည်းသမားနှင့် ကြရန် ဒေါ်ခင်မေသီ ထွက်သွားတာ ဖြစ်နိုင်သည်။ စာထဲမှာ ပုည ပျောက်တာ သတိထားပါရန်လို့ ပါတာကို ခင်စောမူက ဒေါ်ခင်မေသီ့အရင် ညှိနှိုင်းပြီး လှည်းသမားကတော့ အာမချောင်လောက်မှုးလို့သာ တွက်ရတော့သည်။ ခင်စောမူ ကိုသည်း တမင်မပိတ်ခဲ့ခြင်းဖြစ်သည်။ ပိတ်ကာမှ ပိုဆိုးမှာစိုးသည်။ ကမ္မသကာ သဘောထားရင်း စာရင်းတွေကို ခဏချကာ အပေါ်ထပ်ကို တက်လာသည်။ ထုံးစံအတိုင်း အေးစုကို လူကြည့်ခိုင်းရသည်။

ခင်စောမူက မနေ့က ကြည့်ခဲ့သော ဓာတ်မုံကို ဖြုတ်ယူလိုက်သည်။ ဓာတ်ပုံမှာ ဖုန်တွေ ပိန်းလို့။ ခင်စောမူ ဖုန်တို့ကို မခါပဲ ဓာတ်ပုံနောက်ကို ကြည့်သည်။ သံတွေက စေ့နေအောင် တွယ်ထားသဖြင့် စိတ်ပျက်သွားခဲ့သည်။ ခင်စောမူက ဓာတ်ပုံကို ခွာကြည့်ချင်သည်။ ခွာမည်ဆိုလျှင် သံတွေ ဖြုတ်ရ လွယ်သည်နှင့် ထိုးခွာကြည့်တော့ မရ။ သစ်သားဘောင်ထဲ တော်တော် အောင် ရိုက်ထည့်ထားသဖြင့် ပလိုင်ယာရှိမှ ဖြစ်မည်။ အေးစုကို ပလိုင်ယာ ဘယ်သားမေးတော့ မတွေ့ဖူးဘူးဟု ဆို၏။ သွားပါလေရော။ ဘယ်လိုများ ပြီး အေးစုကို ပြကြည့်တော့ အေးစုက မီးဖိုထဲ ပြေးကာ ဓားဦးချွန်ကလေး ယူခဲ့သည်။ သံကို ဓာတ်ပုံနှင့်ကွာအောင် ဆွဲခွာသည်။ သံမကျွတ်သေးသည်း

www.burmeseclassic.com

www.burmeseclassic.com

သံတွေ ဟသွားသဖြင့် တစ်ခုခုနှင့်နှုတ်လျှင် ဖြစ်နိုင်သည်။ အေးစုက ဒေါ်ခင်ဆေး ဆံပင်ဖြူနုတ်သော ဇာဂနာတစ်ချောင်းရှိသည်ဆိုကာ ထွက်သွားပြန်သည် ပြန်လာတော့ ဇာဂနာ ပါလာသည်။ ဟနေသော သံများ၏ နဖားပွင့်ကို ဇာဂ နှင့်ညှပ်ကာ ဆွဲမ,ကြည့်တော့ သံတစ်ချောင်း ကျွတ်ထွက်လာသည်။

"အေးစုက ဉာဏ်ရှိလိုက်တာ...သည်သံတွေ အကုန်နုတ်ရင် ကြာမှာပဲ...ဘယ်လိုလုပ်ကြမလဲ"

"သံတွေက သစ်သားဘောင်ထဲ တအားဝင်နေတာ အစ်မရဲ့...သည် နုတ်ရမှာပဲ"

အေးစုပင် ချွေးဒီးဒီးကျလေ၏။ အေးစု နုတ်နေစိုက် ဒန်းပွင့်က လူကြီး ရပါ၏။ သံတွေအားလုံး ပြုတ်သွားခဲ့ပြီ။ အေးစုက အပြင်ထွက်ပြီး လမ်း ဘက်ကို လူရိပ်လူခြေ ကြည့်သည်။ ခင်စောမူက ဇာဂနာနှင့်ပင် ဓာတ်ပုံနောက် စက္ကူချုပ်မာဇာကို ကလော်ထုတ်ယူလိုက်သည်။ ဓာတ်ပုံနှင့် စက္ကူချုပ်တို့ အသား ကလေး ဇလွှာထွက်လာခဲ့ပါ၏။ ဓာတ်ပုံကို သေသေချာချာကြည့်သည်။ ဓာတ် ထဲမှာ အားလုံး လူဆယ်ယောက်လောက် ပါသည်။ မိန်းမ ခုနစ်ယောက် ယောကျ်ား သုံးယောက်။ အလှူမင်္ဂလာဧည့်ခံပွဲတစ်ခုမှာ ရိုက်ယူခြင်းဖြစ် ဓာတ်ပုံနောက်တွင် ရေးထားသော ရက်စွဲအရ လွန်ခဲ့သည့် အနှစ်သုံးဆယ် ကျော်ကျော်က ရိုက်ခဲ့သည့်ပုံ ဖြစ်သည်။ လက်ရှိ ဒေါ်ခင်မေသီအသက် ငါးဆယ် ပဲ ထားဦး၊ အသက်နှစ်ဆယ်အရွယ်က ရိုက်ခဲ့တာပေါ့။ မိန်းမချောလှ ပြောနိုင်လောက်သည့် မျက်နှာကျိရှိ၍ မျက်လုံး မျက်ခုံးတွေက အနောက်တိုင် ဆန်သည်။ မျက်လုံးတွေက ညို့ဓာတ်ပါသည့် ပြာဆောက်တောက်မျက်လုံး ဖြစ်၏။ ဓာတ်ပုံက အညိုရောင် တစ်သားတည်းဖြစ်သည့်အပြင် ကြည်ကြည် လင်လင် မဟုတ်။ ဒါတောင် ဓာတ်ပုံထဲပါသည့် မိန်းမတွေထဲမှာ ဒေါ်ခင်မေ အချောဆုံးဆိုတာ မငြင်းနိုင်။

ခင်စောမူက ဓာတ်ပုံနောက်က ခံသည့်စက္ကူချုပ်အမာကို ကြည့်လိုက် တော့ တစ်ဖက်က ပြောင်၊ တစ်ဖက်က စာတွေပါသည်။ ပြည့်ပြည့်စုံစုံထော် မဟုတ်။ ဓာတ်ပုံဆိုက်နှင့်တိုင်းကာ ဖြတ်ထည့်ထားသည့် အမာခံဖြစ်သည်

အပေါ်ပိုင်းကို ယူထားသဖြင့် အောက်ပိုင်းက တစ်ပိုင်းမပါတော့။ ခင်ဗျား ကြွေးထားခဲ့သည့်အတိုင်းပင်။ တောခေါင်းကြီး ဦး..... (ခေါ်) ဦးကာလူး ဆောညွှန့် ဆိုသည့်နာမည် တွဲပါနေသည်။

ဦး..... .. (ခေါ်) ဦးကာလူး...။ မစောညွှန့် ...။

ဓာတ်ပေါင်းစုစေတီက တန်ဆောင်းဒါယကာနှင့် ဒါယိကာမတို့ ပါလား။ သည်စက္ကူချုပ်ကလည်း အလှူငွေရရှိသဖြင့် ဂုဏ်ပြုပေးအပ်သည့်စာတွေ ဖြစ်သည်။ အလှူငွေ သုံးထောင်ကျပ် ဆိုတာလည်း ပါသည်။ အောက်ပိုင်း မပါတော့ ဘယ်လိုစာသားတွေ ကျန်ခဲ့သည် မသိရှု။

"ထားပါတော့...ဦးကာလူး၊ မစောညွှန့်ဆိုတဲ့ စက္ကူက သည်ဓာတ်ပုံ နောက်ကို ဘယ်လိုရောက်ရတာတဲ့လဲ...ဒေါ်ခင်မေသီနဲ့ ဦးကာလူး တို့မျှား အမျိုးတော်ကြရောလား...မစောညွှန့်ငယ်ငယ်က ဘိုမ ခေါ်ကြ သတဲ့...ဒေါ်ခင်မေသီကလည်း ကပြားရှယ်...ဒေါ်ခင်မေသီနဲ့ ညီအစ်မ ဆိုလည်း ဖြစ်နိုင်ခြေရှိနေတာပဲ...ဒါမှမဟုတ် သည်ဓာတ်ပုံထဲက မိန်းမ ခုနစ်ယောက်ထဲမှာ မစောညွှန့် ပါရော့လား..."

အချိန်မရပါ။ ခင်စောမူက ဓာတ်ပုံကို ပြန်ထည့်သည်။ စက္ကူမာကို နောက်က ခံသည်။ ပိုးတောက်ထားသည့် အပေါက်ကလေးမှာ ပေါသည့်စာကို နှဲ့အတိုင်း မြင်ရအောင် သတိထားရသေးသည်။ ပြီးတော့မှ သံတွေ ပြန်ထည့်ကာ ပြန်ပိရပါ၏။ နဂိုအတိုင်းတော့ မဖြစ်တော့။ ခင်စောမူက ဓာတ်ပုံကို ပြန်ချိတ် ထိုက်ပြီး အောက်ကို ပြန်ဆင်းလာခဲ့သည်။ အေးစုကို အိမ်ရှေ့မှာ ထားခဲ့ကာ ဒန်းပွင့်ကို ခေါ်လာခဲ့ရပြန်၏။ ဒန်းပွင့်ပြောပြဖူးသည့် ဓာတ်လမ်းက မပြီးသေး ဘော့ ဆက်ပြောခိုင်းရဦးမည်။ ဒန်းပွင့်ပြောတာ ဘယ်နားရောက်မှန်းပင် မသိ တော့။ ဉာဏ်မီသလောက် ပြန်စဉ်းစားကြည့်သည်။

ဒန်းပွင့်တို့ ရွာက တောခြေ ခေါ်ကြသည့် ပတတ်စာကုန်း။ ဒန်းပွင့် အမေနှင့်အမေက ဦးပိုက်ခြံ၊ ဒေါ်ဆွေးလှ။ ဒန်းပွင့်အဒေါ်တွေက အမေ့အစ်မ ဒေါ်ဆွေးမြ၊ အမေ့ညီမနှစ်ယောက်က ဒေါ်ဆွေးခနှင့် ဒေါ်ဆွေးပ။ အသက်ခုနစ်နှစ် သမီးအထိ စကားမပြောတတ်ခဲ့သော ဒန်းပွင့်။ ခုနစ်နှစ်ကျော်မှ အစ်လို့

www.burmeseclassic.com

www.burmeseclassic.com

စလူရွက်တွေ မိုးထားသော စင်ကလေးအောက်မှာ ခွင်စောမူနှင့် ဒန်းပွင့်တို့သာ ရှိကြသည်။ ခင်စောမူက စာရင်းစာအုပ်တွေ ရှေ့ချကာ အလုပ်ကောင်းကို ပြန်စစ်ဖို့ ပြင်လေ၏။

* * *

"ကျွန်မ ဘာတွေ အန်ခဲ့တုန်းဆိုတော့ အံဖတ်တွေထဲမှာ ကြွေအိုးကစားတဲ့ ကြွေပုပ်စေ့တွေ အစ်မရယ်...ကိုးလုံး ဆယ်လုံးစာလောက်ကို ရှိမယ်...ခရုခြောက် သေးသေးကလေးတွေလည်း ပါတယ်...ကျွန်မ ဝမ်းထဲမှာ ဒါတွေရှိနေတာ အံ့သြလွန်းလို့...ကျွန်မဖြင့် ဘယ်နယ်မှ လည်း မနေဘူး...အဲသည်နေ့က ဝမ်းထဲက အပုပ်ဆန်သလို အော်လိုက်ကြီး ဆန်လာရာက ဝေါခနဲ ဝေါခနဲ ထိုးအန်တာ...အန်တာက လည်း အများကြီးပဲ...ကျွန်မလည်း အန်ပြီးတာနဲ့ နောက်ပြန်လန်လဲသွားလို့တော်တာ ဘာမှကို သတိမရတော့ဘူး...ကျွန်မအခေါ် အထွေးဆုံး ဒေါ်ဒွေးပက ကျုံးတယ်ပြောလို့ နေလေးကောင်းတော့ ထွေးပကို လက်အုပ်ချီ ကန်တော့ရပါတယ်"

"နေဦး...ဒန်းပွင့်ရဲ့...မအန်ခင်ရက်တွေက ဘာတွေ စားခဲ့တုံး...အန်လောက်စရာ ဖြစ်ရအောင်..."

ခင်စောမူက ခရုခြောက်နှင့် ကြွေပုပ်စေ့ သေးသေးကလေးတွေ အန်တယ်ဆိုကတည်းက အံ့သြနေမိခဲ့သည်။ ကုန်းခေါင်ခေါင်မှာ နေထိုင်သည့် ကုန်စာယောက်ဝမ်းထဲကို ပင်လယ်ကမ်းခြေက ခရုတွေ၊ ကြွေစေ့ကလေးတွေ ဘယ်လိုများ ရောက်လာပါလိမ့်။ ထူးဆန်းလိုက်တာ။ ခင်စောမူလည်း ဉာဏ်မမှီနိုင်တော့။ တကယ်ပဲ အပမှီ နေရော့လား။ တကယ်ပဲ အမှောင့်ပယောဂ ကပ်နေရော့လား။ မောင်ပုည အမေက ပညာသည်ဆိုတာ ဟုတ်လောက်နေ တော့လား။ ခက်တာက မောင်ပုညနှင့်မဆိုင်ပဲ ကိုယ့်အိမ် ကိုယ့်ရွာနေရင်းတန်း ခြင်းဖြစ်သည်။ မောင်ပုညကကော တစ်စုံတစ်ရာ ကျွေးခဲ့မူးတား ရှိရဲ့မှီ

စခေါသဖြင့် အာဂန္တုကိုယ်တော်တစ်ပါး၏ ဟောချက် မှန်ခဲ့သည်။ အမေလို့ စခေါလျှင် ရေတွင်းတူးရမည်ဆိုလို့ ရွာလယ်မှာ ရေတွင်းတစ်တွင်း တူးလျှောခဲ့သည်။ ဒန်းပွင့်တို့ရွာ ပတတ်စာကုန်းနှင့် အခေါများနေရာ ရှောက်ပင်တောကို တစ်လျှောက်လုံး ကူးချည်သန်းချည် ရှိခဲ့ရသည်။ ဒန်းပွင့်မိဘနှစ်ပါး ဆုံးတော့ လယ်တွေ ယာတွေ၊ ရွှေတွေ ငွေတွေ လောက်လောက်လားလား ကျန်ရစ်ခဲ့သည်။ ဒါကို ဒန်းပွင့်ပဲ ပိုင်သည်။ သို့သော် အခေါတွေက အုပ်စီးသည်။ မသိမာသူနှင့် တွေ့မှာစိုးသည် ဆိုသည့်အကြောင်းပြချက်နှင့် ဒန်းပွင့်ကို အုပ်ထိန်းကြသည်။ သည်ကြားထဲက လှည်းထောင် ကိုပုညနှင့် ဒန်းပွင့်တို့ ရည်ငံမှန်းသိသွားကြရာ အခေါများခမျာ ဆောက်တည်ရာမရ ဖြစ်ကြရတော့သည်။ သည်မှာတင် ဒန်းပွင့် စိတ်ညစ်ရလေပြီ။ ဒန်းပွင့်ကလည်း ရွာမှာ ပိုးပန်းသူတွေများလှသော်လည်း မိုးနံ့ရွာသား လှည်းထောင် လှည်းလိုက် မောင်ပုညကိုသာ စွဲလမ်းနေခဲ့သည်။ မိအို ဖအိုကို လုပ်ကျွေးနေသည့် မောင်ပုညတို့ခမျာ ဆင်းရဲမွဲနွမ်းသိပေသိ ချစ်ခြင်းမေတ္တာက ဒန်းပွင့်ကို လွှမ်းမိုးခဲ့သည်သာ။ သည်နောက်တော့ ဒန်းပွင့်ကို အခေါများက ပိုမို ချုပ်ကိုင်လာကြရာက တစ်ရက်တော့ ဒန်းပွင့် အန်သည်။

"တစ်ရက်မှာ ကျွန်မ အိပ်ရာကအထ အန်တယ်အစ်မ...အူထဲက လိပ်လိပ်ပြီး တက်လာတဲ့ အပုပ်နံ့ကြီး ရလာပြီး ထိုးအန်တာပါ...အန်တော့ ဘာတွေ ထွက်လာတယ်ထင်သလဲ အစ်မ..."

ဒန်းပွင့်စကားတွေ သည်နေရာမှာ ဆုံးခဲ့တာကို ခင်စောမူ မှတ်မိသည်။ သည်ကနေ့ သည်နေရာက ပြန်ဆက်ရမည်။ ဒန်းပွင့်အကြောင်း ပြည့်ပြည့်စုံစုံ သိဖို့လိုသည်။ ဒန်းပွင့်ခမျာ တကယ်ပဲ ရောဂါသည် ဖြစ်လေသလား၊ အခေါတွေနှင့် ဒေါ်ခင်မေသီတို့ ပေါင်းကာ မကောင်းကြံစည်ကြရော့လား။ ဒါကို ကွဲပြားမှုဖြစ်မည်။ ခင်စောမူ အကဲခတ်ရသလောက်တော့ ဒန်းပွင့် အကောင်းပင်။ ဒေါ်ခင်မေသီကလည်း မနောဖြင့် စွပ်ပေးထားသော ခမည်းကြီးကြောင့်ဟု ဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com

မေးဖို့ကလည်း မောင်ပုည်တို့က လုပ်တာများလားအလို့ ပြောချင်သည့်ဘက်
ကို ရောက်သွားမှာ စိုးရသည်။ သို့သော် မေးတာတော့ မေးရပါ၏။

"ဒန်းပွင့်အဒေါ်တွေက မောင်ပုည်တို့လုပ်တာလို့ စွပ်စွဲကြတာ
မှုတ်လား...မောင်ပုည်က ဒန်းပွင့်ကို ဘာကျေးဖူးလို့လဲ...ဒါကတော့
မောင်ပုည်တို့ သားအမိကို သက်သက်စွပ်စွဲကြတာ နေမှာပါအေ..."

"ကိုပုည်တို့က မလုပ်ပါဘူး အစ်မရယ်...ကျန်မကို တုန်နေအောင်
ချစ်ရှာတာပါ...ကျန်မက အတွင်းပစ္စည်းတွေနဲ့ လယ်တွေ ယာတွေ
မိဘအမွေ ရခဲ့တာကို သူသိပေသိလို့ ကိုပုည မေတ္တာရှိတာထဲမယ်
ဒါတွေမပါဘူးဆိုတာ ကျန်မသိပါတယ်...ကျန်မမှာ ဘာမှမရှိရင်
တောင် လုည်းတိုက်ကျေးမယ်လူပါ...အင်မတန် ရိုးသားရှာပါတယ်...
အဒေါ်တွေကတော့ အပ်ချမတ်ချ စွပ်စွဲခဲ့ကြတာပဲ...ကျန်မ နေကောင်း
တဲ့အခါ အနှဖတ်တွေထဲ ပါလာတယ်ဆိုတဲ့ ကြွေပုပ်ခွေတွေ ပြန်ရ
ဒါ ပညာနဲ့လုပ်ထားတာတဲ့...ကိုပုည်တို့အမေရဲ့ မျိုးရိုးက ရေနှ
နတ် ကိုးကွယ်ကြတာလို့ ပြောတာပဲ...နောင်ကိုပုည်နဲ့ တွေ့
မေးကြည့်တော့လည်း ဟုတ်တယ်ပြောတယ်...ကျန်မ အဲသ
အန်တယ်ဆိုတော့ ကိုပုည်ကလည်း အံ့သြသွားတယ်...စိတ်မ
မသာ ဖြစ်သွားရှာတယ်...ကျန်မ ယုံလိုက်မှာ စိုးရှာတာပါ...ကျ
ကလည်း မယုံပါဘူး"

"သည်ခေတ်မှာ ဒါတွေ မရှိပါဘူး ဒန်းပွင့်ရယ်...ဘယ်နေရာ
ဘယ်လို မှားနေတယ်ဆိုတာသာ မသိတာ...မဟုတ်ဘူးဆိုတာ
သိတယ်...နေပါဦး ဒန်းပွင့် အန်တော့ အန်ဖတ်တွေကို ဖွေးလေး
သိမ်းတယ်...သန့်ရှင်းပစ်တယ်...ဒန်းပွင့် နေကောင်းတော့မှ ဒါ
ပြတယ်ဆိုတော့ ဒန်းပွင့်ကိုယ်တိုင်က အန်ဖတ်ထဲမှာ ဒါတွေ ပါ
တယ်ဆိုတာ မသိဘူးလား...ဆိုလိုတာကအေ...ဒန်းပွင့်မျက်
တွေ့တာလား...လည်ချောင်းထဲမှာကော ခိုးလို့ခုလု ဖြစ်တာမျိုး
ရသလား"

"ကျန်မကတော့ အန်လိုက်တာပဲသိတာ အစ်မရဲ့...အန်တာတော့
အစာပျက်တွေ အများကြီးအန်ပစ်တာဆိုတော့ ရောရောနှောနှော
ပါသွားလို့လားတော့ မသိဘူး...ဘာအာရုံမှတော့ မရဘူး...ထွေးပ
က ပြတော့မှ သိရတာပါ...ထွေးပကတော့ မလိမ်လောက်ဘူး
ထင်တာပဲ"

"အစ်မကလည်း ထွေးပတို့ လုပ်တယ်လို့ မပြောပါဘူး ဒန်းပွင့်ရယ်...
ဒါပေမဲ့ စဉ်းစားရမှာတွေ ရှိတယ်...ဥစ္စာစည်းစိမ်နဲ့ ပတ်သက်လာရင်
ဘယ်သူ့မှ စိတ်မချရဘူး...ဒန်းပွင့် ပြောဖူးတာပဲ...ဒန်းပွင့်တို့အမေ
ရသင့်တဲ့အမွေတွေ ဘာမှ ဟုတ်တိပတ်တိ မရဘူးဆိုတာလေ...
ညီအစ်မလေးယောက် သမ္မစိတ္တရှိရင် ရသင့်တာ ရခွင့်ရှိရမှာပေါ့...
လူ့စိတ်ဆိုတာ ဆန်းကြယ်တယ်ဆိုတာကို အစ်မ ပြောချင်တာပါ"

"မပြောတတ်ပါဘူး အစ်မရယ်...ကျန်မကတော့ ဘာမှန်းညာမှန်း
မသိပဲ သည်အိမ်ကြီးမှာ လာနေရတာကို ငြီးငွေ့လှပြီ...မိန်းမကြီး
ကိုလည်း မုန်းလိုက်တာ မပြောပါနဲ့တော့...မျက်နှာကို မကြည့်ချင်
ဘူး...သည်မှာလာပြီး သက်သက်ဒုက္ခခံနေရသလိုပဲ...ကျန်မ ရွာကို
ပြန်တတ်ပါတယ်...ကျန်မကို ဘယ်သူမှ ဖွတ်တားလို့မရပဲဥစ္စာ...
ကျန်မကြောင့် အေးစုပါ ဝင့်ခံနေရတယ်...ကျန်မ မပြန်တာလည်း
ကိုယ့်အကြောင့်နဲ့ကိုယ်ကိုး အစ်မရဲ့...သည်မှာ အစ်မလည်း ရှိတယ်
လေဆိုပြီး ကျန်မ နေနေတာပါ...အခုတော့ ကျန်မမှာ မိကျောင်းလိုလို
သစ်တုံးလိုလိုနဲ့ ဘာမှန်းလည်း မသိဘူး"

ဒန်းပွင့်ပြောတာ မှန်ပါသည်။ အရွယ်ရောက်နေပြီဖြစ်သည့် မိန်းမသား
...အတွက်အဖို့ ဘယ်သူကမှ တရားဥပဒေမဲ့ ခေါ်ထားချင်လို့ မရနိုင်။ ညည်း
...နေ၊ သည်မှာပဲ စား၊ ညည်း ဘယ်မှ မသွားရဘူး၊ မလာရဘူး လုပ်ခွင့်
...ဒန်းပွင့် ပြန်ချင်တော့ ကောက်ခနဲ ထပြန်နိုင်သည်ပင်။ ဒန်းပွင့်မှာလည်း
...ငြောင်းရှိလိမ့်မည်။ ဒန်းပွင့်ကတော့ ခင်စောမူ ရှိနေလို့ မပြန်သေးတာလို့
...ခံရသည်။ ခင်စောမူကကော ဘာလုပ်ပေးနိုင်မှာမို့လဲ။ တောခြေရွာသား

www.burmeseclassic.com

www.burmeseclassic.com

လှည်းသမား ဒေါင်း ယူလာသော စာတိုကလေးမှာ မောင်ပုည ပျောက်နေပြီ
ဆိုသည်။ ပျောက်နေပြီဆိုတာ မိုးနံ့မှာ မရှိတာကို ဆိုလိုချင်ပုံ ရပါ၏။ ဒါ
မောင်ပုည ဘယ်သွားတာလဲ။ မောင်ပုည ရွာမှာမရှိတာကို ဒန်းပွင့်အဒေါ်တွေ
စုံစမ်းနေကြလို့သာ သိနိုင်ခြင်း ဖြစ်သည်။ ဒန်းပွင့်အဒေါ်တွေ မရိုးမသ
ရှိကြပုံရတာတော့ သေချာပါသည်။ တူမ အပျိုလေးကို တစ်ပါးတစ်ရွာ
ယုံယုံကြည်ကြည် ထားတာကိုကြည့်လျှင် ဒန်းပွင့်ထက် အရေးကြီးတာ
လုပ်နေကြလို့ဆိုတာ ပေါ်နေလေ၏။

ဒန်းပွင့်ထက် အရေးကြီးတာက ဘာလဲ။ ဒန်းပွင့်ရသည့် အမွေ
ဆူတစ်ပါးလက် ပါမှာစိုးကြတာလည်း ဖြစ်နိုင်သည်။ သူတို့ အပိုင်သိမ်း
တာလည်း ဖြစ်နိုင်သည်။ မောင်ပုညတို့ မျိုးရိုးက ပညာသည်တွေဆို
လှန့်လုံးဖြင့် ပုညနှင့်ဝေးအောင် လုပ်နေကြတာ ဖြစ်နိုင်သလို၊ မရှုမလှ
ရောဂါသည်ကလေးအဖြစ် သတင်းလွှင့်ပြီး ဥစ္စာစည်းစိမ်တွေကို အဒေါ်သုံးယောက်
က လက်ဝါးကြီးအုပ်ချင်ကြတာလည်း ဖြစ်နိုင်သည်။ ခင်စောမူကတော့ ဒီ
အရ တစ်ခုခုမှားနေပြီလို့သာ ထင်မိတော့သည်။

"တောခြေလှည်းသမား ဒေါင်းဆိုတာ သိသလား...ဆံပင် ဖြူ
သိုးသိုးနဲ့ အသားမည်းမည်းလေ..."

"ကိုဒေါင်းကို သိတာပေါ့...အစ်မက ကိုဒေါင်းကို သိသလား
လှည်းသမား ကိုဒေါင်းက ကျွန်မအဒေါ်တွေ ခိုင်းနေကျ လှည်းသ
ရယ်...လူက လူမိုက် အစ်မရဲ့...ကိုပုညနဲ့လည်း ခင်ကြပါတယ်
ဘာဖြစ်လို့လဲ အစ်မ..."

"မဖြစ်ပါဘူး...ငါ့ညီမ သိသလားလို့ပါ...မနက်က လက်ဖက်
ဆိုင်မှာတွေ့လို့ ရွာကြောင်း ရပ်ကြောင်းတွေ မေးရင်း နာမည်ကြီး
သိခဲ့ရတာ"

"ကိုဒေါင်းနဲ့တွေ့ရင် ကောင်းမှာ...ကိုပုညကို မှာချင်လို့..."

ကိုပုညကို မှာချင်လို့ ဆိုသည့်စကားကို ကြားတော့ စာတိုက
ထဲမှာပါသည့် ပုည ပျောက်နေတယ်ဆိုတာကို ပြောပြချင်နေမိသည်။ ဒန်းပွင့်

မောင်ပုည ပျောက်သတင်း ကြားလျှင် စိတ်ပူနေလိမ့်မည်။ **သည်တော့လည်း**
မပြောဖြစ်။ ပျောက်တယ်ဆိုတာကကော ဘယ်သောပါလိမ့်။ **ဒန်းပွင့်ကို**
လိုက်ရှာနေတာလား။ အလုပ်ကိစ္စနဲ့ တစ်နေရာရာကို ရောက်နေတယ် ပြောတာ
လား။ တစ်ယောက်ယောက်ကပဲ မတော်မတရား ပြုနေရော့လား။ ဘာပဲဖြစ်ဖြစ်
မောင်ပုည ပျောက်နေတာကလည်း စိတ်တော့ ပူစရာကောင်းသည်။ ဒန်းပွင့်ကို
အဒေါ်တွေက သမုန်းကျင်းကို ပို့ထားတာလောက်တော့ မောင်ပုညကလည်း
သိလောက်ပါ၏။ ဒါဖြင့် မောင်ပုည ဘာဖြစ်လို့ ရောက်မလာသေးတာလဲ။

ခင်စောမူက ဒါတွေ တွေးရင်း ကိုယ့်ဟာကိုယ် ဥစ္စာခြောက်နေသူလို
ကယောက်ကယက် ဖြစ်နေမိရသည့် ကိုယ့်ကိုယ်ကိုယ် ရယ်ချင်နေမိသည်။
ကိုယ်နှင့် အနေသာချည်းဆိုသော်လည် အပြစ်မဲ့သည့် တောသူ မိန်းကလေး
တစ်ယောက်အပေါ် မတော်မတရား ရှိကြတာကိုတော့ မခံချင်။ ပြီးတော့
သည်အဖြစ်တွေက နားကြားမဟုတ်၊ တစ်ဆင့်စကားမဟုတ်၊ ကိုယ်တွေ့
မျက်တွေ့ မဟုတ်လား။ သိသိကြီးနှင့် လွှတ်ထားတာမျိုး မဖြစ်ချင်။ သည်ကိစ္စ
ရှင်းချင်သည်။ အပြစ်ရှိသူကို ရှိသည့်အလျောက် ပြစ်ဒဏ်ရယ်လို့ မပေးနိုင်တာ
မှန်ပေသိ မှန်တာတော့ ဖြစ်ရမှာပေါ့။ သည်စိတ်နှင့်ပင် ခင်စောမူရော ပါနေရ
ခြင်းဖြစ်၏။ မီးရထားပေါ်မှာ ကျောက်ပြား အဆောင်ကလေးတစ်ခု လှည့်
လိုက်မိခဲ့သည်က စ,လိုက်သော ဇာတ်လမ်း။ ခုထိပဲ မဆုံးနိုင်ပါလား။ မစောညွန့်
ဆိုသည့် အမိက ဇာတ်ကောင်ကို မတွေ့ရသေး။။ သည် ဇာတ်လမ်းထဲမှာ
ဇာတ်ကောင်တွေ အများကြီး ပါလာခဲ့ပြီ။ အမေကြေးစည်မှ စ,ကာ အခု
နောက်ဆုံး လှည်းသမား ဒေါင်းအထိ။

"နေပါဦး ဒန်းပွင့်ရယ်... ငါ့ညီမ မိုးနံ့ဘုရားပွဲတုန်းက မောင်ပုညတို့
အိမ်က ကျွေးမွေးထည့်ခဲ့တယ်ဆိုတာက ဘာတွေကျွေးလိုက်တာလဲ...
အစ်မ သိချင်တာက ထွေးပတို့ စွပ်စွဲသလို အစားမှားတယ်ဆိုတာ
ဟုတ်မဟုတ် သိချင်လို့ပါ"

"မိုးနံ့ဘုရားပွဲတုန်းက စားခဲ့တာ ထမင်းကျွေးလို့ စားခဲ့တာပဲ ရှိတာ
ပါ...ဟင်းက သုံးလေးခွက်တောင်ပါတာ မှတ်မိတယ်...ထူးထူး

www.burmeseclassic.com

www.burmeseclassic.com

ဆန်းဆန်းဆိုလို. ကြောင်ကတိုးသားချက်ဆိုတာ ပါတယ်အစ်မ... သစ်တောကြီးတွေထဲမှာ နေကြတဲ့ အကောင်ပါ...ကျွန်မတို့ရွာတွေမှာ စားကြတယ်...ကျန်တာက ကြက်သားနဲ့ ပဲချက်လောက်ပေါ့"

"အစ်မက သိချင်လို့ပါ...အရေးမကြီးပါဘူး ဒန်းပွင့်ရယ်...မောင်ပုည တို့ သားအမိက ဒန်းပွင့်မှ မဟုတ်ပါဘူး ဘယ်သူ့ဘယ်သူကိုမှ ဒုက္ခပေးချင်မယ် မဟုတ်ပါဘူး...ဘယ်သူက ဘယ်သူ့ကို ပြုစားတယ် ဆိုတာမျိုးလည်း လုပ်လို့ မရနိုင်ပါဘူး...ရောဂါကြောင့် ဖြစ်ရတဲ့ ဆန်းကြယ်မှုတွေ အများကြီးရှိတယ်...ဆေးပညာကတောင် ဝေဖန်ရ ခက်တဲ့ လူ့စိတ်ဝေဒနာ, ကိုယ်ဝေဒနာ ဆိုတာတွေ အများကြီး ရှိတယ်...ဒန်းပွင့်ပဲကြည့်လေ...မွေးကတည်းက စကားမပြောဘူး... ခုနစ်နှစ်ကြာမှ ပြောတယ်...ဘဝဝဋ်ကြွေးပါတယ် ထားပါတော့... သည်ဝဋ်ကြွေး ဘယ်တော့လွတ်မယ်ဆိုတာလည်းပဲ ဆရာတော်က မိန့်တာမဟုတ်လား...ပြီးတော့ မိန်းကလေးဆိုတာ သွေးသားမီးယစ် ကိစ္စ ဆိုတာတွေရှိတယ်...သည်တော့ မသိရင် ပယောဂလိုလို အမည် တပ်ကြတာပဲ...စိတ်ကို ယုံယုံကြည်ကြည်ထား ငါ့ညီမ...ညည်း ဘာမှ မဖြစ်ဘူး...ဘာရောဂါမှမရှိဘူး...အပင်းဆိုတာလည်း မဟုတ်ပါဘူး"

ဒန်းပွင့်က ခင်စောမူကို အားကိုးတကြီး ငေးနေရှာသည်။ မျက်ရည် တွေ ဝိုင်းနေသည့် မျက်လုံးတွေထဲမှာ အားငယ်ခြင်း၊ အစိုးမရခြင်း၊ ယုံကြည်မှု မဲ့ခြင်းတွေ ထင်ဟပ်လျက်ရှိ၏။ ခင်စောမူက အားပေးတော့လည်း အားကိုး ရှာပါ၏။ ဒန်းပွင့် မျက်နှာကလေးက ချစ်စရာကောင်းသည်။ ချစ်သူ မောင်ပုညနှင့် ဘဝခိုရိုး လျှောက်လှမ်းနိုင်ပါစေလို့သာ ခင်စောမူ ဆုတောင်းသည်။ အလိုလောဘ ကြီးသူတို့၏သားကောင် ဖြစ်ရရှာတာကိုပဲ ခင်စောမူ သနားလှသည်။ သည် အိမ်ကြီးမှာ ခင်စောမူ မသိသေးတာတွေ အုပ်ကြီးရှိသေးသည်။ အမေကြေးစည် ဆိုသူကကော။ မစောညွန့် ဆိုသူကကော။ ဦးကာလူး၊ ကိုဘကောင်း ဆိုသူ တွေအကြောင်း ဘာမှမသိရသေး။ ဒါတွေ ထားပါတော့။ ဒေါ်ခင်မေသီ ဆိုသူ အကြောင်းပင် ခင်စောမူ ဘာမှမသိရသေး။ ဒါတွေအားလုံး သမုန်းကျင်း မြို့စွန်

မှာ နေထိုင်သည်ဆိုသော အမေကောင်းလှ ဆိုသူကို မေးလျှင် အားလုံးပေါ်စောင် တချို့တစ်ဝက်ကို သိနိုင်မည်။ အမေကောင်းလှကို ခင်စောမူ စတွေ့ရ သေး။ စာရင်းစစ်တာ စီးမိသွားပြီဆိုလျှင်တော့ အမေကောင်းလှကို ရှာပုံတော်ခွင့်ဖို့ စိတ်ကူးထားခဲ့သည်။ အိပ်ရာထဲ လဲနေသည်ဆိုပေသိ စကားလောက်တော့ ပြောနိုင်လိမ့်မည်။ ရထားပေါ်ကနေ အမေကြေးစည် လှမ်းပေးလိုက်သော ကျောက်ပြားကလေးက ခင်စောမူကို သည်လောက် ဝန်ပိနေလိမ့်မည် မထင်ခဲ့။ အခုတော့ သည်ပစ္စည်းကလေး မစောညွန့်လက်ထဲ ထည့်နိုင်ဖို့က ငြိန်ရက် နီးလာလေ ပိုအရေးကြီးလာလေလို့သာ ခံစားနေရပါ၏။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ အစ်မရယ်...ကျွန်မစိတ်တွေ ကောင်းပါ တယ်...ကုသိုလ်က် မကောင်းတာပါ...ခရုတွေ, ကြွေပုပ်စေ့တွေ ဝမ်းထဲက ကျတယ်ဆိုတာကို ကျွန်မ စွဲနေတယ်...အိပ်မက်ဆိုးတွေ မက်တယ်...လူတွေကို ကျွန်မ ကြောက်နေသလိုပဲ...သူစိမ်းများဆိုရင် ကျွန်မကို ရန်ရှာမယ့်လူ့လို့ပဲ ထင်မိတယ်...အစ်မ သည်ရောက် လာတာတောင် ကျွန်မ ကြောက်မိသေးတယ်...နောက်မှ အစ်မကို အားကိုးလာမိရတယ်...အားလည်းရှိတယ်"

ဟုတ်ရှာပေမှာပေါ့။ တောကြီးခေါင်ခေါင်ထဲက မိမဲ့ဘမဲ့ မိန်းမပျို တစ်ယောက်အဖို့ သည်စိတ်၊ သည်ခံစားမှုတွေသာ ရှိရှာပေလိမ့်မည်။ ခင်စောမူ ၌ သည်စကား ကြားတော့ ဒန်းပွင့်ကို သနားမိသည်။ ညီမအရင်းတစ်ယောက်လို ချစ်ခင်မိသည်။ သည်ဝေဒနာ ခံစားမှုတွေကို အားပေးခြင်းဖြင့် ကုစားချင်သည်။ ဘေးပုပ်ဖမ်းနေရသည့်ဘဝက လရောင်ဖြာသောဘဝကို ရယူပိုင်ဆိုင်စေချင်ပါ၏။ ထို့စဉ်မှာပင် အေးစုက မဋ္ဌေး ထမင်းချိုင့် လာပို့သွားကြောင်း လာပြောသဖြင့် ထမင်းစားဖို့ ပြင်ရသည်။ မဋ္ဌေးထမင်းချိုင့်က အမြဲတမ်း ပိုပိုလှဲလှဲ ထည့်လာ တတ်သဖြင့် အေးစုနှင့် ဒန်းပွင့်တို့ကိုပါ ထမင်းအတူစားကြရအောင်လို့ ပြော ထိုက်သည်။ အေးစုနှင့် ဒန်းပွင့်တို့က ငြင်းသည်။ ခင်စောမူနှင့် ထမင်းအတူစား နေကြတာကို ဒေါ်ခင်မေသီ သိမှာစိုး၍ ဖြစ်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com

"စားကြပါ ညီမလေးတို့ ရယ် ထမင်းအတူစားတာ ရာဇဝတ်
မဟုတ်ပါဘူး...ဖြစ်လာရင် အစ်မပြောပါ့မယ်...မဟုတ်တာပဲကွယ်
အေးစု ပန်းကန်တွေ သွားယူ..."

ခင်စောမူတို့ ထမင်းအတူစားပြီးကြသည်အထိ ခေါ်ခင်မေသီ ရောက်
မလာ။ ခေါ်ခင်မေသီကို ဘာကြောင့်များ သည်လောက်ကြောက်နေကြတာပါလိ
မင်္ဂေး ချက်လာသည့် ဟင်းတွေက ကောင်းလှသည်။ ဆိတ်သားလုံးနှင့် အာ
ချက်၊ ပဲသီးကြော်၊ ဘာလချောင်နှင့် သရက်ချဉ်သုပ်။ စားပြီးတော့ အေးစု
ချိုင့်ဆေးသည်။ လူပြန်စောင့်သည်။ ခင်စောမူနှင့် ဒန်းပွင့်တို့ စကားဆက်
ပြန်၏။

"အစ်မသိချင်တာ ရှိသေးတယ်...ဒန်းပွင့်ဘဝမှာ အမှတ်ထင်ထင် ပြ
တာတွေရှိရင် ပြောပါဦး...ဒန်းပွင့်အခေါ်တွေအကြောင်းဖြစ်ဖြစ်
မောင်ပုညတို့အကြောင်းဖြစ်ဖြစ်...ဒန်းပွင့် ကြုံခဲ့ရတာပေါ့..."

"ထူးဆန်းတာတွေတော့ အများကြီးပဲ အစ်မ...တစ်ခုက..."

ထိုစဉ်မှာပင် အေးစု ပြေးလာသည်။ ဒန်းပွင့်ကျောကို ပုတ်ပြီး အိမ်
တက်နေဖို့ ပြောရင်း ခေါ်ခင်မေသီ ပြန်လာနေပြီဖြစ်ကြောင်း တိုးတိုးကလေး
အသိပေးခဲ့သည်။ အေးစုနှင့် ဒန်းပွင့်တို့ နှစ်ယောက်သား လေမိသော လှိုင်
လှစ်ခနဲ လွှင့်သွားကြပြီ။ ခဏနေတော့ ခေါ်ခင်မေသီအသံ ကြားရပါ
ခင်စောမူက စာရင်းစာအုပ်တွေ ဖွင့်ကာ အသာနားစွင့်နေမိခဲ့သည်။

"အေးစုရေ...ငါ ရေချိုး ထမင်းစားပြီးရင် ပြန်ထွက်ရဦးမှာဟေ့
ခေါ်ကောင်းလှကြီး ဆုံးရှာပြီ"

ခင်စောမူပင် ခေါင်းနားပန်း ကြီးသွားမိလေသည်။

* * *

အမေကြီးကောင်းလှ ဆုံးပြီဆိုပါပကော။ ခင်စောမူအတွက် သံဇ
ကွင်းတစ်ကွင်း ပြတ်တောက်ခဲ့ရပြန်ပြီ။ ဦးကာလူးနှင့် မစောညွှန့်တို့၏ အ
ဇာတ်လမ်းကို ကောင်းကောင်းသိသူဟုဆိုသည့် အမေကြီးကောင်းလှ မရှိမှ

ကောက်ထပ် မေးလောက်စရာ မရှိနိုင်တော့ပြီ။ ခင်စောမူပင် ငိုင်သွားခဲ့ရပါ၏။
ခေါ်ခင်မေသီက သမုန်းကျင်းမှာ အနေကြာသူဆိုတော့ အမေကြီးကောင်းလှနှင့်
ခင်မင်ရင်းနှီး ရှိပုံရသည်။ နာရေးအိမ်ကို တစ်ခေါက်သွားမည်ဆိုတော့ ဒန်းပွင့်နှင့်
အားပြောလို့တော့ ရနိုင်သည်။ လူတစ်ယောက်အကြောင်းကို အခြားလူ
တစ်ယောက်ကပဲ သိတယ်ဆိုတာကတော့ မဖြစ်နိုင်ပါ။ အမေကြီးကောင်းလှလို
အတွင်းရေးသိသူ တစ်ယောက်ယောက်တော့ ရှိကိုရှိရမည်။ သို့ပေသိ ခင်စောမူ
ရွာနေပြည်ထိုင် မဟုတ်။ သမုန်းကျင်းကို တစ်ပတ်လောက်သာ နေနိုင်ခွင့်
ရသည့် ဧည့်သည်တစ်ယောက် ဖြစ်နေသည်။ သည်ရက်အတွင်း သိခွင့်ရရင်တော့
ကောင်းသား။

ခင်စောမူက စာရင်းစာအုပ်တွေ လှန်ကြပြန်ကာ အလုပ်ဆက်လုပ်သည်။
ထရင်း တော်တော်များများကတော့ ယေဘူယျအားဖြင့် စစ်ဆေးပြီးပါပြီ။
အသေးစိတ် လိုက်ရန်သာ ကျန်သည်။ ရန်ကုန်ရုံးကတော့ အေးအေးဆေးဆေး
စစ်ဆေးပါလို့ အန်ကယ်ဟုတ်ကိုယ်တိုင် မှာလိုက်တာပဲလေ။ ရက်ကလေး
ညည်းနှည်းပိုလို့လည်း ကိစ္စတော့မရှိဘူးရှာပါ။ မွန်းတိမ်းစလောက်မှာ ခေါ်ခင်မေသီ
ပြန်ထွက်သွားခဲ့ပြီး မကြာခင်မှာပဲ ကိုမင်းအောင်မြင့်နှင့် မောင်မောင်တင်တို့
ရောက်လာကြသည်။ ခင်စောမူအဖို့ အငြိုပြေရပါ၏။

"ဆောရီး မခင်စောမူရေ...နှည်းနှည်းနောက်ကျသွားတယ်...လမ်းမှာ
နာရေးတစ်ခု ဝင်နေရလို့..."

"နာရေး...ဟုတ်လား...အမေကြီးကောင်းလှ ဆိုတာလား..."

"ဟုတ်ပါ့ဗျာ...မခင်စောမူ သိလို့လား...အဲဒါက ကျွန်တော်နဲ့တော့
မဆိုင်ပါဘူး...အဲသည်အမေကြီးကောင်းပဲမှနဲ့ မောင်မောင်တင်ဘွားအေ
ကြီးနဲ့က ငယ်သူငယ်ချင်းတွေဆိုတော့ မောင်မောင်တင်က ဝင်နေကျ
ဗျ...အဘွားကြီး ကို စောင့်ရှောက်တဲ့သဘော ဝင်ထွက်နေခဲ့တာ
ကြာပြီ...အဲဒါ ဆုံးတယ်ဆိုတော့ ခဏတစ်ဖြုတ် ဝင်လိုက်ရတာပါ"

"ဩော်...မောင်မောင်တင်တို့က သမုန်းကျင်းအဆက်တွေလား"

www.burmeseclassic.com

www.burmeseclassic.com

ခင်စောမူအမေးကို မောင်မောင်တင်က ဝင်ဖြေသည်။

"အဲသလိုမဟုတ်ဘူး အစ်မရဲ့ ... ကျွန်တော့်တွားအကြီးက မရှိတော့ဘူး ... အမေတို့ ပြောဖူးတာက သမုန်းကျင်း သစ်တောရွာတွေဘက် ရောက်ရင် ဒေါ်ကောင်းလှ ဆိုတာ မင်းဘွားအေရဲ့ သူငယ်ချင်း ... မင်း ရှာပြီး စောင့်ရှောက်လိုက်ဦးလို့ ပြောဖူးလို့ပါ ... သည်လို အစ်မရဲ့ ... အမေကြီးကောင်းလှနဲ့ ကျွန်တော့်အမေကြီး ဒေါ်ပေါခင်နဲ့က ငယ်ပေါင်းတွေတဲ့ ... ရှေးပညာတတ်တွေပေါ့ ... တန့်ဆည်နယ်ဘက်မှာ အတူတူနေခဲ့ကြတယ် ပြောတယ် ... အမေကြီးကောင်းလှယောကျ်ားက သစ်တောခေါင်း ... ကျွန်တော့်တို့အေကလည်း သစ်တောခေါင်း နှစ်ဖက် ချစ်ချစ်ခင်ခင်ရိုကြတယ် ပြောတယ် ... နောက်တော့ အမေကြီးကောင်းလှယောကျ်ားက ပင်စင်ယူပြီး တန့်ဆည်ဘက်မှာ ဆုံးတယ် ... မဆုံးခင် သမက်ကို သစ်တောဘက်မှာ အလုပ်သွင်းပေးခဲ့တော့ သမက်က သည်ဘက်သစ်တောနယ်မှာ အလုပ်ကျရောက အမေကြီးကောင်းလှက သမီးသမက်နဲ့ လိုက်နေရင်း သည်ရောက်နေတာပဲ"

"ဩော် ... ဒါဆို သည်ဘက်နယ်ကို ရောက်နေတာ ကြာပြီပေါ့"

"ကြာပြီပေါ့ ... ကျွန်တော်တို့ ရောက်ခဲ့တဲ့ တောခြေရွာတွေထက် လူတွေဆိုရင် အမေကြီးကောင်းလှကို သိကြသူတွေချည်းပဲ"

"ဒါဆို အမေကြီးကောင်းလှရဲ့သမီးနဲ့သမက်ကလည်း သည်ရွာတွေဘက်ကို အစောကြီးကတည်းက ရောက်လာကြတာပေါ့"

"ဟုတ်တယ် ... သမီးနဲ့သမက်ကလည်း ကြီးကြပါပြီ ... အခုတော့ သမက်က သစ်တောမှာ မလုပ်တော့ဘူး ... ကုမ္ပဏီက လွှဲယူလိုက်တော့ အလုပ်က အနားယူပြီး ဝိန္ဒေါဆရာလုပ်နေတယ် ... အောင်မြင်တယ် ... ဦးဘကျင်တဲ့ ... အခု ရှိတယ်"

"တစ်ရက် အစ်မကို ဦးဘကျင်နဲ့ လိုက်တွေ့ပေးစမ်းပါ မောင်မောင်တင်ရယ် ..."

စာရင်းတွေ ခဏချထားခဲ့ကာ ကိုမင်းအောင်မြင့်တို့နှင့်အတူ လက်ဖက်ရည်ဆိုင် ထွက်လာခဲ့ကြသည်။ မောင်မောင်တင်က လက်စနှင့် ဦးဘကျင်ကို လိုက်တွေ့မလား မေးနေခဲ့သည်။ ခင်စောမူက လိုက်မတွေ့ချင်သေး။ ဒေါ်ခင်မေသီ နေမှာကို ရှောင်လို့၍ဖြစ်သည်။ ပြီးတော့ နာရေးရှိနေတော့ တွေ့လို့မကောင်းနှင်ပါ။ သန့်ဘက်ခါ မောင်မောင်တင်တို့လာလျှင်တော့ လိုက်တွေ့ရန် စိတ်ကူးထားသည်။ တော်ပါသေးရဲ့ အစတစ်စတော့ ဆွဲမိပြန်ပြီ။ အမေကြီးကောင်းလှသိသလို ဦးဘကျင်လည်း သိနိုင်တာပဲ မဟုတ်လား။

ခင်စောမူက စာရင်းစစ်ဆေးမှုနှင့်ပတ်သက်၍ ကိုမင်းအောင်မြင့်ကို လိုအပ်တာတွေ ပြောပြနေခဲ့သည်။ နောက်ထပ် လိုအပ်သည့် စာရွက်စာတမ်းတွေ လာပို့ပေးရန်လည်း ပြောရသည်။ ခင်စောမူကို ပြန်ပို့ပြီး ဆရာတပည့် ပြန်သွားကြသည်။ ခင်စောမူ ပြန်ရောက်သည်အထိ ဒေါ်ခင်မေသီ ပြန်ရောက်မလာသေး။ အေးစုနှင့် ဒန်းပွင့်တို့က ရောက်ရောက်ချင်း သတင်းကောင်းပေးကြသည်။ ခင်စောမူ အိပ်သည့်အခန်းတွင် ခုတင်အောက်က ပစ္စည်းအချို့ကို နှိုက်ယူနိုင်းသဖြင့် အေးစုက မဆိုင်သည့်ပစ္စည်းတွေပါ ဟိုရွှေ့သည်ရွှေ့ လုပ်ခဲ့သည်ဆို၏။ ခြေရာလက်ရာ ပျက်သွားအောင် တမင်လုပ်ခဲ့ခြင်း ဖြစ်သည်။

"ဒေါ်ခင်မေသီက ဘာရှာခိုင်းတာလဲ ..."

"မပြောတတ်ဘူး အစ်မ ... ခုတင်အောက်က စက္ကူပုံးတ ုံး ဆွဲထုတ်ခိုင်းတာပဲ ... စက္ကူပုံးကို ဖွင့်ပြီး အထဲက ပစ္စည်းရှာနေတုန်း ကျွန်မလည်း ရပ်နေလို့ မကောင်းတာနဲ့ ထွက်လာတော့ ဘာပစ္စည်းရှာတွေ့မသိခဲ့ဘူး ..."

ခင်စောမူက ညနေလည်း စောင်းပြီဆိုတော့ အေးစုကို စာအုပ်တွေသိမ်းခိုင်းလိုက်ပြီး ဆက်တီပေါ် တင်ထားဖို့ မှာခဲ့သည်။ ကိုယ်တိုင်ကတော့ အခန်းထဲ ပြန်လာကာ ခုတင်ပေါ် ခဏလှဲသည်။ ပြီးမှ ငေါက်ခနဲ ထထိုင်ကာ ခုတင်အောက်ကို ငုံ့ကြည့်လိုက်သည်။ အေးစုပြောသလိုပင် ပစ္စည်းတွေက ခရေး၊ စက္ကူပုံးတွေ၊ မုန့်ပုံးတွေ၊ စက္ကူလိပ်တွေ၊ ပုလင်းတိုပုလင်းစတွေ။ အလိုက်သင့်

www.burmeseclassic.com

www.burmeseclassic.com

ရှိနေသည့် စက္ကူပုံးတစ်ပုံးကို ဆွဲထုတ်ယူလိုက်သည်။ ခေါ်ခင်မေသီ နှိုက်ရှာသည့် စက္ကူပုံး ဖြစ်လိမ့်မည်။ အထဲမှာတော့ ဒိုင်ယာရီဟောင်းတွေ၊ စာရွက်ဟောင်းတွေ၊ သတင်းစာဖြတ်ပိုင်းတွေ...။ ဖောင်တိန်ကျိုး၊ ခဲတံကျိုးတွေလည်း ပါ၏။ ဖောင်တိန်တစ်ချောင်းဆိုလျှင် တော်တော်ကြီးသည်။ အညိုရောင်ဖြစ်၍ ရှေးက ယောကျ်ားကိုင် ဖောင်တိန်ဖြစ်သည်။ အမျိုးအစားကောင်း ဖောင်တိန်က အခု တော့ စက္ကူပုံးထဲမှာ ဖုန်တက်နေလေပြီ။

ခင်စောမူ အဖုံးကို ဆွဲဖွင့်ကြည့်တော့ နစ်သွားက ညီညီညာညာ မဟုတ်တော့သဲ့ လိမ်ကောက်နေသည်။ အောက်ပိုင်းကို လှည့်ဖွင့်တော့ ကျပ်လွန်းနေသဖြင့် အတော်အားစိုက်ဖွင့်ရပါ၏။ ဖောင်တိန်က မင်ထည့်သုံးရသည့် ဖောင်တိန်ဖြစ်သည်။ မင်စုတ်ပိုက်မပါပဲ မင်တိုက်ရိုက်ထည့်ရသည့် အိုးနှင့်ဖြစ်၏။ ဖောင်တိန်ပေါ်က ကြေးညှောတွေကို ပွတ်ကြည့်လိုက်တော့ ဖောင်တိန်အိုးမှာ ထွင်းထားသည့် စာကလေး ပေါ်လာသည်။ နဂိုက စာလုံးဖြူ ဖြစ်ပုံရသော်လည်း ဆေးတွေ မရှိတော့။ စာလုံးရာ ချိုင့်ကလေးက စာကိုတော့ ဖတ်လို့ရနိုင်ပါသည်။

Mr. CARLOS...။

"မစ္စတာကားလို့စ်...ကားလို့စ်...ကားလို့စ်ဆိုတော့...အင်း... တောသူတောင်သားတွေက ကာလူးလို့ ခေါ်တာနေမှာပဲ...ဦးကာလူး ဆိုတာ တစ်ခုတွေ့ပြန်ပြီပဲ..."

ထိုအချိန်မှာပဲ အိမ်ကြီးလေကားက လူတက်လာပုံဖြင့် သိမ့်သိမ့်လှုပ်သွားလေသည်။ ဘယ်သူများ တက်လာတာပါလိမ့်။ ■

(၁၀)

"အစ်မ...ခေါ်ခင်စောမူ...အစ်မ..."

တံခါးဆီက အသံ...။ ခင်စောမူက လေကား လှုပ်သွားတာကို ကြိုတော်နေရာက ထွက်လာသည့်အသံ ဖြစ်သည်။ မောင်မောင်တင့်အသံပဲ။ ဟင်လိုဖြစ်တာပါလိမ့်။ မောင်မောင်တင်တို့ ပြန်သွားတာ ကြာပြီပဲဟာ...။ ပြောက်ပြန်လာတာများလား။ ခင်စောမူ ကပျာကသီ အပြင်ထွက်လိုက်သည်။ ဖောင်တိန်ကိုတော့ ခုတင်ပေါ်မှာပဲ ထားခဲ့ရသည်။

"မောင်မောင်တင်...ငါ့မောင်တို့ ပြန်ပြီထင်တာ..."

"မပြန်သေးဘူး အစ်မ...ဆရာနဲ့ကျွန်တော်တို့ စခန်းအတွက်ရော၊ ဘန်ဂလိုအတွက်ရော ဈေးလိုက်ဝယ်နေကြတာ...ဦးလေးဘကျင်ကို တွေ့ချင်တယ်ဆိုလို့ လက်ဖက်ရည်ဆိုင် ခေါ်ထားပြီး အစ်မကို လာခေါ်တာ...ကျွန်တော်တို့ နည်းနည်းမှောင်မှ ပြန်ကြမှာ..."

"ဩော်...အေး အေး...အစ်မ လိုက်ခဲ့ရမှာပေါ့...အစ်မကို ပြန်ပို့ ပေးဦးနော်..."

"ပို့မှာပါ...ဆရာတို့ လက်ဖက်ရည်ဆိုင်မှာ စောင့်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com

ခင်စောမူက နာရီကိုကြည့်သည်။ သုံးနာရီပင် ကျော်ပြီ။ မောင်မောင်ထ
ကတော့ ဇလွန်းထိပ်မှာ မတ်တတ်။ ခင်စောမူက ဖောင်တိန်ကို ပုံးထဲပြန်ထ
လိုက်သည်။ ထဘီ၊ အင်္ကျီလတ်လတ်လောလောကလေး ပြန်ဝတ်ကာ ထွ
လိုက်လာခဲ့ပါ၏။ အေးစုနှင့် ဒန်းပွင့်တို့နှစ်ယောက်က အိမ်ရှေ့ တာလမ်းခြ
ရပ်နေကြသည်။ ခင်စောမူက ခဏလိုက်သွားဦးမယ် မှာကာ ကားနှင့် လိုက်
ခဲ့သည်။

သမုန်းကျင်းမြို့ဟောင်း၏ ညနေစောင်းသည် မြူလိုလို၊ ဖုန်လို
အငွေ့များဖြင့် ရီဝေလျက်ရှိ၏။ ကြီးမားလှသော သိုးအုပ်တစ်အုပ်၊ ဒါမှမဟု
နွားတစ်အုပ် ဖြတ်မောင်းပြီးစ ရွာလမ်းမှာ အုတ်ချန်ရစ်ခဲ့သော အငွေ့တွေ
ဝေနေကြခြင်း ဖြစ်သည်။ သမုန်းကျင်းမြို့ဟောင်း...။ မြို့ဟောင်းဆိုတာ
ခင်စောမူ နားမလည်ပါ။ ရှေးက မြို့အဖြစ် ရှိခဲ့ဖူးတာကို ဆိုလိုလေသလ
မြို့ကိုက ဟောင်းနွမ်းလှပြီလို့ ပြောချင်တာလား။ ချောင်တစ်ချောင်ထဲ
ထိုးသိပ်ထားသည့် အဝတ်ဟောင်းထုပ်တစ်ထုပ်နှင့် တူသည်လို့တော့ စိတ်
ဖြစ်ရပါ၏။

"သည်မြို့ကလေးက...တစ်စုံတစ်ရာ ဖမ်းစားမှုတော့ ရှိတယ်
မောင်မောင်တင်...အစ်မဆိုလိုတာက လွမ်းရမလိုလို...ပျင်းရ
လို...ကြောက်ရမလိုလိုကြီး...မင်းတို့ဆရာတပည့် သည်မှာ
ကြတာ အံ့သြတယ်...ဒါနဲ့ ကိုမင်းအောင်မြင့်က အရက်သောက်
သလား..."

မေးသင့်လေသလား၊ မမေးသင့်လေသလားတော့ မသိ။ မမေးမိ
သော စကားကို ခင်စောမူ ရိုးရိုးသားသားပင် မေးလိုက်ခြင်းဖြစ်သည်။ သည်
နယ်၊ သည်လိုရွာ၊ သည်လိုတောကြီးတောင်ကြီးထဲမှာ ဘယ်သူမှ ခြောက်ခြ
သွေ့သွေ့ နေနိုင်ဖို့ မလွယ်။ ခင်စောမူကို သစ်စခန်းဆီ လာမနေစေချင်
အထဲမှာ စခန်းက လူတွေ အရက်သေစာ သောက်ကြလို့ပါ ဆိုသည့် အ
ပြချက်တစ်ချက် ပါသည် မဟုတ်လား။ ကိုမင်းအောင်မြင့်လည်း သောက်
သောက်နိုင်သည်။

"ဆရာက မသောက်ဘူးအစ်မ...ဆရာက တရားသမား...ညဘက်
တရားထိုင်တယ်"

"ဩော်...သာခုပါကွယ်...မဟုတ်ပါဘူး...အစ်မမေးတာက သည်လို
နေရာမျိုးမှာ နှစ်ရှည်လများ နေနိုင်ဖို့ မလွယ်ဘူးဆိုတာ တွေးမိလို့
ပါ...မောင်မောင်တင်ကော သောက်သလား..."

"ဆရာလည်း မသောက်ဘူး...ကျွန်တော်လည်း မသောက်ဘူး...
မသောက်လို့ သည်က လူကြမ်းတွေကို ထိန်းလို့ရတာ အစ်မရဲ့...
ဆရာကို ချစ်ကြောက်ရိုသေ ရှိကြပါတယ်...ဆရာပါသောက်ရင်
ထိန်းဖို့ မလွယ်လောက်ဘူး"

"ဒါလည်း ဟုတ်တာပဲနော်"

ခင်စောမူက ကိုမင်းအောင်မြင့်ကို သည်ရောက်မှ ခင်ရသူ ဆိုပေမယ်
မောင်နှမတွေလို ဆက်ဆံခဲ့သည်။ ကိုမင်းအောင်မြင့်က သဘောမနော ကောင်း
သည်။ မွန်ရည်သည်။

"နေဦး မောင်မောင်တင်ရေ...အစ်မ သည်မှာ ရက်ကလေးနည်းနည်း
ကြာသွားသလား မသိဘူး...ကုမ္ပဏီကို အကျိုးအကြောင်း သတ်
ပို့ပေးစေချင်တယ်...မင်းတို့ ဘယ်လိုဆက်သွယ်ကြတာလဲ"

"မြို့ကြီးကို သွားရတာလေ...ဘဏ်ကိစ္စ ဖုန်းကိစ္စ မြို့ကြီးကို သွားပြော
ရတာ...သန်ဘက်ခါ သွားဖို့ရှိတယ်...ကျွန်တော်တို့ ပြောလိုက်ပါ့
မယ်...ဟိုက ပြောတာလည်း ပြန်ပြောမယ် အစ်မ"

"အေးပါကွယ်...တော်ကြာ စိတ်ပူနေကြမှာ စိုးတာပါ"

"ဘယ်သူကလဲ..."

"ဟဲ့...ဘယ်သူရမှာလဲ...ရုံးကပေါ့...အန်ကယ်ဟုတ်တို့ကိုပြောတာ"

"မသိပါဘူး အစ်မရယ်...စိတ်ပူနေရမယ့်သူ ရှိသလားလို့ပါ"

မောင်မောင်တင်က သူ့စကားနှင့်သူ သဘောတွေ ကျနေပါ၏။
ခင်စောမူပင် ပြုံးချင်ချင်။ အပျိုကြီးဖြစ်ကြောင်း ကြေကွဲငြာမိပါပကော။

www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆိုင် ရောက်ကြတော့ ခင်စောမူ ကားပေါ်က ဆင်းပြီး ကိုမင်းအောင်မြင့်တို့ ရှိနေသည့် စားပွဲဆီ သွားလိုက်သည်။ ကိုမင်းအောင်မြင့်က ပြုံးတုံ့တုံ့။ အနားမှာ အသက်အရွယ်အရ ကြီးပြင်းဖြစ်သော်လည်း ကျန်းမာသန်စွမ်းပုံ ရသည့် လူကြီးတစ်ဦး ရှိနေသည်။ လက်ဖက်ရည်တစ်ခွက်စီ ရောက်တင် ချထားသော်လည်း လက်ဖက်ရည် မရှိကြတော့။ ခင်စောမူကို စောင့်ရင်း သောက်ပြီးကြဟန် တူသည်။ မောင်မောင်တင်ပါ ရောက်လာကာ စားပွဲမှာ ဝင်ထိုင်သည်။

"လာ...မခင်စောမူ...ဒါက ကျွန်တော်တို့ သစ်တောလုပ်ငန်းမှာ အားကိုးရတဲ့ ကျွန်တော်တို့ ဆရာတွေပဲ...သစ်တောအတွေ့အကြုံ ကြီးတယ်...အခုတော့ သစ်တောမှာ မလုပ်တော့ဘူး...ဗမာဆေး ဆရာကြီး ဖြစ်နေပါပြီ...အမေကောင်းလှရဲ့ သမက် ဦးဘကျင် ဆိုတာလေ...ဟိုရက်က တွေ့ချင်တယ်လို့ မောင်မောင်တင်ကို ပြော တယ်ဆိုလို့..."

ခင်စောမူက အလိုက်သင့်နှုတ်ဆက်ရပါ၏။ ပညာတတ် အရာရှိ ဟောင်းတစ်ယောက်ဆိုသော်လည်း တောသား လူရိုးကြီးတစ်ယောက်နှင့်ပင် တူတော့သည်။ တိုက်ပုံဟောင်းနှင့် ဖြစ်၏။ ဆံပင်တွေက နားသယ်စပ်မှာ ဖြူလျော်လျော်။ မျက်နှာက တည်တည်ကြည်ကြည်ရှိသည်။

"ကျွန်တော်က အလုပ်ဝင်တာ နောက်ကျပါတယ်...ယောကျ်မက သစ်တောအရာရှိဆိုတော့ နေရာပေါ်လာတာနဲ့ ဝင်လုပ်ရတဲ့သဘော ပါဗျာ...သစ်တောဌာနရောက်တော့ ပရဆေးဌာနမှာ ကိုင်လိုက်ရတာ ဆေးပင်တွေတာက် စိတ်သန်သွားခဲ့တာပါ...အဲသည်ကမှ ဆေးပညာကို လိုက်စားဖြစ်သွားတယ်...ခုတော့ ဗိန္ဓောဆရာပေါ့...သစ်တောနဲ့ ဝေးပါပြီဗျာ"

ဦးဘကျင်က သူ့ဘဝ အကြမ်းပြောပြနေသည်။ ခင်စောမူက ဦးဘကျင်နှင့် လူချင်းတွေ့ရပြီဆိုတော့လည်း ဘာပြောရမှန်းမသိ။ ဘာမေးရမှန်းလည်း မပေါ်လာ။ မေးရမှာကလည်း ကိုယ့်အကြောင်း ကိုယ့်ကိစ္စမဟုတ်။ တစ်ခါက သည်မြို့မှာ ရှိခဲ့ဖူးသော မိန်းမတစ်ယောက်အကြောင်းသာဖြစ်၍ ဦးဘကျင်ထံ

ဘယ်ကစ,မေးရမှန်းလည်း မသိ။ ခင်စောမူက သူတွေ့ခဲ့သည့် အမေကြေးစည် အကြောင်းကပဲ စ,ပြောခဲ့သည်။ ဒန်းပွင့်တို့အကြောင်းကိုတော့ ချွင်းချန်ထား ခဲ့ပါ၏။ အမေကြေးစည်ဆိုတာ ဘာလဲ၊ မစောညွန့်နှင့် ဦးကာလူး ဆိုသူတွေ ကကော...။ ဒါတွေ သိချင်လို့ အမေကောင်းလှနှင့်တွေ့ရန် စီစဉ်ခဲ့သော်လည်း ဆုံးပါးသွားသဖြင့် ဦးဘကျင်များ သိလေမလား မေးရခြင်းဖြစ်ကြောင်း ပြောပြ လိုက်သည်။ ကိုမင်းအောင်မြင့်နှင့် မောင်မောင်တင်ကတော့ ခင်စောမူကို ထူးဆန်း သလို ကြည့်နေကြသည်။ ဘာမှတော့ မပြောပါ။ သည်မိန်းမနှယ် ရောက် ကတည်းက စာရင်းကြောင်းမပြော၊ မစောညွန့်ကိုပဲ မေးနေပါရောလားလို့ ထွေးနေကြလိမ့်မည် ဆိုတာကိုလည်း ခင်စောမူ ရိပ်မိပါ၏။ ဦးဘကျင်က ခင်စောမူ အမေးကြောင့် ခဏတော့ တွေသွားသည်။ တော်တော်လေးကြာမှ စဉ်းစဉ်းစားစား ဖြေသည်။

"ကျွန်တော့်ယောကျ်မများက တနံ့ဆည်နယ်ဘက်ကပါ...ကျွန်တော် နဲ့ ကျွန်တော့်ဇနီး အိမ်ထောင်ကျတော့ပဲ အရွယ်ရကြပါပြီ...ကျွန်တော့် ယောကျ်မတွေနဲ့ ကျွန်တော့်မိတ်များနဲ့ ခင်မင်ကြလို့ စပ်ဟပ်ပေးစား ကြရာက အိမ်ထောင်ပြုဖြစ်ကြတယ် ပြောပါတော့...သည်ဘက်: သစ်တောနယ်ကို ကျွန်တော် အလုပ်ရတော့ ပြောင်းလာရတယ်...အခု ကိုမင်းအောင်မြင့်တို့ လုပ်ကွက်ရတဲ့ သစ်တောနယ် မဟုတ်ဘူး... သည်ကမှ တော်တော်သွားရတဲ့ ထုံးကြီးတို့၊ ကျွဲလူးအိုင်တို့၊ ဆင် ရေကန်တို့၊ နတ်မောက်အင်းတို့ ဘက်က သလွန်တော်ကြီးဝိုင်းဆိုတာ မှာ စ,ဝင်ရတယ်...တကယ့်တောခေါင်ခေါင် လူခေါင်ခေါင်ပေါ့ဗျာ... အနီးဆုံးက သမုန်းကျင်းဆိုတော့ ယောကျ်မ အမေကောင်းလှနဲ့ ဇနီးကို သည်မှာ ထားရတယ်...ကျွန်တော်က အဝေးမှာ ဆိုပါတော့"

"ဟုတ်ကဲ့ပါရှင်..."

"သည်လိုဗျ...ကျွန်တော့်ယောကျ်ထီးကြီးက တနံ့ဆည်မှာ နေတုန်း က ဆုံးကာနီးမှာ ကျွန်တော့်ကို သစ်တောဌာနထဲ သွင်းခဲ့တယ်... ကျွန်တော့် နဂိုအလုပ်က တောနယ်တွေဆင်းပြီး စပါးတို့၊ ပဲတို့

www.burmeseclassic.com

www.burmeseclassic.com

နှိုက်ရတဲ့အလုပ်ပါ...ပွဲစားတွေ လုနှိုက်ရတာဆိုတော့ ရတဲ့အခါလူ လွတ်တဲ့အခါ လွတ်ပေါ့...ရတဲ့အခါကျတော့ ဈေးကောင်းမိရင် ငွေ ရယ် ကြေးရယ်လို့ တစ်ဆုပ်တစ်ခဲ ရတတ်တယ်...အဲသည်ဘဝတ သစ်တောဌာနကိုရောက်တော့ စိတ်ပါလှတယ်မဟုတ်ဘူး...ငါးပိသည် ကျောက်ကောက်သလို ဖြစ်ရတာပေါ့ဗျာ...ကျွန်တော်တို့ ငယ်ငယ်က သည်ဘဏ်ကလို လမ်းရယ်လို့ တောင် အူကြောင်းကောင်းကောင်း ရှိတာမဟုတ်တော့ သစ်တောတစ်တောက တစ်တောကူရင်း ကုန်း ကြောင်းလျှောက်ရတာ မသက်သာပါဘူးဗျာ...ရွာကလေး ဘာလေး တွေ့ရင် နှစ်ရက်သုံးရက် နားကြရတယ်...သစ်နိုးခုတ်တာတွေဘာတွေ တွေ့တော့လည်း မပြောရဲဘူး...ပုဆိန်နဲ့ လွှနဲ့ ငမန်းစွယ်နဲ့ လည်နေ ကြတဲ့ လူကြမ်းတွေကိုး။ သိပ်လွန်လာတော့လည်း အထက် စာတင်ပြီး ရဲနဲ့ဘာနဲ့ ဖမ်းသင့်တာ ဖမ်းရတာပေါ့...ရွာတွေဆိုတာ အခုလို စည်စည်ကားကား ဘယ်ဟုတ်မလဲ...ကျိုးကျိုးကျဲကျဲပါ...သည်လိုနဲ့ တစ်နေ့တစ်နေ့ တောထဲတောင်ထဲ ပြီးရတာများတယ်... ယောကျ်ားမနဲ့ ဇနီးဆီတောင် နှစ်လသုံးလမှ တစ်ခေါက်ရောက်ရတာပါ...နောက် မြို့ကြီးကို ပြောင်းရတော့လည်း ယောကျ်ားမနဲ့ ဇနီးက လိုက်မနေဘူး... သည်မှာပဲ အခြေချကြတယ်...တစ်ခါတစ်ခါ လိုက်လာကြပေါ့ဗျာ"

"အဲသည်တုန်းက ဦးကာလူးဆိုတဲ့ သစ်တောအရာရှိက ရှိသေး သလား...အင်္ဂလိပ်ခေတ်မဟုတ်တော့ မရှိလောက်တော့ဘူးထင် တယ်"

"သည်လိုဗျ...ဦးကာလူးကို ရွာတွေက ကာလူးဘိုခေါ်ကြတယ်... လူက ဘိုရုပ်ပေါက်နေတာ တစ်ကြောင်းပေါ့...မျက်နှာနီစပ်စပ်နဲ့ မီ နီစပ်ဘိုလို့လည်း ခေါ်ကြတယ်...အရပ်ရှည်ရှည်ကြီးနဲ့ နှာခေါင်းက ကောက်ကောက်ကြီး...လူက ပေါ်တူဂီစပ်တယ် ဆိုပေမယ့် ဗမာပြည် ပေါက်ပါ...နိုင်ငံခြားသားမဟုတ်ဘူး...ဘိုနာမည်ကတော့ ကားလို့စ် ဆိုလားပဲ...ကျွန်တော်ရောက်တော့ ကာလူးဘိုက ဆုံးကာနီးပြီ...

တောထဲမှာ ဝက်ပက်သလိုလို ဆွေးရဲရဲ သဲရဲရဲအလောင်း တွေ့တာ ပဲ..တချို့က လူလုပ်တာလို့ ပြောကြပေမယ့် အမှုက သည်လိုပဲ ပြီးသွားတယ်...သူ မဆုံးခင် ဗမာမိန်းမ ခပ်ငယ်ငယ်တစ်ယောက်နဲ့ ယူလိုက်သေးတယ်...သည်လူက မယားများတယ်လို့ ပြောကြပေမယ့် သည်ဘက်တော့ ပါလာဘာ မတွေ့ပါဘူး...ဗမာမက တော်တော်စုံ ငယ်တယ်...ရုပ်ကလည်း ချောတယ်ဆိုတာပဲ သိလိုက်ရတာပဲ... မမြင်ဖူးလိုက်ဘူး...ရာထူးနဲ့ ဟိတ်နဲ့ ကောက်ယူလိုက်တာနေမှာ ပေါ့ဗျာ...နာမည်က မစောညွှန့် ဆိုလား..."

"ဆရာကြီးမိဘ ယောကျ်မများက မစောညွှန့်အကြောင်း ကောင်း ကောင်းသိကြတယ်ပြောလို့ ဆရာကြီးများ သိမလားလို့ပါ၊ရှင်... ဒါဖြင့်ရင် မစောညွှန့်ကကော ဘယ်ရောက်သွားတာလဲ"

"ကျွန်တော့်ယောကျ်မကတော့ သိကောင်းပါရဲ့...ကျွန်တော်က သည်မှာ မနေသလောက်ဆိုတော့ စကားလည်း မရောက်ခဲ့ပါဘူး... ကျွန်တော့် ယောကျ်မကလည်း ပြောခဲ့တာ မရှိဘူး...ကျွန်တော့်ဇနီး ကလည်း ရိုးရိုးအေးအေး...နူတ်ကလည်း နည်းလေတော့ သိလေ သလား၊ မသိလေသလား မပြောတတ်ဘူး...ကျွန်တော် မေးကြည့်ပါ ဦးမယ်...ဆရာမက ဘာသိချင်တာလဲ"

လက်ဖက်ရည်ဆိုင်ကလေးထဲမှာ လူများများမရှိ။ အငွေ့တထောင်း ထောင်းထနေသော ရေနွေးအိုး နှပ်အိုးတွေကလွဲ၍ ပကတိ ငြိမ်သက်လျက် ရှိ၏။ ပိုင်ရှင်ကိုလည်း မမြင်။ ဆိုင်က သွပ်ပြားကြမ်းကာ ဆိုင်ခန်းဖြစ်၍ တွင်းမှာ ပူလောင်နေသည်။ ညနေစောင်းကာနီးလေပြီ။ ခင်စောမူက နာရီကို သိမသာကြည့်တော့ လေးနာရီ...။

"ကျွန်မပြောခဲ့သလိုပါပဲ ဆရာရယ်...မစောညွှန့်ကို ပေးလိုက်စမ်းပါ ဆိုတဲ့ ကျောက်ပြားကလေးက ကျွန်မဆီမှာ သောင်တင်နေလေတော့ ကိုယ်ထိလက်ရောက် ပေးချင်တာပါ...အရေးကြီးလှချည်ရဲ့လည်း မဟုတ်ပါဘူး...မတွေ့တော့ရင် မပေးရုံပေါ့...သည်မှာ တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com

သလောက် မေးတော့လည်း မသိကြဘူး...သိတဲ့လူတွေတော့ ရှိ
ပေါ့ရှင်...အမေကြီးကောင်းလှက သိတယ်ဆိုလို့ မေးမယ် မေးမယ်
ခမျာ ဆုံးသွားရှာတော့ အဆက်ပြတ်ပြီ အောက်မေ့ရာက ဆ
မေးကြည့်ဖို့ ဖြစ်လာတာပါ"

"ကျောက်ပြားကလေး ပါလာရင် ကြည့်ပါရစေ..."

ခင်စောမူက လွယ်အိတ်ထဲက ကျောက်ပြားကလေး ထုတ်ယူ
ဦးဘကျင်လက်ထဲ ထည့်ပေးလိုက်သည်။ ဦးဘကျင်က လက်ထဲမှာ
ထတောက်လိုက်သလို ဘယ်လက်ဖဝါး၊ ညာလက်ဖဝါး ကူးကာ ကူ
အပြန်ပြန်အလှန်လှန် ကြည့်လေ၏။ ဗိန္ဓော ပရဆေးဆရာဆိုတော့ ကျွ
ပြားကလေးပေါ် ရေးထားသည့်စာကို သိချင်လည်း သိနိုင်သည်။ မဆိုနှ
တော့လည်း ခင်စောမူ သဘောပေါက်ပါ၏။ သို့သော် ဦးဘကျင် ဘာပြော
ဆိုတာကို စိတ်ဝင်စားမိသည်။ ဦးဘကျင်က ကိုမင်းအောင်မြင့်လ
ထည့်ပေးသည်။ ကိုမင်းအောင်မြင့်ကလည်း အပြန်ပြန်အလှန်လှန် ကြည့်
လေ၏။ ကိုမင်းအောင်မြင့်က စကားတစ်ခွန်း ဝင်ပြောသည်။

"သည်ဘက်နယ်မှာ တော်တော်အသုံးများတဲ့ ပစ္စည်းကလေး
များသောအားဖြင့်တော့ ဆေးမင်ကြောင်လို ထိုးကြတာ များတ
ဂိုဏ်းတံဆိပ်နဲ့တူပါရဲ့...မခင်စောမူပြောတဲ့ အမေကြေးစည်ဆို
သည်ဘက်နယ်တွေမှာ သိပ်ကိုအားထားကြတယ်...သည်လို ထု
ပြားမျိုးကိုတော့ လူရင်းတွေမှ ရကြတာလို့ ကြားဖူးတယ်...ကျွန်
တို့ သစ်တောထဲက ဘကြီးဒိုးလုံးနဲ့ မခင်စောမူတွေ့ရင် ထ
ကောင်းသိရမှာပဲ...အဘိုးကြီးက ရှေ့မီ နောက်မီဗျ..."

ဦးဘကျင်က ကိုမင်းအောင်မြင့်လက်ထဲက ကျောက်ပြားက
ပြန်ယူပြီး သူ့အိတ်ထဲက လက်ကိုင်ပဝါသန့်သန့်ဖြင့် သုတ်သည်။ အလင်း
ဘက်ကို ထောင်ကြည့်သည်။ ခပ်စောင်းစောင်းထားကာ ခပ်ဖွေးဖွေးကြည့်ထ
ထူးဆန်းတာတော့ မပါပါ။ စတုရန်းလက်မဝက်စာ ကျောက်ပြားကလေး
အကွက်ကိုးကွက် အင်းကွက်ကလေးသာ ရေးထားခြင်းဖြစ်၏။ ကျောက်

ကလေးက လူသွေးထားပုံ မရပဲ သဘာဝကျောက်ပြားကလေးလို ညီညီညာညာ
ပြားတားတားကလေး ဖြစ်သည်။ ဦးဘကျင်က တစ်ခုတစ်ရာ သတိရသလို
ပြောပြန်လေသည်။

"ကျွန်တော် တာဝန်ကျတဲ့ သလွန်တော်ကြီးဝိုင်း အနောက်ဘက်မှာ
သလွန်တော်ရွာနဲ့ သလွန်တော်ချောင်းဆိုတာ ရှိတယ်...အဲသည်
ချောင်းမှာ ချေး(ကြေး)တွန်းကျောက်ခေါ်တဲ့ ကျောက်ပြားချောချောတွေ
အင်မတန် ပေါတာကိုဗျ...အရောင်ကလည်း အာလူးခွဲရောင်၊ ငုံညင်း
ဒိုးရောင်၊ မဟူရာရောင် စသဖြင့် အမျိုးမျိုးပဲ...၊ ဒါ...သလွန်တော်
ကျောက် ဖြစ်ဖို့များတယ်"

ခင်စောမူက နီးသလားမေးတော့ အဝေးကြီးဟု ပြောပြသည်။
ကိုမင်းအောင်မြင့်တို့ သစ်တောကြီးနှင့် ဝေးလှသော အခြားသစ်တောကျွဲကျဲ
တစ်တောသာဖြစ်၍ ရှေးကတော့ သစ်ကောင်းဝါးကောင်းတွေ ထွက်ခဲ့ဖူးသည်
ဟုဆို၏။ ခင်စောမူက ခုထိတော့ ဦးဘကျင်ဆီက ဘာမှ ရေရေရာရာ ကြားရ
တာ မရှိသေးတာကို သတိထားမိသည်။ မစောညွှန့်နှင့်ပတ်သက်လို့ သူလည်း
သိပုံမရ။ သူ့ခမျာ နာရေးကလည်း ရှိနေတော့ ခင်စောမူ အားနာသွားသည်။
ကိုမင်းအောင်မြင့်တို့လည်း ပြန်ရဦးမှာ ရှိသေးသည်။ စကားနည်းနည်းပြော
ပြီးလျှင် ပြန်ဖို့ စိတ်ကူးလိုက်သည်။

"ကျွန်တော်လည်း နားတော့ လည်လှတယ် မဟုတ်ပါဘူး...သို့သော်
လောကီပညာတွေမှာ အင်းအိုင်ခလုံ့ လက်ဖွဲ့ဂါထာမန္တရားဆိုတာ
တွေက ရှိလည်းရှိတယ်...စွမ်းလည်းစွမ်းတယ်...သို့သော် အကောင်း
စွမ်းရှိသလို အဆိုးစွမ်းများလည်း ရှိလေတော့ ခက်သားပဲ...
သိဖို့ခက်တယ်...ဒါကတော့ သဗ္ဗသိဒ္ဓိအင်းထင်တယ်...အလုံးစုံ
ပြီးတဲ့အင်း ဖြစ်မယ်...အင်းသွင်း၊ မှော်သွင်း၊ စမသွင်း၊ နတ်သွင်း
ဘူးသွင်း၊ စုန်းသွင်း၊ အပင်းသွင်း ဆိုတာတွေကတော့ ဒုက္ခပေးတာ
တွေပေါ့ဗျာ"

"ဟုတ်ကဲ့ပါ..."

www.burmeseclassic.com

www.burmeseclassic.com

"နေဦးဗျ...ကျွန်တော်မှတ်မိတာတစ်ခုတော့ ရှိတယ်"

ဦးဘကျင်က မျက်လုံးတွေ မှေးထားရင်းက ခုနစ်တွေ၊ လတွေ နောက်ကြောင်းပြန်ရစ်သလို ရစ်နေခဲ့ပါ၏။ ဦးဘကျင် အသက်ပင် ခြောက်ဆယ် ကျော်လောက် ရှိမှာဆိုတော့ လွန်ခဲ့သည့် အနှစ်သုံးလေးဆယ်က ဘဝပုံရိပ်တွေ ကို ပြန်လည်ဆက်စပ်နေပုံပင်။ ကိုမင်းအောင်မြင့်ကတော့ သည်ကနေ့ မပြော ရလည်း ကိစ္စမရှိ။ ခင်စောမူ သိချင်တာတွေ သိပါစေတော့ဆိုသည့် မျက်နှာထား အေးအေးဆေးဆေး ရှိနေလေ၏။ မောင်မောင်တင်ကတော့ လူငယ်ပီပီ စကား တွေကို သိပ်စိတ်ဝင်စားပုံမရသော်လည်း ခေါ်လာမိမှတော့ ပြောကြပါစေ သဘောထားပုံရသည်။

"ကျုပ်တောင် ငယ်ပါသေးတယ်...သလွန်တော် သစ်တောကြီးမှာ ကနေ ကျောက်တန်းဆိုတဲ့ရွာကို လှည်းကြုံတစ်လှည့် ခြေကျ တစ်လှည့် ကျုပ် ပြန်ခဲ့တဲ့တစ်ရက်မှာ ကြုံခဲ့ရတာပါ...ကျုပ်နဲ့ လှည်း သမား စကားတွေပြောလာတော့ ကာလူးဘိုနဲ့ မစောညွန့် ဓာတ်ပေါင်းစုစေတီမှာ ဇရပ်လှူတဲ့အကြောင်း စကားရောက်သွား တယ်...ကျွန်တော်ကတော့ သိတာ မဟုတ်ဘူး...လှည်းဆရာ ပြောတာ...အာရုံခံဇရပ် ဆောက်လှူတော့ တစ်နယ်လုံးက လူ လာကြည့်ကြတဲ့အကြောင်း...ကာလူးဘိုက မယားကို ချစ် ငွေကုန်ကြေးကျခံပြီး လှူတာဖြစ်ကြောင်းတွေ လှည်းသမားက ပြော တာ မှတ်မိတယ်...သိပ်မကြာပါဘူး...နှစ်နှစ်လောက်ရှိ ကာလူးဘို သေတယ် ကြားရတာပဲ...တောထဲမှာ သေတာပါ တစ်ကိုယ်လုံး အမဲဖျက်ထားသလို ပေါက်ပြဲပြီး သေနေတာတဲ့ မစောညွန့်ကလည်း သည်ကတည်းက ပျောက်သွားလိုက် ဘာသတင်းမှ မကြားရတော့ပါဘူး...သမုန်းကျင်းနဲ့တော့ အဆက် အစပ် ရှိပုံရပါရဲ့...ဖြစ်နိုင်တာက မစောညွန့် မရှိလောက်တော့ ဘူး...ရှိရင် ကျုပ်တို့ ကြားရမှာပေါ့...ဆရာမကို မီးရထားပေါ်မှ

အမေကြေးစည်က ကျောက်ပြားပေးလိုက်တာက ရှိသေးတယ်ထင်လို့ နေမှာပေါ့...ကျွန်တော်ထင်တာ ပြောတာပါ"

ဒါလည်း ဖြစ်နိုင်သည်။ လူတစ်ယောက် သည်လောက် စုပ်စမြုပ်စ ပျောက် စရာမရှိ။ တောထဲမှာ လင်သေပြီးသည့်နောက် မိန်းမချော ဆိုသူ မစောညွန့်လည်း တစ်စခန်းရပ်သွားတာ ဖြစ်နိုင်သည်။ အခြားမြို့တစ်မြို့ကို ရောက်ပြီး အိမ်ထောင်ကျ သွားရာက ဘဝမြှုပ်လိုက်တာလည်း ဖြစ်နိုင်သည်။

"မစောညွန့်က အခုရှိရင် အသက်ဘယ်လောက်လောက်ရှိမလဲ ဆရာကြီး"

"မပြောတတ်ဘူးဗျ...ကျုပ်က မြင်ကိုမမြင်ဖူးလိုက်တာ...တစ်ခုတော့ ရှိတယ်...ကျုပ်အသက်သုံးဆယ်လောက်က ယောကျ်ားရတာဆိုတော့ ကျုပ်ထက်ငယ်ရင် ဆယ်နှစ် ဆယ့်ငါးနှစ်ပေါ့...အခုရှိရင် ငါးဆယ်... ငါးဆယ်ကျော်ရော့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်...အချိန်လည်း လင့်ပါပြီ... ကျေနပ်ပါပြီ...ဆရာကြီး ဘဝအတွေ့အကြုံတွေတောင် မေးချင်ပါ သေးရဲ့..."

ဆရာကြီး ဦးဘကျင်ကို မောင်မောင်တင်က တစ်ခေါက်ပို့နှင့်သည်။ ကိုမင်းအောင်မြင့်နှင့် ခင်စောမူတို့သာ လက်ဖက်ရည်ဆိုင်ထဲမှာ ငုတ်တုတ်။ သည်တော့မှ စာရင်းကိစ္စတွေ ပြောရပါ၏။ ကိုမင်းအောင်မြင့်က ခေါင်းတညိတ် ညိတ်။ ခဏနေတော့ မောင်မောင်တင် ပြန်ရောက်လာသည်။ ခင်စောမူကို ငြိန်ပို့ရမည်။ မောင်မောင်တင်နှင့် ကိုမင်းအောင်မြင့်တို့ တိုင်ပင်နေကြတာကို နားမထောင်ကောင်းသဖြင့် ခင်စောမူ ဆိုင်အပြင်ထွက်လာခဲ့သည်။ အပြင်မှာ နိုးကြီးပင် ချုပ်နေပေါ့။ မြို့ကလေးသည်လည်း ငြိမ်ဆိတ်သွားလေပြီ။ လှည်း တစ်လှည်း လူတစ်ယောက်မျှပင်မရှိသော လမ်းက ရှင်းလင်းနေပါ၏။ မီးလုံး ဝါးလေးတွေက မှိန်မှိန်။ ကိုမင်းအောင်မြင့် ထွက်လိုက်လာတာကို မြင်တော့ ခင်စောမူ လှည်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ တော့ ဘန်ဂလို ပြန်အိပ်ကြတော့မယ် မခင်စောမူ ပြန်ရင်လည်းဖြစ်ပါတယ်လေ...ဒါပေမဲ့ နားလိုက်ချင်ကြလို့ မခင်စောမူ ကျွန်တော်တို့နဲ့ လိုက်မလား...တည်းအိမ် ပြန်သလား...အားမနာပါနဲ့ဗျာ"

သည်တစ်ခါလည်း သူ့ကြောင့် မိုးချုပ်သွားလို့ ဘန်ဂလိုမှာ တည် စီစဉ်တာဖြစ်မည်။ အားနာမိရပြန်ပါ၏။ ခင်စောမူက ဘန်ဂလိုကို မ ချင်တော့။ တည်းအိမ် ပြန်တာထက်စာလျှင်တော့ ကိုယ့်မိတ်ဆွေတွေနဲ့ ပြောနိုင်သည်။ လင်းလင်းချင်းချင်း သန့်သန့်ရှင်းရှင်း နေနိုင်မှန်းလည်း သိ တစ်ခုရှိတာက စာရင်းတွေ...။ မသိမ်းခဲ့ရသေး။ အိမ်ရှင်ကို မပြောခဲ့ရ ကလည်း ရှိသည်။ ကြုံသလိုသွားလာ၊ ကြုံသလိုအိပ်သည့် မိန်းမလို့ ထင် လည်း စိုးရသေးတာ မဟုတ်လား။ ဝေခွဲမရ။ ဘယ်လို အကြောင်းပြရ လည်း မသိ။ ကိုမင်းအောင်မြင့်တို့က ဘန်ဂလိုကို လိုက်အိပ်ပါလို့ ပြော မဟုတ်။ သူတို့ ပြန်အိပ်မည်လို့သာ ပြောခြင်းဖြစ်သည်။ လိုက်မလား၊ လိုက် လိုက်ခဲ့လေ ဆိုသည့်သဘောသာ ပြောနေသည်။ မိန်းမသားဆိုတော့ တစ် ထင်မှာ စိုးတာဖြစ်ပါလိမ့်မည်။

"လိုက်လည်းလိုက်ချင်တယ်...စာရင်းစာအုပ်တွေက ပစ်ထားခဲ့တာ မောင်မောင်တင် လိုက်ခေါ်တာနဲ့ ခဏလဲ့ရာက ကောက်လိုက်လား ဆိုတော့ သိမ်းရဆည်းရဦးမယ်...ဒေါ်ခင်မေသီကိုလည်း ပြော ကောင်းမှာလေ..."

"ရပါတယ် မခင်စောမူရဲ့...ဒေါ်ခင်မေသီကို ကျွန်တော်တို့ လိုက် ကြမယ်လေ...အားလုံးပြီးမှသွားရင် ဖြစ်တာပဲ...မခင်စောမူ သ ပါဗျာ"

"ကောင်းပြီလေ..."

ခင်စောမူစိတ်တွေက မလိုက်ချင်သော်လည်း လိုက်ဖို့ရာ တွန်း တစ်ခုခု အပေးခံနေရသလိုပင်။ တည်းအိမ်ကို ပြန်ရောက်တော့ ဒေါ်ခင်

နေသည်။ ဆက်တီပေါ်မှာ ထိုင်ရင်း မျက်မှန်တပ်ကာ မီးလုံးဆောင်ခြင့် အုပ်တစ်အုပ် ဖတ်နေသည်။ အိမ်နေရင်း လက်ပြတ်အင်္ကျီဘလောက်စ်နှင့် ကြော့ကြော့ ထိုင်နေခြင်း ဖြစ်ပါ၏။ ခင်စောမူနှင့်အတူ ကိုမင်းအောင်ခြင့် ပါပါ တွေ့လိုက်ရတော့ စာအုပ်ကိုချကာ ပြင်ထိုင်သည်။ ခင်စောမူက အကျိုးအကြောင်းပြောပြရင်း ဘန်ဂလိုမှာ ညအိပ်မည့်အကြောင်း ပြောပြပါ၏။ ဒေါ်ခင်မေသီက ပြုံးထော့ထော့။ သည်အပြုံးကို ခင်စောမူ သဘောမတွေ့သော် လည်း ပြောစရာရှိတာကို ပြောခဲ့ပြီး အခန်းတွင်းဝင်ကာ အဝတ် အစားအပို ထုပ်ယူလာခဲ့သည်။ မနက်စောစော ရေမိုးချိုးပြီး လဲရန်ဖြစ်သည်။ ကိုမင်းအောင်မြင့်က ခင်စောမူကို စောင့်ရင်း ဆက်တီမှာ ဝင်ထိုင်သည်။ ဒေါ်ခင်မေသီနှင့် စကားတွေ ပြောနေခဲ့သည်။ ဒေါ်ခင်မေသီအသံက ခပ်ခွဲခွဲ။

"ဆရာတို့က တောထဲတောင်ထဲ အချိန်မတော် အချိန်တော် သွားလာ နေရတော့ တောသူ သားရဲနှင် ဂါထာတို့...မြွေဆိပ်ချဂါထာတို့... မြွေလမ်းလွှဲဂါထာတို့...နတ်ချစ်ဂါထာတို့...ရန်မကြစည်နိုင်ဂါထာ တို့...ရန်နိုင်ဂါထာတို့ ပေးရဦးမယ်...အမှုခပ်သိမ်း နိုင်တဲ့ဂါထာ ကစ,လို့ ဂါထာကိုးဆယ် ကျွန်မပေးမယ်...ယုံယုံကြည်ကြည် လက်စွဲ ပါရှင်"

"ယုံကြည်ပါတယ်ဗျာ...လိုလည်း လိုချင်ပါတယ်...တစ်ရက် သပ်သပ်လာပါဦးမယ်"

"ညနေက အမေကောင်းလှသမက် ဗိန္ဓောဆရာ ဦးဘကျင်နဲ့ တွေ့ ကြတာ အဆင်ပြေရဲ့လား...သူတို့ကတော့ ဆေးဝါးသက်သက်ပေါ့ လေ...ဘယ်သူများ ဘာရောဂါဖြစ်လို့ပါလိမ့်"

ခင်စောမူပင် အခန်းထဲက ထွက်မည်အလုပ် လန့်သွားခဲ့ရ ည်။ နှစ်တော့ မဆန်းပါဘူးလေ။ မြို့ကလေးက ကျဉ်းကျဉ်းဆိုတော့ တစ်ယောက် ဟုတ်တစ်ယောက် မြင်နိုင်တာပဲ မဟုတ်လား။ ဒေါ်ခင်မေသီက ဘာမှန်းသိပုံ မသော်လည်း ရှင်တို့လုပ်နေတာတွေ မြင်တယ်ဆိုသည့် လေတော့ ပါပါ၏။ ထလည်း ခင်စောမူကို ပြောတာပဲလား။ သည့်ထက် ပိုတွေးလျှင် ည်း

www.burmeseclassic.com

www.burmeseclassic.com

ခြေမရွှပ်နဲ့.လို့များ ဆိုလိုရော့လား။ ခင်စောမူက အခန်းအပြင် ထွက်လိုက်သည်။ ဘာမှတော့ ပြောမနေတော့ပါ။ ကိုမင်းအောင်မြင့်ကသာ အလိုက်သင့်ဖြေသည်။

"ကျွန်တော့်အလုပ်ထဲက ဝန်ထမ်းတွေအတွက် အိမ်သုံးဆေး နည်းနည်းပါးပါး လိုချင်လို့ မေးတာပါ...ဆရာကြီးဆေးတွေက ကောင်းတယ်ခင်ဗျ"

"ကိုမင်းအောင်မြင့်...သွားကြစို့...အမေသီ လိုက်သွားလိုက်ဦးမယ်"

"ကောင်းပါပြီရှင်"

ခင်စောမူက စကားကြောဖြတ်ပြီး နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။ ဒေါ်ခင်မေသီက ဖတ်လက်စစာအုပ်ကို ကောက်ကိုင်ကာ ချွတ်ထားသည့် မျက်မှန်ကို ပြန်တပ်သည်။ လေ့ကားထစ် မှောင်မှောင်ကအဆင်း ခင်စောမူ ခြေချော်သွားသဖြင့် ကိုမင်းအောင်မြင့်က ဆီးဖက်ထားလိုက်ရသည်။

"အို..."

တော်ပါသေးရဲ့...မောင်မောင်တင်က ရှေ့က ဆင်းနှင့်လို့...။ မှောင် မှောင်မည်းမည်း လေ့ကားမတ်မတ်ပေါ်မှ ယောကျ်ားသားတစ်ဦး၏ တင်းကျပ်သော ပွေ့ဖက်မှုကို ခံလိုက်ရသဖြင့် ခင်စောမူ မွန်ထူသွားခဲ့ရသော်လည်း မောင်မင်းကြီးသား ရှိလို့သာပေါ့လို့သာ အောက်မေ့မိရပါ၏။ ကိုမင်းအောင်မြင့်သာ မရှိလျှင် ကျိုးပဲ့သွားနိုင်သည်။ အရှုပ်တစ်ရှုပ် ပစ်ချလိုက်သလို ရှိရော့မည်။ အခန်းတွင်းသို့ ဒေါ်ခင်မေသီ ပြောလိုက်သည့်စကားကြောင့် ခင်စောမူ ရင်အောင့်သွားခဲ့ရပါ၏။ လေ့ကားအဆင်းမှာ ခင်စောမူ ခြေခေါက်လဲပြိုလုလု ဖြစ်သွားတာကို သိလိုက်ပုံပေါ်ပါ၏။

"သတိထား မခင်စောမူရေ...ခြေလှမ်းများဟာ များတတ်တယ်"

သည်စကားက ဘာစကားလဲ...။ ကိုမင်းအောင်မြင့်နှင့် အသွားအလာ သည်လောက်များနေရင် ခြေလှမ်းများလိမ့်မယ်လို့ ပြောတာလား။ သမုန်းကျင်းမြို့ဟောင်းကို ရောက်လာပြီး သူ့ကိစ္စမှာ ခြေဝင်မရှုပ်နဲ့နော်လို့ သတိပေးလိုက်တာလား။ ဒေါ်ခင်မေသီကိုယ်တိုင်မှပဲ သိလိမ့်မည်။

* * *

ဘန်ဂလို အဝင်လမ်းက ထုံးစံအတိုင်း မှောင်ပိန်းလျှက်ရှိ၏။ ပကတိ စိတ်ဆိတ်သော ပတ်ဝန်းကျင်ဆိုတော့ ညသည် ငြိမ်သက်လျက်ရှိပါသည်။ ခင်စောမူတို့ ကားဝင်လာတော့ ကိုယ့်ရော မဌေးပါ အလုပ်ရှုပ်ကုန်ကြတော့သည်။ သည်လိုနေ့မှာ လာကြလိမ့်မည်မထင်တာလည်း ပါမည်။ ခါတိုင်းဆိုလျှင် သည်လို ညစောစောမှာ သစ်စခန်းအရောက် ပြန်ကြတာ များလေတော့ မျှော်လင့်ထားကြခဲ့မရ။ ခင်စောမူပါ ပါလာတော့ မဌေးက ဝမ်းသာသွားသည်။ ခင်စောမူက ဆင်းချိုင့် ပြန်ယူမလာမိကြောင်း တောင်းပန်သည်။ ခင်စောမူ သတိတော့ ရသေးသည်။ သို့သော် ဟင်းတွေက ကျန်သေးတာဆိုတော့ အေးစုတို့ စားနိုင်အောင် ချန်ထားခဲ့ခြင်း ဖြစ်၏။ ခင်စောမူ စာအုပ်တွေကို အေးစုက သိမ်းနှင့် ပြီးပြီဆိုတော့ စိတ်ဖြောင့်လက်ဖြောင့် လိုက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

"ဆရာမ...ထမင်းချိုင့် အဆင်ပြေရဲ့လား...ကျွန်မတော့ ချက်တတ်သလို ချက်တာပဲ"

"ကောင်းပါ့ရှင်...ထမင်းတွေ ဟင်းတွေ များလွန်းတော့ တည်းအိမ်က ကလေးမတွေတောင် စားရသေး..."

"ဆရာက လုံလုံလောက်လောက် ချက်ပို့ရမယ် မှာထားတာ အစ်မရဲ့..."

"ရှင်တို့ ဆရာတပည့်တွေကျေးဇူး မခမဲ့ပါဘူး မဌေးရယ်...ရန်ကုန် ရောက်အောင် လာခဲ့ကြဦး...ကျွန်မလက်ရာ ချက်ကျွေးမယ်"

မဌေးက ရယ်သည်။ ဆရာတွေ ရောက်လာတာဆိုတော့ ဘန်ဂလို ဆေမှာ ကိုပု အလုပ်တွေ များရတော့သည်။ အိပ်ရာတွေခင်း၊ ရေစည်တွေ ဖြည့်၊ ဧည့်ခန်းရှင်း။ ခင်စောမူက မဌေးနှင့်အတူ အောက်မှာပဲ ဝိုင်းကူ ဦးကိုက်သည်။ ကိုမင်းအောင်မြင့်တို့အတွက် ရေနွေးကြမ်းနှင့် လက်ဖက်သုပ် အရင်ပို့နှင့်ရသည်။ ဟင်းချက်စရာတော့ ရှိပုံရသည်။ မဌေးက ရေခဲသေတ္တာထဲမှ ငါးသေတ္တာဘူးတွေ ထုတ်သည်။ ဂေါ်ဖီထုပ်နှင့် ကြက်ဥကြော်မည်။ ဆွန်တန်

www.burmeseclassic.com

www.burmeseclassic.com

ဟင်းချို ငရုတ်စိမ်းမွှေးမွှေးနှင့် သောက်နိုင်အောင် ပြင်ဆင်သည်။ ချက်ထားသည့် ငါးဘတ်ငါးပိတစ်ချက်လည်း ရှိသည်ဆို၏။ ခင်စောမူက ဟင်းစပ်ကို ကြားတာနှင့်ပင် စားချင်လှပြီ။

"ကိုပု တူတစ်ယောက် ရောက်နေလို့ ဆရာမရေ...ခုပဲ ငါးဘတ် ငါးပိတစ်ချက်နဲ့ ကျွန်မတို့တစ်တွေ စားပြီးကြတယ်...မနက် ထမင်းပါ ကြော်ရအောင် ဆန်ငါးဘူး ချက်လိုက်မယ်"

မဌေးက မနက်အတွက်ပါ စဉ်းစားပြီးသား။ ခဏနေတော့ ကိုပု ပြန်ဆင်းလာသည်။ မဌေးက အိမ်ပေါ်ပြန်တက်သွားကာ ကိုပု လုပ်ထားကိုင်ထားတာတွေ တစ်ခေါက်တက်ကြည့်သည်။ ကိုပုက သည်အချိန်ဆိုလျှင် မူးတတ်တော့ စိတ်ချလက်ချရှိအောင် သွားကြည့်ခြင်းဖြစ်သည်။ ပြန်ဆင်းလာတော့ ဗျစ်တောက် ဗျစ်တောက်။ အိပ်ရာခင်းတွေခင်းတာ ရွဲ့နေလို့ ပြင်ခဲ့ရသည် ဆို၏။ ခင်စောမူက မဌေးကိုကြည့်ပြီး သဘောကျမိသည်။ အလုပ်ကို မခိုမကပ် မပျင်းမရိ လုပ်ကိုင်တတ်သလောက် ဧစေပ်သေချာလှသူ ဖြစ်သည်။ သည်ကြားထဲ နေ့လယ်ဘက် ဈေးရောင်းထွက်နိုင်သေးသည်။

"ကိုပုရယ်...သပ်သပ်ရပ်ရပ်ရှိမှပေါ့...ဆရာက သဘောကောင်းလို့သာ တော်တော့်တယ်...ရန်ကုန်က သူဌေးတွေလာရင် ဘယ်နှယ့် လုပ်မလဲ...တော်မနိုင်လည်း မောင်ပုံ့ကို ခေါ်လုပ်ရောပေါ့...ကတည်း...မျက်နှာကို မလှဲရဘူး"

"မောင်ပုံက တောသား...ဘာလုပ်တတ်မှာတုံးဟ...နင့်နယ်..."

"တော်ကတော့ မြို့သားလား ..နေဦး...တော် ကွမ်းစားလိုက်ဦး...ဆရာ အရက်နဲ့ ရသွားဦးမယ်"

လင်မယားနှစ်ယောက် ပြောနေကြတာကို ခင်စောမူ ရယ်နေမိသည်။ ခင်စောမူက ဂေါ်ဖီထုပ်တွေကို အနေတော်လှီးရင်း ကြားနေရခြင်းဖြစ်၏။

"မောင်ပုံက ဘယ်သူလဲ မဌေးရဲ့..."

"စောစောက ကျွန်မပြောတဲ့ ကိုပု တူလေ...တောကပါ...မနက်က ရောက်လာလို့...တစ်ရက် နှစ်ရက်တင်ပါ...ကောင်လေးက ပြန်မှာလို့ ပြောတာပဲ"

"ကိုပုတို့က တောဆက်လား...ဘယ်ရွာကလဲ..."

"ကိုပုက တစ်ရွာပါ ဆရာမရယ်...သူ့တူက မိုးနံ့က...မိုးနံ့ဘုရားပွဲ ဆိုရင် ကျွန်မတို့ နှစ်စဉ်သွားတာလေ...ဆရာ့ခွင့်တောင်းပြီး သုံးလေးရက် သွားကြတာ...ပျော်စရာကောင်းတယ်"

မိုးနံ့...။ ကိုပုတူ မောင်ပုံ့...။ ခင်စောမူ မိုးနံ့က လှည်းထောင်သမား မောင်ပုညကို သတိရလိုက်သည်။ မောင်ပုည ပျောက်နေသည် သတိထားပါရန် သူ့ကို စာတိုကလေးထဲက အချက်ကိုလည်း ဖျတ်ခနဲ သတိရလိုက်ပါ၏။ ကိုပုတူ မောင်ပုံ့ကတော့ မောင်ပုညကို သိနိုင်လောက်သည်။ ဆိုက်ဆိုက်မြိုက် ဆိုသော ရောက်လာသည့် မိုးနံ့သားကို ခင်စောမူ တွေ့ချင်သည်။ စကားတစ်စွန်းတစ်စရ နည်းရော့လား။ ခင်စောမူက ကိုပုကို လှမ်းမေးလိုက်သည်။

"ကိုပု...ဘယ်မှာလဲ မောင်ပုံက..."

"ရှိပါ့ဗျာ...သည်ကောင် ဘယ်ရောက်နေပါလိမ့်...နေဦး ကျုပ် သွားရှာဦးမယ်"

"အရေးမကြီးပါဘူး ကိုပုရဲ့...နောက်မှပါ"

"မရဘူး...သည်ကောင့်ကို ခိုင်းရဦးမှာ..."

ကိုပု ထွက်သွားသည်။ ခင်စောမူနှင့် မဌေးတို့နှစ်ယောက် ချက်ပြုတ်ရာကို ကိုမင်းအောင်မြင့် ရောက်လာသည်။ ခင်စောမူကို မလုပ်ပါနဲ့ တားနေသော မဌေးက မခိုင်းကြောင်း၊ စောစောစီးစီးကျက်အောင် ဝိုင်းကူနေကြောင်း ပြောရပါ၏။ ကိုမင်းအောင်မြင့် တက်သွားတော့ ကိုပု ပြန်ရောက်လာသည်။ မောင်ပုံက စည်သည်တွေလာမှန်းသိလို့ ရေတွင်းကုန်းဘက် သွားနေကြောင်းကို ပြောနေသည်။ ခင်စောမူ တစ်ခါက လျှောက်ကြည့်ရင်း တွေ့ခဲ့သည့် ကွင်းဖြစ်လိမ့်မည်။ ကိုပုနောက်က လူငယ်တစ်ယောက် ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com

တောသားလူငယ်ဆိုသော်လည်း ညိုညိုမြောင်းမောင်း ရုပ်ရည်သန့်ပြန့်သူ ဖြစ်သည်။ ခင်စောမူကို ရွက်နေဟန်ဖြင့် မျက်နှာကို ချထားပါ၏။ မင်္ဂေးက မောင်ပုံ ဝင်လာတော့ လှမ်းပြောသည်။

"သူပဲ...သူပဲ...ကိုပု အစ်မသား...၊ အစ်မဝမ်းကွဲပါ...မောင်ပုတဲ့... နာမည်ရင်းက ပုည..."

"ရှင်...ဘယ်သူ..."

"မောင်ပုည...တဲ့"

ခင်စောမူက မတ်တတ်ရပ်နေသူ မောင်ပုညကို မော့ကြည့်လိုက်သည်နှင့် မိုးနံ့က မောင်ပုည...။ သေချာအောင်မေးတော့ လှည်းထောင် မောင်ပုည ဖြစ်နေခဲ့သည်။ ဒါဖြင့် ဒန်းပွင့်ရည်းစားပေါ့။ ခင်စောမူက ဂေါဖီထုပ်ကို ချက်ချင်း လက်သွားဆေးသည်။ သည်ကနေ့ည လိုက်လာတာ ဟန်ကျသွားခဲ့ပြီ။ ခင်စောမူက လက်သုတ်ရင်း နေရာထိုင်ခင်းကို ကြည့်သည်။ ဘန်ဂလိုအောက်မှာ စားပွဲ ဘစ်လုံးနှင့် မျက်နှာချင်းဆိုင် ခုံတန်းရှည်နှစ်လုံး ချထားသည်။ တစ်ခါထဲ ခင်စောမူတို့ ထမင်းစားဖူးသည့် နေရာဖြစ်သည်။ ပြီးတော့ လှည်းကျင်းထားသည့် ရှင်းပြောင်နေသည့် နေရာ။ မီးလုံးတစ်လုံးကလည်း ထွန်းထားသဖြင့် အလင်း ကောင်းကောင်းရသည်။

"လာခဲ့...လာခဲ့...မိုးနံ့သား မောင်ပုည...၊ ရွာကထွက်လာတာ နှစ်ရက် သုံးရက်ရှိပြီ...သည်မနက်မှ သည်ကိုရောက်လာရသလား... ကြားထဲ ဘယ်ရောက်နေတာလဲ...ရည်းစား လိုက်ရှာနေတာ မှတ်လား..."

ခင်စောမူလို မြို့ဇည့်သည်က အပ်ကျမတ်ကျကြီး ရင်းရင်းနှီးနှီး ပြောလိုက်တာကို ကာယကံရှင် မောင်ပုညတင်မကပါ။ ကိုပုနှင့် မင်္ဂေးတို့ကပင် အံ့သြသွားဟန်ဖြင့် ခင်စောမူကို ကြည့်နေကြသည်။ ဘယ်လိုပါလိမ့်။ မိုးနံ့က မောင်ပုညကို သိနေပါရော့လား။ ရွာက ထွက်တာ နှစ်ရက်၊ သုံးရက်ရှိပြီတဲ့ ရည်းစားလိုက်ရှာနေတာ မှတ်လားတဲ့။ မောင်ပုညမျက်နှာမှာ သွေးမရှိတော့ သမုန်းကျင်း ရောက်နေသည့် ဒန်းပွင့်ကို တိတ်တဆိတ် လာတွေ့တာလား

ရောတာလား။ မမျော်လင့်ပဲ အမျိုးသမီး တစ်ယောက်က သူ့ကို သိနေ သည်ဆိုတော့ လန့်သွားပုံလည်း ရပါ၏။ ခင်စောမူက ခုံတန်းရှည်မှာ သွားထိုင် သည်။ မောင်ပုညက ရပ်နေဆဲ။ တကယ်ရောက်လာကြသူတွေက ကိုပုနှင့် မင်္ဂေး။

"ဆရာမက မောင်ပုညကို သိလို့လား...ကျွန်မဖြင့် အံ့သြလိုက်တာ... မောင်ပုက အပြင်မထွက်ဘူး...သူ့ရည်းစား သည်မှာရှိကာသိတယ်... ဒါပေမဲ့ သွားတွေ့ဖို့ ခက်နေရောတယ်"

"ကျွန်မ သိပါတယ်...ဒန်းပွင့် မဟုတ်လား...ကျွန်မ တည်းတဲ့အိမ်မှာ ရှိသားပဲ...မင်္ဂေး မတွေ့ဖူးဘူးလား...ထမင်းချိုင့် ပို့နေတဲ့ဟာ..."

"တစ်ခါမှ ကွက်မယူဖူးဘူး ဆရာမရဲ့...အေးစုဆိုတာပဲ တွေ့တယ်... ပြီးတော့ ကျွန်မက မောင်ပုညတို့ ဇာတ်လမ်းကိုမှ မသိတာ...မနက်ကမှ ရောက်ရောက်ချင်း ပြောပြလို့ သိရတာ"

ဒါလည်း ဖြစ်နိုင်သည်။ ခင်စောမူက မောင်ပုညကို ခေါ်လိုက်ပြီး ဒန်းပွင့်နှာချင်းဆိုင်မှာ ထိုင်စေသည်။ အကျိုးအကြောင်း ပြောပြသည်။ ဒန်းပွင့် အကောင်းကြောင်းတွေပါ ပြောပြလိုက်သည်။ မောင်ပုညက သည်တော့မှ မရဲတရဲ ရွာက ယုံကြည်ပုံရလာခဲ့သည်။ မျက်နှာ အောက်ချကာ ငိုင်နေလေ၏။

"ဒန်းပွင့်က မင်းကို ယုံကြည်တယ်...ချစ်ရှာပါတယ်...မင်းက ကြားထဲ ဘယ်ရောက်နေတာလဲ...အစ်မက မင်းကို တွေ့ချင်နေတာ"

"ကျုပ်က အမေခိုင်းလို့ တခြားရွာတွေဘက် ရောက်နေတာပါ... အမေခိုင်းတဲ့ကိစ္စပြီးလို့ သည်ဘက် ထွက်လာတာ...ဒန်းပွင့်ကို တွေ့ချင်လို့ လာခဲ့တာပါ...တွေ့ဖို့တော့ မလွယ်ဘူးနဲ့ တူပါရဲ့ဗျာ"

"တွေ့ရမှာပေါ့ ငါ့မောင်ရယ်...အစ်မကလည်း တွေ့စေချင်ပါတယ်... နေဦး...မင်းဘဝ မင်းအကြောင်း ပြောပြပါဦး...ထမင်းစားပြီး ပြောကြရအောင်..."

"ဟုတ်ကဲ့..."

www.burmeseclassic.com

www.burmeseclassic.com

ခင်စောမူက ကိုမင်းအောင်မြင့်ကို အကျိုးအကြောင်း ပြောပြတော့ အံ့သြနေသည်။ ထမင်းစားပြီးကြတော့ ကိုမင်းအောင်မြင့်တို့ အပေါ်တက်သွားကြသည်။ ခင်စောမူက မင္ဂဒေးကို ဝိုင်းလုပ်ကိုင်ပေးပြီးသည်နှင့် မောင်ပုညနှင့် တွေ့ရပါ၏။ ထိုညက မောင်ပုည ပြောပြသမျှ ခင်စောမူက နားထောင်သူ ဖြစ်ရတော့သည်။ စဉ်းစားကြည့်တော့လည်း သမုန်းကျင်းမှာ ချစ်သူ ဒန်းပွင့် ရှိသည်။ မောင်ပုညလည်း ရှိသည်။ သို့သော် တစ်နေရာစီ။ သည်အဖြစ်ကို ခင်စောမူ စိတ်မချမ်းသာပဲ ရှိနေခဲ့သည်။ ဖြစ်ချင်တော့ မောင်ပုညက မင္ဂဒေး၏ ယောကျ်ားဘက်က တူဖြစ်နေခြင်းပင်။ ခင်စောမူကို ထမင်းလာပို့တိုင်း ဒန်းပွင့်နှင့် စာပေးစာယူ လုပ်နိုင်ခွင့်ရပြီ။ နီးစပ်ရန် အကြောင်းရှိလာသော်လည်း ခင်စောမူက ပြန်ရတော့မည်။ ဒန်းပွင့်က သည်အိမ်ကြီးထဲမှာ ဘယ်လောက် ထောင် ကြာဦးမှာလဲ။ ဒါတော့ ခင်စောမူလည်း မခန့်မှန်းနိုင်။

"မင်း...အခု သမုန်းကျင်းကို ဘာလာလုပ်တာလဲ မောင်ပုည...မင်း ဘာတွေ စိတ်ကူးထားသလဲ...မင်းပြောချင်သလိုသာပြောပါ ငါ့မောင် ရယ်... အစ်မလည်း စဉ်းစားပေးမှာပေါ့"

* * *

"ကျုပ်တို့မှာ သားအမိနှစ်ယောက်ပဲ ရှိပါတော့တယ်...အဖေဆုံးတာ ဆယ်နှစ်ကျော်ပြီ...အသက်အရွယ် မရလှသေးပေမယ့် အဖေ မူးတယ် မူးတယ်ဆိုရာက ဆုံးရှာတာကို ကျုပ် မှတ်မိပါရဲ့...ကျုပ်က ကလေး သားပေါက်ပေါ့...အိမ်မှာက တောင်သူတွေဆိုတော့ လှည်းနွားတော့ ရှိတယ်...မြေကလေး နည်းနည်းပါးပါးလည်း ရှိတယ်...ရွာမှာ ကျောင်းမရှိတော့ ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ နေခဲ့ရတဲ့အခါ သင်ပေးခဲ့တဲ့စာလောက်တော့ တတ်ပါရဲ့...အဖေက ကျုပ်ကိုတောင်သူ အလုပ် မလုပ်ခိုင်းဘူး...ကိုရင်ဝတ်ခိုင်းတယ်...သည်လို နေခဲ့ကြ တာပါ...နောက်ပိုင်း အဖေ့ကျန်းမာရေး မကောင်းတော့ ကျုပ် လူဝတ် လဲလိုက်တယ်...တောင်သူအလုပ်ကို ကျုပ် ဝင်လုပ်မေမယ့် အရွယ်နဲ့

အား မမျှခဲ့ဘူး...ဖအေ လူမမာကြီးကို ကျုပ်က ပုခုံးတိုက်လိုက်ခွင့် ဆေးကုခဲ့တယ်...ရွာကျော် ရပ်ကျော် လှည်းငှားခေါ်လည်း ထွက်ပဲ လိုက်တာပါပဲ...မြေကလေးလည်း ဖဲ့ရောင်းခဲ့ရတယ်...အမေကလည်း တောသူပါ...သဘောမနော ကောင်းရှာပါတယ်...ရွာမှာ သက်ကယ် ပုစ်တာတို့...သရက်ချဉ်ပေါက်တာတို့လို အလုပ်တွေ တစ်ခါတန်ခါ လုပ်တယ်...ပင်ပန်းတာနဲ့ အမေ မလုပ်ပါနဲ့တော့ဆိုပြီး ကျုပ်ပဲ ကုန်းရုန်းလုပ်ခဲ့တာပါ။

အဖေ မရှိတော့တဲ့နောက် အမေက ကျုပ်ကို သင့်ရာလျော်ရာ မိန်းကလေးတစ်ယောက်နဲ့ နေရာချထားပေးချင်ရှာပါရဲ့...ကျုပ်က မလိုချင်ဘူး...အမေရှိသရွေ့ အိမ်ထောင်လည်းမပြုဘူးလို့ အောက်မေ့ပါတယ်...တကယ်လည်း ကျုပ်စိတ်ထဲ အိမ်ထောင်ပြုချင် စိတ်မရှိဘူး အမှန်ပါ...တစ်ခါတစ်ခါ လှည်းငှားလို့ တခြားရွာတွေဘက်လည်း ရောက်ဖူးတာများပါရဲ့...ဘယ်မိန်းကလေးကိုမှ ကျုပ် စိတ်နဲ့တောင် မကူးခဲ့မိဖူးဘူး...။

တစ်ခါတော့ တောခြေရွာဘက် ရောက်သွားတယ်..."

ဘန်ဂလိုအောက်တွင် ညလေကြောင့် အေးမြလှပါသည်။ သည်နေရာ က ကွင်းကျသဖြင့် လတ်ဆတ် သန့်ရှင်းသောလေ အမြဲရှိသည်။ ကိုပုနှင့် မွေးတို့က သူတို့တူတော်မောင်ကို ခင်စောမူ မေးနေတာတွေကို တစ်အောင့် တစ်ဖြုတ် ငေးနေကြသေးသော်လည်း ခဏနေတော့ အသာထသွားကြသည်။ အပေါ်ထပ်တက်ကာ ကိုမင်းအောင်မြင့်တို့နှင့် စကားပြောကြဟန်တူသည်။ ကားသံ ဗလုံးဗထွေး ကြားနေရသည်။ မီးလုံးအောက်တည့်တည့်တွင် ထိုင်နေ သော မောင်ပုညကို ခင်စောမူ သေသေချာချာ အကဲခတ်သည်။ ရိုးပုံရိုးပါးရှိမှန်း သိသာလှသည်။ ဆံပင်တွေက ကုပ်ထောက်၊ လူက ညီညာစ်ညစ်ဆိုသော်လည်း ချော်လုံးမျက်ဖန် ကောင်းသည်။ စိတ်မနော ကောင်းသူတို့၏ ကြန့်အင်းလက္ခဏာ ဖြစ်သည်။ လှည်းထောင် လှည်းတိုက်ဆိုတော့ နေပူစပ်ခါး ကူးရလွယ်လို့သာ၊

www.burmeseclassic.com

www.burmeseclassic.com

လူချောကလေးပဲလို့ မှတ်ချက်ချမိရပါ၏။ လှည်းထောင် လှည်းတိုက်ဆိုတာ
သူတစ်ပါးလှည်း အငှားတိုက်သူ (လှည်းရှင်နှင့် တစ်ဝက်စား) မဟုတ်ပဲ ကိုယ်
လှည်းနွား ထောင်ထားနိုင်သူ၊ ကိုယ့်လှည်း ကိုယ့်နွားနှင့် လုပ်ကိုင်စားနိုင်
ဆိုသည့်သဘောဖြစ်ကြောင်း ခင်စောမူ သဘောပေါက်ပါ၏။

"သည်လိုနဲ့ ဒန်းပွင့်နဲ့ ဆုံမိကြရော ဆိုပါတော့...ဒန်းပွင့်နဲ့ ဆုံ
က ပတက်စာကုန်းကို လှည်းတစ်ခေါက်အသွားမှာ ဒန်းပွင့်တို့ စီ
တဲ့လှည်းနဲ့ ကျုပ်လှည်းနဲ့ လမ်းကျဉ်းကွေ့မှာ ငြိကြရော...
လှည်းကိုပစ်ပြီး တစ်ဖက်လှည်း ပြေးကြည့်ရတာပေါ့...ဟိုဘက်
လှည်းသမားခမျာ လှည်းရှင်က ပြဿနာလုပ်တော့မှာလေ...
အပိုင်ဆိုတော့ ဘာမှမဖြစ်ဘူး...ကျုပ်က တောင်းပန်ရတယ်...
နောက်က ပါလာတဲ့ လှည်းသမား ကိုကံတင်က အဲဒါ ဒန်းပွင့်
လှည်းကွေ့တဲ့...ဒန်းပွင့် ဆိုတဲ့နာမည် ကြားတော့ ကျုပ်စိတ်ထဲ က
ကယင်ကြီး...ပတက်စာကုန်းမှာ ဒန်းပွင့်ရေတွင်းနဲ့ တွဲပြီး ဒန်းပွင့်
ဒန်းပွင့်နဲ့ နာမည်သာ ကြားဖူးနေတာကိုးခင်ဗျ...လူချင်း ပက်
ဆုံတော့ ကျုပ်မလည်း ဒန်းပွင့်ဆိုတာ ကြည့်ဖြစ်အောင်ကြည့်
ဆိုပြီး ကြည့်မိတာပဲပေါ့...ဒန်းပွင့်မျက်နှာကလေးကို မြင်လိုက်
ဆိုရင်ပဲ ကျုပ်မှာ ထူးဆန်းတဲ့စိတ်ကလေး ရင်ထဲ ပေါ်လာတယ်
ဘာလဲဆိုတော့ သည်မိန်းကလေးကို ကျုပ်ရင်ထဲ မေတ္တာရှိသွ
တယ် ပြောပါတော့...ဒန်းပွင့်ထက် ချောတဲ့ လှတဲ့ မိန်းကလေး
လည်း ကျုပ် တွေ့ခဲ့ ကြုံခဲ့ဖူးပါရဲ့...နို့ပေတဲ့ ဘယ့်နယ်မှ မ
ပေါင်ဗျာ...ဒန်းပွင့်ကျတော့ ကျုပ်စိတ်ထဲ ငြိကို ပါလာတာ...ငယ်
က စကားမပြောတတ်ရွာဘူး ဆိုတာတွေလည်း ကြားရပြီး...သူ
ဆိုတော့ အသနားပိုမိတာပေါ့ဗျာ...ဆောင်းတွင်းဘက်ဆို
ပတက်စာကုန်းကို လှည်းမပူ နွားမပူ ခဏခဏရောက်ခဲ့တယ်
ရောက်တိုင်းလည်း တစ်ယောက်တည်း နေရရှာတဲ့ ဒန်းပွင့်အိမ်သူ
ကျုပ်တို့ရွာထွက် ငှက်ပျောခိုင်တို့၊ ဘုရားပန်းတို့ကအစ လက်

ဝင်ပေးလေ့ရှိတယ်...သည်လိုနဲ့ သံယောဇဉ်ဖြစ်ကြရော **ဆိုပါတော့**
အစ်မရယ်...။

ခက်တာက ဒန်းပွင့်ရဲ့ အဒေါ်တွေပါ...ကျုပ်နဲ့လည်း သိပ္ပံးလက်စ
မရှိပါဘူး...ဒါပေမဲ့ ကြားရတဲ့သတင်းက မကောင်းဘူး...အင်မတန်
လောဘကြီးကြသတဲ့...သူတို့ကိုယ်တိုင်လည်း ချမ်းသာကြသတဲ့...
သည်ကြားထဲက ဒန်းပွင့်အမေရမယ့် အမွေတွေလည်း ကုန်ကုန်စင်စင်
မပေးကြဘူးတဲ့...ကျုပ်သူငယ်ချင်းက တောခြေသားဆိုတော့ ပြောပြ
တယ်...ဒန်းပွင့်အမေ ဒေါ်ခွေးလှကလွဲလို့ ကျန်တဲ့ ခွေးကြီး၊ ခွေးလေး
တွေက လောဘကြီးရုံမကဘူး နတ်လိုလို ဓာတ်လိုလိုဆိုတာတွေ
လည်း ကြားရတယ်...လူများ မကျန်းမာရင် မိဘဆွေမျိုး လူကြီး
များက ကျန်းမာလာအောင်ရယ်လို့ ပေးတဲ့ပစ္စည်းကို ခမည်း ခေါ်ကြ
တယ်မဟုတ်လား အစ်မရဲ့...ဒန်းပွင့်ကို ခမည်းကြီးတွေ ဆင်ကြ
တယ်...ဒန်းပွင့်ကို မရိုးမသား မလုပ်နိုင်အောင်၊ မကောင်းသူ မကောင်း
သားနဲ့ မတိုက်နိုင်အောင် ကာကွယ်တာလို့ အကြောင်းပြကြပေသိ
ရွာက ဒန်းပွင့်ကို ချုပ်ကြတာလို့ မြင်ကြတယ်...ဒန်းပွင့်မှာပဲ အနှောင့်
အယှက်ရှိသလိုလိုဖြစ်အောင် လုပ်ကြရုံမကဘူး ဒန်းပွင့်စိုက်ထဲ
တကယ်ထင်အောင် အမျိုးမျိုး မဟုတ်တာရော ဟုတ်တာရော ဖြန့်ကြ
ဆိုကြ နားသွင်းကြတာလည်း ကြားရတယ်...ဒါတွေက နောက်မှ
ကြားရတာတွေပါ...ဒန်းပွင့်နဲ့ တွေ့စတုန်းကတော့ ဒါတွေ ကျုပ်
မကြားပါဘူး...ဒန်းပွင့်မှာ မိဘနှစ်ပါး မရှိတော့တာ၊ ချမ်းသာတာ၊
ပြည့်စုံတာတွေ ကျုပ် နဂိုက မသိဘူး...ဘုရားစူးရပါစေဗျာ"

မောင်ပုညစကားတွေကို အကဲခတ်လိုက်တော့ ဒန်းပွင့်ပြောတာနှင့်
ကောင်းပဲ တည်းကျနေတာကို တွေ့ရသည်။ ဒါဆို ဒန်းပွင့်မှာ ဘာအပြင်းမှမရှိတာ
သေချာပြီပေါ့။

"ဒန်းပွင့်က အစ်မကို ဒါတွေ ပြောပြပါတယ်...သူလည်း မင်းလို့ပဲ
မောင်ပုညရယ်...မင်းကို တွေ့တော့ သူ့စိတ်ထဲ အားကိုးမိသတဲ့...

www.burmeseclassic.com

www.burmeseclassic.com

လူရိုး လူကောင်းဆိုတာ ရိပ်စားမိသလို သူ့ကို မေတ္တာရှိနေ
တွေ့တွေ့ချင်း သိသတဲ့...မင်းတို့နှစ်ယောက်မှာ ဖူးစာမှန်ဖို့ ဖြစ်
ပါလျက်ကယ်နဲ့ မလွဲစေချင်တာပါ...အစ်မက မင်းတို့ဇာတ်လမ်း
အကုန်သိချင်လို့ မေးတာရယ်...ကဲ ဆက်ပြောပါဦး..."

"ကျုပ်စိတ်ထဲ တစ်ခုပဲရှိတယ်...ဖူးစာမှန်ရင် ဘဝချင်း ဆုံပါရ
ဆုတောင်းတယ်...သူလည်း တောသူ...ငါလည်း တောသား
မတန်စရာလည်း မရှိဘူး...ပြီးတော့ ကာမဝိုင်လည်း မရှိဘူး...
နီးစပ်အောင် ကြံမယ်ဆိုတာပဲရှိတယ်...အမေကိုလည်း ပြောပြ
အမေကတောင် အံ့သြတယ်...ကျုပ်က ဘယ်ရွာက ဘယ်သူ
ဘယ်လိုတဲ့လို့ ပြောတော့ အမေက သူ့အဆက်နဲ့သူ စုံစမ်းတယ်
တစ်ရက်တော့ အမေက ကျုပ်ကို ပြောတယ်...မင့်ကလေးမက
က အာဂမ္ဘတ်လို့လား သားရဲ့...ဥစ္စာပေါ ရုပ်ချောလို့ ပြောကြ
ကွယ့်တဲ့...အမေက ဒန်းပွင့်ကို မြင်ဖူးသေးတာ မဟုတ်ဘူး
နားကြားနဲ့ အမေက ဖျက်ပါသေးတယ်...ငါ့သားရယ် မတူ
မမှန်းပါနဲ့တဲ့...ကျုပ်ကလည်း ဒန်းပွင့်ကို ဘဝ ဘဝက ရေစက်
မေတ္တာမျှမိတာကလွဲလို့ ပစ္စည်းဥစ္စာ မမက်ရိုးအမှန်ပါ...သူ့အ
တွေ လိုချင်သမဆိုရင် ပစ္စည်းဥစ္စာတွေ ထားခဲ့ပါလေ...ဒန်းပွင့်
ကျုပ်ရွာခေါ်ပြီး ပခုံးတင် လုပ်ကျွေးမယ်ဆိုပြီး ကျုပ် ငွေစုနေတာ
ဒါပေသိ ကျုပ်မှာ တောခြေဘက်ကို လှည်းငှားလိုက်ရခဲတော့ တ
တွေ့ တစ်ခါပြီး ပြီးရတော့မလိုကိုး..."

"လှည်းတိုက် မလိုက်ရဘူးဆိုတာ ဘာလို့လဲ"

"တောခြေက ဝေးတာပါသလို ရွာတွေမှာလည်း လှည်းတိုက်
ရှိတာကိုး...နာမည်သာ တောခြေ၊ မိုးနဲ့...နည်းနည်းလှမ်းတယ်
ရဲ့...ဆောခြေကနေ ကျုပ်တို့ရွာဘက်တွေ တောင်ရွာ မြောက်ရွာ
အထိ ရောက်လာတဲ့လှည်းတွေ ရှိပေသိ ကျုပ်တို့ရွာက အဲသည်
တွေအထိ သွားကြတာမျိုး အတော်နည်းတယ်...ခရီးဝေး နွားပန်း

တော့ လှည်းခကို နှင့်နေအောင် ပေးကြရတာ...တော်ရဲ့ ဆင်းရဲတဲ့
လူက မငှားနိုင်ကြဘူး"

"ဒါဆို မင်း လှည်းတိုက်က အလုပ်ဖြစ်ကဲ့လား မောင်ပုညရဲ့..."

ခင်စောမူက ဒန်းပွင့်ကို ပခုံးတင် လုပ်ကျွေးမည်ဆိုသော မောင်ပုည
ခိုတ်ဓာတ်ကို သဘောကျမိသော်လည်း ဒန်းပွင့်ကလေး ဆင်းရဲသွားရှာမှာကို
နှိုးမိ ပါ၏။

"ကျုပ်လှည်းက ခရီးခတင်းချည်း လိုက်တာမှ မဟုတ်တာ...စပါး
တိုက် ထင်းတိုက်...ရွာတင် အလုပ်ဖြစ်ချက်တော့ အစ်မနှယ်...လှည်း
ရော, နွားရော, လူရော နားကို မနေရတာ"

"သြော်...သြော်...ဟုတ်ပါပြီ...ဟုတ်ပါပြီ...ဆက်ပြောပါဦးကွယ့်"

"တစ်ခါတော့ ဘယ်လိုဖြစ်သတုံးဆိုတော့ ကျုပ်တို့ရွာမယ် အမေကြီး
ဥာဏ်ပွင့်ဆိုတာ ရှိတယ်...အသက်က ကြီးရှာပါပြီ...ဒေါ်ဥာဏ်ပွင့်
သမီးက တောခြေရဲ့ အရှေ့တောင်ထဲက မိုးထိမှာ နေတာပါ...
ဆင်းဆင်းရဲရဲပါပဲ... ကျုပ်တို့ ရောက်ပင်တော မိုးနံရွာတွေနဲ့ဆိုရင်
စားလွယ်ခတ်စောင်းစောင်း သွားရတဲ့ရွာ...မိုးထိရွာကို သွားချင်ရင်
ဒန်းပွင့်တို့ တောခြေရွာကိုဖြတ်ပြီး ဒိုးပင်မောင်နှမနတ်ကွန်းရှိတဲ့
အရှေ့ကူး...နတ်ကွန်းကနေ အရှေ့ထိုထို တက်ရတဲ့ရွာကိုး...
အမေကြီးဥာဏ်ပွင့်က မလျှောက်နိုင်ဘူး...ရွာပစ်ပြီး သူပိုင်ပစ္စည်း
ကလေးတွေ လှည်းနဲ့ တင်ယူသွားချင်ရှာတော့ ကျုပ်ကို စေးမေး
တယ်...ဆင်းရဲမှန်းသိတော့ ကျုပ်က အမေကြီးရယ်...နွားစာဖိုးပဲ
ပေးပါဗျာ...ကျုပ် ကုသိုလ်ယူပါ့မယ်ဆိုတော့ ဝမ်းသာရှာတာပေါ့...
ပြောပါတော့ အစ်မရယ်...ကျုပ်က လိုက်ပို့တယ်...မနက်စောစော
နေမူးခင် ရွာကထွက်...တောခြေမှာ လှည်းနား၊ လူ ထမင်းစား၊
နွားအပန်းပြေတော့မှ တောရိပ်တောင်ရိပ်နဲ့ မိုးထိကို ကူးဖို့ပေါ့...
ကျုပ်က ဒန်းပွင့်နဲ့တော့ တွေ့ရချေသေးဆိုတဲ့စိတ်ထက် အမေကြီးကို

www.burmeseclassic.com

www.burmeseclassic.com

သနားလို့ကို လိုက်ပို့တာပါ...တကယ်ပြောတာပါ...သည်လိုနဲ့ တောခြေရောက်တော့ အမေကြီးဥာဏ်က နားကြဉီးစို့တဲ့...ကျုပ် ကလည်း နားဖို့ပါပဲ...နားတယ်ဆိုတာကလည်း ဇာတစ်ဖြုတ်ပါ... ခရီးက ဆက်ရဦးမှာကိုး..."

"ဒါနဲ့...မင်းနဲ့ ဒန်းပွင့် တွေ့ကြရောလား..."

"မတွေ့ကြသေးဘူး အစ်မ...ကျုပ်တို့က မြေကလေး မီးခြစ်ပုံးလောက် ရှိတာဆိုတော့ ဥစ္စာရယ်လို့ ထိုးပြစရာ မရှိသလောက်ကိုး...ရွာ ဇာတခဏလာပြီး ဒန်းပွင့်နဲ့ ဆုံဖြစ်တဲ့အခါ ဆုံကြမှော့ ဒန်းပွင့်က ကျုပ်အခြေအနေ သိရှာတယ်...သူတို့ရွာက လှည်းသမား ဝဒေါင်း ကလည်း ခင်ဗော့ ဒန်းပွင့်အကြောင်း ကျုပ်သိရသလို ကျုပ်အကြောင်း လည်း ဒန်းပွင့်က သိတယ်...ဒါမေသို ဒန်းပွင့်က ကျုပ်ကို ခင်ရှာပါ တယ်...ပြောရဦးမယ်...ဒန်းပွင့်နဲ့ မခင်ရခင် စောစောကပြောတဲ့ အမေကြီးဥာဏ်ပွင့်နဲ့ တောခြေရွာမှာ တစ်ထောက်နားတာလေး ပြောချင်သေးတယ်"

"ပြောပါဦး..."

"ကျုပ်က တောခြေရွာမှာ အမေကြီးဥာဏ်ကို ဇာတချပေးပြီး တောခြေ ရွာဘေး ကပ်စီးနေတဲ့ တောခြေချောင်းဘက် လှည်းကို ချောင်းခြေ ပြန့်ကျယ်တဲ့နေရာအထိ ဆင်းပြီး နွားခြေမြှုပ်လောက်အထိ ရောက် အောင်သွားလိုက်တယ်...နွားတွေ ရေငုံသောက်လို့ရအောင်ပါ... နွားထွေကလည်း ရေထွေ့တော့ သောက်ကြတာပါပဲ...ကျုပ်က လှည်း ပေါ်မှာ ကြိုးကလေးလျှော့ပြီး ထိန်းထားလိုက်တယ်...သည်မှာတင် မိနစ်မတစ်ယောက် ထဘီရင်ရွားနဲ့ ရောက်လာပြီး ကျုပ်လှည်းရံတိုင် တွေကို လာဆုပ်တော့တာပါပဲ...မျက်လုံးတွေက ရဲမှည့်နေတာများ ကျီးအာသီးမှည့်သာ ကြည့်တော့..."

■

(၁၁)

"စိတ်ဝင်စားစရာပါလား မောင်ပုညရဲ့...ပြောပါဦး..."

"ကျုပ်ကိုကြိမ်းတာဗျ...ငါအောက်မှာရေချိုးနေတာ မင်း မမြင်ဘူး လားတဲ့...မင်းက ငါအထက်က နွားရေတိုက်တော့ ကောင်းရော့ လားတဲ့...မင်း ငါတို့ရွာကလှည်းသမား မဟုတ်နိုင်ဘူးတဲ့...တို့ရွာက လှည်းသမားဆိုရင် သည်လိုမလုပ်ဘူး ဘာဘူးနဲ့ ကြိမ်းတော့တာပါ အစ်မရယ်...ကျုပ်က တကယ်လည်းမသိဘဲ...သူတို့ရွာချောင်းက ရေချိုးဆိပ်ရှိတယ်...အဝတ်လျှော်တာ နွားရေတိုက်တာမျိုး မြင်းစာ နွားစာဆေးတာမျိုးကို ဟိုးအောက်ဘက်မှာ သွားလုပ်ကြရတာလို့ ပြောတယ်..ကျုပ်က တောခြေသားရောက်ဖူးတာ ချောင်းထဲမှာ နွားရေ မတိုက်ဖူးဘူးကိုး...ကျုပ် မသိလို့ပါဗျာလို့ ပြောတော့...အော်ပါ လေရော...သည်လိုဖြစ်နေတုန်း နွားကလည်း ရေဝပြီဆိုတော့ လှည်း လှည့်ဆုတ်ပြီး ပြန်ဖို့ပြင်ရတာပေါ့...တခြားတော့ ကျုပ် ဘာမှမပြော ခဲ့ပါဘူး...ကိုယ်က ရွာထုံးစံ မသိလို့ဖြစ်ရတာဆိုပြီး ငြိမ်နေလိုက် တာပါ..မိန်းမကြီးက ဆဲလိုက်တာ မိုးမှန်လို့...မိမဆုံးမ ဘမဆုံးမ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူးတဲ့... သူ့အခေါ်တွေထဲက အငယ်ဆုံးနှစ်ယောက် မဒွေခ
နဲ့ မဒွေးပတို့ကိုပြောတာတဲ့... ကျုပ်လည်း သည်တော့မှ ဘုရားစာရွတ်
မိတာပေါ့ဗျာ... ကျိန်လွတ်လိုက်တာ မနည်းဘူးကိုး... ဖြစ်ချင်တော့
မိုးထိရွာမှာ အမေကြီးဥဇင်ပွင့်ကိုချ သူပေးသလောက် လှည်းခယ်ပြီး
ချက်ချင်းပြန်မောင်းလာခဲ့ရော... အဲသည်မှာ အင်မတန်ထူးဆန်းတာ
ဖြစ်ခဲ့တယ်"

"ဘာတွေများဖြစ်ခဲ့တာလဲ မောင်ပုညရယ်... ပြောပါဦး..."

"အပြန်ကျတော့ နေကျနေပါပြီ... နေဝင်ဖို့တော့ လိုသေးတယ်...
ကျုပ်က သီချင်းတအေးအေးနဲ့ သုတ်သုတ်ကလေး မောင်းလာခဲ့
တယ်... နေမဝင်ခင် တောခြေကို ကျော်ချင်လို့ပါ... လမ်းတစ်နေရာမှာ
တလုတ်မန်ကျည်းပင်တွေ အုပ်လိုက်ကြီးပေါက်နေတဲ့ နေရာတစ်နေရာ
ရှိတယ်... သစ်ပင်တွေက မိုးနေတာပါ... လှည်းက သစ်ပင်အုပ်အောက်
က ဖြတ်ရတာ... ကျုပ်လှည်းလည်း ဖြတ်ရော သစ်ပင်ပေါက မြေ
တစ်ကောင်ကျလာရော... လှည်းပေါ်ကျတာ အစ်မရေ... ကံကောင်းမို့
ကျုပ်ပေါ်မကျတယ်... ကျုပ်က နောက်လှည့်ကြည့်တော့ မြေစိမ်းပြီး
ခြောက်ဗျ... ကျုပ်လည်း ဝုန်းခနဲ ထရပ်ပြီး နကန်နဲ့ လေးငါးချက်ရိုက်
ကော်ထုတ်ပစ်လိုက်ရတယ်... တိုက်ဆိုင်ဂ ာလား ဘာလားတော့
မပြောတတ်ပါဘူးဗျာ... ထူးဆန်းတယ်ပြောရမှာပေါ့... ကျုပ်လည်း
လန့်တော့လန့်သွားတယ်... နောက်ထပ်ထူးဆန်းတာက တောခြေ
ရှာဝင်ကာနီးမှာ အကြော်တဲနှစ်တဲရှိတယ်... လူသူမရှိကြပါဘူး...
မနက်ပိုင်း ဖွင့်တဲ့ဆိုင်တွေပါ... ခါတိုင်းလည်း ရှိတယ်... ကျုပ်လှည်း
လည်း တဲနှစ်တဲကိုဖြတ်ရော တဲထဲက လူတစ်ယောက်က လှမ်းခေါ်
တယ်တင်လို့ ကြည့်လိုက်တော့ မိန်းကလေးတစ်ယောက်ဗျ... ကျုပ်
ကလည်း လှည်းကြိုလိုက်ချင်ဟန် တူပါရဲ့ဆိုပြီး လှည်းကောင့်ထေ

ကလေကချောတဲ့ဗျာ... နွားတွေ တုံးလုံးလဲသေကြပါစေတဲ့... နင်လည်း
မြွေကိုက်ပါစေတဲ့... ကျုပ် တုန်သွားတယ်... အပြစ်က သည်လောက်
လည်း မကြီးပါပဲနဲ့... ဘယ်နယ် ရက်ရက်စက်စက်ကြီး တိုင်းထွာ
ကျိန်ဆဲနေပါလိမ့်လို့ တွေးမိတယ်... သိပ်လွန်လာတော့ ကျုပ်လည်း
မခံချင်ဖြစ်ပြီး ပြန်ပြောမိရော... ကျုပ်နွား ကျုပ်တိုက်ချင်တဲ့နေရာ
ကျုပ်တိုက်တယ်ဗျာ... ခင်ဗျား ကြိုက်ရာလူ သွားတိုင်ချေဆိုတော့
မိန်းမကြီးက အင်မတန်ကြမ်းတမ်းတဲ့ စကားတွေနဲ့ ပြန်ပက်တော့
တာပဲ... ကျုပ်ပါးစပ်က ထွက်ပြဖို့တောင် မငဲ့ပါဘူးဗျာ... အဲသည်
အချိန်မှာ ဒန်းပွင့် ရင်ရှားနဲ့ ရောက်လာတော့ ကျုပ်လည်း အံ့သြသွား
တာပေါ့... မထင်ဘူးလေ... ရေတွင်းမှာလည်း မဟုတ်... ချောင်း
ရေချိုးမယ်လို့ မထင်ဘူး... လူတွေတော့ တွေ့သားပဲ... ဒန်းပွင့်ပါ
မထင်ခဲ့ဘူး... ကျုပ်နဲ့က လှည်းငြိတုန်းက တွေ့ဖူးထားတော့ ဒန်း
ကလည်း အံ့သြနေတာပေါ့... ဘာမှတော့ မပြောဘူး... မျက်လုံး
တစ်ချက်လှမ်းကြည့်ပြီး တောင်းပန်ရှာတယ်... မိန်းမကြီးကို ချော
ပြီး အတင်းခေါ်သွားလေရဲ့... မိန်းမကြီးက ပါသွားရင်းနဲ့ နောက်
ဆဲဆိုကြိမ်းမောင်းသွားသေးတာကော... သူတို့မရှိတော့မှ အနှ
လူတွေက ဝိုင်းပြောကြတော့တာ... သည်မိန်းမကြီးက သိပ်ရိုင်း
တဲ့... ရွာမှာလည်း ဘယ်သူ့မှ လူမထင်ဘူးဆိုတာမျိုးနဲ့ လူ
နေတာတဲ့... ကျုပ်က ဘယ်သူလဲဗျာလို့ မေးတော့ မဖွေးပတဲ့...
လာခွဲခေါ်သွားတာ သူ့တူမ ဒန်းပွင့်တဲ့... ထားပါတော့... ကျုပ်
အမေကြီးဥဇင်ပွင့်ကို မိုးထိရွာအထိ လိုက်ပို့တယ်... လမ်းမှာကျ
အမေကြီးဥဇင်ပွင့်ကို ချောင်းမှာ နွားရေတိုက်တုန်းက ဖြစ်ခဲ့တာ
ပြောပြတယ်... အမေကြီးဥဇင်ပွင့်က မင်းတော့ ဆယ့်နှစ်ကြိုးက
တွေနဲ့ တွေ့လာပြီထင်တယ်တဲ့... ကျုပ်လည်း လန့်သွားတာပေါ့
ဒန်းပွင့်က ကလေများလားပေါ့... သေချာမေးတော့ ဒန်းပွင့်ကို ပြော

www.burmeseclassic.com

www.burmeseclassic.com

သူတို့လည်းနဲ့ပဲ ကျူပ်လိုက်သွားခဲ့တယ်...အမေက **မလိုက်စေချင်** ဘူး...တောခြေဆိုတာနဲ့ ဒန်းပွင့်နဲ့တွေ့ကြမယ်...သူ့အဒေါ်တွေက ရန်လုပ်လိမ့်မယ်ထင်လို့ပါ...နွားဆေးကုမယ့်လူတွေက အမေကြီးသား မဲ့တစ်ပေါက် မစွန်းစေရဘူး ကျူပ်တို့ တာဝန်ယူပါတယ်ဆိုတော့မှ ကျူပ်ကိုထည့်လိုက်တာ...တောခြေက ရွာစွန်မှာ နွားတွေ အုပ်လိုက် မွေးတဲ့သူတွေပါ...တောခြေရွာထဲတောင် မရောက်ပါဘူး...ဒါနဲ့ နွားရဲ့ရောဂါကြည့်ပြီး ဆေးကုပေးခဲ့တယ်...ရောဂါကြီး မဟုတ်ပါဘူး...ကျူပ်က ရောဂါကြီးမှတ်လို့ လိုက်သွားတာပါ"

"မင်းက တယ်ဟုတ်ပါလား မောင်ပုညရဲ့...ပြောပါဦး..."

"အပူမိလို့ မစားနိုင် မသောက်နိုင်ဖြစ်နေတဲ့နွားကို မျက်စဉ်းနဲ့ တိုက် ဆေးပေးခဲ့ရုံပါ...အတွင်းဆေးခေါ်တယ်...တောပင်စိမ်း တစ်ပင်လုံး ဓားနဲ့ နုတ်နုတ်စဉ်း...ဆန်ဆေးရည်နဲ့ဆား များများထည့်တိုက် လိုက်ရုံပါ...မျက်စဉ်းကတော့ နွားများ ထွန့်ထွန့်လူးသွားတဲ့အထိ ပြင်းတယ်...ဒါပေသိ ပျောက်ပါတယ်...ပွဲတွေ့ဆေး ခေါ်တယ်... နွားနက်စစ်စစ်ရဲ့ ချေးတုံးရယ်...ဆေးခေါင်းရယ်...ထန်းလျက်ရယ်... ဆားရယ်...ချင်းရယ် အမျှစုပြီး ညက်နေအောင်ကြိတ်...မျက်လုံးထဲ ဖြဲခတ်ရင် နွားဆိုတာ ဝုန်းခနဲ မတ်တပ်ထရပ်တာများ...အဲသလောက် ကောင်းတာ...ကျူပ်လည်း ဆေးကုပြီး တစ်ရက် စောင့်ကြည့်ရ တာကိုး...အဲသည်လက တောခြေမှာ အိပ်ရတယ်...တောခြေရောက် မှ ဒန်းပွင့်နဲ့ မတွေ့ရတာကို ကျူပ်စိတ်ထဲ တနဲ့နဲ့နဲ့...ကျူပ်တို့က လှည်းသမား နွားသမားချင်းဆိုတော့ ကျူပ်နဲ့ဒန်းပွင့်အကြောင်း သိထားကြတာကိုး...ကျူပ်က သူတို့ကိုပြောပြတယ်...ကျူပ် လာခေါ် တဲ့ နွားသမားတွေထဲက တစ်ယောက်က ကိုပွဲကျော်တဲ့...လူ အိုက်တိုက်ထိုးရယ်...သူက မင်း တောခြေကိုရောက်နေကာတော့

လိုက်တယ်...ဒန်းပွင့်ရယ် အစ်မရေ...တဲအပြင်မထွက်ပဲ လှမ်းခေါ်နေ တော့ ကျူပ်လည်း လှည်းရပ်ပြီး တဲထဲ ဝင်သွားမိတယ်...ဒန်းပွင့်က ကျူပ်ကို တောင်းပန်ဖို့ စောင့်နေတာတဲ့...အိမ်ပြန်လိုက် ပြန်ထွက် လိုက် လုပ်နေတာတဲ့...ကျူပ်ကလည်း မသိလို့ဖြစ်ရတဲ့အကြောင်း ပြန်တောင်းပန်ခဲ့တယ်...မြေ့အကြောင်းတော့ စိတ်မချမ်းသာမှာစိုးလို့ မပြောခဲ့ပါဘူး...နောင်အခါ ဒန်းပွင့်နဲ့ ချစ်သူတွေဖြစ်မှ ကျူပ်က ဒါတွေ အသေးစိတ် ပြန်ပြောပြတော့ ဒန်းပွင့်လည်း အံ့သြသွားတယ်... အမေကြီးဉာဏ်ပွင့်ပြောသလို သူ့အဒေါ်တွေက စုန်းမတော့ မဟုတ် ကြပါဘူးတဲ့...စိတ်ကြမ်း ကိုယ်ကြမ်းနဲ့ ရိုင်းရိုင်းပျပျ ရှိတာတော့ အမှန်ပဲတဲ့...ဒန်းပွင့်အဒေါ်တွေနဲ့ ကျူပ်နဲ့က အဲသလို စခဲ့ကြတာ အစ်မရေ..."

"မင်းတို့ဇာတ်လမ်းက စကတည်းက မချောမွေ့ခဲ့ပဲကိုး...နောင် သူတို့ တူမနဲ့ မေတ္တာရှိကြပြီဆိုတာသိတော့ မိုးကြိုးပစ်ကုန်ရောလား..."

"မိုးနဲ့ဘုရားပွဲကို ဒန်းပွင့်တို့ လာကြတော့ ကျူပ်တို့အိမ်မှာ ထမင်း စား...ဘုရားပွဲလိုက်ပို့...ရွာထွက်ပစ္စည်းကလေးတွေပေးနဲ့ ကျူပ်တို့ ချင်း မေတ္တာရှိမှန်း သိကြပါပြီ...အမေကဆို ဒန်းပွင့်ကိုကြည့်ပြီး ဥစ္စာစောင့်ဘဝကများ လာသလားအေ ချောလိုက်တာလို့ ပြောယူ ရတဲ့ အထိပါပဲ...ဒန်းပွင့်က ရွှေတွေညှတ်နေအောင် ဝတ်ထားတာ ရော...ရုပ်ရည်ရှုပကာ ချောတာလှတာ ရောဆိုတော့ အမေက စိုးရိမ်ရှာတယ်...ကျူပ်နဲ့ မတူမတန် ကြိုက်ရတယ် ဖြစ်မှာစိုးတာ ပါ...တစ်ခါတော့ တောခြေက နွားမွေးတဲ့လူတွေက ကျူပ်ကို မိုးနဲ့ အထိ လာခေါ်ကြတယ်...ကျူပ်က နွားဆေးကုတာ ဝါသနာပါ တယ်...တက်လို့ရယ်လို့တော့ မဟုတ်ဘူး...အဖေရှိစဉ်က သင်ထား ထားတော့ သိနေတာပါ...လာခေါ်သူတွေက ခင်မင်နေတာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

ဒန်းပွင့်ကို ငါ သွားပြောဝံ့သတဲ့...မင်းတို့ချင်း တွေ့တာမတွေ့တာတော့ တာဝန်မယူဘူးတဲ့...ကျုပ်ကလည်း တွေ့ချင်နေတော့...ကိုင်း...ပြောချေဗျာလို့ ခိုင်းလိုက်တယ်...ကိုပွဲကျော်က လူပါး...ဒန်းပွင့်အဒေါ်တွေအိမ်မှာ နွားနက်တစ်ကောင်ရှိမှန်းသိတော့ နွားနက်ချေးသွားတောင်းမယ်...ချောင်ရင် ဒန်းပွင့်ကို ပြောခဲ့မယ်ပေါ့...အမှန်က သူတို့မှာလည်း နွားနက်တစ်ကောင်ရှိတယ်...ဆေးဖော်တာတောင် သူတို့နွားနက်ချေးနဲ့ ဖော်ခဲ့ပြီးပြီပဲ...လူက မူးမူးနဲ့ ထွက်သွားတာဆိုတော့ ကျုပ်တို့လည်း ရင်တထိတ်ထိတ်နဲ့ စောင့်နေရတာပေါ့...ဒန်းပွင့်အဒေါ်နှစ်ယောက်ကလည်း ဒန်းပွင့်ကို မျက်စိအောက်က အပျောက်မခံ စောင့်ကြည့်နေချိန်ကိုး...ကိုပွဲကျော်က နွားနက်ချေးကလေး ကောက်ပါရစေဆိုတော့ ဒန်းပွင့်အဒေါ်တွေက မင်းတို့နဲ့ခြံမှာလည်း နွားနက်ရှိသားပဲကွယ်...မင်းက ဘာသဘောတုံး မေးကြလို့ ပြန်ပြေးခဲ့ရတာကော...အဲသလောက်ပါးတဲ့ မိန်းမကြီးတွေဗျ..."

ခင်စောမူကတော့ ချစ်သူနှစ်ယောက် နှစ်ကိုယ်နီးရဖို့ ယက္ခကုမ္ဘဏ် စောင့်ကြည့်ခြင်းခံနေရတာကို စိတ်မကောင်းဖြစ်ရသည်။ ဒန်းပွင့်အဒေါ်တွေက သူတို့တုံမ အပျိုလေးကို အပမ်းထားသလိုလို၊ မရူးမကောင်းလိုလို စီစဉ်ထားပြီး တစ်ဖက်ကလည်း မောင်ပုညအမေကို ပညာသည်လိုလို သတင်းလွှင့်ထားသည်။ မောင်ပုညနှင့်ဝေးအောင် အဆက်အဆံမရှိအောင် လုပ်ထားကြခြင်းဖြစ်သည်။ သို့သော် ချစ်သူနှစ်ယောက်၏ ချစ်ခြင်းမေတ္တာကတော့ ခိုင်မြဲလှပါ၏။ သည် ချစ်ခြင်းမေတ္တာကို ပျောက်ပျက်မသွားစေချင်။ ချစ်သူနှစ်ယောက် သဲသယကင်းကင်းနှင့် လမင်းလို သာစေချင်သည်။

ညသည် တဖြည်းဖြည်း ရင့်မှည့်လာပါ၏။ ညမွှေးပန်းနံ့ကလေး တသင်းသင်း။ ဘယ်ကများပါလိမ့်။ သည်လိုပန်းရနံ့ မွှေးအီအီမျိုး သည်ဘန်ကလို ခြံဝင်းကြီးထဲက ထွက်နေတာတော့ မဖြစ်နိုင်။ ရွာဘက်က လွင့်လာတာများ

းး။ ရွာဆက်ကလည်း အဝေးသား။ ဒါဖြင့် ဘယ်ကရနံ့ထွေ သည်လောက်ထောင် ဝေ့လာခဲ့ရတာလဲ။ လေက ဖြည်းဖြည်းညင်ညင် တိုက်ခတ်နေသဖြင့် နှိုက်စပ်ပူလောင်ခြင်းတော့ မရှိ။ ပန်းရနံ့ ပျောက်သွားပြန်ပြီ။ ခင်စောမူနှင့် ောင်ပုညတို့ စကားတွေ တိတ်ဆိတ်နေပြန်ပြီ။ ကိုမင်းအောင်မြင့်တို့နဲ့ စကားမပြောရင် ကောင်းပါ့မလား။ တော်ကြာ သည်မိန်းမ စာရင်းလာစစ်ဆေးသည်ဟု ပြောတယ် အမှုလာစစ်နေတာနဲ့ ပြီးရတာပါလားလို့ ထင်မှာလည်း စိုးရသေးသည်။ မောင်ပုညနှင့် စကားဖြတ်သင့်ပြီ။ လိုသလောက်တော့ မေးရပါဦးမည်။

"အေးပေါ့လေ...အစ်မကတော့ မင်းတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို မရေမရာကိစ္စတွေနဲ့ တစ်ဦးကိုတစ်ဦး မျက်နှာလွဲရမှာမျိုး မဖြစ်စေချင်တာပါ...အစ်မ သဘောပေါက်ပါတယ်...နေပါဦး...အခုက မင်း သည်ကို ဘာလာလုပ်တာလဲ..."

မောင်ပုညက မျက်နှာညိုသွားခဲ့သည်။ ခင်စောမူမျက်နှာကို တွေတွေကြီး ကြည့်နေခဲ့သည်။ ချစ်သူနဲ့ တွေ့ချင်လို့ပေါ့ဗျာ၊ သူစိမ်းရွာမှာ တစ်ရွာသူကလေး လာနေရတာ ကျုပ် ဘယ်စိတ်ချနိုင်ပါ့မလဲ။ ကျုပ် သိချင်တယ်၊ ခြင်ချင်တယ်၊ အကဲခတ်ချင်တယ်၊ ဒါမှ ကျုပ်နေသာတော့မပေါ့လို့ ပြောနေသည်ပမာ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတွေ ဖိစီးနေပုံရသည်။

"ဒန်းပွင့်က အစ်မနဲ့ အတူနေတယ်...တခြားယောကျ်ားသားလည်း မရှိပါဘူး...အေးစုရယ်၊ အစ်မရယ်၊ ဒန်းပွင့်ရယ်ပဲ ရှိတယ်...ဒေါ်ခင်မေသီကတော့ အိမ်ကပ်တယ် မရှိသလောက်ပဲ...အစ်မကို ဒန်းပွင့်က သူ့အကြောင်းတွေ ပြောပြတယ်...မင်းအခုပြောသလိုပါပဲ...အစ်မကလည်း နားလည်ပါတယ်...မင်းချစ်သူမှာက ဘာရောဂါမှ မရှိပါဘူး မောင်ပုညရယ်...ရောဂါရှိတယ်ဆိုရင် မင်းကို ချစ်ခင်စွဲလမ်းတဲ့ရောဂါပဲ ရှိရှာသူပါ...သူ့ဓမ္မာ သည်သမုန်းကြီးက

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးတစ်အိမ်မှာ ရောဂါသည်တစ်ယောက်လို လာနေတာကိုး မင်းအတွက်ပါ...မနေချင်ရာပေမယ့် တမင်ခွဲနေတာပါ...မင်းကို ရန်ရှာကြမှာစိုးလို့ သူ့ကိုယ်သူ ဝေးရာမှာ နေပြနေတဲ့သဘောပဲ ဘာဖြစ်လို့လဲဆိုတော့ ဒန်းပွင့်အဒေါ်တွေက မင်းနဲ့ မပေးစားချင်တော့ မင်းကို ရန်ရှာဖို့ စဉ်းစားနေကြတာကို ဒန်းပွင့်က သိတယ် မင်းကို သူ့အဒေါ်တွေက ခါးခါးသီးသီး မုန်းကြတယ်ဆိုတာ သိတာကိုး...မင်းမှ မဟုတ်ဘူး...ဘယ်သူ့မဆို ဒန်းပွင့်နဲ့ နီးစပ်မယ် ဆိုတဲ့လူကို သူတို့ရန်ရှာကြမှာပဲ...မင်းက တရားခံ လာဖြစ်ရတာ ကွယ်..."

သည်စကားကြားတော့ မောင်ပုည်မျက်လုံးတွေ အရောင်တောက်လာခဲ့သည်။ တစ်စုံတစ်ရာကို အမှတ်ရသွားသလို မျက်နှာ တစ်ချက်ပျက်သွားပြန်၏။ တစ်ခါက ကြုံခဲ့ရသောအဖြစ်ကို ပြောပြဖို့ စိတ်လှုပ်ရှားလာပုံလည်း ရပါ၏။

"ကျုပ် တစ်ခါကြုံဖူးလိုက်တယ်...ကျုပ် တစ်ခါမှမမြင်ဖူးတဲ့ လှည်း သမား သုံးယောက်နဲ့ ကျုပ် ဂဘာဇောက် (ကမ်းပါးစောက်) ထိပ်မှာ ကျဉ်းထဲကျပ်ထဲ ကျဖူးတယ်...ကံကောင်းလို့ လူရော နွားရော ချောက်ထဲ ပြုတ်မကျတယ်ဗျာ...ကျုပ် အဲဒါမပြောရသေးဘူး...အဲ့ဒီ စဉ်းစားကြည့်တော့မှ ကျုပ် အသက်ကို ရန်ရှာကြတာပါလားဗျာ"

တစ်ခါက မောင်ပုည လှည်းတိုက်လိုက်လာခဲ့သည်။ လှည်းငှားသူက အဝေးရွာတစ်ရွာကို ငှားခြင်းဖြစ်၍ မောင်ပုည အတန်တန်စဉ်းစားသည် ငှားသူကိုလည်း မသိ။ ထိုရွာကိုလည်း မရောက်ဖူးတော့ အနီးအနားရွာက လှည်းတွေ ငှားပေါ့ဗျာဟု အတန်တန်ငြင်းသည်။ မရပါ။ ထိုလူက မျက်နှာတွင် အမည်းမှတ်ကြီး ပါသူဖြစ်၍ နာမည်မှာ ကိုကျော်ဇောဟု ဆို၏။ အနီးရွာတွေမှာ လှည်းငှား၍ မရကြောင်း၊ မိုးနံ့ဘက်ကို ရောက်လာရာက မိုးနံ့

...ည်းတစ်စီးစီးကိုသာ ငှားချင်ကြောင်း၊ တခြားလှည်းတွေလည်း စိတ်တိုင်း ...ကြောင်း၊ ကိုကျော်ဇောဆိုသူက သူပါ လိုက်မှာဖြစ်လို့ လူခပါ ပေးမှာ ...ကြောင်း၊ သူစိတ်တိုင်းကျလှည်းကို ငှားခြင်းဖြစ်၍ လှည်းခ နှစ်ဆပေးမှာ ...ကြောင်း တွယ်ငှားနေလေတော့ မောင်ပုညလည်း ငှက်ကြီးတောင် ...စ်လက် လှည်းကတ်အိမ် ခင်းဖျာအောက် ထိုးထည့်လိုက်ရင်း လိုက်သွား ...ကြောင်း ပြောပြသည်။ ကိုကျော်ဇော ငှားသွားသည့်ရွာက ကျောက်ကြီးရွာ ...၍ တော်ရုံလှည်းသမား မရောက်ဖူးသည့်ရွာ ဖြစ်သည်။ မောင်ပုညက ...ကြီးရွာ ဝေးကြောင်း သိသော်လည်း ရွာအချို့ကို ဖြတ်လမ်းက ...လျှင် လမ်းရိုးကသွားခြင်းထက် မြန်တာကို သိထားသည်။ ချောင်းစောက် ...တင်ရွာတွေကဖြတ်၍ ကျီးသေ၊ ဆင်ရေအိုင်၊ ကန်ကုန်းဘက်ကို မြောင် ...လိုက်လျှင် ကျောက်ကြီး၊ သဲကုန်းရွာတွေဘက်ကို လှမ်းမြင်ရပြီ။ သို့သော် ...သလောက် ခရီးမကောင်းနိုင်တာကိုလည်း သိပါ၏။

"ကျုပ်က အားနာလို့ရယ် အစ်မရဲ့...ကျောက်ကြီး ဝေးမှန်းသိပါရဲ့...လူတစ်ယောက် လိုက်ပို့ရုံနဲ့ လှည်းခ နှစ်ဆရမှာကလည်း တစ်ကြောင်း... လူစ ညဉ့်ရာကျမှာကလည်း တစ်ကြောင်းဆိုတော့ မိုက်စိတ်ကလေးနဲ့ လိုက်သွားတာပါ...ကိုကျော်ဇောကလည်း လမ်းမှာ စကားတွေပြောရင်းက ကျုပ်အကြောင်းတွေ မေးတယ်...ကျုပ်ကလည်း နှစ်ယောက်တည်း တစ်ခရီးဆိုတော့ ပြောတာပေါ့ဗျာ သူကလည်း ပြောပါတယ်...နေ့ဝက်ကျိုးတော့မှ ဆင်ရေအိုင်ရွာ ထိပ်က ညောင်ခြေထောက်ရွာကို ရောက်တယ်...ဆင်ရေအိုင်မှာပဲ ကိုကျော်ဇောနဲ့ ကျုပ် ထမင်းစားကြတယ်...အဲသည်ရွာမှာ သူက ထမင်းချက်ထားဖို့ မှာပြီးသား...ထမင်းကျွေးတဲ့အိမ်က လူတွေ ကလည်း မျက်နှာဆိုးကြီးတွေနဲ့...ကျုပ်နွားနှစ်ကောင်ကို သဘောမ နေကြလေတော့ ဘယ်ဈေးရရင် ရောင်းမလဲတဲ့...တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

မရှိလောက်ပါဘူးကွာ အမဲသားဈေးပေါ်တဲ့...ကျူပ်ကလည်း ဖျင်းခဲ့
ဒေါသထွက်သွားတာနဲ့ စမ်းကြည့်လိုက်လေဗျာ...ကျူပ်က တစ်ရွာထ
သတ္တိမရှိပဲ လိုက်မလာဘူးရယ်ဆိုတော့ ကိုကျော်ဇောက ငါ့ညီရ
စကြတာပါကွာတဲ့...ဒါနဲ့ ထမင်းစားကြတော့ ကျူပ်က ကိုကျော်
စားတဲ့ဟင်းပဲ နှိုက်တယ်...သတိလည်း ထားတယ်...ဒါမျိုးတွေ
ရှိတယ်...တစ်ရွာတစ်ရွာ ကိစ္စတုံးလုပ်ကြတာတွေက ရှိတာကိုး
သည်လိုနဲ့ ခရီးဆက်ကြတယ်...ကန်ကုန်းကို ရောက်လို့ ရွာပြင်
ရောက်ရင်ပဲ ကျောက်ကြီး သဲကုန်းရွာတွေကို မြင်ရပါပြီ...ကျူပ်
နာရီမှန်းတော့ တစ်ချက်သာသာ ရှိလောက်ပြီ...နွားအရိပ်ကျတာ
ကြည့်ပြီး တွက်တာဗျ...လွဲခဲတယ်...ကိုကျော်ဇောက လှည်းခ နှစ်
ပေးရမှာကွာတဲ့...ရွာမြင်တော့လည်း နှမြောသားတဲ့...လုပ်ကရော
ကျူပ်ကလည်း မပေးချင်တော့လည်း မပေးပါနဲ့ဗျာလို့ ပြောတော့
ရယ်တယ်...သူက စတာပါလို့ လုပ်ပြန်ရော..."

"ငါ့မောင်အလုပ်က အန္တရာယ်နဲ့ပါလား...ကြောက်များကြောင်
စရာ..."

"ရွာတွေက နွားတွေကို စိတ်ဝင်စားတတ်ကြတယ်ဗျ...နွားများ
ကြိုက်ရင် ဖြောင်ပြန်ပေးဆွဲကြတာမျိုး...လူရိုက်လွှတ်ပြီး အဓမ္မ
ပစ်တာမျိုးတွေ လုပ်တတ်ကြတယ်...မျက်နှာ မနာရတဲ့ရွာတွေတ
နွားများဆို ပိုဆိုးတာပေါ့"

"ပြောပါဦး..."

"ကျောက်ကြီး သဲကုန်းကို ဖြတ်တဲ့လမ်းက တကယ့်ကို ကျော
ကမ်းပါး ပြတ်တွေ...ကမ်းပါးစောက်ကြီးတွေနဲ့ လမ်းဗျို့...တ
နေရာတွေမှာ နွားများက တုန်နေအောင် ရုန်းကြရတာပါ...သဲလ
ဆိုတော့ ဝန်မပါပေသိ သဲဗွက်ကို ခမျာများ ရုန်းရတာ မသ

သာဘူး...လမ်းတစ်နေရာရောက်တော့ တစ်ဖက်က ကျောက်ကမ်းပါး
ပြတ်ကြီး...လှည်းရော၊ လူရော၊ နွားရော ကျသွားရင် အသေနဲ့
အကျိုးပဲ...ကျူပ်က လူပြတ်တဲ့နေရာဆိုတော့ ခင်းဗျာအောက်က
ဓားရှည်ရိုးကို လက်နဲ့စမ်းပြီး မှီလောက်တဲ့နေရာ ရွေ့ထားလိုက်
တယ်...ကိုကျော်ဇောက ပုဆိုးတစ်ထည် ခေါင်းခြုံပြီး နေကာရင်း
ငိုက်လာတာဆိုတော့ အေးအေးဆေးဆေးပါပဲ...ကျူပ်က နတ်နှိုးဆော်
လို့လားမသိဘူး...စိတ်က ထင့်လာတယ်...တစ်ခုခုဖြစ်တော့မယ်
ဆိုတဲ့ ရိုးတိုးရိတ်တိတ် အသိဝင်နေသလိုပဲ အစ်မရေ...ကျူပ်က
လမ်းကို ကြည့်ထားတာ...လှည်းလမ်းက ကောင်းတယ်...အချိုးတွေ
ကုန်းကျင်းတွေ မပြေတယ်...တစ်ဖက်က ချောက်...တစ်ဖက်က ပြန့်
ဆိုပေသိ ပြန့်ဘက်မှာလည်း မြေညီတာ သတိထားမိတယ်...လိုလို
မယ်မယ် ကြည့်ထားတာပါ...ဘာရယ်လို့တော့ မဟုတ်ဘူး...
တစ်နေရာရောက်တော့ အညာဘက်မှာ ပေါက်တဲ့ ဆူးဖြူပင်ဆိုတာ
အစ်မသိသလား မပြောတတ်ဘူး...ဆူးဖြူပင်တောတစ်တော တွေ့
ကရော...အဝေးက ပူပူလောလော မောင်းလာတဲ့ ဘယ်လှည်းမဆို
ဆူးဖြူပင်တော တွေ့လိုက်တာနဲ့ နေခိုချင်စိတ်ကလေး ဝင်လာမှာ
အောင်ကို အေးတဲ့နေရာ...နေက ပူလို့အကောင်းဆုံး မွန်းတီးချိန်
ဆိုတော့ ကျူပ်က နွားတွေ ခဏနားစေချင်တယ်...ဒါနဲ့ ငိုက်လို့ကို
လာတဲ့ ကိုကျော်ဇောကို ဆက်သွားချင်သလား...ကျူပ်ကတော့
နွားတွေ နေခိုချင် သေးတယ်ဆိုတော့ ငိုက်လျက်က မင်းသဘောပဲ
တဲ့...သည်လိုနဲ့ ဆီးဖြူတောနားလည်းရောက်ရော ရှိခဲနဲ့ လက်ခေါက်
မှုတ်သံ ကြားရတော့တာပဲ အစ်မရေ..."

ခင်စောမူက နာရီကြည့်လိုက်တော့ ညဆယ့်တစ်နာရီ ခွဲတော့မည်။
ဦးမင်းအောင်မြင့်တို့ အပေါ်ထပ်က စကားသံတွေ မကြားရတော့။ အိပ်ကုန်ကြ
ပေါင်၏။ မဒွေးနှင့် ကိုပုတို့ကိုလည်း မမြင်ရ။ လွတ်လွတ်လပ်လပ် ပြောင်းပြန်

www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီးများ အနားမသိကြတာများလား။ ထိုစဉ်မှာပင် မွေးရန့်အိအိကြီး မွေးလာပြန်ပါ၏။ ညမွေးပန်းနံ့ပဲလား။ ဒါတော့ မဟုတ်။ အနံ့က ပန်းနံ့လိုမဟုတ်နံ့သာဖြူ ကရမက်သား မီးလောင်သလို အနံ့မျိုးဖြစ်၏။ မောင်ပုညက သတိထားမိဟန်တူသည်။ စကားပြော ရပ်လိုက်ပြီး 'အဲဒါ လော်ပဲနံ့ဗျ...ကျွတ်တို့ရွာမယ် နွားမွေးတဲ့ကုလားတွေ ဘုရားပူဇော်ရင် လော်ပဲဆက်လေ့ရှိတယ်ဟု ဆိုသဖြင့် ခင်စောမူ လက်ခံလိုက်ရပါ၏။ ဟုတ်သားပဲ။ မဋ္ဌေးပြောဖူးသည် တစ်ခါတစ်ခါ ကုလားလော်ပဲနံ့ရတယ်ဆိုတာ ဒါကိုပြောတာနေမှာ။ ဒါနဲ့ သရဲခြောက်တာများလား။ ခင်စောမူ ကျောထဲ စိမ့်ခနဲ ဖြစ်သွားကာ ဘေးဘီကို လှည့်အကဲခတ်လိုက်သည်။ မီးလုံးရောင်က ဝါတောက်တောက်။ မောင်ပုညက စောစောကစကား ပြန်စဉ်းစားနေပုံရသည်။ ကုလားမ နှစ်ယောက်ထဲက ဘယ် ကုလားမများပါလိမ့်။ ထိုစဉ်မှာပင် မဋ္ဌေး ရောက်လာခဲ့သည်။ ဆရာမ လော်ပဲနံ့ ရသလားလို့ လာမေးခြင်းဖြစ်သည်။

"ဟုတ်တယ်...မောင်ပုညနဲ့ စကားကောင်းတုန်း သည်အနံ့ ရတာပဲ...ကျွန်မတော့ စိတ်ထဲက အမျှဝေလိုက်တယ်...ဟုတ်သော်ရှိ မဟုတ်သော်ရှိ..."

"ဟုတ်ပါသော်ကော ဆရာမရဲ့...ဆရာမ ကြောက်မှာစိုးလို့ မပြောတာ... ကုလားမ နှစ်ယောက်ရှိတယ်...တစ်ခါတလေ ဖွေးဖွေးနဲ့ လျှောက်သွားနေတာတောင် မြင်ရတယ်..."

"ကုလားမနှစ်ယောက် မတည့်ဘူးမဟုတ်လား မဋ္ဌေးရဲ့...အတူတွဲ နေကြပါ့မလား..."

"ဟိုဘဝရောက်တော့ တစ်ယောက်တစ်ယောက် ပေါင်းစရာမရှိတော့ ခေါ်ကြရောပေါ့"

ခင်စောမူ ပြုံးရပါ၏။ မဋ္ဌေးပြောတာကို အတည်ယူရခက်သည်။ တစ်ခါ ပြောတုန်းက တစ်မျိုး၊ အခုတစ်မျိုး။ ဘာပဲဖြစ်ဖြစ် ဘဝတစ်ပါးရောက်ကြသူ

ကို့ဆီက ရနေသည့် အနံ့တစ်မျိုး ရှိနေတာတော့ မငြင်းသာပါ။ မီးကို့ခဲရဲရဲမှာ လော်ပဲမှုန့်ဖြူးလိုက်လျှင် အူထွက်လာသည့် အမွှေးနံ့က မပျောက်ချင်အောင်။ မွေးက အနားလာထိုင်နေတော့ မောင်ပုညက စကားဆက်ဖို့ ခက်နေပုံရသည်။ ခင်စောမူက ကိုမင်းအောင်မြင့်တို့ အိပ်ပြီးလားမေးရင်း စကားပြောင်းရတော့သည်။ ကိုမင်းအောင်မြင့်နှင့် ကိုပုတို့ စကားပြောနေသည်ဆိုသဖြင့် ခင်စောမူက သည်မှာ စကားနည်းနည်းပြောပြီး တက်လာမည့်အကြောင်း၊ ကိုမင်းအောင်မြင့်တို့ကို အားနာပါကြောင်း အပြောခိုင်းလိုက်ရသည်။ မဋ္ဌေးကလည်း သုတ်ခနဲ ထွက်သွားလေ၏။ သည်တော့မှ မောင်ပုညက စကားဆက်လေသည်။

"လက်ခေါက်မှုတ်သံကြားပြီးတာနဲ့ ဆူးဖြူတောထဲက လှည်းနှစ်စီး ခုန်းစိုင်းလာတာများဗျာ...ကြောက်စရာတောင် ကောင်းတယ်...လှည်းနှစ်စီးက မြားခေါင်းလို နေရာနှစ်နေရာက လာတာဗျ...ကျုပ် လှည်းကို တိုက်ချမယ့်သဘောနေမှာပေါ့...ကျုပ်ရော လှည်းရော နွားရော တစ်ဘက် ချောက်ထဲ ကျအောင်လုပ်ကြမှာကို ကျုပ်က ကောင်းကောင်းမြင်လိုက်ပြီ...လှည်းနှစ်စီး ခုန်းမောင်းလာတာက မဝေး လှဘူး...ကျုပ်လှည်းက ရှောင်ဖို့အချိန်တောင် မရှိတော့သလောက်ပဲ...ကျုပ်လှည်းပေါ် လှည့်ကြည့်လိုက်တော့ ကိုကျော်စော ဆိုတဲ့ လူလည်း မရှိတော့ဘူးဗျ...ခုနှစ်ချသွားပြီ...ကျုပ်က ကိုကျော်စောကိုစွဲ နောက်မှရှင်းမယ်...လောလောဆယ် ဘာလုပ်ရမလဲ စဉ်းစားရပြီ ဆိုတော့ လွတ်ရာလွတ်ကြောင်း ရွေးရတာပေါ့...သူတို့လှည်း နှစ်စီးက နွားကျိုးကျိုး လှည်းကျိုးကျိုး တိုက်မယ့်ပုံနဲ့ ပြေးလာကြတာ...ကျုပ်လှည်းက ရှောင်ဖို့ အချိန်မရတော့ဘူး...ပြီးတော့ ပြေးလာကြတာလည်း နှစ်စီး ယှဉ်လာကြတာ မဟုတ်ဘူး...ထောင့်ဖြတ် မောင်းလာကြတာ..တစ်စီးလွတ်ဦးတော့ တစ်စီးမလွတ်နိုင်ဘူး...ကျုပ်လှည်း လှည်းကို တုံ့ခနဲ ရပ်ပြီး ဓားရှည်ဆွဲပြီး ထမ်းပိုးတုံး

www.burmeseclassic.com

www.burmeseclassic.com

"မောင်ပုညရဲ့...မင်းကို အသက်ရန်ရှာချင်မှတော့ လှည်းချင်းတိုက်ကြပါ့မလား...ရွာမျှားခေါ်ပြီး တစ်နေရာမှာ ရန်ရှာနိုင်တာပဲ...မင်းဟာက အလုပ်တောင်ရှုပ်သေး..."

"ကျုပ်ကို လှည်းရော လူရော ချောက်ထဲကျအောင် လှန့်ကြတာကဲ့...အမှုအခင်းလည်း မဖြစ်အောင်...ကျုပ်လည်း မတော်တဆ ကျတယ်ဖြစ်အောင် လုပ်ကြတာကိုး အစ်မရဲ့...တကယ် လှည်းချင်းတိုက်ချဖို့ ဒုန်းမောင်း လာကြတာမဟုတ်ဘူး...ကျုပ်လှည်းက နွားတွေကို လှန့်ပြီး ချောက်ဘက် ကူသွားအောင်လုပ်ကြတာ...ကျုပ်နွားတွေက မကြောက်လို့ ရယ်..."

"ဩော်...သဘောပေါက်ပြီ...ကဲသိလို့ပါလား မောင်ပုညရယ်...သေချာတာပေါ့...မင်းကို အသက်ရန်ရှာတာ ဟုတ်နေပြီပေါ့...ကဲပါလေ...ပြောနေရင် ပြီးမှာမဟုတ်တော့ပါဘူး...မင်းကို မနက်ကျရင် ဒန်းပွင့်နဲ့ တွေ့ပေးမယ်...စကားပြောရမယ်...ဒါထက် မင်းသည်မြို့က ဒေါ်ခင်မေသီ ဆိုတာ သိသလား..."

"မသိဘူး...အဲသည့်မိန်းကြီးအိမ်မှာ နေတာကိုတော့ သိတယ်"

"မင်းကို မမြင်ဖူးတာ သေချာတယ်နော်"

"သေချာတယ် အစ်မရဲ့..."

"ကောင်းပြီလေ...အစ်မ အပေါ်တက်လိုက်ဦးမယ်...မနက်ကျမှ အစ်မစီစဉ်ပေးမယ်..."

ခင်စောမူ ဘန်ဂလိုကြီးပေါ် တက်လာတော့ ကိုမင်းအောင်မြင့်နှင့် အောင်မောင်တင်တို့နှစ်ယောက် မအိပ်ကြသေးပါ။ သည်တော့မှ ခင်စောမူလည်း အနေးအေး တစ်ကျိုက်သောက်လိုက်ရလေ၏။

* * *

ကျော်ပြီး ခုန်ချလိုက်တယ်...လှည်းရော်ရောက်ပြီဆိုတာနဲ့ ဓားရှည်ဆန့်ထားပြီး အရင်ဝင်လာတဲ့ လှည်း ဆီးခုတ်ဖို့ ရွယ်ထားလိုက်တယ် ..ကဲမတော်ရင် ကျုပ်ပါ တိုက်ချသွားနိုင်တာ သိသားပဲ...ကျုပ်လှည်းကလည်း နွားတွေက လိမ္မာတော့ လှုပ်တောင်မလှုပ်ဘူး...ကျုပ်နောက်ကျောမှာ နွားနှစ်ကောင်နဲ့ လှည်းက ငြိမ်လို့...ကျုပ်ဓားရှည် ဆန့်ထုတ်ထားတာတွေ့တော့ ဒုန်းမောင်းလာတဲ့ ဘယ်ဘက်က လှည်းက တစ်ချက် တုံ့သွားတယ်...ကျုပ်ဓားက အရှိန်နဲ့ ရိုက်လာတဲ့ သူ့နွားတစ်ကောင်ရဲ့ ဇက်ကို ပိုင်းချလိုက်တော့မယ် ဆိုတာ သိလိုက်ပြီကိုး...ညာဘက်ကလည်း ပြေးလာနေပြီ...ကျုပ်က ရှည် ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ကျုံးအော်လိုက်တယ်...မိုးနံသာကွ...တစ်ရွာကို လှည်းတိုက်လိုက်တယ်ဆိုတာ မိုက်လို့ဟော့...နှာသီး လေးလုံးထမ်းပြီးမှ ပြန်မယ်...လာခဲ့ကြစမ်းလို့ အော်ပါ...ဒါကိုလည်း ကြားရော နောက်ဝင်လာတဲ့ လှည်းကလည်း တုံ့သွားတယ်...ကျုပ်က နွားတွေကို သနားတတ်ပေမယ့် အကြုံရင်တော့ လုပ်ရတော့မှာပဲဆိုပြီး ဓားကို မြှောက်လိုက်တယ် သည်မှာတင် လှည်းနှစ်စီးစလုံး တောင့်လိုက်ကြတာ နွားတွေ နှုတ်တွေ လန့်ကရော...လှည်းသမားနှစ်ယောက်ဆိုတာ လူလုံးဆင်းပြေးကြတာ...ကိုကျော်ဇောဆိုတဲ့လူလည်း မတွေ့တော့တူ ကျုပ်ကလည်း သူတို့လှည်းတွေက ကြိုးတွေ အကုန်ဖြုတ်တယ်...သူများရွာသွားပြီး ဟန်သာလုပ်ရတာ...ကျုပ်လည်း ရောက်နိုင်မှန်းသိတော့ လှည်းပေါ် ဝုန်းခနဲတက်...ဓားရှည် ခါဆို နောက်ကြောင်းပြန် ဒုန်းမောင်းလာခဲ့တာပဲ...ချောင်းစောပန်းတင်ရွာတွေရောက်တော့ ကျုပ်က မကြောက်တော့ဘူး...လို့ သေသေး လွတ်ခဲ့တာပါဗျာ"

www.burmeseclassic.com

မနက်ခင်းစာကို မဇ္ဈေးကပဲ ကျွေးလွှတ်လိုက်ပါ၏။ ကိုမင်းအောင်မြင့်တို့ နိုးတော့ နေမြင့်ပြီ။ သည်ကနေ့တော့ သစ်စခန်းကို ပြန်ကြမှာဖြစ်၍ ခင်စောမူကိုလည်း အိမ်ကြီးကို လိုက်ပို့ရန်သာရှိ၏။ ခင်စောမူက မောင်မောင်တင်မှာ အဝတ်အစား အပိုပါသေးသလားလို့ မေးသည်။ မောင်မောင်တင်ထံ သည်တန်ဂလိုမှာ သူ့အဝတ်အစားအချို့ ထားကြောင်း၊ တစ်ခါတစ်ရံ မိုးချုပ်လို့ ဘန်ဂလိုမှာအိပ်လျှင် အဆင်ပြေအောင် အပိုလေးငါးစုံ ထားလေ့ရှိကြောင်း သိရသဖြင့် ခင်စောမူ ဝမ်းသာသွားသည်။ မောင်မောင်တင့်အင်္ကျီနှင့် ပုဆိုးလတ်လတ်တွေကို မောင်ပုညကို ဝတ်ခိုင်းရမည်။ မောင်ပုညကို ခေါင်းလျှော်ရေချိုး သန့်စင်ခိုင်းပြီး မောင်မောင်တင့် အဝတ်အစားတွေ ဆင်လိုက်သည့်အခါ တသွေးတမွေး ရှိလာပါ၏။ ခေါင်းက ခြောက်နေတော့ ဆီရွဲရွဲလိမ်းကာ ဆံပင်ကို ပီပီထပ်ထပ်ဖြစ်အောင် ဖြီးခိုင်းလိုက်သည်။ အရေးကြီးတာ ဖိနပ်။ မောင်ပုညက လူကောင်ထွားတော့ မောင်မောင်တင့် သားရေဖိနပ်နှင့် မတော်။ ကိုမင်းအောင်မြင့် ဖိနပ်ကို စွတ်ကြည့်ခိုင်းတော့ ကွက်တိ။ ကိုမင်းအောင်မြင့်ရဲ့ ဖိနပ်ချင်း လဲစီးဖို့ တောင်းပန်ရပြန်ပါသည်။ ကိုမင်းအောင်မြင့်က နောက်သည်။

"မင်းရည်းစားနဲ့ တွေ့ဖို့က ငါ့ဖိနပ်လည်း မနေရပါလားကွ...ကိုင်းပါကွာ...ငါက ပါရမီဖြည့်ရမှာပေါ့...သည်ကုသိုလ်ကြောင့် ငါလည်း ရည်းစား မြန်မြန်ရပါစေကွာ..."

"ကျုပ် တောသားတောင် ရည်းစားရှိသေးတာ...ဆရာကြီးဆို စိုရိတော့မပေါ့..."

"ရည်းစားရှိတာ တောသား မြို့သားနဲ့ မဆိုင်ပါဘူး မောင်ပုညရာ...လူစွမ်းလူစနဲ့ ဆိုင်တာပါ...ငါက ညံ့တယ်ကွ...မင်းတို့ ဘယ်လိုများ ကြိုက်လိုက်ကြတာတုံး..."

"ဒန်းပွင့်ကတော့ မပြောတတ်ဘူး...ကျုပ်ကတော့ မြင်တာနဲ့ ကြိုက်ခဲ့တာများ..."

"မြင်တာနဲ့ ကြိုက်တာတွေတော့ များသားကွ..."

မောင်ပုညနှင့် ကိုမင်းအောင်မြင့်တို့ ပြောနေကြတာကို ခင်စောမူနှင့် မဇ္ဈေးတို့ လင်မယားပါ ရယ်နေကြရသည်။ မောင်မောင်တင့် အင်္ကျီပုဆိုးတွေက မောင်ပုညနှင့် အဆင်ပြေလို့ တော်ပါသေးရဲ့။ မောင်မောင်တင်က နောက်ပြန်သည်။ မောင်ပုည ပြောရဲဆိုရဲရှိလာအောင် ခင်ခင်မင်မင် စကြခြင်းဖြစ်ပါ၏။

"မင်းနဲ့ငါက အင်္ကျီတော့ တော်တယ်...ဖိနပ်ကျတော့ မတော်ဘူး...ဘယ်လိုဖြစ်တာပါလိမ့်"

"ဆရာက အောက်ရှူးလို့နေမှာပေါ့"

ရယ်ကြရပြန်ပါသည်။ ခင်စောမူက ညတုန်းက မောင်ပုညနှင့် ဒန်းပွင့်တို့ ဇာတ်လမ်းကို ပြောပြထားသဖြင့် အားလုံးက လိုလိုလားလား ကူညီကြခြင်းဖြစ်သည်။ မောင်ပုညက ခင်စောမူနှင့်အတူ အိမ်ကြီးဆီကို ခပ်တည်တည်နှင့် လိုက်ရမည်။ မောင်မောင်တင်လည်း လိုက်မည်။ ဒေါ်ခင်မေသီ မရှိလျှင်တော့ အကောင်းဆုံးပင်။ ရှိလျှင်တော့လည်း သစ်စခန်းက ရုံးစေ ကောင်လေးတစ်ယောက်အဖြစ် ခေါ်သွားရန် ဖြစ်သည်။ ဒန်းပွင့်က မောင်ပုညနှင့် တွေ့ကြလို့ ရုတ်တရက် အံ့သြသွားလျှင်ကော။ ဒါကိုလည်း ဆွေးနွေးကြရပါ၏။ ဒန်းပွင့်က အံ့သြဝမ်းသာ ထအော်လိုက်လျှင် ပြဿနာ။ ကိုပုညလို့ နှုတ်ကယောင်ထွက်သွားလျှင် ရှုပ်ကုန်တော့မည်။ မောင်ပုညမှန်း သိလျှင်တော့ ဒေါ်ခင်မေသီ ပေါက်ကွဲသွားနိုင်သည်။ ခင်စောမူကိုပါ ရန်လုပ်နိုင်သည်။ ပြောင်းပြန်စဉ်းစားပြန်လျှင်တော့ ပကတိ တည်ငြိမ်မှုဖြင့် ကောက်ကျစ်စဉ်းလဲ ရှိလာလိမ့်မည်။ သည်တော့ ချစ်သူနှစ်ဦး တစ်ခဏတာ တွေ့ဆုံမှုသည် အမှားအယွင်းကင်းကာ သပ်သပ်ရပ်ရပ် ရှိရပါလိမ့်မည်။

"သည်လိုလုပ်...မောင်မောင်တင်နဲ့ မခင်စောမူတို့က အိမ်ပေါ်တွင် သွားကြရမယ်...ဒေါ်ခင်မေသီ ရှိရှိ မရှိရှိ ဒန်းပွင့်ကို ဟန်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြိုပြောနှင့်ပြီး သေချာတော့မှ ကျွန်တော်နဲ့ မောင်ပုည တက်လာခဲ့မယ်..."

ကိုမင်းအောင်မြင့်က အကြံပေးသည်။

ဟုတ်ပြီ။ ဒါလည်း ဖြစ်သည်။ သို့သော် ဒန်းပွင့်ကို ကြိုပိတ်ဖို့ အခွင့်အရေးက ရှိုးမှ။ ဒန်းပွင့်ကို အကျိုးအကြောင်းမပြောခင် ကိုမင်းအောင်မြင့်နှင့် မောင်ပုညတို့ ဘုမသိဘမသိ အယောင်ယောင်အမှားမှား တက်လာခဲ့လျှင်ကော။ တစ်ခုရှိသေးသည်။ သည်တစ်ကြိမ် တွေ့ဖို့က အဆင်ပြေပါဦးမှ ကိုမင်းအောင်မြင့်နှင့် မောင်မောင်တင်တို့က မောင်ပုညကို ထားခဲ့ပြီး စခန်းကို ပြန်ကြပြီဆိုလျှင် မောင်ပုညက ငုတ်တုတ် ကျန်ရစ်ခဲ့နိုင်သည်။ ကိုမင်းအောင်မြင့်တို့နှင့် အတူလာ အတူပြန်မှ ယုတ္တိရှိမှာမဟုတ်လား။ ဒါကို ဆွေးနွေးကြတော့ ကိုမင်းအောင်မြင့်က မောင်ပုညနှင့် ဒန်းပွင့်တို့ တွေ့ပြီးမှ ပြန်မည်ဆို၏။

"ကိုင်းပါကွာ...မင်းတို့ချင်း တွေ့ပြီးမှ ငါတို့ ပြန်မှာပါ...မင်းသာ အဆင်ပြေပါစေ...တို့ငယ်ငယ်က ပုစဉ်းဖမ်းရင် မင်းအသက် တစ်ခါ လွှတ် ငါ့အသက် ဆယ်ခါလွှတ်လို့ဆိုပြီး လွှတ်ရသလိုပဲ...မင်း ချစ်သူနဲ့ တစ်ခါတွေ့ရင် ငါ့ချစ်သူနဲ့ ဆယ်ခါတွေ့ပါရစေပေါ့ကွာ"

ခင်စောမူပင် မျက်နှာကလေး ရဲသွားရပါ၏။ ကိုမင်းအောင်မြင့်က ခင်စောမူကို ခိုးကြည့်ရင်း ပြောလိုက်တာကို မြင်လိုက်ရလို့ဖြစ်သည်။ သည်အိမ်ကြီးကို ရောက်ကာမှ တစ်နည်းအားဖြင့် သမုန်းကျင်းမြို့ဟောင်းကို ရောက်ကာမှ ကိုယ့်ကိစ္စ မဟုတ်တာတွေထဲ ခင်စောမူ ပါခဲ့ရသလို ကိုမင်းအောင်မြင့် ခမျာလည်း ပါနေရပါပကော။ သူ့ခမျာ အရာရှိ ဆိုသော်လည်း ဂုဏ်ကြီးခံမနေ။ အရာရာကို သက်ညာသည်။ အလုပ်တွေပစ်ပြီး ခင်စောမူ ဖြစ်ချင်တာမှန်သမျှ ဖြည့်ဆည်းပေးရာတာကိုတော့ ကျေးဇူးတင်ရပါ၏။ ခင်စောမူက အရက်ပြေ ဝင်နောက်လိုက်သည်။

"ကိုမင်းအောင်မြင့် ချစ်သူက ပုစဉ်းလား..."

"ပုစဉ်းပါပဲ မခင်စောမူရယ်...ဖမ်းဖို့ခက်တဲ့ ပုစဉ်းမျိုးပါပဲ...ခုထိတော့ လက်ခုပ်ထဲ မမိသေးဘူးဗျ...မိရင်လည်း မလွှတ်တော့ဘူးဗျို့... နောက်ထပ် ပုစဉ်းတစ်ကောင်ဆိုတာ မသေချာဘူးလေ..."

ခင်စောမူမှာတော့ ကိုယ့်စကားနှင့်ကိုယ် ပိတ်မိနေရပြီ။ အရှက်ပြေရယ်နေလိုက်ရသည်။ အားလုံး ဇာတ်တိုက်ပြီးတော့ အိမ်ကြီးဘက်ကို ထွက်လာခဲ့ကြသည်။ မောင်မောင်တင့် အကျီနှင့်ပုဆိုး၊ ကိုမင်းအောင်မြင့်ဖိနပ်ကို စီးထားသော မောင်ပုညကတော့ ဒန်းပွင့်နှင့် တွေ့ချင်တာက သပ်သပ်၊ စိတ်တွေ မွန်းကျပ်နေတာက သပ်သပ် ဖြစ်နေပုံရသည်။ စကားသိပ်မပြောပဲ ငူတူတူကြီး ပါလာခဲ့လေပြီ။ အိမ်ကြီးရှေ့ ကားလမ်းမှာ ကားရပ်လိုက်ပြီး လမ်းက ဝယ်ခြမ်းလာသော မုန့်အချို့ကို မောင်မောင်တင်က ပွေ့ကာ ခင်စောမူကို အိမ်ပေါ် အရောက် လိုက်ပို့သည်။ လေ့ကားကြီးက တက်ဟာတော့ ခင်စောမူ ရင်တထိတ်ထိတ်။ ခေါ်ခင်မေသီ မရှိပါစေနဲ့။ အိမ်မကြီးပေါ် ရောက်တော့ ဒန်းပွင့်တို့ မတွေ့ရ။ အေးစုက ဆက်တီပေါ်မှာ ထိုင်လျက်ရှိ၏။ ခင်စောမူက အိမ်မကြီးကို အကဲခတ်ရင်းက ခပ်ကျယ်ကျယ် မေးလိုက်သည်။

"အမေသီကော...အေးစု"

"မရှိဘူး အစ်မ...မနက်စောစောကတည်းက ထွက်သွားတာပဲ"

"ဒန်းပွင့်ကော..."

"အိပ်နေလေရဲ့..."

"နှီးစမ်း အေးစု...အိမ်အောက်က အစ်မစာရင်းစစ်တဲ့ စားပွဲခုံကို စာရင်းစာအုပ်တွေ ယူပြီး သွားထားချေကြ...ဒန်းပွင့်ကို အဲသည်မှာ ထိုင်စောင့်ခိုင်းထားခဲ့နော်...အစ်မလာခဲ့မယ်"

အေးစုက ဒန်းပွင့်ကိုနှီးကာ စာရင်းစာအုပ်ထုပ်ပါ တစ်ပါတည်း ယူလာခဲ့လေသည်။ ဒန်းပွင့်က အိပ်မှုန်စုံမွှားဖြင့် ခင်စောမူကို ငေးကြည့်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒန်းပွင့်...အစ်မ စာရင်းစစ်တဲ့နေရာက ဆောင့်နေနော်...ဒန်းပွင့်ကို ဧည့်သည်တစ်ယောက်နဲ့ တွေ့ပေးချင်လို့..."

"ဧည့်သည်...ဟုတ်လားအစ်မ...ဘယ်သူလဲ...ကျွန်မမှာ ဧည့်သည် မရှိပါ ဘူး..."

"ရှိတာပေါ့ ဒန်းပွင့်ရယ်...အစ်မလေ လုပ်ကောင်းသလား မလုပ်ကောင်းဘူးလားတောင် မတွေးခဲ့တတ်တော့ပါဘူးကွယ်...ကိုယ့်အလုပ်ထက် သူများအလုပ်တွေချည်း လုပ်နေမိတယ်...ကဲ...ကဲ...မောင်မောင်တင် ဧည့်သည် သွားခေါ်လိုက်တော့...အေးစုနဲ့ ဒန်းပွင့်လည်း ဆင်းနှင့်တော့..."

ခင်စောမူက သူမအခန်းထဲ သုတ်သုတ်ဝင်ကာ အဝတ်အစား ပေါ့ပေါ့ပါးပါး လဲဝတ်လိုက်သည်။ အခန်းထဲက အဝတ်အစားအိတ်ကိုကြည့်တော့ ဘာမှ မထူးခြား။ အခန်းထဲမှာ သရဖီလို၊ မြတ်လေးလို၊ ဇွန်လို ပန်းနုတစ်ဆိုင် ရှိနေတာတော့ မစဉ်းစားတတ်။ အပြင်က ဝင်လာသည့်ရန်လည်း ဖြစ်နိုင်သည်။ ခင်စောမူ ခုတင်မှာ ထူးခြားတာတစ်ချက်တော့ ဖျတ်ခနဲ တွေ့လိုက်ရသည်။ ခေါင်းဆုံးစွပ်တွေ လဲထားခြင်းဖြစ်သည်။ ဘယ်သူ လဲထားတာပါလိမ့် ဒေါ်ခင်မေသီ ကိုယ်တိုင်များလား။ ခင်စောမူက အခန်းပတ်လည် လိုက်ကြည့်သည်။ ဘာရယ်လို့ ခွဲခြားမရသော နေရာရွှေ့ထားမှုကလေးတွေလည်း တွေ့ရမိ၏။ ဒန်းပွင့်နှင့် အေးစုတို့နှစ်ယောက် အောက်ကို ဆင်းသွားသံနှင့် အိမ်ကြီး လှုပ်သွားတာကို ခင်စောမူ သိနေခဲ့သည်။ မောင်မောင်တင်က ဆက်တီမှာ ထိုင်နေတုန်း။ ခင်စောမူ ထွက်လာတော့ မောင်မောင်တင်က ဆက်တီထက်ကာ လှေကားက အတူရောဆင်းခဲ့သည်။

"ဘွားတော် မရှိဘူးဆိုတော့ အခြေအနေကောင်းသွားပြီအစ်မ..."

"အေး...ခဏတစ်ဖြုတ် သူတို့ချင်းတွေ့ရင် ပြီးတာပါပဲကွယ်... မောင်မောင်တင်တို့ကိုလည်း ကြားထဲက ကျေးဇူးတင်မိပါရဲ့...အစ်

က နှစ်ကိုယ်တွေ့ တွေ့မပေးပါဘူး...အစ်မရှေ့မှာ စကားပြောခိုင်းမှာပါ"

"အစ်မ ငရဲကြီးလိမ့်မယ်နော်...ချစ်သူတွေဆိုတာလည်း သတိရဦး"

ခင်စောမူက ရယ်သည်။ သည်ကိစ္စမှာ အားလုံးပါနေကြရပြီ။ ရန်ကုန်ကမ္ဘဏီက 'အန်ကယ်ဟုတ်'များသိရင် ဘယ်လောက်တောင် ဆူလိုက်လေမလဲ။ ကိုမင်းအောင်မြင့်တို့ပါ ဘုန်းကြီးအမှူ ရွာပတ်နေခဲ့ရုံမက အဝတ်အစားတွေပါ ပါကြရပြီ မဟုတ်လား။ သစ်စခန်းကိုပစ်ပြီး ခင်စောမူ လုပ်နေသရွေ့ ပါနေကြရပြီ။ ဒန်းပွင့်နှင့် မောင်ပုညတို့၏ အဆုံးစွန်သောဘဝကို ခင်စောမူလည်း ခန့်မှန်းနိုင်ပါ။ သူတို့နှစ်ဦးဘဝ သာယာချင်လည်း သာယာမည်။ ကွေကွင်းခြင်းလည်း ဖြစ်နိုင်သည်။ သည်လိုမြို့ဟောင်းကို ခင်စောမူ နောက်တစ်ခေါက် ရောက်ချင်မှ ရောက်မည်။ သူတို့ဘဝဇာတ်လမ်း ဘယ်လိုရှိကြလေမလဲ ဆိုတာကိုတော့ ခင်စောမူ သိချင်ပါ၏။ ချစ်သူနှစ်ဦး ကံကောင်းကြပါစေလို့သာ ဆုတောင်းရပါ၏။

ခင်စောမူက စားပွဲမှာထိုင်ပြီး စာရင်းစာအုပ်တွေကို ဖြန့်ထားလိုက်သည်။ အေးစုနှင့် ဒန်းပွင့်တို့က ပြန်ထွက်သွားဖို့ ပြင်လိုက်စဉ်မှာပင် ခင်စောမူက ဒန်းပွင့်ကို ထိုင်ခိုင်းသည်။ အေးစုကိုတော့ ဒေါ်ခင်မေသီကို အထူးစောင့်ကြည့်ပေးရန် မှာသည်။ အရေးကြီးသဖြင့် မပေါ့ရန် အထပ်ထပ်မှာသည်။ ဒန်းပွင့်က မျက်လုံးအပြူးသားနှင့် ခင်စောမူကိုသာ ကြည့်နေလေသည်။ မောင်မောင်တင်က ကားဆီကိုသွားကာ အခြေအနေကို ပြောပြပြီး ကိုမင်းအောင်မြင့်ကို ကားမှာပဲ ထားခဲ့သည်။ မောင်မောင်တင်နှင့်အတူ မောင်ပုည ပါလာသည်။ အေးစုက အပေါက်ဝရောက်သွားပြီ။ မောင်ပုည ဖြတ်သွားတာကို မြင်နေရသော်လည်း မောင်ပုညမှန်း မသိ။ မောင်ပုညက အေးစုကို မှတ်မိသဖြင့် နှုတ်ဆက်ရန် ပြင်လိုက်သည်။ မောင်မောင်တင်က အတင်းဆွဲခေါ်လာသဖြင့် ယပ်ကန်ယက်ကန် ဖြစ်လာခဲ့ရပါ၏။ ဒန်းပွင့်ကို တွေ့လိုက်ရတော့ မောင်ပုည တုန်လှုပ်သွားခဲ့ကာ ခင်စောမူရော မောင်မောင်တင်ပါ သတိထားမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒန်းပွင့်...ညည်းစည်သည်..."

ဒန်းပွင့်က စည်သည်ဆိုသူကို မော့ကြည့်လိုက်သည်။ မျက်လုံးကလေးတွေ မှေးစင်းနေရာက ပြူးကျယ်သွားကြကာ ခင်စောမူကို လှည့်ကြည့်လိုက်လေသည်။ ခင်စောမူက ပြုံးရုံသာ။ ညည်းချစ်သူ မောင်ပုည မြေမလှဲမီးမပျံ သမုန်းကျင်းကို ရောက်လာပါပြီတော် ဆိုပုံဖြင့် ပြုံးနေခြင်းဖြစ်၏။ မောင်မောင်တင်ကလည်း ချစ်သူနှစ်ယောက် ဘာတွေပြောကြမှာလဲ၊ ဘယ်လိုများ ရှိကြမှာလဲ သိချင်ပုံဖြင့် ငူငူကြီး ရပ်လျက်ရှိပါ၏။ ဒန်းပွင့်က အသံမထွက်နိုင်။ စပါးကြီးမြွေ အညှို့ခံရသော ယုန်ကဲ့သို့ ပါးစပ်ကလေးပွင့်ရာ ချစ်သူကို ငေးနေလေသည်။

"ကိုပုညရယ်...တော် ဘယ်ကရောက်လာတာလဲ...ဝမ်းသာလိုက်တာတော်...နေကောင်းရဲ့လား...အမေကော ကျန်းမာရဲ့လား..."

"နေကောင်းပါတယ်...အမေလည်း နေကောင်းတယ်...ဒန်းပွင့်ကော နေကောင်းရဲ့လား...ကျုပ်က နေမဖြစ်တာနဲ့ အရဲစွန့်ပြီး လိုက်လာတာ... သည်ကအစ်မနဲ့ ဘိုတဲမှာ တွေ့ရာက လိုက်လာတာပါ"

ဒန်းပွင့်က စကားလုံးတွေ မရှိတော့သလို မျက်ရည်တွေ ပိုလို့ ပေါက်ပေါက် ကျလာခဲ့လေပြီ။ မောင်ပုညကလည်း မငိုရုံတမယ်။ ဟုတ်ပုံမှာပေါ့။ ရှင်ကွဲကွဲနေကြရတာ ကြာပြီပဲ။

ခင်စောမူက မောင်ပုညကို အနားက ကုလားထိုင်မှာ ထိုင်စေပြီး မောင်မောင်တင်နှင့်အတူ သစ်ဟောင်းဝုံအနား သွားနေပေးကြသည်။ ချစ်သူစုံလွတ်လွတ်လပ်လပ် ရှိစေချင်၍ဖြစ်သည်။ မောင်မောင်တင်က အကျိုးအကြောင်း အသေးစိတ် မသိသော်လည်း ခင်စောမူ ညက ပြောပြသလောက် သိထားသည်ဖြစ်၍ ချစ်သူနှစ်ယောက် တွေ့ဆုံခွင့်ရခြင်းအပေါ် ဝမ်းသာနေရှာသည်။ ခင်စောမူကတော့ ဒေါ်ခင်မေသီ မရှိတာကိုပဲ စိတ်အေးခဲ့ရသည်။ ဒေါ်ခင်မေသီက မောင်ပုညကို မသိတာကကော သေချာရဲ့လား။ လူချင်း မတွေ့ရ

ဆိုပေသိ ဒန်းပွင့်အဒေါ်တွေက လူမြင်လျှင် သိနိုင်ဖို့ သို့မဟုတ် ဆေးဝါးစီရင်ဖို့ ဓာတ်ပုံတစ်ပုံတလေတော့ ပေးချင်လည်း ပေးထားနိုင်သည်။ တောရွာနေပုဒ်က လူတစ်ယောက်အဖို့ မြို့မှာလို ဓာတ်ပုံတွေ ရိုက်ထားတာမျိုး ရှိချင်မှရှိမည်။ ရှိဦးတော့ မောင်ပုညဓာတ်ပုံကို သူတို့ ဘယ်လို ရနိုင်မှာလဲ။ တစ်ခုတော့ တွေးစရာရှိသည်။ မိုးနဲ့ဘုရားပွဲတုန်းကများ ချစ်သူနှစ်ယောက် ဓာတ်ပုံရိုက်ခဲ့တာ ရှိလေသလား။ ခင်စောမူက သူစိတ်ပူတာကို မောင်မောင်တင်ကို ပြောပြသည်။

"သူတို့နှစ်ယောက် ပြောတဲ့စကားတွေထဲမှာတော့ ဒေါ်ခင်မေသီက မောင်ပုညကို မမြင်ဖူးဘူး မြင်ဖူးတယ်ဆိုတာ မပါဘူး...ဒေါ်ခင်မေသီ ရုတ်တရက် ရောက်လာရင် မောင်ပုညမှန်း သိသွားမှာ အစ်မက စိုးတာပါ...မမြင်ဖူးရင်တော့ အကောင်းဆုံးပဲ...သစ်စခန်းက ရုံးအကူ ကောင်လေးပါလို့ ပြောလိုက်ရုံပဲ...တစ်ခုရှိတာက ဓာတ်ပုံတွေဘာတွေများ ပို့ထားတာ ရှိမလားလို့လည်း တွေးတယ်"

"ကျွန်တော် ကြားဖူးတာတော့ မကောင်းကြံစည်ချင်တယ်ဆိုရင် ကာယကံရှင်ရဲ့ ပုဆိုးအင်္ကျီ အသုံးအဆောင်လို ဓာတ်ပုံလိုဟာတွေ ပေးရတယ်လို့ ဆိုတာပဲ...သည်ကိစ္စမှာတော့ မပြောတတ်ဘူး...ဒါထက် ကျွန်တော် ဆရာ့ဆီ သွားလိုက်ဦးမယ်...ဆရာကလည်း သိချင်ရာမှာ...အကျိုးအကြောင်း သွားပြောလိုက်ဦးမယ်"

"အေး အေး...သွားလေ...မြန်မြန်နော့ ပြန်ခဲ့နော်...ဒေါ်ခင်မေသီ ပြန်လာရင် မင်းနဲ့ရောပြီး ပြန်ထုတ်သွားရမှာမို့ပါ...အေးစုကို အပေါက်ဝမှာ သေချာစောင့်ပါလို့ မှာခဲ့ဦး..."

"စိတ်ချ...ချက်ချင်းပြန်ခဲ့မယ်"

မောင်မောင်တင် ထွက်သွားတော့ ခင်စောမူ တစ်ယောက်တည်း သစ်ပုံအနီးမှာ ကျန်ခဲ့သည်။ သည်သစ်ပုံကြီးက သစ်ပုံဟောင်းဖြစ်၍ ဝါးရထား

www.burmeseclassic.com

www.burmeseclassic.com

လမ်းနှင့် နီးလှသည်။ မီးရထားသွားတာတော့ မမြင်ရ။ ညဘက် တဝေါဝေါ ဖြတ်သွားသော ရှားရှားပါးပါး တစ်စီးတလေကလွဲလို့ သိပ်တော့လည်း သတိမထားမိ။ ခေါ်ခင်မေသိက သူ့ယောကျ်ား ခရီးပြန်လာတိုင်း ရထားပေါ်က ပစ္စည်းတွေ ပစ်ချပေးတတ်သည်ဟုဆိုရာ နေ့ခင်းဘက် ညနေဘက်တွေမှာ ဖြစ်လောက်သည်။ ခင်စောမူ စီးလာသည့်ရထား ဖြစ်လောက်သည်။ သမုန်းကျင်ကို သုံးနာရီနှင့် လေးနာရီကြား ရောက်သည့် ရထားမဟုတ်လား။

"အစ်မ..."

ဒန်းပွင့်က လှမ်းခေါ်ခြင်းဖြစ်သည်။ ခင်စောမူက စားပွဲတိုင်းဆီ ထလာခဲ့သည်။ ဒန်းပွင့်လက်ကလေးတွေက စားပွဲပေါ် ဖြန့်တင်ထားသဖြင့် စောစောက မောင်ပုညနှင့် လက်ချင်းဆုပ်ထားကြပုံရသည်။ ခင်စောမူ ရောက်လာတော့ မောင်ပုညက နေရာဖယ်ပေးပြီး ဒန်းပွင့်အနား ပြောင်းထိုင်သည်။ ဒန်းပွင့် မျက်နှာကလေးက ရှက်သွေးဖြင့် ပန်းရောင်ပြေးနေပါ၏။

"ပြောလေ ဒန်းပွင့်..."

"ကိုပုညက အခုပဲ သူ့နဲ့လိုက်ခဲ့တော့တဲ့...ကျွန်မ လိုက်သွားရ တယ်...ကျွန်မ သည်အိမ်ကြီးမှာ မနေချင်တော့ဘူး အစ်မရယ်..."

ခင်စောမူ ရင်ထိတ်သွားခဲ့ရသည်။ ခင်စောမူ၏ဆန္ဒက ကွဲနေရသည် ဆိုသော ချစ်သူချင်း တဒင်္ဂဖြစ်စေ တစ်မိုက်တစ်လျှပ် တွေ့စေလိုခြင်းသာဖြစ်၏ နှစ်ယောက်သား သန့်သန့်ရှင်းရှင်း တွေ့စေချင်တာကလွဲလျှင် မဖွယ်မရာတွေ မဖြစ်စေချင်ခဲ့။ ချစ်သူချင်း လက်ရှိဘဝကို မေးခိုင် မြန်းခိုင်ကြမည်။ အနာဂတ်ကိုလည်း မျှော်တွေးခိုင်ကြမည်။ အခက်အခဲတွေ ကျော်လွှားရန် တိုင်ပင်စေချင်တာပဲ ရှိသည်။ သည်လို လိုက်သွားဖို့တော့ မကောင်းခိုင်။ အားစရာ မဲတော့မည်။ ခင်စောမူကို မယုံသင်္ကာ ရှိတော့မည်။ အိမ်မှာ ခေါ်ထားသည့် အပျိုအရွယ် မိန်းမငယ်တစ်ယောက် ဖျောက်သွားတာကို အကြောင်းပြုကာ ပြဿနာတွေ ကြီးလာနိုင်သည်။ သည်ထက် အရေးကြီးတာက ဥစ္စာပစ္စည်း

ခြမ်းသာသည်ဆိုသော ဒန်းပွင့်၏ ပိုင်ဆိုင်မှုတွေကို အခေါ်တွေက လွယ်လင့်တကူ သိမ်းပိုက်သွားလိမ့်မည်။ ပြီးတော့ မောင်ပုညကလည်း မိခင်ရှိရာ မိုးနံ့ကိုသာ ခေါ်သွားနိုင်သည်ဖြစ်၍ အချိန်မရွေး ပြန်ခွဲနိုင်သည်။ ခင်စောမူ ဒါတွေကို ချက်ချင်းတွေးကာ ချက်ချင်း အဖြေထုတ်ရတော့သည်။

"အဲသလိုတော့ မလုပ်နဲ့ မောင်ပုည...ဒန်းပွင့်ကို အခုနေ ခေါ်သွားလို့ ဘယ်ဖြစ်ပါ့မလဲ...ဒန်းပွင့်တို့ရွာကို သွားပြီးနိုးတာ အကြောင်းမဟုတ်မေမယ့် အခုက တစ်ရွာ တစ်အိမ်မှာ...ဒန်းပွင့်ကို ဆောင့်ရှောက်ရတဲ့ အေးစုကို ငဲ့ရမှာပေါ့...ပြီးတော့ မင်းတို့နှစ်ယောက် သည်ကနေ ထွက်ပြေးကြရဲ့နဲ့ မပြီးဘူးလေ ငါ့မောင်ရဲ့..."

ဒန်းပွင့်က ငိုသည်။ မတတ်နိုင်။ ခင်စောမူက အကျိုးအကြောင်းတွေ ရှင်းပြသည်။ သည်တော့လည်း နှစ်ယောက်သား ငိုင်သွားကြလေ၏။ ခင်စောမူ အလည်း နောက် နှစ်ရက်သုံးရက် စာရင်းစစ်ပြီးလျှင် ပြန်ရတော့မည်။ ကိုယ့် အရေးထက် မောင်ပုညနှင့် ဒန်းပွင့်တို့ ချစ်သူနှစ်ယောက်ကို ဇာတ်ပေါင်း ပေးနိုင်မှာကို စိတ်မကောင်းဖြစ်ရသည်။ ထိုစဉ်မှာပင် ကိုမင်းအောင်မြင့် ရောက်လာခဲ့သည်။ မောင်မောင်တင့်ကို ထားခဲ့ကာ လိုက်လာခြင်းဖြစ်မည်။ ကိုမင်းအောင်မြင့်က ဒန်းပွင့်ကို ကြည့်သည်။ ခင်စောမူက စာရင်းစစ်ပြီးသမျှ ကိုမင်းအောင်မြင့်ကို ပြချင်သဖြင့် စာရင်းထုတ်ကို ဖြေတော့ မောင်ပုညကို ဒန်းပွင့်က သစ်ပုံအက် ခေါ်သွားလေသည်။

"ကောင်မလေးက မိန်းမချောလေးပဲ မခင်စောမူရဲ့...တကယ်ကော သူတို့ပြောသလို ရောဂါရှိနေလို့လား...ကျွန်တော်တော့ နားမလည်နိုင်ဘူး..."

ကိုမင်းအောင်မြင့်ကို ခင်စောမူက သိသမျှ ပြောပြလိုက်သည်။ ကိုမင်းအောင်မြင့်က ခင်စောမူပြောပြသမျှ နားစိုက်ထောင်ကာ စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့ မိန်းကလေးက အရွယ်ရောက်ပြီပဲ...အုပ်ထိန်း
ထွေက အုပ်ထိန်းတယ်ဆိုပေမယ့် သူ့ကိုယ်ပိုင် ဆုံးဖြတ်ခွင့် ရှိတာ
လေ...အဒေါ်တွေရဲ့ အုပ်ထိန်းခွင့်ဆိုတာကလည်း ရုံးတော်
အုပ်ထိန်းခွင့် ချပေးထားတာမျိုးမှ မဟုတ်ဘဲ...ပစ္စည်းဥစ္စာ ထိန်းသိမ်း
ခွင့် အမွေထိန်းခွင့်ဆိုတာလည်း ရှိတာမှ မဟုတ်တာ...ဒန်းပွ
သဘောပဲ မဟုတ်လား... သူကြိုက်တာ ဆုံးဖြတ်ခွင့်ရှိတာပဲ"

"သူတို့မှာ အဲသလို Knowledge မရှိကြဘူးလေ ကိုမင်းအော
ရဲ့...ရွာဓလေ့...ရွာထုံးစံ...မိဘကိုယ်စား ထိန်းသိမ်းရသူ
အရိပ်ညြစာဟာ ရုံးတော်က ချမှတ်ပေးတာထက်တောင် ခိုင်မာ
တယ်...လူမှုရေးသိက္ခာ၊ ကိုယ်ကျင့်တရားသိက္ခာတွေကို ပိုအ
အနက်ရှိကြတယ်...ဆွေမနိုင် မျိုးမနိုင် မိန်းကလေးဆိုတာမျိုး အ
မခံကြဘူး...ရပ်ရွာကလည်း ခွင့်မလွှတ်တတ်ကြဘူး ကိုမင်းအော
...ကျွန်မလည်း ဒါကို တွက်ပါတယ်...သူတို့မှာက သည်လို
ထွက်တာကို လူမှုရေးအရ ကြောက်ကြတယ်"

"ဒါလည်း ဟုတ်ပါတယ်လေ...ဝိုင်းစဉ်းစားကြတာပေါ့ဗျာ..."

ခင်စောမှုတို့ စကားကောင်းနေတုန်း အေးစု အမောတကော
လာခဲ့သည်။ ဒန်းပွင့်နှင့် စကားပြောနေသည့် လူငယ်ကို ကြည့်ကာ မှ
သွားဟန်ဖြင့် မျက်လုံးပြူးသွားခဲ့ပါ၏။ မျက်နှာပေါ်မှာ တစ်စုံတစ်ရာ
ကြောက်ရွံ့သွားဟန်ဖြင့် တဆတ်ဆတ်တုန်နေရာက ခင်စောမှုကို လှမ်း
လိုက်သည်။

"အစ်မ...အမေသီလာနေပြီ..."

(၁၂)

အမေသီ လာနေပြီဆိုသည့် အေးစု၏ သတိပေးချက်ကို ကြားလိုက်
သည့်အခါ အားလုံးလိုလို တိတ်ဆိတ်သွားကြလေသည်။ အားလုံးက အေးစုကို
ကြည့်လိုက်ကြကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြပါ၏။ အမေသီ လာနေ
ပြီတော့ ဘယ်နား ရောက်နေပြီလဲ။ ဝေးသေးသလား။ အိမ်ဝ ရောက်နေပြီ
ခင်စောမှုက အခြေအနေကို ကပျာကသီတွေးကာ ဘာလုပ်ရမလဲဆိုတာ
ချက်ချင်း စဉ်းစားနေခဲ့သည်။ ဒန်းပွင့်ကတော့ မျက်နှာ သွေးမရှိတော့သလို
အမှန့်ဖြစ်ပြီး မောင်ပုညကတော့ သစ်စခန်းက ရုံးအကူကောင်လေး
မိသောက်လို နေရမှာလား၊ မောင်ပုညအဖြစ် ရဲရဲကြီး ရင်ဆိုင်လိုက်ရလေ
ဆေခွဲနေပုံပေါက်သည်။ အေးစုက မောင်ပုညကို မြင်လိုက်ရကတည်းက
ခြေခြင်း၊ တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်းတွေ ရောထွေး ခံစားနေရဟန်တူ
မျက်နှာကလေးညှိုးကာ ရှိနေရှာပါ၏။ ဒန်းပွင့်ကို တစ်လှည့်၊ မောင်ပုည
တစ်လှည့်ကြည့်ရင်း ဝမ်းသာဝမ်းနည်း ရှိနေရှာသည်။

"ဒန်းပွင့် မြန်မြန်ပြန်ထွက်...အိမ်ပေါ်တက်ဖို့ မမိရင် ခြံဝမှာ အေးအေး
လေလေ ထိုင်နေလိုက်...အေးစု အမေသီက ဝေးသေးသလား..."

www.burmeseclassic.com

www.burmeseclassic.com

"ဝေးသေးတယ် အစ်မ...အခုတော့ နှစ်အိမ်သုံးအိမ်ကျော် နေ
လောက် ရောက်လောက်ပြီ"

"အေးစုက ဒန်းပွင့်အနားမှာနေ...ကိုမင်းအောင်မြင့်နဲ့ မောင်ပုည
ကျွန်မ အနားမှာနေ...ကျွန်မက နှစ်ယောက်စလုံးကို ကျယ်ကျ
လောင်လောင် ဆူပွက်မယ်...ခေါင်းငုံ့နေကြ...ကဲ သွားကြတော့..."

ဒန်းပွင့်နှင့် အေးစုတို့က ခင်စောမူ၏ အစီအစဉ်အတိုင်း လှန်
ပျောက်သွားကြသည်။ ကိုမင်းအောင်မြင့်နှင့် မောင်ပုညက ခုံတန်းရှည်မှာ
လိုက်ကြသည်။ ခင်စောမူက အနားမှာ စာရင်းစာအုပ်တစ်အုပ် လှမ်းဆွဲ
လှန်ထားလိုက်သည်။ ပြီးမှ ဒေါ်ခင်မေသီ ရောက်လာမည့်အချိန်ကို စောင့်
နေလိုက်ကြပါ၏။

"အေးစုတို့ စားပြီးကြပြီလား...ဧည့်သည်တွေ ရောက်နေတယ်
တူတယ်...ရေနွေးပွဲကလေး, မုန့်ကလေး, လက်ဖက်ကလေး ရွ
လား...ညည်းတို့တော့ တော်တော်သင်ရဦးမှာပါ...လောက
နားမလည်တဲ့ဟာတွေ..."

"အခုမှ ရောက်လာကြတာ အမေသီရဲ့...ရေနွေးစာတ်ဘူး တ
မလို့ပါ...ဒန်းပွင့်က အပေါ်မှာ ပူလို့တဲ့...ခုပဲ ဆင်းလာတာ"

နောက်ထပ် အသံမကြားရတော့။ အိမ်နောက်ဘက် ခင်စောမူတို့
လျှောက်လာသော ခြေသံကို ကြားနေရသည်။ ခင်စောမူက အသံကလေး
ကာ အော်ဟန်ပြုသည်။ စောစောကပင် ဆူနေပုံမျိုး။ ကိုမင်းအောင်မြင့်
မောင်ပုညတို့က ခေါင်းတွေ ငုံ့လျက်။ ခင်စောမူက ရယ်လည်းရယ်ချင်သ
စိတ်လည်း ပူသည်။ အခြေအနေတွေက စီစဉ်ထားသလိုမှ ကောင်းပါ့မ
ပူခြင်းဖြစ်၏။ မျက်နှာကို မာထားကာ စာရွက်တွေပေါ်မှာ စာရင်းစစ်ရ
အချိုးမကျတာတွေ တွေ့ရပုံဖြင့် အော်နေခြင်း ဖြစ်သည်။

"ဌာနတစ်ခုရဲ့စာရင်းနဲ့ မတူဘူး...ရှင်တို့စာရင်းက ခေါင်းရွက်သ
ဈေးကြွေးမှတ်တာနဲ့ တူနေတယ်...ကျွန်မ စိတ်ရှိလှုပ်သာ မှတ်
ရေးရရင် ရှင်တို့ ရှင်းလို့ဆုံးမှာ မဟုတ်ဘူး...ကိုမင်းအောင်မြင့်

နည်းနည်းပါးပါးတော့ စာရင်းတွေသွင်းတာ ပြန်ကြည့်ဦးမှပေါ့...
ကျွန်မဖြင့် ဘယ်က အစကောက်ရမှန်း မသိဘူး"

"ကျွန်တော်တို့လည်း စာရင်းအင်းပညာ မတတ်တော့ ကြံသလို
စာရင်းသွင်းရတာမျိုးပါ မခင်စောမူ...မမှန်မကန် မရိုးမသားတော့
မဟုတ်ပါဘူး...စာရင်းသဘောမဆန့်တာပဲ ရှိချင်ရှိမှာပါ"

"ရုံးက စာရင်းကိုင်က စာရင်းကိုင်ဘဲ့ရပြီးသားပဲ...သူကိုယ်တိုင်က
စာရင်းသဘော နားမလည်တာကို ကျွန်မပြောနေတာ...ကျွန်မ
သစ်စခန်းကို လိုက်ခဲ့မယ်...သည်စာရင်းအတွက် ပြေစာတွေ တစ်ရွာက်
မှ ပါမလာဘူး...ကျွန်မက ဘာစစ်ရမှာလဲ..."

"ရုံးမှာတော့ ရှိပါတယ် မခင်စောမူ...ကျွန်တော်တို့က ကမန်းကတန်း
ထွက်လာရလို့ပါဗျာ...ကျွန်တော်ပဲ ယူခဲ့ပါ့မယ်...ကျွန်တော်တို့က
လည်း အလုပ်ကြမ်း လုပ်လိုက်ချင်သေးတယ်...စာရင်းဇယားတော့
သိပ်နားမလည်လှဘူး"

အနားတွင် ဒေါ်ခင်မေသီ ရောက်လာမှန်းသိသော်လည်း ခင်စောမူက
ခြင်သလိုလုပ်ရင်း စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက် လှန်နေလိုက်သည်။
ိုမင်းအောင်မြင့်ကလည်း စာရွက်လှန်တာကို လိုက်ကြည့်သည်။ မောင်ပုည
တော့ အနေကျဉ်သလို မျက်နှာကို ဖွက်ထားရင်း ငုံ့လျက်ရှိ၏။ ဒေါ်ခင်မေသို့
ရောက် မောင်ပုညအပေါ် ရောက်နေမှာစိုးသည့်အတွက် စာရွက်လှန်နေရာက
ျက်နှာမော့လိုက်သည်။ သည်တော့ မှ ဒေါ်ခင်မေသို့ကို တွေ့ဟန် ပြုံးပြလိုက်
သည်။

"အမေသီ...ပြန်ရောက်လာပြီလား...ကျွန်မလည်း ရောက်ကတည်း
က ခေါင်းမဖော်ရပါဘူးရှင်...။ ကိုမင်းအောင်မြင့်ရယ် အောက်က
ဝန်ထမ်းတွေပေါ့ရင် တာဝန်ရှိသူပဲ နှစ်နာရုပါတယ်...စာရင်းဇယား
တော့ သေချာဆွဲခိုင်းပါရှင်...ကျွန်မပြောတာ လွန်ရင်လည်း
ခွင့်လွှတ်ပါ...ကျွန်မက စိတ်ထဲရှိတာ ပြောတတ်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

ခင်စောမူက ခေါ်ခင်မေသို့ကိုလည်း နှုတ်ဆက်ရင်း ကိုမင်းအောင်မြင့်
ကိုလည်း ဆောင်းပန်ရင်း စကားလွှဲလိုက်သည်။ ခေါ်ခင်မေသိက ကိုမင်းအောင်မြင့်
ကို နှုတ်ဆက်ရန် အိမ်နောက်ဖေးကို ရောက်လာခြင်းဖြစ်သည်။ စာရင်းအရှုပ်တော်
ပုံနှင့် တွေ့တော့ နောက်ဆုတ်ရခက် ရှေ့တိုးရခက် ဖြစ်ရာက ခင်စောမူ လှမ်
နှုတ်ဆက်လိုက်တော့မှ ပေါ့ပါးသွားပုံရပါ၏။ ခင်စောမူနှင့် ကိုမင်းအောင်မြင့်
ကို ထွောင်းပန်သည်။

"Sorry ပါရှင်...ကျွန်မက နှုတ်ဆက်ဖို့လာတာပါ...အလုပ်ကို
တွေနဲ့. တိုးနေလို့. အားနာလိုက်တာ...နေပါဦး ကျွန်မ ဘာကျွေး
ပါ့...သူက ဘယ်သူတုံး...သစ်စခန်းကပဲလား..."

ကိုမင်းအောင်မြင့်က အခြေအနေကို ရိပ်မိလိုက်သည်။ ခေါ်ခင်မေ
ကို လျှော့တွက်လို့မဖြစ်။ လူပျိုအရွယ် လူငယ်တစ်ယောက် ပါလာတာ
သတိထားမိပုံရသည်။ ကိုမင်းအောင်မြင့်နှင့် မောင်မောင်တင်ကို သိသော်လည်
လူပို ပါလာတာကို စူးစမ်းရင်း အကဲခတ်နေပြီ မဟုတ်လား။ မောင်ပုညရယ်
သိလေသလား၊ မသိလေသလား မပြောနိုင်ပေသိ အလွတ်မပေးတာကတော့
သေချာပြီ။

"ကျွန်တော့်တပည့်ပါ...သည်ကအပြန် ရိက္ခာတွေ ဝယ်ရမှာဆိုတော့
ထမ်းဖို့ ခေါ်လာတာ...မောင်တိုး...မောင်မောင်တင့်ဆီသွား...ထ
ကစောင့်...မောင်မောင်တင့်ကို လွှတ်လိုက်..."

မောင်ပုညကလည်း ပါးသည်။ သုတ်ခနဲထ၊ သုတ်ခနဲလှည့်
ထွက်သွားသည်။ ခေါ်ခင်မေသိက လိုက်ဆော့မကြည့်ပါ။ သည်တော့မှ မောင်
ထိုင်ခဲ့သည့် နေရာမှာ ခေါ်ခင်မေသီ ဝင်ထိုင်သည်။ ကိုမင်းအောင်မြင့်
ခင်စောမူတို့.ကို ကြည့်ကာ မခိုးမခန့်ပြုံးသည်။ ရှင်တို့.နှစ်ယောက် ရိုး
ဟုတ်ကြရဲ့လား ဆိုတာမျိုးလည်း ဖြစ်ချင်ဖြစ်မည်။ ရှင်တို့.အမူအရာတွေ
ကောင်းလှချည်လား၊ ခင်မေသိက အမူအရာလုပ်နေတဲ့ မိန်းမပဲဟာ ရှင်
အမူအရာလောက်တော့ ရယ်ချင်ပါ့ဆိုတာမျိုးလည်း ဖြစ်ချင်ဖြစ်မည်။ မျက်နှာ
မချိုမချဉ်။ ခင်စောမူက ခေါ်ခင်မေသို့ အမူအရာကို မသိကျိုးကျွံဟန်ဖြင့် ရှ

လိုက်သည်။ သည်နေရာမှာ အမူအရာ ပြိုင်နေရတာပါလားလို့ တွေးမိတော့
လည်း ရယ်ချင်မိပါ၏။

ခေါ်ခင်မေသိက လက်သူကြွယ်တွင် ဝတ်ထားသည့် စာတ်လုံးလက်ပွပ်
ကိုလှည့်ရင်း ဘာမှမပြောသေးပဲ ငြိမ်နေသည်။ သည်အချိန်မှာပဲ မောင်မောင်တင်
ရောက်လာသည်။

"ဆရာခေါ်တယ်ဆိုလို့..."

"အေး...ပြန်ကြရအောင်လေ...ရိက္ခာ ဝယ်ရဦးမှာနဲ့...မခင်စောမူ
သစ်စခန်းကို ကနေ့.လိုက်မှာလား...ကျွန်တော် ဝင်ခေါ်မယ်လေ..."

ကိုမင်းအောင်မြင့်က မေးတော့ ခင်စောမူ မဖြေတတ်။ တကယ်က
သစ်စခန်းကို လိုက်ရန်အကြောင်းတော့ သိပ်ကြီးမရှိပါ။ စာရင်းစစ်တစ်ယောက်
အနေနှင့် စာရင်းနှင့် လုပ်ငန်းခွင် တိုက်ဆိုင်စစ်ဆေးရမှာတွေ ရှိသော်လည်း
စာရင်းဇယားများအရ ဖြောင့်နေတာလည်း အမှန်ပင်။ သို့သော် တစ်ရက်တော့
ရုံးလုပ်ငန်းစဉ်အရ လူအရောက်ပြရမှာတော့ ရှိသည်။ ရောက်မှလည်း ကောင်း
မည်။ ခင်စောမူ ပြန်မည်ဆိုလျှင် တစ်ရက်၊ နှစ်ရက်လောက်နေပြီး ပြန်ရုံပင်။
မောင်မောင်တင် ပြောသလောက်ဆိုလျှင် ရုံးကလည်း ပြည့်စုံသည်အထိ စာရင်း
စစ်နိုင်ကြောင်း၊ အားလုံးပြီးစီးမှ ပြန်ခဲ့ စေချင်ကြောင်း အကြောင်းကြားသည်
ဆို၏။ မြို့ကြီးကို ရောက်စဉ်က မောင်မောင်တင် ရုံးကို ဖုန်းဆက်ရင်း မှာလိုက်
ခြင်းဖြစ်သည်။

"ကိုမင်းအောင်မြင့်ရယ်...ကျွန်မကလည်း ထမင်းတစ်နပ်တော့ ကျွေး
နိုင်ပါတယ်ရှင်...ကျွန်မက ကိုယ့်အိမ်လာလာနေတဲ့ ဧည့်သည်ကို
မကျွေးမမွေး ဧည့်မခံရတာကို စိတ်မကောင်းတာ...မခင်စောမူ
ကလည်း တစ်နပ်မှ မစားဘူး...ကျွန်မလက်ရာ European စာ
ကလေး ချက်ကျွေးချင်လို့ပါ... ဟိုတုန်းက ကျွန်မ အမြဲတမ်း
ချက်ခဲ့ရတာလေ...ကျွန်မယောကျ်ား ရှိတုန်းကပေါ့...ကျွန်မက
ဧည့်သည် လက်ခံကတည်းက လူကြည့်ထားတာပါ...ဧည့်သည်
မျှော်နေရသူ မဟုတ်ပါဘူး...ကျွန်မ မထားချင်ရင် မလာဘူး...

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဓာတ်ကျမှ ထားတာပါ...ပြီးခဲ့တဲ့ နှစ်ရက်လောက်က ယောကျ်ားစည်သည်နှစ်ယောက် တည်းချင်လို့တဲ့...ကျွန်မ လက်မခံလိုက်ဘူး"

ကိုမင်းအောင်မြင့်က လူရိုးဆိုတော့ အားနာပုံရသည်။ ခင်စောမူကတော့ ဘာကြောင့်ရယ်မသိ။ ဒေါ်ခင်မေသီ ပြောသမျှကို စိတ်ကောင်း နှလုံးကောင်းနှင့် ပြောသည်လို့မထင်။ လှို့ဝှက်ချက်လိုလို၊ ဖုံးကွယ်ထားတာ တစ်ခုခု ရှိသလိုလိုချည်း ခံစားရသည်။ ဒန်းပွင့်နှင့်ပတ်သက်လို့ မခံချင်တာလည်း ပါပါ လိမ့်မည်။ ကိုမင်းအောင်မြင့်က လက်ခံလိုက်မှာစိုးသဖြင့် ခင်စောမူမှာ ကပျာ ကယာ ကာရတော့သည်။

"တူညီးခိုခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီရှင်...နို့မို့ ကျွန်မမှာ ဘန်ဂလို သွားနေရမှာလေ...ဘန်ဂလိုကလည်း ကောင်းပါတယ်... သည်မှာ နေရတာက ပိုအဆင်ပြေတယ်လေ...အမေသို့မေတ္တာလည်း ပါမယ်ထင်ပါရဲ့...နေရတာ အေးမြလုံခြုံမှု ရှိပါတယ်...တကယ် ပြောတာပါ"

ခင်စောမူစကားကြောင့် ဒေါ်ခင်မေသီ ပြုံးသည်။ သည်အပြုံးကတော့ တကယ့်အပြုံးထင်ပါ၏။ နှုတ်ခမ်းကလေး ကွေးရုံကွေးကာ မျက်လုံးထွေ့ မှေးထားတာကိုက ယဉ်စရာရှိလှသည်။ တကယ်တော့ ဒေါ်ခင်မေသီက မိန်းမရွေ့ တစ်ဦးပင်။ အသားအရေ၊ ကိုယ်နေဟန်ထား၊ မျက်စောင်္ကပုံကအစ ခေတ်မိန်းမသား တစ်ဦးအဖြစ် မြင်ရသည်။ မျက်ကွင်းညိုညို ကွင်းခတ်ထားသည့်အထဲက မျက်လုံး နှစ်လုံးက သည်အသက်အရွယ်မှာပင် ဥဿဖရားပွင့်တွေလို တောက်လဲ့ လှနေသည်။ နုပျိုစဉ်က ဘယ်လောက်များ ချောလိုက်လေမလဲ။ တစ်ခါတစ်ရံ ခင်စောမူ တွေးမိသလောက်တော့ ဓာတ်လိုလို၊ နတ်လိုလို၊ ပယောဂ ဆရာ ကြီးလိုလို၊ ဗေဒင်ဆရာမကြီးလိုလို ဟန်လုပ်နေတာကလွဲလျှင် အဆင့်တန် ရှိရှိထဲက လာသည့် မိန်းမသားတစ်ဦးပင်။ ခုချိန်အထိ ခင်စောမူကို စောင့်ရှောက် တာပဲရှိသည်။ မျက်နှာမူ မျက်နှာရာက မပွင့်မလင်းရှိသော်လည်း ရိုင်းပျစ်ခြင်း တော့ မရှိ။ တစ်ခါတစ်ရံ စကားတင်စီးတာမျိုးတော့ ရှိသည်။ ရွဲ့ချင်ချင်

စောင်းချင်ချင်စိတ်ကလေး ရှိသည်။ သူမကိုယ်သူမ အထင်ကြီးသူ ဖြစ်သည်။ ခင်စောမူ သတိထားမိသလောက် တစ်ခါတစ်ရံ ညှပ်ပြောတတ်သော အင်္ကလိပ် စကားသံက ဘိုဆန်လှခြင်းပင်။ တောခေါင်ခေါင် သည်လိုအရပ်ဒေသဆီက အသံထွက် ကောင်းကောင်း ပြောတတ်ဆိုတတ်ခြင်းက ဘယ်ကလာတာလဲ...။ သည်မိန်းမသား ဘယ်ကလာတာလဲ...။ သူ ဘယ်သူလဲ...။ ဒါကလည်း စိတ်ဝင်စားစရာအချက် ဖြစ်သည်။

ခင်စောမူ သည်အိမ်ကြီးမှာ နေထိုင်ရင်း ဟိုရှာသည်ရှာ လုပ်မိခဲ့သည်။ သီချင်စိတ်ကြောင့် လူ့ကျင့်ဝတ်တွေ ဖောက်ဖျက်မိတာတွေ ရှိခဲ့သည်။ တစ်ခု တော့ ခင်စောမူ ဖြေလို့ရပါသည်။ သည်ရှာဖွေခြင်းက သိလိုခြင်းသက်သက်သာ ဖြစ်၍ အနိုင်ယူဖို့မဟုတ်။ အကျပ်ကိုင်ဖို့မဟုတ်။ တစ်စုံတစ်ရာ လူညှစ်ချင် သို့မဟုတ်။ သူတစ်ပါး ကိုယ်ရေးကိုယ်တာကို အကြောင်းပြုကာ သွားပုံပို့လေလွှင့် ပြောချင်လို့လည်းမဟုတ်။ ခင်စောမူတွင် မခံချင်တာတော့ ရှိသည်။ အပြစ်မဲ့သော ဆောသူတောင်သားတွေအပေါ်၊ မသိနားမလည်ရှာသော ဆင်းရဲသူ၊ ပညာမဲ့သူ တို့အပေါ် ဟိတ်ထုတ်ခြင်းအားဖြင့် သူမအပေါ် လေးစားအောင်၊ ကြောက်ရွံ့ အောင်၊ အားကိုးအားထားပြုအောင် အနိုင်ကျင့်ခြင်းကိုတော့ မကြိုက်။ ဒန်းပွင့် ကိုပဲကြည့်။ ပယောဂ မရှိပါပဲ ပယောဂရှိသလိုလို၊ ရောဂါမရှိပါပဲ ရောဂါကြီး သလိုလို လုပ်နေတာ ခင်စောမူ သဘောမတွေ့နိုင်ပဲ ရှိခဲ့သည်။ ဘယ်ဖြစ်ဖြစ် ခင်စောမူအဖို့ ကျေးဇူးရှင်အဖြစ် သဘောထားတာလည်း အမှန်ပင်။

"မဟုတ်တာပဲ မခင်စောမူရယ်...ကျွန်မပြောပါပကော...ကျွန်မက ဓာတ်ကျမှ တည်းခွင့်ပြုတာလို့လေ...ဓာတ်ကျတယ်ဆိုတာ ကျွန်မတို့ ပညာရပ်စကားနဲ့ဆိုရင် အင်မတန် လေးနက်ပါတယ်...ရန်ဓာတ်, မိတ်ဓာတ်, အကျိုးပြုဓာတ်, အကျိုးမဲ့ဓာတ်တွေ လောကမှာ အပုံကြီး ရှိတာကို...လူချင်း ဘယ်လောက်ခင်ခင် ဓာတ်မတည့်တာတွေ ရှိ တယ်...ခန္ဓာကိုယ်မှာ အဖုအပိမ့်တွေ ထွက်တော့ လူတွေက ဘာများ ဓာတ်မတည့်တာပါလိမ့်လို့ ပြောကြတာ ကြားဖူးမှာပေါ့...အဲဒါ တကယ်ပဲ ဓာတ်မတည့်တာကို ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့ချင်း ဓာတ်တည့်တယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ အမေ
ရယ်...ကျွန်မလည်း တစ်ရက် နှစ်ရက်ရှိရင် ပြန်ရတော့မှာပါ...ကျွ
မမေ့ပါဘူးရှင်"

"ညောင်...ပြန်ရတော့မှာလား...လွမ်းရချေသေးပေါ့ မခင်စော
ရယ်...ကျွန်မက လူတစ်မျိုးရယ်...ချစ်ရင် နှစ်ပြီးချစ်တတ်တယ်
မုန်းရင်တော့ တုံးခနဲ လုပ်ပစ်လိုက်တာ...တစ်ခါတလေ စိတ်
လျော့ရတယ်...မေတ္တာဓာတ်ကို နှလုံးသွင်းရတယ်...ငယ်ငယ်
ဘယ်ရမလဲ...ယောကျ်ားသော မိန်းမသော ကျွန်မက ခေါင်းထဲ ထ
တာမဟုတ်ဘူး...ဝက်ဝံများကုတ်သလို ကုတ်ပစ်လိုက်တာ...သွေး
သံရဲရဲ မြင်လိုက်ရမှ ကျေနပ်တော့တာလေ...အခုတော့ အရွယ်လွ
ရပြီ...မေတ္တာကမ္မဋ္ဌာန်းနဲ့ နေတတ်ပါပြီ...အေးစုရေ..."

ခင်စောမူနှင့် ကိုမင်းအောင်မြင့်တို့ကို ပြောနေရင်းက အေးစုကို ဝ
ခေါ်နေပြန်သည်။ ပြောနေပုံက ခြိမ်းခြောက်နေသလိုလို။ သွေးရဲရဲ သံရဲရဲမြင်
ကျေနပ်သွားသတဲ့။ ခင်စောမူ ဖတ်ဖူးသည့် ရောဂါဆန်းတစ်မျိုးပေလား။ တ
စိတ်ရောဂါရှင်တွေက သွေးထွက်သံယိုဖြစ်မှကိုမှ သာယာတတ်သည်ဆို
ဖတ်ရစဉ်က ခင်စောမူ ယုံဖို့ပင် ခက်သည်။ ဘယ်နယ်များပါလိမ့်။ သွေး
သံယိုဖြစ်တာကိုမှ စိတ်ကျေနပ်ရတယ်ဆိုတာ မဟုတ်သေးပါဘူး။ အဓိပ္ပာယ်
လိုက်တာလို့ တွေးခဲ့ဖူးသည်။ ခေါင်မေသီကိုယ်တိုင်က သည်လို စိတ်ရောဂါ
များလား။ စိတ်ရောဂါတစ်မျိုးမျိုး ကပ်ငြိနေတာတော့ အမှန်ပင်။

အေးစု အပြေးရောက်လာခဲ့သည်။ အေးစုက မျက်စိမျက်နှာ ပျက်
တာကို ဖုံးလို့ ဖိလို့ပင် မရသလို တအံ့နေးနေးကြီး ဖြစ်နေသည်။ အပြင်
ဒန်းပွင့်နှင့် အတူရှိနေတော့ ဒန်းပွင့်က မမျှော်လင့်ပဲ ရောက်လာသည့် မောင်
အကြောင်း၊ သူ့နောက် လိုက်ခဲ့ပါ ခေါ်နေသည့်အကြောင်း၊ သည်လိုလုပ်လို
လျှင် အေးစုကို ခေါင်မေသီက ခွင့်လွှတ်မှာမဟုတ်လို့ အစ်မခင်ဖော
တားနေကြောင်းတွေ ပြောပြပြီးလောက်ပြီ။ အေးစုခမျာ မောင်ပုညကိုယ်တိ
သည်အိမ်ကြီးကို အရှင်လတ်လတ် ရောက်လာခြင်းကိုရော၊ သည်အကြောင်

ဆွေသာ ခေါင်မေသီ သိသွားလျှင် ယမ်းပုံမီးကျတော့မှာကိုပါ ထွေးကြောက်
နေရှာပါ၏။ မျက်နှာမထားတတ်တော့ တစ်မျက်နှာလုံး ရဲနေတော့သည်။

"ညည်း နေမကောင်းဘူးလား အေးစု...မျက်နှာကြီး ရဲစုတ်လို့...
သည်မယ် ဒန်းပွင့်ကို အိမ်ပေါ်မှာနေလို့ပြော...ဒန်းပွင့်က သည်းခြေ
မကောင်းဘူး...လေစိမ်းမိရင် ဗျားနေလိမ့်မယ်...သွားတော့...နေဦး
အမေသို့ဖို့ နံ့သာဖြူ သွေးထားစမ်း...များများသွေး..."

"ဟုတ်ကဲ့ အမေသီ..."

အေးစု ပြန်သွားတော့ ခေါင်မေသီက အပျိုတွေထိန်းရတာ မလွယ်
ကြောင်း ကိုမင်းအောင်မြင့်ရဲ့လို့ စကားဖာသည်။ ခင်စောမူကလည်း သည်အိမ်ကို
ရောက်နေသည့် အပျိုပင်။ သည်တော့ ထိန်းရခက်တဲ့အထဲမှာ ငါများ ပါနေ
သလားလို့ တွေးမိသေးသည်။ ခင်စောမူက စကားဖြတ်သည်။ ကိုမင်းအောင်မြင့်
ပြောသလို သစ်စခန်းကို ကနေ့တော့ မလိုက်ချင်သေးကြောင်း၊ မနက်ဖြန်
နောက် လာခေါ်စေချင်ကြောင်း မှာလိုက်သည်။ ခင်စောမူက ကိုမင်းအောင်မြင့်
ကို ကားအထိလိုက်ပို့တော့ ခေါင်မေသီ ခုံတန်းရှည်ပေါ်မှာ ကျန်ရစ်ခဲ့သည်။

ကိုမင်းအောင်မြင့်တို့ ကားရှိရာ လမ်းပေါ်အထိ ခင်စောမူ လိုက်ပို့
ဆိုက်သည်။ ကားပေါ်မှာ မောင်မောင်တင်နှင့် မောင်ပုည။ မောင်ပုညက ချစ်သူ
ဖြစ်သူ ဝအောင်မတွေ့ရသဖြင့် စိတ်မကောင်းဖြစ်နေပုံရသည်။ ကားနောက်ခန်းထဲ
အနေ အိမ်ကြီးကို ချောင်းကြည့်နေသည်။ စောစောကတော့ အေးစုနှင့် ဒန်းပွင့်
တို့မှာ အိမ်ရှေ့မှာ ရှိနေကြသဖြင့် မောင်ပုညနှင့် ဒန်းပွင့်တို့ မျက်နှာချင်း
မဆိုင်ကြရရဲ့ အလွမ်းဖြေနိုင်ကြပုံပေါ်သည်။ ခေါင်မေသီက အေးစုနှင့် ဒန်းပွင့်ကို
အိမ်ပေါ်တက်ခိုင်းလိုက်တာကတော့ တိုက်ဆိုင်မှုပေလား။ စကားပြောနေရာက
အေးစုကို ရုတ်တရက် လှမ်းခေါ်ကာ အိမ်ပေါ်တက်ခိုင်းလိုက်တာကလည်း
ဆူးတော့ထူးဆန်းသားပင်။ ကိုမင်းအောင်မြင့်ကတော့ ကားပေါ် တက်လိုက်
ရောက ခင်စောမူကို လှမ်းစသည်။

"မခင်စောမူရေ...အမှုထဲတော့ ကျွန်တော်လည်း ပါပြီ...စာရင်းအ
ကြီးရယ်...သရုပ်ဆောင် ကောင်းလိုက်တာများ...ကျွန်တော်ဘောင်

www.burmeseclassic.com

www.burmeseclassic.com

တကယ်ငေါက်တယ် ထင်မိတယ်...ကျွန်တော်လည်း ကျရာ လိုတ်
ပြောရတာလေ...အဆင်ပြေရဲ့လား..."

ခင်စောမူက ကိုမင်းအောင်မြင့်စကားကြောင့် အားရပါးရ ပြုံးမိသည်။ ဒေါ်ခင်မေသီ ရောက်လာမှန်းသိသဖြင့် လုပ်ငန်းစာရင်းဇယားများနှင့် ပတ်သက်၍ ငေါက်ခဲ့ရတာ မဟုတ်လား။

"တကယ်ငေါက်တာပေါ့ရှင့်...ဒါမှ သရုပ်တူတော့မပေါ့...အကယ်အ
ရော့ လုပ်ရတာပဲ...Sorry ပါရှင်...ကျွန်မတို့ မပီရိရင် သူက ရိုက်
တော့မှာလေ...ပါးပါးလေးရယ်..."

"ဒါဆိုရင် မောင်ပုညကို ဘွားတော် မခြင်ပူးလောက်ဘူး...မြင်ဖူး
ထပေါက်ကွဲမှာလေ"

"မျော်လင့်ရတာပဲ...ဒန်းပွင့်တို့ မေးကြည့်ရဦးမယ်...ကဲ ကဲ
သွားတော့နော်...ကိုမင်းအောင်မြင့်တို့ သွားမယ်ဆိုတော့ ရင်
ဟာတာတာကြီး..."

"ကျွန်တော်လည်း...အဲ...ကျွန်တော်တို့လည်း မထူးပါဘူးဗျာ
မနက်ဖြန်မဟုတ်ရင် သန်ဘက်ခါ လာခဲ့ပါမယ်...ကျွန်တော် ရန်ကုန်
ကို request လုပ်ကြည့်ဦးမယ်...စာရင်းဇယားထားပုံ ရေးသွင်း
တွေ သည်က ကလေးတွေကို သင်တန်းပေးစေချင်တဲ့ အကြောင်း
...မောင်မောင်တင့်ကို မြို့ကြီး လွှတ်လိုက်မယ်...ရုံးက ခွင့်ပြု
နေရက်ကလေး ရတာပေါ့"

"အလိုတော်...ကျွန်မက သည်မှာ နေချင်သေးတယ်လို့ ဘယ်သူ
ပြောလို့လဲ"

ကိုမင်းအောင်မြင့်က သူ့စကားနှင့်သူ စိတ်အရိပ်ကလေး ပေါ်သွ
တာကို ရှက်သွားပုံရသည်။ ပြီးတော့မှ တစ်ချက်ရယ်လိုက်ပြီး ခင်စောမူ
ပြန်စသည်။ မခင်စောမူပြန်ရင် ငိုမိမလားတောင် မသိဘူးတဲ့။ တကယ်တော့
ခင်စောမူကိုယ်တိုင်က ရင်ထဲမှာ ဟာတာတာကြီးလို့ ပြောမိခဲ့တာမဟုတ်လား

မိန်းမသားတစ်ယောက်က ယောကျ်ားသားတစ်ယောက် ပြန်တော့ဟယ်ဆိုတာ
ကို ဟာတာတာကြီး ခံစားရတယ်လို့ ပြောသင့် မပြောသင့် မတွေးခဲ့။ ရင်ထဲက
အရိုးခံအတိုင်း ပြောလိုက်ခြင်းသာ ဖြစ်ပါ၏။

"ကလေးတွေ ကစားတဲ့အခါ ပြောသလိုပေါ့ဗျာ...ပြောပြီးဘာလဲ
ပေါ့"

ကားမောင်းထွက်သွားသည့်အခါ ကိုမင်းအောင်မြင့်၏ ချိုသာနူးညံ့
သော မျက်လုံးတွေကို မြင်ယောင်နေမိသည်။ သူတို့ ခမျာ ဘာမှန်းညာမှန်းမသိ
ခင်စောမူ စိတ်ဝင်စားမှုထဲ ပါနေကြရပြီ။ အကျိုးဂုဏ်၊ ပုဆိုးဌားကအစ အမှုအရာပါ
ဝင်လုပ်ပေးနေရတာကို တွေးမိတော့ ရယ်ချင်မိရပါ၏။ ခင်စောမူ အိမ်နောက်ဖေး
ဘက်ကို ပြန်လျှောက်လာသည်အထိ ခုံတန်းရှည်မှာ ဒေါ်ခင်မေသီ ထိုင်လျက်
ရှိသေးသည်။ ခင်စောမူ တစ်ချက် သတိလက်လွတ်သွားခဲ့ပြီ။ ကိုင်နေကျ
လက်ဆွဲအိတ်ကို ထားခဲ့မိခြင်းဖြစ်သည်။ သည်အိတ်ထဲမှာ အမေကြေးစည်၏
ကျောက်ပြားကလေးရှိသည်။ တစ်ရက်က စာရင်းစစ်ရင်း ရေးထားသည့် ဖြစ်စဉ်
ဒိုင်ယာရီစာအုပ်ရှိသည်။ ကျန်တာက အလှပြင်ပစ္စည်း အနည်းငယ်၊ ငွေစက္ကူ
အချို့နှင့် လက်ကိုင်ပဝါ သုံး,လေးထည်။ အိတ်ကို ထားစဉ်က ဘယ်လိုထားခဲ့မှန်း
သတိမထားမိတာကလည်း သူမ၏ ပေါ့ဆမှုသာ ဖြစ်သည်။ ဒေါ်ခင်မေသီမျက်နှာ
ကို အကဲခတ်ဖို့ကလည်း စက္ကူကို အကဲခတ်ရတာကမှ ခံစားမှုမှန်ကို တွေ့နိုင်
သေးသည်။ ဒေါ်ခင်မေသီက ခင်စောမူ ရောက်လာတာကို တစ်ချက်လှန်ကြည့်
သည်။

"ပြန်ကြပြီလား...သူတို့လည်း ပင်ပန်းကြမှာပဲ...သစ်စခန်းက ခရီး
ကြမ်းတယ်...သူတို့ကို မခင်စောမူ ဆူငေါက်နေတာ ကြားတော့
ကျွန်မတောင် အားနာသွားတယ်"

ဘာကို အားနာတာလဲ။ ကိုယ်နဲ့မဆိုင်တဲ့နေရာ ရောက်လာမိတာကို
အားနာတာလား၊ လူရိုးလူကောင်းတွေကို ဆူငေါက်လို့ အားနာတာလား
ခင်စောမူ ဝေခွဲလို့မရပေသိ သည်စကားမျိုးက ဒေါ်ခင်မေသီ ပြောနေကျ
စကားနှစ်ခွဖြစ်သည်။ ဒေါ်ခင်မေသီက ကိုမင်းအောင်မြင့်ကိုများ အာရုံရှိနေ

www.burmeseclassic.com

www.burmeseclassic.com

ရောလား။ ကိုမင်းအောင်မြင့်နှင့် စကားပြောသည့်အခါ ညတုတ် ခရာတာကာ လေကလေး ပါတတ်တာ ခင်ဗျာမှု သတိထားမိသည်။ အရွယ်ကောင်း မုဆိုးမ တစ်ယောက်ဆိုတော့လည်း မာယာတွေ တတ်လောက်ပြီပေါ့။ ခင်စောမှုက လည်း စကားနှစ်ခွနှင့်ပင် ဖြေလိုက်သည်။

"ခုကတည်းက ငေါက်ထားမှ အမေသိရေ..."

ဒေါ်ခင်မေသီက မျက်လုံးလှန်ကြည့်သည်။ ခုကတည်းက ငေါက်ထားမှဆိုတော့ ရည်းစားဘဝကတည်းက နိုင်ထားမှ တော်ကာကျသလိုလို အဓိပ္ပာယ် ပါနေတာ မဟုတ်လား။ တစ်မျိုးကလည်း စာရင်းစစ်နှင့် ရုံးအရာရှိ မျက်နှာ မနာရခင်က သူ့တာဝန် ကိုယ့်တာဝန် ကျေကြရမှာပေါ့။ မဟုတ်တာလုပ်ရင် ကျွန်မကတော့ မျက်နှာမထောက်ဘူး ဆိုသည့်သဘောလည်း ပါသည်။ ခင်စောမှုက သူ့စကားသူ ကျေနပ်သွားသလို နောက်ထပ်စကား မပြောတော့။ စာရင်းစာအုပ်ကိုပဲ ကောက်လှန်ကာ အလုပ်ထဲ အာရုံထားလိုက်သည်။ ဒေါ်ခင်မေသီက ဆတ်ခနဲထကာ နှုတ်ပင်မဆက်ပဲ ပြန်ထွက်သွားလေ၏။

"ကိုမင်းအောင်မြင့်ရေ...ရှင့်ကို ငြိနေတဲ့ မိန်းမတစ်ယောက်တော့ ရှိနေပြီကော..."

ခင်စောမှုရင်ထဲက စကားတစ်ခွန်း။ သေချာပြီ။ ဒေါ်ခင်မေသီက ခင်စောမှုနှင့် ကိုမင်းအောင်မြင့်ကို ချစ်သူတွေအဖြစ် မြင်သွားပုံရသည်။ ကောက်ခနဲ ထပြန်သွားတာကကော ဘာသဘောပါလိမ့်။ စိတ်ကောက်သွားတာလား။

ခင်စောမှုက ဒေါ်ခင်မေသီ ထသွားတော့မှ လက်ဆွဲအိတ်ကို ဖောင့်ဖွင့် ကြည့်သည်။ ကျောက်ပြားကလေး ထည့်ထားသည့် လျှို့အိတ်ထဲ လက်နှိုက်စမ်း သည်။ မတွေ့။ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ အိတ်မကြီးထဲ လက်ထိုးနှိုက် ရှာပြန်သည်။ မရှိ။ အပြင်အိတ်ထဲမှာကော။ ရှိသည်။ ဟော်ပါသေးရဲ့။ ဒိုင်ယာရီ ကတော့ ရှိနေသည်။ ထူးခြားတာက စာအုပ်အနောင့်က အောက်ကို ရောက်နေခြင်း ဖြစ်သည်။ ခင်စောမှုက သူများ မှားနေရော့လား တွေးတော့လည်း မသေချာ။ ဘာပဲဖြစ်ဖြစ် ကိုမင်းအောင်မြင့်နှင့် ကားလမ်းပေါ်မှာ စကားတွေ ပြောခဲ့သေး တာဆိုတော့ ဆယ်မိနစ်လောက်တော့ ကြာသည်။ သည်ဆယ်မိနစ်အတွင်းမှာ

ိုင်ယာရီ ဖိုးဖိုးဖျပ်ဖျပ် ဖတ်မည်ဆိုလျှင် ဖတ်နိုင်တာ မဟုတ်လား။ ခင်စောမှုက အိတ်ဖစ်ကို ပြန်ပိတ်ပြီး ကိုမင်းအောင်မြင့်တို့ ဆရာတပည့်ကို စိတ်ဆောက် နေခဲ့ပါ၏။ မောင်ပုညကိုတော့ ဘန်ဂလိုမှာ ချထားခဲ့လိမ့်မည်။

"ရှင့်ကို ငြိနေတဲ့ မိန်းမတစ်ယောက်တော့ ရှိနေပြီ"

သည်စကားစုကို ခင်စောမှု တစ်ခါတွေးမိပြန်ပါ၏။

* * *

ညနေခင်း...။

နေ့ခင်းက မဒွေး လာပို့သော ထမင်းခြင်းကို စားပြီးသည်နှင့် ခင်စောမှု စိတ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ အိမ်ပေါ်ကို ဘယ်သူတွေတက်လို့ ဘယ်သူတွေ ဆင်းမှန်းပင်မသိ။ အလုပ်ရယ်လို့ ပင်ပင်ပန်းပန်း မလုပ်ရသော်လည်း အိပ်မော လူမောရက်တွေ များလာသည်။ ကိုယ့်အိမ်ကိုယ့်ရာ မဟုတ်တော့ အိပ်မလုံခြုံတာလည်း ပါပါလိမ့်မည်။ ညဘက် အိပ်သည်ဆိုသော်လည်း အရာရာ ကို သိနေသလို ကြက်အိပ်ကြက်နိုးသာ ဖြစ်သည်။ ငိုက်မျဉ်းနေသည့် အချိန်တွေ သာ များခဲ့သည်။ နေ့လယ်ကတော့ မျက်လုံးတွေ စင်းလာကာ ချက်ချင်းအိပ်ပျော် သွားခဲ့ခြင်း ဖြစ်၏။ နေ့ခင်းအိပ်မက်ဆိုပေသိ ညဉ့်နက်သန်းခေါင် မက်သည့် အိပ်မက်လို အိပ်မက်စင်းစင်းကြီးပင် မက်လိုက်သေးသည်။ ဒေါ်ခင်မေသီ၏ အိမ်အင်္ဂတွေ လျှံထွက်နေသည့် မျက်လုံးများနှင့် မမြင်ဖူးသေးသည့် ဒေါ်ဌေးပ ကြီး၊ ဒေါ်ဌေးမြတို့ပင် ပါလိုက်သေးသည်။ မောင်ပုညနှင့် ဒန်းပွင့်တို့နှစ်ယောက် ထွက်ပြေးကြတာလည်း ပါပါ၏။

အိပ်ရာက လန့်နိုးတော့ အခန်းတွင်း အပူရှိန်ကြောင့် ချွေးတွေပြန်နေ ခဲ့သည်။ မချွတ်ပဲ အိပ်ခဲ့သဖြင့် နာရီက လက်မှာ ပတ်လျက်သား။ ကြည့်လိုက် တော့ ညနေခင်း သုံးနာရီသာသာ။ လမ်းမကြီးဆီက လှည်းတွေ ဆူညံလှသည်။ ကူးပြန်လှည်းတွေများလား။ အိပ်ရာက ထကာ ရေချိုးပစ်လိုက်သည်။ အိမ်ကြီး ဆိုမှာ လူသူရှိပုံမပေါ်။ ဒန်းပွင့်ရော အေးစုပါ အသံမကြားရ။ ဒေါ်ခင်မေသီ ကတော့ ထုံးစံအတိုင်း မရှိလောက်တော့ပြီ။ ဒေါ်ခင်မေသီ မရှိသခိုက် ဒန်းပွင့်

www.burmeseclassic.com

www.burmeseclassic.com

ကို မေးချင်တာတွေရှိသည်။ မောင်ပုညနှင့် ဘာတွေပြောဖြစ်ခဲ့သလဲ သိချ
သည်။ ဒန်းပွင့်က မောင်ပုညနှင့် ချက်ချင်းလိုက်သွားချင်ကြောင်း ပြောစဉ်
ခင်စောမူ အတန်တန်တားခဲ့ရသည်။ အခုကော ဘယ်များ ရောက်ကုန်
ပါလိမ့်။

ခင်စောမူ အိမ်အောက်ကို ဆင်းလာခဲ့သည်။ နောက်ဖေးဘက်
လျှောက် ကြည့်တော့လည်း မရှိဘူး။ အိမ်မကြီးပေါ်မှာ သူတစ်ယောက်တည်
အိပ်ပျော်နေခဲ့တာ ကို ခုမှ လန့်မိတော့သည်။ အိမ်နောက်ဘက် သစ်ပုံကြီး
လျှောက်လာကာ တုံးတို တစ်တုံးပေါ် ထိုင်ချလိုက်သည်။ သည်နေရာ
အေးသား။ ညနေခင်း မီးရထား ဖြတ်တော့မှာကို အတွေ့အကြုံအရ ခင်စော
သိနေပြီ။ ခင်စောမူကိုယ်တိုင် စီးခဲ့သည့်ရထားက သည်နောက်ဖေးက ဖြတ်
ကျ။ မီးရထားကို စိတ်ရောက်တော့ ရုံးပိုင် ကိုကြွေမိုဂိုက်ကိုပါ သတိရမိပြန်ပါ
ကိုကြွေမိုဂိုက်က ဘောက်တီဘောက်ထိုး ဆိုပေသိ လူက ခင်စရာကောင်းသူ
ဘာတွေများ လုပ်နေမှာပါလိမ့်။ သမုန်းကျင်းကို ရောက်လျှင်တော့ ဝင်လာ
သေချာသည်။

"အစ်မကို မတွေ့လို့ ရှာနေကြတာ...အစ်မက သည်ရောက်
တာကိုး..."

"ကျုပ်ကလည်း ညည်းတို့ကို ရှာနေတာပါတော်...ဘယ်
သွားနေကြတာတုံး..."

"ဟိုဘက် လက်ဖက်ရည်ဆိုင်ထဲမှာ အစ်မ"

အေးစုနှင့် ဒန်းပွင့်တို့နှစ်ယောက် ရောက်လာခြင်းဖြစ်၏။ ဒန်းပွင့်
ရှက်ကိုးရှက်ကန်း။ အေးစုက မအိုးမအ။ မိန်းကလေးနှစ်ယောက် ဘာတွေ
လုပ်နေကြတာပါလိမ့်။ ပြီးတော့ တစ်ခါဖူးမျှ မကြားခဲ့ဖူးသော တစ်ဖက်အ
လက်ဖက်ရည်ဆိုင်ထဲကို သွားတယ်ဆိုတာကလည်း ထူးဆန်းသလို ဖြစ်နေသူ
ခင်စောမူ ရောက်ကတည်းက အေးစုရော ဒန်းပွင့်ပါ လက်ဖက်ရည်ဆိုင် သွား
သည် မရှိခဲ့။ ဒေါ်ခင်မေသီသာ သိလျှင် ပြဿနာ။ ဒါဖြင့် အရဲကိုးကာ သွား
ကြတာ ဘာအတွက်လဲ။ ခင်စောမူ ရိပ်မိလိုက်ပြီ။ လက်ဖက်ရည်ဆိုင်

မောင်ပုည လာခဲ့ပုံပေါ်သည်။ အေးစုက လူကြည့်ပေါ့။ မောင်ပုညနှင့် ဒန်းပွင့်
လက်ဖက်ရည်ဆိုင်မှာ တွေ့ကြ။ ဒါကလွဲလို့ အခြားမရှိနိုင်။

"ညည်းတို့နှစ်ယောက် အရဲကိုးလာရည်းလား...အချိန်မတိုင်ခင် ပွင့်ကုန်
လိမ့်မယ်နော်...ပေါ့ပေါ့မမှတ်ပါနဲ့အေ...အစ်မက စိုးရိမ်လို့ပြောတာ
ပါ...ဒန်းပွင့်က မောင်ပုညနဲ့ သည်နားမှာ ကပ်တွေ့တာ အန္တရာယ်
ကြီးတယ်နော်...အေးစု ညည်းကလည်း အလိုလိုက်လွန်းတယ်"

ခင်စောမူက တိုက်ရိုက်ကြီး ပြောလိုက်တာကို အေးစုရော ဒန်းပွင့်ပါ
ခံသြနေကြသည်။ နောက်ဖေး ထင်းပုံနားက တုံးတစ်တုံးမေါ် ထိုင်နေသူက
သူတို့အကြောင်း အပ်ကျမပ်ကျ ပြောနေလို့ဖြစ်၏။ အေးစုက ဒန်းပွင့်ကို ကြည့်
သည်။ ဒန်းပွင့်က အေးစုကို ကြည့်သည်။ မလုံမလဲမျက်နှာတွေက ခင်စောမူ
ထင်တာ ဟုတ်မှန်နေကြောင်း ပြနေပြီ။ ခင်စောမူက မောင်ပုညကိုသာ အပြစ်
တင်ချင်သည်။ သည်အိမ်ကြီးမှာ ချစ်သူကို တွေ့ရပြီးသည့်နောက် ဒေါ်ခင်မေသီ
အိမ်ကအထွက်ကို လာစောင့်နေလိမ့်မည်။ ဒေါ်ခင်မေသီ ထွက်သွားသွားချင်း
လက်ဖက်ရည်ဆိုင်က စောင့်နေလိမ့်မည်။ ဒန်းပွင့်နှင့် အေးစုက လက်ဖက်ရည်
ဆိုင်ကို လိုက်သွားမည်။ အေးစုက ဒေါ်ခင်မေသီကို စောင့်ကြည့်...။ ဒန်းပွင့်
က ချစ်သူနှင့်တွေ့....။

"သူချိန်းထားလို့ပါ အစ်မရယ်...သည်မိန်းမကြီး ထွက်တာနဲ့
တစ်ဖက်ဆိုင်ကို လာခဲ့လို့ မှာလို့ပါ...သည်တစ်ခါပါ...နောက် မသွား
တော့ပါဘူး...ကိုပုညက သူလည်း ပြန်တော့မှာပါတဲ့"

ဒန်းပွင့်က ပျာပျာသလဲ ကာရွာသည်။ ခင်စောမူက မောင်ပုည လျှောရဲ
တိုင်း လိုက်လုပ်လို့မဖြစ်ကြောင်း ပြောပြသည်။ အေးစုကိုလည်း နောင် သူ့လို
မလုပ်မိ အောင် ဆုံးမရသည်။

"အစ်မက မောင်ပုညကို အပြစ်တင်တာပါ...အစ်မက ဒေါ်ခင်မေသီ
ယုံကြည်ရင် ညည်းတို့နှစ်ယောက်ကို ဘန်ဂလို အလည်ခေါ်ပါရစေ
ပြောမလို့ စီစဉ်ထားတာပါ...ဘန်ဂလိုမှာ မောင်ပုညနဲ့ တွေ့ဖို့ငိုင်
အောင်ပေါ့...အခုဟာက ဒေါ်ခင်မေသီက မောင်ပုညကို သွေ့သွား

www.burmeseclassic.com

www.burmeseclassic.com

ပြီ...မောင်ပုညမှန်းသိတာ မသိတာထား...သူ့အိမ် လူပိုတစ်ယောက် ဝင်လာတာကို သတိထားမိတယ်...ခေါ်ခင်မေသီက အင်မတန် ပါးနပ်တယ်ဆိုတာ မမေ့နဲ့...အခုလည်း အထွက်ပြတာဖြစ်နေရင် ဘယ်လို လုပ်မလဲ...တစ်နေရာက ချောင်းကြည့်နေတာမျိုးဆိုရင် ဘယ်လိုလုပ်မလဲ...မောင်ပုညမှာ အသက်အန္တရာယ် ရှိတယ်ဆိုတာ ညည်းတို့ မသိဘူး...အစ်မသိတယ်"

ဒန်းပွင့်မျက်နှာကလေး အိုသွားသည်။ သူတို့နှစ်ယောက် လုပ်ခဲ့သည့် အမှားကို နောင်တရသွားပုံ ပေါ်ပါ၏။ ခေါင်းကလေးငုံ့ကာ မျက်ရည်တွေ လည်နေသည်။ အေးစုက ခင်စောမူကို မကြည့်။ သူလည်း အလိုတူ အလိုပါ မဟုတ်လား။ ခေါ်ခင်မေသီ စောင့်ကြည့်နေနိုင်သည်ဆိုတာ ကြားတော့ တော်တော်လန့်သွားပုံပေါ်လေသည်။ ခင်စောမူက အခြေအနေကို ထိန်းလိုက်သည်။

"ပြောပါဦး...မောင်ပုညက ဘာတဲ့လဲ...ခိုးရာလိုက်ဖို့ ပြောနေတာ မဟုတ်လား...ဒန်းပွင့်က ကျွန်မစဉ်းစားမယ် ပြောလိုက်တယ် မဟုတ်လား...မိုးနံလောက် ပြေးရုံနဲ့တော့ မလွတ်လောက်ပါဘူးလို့ ပြောတော့ မောင်ပုညက သူ ရင်ဆိုင်မယ်လို ပြောတယ်မဟုတ်လား..."

ဒန်းပွင့်က မျက်ရည်ကျရင်း ခင်စောမူကို မေးကြည့်သည်။ မောင်ပုညနှင့် တွေ့စဉ်က အဲသလိုပြောခဲ့ကြတာ အမှန်ပင်။ အစ်မ မခင်စောမူက အနာလူထိုင်နေသလို သိနေတာ အံ့သြစရာ ကောင်းလှချည်လား။ ဒန်းပွင့်ထံ မငြင်းသာတော့ ငြိမ်နေလိုက်ရုံသာ။ ခင်စောမူက မောင်ပုညမှာ အသက်အန္တရာယ်ရှိတာ သိတယ်ဆိုတာကိုတော့ ဖိုးရိမ်သွားခဲ့ရသည်။

"အစ်မလည်း တစ်ရက် နှစ်ရက်ရှိရင် ပြန်ရတော့မှာပါ...အစ်မက ဒန်းပွင့်နဲ့ မောင်ပုညတို့ ဘဝခရီး အတူလျှောက်လှမ်းကြစေချင်တယ်...သို့ပေမယ့် ခိုးရာလိုက်ပြေးရုံနဲ့သာ အဆင်ပြေရင် ဒန်းပွင့်သည်မှာ လာနေစရာအကြောင်းမှမရှိတာပဲ...အခုပြဿနာက အစ်မ စဉ်းစားကြည့်မိသလောက် ဒန်းပွင့်အခေါ်တွေနဲ့ ခေါ်ခင်မေသီနဲ့

ပေါင်းပြီး အလုပ်နှစ်ခုလုပ်နေကြတယ်...တစ်ခုက ဒန်းပွင့် အိမ်ထောက် မကျရေး...တစ်ခုက ဒန်းပွင့်ပိုင်တဲ့ အမွေတွေ အပိုင်စီးရေး...သည် နှစ်ချက်မှာ ဝင်ရှုပ်တဲ့လူကို သူတို့ အပျော်ကရှင်းပစ်လိုခဲ့မယ်...ဒါတော့ အမှန်ပဲ...အစ်မက ခြောက်လှန့်တာမဟုတ်ဘူး...တကယ် ပြောတာ...ဒါကြောင့် အစ်မက အကောင်းဆုံးကို အချိန်ယူ စဉ်းစားနေတာပဲ...သည်ကြားထဲမှာ ငါညီမတို့က အတင့်မရဲကြပါနဲ့ကွယ်"

ခင်စောမူ ပြန်တော့မယ်ဆိုတော့ ဒန်းပွင့်ရော အေးစုပါ အားတိုး ဘကြီး ကြည့်နေကြရှာပါ၏။ ခင်စောမူကလည်း သည်အချက်ကိုတော့ ကြိုပြောထားသင့်သည်ဟုထင်လို့ ပြောလိုက်ခြင်းဖြစ်သည်။ ခင်စောမူ မြို့ပြန်တော့မည်ဆိုပြန်တော့လည်း စိတ်မကောင်းဖြစ်ကြပုံ ပေါ်ပါ၏။ သည်အိမ်ကြီးမှာ ဒန်းပွင့်နှင့် အေးစုတို့သာ ကျန်တော့မည်။ တခြား မည်သည့်ဥည်သည်မှ လာမခံတော့ကြောင်း ခေါ်ခင်မေသီကိုယ်တိုင်က ပြောခဲ့ပြီ။ သည်တော့ သည်အိမ်ကြီးမှာ နောက်ထပ် လူရှိတော့မှာ မဟုတ်။ ဒန်းပွင့်ကို ခေါ်တင်ထားခြင်းကပင် ငွေကြေး တော်တော်ရှုံးထားဟန်တူပါ၏။ ဒန်းပွင့်ကို အကြောင်းပြု၍ အခေါ်များ လှမ်းပို့ထားသော ဆေးနှင့် ငွေကြေးတွေက လှည်းသမားနှင့် ရောက်ရောက်လာတတ်တာကို ပေါ်တာတွေအရ ခင်စောမူ သိထားသည်။ ခေါ်ခင်မေသီက ဒန်းပွင့်ကို ဘယောဂကုသလိုလိုနှင့် သူ့မျက်စိအောက် ထားရုံ၊ သမုန်းကျင်းက ပျောက်မသွားအောင် စောင့်ရှောက်ထားရုံလောက်တော့ ဟုတ်ဟန်မတူပါ။ သည်ထက် လျှို့ဝှက်ကြံစည်ထားတာတွေ ရှိနိုင်သည်။ ဒါကိုတော့ ခင်စောမူ နားမလည်တာလည်း အမှန်ပင်။

"အစ်မပြန်ရင်တော့ ကျွန်မတို့နှစ်ယောက် ဒုက္ခရောက်ရပြီပေါ့ အစ်မရယ်...အစ်မရှိနေလို့ ကျွန်မတို့ကို မနှိမ်တာပါ...အစ်မ မလာခင်ကဆို ကျွန်မနဲ့ တကျက်ကျက်ဖြစ်နေရတာ နေ့တိုင်းပဲ...အစ်မ ရောက်လာတော့ ကျွန်မကို သနားလို့ ခေါ်ထားသလိုလို လုပ်နေပြန်ပြီ"

ဒန်းပွင့်က ပြောတော့ အေးစုကလည်း ထောက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့ကွယ်...အစ်မတို့ အကဲခတ်ကြသေးတာပေါ့...ဒါထက် အစ်မ မေးပါဦးမယ်...ဒန်းပွင့် အမွေတွေကို အဒေါ်တွေက မက်လှေ ကြတယ်ဆိုတော့ ဒန်းပွင့်မိဘတွေက ဘယ်လောက်တောင် ထားခဲ့ကြ လို့လဲ"

"ရွှေကချည်း ခုနစ်ဆယ်သားလောက်ရှိတယ် အစ်မ...လယ်တွေ ချောင်းတွေကလည်း များများရှိသေးတယ်...နောက်ဝယ်တဲ့ ယာတွေ လည်း အများကြီးပဲ"

"ရွှေတွေက ဘယ်လိုထားတာလဲ...အစ်မက စိုးရိမ်လို့ မေးတာပါ ရွှေတွေက ဒန်းပွင့်နဲ့အတူ မပါဘူးဆိုတော့ သူတို့ကလည်း တစ်ဖက် က ရှာနေကြမှာပဲ"

"ရှာကြတာ သေချာတယ်အစ်မ...ဒေါ်ခင်မေသီက ကျွန်မကို တစ် တစ်ခါ ချောမေးတယ်...ကျွန်မက မဖြေဘူး...အေးစုကို ချောမေးခိုင် တာလည်း ခဏခဏပဲ...အေးစုက ရအောင် မမေးနိုင်ရကောင်းလား ဆိုပြီး အေးစုပါ ရန်လုပ်သေးတာ အစ်မရဲ့..."

"လုံခြုံရင် ပြီးတာပါပဲ ဒန်းပွင့်ရယ်...ကိုင်း အပေါ်တက်ကြတော့ သည်ရက်ထဲမှာ ဒေါ်ခင်မေသီ မရိပ်မိအောင် ပုံမှန်နေကြပါကွယ် အစ်မ မပြန်ခင် တစ်ခုခုတော့ ဖြစ်လာမှာပါ...ဟုတ်ပြီနော်..."

ဒန်းပွင့်နှင့် အေးစု အပေါ်ထပ် တက်သွားကြပြီ။ ခင်စောမူက စီတ်လမ်းတစ်ခုလုံး ဇာတ်ကွက်ချကြည့်နေမိပါ၏။ မစောညွှန့်ဆိုတာ ဘယ်သူလဲ။ အမေကြေးစည်ကကော ဘယ်လိုအခန်းက ပတ်သက်နေတာလဲ။ ဒေါ်ဒွေးမြ၊ ဒေါ်ဒွေးပ၊ ဒေါ်ဒွေးခ ဆိုတဲ့ မိန်းမကြီးတွေကကော တကယ်တူမအရင်းတစ်ယောက် ပျက်ရာပျက်ကြောင်း ကြံစည်နေကြတာ ဟုတ်ရဲ့လား မောင်ပုညအမေက ပညာသည် ဆိုတာကကော...။ ဒေါ်ခင်မေသီက သည် မိန်းကလေးကို ဘယ်လောက်ကြာအောင် ထိန်းထားမှာလဲ။ မောင်ပုညနဲ့ ဒန်းပွင့်တို့ ရှေ့ခရီး ဘာတွေဆက်ဖြစ်ဦးမှာလဲ။

ခင်စောမူ ကောက်ချက်မဆွဲနိုင်။ မတရားမှုတစ်ခုတော့ တစ်နေရာရာ ရှိနေတာ သေချာသည်။ ရိုးစင်းမယောင်ယောင်နှင့် ရှုပ်ထွေးလှသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်နေပါပကော။ ခင်စောမူက ထင်းပုံဘေးမှ တုံးတစ်တုံးပေါ် ဝင်ရင်း တွေးနေခြင်းဖြစ်၏။ မီးရထားတစ်စီး ဖြတ်သွားဟော့မှ အတွေး ပျက်တော့သည်။

* * *

ဒေါ်ခင်မေသီ မလာသေး...။ ညနေ တော်တော်ကလေး စောင်းပြီ ဖြစ်သော်လည်း အလင်းရောင်တွေ ရှိနေပါသေးသည်။ သမုန်းကျင်းမြို့ ဟောင်း သစ်တွေပေါ်မှာ လူသူအသွားအလာ မရှိသလောက် ပါးနေပြီ။ ခင်စောမူ စိတ်ဖက်အဖီချဆိုင်ကလေးဘက် ထွက်လာခဲ့သည်။ မြင်ရသလောက် လှမ်း ကြည့်တော့ ဒေါ်ခင်မေသီကို မတွေ့ရ။ သည်လက်ဖက်ရည်ဆိုင်မှာ လာထိုင်တာ တစ်ခြမ် မဟုတ်တာလို့ တွေးရင်း ဆိုင်ရှေ့က ခုံပုကလေးမှာ ဝင်ထိုင်လိုက်သည်။ ဆိုင်ဝမှာ ဘယ်သူမှမရှိ။ အသားမည်းမည်း ပုတိုတို အမျိုးသမီးကြီးကို ခင်စောမူ ရှာခြင်းဖြစ်သည်။ တစ်ရွာက ရောက်လာကြသူတွေလို့ တစ်ခါက ပြောခဲ့ဖူးသည်။ ခဏနေတော့ သန်းသန်း ဆိုသူကလေး ထွက်လာသည်။ ခင်စောမူကိုတွေ့တော့ ပြုံးပြရင်း လာထိုင်သည်။

"အစ်မ...လက်ဖက်ရည် သောက်မလို့လား...အဖေ ခေါ်လိုက် မယ်လေ..."

"အေး...ညည်း ကြီးတော်ကြီးကော...မတွေ့လို့..."

"ရှိတယ် အစ်မ...အထဲမှာ...နေဦး...ကျွန်မ သွားခေါ်ချဦးဗျ"

သန်းသန်း ထသွားတော့ ခင်စောမူက ဆိုင်ကို အကဲခတ်သည်။ ခြင်ကလေးက ညစ်နွမ်းလှသည်။ တောဆိုင်ဆိုတော့ ဟိတ်ကြီးဟန်ကြီး မရှိ အားထား၊ လိုတာထက်ပိုပြီး ညစ်ပတ်နေသယောင်ပင်။ ဆိုင်ပိုင်ရှင် မောင်နမ က မီးထိုးနေပုကုန်းရွာတွေဘက်က ဆိုတာ ခင်စောမူ သတိရသည်။ ပြီးခဲ့သည့် ဆောင်တွေတုန်းကတော့ ဆိုင်ဖြုတ်တော့မလိုလို ကြားခဲ့သေးသည်။ အရက်ကလေး

www.burmeseclassic.com

www.burmeseclassic.com

ဖက်ရောင်းတော့ မဆိုးပါဘူးလို့ ပြောဖူးတော့ အရက်နှင့် ရပ်တည်နေ
ပေါ်ပါ၏။ ခဏနေတော့ အသားမည်းမည်း အဒေါ်ကြီး ထွက်လာသည်။

"ငါ့တူမ...လာနိုး လာနိုးနဲ့ ကျုပ် မျှော်မိသေးတယ်...ဘိုမက
အိမ်လာတဲ့ ဧည့်သည်တွေနဲ့ ရောတာ မကြိုက်လို့ မခေါ်တာ
ဘယ်နှယ်မှ မအောက်မေ့နဲ့...လက်ဖက်ရည်သောက်မှာလား
မုန့်တော့ မရှိဘူး"

"မုန့်မစားပါဘူး အဒေါ်ရယ်...လက်ဖက်ရည် ပေါ့ပေါ့ပဲ ပေးပါ
ကိုယ်တိုင် ထဖျော်သည်။ ထင်း၊ မီးသွေး ပေါသည့်အရပ်ဆိုတော့
လက်ဖက်ရည်အိုးတွေက ဆူဆူပွက်နေကြသည်။ လက်ဖက်ရည်ဖျော်တာ
လက်သားကျနေပုံပေါ်ပါ၏။ ခွက်နှစ်ခွက်ဖြင့် အမြှုပ်ထအောင်လုပ်ပြီး ချ
သော လက်ဖက်ရည်ခွက်ထဲကို လောင်းထည့်သည်။ ပိုတာလေးကို
သောက်လိုက်သေးသည်။ ပြီးတော့ ခင်စောမူကို လာချ၏။ ဘေးမှာ ဝင်ထိုင်
ရောင်းမကောင်းလှကြောင်းတွေ ညည်းပြန်လေသည်။ ခင်စောမူက ဆိုင်
တော့မှာလား မေးတော့ အခြေအနေအရပဲလို့ ခပ်ညည်းညည်းပြောသည်။

"ကျွန်မက ဒေါ်ခင်မေသီနဲ့ အတူနေရမှ သူ့စိတ်သဘော သိရုံတင်
စိတ်ကောင်းရှိရှာပါတယ်...အကျိုးအကြောင်းပြောရင် ရမှာပဲ
သနားတတ်သူပဲဟာ"

"ဘိုမကို ပြောတာလား...လင်းမြွေလို စာသိုက် လိုက်ရှာနေတဲ့ မိ
ပါအေ...ဘိုမအကြောင်း ကျုပ်တို့က သိလှပေါ့...ပေါင်းလာ
ကြာပေါ့ဟာ..."

"ဒေါ်ခင်မေသီကို ဘိုမလို့ ဒေါ်တာ သတိထားမိတယ်...သူ့နာမည်
ဘိုမလား..."

"ကျုပ်တို့ကတော့ ဘိုမ ခေါ်လိုက်တာပဲ...သူက ဟိုတုန်းက
စကားပြောရင် အင်္ဂလိပ်လိုတွေ ထည့်ထည့်ပြောတတ်လို့...
ယောကျ်ား ကိုဘကောင်းကြီးလည်း မီလိုက်ပ...ကိုဘကော

ကတော့ သီရေ၊ သီရေနဲ့ ပါးစပ်က မချပေါင်တော်...အတော်
ချစ်ရှာတာ"

"ဘိုမတဲ့လား...နာမည်ရင်းက ဘယ်သူတဲ့တုံး..."

"နာမည်ရင်းက ခုခေါ်နေကြတဲ့ဟာပဲ...ခင်မေသီ ဆိုလား..."

ခင်စောမူ လိုချင်သောအဖြေမဟုတ်။ သည်ဒေါ်ကြီးကကော
ဒေါ်ခင်မေသို့အကြောင်း ဘယ်လောက်သိသလဲ ခင်စောမူ စပ်စုကြည့်မိသည်။

"ကျုပ်တို့က မိုးထိနေပူကုန်း ဇာတိတွေပါတော်...ကိုယ့်တော
ကိုယ့်ရွာ လယ်အလုပ် လုပ်စားကြတာပါ...ကျုပ်မောင်ကတော့
ဟိုစပ်စပ် သည်စပ်စပ်ထဲကပေါ့...တစ်ရက်သား...ဘိုမတို့လင်မယား
ရွာရောက်လာပြီး သမုန်းကျင်းကို ဒေါ်သွားကြတာပဲ...ဘိုမတို့ကို
စောင့်ရှောက်ရင်း အိမ်ဘေး အဖီကလေးချ လက်ဖက်ရည်ဆိုင်
စီးပွားကလေး ထောင်ပေးကြတယ်...အမှန်က ကိုဘကောင်းက ခရီး
ခတင်း အထွက်များတော့ သူ့မယား စောင့်ရှောက်စေချင်တဲ့သဘော
ပေါ့...ကျုပ်တို့ကလည်း တစ်သက်လုံး စောင့်ရှောက်ခဲ့တာပါပဲ...
ကိုဘကောင်းကတော့ သူတကာအပေါ် ဆိုးချင်ဆိုးပေမယ့် ကျုပ်တို့
အပေါ်မှာ ကောင်းရှာတယ်...ဘိုမကတော့ ရှဲ့ချည်နှပ်ချည်ပဲ"

"ဦးဘကောင်းက သမုန်းကျင်းသားပဲလား...ဓာတ်ပုံထဲ မြင်ရတာတော့
မျက်နှာကျက တစ်မျိုးမို့ မေးတာပါ အဒေါ်..."

"ဗမာစစ်စစ်တော့ ဟုတ်ဟန်မတူဘူး...ကုလားစပ်သတဲ့...ပြောကြ
တာတော့ ကိုဘကောင်းအဖေက ဟိုတုန်းက သစ်ပွဲစားတဲ့...လူသတ်
လို့ သေတယ်ဆို မှတ်တာပဲ...ကျုပ်တို့ကလည်း သမုန်းကျင်း ရွာနေ
ပြည်ထိုင်တွေ မဟုတ်တော့ လေထဲ ပါလာတာလောက် ကြားရ
တာကိုး..."

လေထဲပါလာတာလောက် ကြားရတာကိုး ဆိုသည့်အသုံးကို ခင်စော
သဘောကျသွားသည်။ ဒေါ်ကြီးက မဲ့မဲ့ရဲ့ရဲ့ ပြောနေခြင်းဖြစ်သည်။ စောစော

www.burmeseclassic.com

www.burmeseclassic.com

လည်း လင်းမြေများ စာသိုက်ရှာသလို ရှာနေတဲ့မိန်းမတဲ့။ ဒေါ်ခင်မေသို့ကို ဒေါ်ကြီး မကျေနပ်တာတော့ ရှင်းသည်။ ဒေါ်ကြီးစကားထဲမှာ ကိုဘကောင်း အဖေ သစ်ပွဲစား၊ လူသတ်လို့ သေတာတဲ့ ဆိုသည့်အချက်ကို သတိထားသည်။ ကိုမင်းအောင်မြင့် ပြောပြသည့် ဘန်ဂလိုဇာတ်လမ်းထဲက ကုလားတစ်ယောက်ယောက်များလား။

"နေပါဦး ဒေါ်ကြီးရဲ့...သစ်ပွဲစား ကုလားကြီးဆိုတာ နာမည် ဘယ်သူတဲ့တုံး...ဘယ်လိုကြောင့် လူသတ်လို့ သေရတာတဲ့တုံး..."

"အဲသည်လောက်အထိတော့ သိပေါင်အေ...ကိုဘကောင်း ရှိစဉ်အခါ တုန်းကတော့ သူ့အဖေကို သတ်တဲ့လူကို အတော်အညှိုးတကြီး ရှာခဲ့ဖွေခဲ့ဖူးတယ်...ကျုပ်သိသလောက်ပြောရရင်ဖြင့် ကိုဘကောင်း ကိုယ်တိုင်တောင် သေရတာ သူများပယောဂ မကင်းဘူးတဲ့"

"ဒေါ်ခင်မေသီက အခု သူတစ်ယောက်တည်းနေတာဆိုတော့ ဆွေမျိုးတွေ မရှိကြဘူးလား..."

"ရှိချင်လည်း ရှိမှာပေါ့...သူက ကိုဘကောင်းနဲ့ ပတ်သက်မှ သမ္မာကျင်း ရောက်လာခဲ့သူကိုး...ကိုဘကောင်းနဲ့က ငယ်လင်ငယ်မယားအရာ မဟုတ်ကြတာ...ကိုဘကောင်းမှာလည်း မန္တလေးဘက်မှာ သားကြီး မယားကြီးတွေ ရှိတယ်...ဘိုမမှာလည်း အုရင်လင်ကြီးရှိတယ်...သူတို့နှစ်ယောက်က သားသမီးတော့ မပေါ်မပေါက်ဘူး"

မောင်ရိပ်ကလေး သန်းလာပြီ။ သန်းသန်းက လျှပ်စစ်မီးခလုတ်ကို ဖွင့်လိုက်တော့ ဝါကျင့်ကျင့် မီးလုံးကလေး လင်းလာသည်။ ခင်စောမူ လမ်းကြီးဘက် လှမ်းမျှော်ကြည့်တော့ လူတစ်ယောက် လျှောက်လာနေတာ မှုန်မှုန်တွေ့နေရသည်။ လက်ဖက်ရည်ခွက်ထဲက လက်ဖက်ရည်ကျန်ကလေး မော့သောက်လိုက်ပြီး ထဖို့ပြင်ရသည်။ သည်ဆိုင်မှာ ထိုင်နေတာ ဒေါ်ခင်မေသီ မဟုတ်စေချင် ခင်စောမူ မေးချင်တာလေးတော့ မေးလိုက်သည်။

"သည်က အဒေါ်မောင်မိန်းမ ထူးထူးဆန်းဆန်း ဆုံးတယ်ဆိုတာလေ...တစ်ခါက စကားပြတ်သွားလို့ မမေးဖြစ်ဘူး...ဘာဖြစ်လို့လဲ အဒေါ်...နေမကောင်းတာလား..."

အဒေါ်ကြီးက ဆိုင်ဘက်ကို လှည့်ကြည့်သည်။ ဆိုင်ဝမှာ လူမရှိ။ ဧည့်ခန်းက လက်ဖက်ရည်သောက်နေသူတွေလည်း မရှိ။ ခင်စောမူနှင့် အဒေါ်ကြီး နှစ်ယောက်သာ ရှိသည်။ အဒေါ်ကြီးက ထိုင်နေသည့်ခုံကို ရွှေ့နည်းနည်းချောကာ လေသံတိုးတိုးဖြင့် ပြောသည်။ နဂိုက ဆိုးသည့်မျက်နှာသည်ပင် မဲ့မဲ့ရွဲရွဲဖြင့် အကျည်းတန်လွန်းလှသည်။ ခန္ဓာကိုယ်ဆီက သိုးအောက်အောက် ကြေးခြောက်နံ့ ထွက်နေသဖြင့် အမေကြေးစည်ကိုပင် သတိရမိလေသည်။

"ဘိုမက ကျုပ်မောင် ကလေးနဲ့ မယားနဲ့ ကောင်ကို ပြီတီတီ လုပ်ချင်တာအေ...ကျုပ်မောင်က လူချော လူခန့်ဆိုတော့ ဘိုမက ရောချင်တယ်...ဘာရယ်လို့တော့ ဟုတ်ပုံမရပါဘူး...သူ့အိမ်ကို ဆိုင်လုပ်နေရတော့ ကျုပ်မောင်ကလည်း ခင်ရာခင်ကြောင်း အလိုက်သင့် ဆက်ဆံရတာ ရှိတာပေါ့အေ...အဲဒါကို ကျုပ်မောင်မိန်းမ မိကြောင်မက မကြည်သာဘူး...အူတိုရာက ရန်ဖြစ်ကြရော...၊ တစ်ရက်တော့ မိကြောင်မက အောင့်တယ် အောင့်တယ် ဖြစ်လာလို့ အိပ်ရာထဲ ခဏဝင်ခွေတယ်...ကျုပ်တို့ကလည်း ဈေးဆိုင်တစ်ဖက်နဲ့ဆိုတော့ လှည့်မကြည့်နိုင်ဘူးပေါ့အေ...ခဏနေတော့ ကျုပ်ဝင်ကြည့်တယ်...ငြိမ်နေလို့ ဆေးစမ်းလိုက်တော့ အသက်မရှိတော့ဘူး...ကျုပ်က ဘိုမကိုင်လိုက်ပြီဆိုတာ သိသားပဲ...စွပ်စွဲ မဖြစ်လို့သာ... ကျုပ်ကတော့ မကျေဘူးရယ်..."

"တိုက်ဆိုင်တာနေမှာပါ အဒေါ်ရယ်...လူတစ်ယောက်က လူတစ်ယောက်ကို ပညာနဲ့ အသက်ရန်ရှာလို့ မရနိုင်ပါဘူး...အဒေါ်ယောက်မက နဂို အဆောင့်ရောဂါ ရှိသလား..."

"မရှိရပေါင်အေ...ကြောင်မ ဆိုတဲ့အတိုင်း ပေါ့ပါးလိုက်တဲ့နှမ ဟာကို...သည်ကတည်းက ကျုပ်မောင်က ဆိုင်ပြင် သိပ်မသွက်တော့

www.burmeseclassic.com

www.burmeseclassic.com

ဘူး...အစ်မရယ် မြို့လာပြီး ကြောင်မ ထားခဲ့ရသလို ဖြစ်နေပြီကော ဗျာလို့ ပြောရတယ်"

"ဟုတ်ပါ့နော်...ရင်နာစရာကောင်းလိုက်တာရှင်...တော်သေးတာပေါ့ အဒေါ်တို့ အန္တရာယ်မရှိလို့..."

"ကျုပ် ဘယ်လုပ်ဝံ့မတုံး...ကျုပ်က အမေကြေးစည် စမကွက် ထိုးထားတာလေ...လုပ်လို့ ဘယ်ရပါ့မလဲ"

အဒေါ်ကြီးက လက်ခုပ်ပေါက အမေကြေးစည် အမှတ်တံဆိပ်ကို ပြနေသည်။ စကားတွေ ပြောချင်သေးသော်လည်း ခင်စောမူ ထရပြီ။ အပြင်မှာ မှောင်စပျိုးပြီ။ လူရိပ် လမ်းရိပ်ပင် ကောင်းကောင်းမမြင်ရတော့။ ဒေါ်ခင်မေသီကတော့ ခုထိ ရောက်လာသေးပုံမပေါ်။ အဒေါ်ကြီးကို နှုတ်ဆက်ပြီး ထလာခဲ့သည်။ အိမ်ဝရောက်တော့ သံကွင်းကို မ,ဖွင့်ပြီး လှေကားအတိုင်း တက်လာခဲ့သည်။ မီးရောင်ပင် လင်းနေလေပြီ။ ဒန်းပွင့်နှင့် အေးစုတို့ အသံ မကြားရ။

"ထမင်းချိုင့် ရောက်နေပြီ မခင်စောမူ...စားလိုက်ဦး...ကျွန်မကတော့ ပြောလိုက်သေးတယ်...ထမင်းဆာလို့ထင်တယ် လက်ဖက်ရည် ဆင်း သောက်နေတာလို့..."

ဒေါ်ခင်မေသီက ဆက်တိုက်ပင် တစောင်းထိုင်ရင်း ပြောလိုက်သည့်အသံ ဖြစ်သည်။ ခင်စောမူပင် တုန်သွားရပါ၏။ ဘယ်အချိန်ကများ ရောက်နေပါလိမ့်။ ဒေါ်ခင်မေသီကတော့ မျက်မှန်တစ်လက်ဖြင့် ဖတ်လက်စ တရားစာအုပ်ကို ဆက်ဖတ်နေလေသည်။ မျက်နှာက ခပ်တင်းတင်း။

(၁၃)

ခင်စောမူက မဌေးလာပို့သည်ဆိုသော ထမင်းချိုင့်ကို ဖွင့်လိုက်သည်။ ဖွင့်လို့သာ ဖွင့်ရသည် ထမင်းစားရမည့်နေရာ မရှိ။ ဆက်တိုက်မှာက ဒေါ်ခင်မေသီ တရားစာအုပ်ကို စူးစူးစိုက်စိုက် ဖတ်နေသည်။ အခြားဆက်တိုခုံလွတ်တွေ ရှိသေးသော်လည်း ထမင်းချိုင့်တွေချကာ ထမင်းတွေ စားမနေချင်။ ကြမ်းပေါ် ချစားလို့ကလည်း မကောင်း။ ကိုယ့်အခန်းထဲကိုယ် စားရအောင်ကလည်း အိပ်ခန်းထဲ ထမင်းစားတာကို အိမ်ရှင်က ကြိုက်နိုင်မှာမဟုတ်။ အေးစုနှင့် ဒန်းပွင့်တို့ကိုတော့ အရိပ်လည်း မမြင်၊ အသံလည်း မကြား။ မရွေ့ရောတို့ ဘယ်များ ကြွလှမ်းနေကြပါလိမ့်။ နောက်တော့ ဆက်တိုခုံလွတ်ဆီကိုပဲ ရောက်ရပါ၏။ ထမင်းဆာလို့ လက်ဖက်ရည် သွားသောက်နေလေရဲ့လို့ ဒေါ်ခင်မေသီ ပြောလိုက်သည့်စကားကို ဟုတ်သလိုလိုပုံ ဖမ်းချင်သဖြင့် ထမင်းစားပြရခြင်း ဖြစ်၏။

"အမေသီ သုံးဆောင်ဦး...ငါးဘတ်မွေချက်ရယ်...ဘူးရွက်ဟင်းချို ရယ်...ဘာလချောင်ကြော်ရယ်...သရက်ချဉ်သုပ်ရယ်...တူ၊ခရင့်

www.burmeseclassic.com

www.burmeseclassic.com

ရွာချက်ကလေးတွေ သိပ်ကြိုက်တာပဲ...မင်္ဂေးကလည်း ချက်တတ်ပါ
ဘိသနဲ့ရှင်"

ဒေါ်ခင်မေသီက တရားစာအုပ်ဖတ်နေတာကို ရပ်လိုက်ပြီး စားပွဲပေါ်
စာအုပ်တင်လိုက်သည်။ မျက်မှန်ကို ချွတ်ပြီး လှပ်ထားသော ထမင်းချိုင့်တွေကို
လှမ်းကြည့်သည်။ ဘာမှမပြောပဲ ပြုံးလေ၏။ စားပါရှင် ဆိုသည့်သဘော။
ခင်စောမူက ဇွန်း၊ ခရင်းဖြင့် စားခြင်းဖြစ်၏။ ငါးဘတ်မွှေချက်ကလေး ကော်
လိုက်၊ ဘာလချောင်ကြော်ကလေး ဇွန်းဖျားနှင့် ကော်လိုက်၊ ဟင်းချိုကလေး
သောက်လိုက်။ ထမင်းထဲ အာရုံရောက်နေသလို လုပ်နေလိုက်သည်။ ဒေါ်ခင်မေသီ
က ခင်စောမူကို တစ်ခုခုပြောချင်ပုံ ရနေတာကိုတော့ ခင်စောမူ အာရုံရနေပါ၏။
ထင်သည့်အတိုင်းပင် စကားစ,လာ ခဲ့လေ၏။

"မခင်စောမူ သစ်စခန်းတွေထဲ မရောက်ဖူးသေးဘူးနော်...သူညီဘက်
သစ်တောနယ်ကြီးက လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော် လေးဆယ်
လောက်က တော်တော်နက်တဲ့ တောကြီးတွေလေ...ရွာတွေဆိုတာ
ဟိုနားငုတ်စိ သည်နားငုတ်စိနဲ့ ဖျိုးဖျိုးဖျောက်ဖျောက်လောက်ရှိသေး
တာ...လွတ်လပ်ရေး ရပြီးမှ အစိုးရသစ်တောဌာနက ဝင်နှိုင်တာဆို
လေ...ရှေးကတော့ အင်္ဂလိပ် သစ်တောခေါင်းတွေ ဆင်မကြောက်
ကျားမကြောက် နေခဲ့ကြတယ်...ငှက်ဖျားကလည်း တောကြီးငှက်ဖျား
ခေါ်တယ်...အဆိပ်ရှိတဲ့ သတ္တဝါတွေ ဆိုတာကလည်း များမှများ...
တစ်ခါတလေ တုံးခနဲသာ သေသွားတယ် ဘာကောင်ကိုက်မှန်း မသိ
လိုက်ရဘူး"

ခင်စောမူပင် လန့်သွားခဲ့သည်။ မဆိုင်သည့်စကားတွေပင်...။
ဘာစကားများပြောချင်လို့ သည်စကားတွေ ခံတားပါလိမ့်။ ပြောချင်တာတော့
ရှိလိမ့်မည်။ ခင်စောမူက စားလက်စ ခဏရပ်ပြီး အံ့သြဟန်ပြုသည်။ ဒေါ်ခင်မေသီ
က စကားတည်မိသွားဟန်ဖြည့် ကိုယ်ကို ပြင်ထိုင်သည်။

"ပရိတ်တော်တွေရဲ့ ဂုဏ်တော်တွေဖတ်ရင်း ကျွန်မစိတ်ထဲ သတိရ
တာ ပြောလိုက်တာပါ...ကျွန်မ ကိုးနှစ်သမီးကတည်းက ပရိတ်တော်

တွေ ရနေပြီ...သဘောမပေါက်ခဲ့ဘူး...အနက်မသိခဲ့ဘူး...အခုတော့
မှ သဘောပေါက်တယ် ပြောပါတော့...မြွေဆိုး၊ ကျားဆိုတဲ့
အရပ်ဆိုပေမယ့် ပရိတ်တော်တန်ခိုးကြောင့် ကျွန်မတို့ဖြင့် အေးဆေး
ခဲ့ဘူး...သည်တောကြီးက ကြီးဝိုင်းတွေ ဆက်နေတာဆိုတော့ မဆုံး
နိုင်ဘူး...သစ်အလုပ်သမားတွေများ တော်တော်ပျက်စီးကြတာပေါ့"

"အမေသီက သည်တောကြီးနဲ့ ဆက်စပ်နေလို့လား...မိဘတွေ
ကကော..."

ခင်စောမူက စကားရောက်တုန်း ရောက်သခိုက် သိချင်တာ တစ်လုံး
နှစ်လုံးသွင်းလိုက်ခြင်း ဖြစ်၏။ ဒေါ်ခင်မေသီက ပါးလွန်းလှသဖြင့် မေးသင့်တာ
ကို အရင်မေးလိုက်ခြင်း ဖြစ်သည်။ ဒေါ်ခင်မေသီက ပြောရ ကောင်းနိုး၊ မပြောရ
ကောင်းနိုး ချင့်ချိန်နေသလို ငြိမ်သွားခဲ့၏။

"သည်နားက လူတွေရော အလုပ်သမားတွေရော ဆန်ရယ်၊ ထမင်း
ရယ် စားရဖို့ ခက်တယ်...ကြွေး၃၊ သမုန်း၃တွေတောင် စားကြရ
တာ...ဆင်းရဲတာကိုး...သမုန်းကျင်းဆိုတဲ့အတိုင်း သမုန်းပင်တွေ
တော်တော်ပေါခဲ့တယ် ပြောကြတာပဲ"

"အမေသို့ မေးရဦးမယ်...သမုန်းကျင်းမြို့ဟောင်းဆိုတာ ဘာကို
ခေါ်တာလဲ...ရှေးက မြို့ဟောင်းလား...စေတီအုတ်ပြုအပျက်တွေ
များလွန်းလို့ မြို့ဟောင်းနေမှာပဲလို့ ထင်လို့ မေးတာပါ"

ဒေါ်ခင်မေသီက ရှေးဟောင်းသမိုင်းသုတေသီ ပညာရှင်တစ်ယောက်လို
မျက်လုံးတွေ တောက်လာခဲ့သည်။ ဒါတွေ ညည်း ဘယ်လိုလုပ်သိနိုင်ပါ့မလဲ
ဆိုသည့် မျက်နှာဖြင့် ခင်စောမူကို ခပ်တည်တည်ကြည့်သည်။ ပြောရချေသေး
ပေါ့အေ...ညည်း က ဒါတွေ မစပ်စုပဲ ညည်း ဘာတွေစပ်စုနေတယ်ဆိုတာ
ငါသိသားပဲ...ငါကလည်း မှန်နိုင်လွန်...ညည်းကလည်း ဆီစိမ်စက္ကူ...အပေါ်
ပြိုင်ကြသေးတာပေါ့။ ဒေါ်ခင်မေသီ မျက်လုံးတွေထဲမှာ ထိုအဓိပ္ပာယ်မျိုး ပါနေ

www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ခင်ဧောမူ ခံစားနေရသည်။ ဒေါ်ခင်မေသီကို မယုံတဲ့စိတ်က များနေလို့ မကောင်းထင်မိတာ ဖြစ်မှာပါလေလို့ စိတ်ကို ချွန်းအုပ်ထားရပါ၏။

"ဟိုး...ရှေးအခါကာလက သည်နေရာမှာ သမုန်းတောကြီးပဲ ရှိတယ်...သစ်တောကြီးအလယ်မှာ ထူးထူးဆန်းဆန်း ကွက်လပ်ကြီး ဖြစ်နေပြီး သမုန်းပင်ထွေ့ရှည်း ပေါက်တယ်လို့ဆိုတယ်...ဆေးသမုန်းပင်တွေဆိုတော့ ဝိဇ္ဇာများ ဇော်ဂျီများ ဆေးသမုန်းဥ တူးတဲ့နေရာကြီးပေါ့...ဆေးသမုန်းက အသက်ရာထောင်ရှည်တဲ့ ဆေးတော်များ ထော်တဲ့အခါ မပါမဖြစ်ဘူး...သည်ပညာတွေက နက်နဲတော့ မခင်ဧောမူ နားမလည်နိုင်ဘူး"

"အခုကော သမုန်းပင်ရယ်လို့ ရှိသေးသလား...ကျွန်မက သမုန်းပင်လို့သာ ကြားဖူးတာ...မမြင်ဖူးဘူး"

ဒေါ်ခင်မေသီက ရယ်သည်။ စကားများ ဆုံးအောင်နားထောင်ပါအေ...ငါပြောပါ့မယ် ဆိုသည့် ခပ်လှောင်လှောင်ရယ်သံ။ နှုတ်ခမ်းကွေးကွေးသွားဖွေးဖွေးက လှတုန်းပင်။

"တစ်ပင်မှ မရှိတော့ဘူး...ရှေးက ဆေးသမုန်းဥတွေကို ဝိဇ္ဇာများ သုံးနေတုန်းက ဘာမှမဖြစ်ဘူး...ပညာသည်တွေ ရောက်လည်းလာရော ဝိဇ္ဇာတွေက ကျိန်တာနဲ့ တောလုံးပျောက်တော့တာ...မူးလို့ ရှူးစရာ မရှိဘူး...ရှေးက ပညာသည်တွေ လာကြရင်း စုနေတဲ့ရွာသိမ်ကလေး ကနေ သမုန်းကျင်းမြို့ ဟောင်းရယ်လို့ ဖြစ်လာတာပေါ့...ရိုးရိုးသမုန်းပင်ကတော့ ဘယ်မှာမဆို ရှိပါတယ်...ပေါပါတယ်...မခင်ဧောမူ မမြင်ဖူးလို့နေမှာပါ...ဆေးသမုန်းက ဥကို တူးကြည့်ရင် လူငှက်တုတ်ထိုင်နေတာနဲ့ သိပ်တူတာတဲ့...ကျွန်မလည်း မမြင်ဖူးဘူး...ကျွန်မဘို့ အထက်ဆရာကြီးများပြောတာ ကြားဖူးတာ ရှိတာပဲ"

ခင်ဧောမူက စိတ်ဝင်စားဟန်ဖြင့် ထမင်းဆက်မစားတော့ပဲ ထမင်းချိုင့်တွေကို ဆင့်သည်။ မီးလုံးရောင်အောက်က ဒေါ်ခင်မေသီကို စိတ်ဝင်စားဟန်

ပြုသည်။ ဒေါ်ခင်မေသီ စကားတွေ များများပြောလျှင် အစတွေ ထွက်လာနိုင်သည်။ သည်နေရာနှင့် ဘယ်လိုဆက်စပ်မှုရှိသလဲလို့ မေးတုန်းက လိုရင်းကို ပြေပဲ ဝေ့ဖြေတာကို သတိထားမိသည်။ ဆေးသမုန်းပင်တဲ့။ ဝိဇ္ဇာတွေ ဘုးကြသည်တဲ့။ ဝိဇ္ဇာတွေကပဲ ကျိန်စာတိုက်ခဲ့လို့ ပျောက်ကုန်သတဲ့။ ဆေးသမုန်းဥက လူငှက်တုတ်ထိုင်နေတာနှင့် တူသတဲ့။ အထက်ဆရာကြီးများ ပြောတာတဲ့။ ခင်ဧောမူက သည်လုပ်ကြံဇာတ်လမ်းကို လက်ခံလို့မရ။ ထုံးစံအတိုင်း မဟုတ်က ဟုတ်ကတွေ ပါလာပြီ။ ပုံကြီးချဲ့တာတွေ ပါလာပြီ။ ပြောချင်တာ ပြောပါစေ။ အလိုက်သင့် မျှောလိုက်ရုံပင်။

"မယုံမရှိနဲ့ မခင်ဧောမူရေ...ကျွန်မပြောလိုက်မယ်...ရှင့် ကိုမင်းအောင်မြင့်တောင် ဝိဇ္ဇာဆက်ပါတယ်...သူ သည်နယ်ရောက်လာတာ ထူးဆန်းတယ်...သည်တဝန်မကျခင် သူ အိပ်မက်မက်ရမယ်...အိပ်မက်ထဲမှာ ပိတ်ဖြူဝတ် ဝိဇ္ဇာတစ်ပါး မက်ရမယ်...မေးကြည့်လိုက်ပါ...ကျွန်မက ပြောတယ်လို့..."

"ဩော်...အဲသလိုလည်း ရှိတတ်တယ်နော်..."

"ရှိတာပေါ့ရှင်...ကိုမင်းအောင်မြင့်ကို စ,တွေ့တဲ့နေ့က ကျွန်မ တုန်လှုပ်သွားတယ်...ကျွန်မမှာ ဖျိုးဖျိုးဖျစ်ဖျစ်နဲ့ သတိပေးနေတာ...ဆိုင်ရာက သတိပေးနေတာ...ဒါနဲ့ ညကျ ပုတီးနာနာစိပ်ပြီး ကြည့်တော့မှ ဝိဇ္ဇာဆက်ဆိုတာ ပေါ်တာ"

"ဝိဇ္ဇာဆက်ဆိုတာ ဘာလဲ အမေသီ...မသိလို့မေးတာပါ"

"ကိုမင်းအောင်မြင့် ဘိုးဘေးများက ဝိဇ္ဇာတွေပေါ့...သူကိုယ်တိုင်တောင် သိချင်မှသိမယ်...သူ သည်တောကြီးထဲမှာနေလို့ ဘာအန္တရာယ်မှ မရှိဘူး...မြေဆိုးတောင် သူနဲ့တွေ့ရင် ကြိုးတစ်ချောင်းလို အဆိပ်ပြယ်သွားတယ် ဆိုတဲ့လူမျိုး..."

ရှင့် ကိုမင်းအောင်မြင့်လို့ သုံးလိုက်တာကို မကြိုက်လှသော်လည်း ခင်ဧောမူ အသာငြိမ်နေလိုက်သည်။ ဒေါ်ခင်မေသီက သူ့စကား ယုံရဲလားဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

မျိုးဖြင့် ခင်စောမူကို အကဲခတ်နေသည်။ ခင်စောမူလို မြို့သူပညာတတ်ကို ဖမ်းစားနေမှတော့ တောသူတောင်သားတွေ အားကိုးကြတာ မဆန်းတော့ ကိုမင်းအောင်မြင့်ကိုလည်း ဝိဇ္ဇာဆက် လုပ်နေပြန်ပြီ။ အိပ်မက်မက်ခဲ့ဖူးရမည်၊ သေချာပေါက် ဟောကိန်းထုတ်နေပြီ။ ကိုမင်းအောင်မြင့်နှင့်တွေ့မှ မေးကြ ရဦးမည်။

"သွေးဆိုတာ မပျောက်ဘူး မခင်စောမူရဲ့...ဝိဇ္ဇာသွေးလည်း မထွေ ဘူး...ပေါ်တူဂီသွေးလည်း မပျောက်ဘူး...ကျွန်မတို့အဘိုးရဲ့အ အဘိုးတွေက ပေါ်တူဂီတွေလေ...ကျွန်မမျက်လုံးတွေကို ကြည့် လား ပေါ်တူဂီမျက်လုံးတွေ...ကျွန်မမျက်လုံးတွေက အပြာခိုးနဲ့ အ ခိုး သမ်းနေတာလေ...အဘိုးက ပြောဖူးတယ်...ငါ့မြေးမျက်လုံး က မြွေဆိုးတွေမှာရှိတဲ့ မျက်လုံးမျိုးတဲ့...ကျွန်မမှတ်မိသေးတယ် ဟင်း...ဟင်း..."

ညက သွေ့ခြောက်လွန်းလှသည်။ လက်ဖက်ရည်ဆိုင်ကလေးဘက် ဘာသံမှ မကြားရ။ ငါ့မောင်ကို ပြီတီတီလုပ်ချင်တာကို ငါ့ယောကျ်ား မိုက်ကြ က မခံတော့ ထဖြစ်ကြတာပဲဆိုသည့် မိန်းမမည်းမည်းကြီးပင် အိပ်လောထ ထင်ပါ၏။ အောင့်တယ် အောင့်တယ်ဆိုပြီး အိပ်ရာထဲ ဆုံးရှုံးသူ မိကြောင် ဘယ်သူကများ လုပ်ခဲ့ပါလိမ့်။ မျက်လုံးစိမ်းနှင့် မြွေဆိုးတစ်ကောင်များလား ခင်စောမူက ညနေက စကားတွေ စိတ်ရောက်ရင်း ငိုင်နေမိ၏။

"အိပ်ချင်အိပ်တော့လေ မခင်စောမူ...ကျွန်မက သည်လိုပဲ ပြော ပြောရာ ပြောတာနော်...နားမငြိုးနဲ့...မခင်စောမူ မပြန်ခင် ကျွန်မ ပြောပြရဦးမယ်...မိန်းမတစ်ယောက်ရဲ့ဘဝ...မုဆိုးမတစ်ယောက် ဘဝပေါ့လေ...ထူးတော့ မထူးဆန်းပါဘူး...ဟင်း...ဟင်း..."

ခင်စောမူပင် ငိုင်နေရာက ဆတ်ခနဲ မတ်သွားခဲ့သည်။ သူ့စကား တွေကို နားမရောက်ဘူးလို့များ ထင်သွားရော့လားမသိ။ ခင်စောမူက စကား ထောက်လိုက်ရသည်။

"အမေသို့မျက်လုံးတွေ လှတာ သတိထားမိတယ်...အသားအရေ ကလည်း မှည့်နေတာပဲ...ငယ်ငယ်က ဘယ်လောက်ချောလိမ့်မလဲလို့ တောင် ကျွန်မဖြင့် တွေးမိတယ်"

"မိန်းကလေး လှလွန်းရင် မကောင်းဘူး...ယောကျ်ားတွေနဲ့ ပတ်သက် ရတယ်...ယောကျ်ားတွေက မိန်းမများလှရင် အလွန်စိတ်ဝင်စားကြ တယ်...ဒါကို မိန်းမတွေက သိမှ...အဲသလို မသိလို့ ငါ တယ်ဟုတ် ပါလား...ယောကျ်ားတွေ ဝိုင်းနေတာပဲလို့ ထင်မိရင် သွားရော... ရှင်းပေတော့ပဲ...မခင်စောမူလည်း ဗမာချော ချောတာပါပဲ...သတိ ထားဦး..."

"ခုထိ အပျိုကြီးဘဝပါရှင်...အထင်မကြီးပါနဲ့...ကြိုက်မယ့်လူကို မရှိသေးတာ အမေသိရဲ့..."

"ကြိုက်တဲ့လူ ရှိနေပါပြီရှင်...ကျွန်မက မျက်လုံးတွေကို စာရင်းစစ် တတ်ပါတယ် မခင်စောမူရဲ့..."

ဒေါ်ခင်မေသို့ဟာသကြောင့် နှစ်ယောက်သား ရယ်မောမိကြပါ၏။ ခင်စောမူက ထမင်းချိုင့်ကို ဆက်တိပေါ်မှာပဲ ထားခဲ့ကာ အိပ်ခန်းတွင်း ဝင်ဖို့ ပြင်သည်။ ဒေါ်ခင်မေသို့ဆီက ဘာမှထူးထူးခြားခြား ကြားစရာမရှိ။ ဒါထက် အေးစုနှင့် ဒန်းပွတ်တို့ မတွေ့ပါလား။ ဒါကိုတော့ မြောင်မေးလိုက်သည်။ ဟင်းတွေ အများကြီးကျန်နေတာကိုလည်း စားစေချင်သည်။ ဒေါ်ခင်မေသီက ဆရာမကြီး နေမကောင်းလို့ လွတ်ထားကြောင်း ပြောသဖြင့် နည်းနည်းတော့ အံ့သြမိရ၏။ ခါတိုင်း သည်လိုလွတ်တာမျိုး မရှိခဲ့။ ဒါဆို သည်ည ဒေါ်ခင်မေသီနဲ့ သူမ နှစ်ယောက်တည်းပေါ့။ ဟိုတစ်ညကလို ဒေါ်ခင်မေသီ ထယောင်နေရင်ကော...။ ထွေးမိတော့မှ ခင်စောမူ ချွေးစေးတွေ ပြန်လာတော့သည်။ ဒေါ်ခင်မေသီက အိပ်မည့်ပုံမပေါ်သေး။ တရားစာအုပ်ကို ကောက်ကိုင်ပြန်၏။ မျက်မှန်ကို ပြန်တပ် ပြီး စာအုပ်ကို ထောင်ဖတ်နေလေပြီ။ ခင်စောမူ အခန်းထဲဝင်လာတော့ လုံး သလိုလိုတော့ ရှိသား။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်နေပါ၏။ ဒေါ်ခင်မေသို့ စကား
မှာ ညနေပိုင်းက လက်ဖက်ရည်ဆိုင် သွားထိုင်တာကို မေးတာ မပါ။ ဘယ်
မှ မအောက်မေ့လို့လည်း ဖြစ်နိုင်သည်။ တမင်မမေးတာလည်း ဖြစ်နိုင်သည်
ခင်စောမူ အခန်းထဲကို ကျော်ဝင်လာတော့ မီးလုံးရောင်သာ ရှိသဖြင့် အခ
တစ်ခုလုံး အလင်းမှုန်မှုန်ကလေးသာ ရှိ၏။ အဝတ်အစားလဲဖယ်ကာ အိပ်ရာ
လဲသည်။ အိပ်တာတော့ မဟုတ်။ ပြန်ထရဦးမည်။ ဘုရားရှိခိုးရဦးမည်။ ဖြစ်
လျှင် အောက်ဆင်းပြီး သွားတိုက်ချင်သေးသည်။ အပေါ်ထပ်က ဒေါ်ခင်
ရေချိုးခန်းထဲတော့ ခင်စောမူ ယောင်လို့တောင် မဝင်ချင်။

ထိုစဉ်မှာပင် အိမ်ကြီးတစ်အိမ်လုံး လှုပ်သွားလေသည်။ လူတက်လာ
ရသည်။ ဘယ်သူများပါလိမ့်။ ခင်စောမူက အသံကို နားစွင့်ထားလိုက်သည်
အေးစုန့် ဒန်းပွင့်တို့ မရှိ။ တခြား လူသူလေးပါး လာရောက်လည်ပတ်သည့်
အိမ်မျိုးလည်း မဟုတ်။ ခင်စောမူ နာရီကိုကြည့်တော့ ခုနစ်နာရီခွဲ။ ညကြီး
နာရီလက်တံကြောင့် မြင်ရခြင်းဖြစ်သည်။ တက်လာသူက အိမ်ပေါ် ရောက်လာ
ပုံရ၏။

"ကြီးတော်တို့...မကုလားမတို့..."

* * *

ကိုကြိမ်ပိုက်အသံ...။ ဘယ်နယ် ညဘက်ကြီးကျမှ။ အိမ်ရှေ့တံခါ
သံကွင်းကို ဖြုတ်ပြီး ပိုင်စိုးပိုင်နင်း တက်လာလိုက်တာ အိမ်ပေါ်တောင်
ရောက်လာခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် ခင်စောမူ ဝမ်းသာသွားသည်။ ခေါ်တာလည်း
ကြည့်လေ...။ ကြီးတော်တို့ မကုလားမတို့တဲ့။ ခင်မင်ရင်းနှီးစွာ ခေါ်လိုက်
သည့်အသံမျိုး မဟုတ်လား။ ဒေါ်ခင်မေသီပင် အံ့သြနေလိမ့်မည် ထင်၏
မပြောမဆို တက်လာလို့ ငေါက်ငန်းနေဦးမှာလား နားစွင့်ရသေးသည်။ ခင်စော
အိပ်ရာကထပြီး ထွက်လာခဲ့ရတော့သည်။ ကိုကြိမ်ပိုက်က ဆက်တီပေါ် ထိုင်လို့
ပင်နေပေါ့။

"ဟော...အရောင်းစာရေးမ...ကျုပ်က ပြန်ပြီထင်တာ...သေချာ
အောင် ဝင်မေးဦးမှပါလေဆိုပြီး တက်လာတာဗျို့...ခင်ဗျားမလဲ
ငြိမ်ချက်သား ကောင်းချက်တော့ဗျာ"

"စာရင်းစစ်ပါရှင်...လုပ်ပြန်ပြီ...စာရင်းတွေ စစ်မပြီးသေးလို့
ကိုကြိမ်ပိုက်ရဲ့...ပြန်တာတော့ ပြန်ရတော့မှာ..."

"သစ်တောထဲက သစ်ပင်တစ်ပင်ချင်းများ ဓားနဲ့လိုက်ထစ်ပြီး စာရင်း
စစ်နေရော်လားဗျာ...ဪ...ဆရာမကြီးကော နေကောင်းရဲ့လား...
ကျုပ်က ခေါင်းတွေအုံ...နားထဲက လေပူတွေထွက်...သွားက ကိုက်
သေးတာ...သည်ကြားထဲ မျက်လုံးတွေဝေ...ဇက်ကြောတွေတက်
နေလို့ ဆေးတော့ ဝင်တောင်းဦးမှပါဆိုပြီး..."

ခင်စောမူကပင် ကိုကြိမ်ပိုက်စကားကြောင့် ဒေါ်ခင်မေသီကို အားနာ
ပါ၏။ သူပြောနေပုံက ဆေးတောင်းတော့မည့်ပုံ ပေါ်နေပြီ မဟုတ်လား။
ခင်စောမူက ကပျာကသီ ဝင်ထိုင်ရင်း ငေါက်ရတော့သည်။

"ရုံပိုင်ကြီးကတော့ လုပ်ကရော့မယ်...အမေသီက ဗိန္ဓောဆေးဆရာမ
မှ မဟုတ်တာ...ရှင့်ရောဂါ အဲသလောက်များရင်တော့ ရန်ကုန်
တက်ကုမှ ရတော့မယ်...နေစမ်းပါဦးရှင့်...ဘယ်ကဘယ်လို ညကြီး
မင်းကြီး ရောက်လာတာပါလိမ့်"

"ကျုပ်မိတ်ဆွေတစ်ယောက်ဆီလာရင်း ထမင်းစားနေတာနဲ့ မိုးချုပ်
သွားလို့ဗျို့...ပြန်မှာ...ပြန်ရင်း သတိရလို့ ဝင်လာခဲ့တာ"

ဒေါ်ခင်မေသီက ဘာစကားမှမပြောသဲ ကိုကြိမ်ပိုက်ကိုသာ မျက်လုံးဖြင့်
ပြူးကြည့်နေသည်။ ကိုကြိမ်ပိုက်က ဘာကိုမှ ဂရုမထား။ ဆက်တီတစ်လုံးပေါ်
မှာ ခပ်လျောလျောထိုင်ရင်း ပုဆိုးခါးပုံစကိုပင် လျှောချနေ၏။ ခင်စောမူတ
ယ်ချင်ချင်။ မိန်းမသားနှစ်ယောက်ရှိရာ အိမ်ပေါ်ကို ခပ်တည်တည် တက်လာ
အိမ်ရှင်က ဘာမှမပြောရသေးခင် စုတ်ခနဲ ဝင်ထိုင်၊ ခပ်လျောလျောလှဲချ၊ ပလိုင်
လျှောနေတာကို ကြည့်ပြီး ရယ်ချင်တာဖြစ်၏။ ကိုကြိမ်ပိုက်ကတော့ သူ့အိမ်

www.burmeseclassic.com

www.burmeseclassic.com

သူ့ရာလိုပင်။ အေးအေးလူလူရှိရုံမက သည်ညတော့ ကျူပ်က မပြန်ဘူးဗျဆိုသည့် အမူအရာဖြင့် ဒေါ်ခင်မေသီကို တစ်လှည့်၊ ခင်စောမူကို တစ်လှည့် ခေါင်းကလေး ငဲ့ကာ ငဲ့ကာ ကြည့်နေသည်။ ဒေါ်ခင်မေသီက အိမ်ရှင်ဆိုပေသိ ခင်စောမူနှင့် ပတ်သက်သူပဲလေ သည်းခံရမှာပေါ့လို့ သဘောထားပုံရသည်။ ဘာမှမပြော စကိုသာ ဖတ်နေသည်။ ခင်စောမူက မနေသာတော့ စကားရှာပြောရသည်။

"တစ်ကိုယ်ရေတစ်ကာယနဲ့ ရှင့်ရောဂါတွေ များလိုက်တာရှင်... နားလည်း အူတယ်...မျက်လုံးကလည်း ဝေတယ်ဆိုတော့ ကိုယ့်ဖြတ်သွားတဲ့ မီးရထားကော မြင်ရဲ့ကြားရဲ့လား ကိုကြေမိုပိုက်ရယ်..."

"တစ်ကိုယ်ရေတစ်ကာယမို့ ရောဂါ များတာပေါ့ဗျာ...တစ်ယောက်တည်းဆိုတော့ ရောဂါက မင်းပျင်းနေရင် ငါလာခဲ့မယ်လေဆိုပြီး လာနေသလား မပြောတတ်ပါဘူး...အမေက ကျုပ်မွေးတုန်းကြေမိန့်.ပိုက်ဖမ်းလို့.ပေါ့ဗျာ...ငှက်ပျောလျှော်နဲ့.များ ပိုက်ခံဖမ်းရ ရှိတော့မယ်တောင် မထင်ဘူး"

"လျှော်နဲ့. ပိုက်ဖမ်းရင် ရုံပိုင်ကြီး ကိုလျှော်ပိုက် ဖြစ်နေလောက်ပေါ့...ကိုကြေမိုပိုက်ရဲ့..."

ကိုကြေမိုပိုက်က သည်စကားကိုတော့ ရယ်သည်။ ရယ်လိုက်တော့ မျောက်ပိန်ကလေး မာန်ဖီတာနှင့်ပင် တူ၏။ ပါးရိုးကြီးတွေ ငေါထွက်နေပါးရိုးက အတွင်းကို ကုပ်ကျနေသူဖြစ်သည်။ နှာခေါင်းပေါ်ပိုင်းက ခပ်မောမောက်၊ အောက်ပိုင်းက ခပ်ကောက်ကောက်။ ခန္ဓာကိုယ်ကတော့ ပါးလွှာလွန်းလှသည်။ အမြဲတမ်း လေတွေ မှုတ်နေရသူဖြစ်၍ ကြည့်လိုက်လျှင် ထိုင်ရင်းက မောပန်းလာသူနှင့်တူ၏။

"အခုက ဘာနဲ့.လာပြီး ဘာနဲ့.ပြန်မှာတုံး ကိုကြေမိုပိုက်ရဲ့..."

"ကုန်းကြောင်းလာပြီး ခြေကျင်ပြန်မှာဗျား...ကျုပ် ဘာရှိတာမှတ်လို့...ဒါထက် ခင်ဗျားပြန်မယ့်နေ့ ဘယ်ဘူတာက စီးမှာတုံး...

ကျုပ်ဘူတာ လာစီးလှည့်ဗျာ...ကျုပ် ရှိတာနဲ့. ဆွဲခံလိုက်ရင်လို့. ပါ"

"ရှိပါစေရှင်...ကျွန်မကတောင် ကျွေးရမှာပါ...ရန်ကုန်လာမယ်ဆိုရင် ကြိုပြီး စာရေးလိုက်...ကျွန်မ ရှောင်နေလို့.ရအောင်..."

ကိုကြေမိုပိုက် ရယ်ပြန်၏။ ဒေါ်ခင်မေသီကတော့ အရေးထဲ အရာပေါ်၊ အရည်မရ အဖတ်မရတွေ ပြောနေကြရန်ကော ဆိုသည့်မျက်နှာထားဖြင့် မျက်စောင်းတစ်ချက် ထိုးကြည့်သည်။ ပြီးတော့ ဖတ်လက်စစာအုပ်ကို သဲကြီးမဲကြီး ပြန်ဖတ်သည်။ ဒါလည်း ဟန်ဆောင်နေတာပင်။ ခင်စောမူက ကိုကြေမိုပိုက်နှင့် အိမ်ရှင်တို့ အယ်တော့ငြိုကြဓလေ စောင့်ကြည့်နေရတော့သည်။ မကြာပါ။ ဒေါ်ခင်မေသီဘက် လှည့်လေသည်။

"ဘာတွေများ သည်လောက်ဖတ်နေတာတုံး ဆရာမကြီးရဲ့...စာလုံးတွေ မျိုချနေတာကျလို့...စာလုံးအစာမကြေ ဖြစ်နေပါဦးမဗျာ"

"ပရိတ်တော်တွေပါ"

"ရော်...ခင်ဗျားနယ်...သည်အရွယ်ကြီးရောက်နေပြီ ပရိတ်တော် ကျက်နေရတုန်းလား...ခက်ပါကောဗျာ...သည်အရွယ်က ကမ္မဋ္ဌာန်းတရား အားထုတ်ရမယ့်ဟာကို..."

"ကမ္မဋ္ဌာန်းတရား အားထုတ်ချင်ပါရဲ့. ရုံပိုင်ကြီးရယ်...ရှစရာ ကမ္မဋ္ဌာန်းကောင် မရှိလို့. ထိုင်နေရတာပါ...ကမ္မဋ္ဌာန်းကောင်များကလည်း ရှားလိုက်တာ"

"ဒါလည်း ဟုတ်တာပဲ"

ခင်စောမူက ရယ်ချင်စိတ်ကို မျိုသိပ်ထားရသည်။ ရှစရာ ကမ္မဋ္ဌာန်းကောင် မရှိလို့ဆိုတာက ကိုကြေမိုပိုက်ကို ဆောင်းပြောလိုက်မှန်းသိလို့ ဖြစ်သည်။ ကိုကြေမိုပိုက်က ကမ္မဋ္ဌာန်းကောင်နှင့် တူနေတာမဟုတ်လား။ ကိုကြေမိုပိုက်က အတူတူ။ သူ့.ဆောင်းပြောနေသည်လို့ မထင်။ ကိုကြေမိုပိုက်က ညဉ့်နက်ချိန်သာ နေတော့မည့်ပုံပေါက်နေလို့ ယဉ်ယဉ်ကျေးကျေး နှင်ရပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"မိုချွပ်နေပါဦးမယ် ကိုကြိမ်ပိုက်ရယ်...လမ်းလျှောက်ရဦးမှာနဲ့ ထပြီးတော့ လမိုက်ရက်ကြီး...အခုလို မှတ်မှတ်ရရ နူတ်ဆက်တာ ကျေးဇူးတင်ပါရဲ့ရှင်"

"ဘယ်နှနာရီထိုးပတုံး...ကျုပ်လက်ပတ်နာရီက နေဝင်ရင် မသွားတော့ဘူးဗျ...စောစောအိပ်တာ...ကျုပ်ကဖြင့် သည်လမ်းနဲ့သည်လယ်ရေအိုးနဲ့ ရေမှုတ်...ပြီးခဲ့တဲ့ နှစ်ရက်သုံးရက်ကဆို ကျုပ် ဘူတာပြန်ရောက်တော့ သန်းခေါင်ကျော်ပေါ့ဟာ...ကျုပ်က ကျုပ်မိတ်ဆွေဖဲဝိုင်းဒိုင်ခံတဲ့အိမ်ကို ပျင်းရင် ထလာနေကျခင်ဗျ...အဲသည်နေ့ကလေးကနေ နှစ်ရာဖိုး, ငါးရာဖိုး ပေါက်လိုက်တာ ပါတဲ့ပိုက်ဆံကုန်ကရော...သနားလို့နဲ့တူပါရဲ့ နိုင်တဲ့ ဖဲသမားတွေက ကုလားသရဲခြောက်တဲ့ ဘန်ဂလိုရှေ့က ပေပင်ခြောက် မိုးတိုးမတ်တတ်ကြီးကို မြေဖြူနဲ့ စက်ဝိုင်းသွားဝိုင်းရဲရင် ငွေနှစ်ထောင်ပေးမယ် ပြောကြရော...ကျုပ်က ဘာကြောက်လိမ့်မလဲ...ငွေနှစ်ထောင် နည်းမှာလို့...ပေးစမ်း မြေဖြူဆိုပြီး မှောင်ကြီးထဲ ထသွားလိုက်တယ်"

ကိုကြိမ်ပိုက် ပြောနေတာတွေက အမှန်တွေ ဖြစ်လောက်သည်။ ခင်စောမူက ဖြစ်ရလေ ကိုကြိမ်ပိုက်ရယ်လို့ ညည်းတော့ ကိုကြိမ်ပိုက်ကို သွေးကြွသွားပုံပေါ်၏။ ဖြေချထားသော ပုဆိုးစ ပြင်ဝတ်သည်။ နှစ်ရက်သုံးရက်က ဖြစ်ခဲ့တာကို မေ့နေသလို မျက်လုံးတွေမှိတ်ပြီး စဉ်းစားနေသေးသည်။ အင်ကြင်းတောဘူတာကနေ သမုန်းကျင်းကို ပျင်းရင် ထွက်လာနေကျဆိုတာလည်း ဟုတ်လောက်ပါသည်။ နှစ်ရာထိုး၊ ငါးရာထိုး ထိုးရင်း ဖဲဝိုင်းမှာ အချိန်ဖြုန်းနေပုံရပါ၏။ ဘန်ဂလိုရှေ့က ပေပင်ခြောက်ဆိုတာကို ခင်စောမူ သတိမထားမိ။ ရှိမှာပေါ့။ ကိုကြိမ်ပိုက် ပြောနေတာက စိတ်ဝင်စားစရာတော့ အကောင်းသား။ ဒေါ်ခင်မေသီကတော့ ဟန်လုပ်ထားသည်မျက်နှာကို တစ်ထစ်ကလေး မချဲ့ စာထဲမှာ အာရုံထားနေခဲ့သည်။

"ပြောပါဦး ကိုကြိမ်ပိုက်ရယ်...ရှင့်ဟာက ကြောက်များကြောက်စရာ..."

"အဲဒါပြောတာပေါ့...ခင်ဗျားတို့ တရားမရိုကြတာ...နာနာဘာဝတွေကလည်း လူတွေကို နာနာဘာဝ ထင်တာဗျ...သူတို့ကလည်း လူနဲ့တွေ့ရမှာ ကြောက်တယ်ရယ်...သူတို့ကလည်း လူကြောက်လို့ ပရိတ်ရွတ်ရတာပဲ"

ဒေါ်ခင်မေသီက မျက်စောင်းထိုးသည်။

"ဒါနဲ့ ကျုပ်က တော်တော်ဝေးဝေး လျှောက်ရတာပေါ့ဗျာ...ဘန်ဂလိုက လှမ်းတယ်လေ...ဘန်ဂလိုဘက် ချိုးတော့ လူပြတ်ပြီ...မွေးတစ်ကောင် ကြောင်တစ်မြီး မမြင်ရဘူး...လကလည်း မမှုန်တမှုန် ဆိုတော့ လမ်းတော့ မြင်ရသား...ကျုပ်က ဖနောင့်ကခြေမှုန်. နဖူးတို့ပေါ့ဗျာ...သေချာအောင် နှစ်ခါ သုံးခါ တို့ရတာဗျို့...ဖနောင့်ကခြေမှုန်.က ဘယ့်နယ့်လုပ် သရဲနိုင်တယ် မပြောတတ်ပါဘူး"

"ကဲပါ...ပြောပါဦး..."

"ပြောနေတယ်လေဗျာ...အသက်တော့ ရှူရဦးမှာပေါ့ မစောညှန့်နယ်..."

"လုပ်ပြန်ပြီ...ကျွန်မနာမည် ခင်စောမူပါရှင့်...ဘယ်က မစောညှန့်ရမှာလဲ"

ခင်စောမူ ကမန်းကတန်း ဝင်ကာရသည်။ ဒေါ်ခင်မေသီက မျက်စောင်းတစ်ချက် ထိုးလိုက်ပေသိ ဘာမှတော့ ဝင်မပါပါ။ သည်လူ့နယ် ပြောလိုက်ရင် တလွဲချည်းပဲ။ ညကြီး အချိန်မဲ့ အိမ်ပေါ်တက်လာပြီး ပေါက်ကရတွေ ပြောနေပြန်ပြီ ဆိုပုံဖြင့် မျက်စောင်းထိုးခြင်းဖြစ်၏။ ကိုကြိမ်ပိုက်က ရယ်တော့ ရယ်ရသား။ အိမ်ပေါ် တက်လာတုန်းကလည်း ကြီးတော်တို့...မကုလားမတို့တဲ့။

"သိပေါင်ဗျာ...ခင်ဗျားတို့နာမည်တွေကလည်း တံမြက်စည်း ထုံးသုတ်ပြီး အုတ်ထရံ ရိုက်သလို ရွှမ်းယုက်ခတ်နေတာကိုးဗျ...အဲ...ဘယ်သူတဲ့...မခင်စောမူရဲ့...စကားတောင် ဘယ်ရောက်သွားပါလိမ့်..."

"နဖူး ခြေမှုန်.ကလေး သုတ်ကရော..."

www.burmeseclassic.com

"ဟုတ်တယ်...ခင်ဗျားကတော့ ကျူပ်စကား စိတ်ဝင်စားသားပဲ...ကျူပ်က လူနှစ်ယောက် ပြောနေတာနဲ့ မတူဘူး...ပိန္နဲသီးများ အဝုတ်တစ်ခြမ်း အကောင်းတစ်ခြမ်း အလယ်က ဟက်တက်ခွဲ ပြောနေရသလိုပဲ...ထားတော့...ဘယ်များရောက်သွားပါလိမ့်..."

"လုပ်ပြန်ပြီ...နဖူး ခြေမှုန့်သုတ်တယ်"

"အဲ...ခြေမှုန့်ကလေးသုတ်ပြီး ဘန်ဂလို ဝင်တဲ့လမ်းက သစ်ပင်ထွေ အရင် လိုက်ကြည့်ရတယ်...ပေပင်က သိသာတယ်လေဗျာ...လေ တစ်သီး ကျီးတစ်သား...ပေပင်များ သီးပြီးပြီဆိုရင် သေရောကိုး...ပေပင်ခြောက်ဆိုတော့ ပေသီးသီးပြီးသား အပင်ကြီးနေမှာလို့ တွေးပြီး ကျူပ်က မိုးတိုးမတ်တတ် အပင်လိုက်ကြည့်တော့ တွေ့ကရော...ဒါနဲ့ လက်ထဲကိုင်လာတဲ့ မြေဖြူနဲ့ ထွာဆိုင်လောက်ရှိတဲ့ ဝလုံးရေးတယ်...အဖုအထစ်တွေနဲ့ဆိုတော့ နှစ်ခါ သုံးခါ ထင်းနေအောင် ရေးရတာ မျိုး...ဝလုံးကြီးအလယ်က 'ကပ' လို့ပါ ရေးလိုက်သေးတာ"

"'ကပ' ဆိုတာ ဘာလဲ ကိုကြြိမ်ပိုက်ကြီးရဲ့..."

"အလိုဗျာ...ကပဆိုတာ ကြြိမ်ပိုက်ပေါ့ဗျ...သူများရေးတာ မဟုတ်ဘူး...ကြြိမ်ပိုက်ရေးတဲ့ဝလုံးဆိုတာ ဖဲသမားတွေ လာကြည့်ရင် သေချာအောင် လုပ်လိုက်တာ...သည်မှာတင် လူတစ်ယောက်နဲ့ ဘွားခဲ့တွေ့ရော...ကျူပ်ဆိုတာ လိပ်ပြာစင်ရောမှတ်တာ..."

ခင်စောမူက ငွေနှစ်ထောင်ရဖို့အရေး သရဲခြောက်သည့် ဘန်ဂလိုလမ်းပေါ်က ပေပင်မှာ ဝလုံးသွားရေးသော ကိုကြြိမ်ပိုက်ကိုရော၊ ငွေနှစ်ထောင်ပေးမည်ဆိုကြသော ဖဲသမားတွေကိုပါ သဘောကျလှသည်။ ကိုကြြိမ်ပိုက်ကို ချစ်ခင်လို့ စကြခြင်း ဖြစ်လိမ့်မည်။ ကိုကြြိမ်ပိုက်ကလည်း ရုံပိုင်ကြီးဆိုသော ဟိတ်ကကြီးသော်လည်း တကယ်တော့ တောဘုတာကလေးက ရုံပိုင်သာ ဖြစ်သည်။ ငွေနှစ်ထောင်ပေးလို့ကတော့ ရုံပိုင်ပေသီ လုပ်သမျှဆိုပြီး ထသွားတာကိုပဲ ခင်စောမူ ချစ်ခင်မိရသည်။ တကယ်လူပေပဲ။

"ကျူပ်က လန့်သွားပေမယ့် ကုလားမတွေတော့ မဟုတ်ဘူး...ကိုဟ်ဗမာချင်းဆိုတာ သိပြီး...ဟကောင်ရ...အချိန်မတော် ဖြန်းခနဲ လန့်သွားတာပဲ...မင်းက ဘာတုံး...ဘယ်သူတုံးဆိုတော့...နေပါဦး...ဘယ်သူဆိုလား...ရှုပ...မဟုတ်သေးဘူး..."

ကိုကြြိမ်ပိုက်စကားကို ခင်စောမူ ကြားလိုက်ရချိန်မှာတော့ ထိတ်ခနဲ ဖြစ်သွားခဲ့ရပြီ။ မောင်ပုညနှင့် တွေ့ခဲ့တာ ဖြစ်လိမ့်မည်။ ဘန်ဂလိုမှာ ခင်စောမူ အကျိုးအကြောင်းတွေ မေးသည်ညက မောင်ပုည ဘန်ဂလိုရှေ့ သွားနေတာလို့ ပြောဖူးတာ ဖျတ်ခနဲ သတိရလိုက်မိ၏။ ကိုကြြိမ်ပိုက်က နာမည်မေ့နေလို့ ဘယ်သူဆိုလား စဉ်းစားမရ ဖြစ်နေတာကိုပင် ကျေးဇူးတင်ရသေးတော့သည်။ သည်တစ်ခါတော့ အလွဲကောင်းပါလား။ ကိုကြြိမ်ပိုက်ကသာ ခေါခင်မေသီကို ရှာထားပြီး ပုညတဲ့ ဆိုလိုက်လို့ကတော့ ရှင်းလို့ပင် ရနိုင်မှာမဟုတ်။ ခင်စောမူ ဇာ စကားဖာလိုက်ရပါ၏။

"ကိုပုနဲ့ တွေ့လာတာနေမှာ...ကျွန်မကို ထမင်းပို့နေတဲ့ မဌေးယောကျ်ားက ကိုပုတဲ့ရှင့်...ဘန်ဂလိုစောင့် လင်မယားလေ...ကဲ ကဲ ကိုကြြိမ်ပိုက်ရေ...ပြန်လိုက်ဦး...မိုးချုပ်ပြီ...ကျွန်မ မပြန်ခင် ရောက်တဲ့အခါ ဝင်လှည့်ဦး"

ကိုကြြိမ်ပိုက်က ပေပင်ကိစ္စ မပြတ်သေးသလို စကားစ ပြန်ကောက်ကို နေပြန်လို့ ခင်စောမူ စိတ်ညစ်ရပြန်သည်။ ပုည ဆိုတဲ့နာမည် သတိမရပါစေနဲ့လို့သာ ဆုတောင်းနေရတော့သည်။ စောစောက ကိုကြြိမ်ပိုက် ရောက်လာတာကို ဝမ်းသာမိသော်လည်း ခုတော့ ပြန်စေချင်လှပြီ။ ကိုကြြိမ်ပိုက်က စကားဆက်လေ၏။

"ဟုတ်လောက်တယ်...နာမည်က နှစ်လုံးတည်းဆိုတာတော့ ဒုတ်မိတယ်... မင်းက ဘယ်ကတုံးဆိုတော့ မိုးနံကတဲ့...ဒါနဲ့ တူလိုက မိုးနံက ကျော်ခင်ကို သိသလားဆိုတော့...သိတယ်တဲ့...ကျော်ခင်က မိုးနံသား...ဆိတ်မွေး, ဝက်မွေးတဲ့ကောင်...တူလိုတယ်တဲ့ ကလေး တက်ကလေးတွေ မိုးနံသား ကျော်ခင်ဆိုတာ တူလို့ သိကြ

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ...ကိုပုက မိုးနံသားဟာကိုး ကိုကြြိမ်ပိုက်ရဲ့ ကိုမင်းအောင်မြင့်ရဲ့ လူယုံတွေရှင့်...လင်မယားနှစ်ယောက်စ သဘောကောင်းကြတယ်...ကဲ အမေသီလည်း တရားစာ ပျက်ရောမယ်...ကျွန်မလည်း နားလိုက်ဦးမယ်နော်..."

"ကိုင်း...သွားရောမနော်...ကျောင်းအစ်မတို့..."

ဒေါ်ခင်မေသီက တရားစာအုပ်ကို ချနှင့်ပြီ။ ကိုကြြိမ်ပိုက်ကို ဝါးဝါး ကြည့်ကာ မျက်လုံးတွေ မှေးထားတာ ခင်စောမူ သတိထားလိုက် လေသည်။ မိုးနံသား...၊ မိုးနံသား...လို့ ရေရွတ်နေတာနှင့်ပင် တူတော့သ ခင်စောမူ တစ်ခုခုတော့ မှားသွားပြီဆိုတာ သိလိုက်ပြီ။ သရဲခြောက်တဲ့ ဘုန် ရှေ့က ပေပင်ခြောက်မှာ မိုးနံသား တစ်ယောက်နှင့် တွေ့တာနဲ့ပဲ မောင့် လို့တော့ ဆက်စပ်မတွေးမိလောက်ပါဖူးလေလို့သာ ဖြေတွေးရတော့သ တော်ပါသေးရဲ့ ကိုပုလို့ ဝင်ပြောမိလို့။ ဒါပေသိ ကိုပုကို မိုးနံသားလို့ သိသွားပြီ မဟုတ်လား။

"သွားတော့ ရုံပိုင်ကြီးရေ...နောက်နည်းနည်းဆိုရင် ကျွန် ခြင်ထောင်၊ ခေါင်းအုံး ထုတ်ပေးရုံ ရှိတော့တယ်...လမ်း အ အောင် တစ်ယောက် ထည့်ပေးလိုက်ပါ့မယ်...စိတ်ချလက်ချသွ နဖူးတော့ ခြေမှုန့်. နာနာသုတ်သွားပေရော့..."

ဒေါ်ခင်မေသို့စကားက ဘာသဘောများပါလိမ့်။ အဖော်ထည့် လိုက်မယ်ဆိုတာ သရဲထည့်ပေးလိုက်မယ် ပြောတာလား။ နဖူး ခြေမှုန့် သုတ်သွားတော့ဆိုတာကကော။ ဒေါ်ခင်မေသို့စိတ်ထဲမှာ မအီမသာရှိနေတာ သေချာပြီ။ ကိုကြြိမ်ပိုက် ပြန်သွားလျှင် သည်အိမ်ကြီးထဲမှာ ဒေါ်ခင်မေသီ သူမ နှစ်ယောက်တည်း နေရတော့မည်။ သူမအပေါ် သံသယတွေ ရှိ အိမ်ရှင်နှင့် တစ်ညတာ ဖြတ်သန်းရတော့မှာပါလား။ ငါကသာ ဖြစ်နေ ပါလေ...ဒေါ်ခင်မေသီနဲ့ ငါက ဘာဖြစ်ထားကြတာမှတ်လို့။ သူက အိမ် ငါက ဧည့်သည်။ သည်အိမ်မှာ တည်ခိုဖို့ သူက ခွင့်ပြုခဲ့သလို၊ ကိုမင်းအော

လည်း သည်အတွက် ဖို့.ဖို့.မို့.မို့. ပေးပြီးသားပဲလေ။ ခင်စောမူ သမုန်းကျွင်းတ ရင်းစစ်ကိစ္စပြီးလို့ ပြန်လျှင် နောင် ဆုံစရာအကြောင်းလည်း မရှိ။ ဒါပေသိ ဒေါ်ခင်မေသီက ကိုကြြိမ်ပိုက်ကို ကန့်လန့်ပြောလိုက်တာကတော့ သေချာသည်။ ကိုကြြိမ်ပိုက်ကတော့ ကန့်လန့်ပဲပြောပြော၊ ခေါင်လိုက်ပဲပြောပြော ခေါင်းထဲမှာ အမှမရှိ။ လေကားကနေ ဆင်းသွားတော့ အိမ်ကြီး သိမ့်သိမ့်ခါလေ၏။

"လူကသာ အရိုးပေါ် အရေတင်...ဆင်းသွားလိုက်တာ ဆင် တစ်ကောင် နင်းတာကျလို့...လူက မရှူးမကောင်းနဲ့ ဘာတွေ လျှောက်ပြောမှန်း မသိဘူး...မခင်စောမူရေ...လူတွေကို လိုတာထက် ပိုအာရုံမထားနဲ့...သိကွာပွန်းတယ်...ကျွန်မက လူတိုင်းကို မရော ဘူးရှင့်...ပညာမာနတော့ ထားတယ်"

လူတိုင်းကို မရောဘူး။ မိကြောင်မ ယောကျ်ားကိုတော့ ရောသလား။ ခြင်းအောင်မြင့်ကိုတော့ ရောသလား ဒေါ်ခင်မေသီ။ ခင်စောမူရင်ထဲက စကား ဆွေပင်။ ခင်စောမူက ဘာမှပြန်မပြောပဲ အသာငြိမ်နေလိုက်ရုံသာ။ ပြောလျှင် ရန်ရှာတွေ ဖြစ်နိုင်သည်။ သူမကိုယ်တိုင်တောင် သည်အိမ်ပေါ်နေရလှ သုံးလေး ရက်ပဲပေါ့လို့ စိတ်ကို လျှော့ကာ အခန်းထဲ ဝင်လာခဲ့သည်။

အခန်းထဲမှာ အလင်းရောင် နည်းနည်းရှိ၏။ ခုတင်ပေါ်ကို ခင်စောမူ ထလွဲလိုက်သည်။

* * *

ညသည် တိတ်ဆိတ်မှောင်မည်းလွန်းလှပါ၏။ ကိုကြြိမ်ပိုက် ပြောစကား ရဲ့ အပြင်မှာ လကလေး တစ်ပြက် နှစ်ပြက် သာနိုင်သော်လည်း အိမ်ခန်းထဲ တော့ တိတ်ဆိတ်ခြင်းနှင့် မှောင်မိုက်ခြင်းတို့သည် အားပြိုင်လျက် ရှိကြ သည်။ အတန်ငယ် ပူလောင်ခြင်းရှိသော်လည်း လှောင်အိုက်နေတာမျိုး ဆုတ်။ သည်အရပ်က ရာသီဥတုမှာ တစ်ခါတစ်ရံ အပူလွန်ကဲတာမျိုး ရှိသော် လည်း တောရိပ် သစ်ရိပ်ကြောင့် နေလို့.ထိုင်လို့.ကောင်းတာလည်း အမှန်ပင်။ ခင်စောမူက ဘုရားဝတ်ပြုပြီး အိပ်လိုက်ဖို့.သာ စိတ်ရှိတော့သည်။ မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းအောင်မြင့် လာခေါ်လိမ့်မည်။ သစ်စခန်းကို လိုက်ရမည်။ ပျော်သလိုတော့ ရှိသား။ ကိုမင်းအောင်မြင့်တို့လူစုကို ခင်စောမူ ခင်မင်နေမိပြီ။ ကာယက်၊ ဝစီက်၊ မနောက် ကဲသုံးပါးတွင် နူးညံ့သူများ ဖြစ်နေခြင်းကို ခင်စောမူ ခင်မင်ခြင်းဖြစ်သည်။

ကိုမင်းအောင်မြင့်က သမုန်းကျင်းရာဇဝင်နှင့် ဆက်စပ်နေသတဲ့။ ဝိစ္စာဆက်တဲ့။ ခင်စောမူက ဒေါ်ခင်မေသို့လှန်လုံးတွေကို မယုံပါ။ သို့သော် ဒေါ်ခင်မေသီက ဣန္ဒြေကောင်းလှသည်။ အခုအချိန်အထိ မသံကာဖွယ်ရာ အစမထွက်တာကလည်း သူမ၏ အရည်အချင်းပင်။ စောစောက အပြင်ဘက် မီးရောင်ရှိနေသေးသဖြင့် အခန်းထဲမှာ အလင်းကလေး ကျန်နေခဲ့သည်။ ကိုယ့်ပတ်ဝန်းကျင် အခန်းကျဉ်းကလေးထဲက ဗြုတ်စဖျင်းတောင်းတွေကို ခပ်ဝါးဝါး မြင်နေရသေးသည်။ ခုတော့ ပိန်းပိတ်လို့။ မှောင်မည်းခြင်းသည် ကြောက်စိတ်ကို ဖြစ်စေသည်လို့ ခင်စောမူ ဖတ်ဖူးသည်။ ကျောက်ဂူထဲမှာ အောင်းနေကြသော ကျောက်ခေတ်လူသားတွေက နေ့နှင့် လရောင်ကို မျှော်ကြသည်ဟု ဆိုပါ၏။ အလင်းက သတ္တိကို ဖြစ်စေသည်ဆိုတဲ့သဘော ဖြစ်ပါလိမ့်မည်။

"သည်အခန်းထဲမှာ ဘာဖြစ်လို့ မီးလုံးမတပ်တာပါလိမ့်...တစ်အိမ်လုံးမှာ မီးလုံးထွန်းတဲ့နေရာ သုံးနေရာပဲ ရှိတာကကော ချွေတာရေးလား...လင်းတာ မကြိုက်လို့လား...အိမ်မကြီးမှာ ထွန်းထားတဲ့ မီးလုံးကို တစ်အိမ်လုံးအတွက် သုံးထားတာကလည်း ရည်ရွယ်ချက်များ ရှိနေမလား..."

ခင်စောမူ လျှောက်တွေးနေခြင်းဖြစ်၏။ သည်မြို့ကလေး၏ လျှပ်စစ်ဓာတ်အားက ပြတ်တောက်သည်လို့တော့ မရှိ။ သို့သော် အားနည်းသည်။ အခြားအိမ်တွေမှာလည်း သည်လိုပဲ ခပ်မှိန်မှိန်ပင်။ မီးအားမြှင့်စက် တင်လို့ ရလောက်အောင် ဗို့အား မဝင်ခြင်းလည်း ဖြစ်နိုင်ပါ၏။ လမ်းမီးတွေကလည်း မှိန်မှိန်ဆိုတော့ မြို့ကလေးကလည်း မလင်းမချင်း ရှိလေသည်။ ဖျောက်ခဲ့မီးပိတ်သံနှင့်အတူ ဒေါ်ခင်မေသီ အခန်းထဲဝင်သွားတာပင် မိနစ်ပေးဆယ်လောက်

ရှိပြီ။ ဘာသံမှတော့ မကြားရ။ ကိုကြိမ်ပိုက် ပြောသွားသည့် မိုးနံ့သာလူတစ်ယောက် ဆိုတာကိုများ စိတ်ရောက်နေရောလား။ မောင်ပုညလို့ ထင်ချင်လည်း ထင်နိုင်သည်။ မင်္ဂေးကို သည်အကြောင်းတွေ မပြတ်ခဲ့ရ။ မင်္ဂေး ထမင်းလာပို့သခိုက် ညည်းတို့အိမ်မှာ မိုးနံ့ကလူ ရှိဆိုလို့ မေးလိုက်လျှင် မင်္ဂေးက ဘုမသိ ဘမသိ ရှိပုံလို့ ဖြေမှာသေချာသည်။ ကိုပုတူ မောင်ပုည ဆိုတာတော်ပါနိုင်သေးသည်။ မနက် ကိုမင်းအောင်မြင့် လာခေါ်လျှင် ဘန်ဂလိုဝင်ပြီး ပိတ်ရမည်။

အဝေး ကင်းတဲတစ်တဲဆီက သံချောင်းခေါက်သံ ကြားရသည်။ ဆယ်ချက်လား၊ ဆယ့်တစ်ချက်လား။ သံချောင်းသံဆုံးတော့ ခွေးအူသံကြီး ပေါ်လာခဲ့သည်။ ခင်စောမူက မီးစုန်းဓာတ်ပါသော နာရီကို ကြည့်လိုက်တော့ ဆယ်နာရီ။ ခွေးအူသံက မကောင်းဆိုးဝါးတွေ့လို့ အူသံမျိုးဖြစ်၍ ခင်စောမူပင် ကြောက်လာမိသည်။ တစ်ခါမှပင် မကြားဖူးသော အသံရှည် ဩဩကြီးက တော်တော်နှင့် မရပ်။

"ကျက်သရေမရှိလိုက်တဲ့ ခွေးစုတ်...ဘယ်ကများ အူနေတာပါလိမ့်...တိတ်စမ်းဟေ့...နားငြီးတယ်"

ဘယ်က အူနေမှန်း မသိသည့် ခွေးအူသံကို အနှောင့်အယှက် ဖြစ်နေပုံရသော ဒေါ်ခင်မေသီက တစ်ယောက်တည်း ပြာနေခြင်းဖြစ်သည်။ ခွေးအူသံကြီး တိခနဲ ရပ်သွားတာကတော့ အမှန်ပင်။ တိုက်ဆိုင်မှုဆိုဦးတော့ အဲသလောက် တိုက်ဆိုင်နိုင်ပါ့မလား။ ခင်စောမူ စောချွေးတွေပင် ပြန်လာခဲ့သည်။ သည့်နောက်တော့ ငြိမ်ကျ သွားပြန်လေသည်။ ခင်စောမူက ပျဉ်အဟကြားက တစ်ဖက်ရပ် အဖိဘက်ကို ချောင်းကြည့်ချင်လာသဖြင့် အိပ်ရာက အသာထသည်။ ချောင်းကြည့်သည်။ မီးရောင်လက်လက်က ဖယောင်းတိုင်မီးသား၊ မီးလုံးလား မသေချာ။ လူရိပ်တွေ မြင်ရသော်လည်း မသဲကွဲ။ ခင်စောမူ ခနသာထိုင်သာ ရှိသွားပါ၏။ တစ်ဖက်မှာ မအိပ်သေးသူတွေ ရှိနေလို့ အာရုံသွားသည်။ အရေးအကြောင်းဆိုလျှင် အော်လိုက်ရုံပင်။

www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါ် ပြန်လှဲလိုက်ရပြန်ပါ၏။ တစ်အိမ်လုံးတွင် မှောင်မည်းခြင်းနှင့် တိတ်ဆိတ်ခြင်းတို့သာလျှင် ရှိနေတော့သည်။ ခင်စောမူ ဖျတ်ခနဲ နိုးလာပြန်သည်။ နာရီကြည့်တော့ ည တစ်နာရီသာသာ။ သူ ဘာကြောင့် သူညလို နိုးလာရသလဲ တွေးကြည့်တော့ အသံကြောင့်မဟုတ်။ လူပ်ရှားမှုကြောင့်ဆိုတာ သိလိုက်ရလေပြီ။ အိမ်ကြီးက ပြိုကျတော့မလား ထင်ရအောင် ထိမ်းထိုးနေခြင်းဖြစ်၏။ ကိုကြိမ်ပိုက်လို လူပိန် ဆင်းသွားတာတောင် ယိမ်းခဲ့သည့်အိမ်။ အခုတစ်ခါကတော့ လူဝဝကြီးတစ်ယောက် တက်လာပုံမျိုး။ တက်လာသည့် လူပ်ရှားမှုက လှေကားထိပ်မှာ ရပ်သွားသလိုလို။ ခင်စောမူ ငြိမ်နေရာက လက်ဆွဲအိတ်ကို အသာဆွဲယူပြီး ဓစ်ကို ဖြည်းဖြည်းကလေး အသံမမြည်အောင် ဆွဲဖွင့်သည်။ အတွင်းကို လက်နှိုက်ပြီး ဓားကို စမ်းသည်။ တော်တော်နှင့်မတွေ့။ ဘယ်ကြားညှပ်နေပါလိမ့်။ တွေ့ပြီ။ ခဲချွန်ဓားကို ဆွဲဖွင့်လိုက်တော့ ငါးလက်မလောက် ရှည်ထွက်လာသည်။ မြိုနေအောင် ထက်သည့် ဓားက တော်ရုံတန်ရုံတော့ အကာအကွယ်ဖြစ်နိုင်သည်။ အိတ်ကို နှိုက်ရင်းက စမ်းမိသောအရာကို ဒုတိယအကြိမ် နှိုက်ယူလိုက်သည်။ အဝေရာနှေ့ ပုတီးကုံး။ တော်ပေါင်းစုဘုရားက ဝယ်လာသည့် ပုတီးကုံး။ အန္တရာယ်ကင်းသတဲ့။ မမှေလိုက်တာ အမေကြေးစည်က မစောညွန့်ကို ပေးလိုက်ပါဆိုသည့် ကျောက်ပြားကလေးလည်း ရှိတာပဲ။ တစ်ဖက်ရပ် အဖိဆိုင်က ဒေါ်ကြီးကပင် ကျောက်ပြားသဏ္ဌာန် စမ ထိုးထားသဖြင့် အန္တရာယ် မပြုနိုင်တာကို သတိရလိုက်သည်။

ဓားတစ်လက်...။ ပုတီးတစ်ကုံး...။ ကျောက်ပြားတစ်ပြား...။

"လာသေးတယ်နော် ကိုဘကောင်း...ရှင် အင်ကြင်းတောဘူတာအထိ လိုက်သွားတာလား...ရုံရိုင်ကို အမြင်ကတ်လို့ ထည့်လိုက်တာလေ... ရှင့် ကြာလိုက်တာ..."

"....."

"ရှင့်မှာ ဆင်ခြေတွေ မကုန်နိုင်တော့ဘူးလား...ကျွန်မ အိမ်ထောင်ပြုရင် မနှောင့်ယှက်နဲ့နော်...ကျွန်မ ပြောထားပါရဲ့..."

"....."

"ဘဝချင်း ခြားပြီပဲရှင်..."

"....."

"မဟုတ်တာ မပြောနဲ့နော် ကိုဘကောင်း..."

ဒေါ်ခင်မေသီ ယောင်ပြန်တာလား။ ခင်စောမူ သိသလောက် ယောင်တာ ကြာပြီ။ ကိုကြိမ်ပိုက်နောက် ထည့်ပေးလိုက်ဦးမယ်ဆိုတဲ့ အဖော်က ကိုဘကောင်းကို ပြောတာများလား။ အိမ်ကြီး သိမ့်သိမ့်ခါအောင် တက်လာတာကော ကိုဘကောင်းပဲလား။ ယောင်သလိုလိုနှင့် ခင်စောမူကို ခြောက်လှန့်ဖို့ ထားပါဦးတော့ အိမ်ကြီးလူပ်တာကတော့ အမှန်ပင်။ ခင်စောမူက ဓားကို ရင်ခွင်ကျစ်ပါအောင် ကိုင်ထားကာ အပေါက်ဝကို မျက်နှာမူထားလိုက်သည်။ တက်နိုပ်မီးက ဘယ်ဘက်လက်မှာ။ ဒေါ်ခင်မေသီက အိမ်ထောင်ပြုတော့မှာလား။ ဘယ်သူ့ကို ရည်စူးပြီး ပြောနေတာပါလိမ့်။ ခင်စောမူတစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေပြီ။ ခင်စောမူ တစ်ယောက်တည်း ရှိတဲ့ညကျမှ ယောင်တာကော။ သည်မိန်းမကိုယ်တိုင် အိမ်ပေါ်က ခြေသံမကြားအောင်ဆင်း၊ အိမ်ကြီး လှုပ်အောင် ပြန်တက်လာ၊ သူ့အခန်းထဲသူဝင်ပြီးမှ ယောင်ချင်ဟန်ဆောင်...။

ဒါလည်း ဖြစ်နိုင်တာပဲ...။ ဒါဖြင့် ရည်ရွယ်ချက်က ဘာလဲ...။ ဒါတော့ ခင်စောမူ မသိပါ။

ဒါပါပဲ...။ နောက်တော့ အသံတွေ ငြိမ်သွားပြန်လေ၏။ ခင်စောမူတော့ မိုးလင်းပါစေ ဆုတောင်းရင်း ထိုင်နေခဲ့သည်။ ငါးနာရီထိုးတော့ အိမ်အောက်ကို ဆင်းလာခဲ့သည်။ ဒေါ်ခင်မေသီ အိပ်တုန်း။ အိမ်ဘေးတံခါးဖက်ရည်ဆိုင်ပင် ဖွင့်နေပြီ။ ရောင်နီကလေးက ပျို့အန်လုလု။

* * *

"ညည်း ကနေ့တော့ စောသားပါလား .."

လက်ဖက်ရည်ဆိုင်က ဒေါ်ကြီးပင် ခင်စောမူ ထလာတာကို တွေ့တော့ ပြုံးနေပါ၏။ မနက်စောစောကြီးမှာတော့ လက်ဖက်ရည်ဆိုင်က ရောင်းတာကား

www.burmeseclassic.com

www.burmeseclassic.com

သား။ မြို့လယ်မကျသော်လည်း လှည်းသမားများ လှည်းဦးတိုက် ဝင်ဝင်ရောက်
တွေ့ရသည့်ဆိုင်ဆိုတော့ ရွာပေါင်းစုံက လှည်းသမားတွေ မြို့ထဲမဝင်ခင်
သည်ဆိုင်မှာ တစ်အောင့်တစ်ဖြုတ် ဝင်နားရင်း သောက်ကြခြင်းဖြစ်၏
ခင်စောမူက အတွင်းကျကျ တစ်နေရာမှာ ထိုင်သည်။ သည်ဆိုင်မှာ များသော
အားဖြင့် ဒေါ်ကြီးကိုသာ မြင်ရလေ့ရှိတာ သတိထားမိသည်။ ဒေါ်ကြီးမော်
ဆိုသူကို တွေ့ရခဲသည်။

"ဆိုင်က ဒေါ်ကြီးတစ်ယောက်တည်းလား...ဒေါ်ကြီးချည်းပဲ တွေ့
လို့ မေးတာပါ...မောင်နဲ့ တူမလေးကကော..."

လက်ဖက်ရည်သောက်သူတွေ ထပ်ကျလာတော့ ခင်စောမူမေးသမျှ
မဖြေနိုင်ပဲ ဖျော်ခံဆီ ပြေးရပြန်၏။ လက်ဖက်ရည်ချ၊ မုန့်ချ။ မုန့်က ပူပူလောင်
လော ကြော်ထားသည့် ဂျုံမုန့်တွေ မဟုတ်။ ပလတ်စတစ်ဖြင့် ထုတ်ထားသော
ခပ်ဖွယ်ဖွယ် ဘီစကစ်ထုပ်ကလေးတွေသာ ရှိသည်။ ခင်စောမူက အားပေးသော
အနေဖြင့် ဘီစကစ်မုန့်တစ်ထုပ် ဖောက်စားသည်။ ဘယ်တုံးက ဘီစကစ်ရော
တော့မသိ။ မို့အောက်စော်တောင် နံချင်ပြီ။ ဒေါ်ကြီး ပြန်လာထိုင်ပြန်၏။

"ကျုပ်မလည်း တစ်ယောက်တည်းပါအေ...ပင်ပန်းပေသိ လုပ်နိုင်
တယ်...ကျုပ်မောင်က ရွာခဏပြန်တယ်...သည်မှာ မထားချင်
လည်း ပါတယ်...ဘိုမက လှည်ချောင်းနေတာလေ...မသိရင် ခဏ
မယ်...မိန်းမက မာယာများတားတားရယ်..."

ခင်စောမူက လက်ဖက်ရည်ပူပူကလေး သောက်လိုက်ရလို့ ဝမ်းသာ
သွားရပါ၏။ မျက်နှာမသစ်၊ သွားမတိုက်ရသေး။ ခင်စောမူမှာ သည်အတွေ့
တော့ ရှိသည်။ စားသောက်ပြီးမှ သွားတိုက်၊ ရေချိုး။ ညက ဒေါ်ခင်မော
ယောင်သည့် အိမ်ထောင်ပြုတော့မှာဆိုတာ မာယာများလား။ ခင်စောမူက ညက
တစ်ယောက်တည်း အိပ်ရကြောင်း၊ ကြောက်လန့်မိကြောင်းတွေ ပြောပြတော့
ဒေါ်ကြီးကပင် အံ့သြနေတော့သည်။

"ကလေးမနှစ်ယောက် ရှိသမျှတ်လား...တစ်ယောက်က ချည်းစေ့ရှိ
ထင်တယ်...တစ်ရက်က ကျုပ်ဆိုင် လာထိုင်ကြတာ ဘိုမ မြင်
အောင်လို့တဲ့ အတွင်းထဲ ဝင်သောက်ကြတယ်"

"မပြောတတ်ပါဘူး ဒေါ်ကြီးရယ်...ညကတော့ ဆရာမကြီးအိမ်
သွားအိပ်ပေးရတယ် ပြောတာပဲ...နေပါဦး...ဆရာမကြီးဆိုတာ
ဘယ်သူတုံး...ဘာဆရာမကြီးတုံး ဒေါ်ကြီးရဲ့..."

ဒေါ်ကြီးက ပိုက်ဆံ ထယူသည်။ အမ်းသည်။ နောက်ထပ်ဝင်လာ
သည့် ဧည့်သည်တွေအတွက် လက်ဖက်ရည် ဖျော်ပြန်၏။ ခွက်ဟောင်းတွေကို
သိမ်းကာ သစ်သားဇလားထဲ ပစ်ထည့်သည်။ ပန်းကန်တွေကို အဝတ်စုတ်
အတ်နှင့် ပွတ်ဆေးရင်း နောက်လူကို မျှော်ပြန်သည်။ ခင်စောမူက သူ့လက်ကိုင်
အိတ်ထဲက ပိုက်ဆံတစ်ရွက်နှိုက်ပြီး ငွေရှင်းမည့်ပုံပြတော့ အနားကပ်လာပါ
၏။ ငွေစက္ကူ အရွက်ကြီးကို လှမ်းမယူပါ။

"သောက်သွားပါ...မအမ်းနိုင်ဘူး"

"မအမ်းရပါဘူး...ပိုတာ သန်းသန်းကို မုန့်ဖိုးပေးလိုက်ပါ"

"သန်းသန်းတောင် စျေးလွှတ်ထားတယ်...စျေးက ခဏနဲ့ ကွဲတာ
ဆိုတော့ စောစောပြေးလေရဲ့...။ နေဦး...စောစောက မေးတာ
ဘယ်သူ..."

"ဆရာမကြီး ဆိုတာလေ...ဒေါ်ခင်မေသီက တော်တော်ကိုးကွယ်
တယ်နော်"

ဒေါ်ကြီးက တစ်ချက်မဲ့လိုက်သည်။

"ကျောင်းဆရာမကြီးဟောင်းအေ့...အသက်က ရှစ်ဆယ်ကျော်လို့
ကိုးဆယ်ကပ်နေပြီ...ဘိုမနဲ့ ဆရာမကြီးနဲ့က အချင်းချင်းတွေ့ရင်
ဗမာလို မပြောကြဘူး...အင်္ဂလိပ်လို ပြောကြတာအေ့...ရှစ်ဆယ်ကျော်
ဆိုပေမယ့် အဘွားကြီးက မာပါတယ်...အိမ်ထဲက အိမ်ပြင် ထွက်တာ
တော့ မမြင်ဖူးဘူး...ကျုပ်တို့ကြားတာ ပြောရတာလေ..."

www.burmeseclassic.com

www.burmeseclassic.com

"ဪ...ဟုတ်လား...ဒေါ်ခင်မေသီက အင်္ဂလိပ်စကား ပြော တတ်သလား...သမုန်းကျင်းသူဆို..."

"ဘယ်ကလာအေ...သမုန်းကျင်းသူ မဟုတ်ပါဘူး...ဘိုမက အင်္ဂလိပ် စကား, ကုလားစကားများ ဒလက်လည်အောင် ပြောတတ်တာ... အာဂမှတ်လို့...ကျုပ်သိသလောက်တော့ ဆရာမကြီးက ဘိုမမိဘ များနဲ့ ရင်းနှီးခဲ့ပုံပေါ်တယ်...ထင်တာ ပြောရတာ"

"ကိုဘကောင်းက ကုလားမို့လို့လား...ရုပ်ကတော့ ဓာတ်ပုံထဲ တွေ့တာ မျက်နှာရှည်ရှည်နဲ့....ဗမာရုပ်တော့ မဟုတ်ဘူး"

"ဟုတ်တယ်...ကုလား...သူလည်း မကျွတ်ရှာပါဘူး...မယားကို စိတ်မချတာနဲ့ မကျွတ်တာနေမှာပေါ့...တစ်ရက် ကျုပ်က အစောကြီး ဆိုင်ဖွင့်မိတယ်...နာရီမှားဖွင့်တာ...တံခါးလည်း ဖွင့်လိုက်ရော လမ်းပေါ်ကနေ အိမ်ကြီးကို လှမ်းကြည့်နေတာ ကျုပ်ကိုယ်တိုင် မြင်တယ်...ကိုဘကောင်းလေ...ခါးကြီး စုံထောက်လို့...ကိုင်း... ဧည့်သည်တွေ လာပြန်ပြီ"

ဒေါ်ကြီး ထသွားတော့ ခင်စောမူပါ ထလာခဲ့သည်။ အိမ်ပေါ်ရောက် သည်အထိ ဒေါ်ခင်မေသီ မနိုးသေး။ အောက်ထပ်က အုတ်ရောကန်မှာ ရေချိုးဖို့ပြင်တုန်း ဒန်းပွင့်နှင့် အေးစုတို့ ပြန်ရောက်လာကြသည်။ ခင်စောမူက ညက ဒေါ်ခင်မေသီ ယောင်တာကို ပြောပြရင်း ရင်ထိတ်သည်းဖို ဖြစ်ခဲ့ရပုံတွေ ပြောပြတော့ အေးစုက မျက်လုံးပြူးကြည်သည်။ ဒန်းပွင့်ကတော့ တစ်စုံတစ်ရာ မေးချင်နေပုံရပါ၏။ ပြီးမှ ခပ်တိုးတိုးကလေး မေးသည်။

"အစ်မ...ကိုပုည ပြန်ပြီလား..."

"အစ်မလည်း ဘန်ဂလို မရောက်သေးဘူး...ဒန်းပွင့်နဲ့ မတွေ့ ဘူးလား..."

"မတွေ့ဘူး...သမုန်းကျင်းမှာ ရှိဦးမယ်လို့တော့ ပြောတယ်အစ်မ..."

"ဒါထက် ညည်းတို့နှစ်ယောက်ကို ညအိပ်ညဉ့်နေ အပြင်တွေဘာတွေ လွှတ်လို့ပါလား...ဒန်းပွင့်ကို ယုံသွားပြီနဲ့တူတယ်...ဆရာမကြီး အိမ်ကနေ ရွာ ခိုးပြန်မယ်ဆို ပြန်နိုင်တာပဲမဟုတ်လား...အစ်မက အံ့သြနေတာ"

"ဆရာမကြီး တူမလေး တစ်ရက်ခရီးသွားလို့လို့ ပြောတာပဲ... ညည်းတို့ စောစောပြန်ခဲ့လို့ အမေသီက မှာတာနဲ့ စောစောပြန်လာ ကြတာ...သူနိုးရင် သွားလိမ့်မယ်နဲ့တူတယ်...ပြောရဦးမယ်အစ်မ... ကျွန်မအခေါ် ထွေးပဝတ်တဲ့အကျီတစ်ထည် အဲသည့်အိမ်မှာ တွေ့ခဲ့ တယ်...သူတို့ အဲသည့်အိမ်ကိုတော့ လာကြပုံပေါ်တယ်"

"သေချာလို့လား..."

"သေချာတာပေါ့...ရွာချုပ်အကျီပဲ...ကျွန်မအခေါ် ဝတ်ဝတ်နေတာ ကျွန်မ သိတာပေါ့"

ခင်စောမူ ရေချိုးပြီးသည့်တိုင် ဒေါ်ခင်မေသီ မနိုးပါ။ အေးစုက ဒေါ်ခင်မေသီ နိုးလျှင် စားဖို့ ထမင်းအိုးတစ်လုံး တည်နေခဲ့သည်။ ခင်စောမူက သည်ကနေ့ သစ်စခန်း သွားရမှာဆိုတော့ လိုအပ်သမျှ ထည့်သိုကာ လက်ဖက် ရည်ဆိုင်ရှေ့မှာပဲ သွားထိုင်နေခဲ့ပါ၏။ ကိုမင်းအောင်မြင့်တို့ကား လာတော့ လည်း မြင်နိုင်သည်။ ကောက်ခနဲ ထလိုက်သွားရဲသာ။ အိမ်ပေါ်တက်ပြီး ဒေါ်နေရလျှင် ဒေါ်ခင်မေသီနှင့် ထိုးနှိုင်သည်။ လေကြောရည်နှိုင်သည်။ ခင်စောမူ ကိုယ်တိုင်က ကိုမင်းအောင်မြင့်ကို သဝန်တိုနေမိတာများလား။ တွေးမိတော့ လည်း ရှက်ပြုံးပြုံးမိသည်။

လက်ဖက်ရည်ဆိုင်မှာ လူပါးသွားခဲ့ပြီ။ ဒေါ်ကြီးပင် ထန်းပက်လက် ကုလားထိုင်မှာ ငိုက်နေလေ၏။ ခင်စောမူကိုမြင်တော့ လက်ဖက်ရည် သောက်ဦး မလား မေးသည်။ ခင်စောမူက ခေါင်းခါပြရပါ၏။

"ကျွန်မ သည်ကနေ့ သစ်စခန်း လိုက်သွားရမှာ ဒေါ်ကြီးရဲ့... တစ်ရက်, နှစ်ရက် နေရမလား မပြောတတ်ဘူး...အလုပ်ကစ္စရှိလို့"

www.burmeseclassic.com

www.burmeseclassic.com

"ညည်း ကိုဘကောင်းသေတာ သိသလား...ကိုဘကောင်း အရက်မူး
လာတဲ့ ညတစ်ညမှာ လေ့ကားကြီးပေါ်က ဓောက်ထိုးကျသေတာ"

"အို..."

ဒေါ်ကြီးက စောစောတုန်းက စကားကျန်တာကို မဆီမဆိုင် ပြော
လိုက်ခြင်း ဖြစ်သော်လည်း ခင်စောမူအဖို့ရာတော့ အံ့သြရသော သတင်းအသစ်
ပင်။ ထိုစဉ်မှာ ပင် ကားရောက်လာပါ၏။

(၁၄)

"ကိုမင်းအောင်မြင့်ကို ကျွန်မ မေးပါဦးမယ်...ကိုမင်းအောင်မြင့်တို့
မျိုးရိုးမှာ ဝိဇ္ဇာပုဂ္ဂိုလ်တွေဘာတွေ ရှိခဲ့ဖူးသလား...မိဘဘိုးဘွားတွေ
ပြောသံဆိုသံ ကြားဖူးသလားလို့ မေးတာပါ"

ကိုမင်းအောင်မြင့်က ကားရှေ့ခန်းမှာ ထိုင်သည်။ မောင်မောင်တင်
က ကားမောင်းသည်။ ခင်စောမူနှင့် မဋ္ဌေးက နောက်ခန်းမှာ။ အခြား
သူမတော့ မပါ။ နောက်ခန်းက ကျယ်တော့ ချောင်ချောင်ရိုချိတော့ ရှိပါ
၏။ မဋ္ဌေးကို ဘန်ဂလို ဝင်ခေါ်ခဲ့ခြင်းဖြစ်သည်။ မဋ္ဌေးကို အဖော်အဖြစ်
ခေါ်လာရတာ ပါသလို၊ မောင်ပုညအကြောင်း ဒေါ်ခင်မေသီက မေးလိုက်မှာ
ကိုလည်း ပါသည်။ ညက ကိုကြိမ်ပိုက် ပြောခဲ့သည့်စကားအရ မိုးနံက
တစ်ယောက်နှင့် ဘန်ဂလိုထိပ်က ပေပင်ခြောက်မှာ တွေ့ခဲ့သည်ဆိုတာကို
ခင်မေသီ သံသယ ရှိကောင်းရှိနိုင်လို့ ဖြစ်ပါ၏။ ဘန်ဂလို ရောက်ရောက်ချင်း
မောင်ပုညအကြောင်း ဘယ်သူ့မှ မပြောဖို့ ပိတ်ထားခဲ့ရသည်။ မဋ္ဌေးက
အမှန်းမသိသော်လည်း စိတ်ချပါလို့ ဆိုသည်။ ကိုပုနှင့် ဒေါ်ခင်မေသီကတော့

www.burmeseclassic.com

www.burmeseclassic.com

တွေ့စရာမရှိ။ မင်္ဂေး ပြောစကားတွေအရတော့ မောင်ပုညတစ်ယောက် ခင်
ခေါ်သွားသည်နောက်ပိုင်း ပြန်ရောက်မလာဟု ဆိုပါ၏။

"သူဦးလေးက ဆူနေတာ...သည်ကောင် သမုန်းကျင်းမှာ အသိ
ပဲနဲ့. ဘယ်သွားနေတယ် မသိဘူးတဲ့...ရွာပြန်ရင်လည်း ပြန်
မပြောဖူးတဲ့...လင်ဘက်က တူဆိုပေသိ ကျွန်မတော့်လည်း ချွ
ပါတယ်...ကျွန်မကတော့ မအေတစ်ယောက်တည်းမို့. ရွာပြန်
ထင်တာပဲ ဆရာမရယ်..."

မင်္ဂေး ပြောခဲ့သည့်စကားတွေ ဖြစ်သည်။ ရွာပြန်လျှင် တော်
မပြန်ရင် ဘယ်သွားနေသလဲဆိုတာကလည်း ထူးဆန်းသားပင်။ တစ်ရာ
ဒန်းပွင့်နှင့် တွေ့ခဲ့သတဲ့။ ဒန်းပွင့်ကို ခိုးယူထွက်ပြေးဖို့. စည်းရုံးခဲ့သတဲ့။ ဒ
ကလည်း လိုက်ချင်ချင်။ ခင်စောမူကတော့ အချိန်မတိုင်ခင် သည်လိုမလုပ်
ချင်။ ကားပေါ်မှာ ကိုမင်းအောင်မြင့်ကို ညက ခေါ်ခင်မေသီပြောသည့် သမုန်
ရာဇဝင်ကိုမပြောပဲ သိချင်တာကို အရင်မေးလိုက်ခြင်းဖြစ်၏။ ကိုမင်းအော
က အဆက်အစပ်မရှိ မေးလိုက်တော့ ဘာဖြေရမှန်း သိပုံမပေါ်။ ခင်စောမူ
လှည့်ကြည့်လေ၏။

"ဝဇ္ဈာမျိုးရိုး! ...ကျောင်းတုန်းကတော့ ကျွန်တော်က သိပ်တွဲ ယူ
မခင်စောမူရဲ့...ဘီအက်စ်စီ ဖောရက်စ်ကြီလေ...ရည်းစားထား
များလို. နှစ်နှစ်တစ်တန်း နေခဲ့ရတယ်...ဘွဲ့ယူတော့ နောက်
လာတဲ့ ကလေးတွေနဲ့. အတူတူယူခဲ့ရတာဗျို့..."

ခင်စောမူက ရယ်သည်။ ခင်စောမူ မေးတာကို သိပုံတော့ ရ
ရယ်စရာလုပ်လိုက်ခြင်း ဆိုတာလည်း သဘောပေါက်သည်။ ခင်စောမူက အ
ပြောစမ်းပါဆိုတော့မှ မျက်နှာပိုးသတ်ပြီး စဉ်းစားသည်။ သမုန်းကျင်
ကိုမင်းအောင်မြင့် ရောက်လာကတည်းက ထူးထူးဆန်းဆန်း တွေ့ကြုံခဲ့ရ
တော့ အမှန်ပင်။ တစ်ခါက လမ်းမှာ ဖိုးသူတော်တစ်ဦးနှင့် တွေ့သ
ဝတ်ဖြူစင်ကြယ် ဝတ်ထားသော်လည်း အဝတ်တွေက ပေပေရေရေ နွ

ကျေကျေ။ မုတ်ဆိတ်တွေက တစ်ဖောင်လောက် ရှိမည်။ နဖူးတွင် ခဲသင်း
ကြီးတစ်လုံး ပါတာကိုလည်း မှတ်မိနေပါ၏။ ထိုပုဂ္ဂိုလ်က ကိုမင်းအောင်မြင့်ကို
ကားကို လက်ပြတားသည်။ ကားကြုံလိုက်ချင်လို့.နဲ့. တူပါရဲ့လို့. တွေးကာ
ရပ်ပေးလိုက်သည်။ ထိုစဉ်က မောင်မောင်တင် မရှိသေး။ ဒရိုင်ဘာ ကိုတင်ညွှန့်
မောင်းလာခြင်းဖြစ်၏။ ဖိုးသူတော်ကြီးက စကားမပြောပဲ ကိုမင်းအောင်မြင့်
လက်ထဲကို သစ်သီးခြောက်ကလေးတစ်လုံး ထည့်ပေးပြီး ဆက်လျှောက်သွား
ခဲ့သည်။ ကိုမင်းအောင်မြင့်က စိတ်မနံ့.ရှာသူလို့.သာ ထင်မိခဲ့သည်။ သန်းသီး
ခြောက်ကလေးကို ကြည့်တော့ ဖန်းခါးသီးခြောက်လိုလို၊ ဗာဒသီးခြောက်လိုလို
အသီးတစ်လုံးသာ ဖြစ်သည်။ လွှင့်တော့မပစ်။ စခန်းရောက်တော့ တစ်နေရာ
မှာ သိမ်းထားခဲ့သည်။

နောက်တစ်နှစ်လောက်အကြာမှာ ကြုံခဲ့ရတာကတော့ သည်ထက်
နည်းနည်းကလေးဆန်းသည်။ စခန်းထဲကို အရှေ့မ ရောက်လာခြင်းဖြစ်၏။
အရှေ့မက ကုလားမတစ်ယောက်ပင်။ မြန်မာအကျီလုံချည် ဝတ်ထားသော်လည်း
အဝါရောင် ရင်လွှမ်း ခြုံထည်ကို ရစ်သိုင်းထားပါ၏။ အသားအရေက မည်းချိတ်
ချိတ်။ မျက်လုံးက ပြူးပြူး။ သစ်စခန်းထဲကို တော်ရုံသူစိမ်း ဝင်လာဖို့.ခက်သည်။
စခန်းဝင်ဝင်ချင်း အဆောက်အဦသည် ရုံးဖြစ်၍ ပတ်လည် ခြံစတ်ထားသည့်
အပြင် ဂိတ်ဝမှာ အမြဲတမ်း အစောင့်ရှိသည်။ သစ်သားတံခါး တောင့်တောင့်ကြီး
ကိုလည်း အမြဲပိတ်ထားလေ့ရှိ၏။ ထိုအရှေ့မက ဘယ်လိုကဘယ်လို ဝင်လာ
ခဲ့သည် မသိရသော်လည်း ကိုမင်းအောင်မြင့် ရုံးခန်းပြတင်းဝမှာ မားမားကြီး
ရပ်နေတာကို ကိုမင်းအောင်မြင့်ကိုယ်တိုင် မြင်လိုက်ရသည်။ ကိုမင်းအောင်မြင့်
က ဝန်ထမ်းတစ်ယောက်ယောက်၏ ဇနီးထင်သဖြင့် အတွင်းဝင်ထိုင်ရန်
ခွင့်ပြုလိုက်သည်။ အရှေ့မကလည်း စုတ်ခနဲ ဝင်ထိုင်လေ၏။ ခြေထောက်မှာ
ဖိနပ်မပါ။ နဖူးမှာ ဆေးနီ တို့ထားသည်။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများ
ဖြင့် ကြည့်နေခြင်းသာဖြစ်၍ စကားတစ်ခွန်းမှမပြော။ ပြူးတွေးသော သွားတွေ
လှစ်ပြီး ရယ်လို့.သာနေသည်။ သည်တော့မှ စိတ်မနံ့.ရှာသူနဲ့. တူပါရဲ့လို့ တွေးထား

www.burmeseclassic.com

www.burmeseclassic.com

မုန့်တွေ ချက်ကျွေးသည်။ သည်တော့လည်း မစားပြန်။ ကိုမင်းအောင်မြင့်က မေ့ောင်းထုတ်ရမလား၊ စည်ပဲ ခံနေရမှာလား တွေးနေချိန်ကျမှ ရုတ်ခနဲ ထ ည်ရှင်ဘတ်ကို ပုတ်ပြသည်။ ခပ်ဝေးဝေးက မြင်ရသော တောင်ကမူ ပုဂံ လှမ်းပြသည်။ အဲသည်မှာ နေတယ်လို့ ပြောဟန်တူ၏။ ကိုမင်းအောင်မြင့် ခေါင်းညိတ်ပြတော့ လက်ထဲ ပါလာသည့် နန္ဒင်းတက်တစ်တက် ပေးသွား သည်။ ချက်ချင်းပင် သွားတွေဖြဲကာ သစ်တောတွေဘက် ပြေးသွားတော့သည် နောက်ထပ်တော့ မမြင်ရ။

"ကျွန်တော်က အစောင့်ကျတဲ့ ကိုမြစ်ကို ခေါ်မေးတယ်...သူ့ကို က တံခါးပိတ်ထားလို့ ဝင်နိုင်စရာမရှိဘူး ဆရာတဲ့...မင်းကသာ ဝင်နိုင်စရာမရှိနေ ငါဖြင့် ဧည့်တောင်ခံလိုက်ရသေးဆိုတော့ သူလည်း အံ့သြနေတယ်...ဒါပါပဲ...နောက်ထပ်လည်း မမြင်ရတော့ဘူး တစ်ခုတော့ရှိတယ်...နောက်နှစ် သစ်စခန်းတွေဆောက်ဖို့ လုပ်ငန်း တော့ တောင်ကမူကလေးကို ဖြိုဖို့ ဖြစ်လာတယ်...မဖြိုခင်ညမှာ နန္ဒင်းစိမ်းနဲ့တွေ မွန်နေတာကို ကျွန်တော် သတိထားလိုက်မိတယ် ချက်ချင်းပဲ သတိရလိုက်လို့ နေရာရွှေ့ဆောက်ဖို့ ပြောလိုက်ရတယ် ကျွန်တော်ထင်တာတော့ ဟိုတုန်းဟိုခါက သစ်တောအလုပ်သ တွေဆိုတာ ကုလားတွေ များတာကိုး...မကျွတ်သေးတဲ့ ကုလား ဖြစ်လောက်တယ်ဟေ့လေ...ဒါတွေက ပြောဖို့ခက်သားပဲ မခင်ဗျ ရဲ့..."

ကိုမင်းအောင်မြင့်က ကားဟပ်မှာ ပြောပြနေခြင်းဖြစ်သည်။ ဖိုးသူ က ဖန်းခါးသီးခြောက် ပေးခဲ့သည်။ ကုလားမက နန္ဒင်းတက် ပေးခဲ့သည် ထူးတော့ ထူးဆန်းသားပင်။ ခင်စောမူ မေးသည့် ဝိဇ္ဇာဆက် ဆိုသည့်ဘက် ရောက်မလာပဲ သူကြုံခဲ့ရသမျှ ပြောပြနေခြင်းကပင် နားထောင်လို့ အကောင်း သား။ ကြောက်လည်းကြောက်စရာ။ နောက်တော့ကော ဘာတွေ ကြုံခဲ့ရ သေးသလဲဆိုတော့ စဉ်းစားပြန်လေ၏။

"လူရယ်လို့တော့ မတွေ့ပါဘူး...ပစ္စည်းအတိုအစကလေးတွေတော့ တွေ့ကြလို့ ကျွန်တော့်ကို လာအပ်ကြတာတော့ ရှိတယ်...တစ်ချော် မြေတူးကြတော့ သဲသောသာကလေးတစ်လုံး တွေ့ကြတယ်...ပြီးတော့ စက်က တည့်တည့်မထိုးမိတော့ ဘာမှမပျက်စီးဘူး...သဲသောသာက သဲဖြူဆိုင်မှာလုပ်တဲ့ သေတ္တာလေးပါ...သွပ်ညှိတွေတက်ပြီး သဲချော် တွေတောင် ကိုက်နေပါပြီ...ကျွန်တော်လည်း မအားသေးတာနဲ့ ထားခဲ့ကွာဆိုပြီး မကြည့်ဖြစ်ဘူး...ညဘက် အားလို့ ကြည့်တော့မှ အထဲမှာ ဒင်္ဂါးဇော်က အပြားနှစ်ဆယ် တွေ့တယ်...နိုင်ငံခြားဖြစ် ဒန်ဆေးတံတစ်ချောင်း တွေ့တယ်...ဖောင်တိန်တစ်ချောင်း တွေ့ တယ်...မုတ်ဆိတ်ရိတ်တဲ့ ဂျပ်ဘူးနဲ့ မားဟောင်းနှစ်ချောင်း၊ သုံးချောင်းလည်း တွေ့တယ်...နောက်တော့ အင်္ဂျီလက်ရှည် လက် တွေမှာတပ်တဲ့ လက်ကြယ်သီးတစ်စုံတွေ့တယ်...ဆင်စွယ်ရိုးတစ် ခုမျှောင်ကလေး တစ်ချောင်းလည်း ပါတယ်...ကျွန်တော်လည်း စဉ်းစားမရတာနဲ့ ရုံးဗီရိုတစ်လုံးထဲ ထည့်ထားခိုင်းလိုက်ရတယ်"

"အင်္ဂလိပ်စာလုံးတွေတာတွေ ထိုးထားသေးသလား...ဥပမာ ဖောင်တိန် လို၊ ဆေးတံလို ပစ္စည်းတွေမှာ ပြောတာ..."

"ကုမ္ပဏီတံဆိပ် ထင်ပါရဲ့...ပါတော့ပါတယ်...ပစ္စည်းတွေက ဟောင်း လွန်းလုပါပြီ မခင်စောမူရယ်...စည်းနဲ့ကမ်းနဲ့ နေခဲ့တဲ့ နိုင်ငံခြားသား တစ်ယောက်ရဲ့ သေတ္တာကလေး ဆိုတာတော့ သေချာတယ်"

"သည်တောကြီးထဲမှာ ရှေးက သစ်တောဂန္ထဝင် အင်္ဂလိပ်တွေ နေခဲ့တာဆိုတော့ တိမ်မြုပ်နေတဲ့ ပစ္စည်းတွေ ရှိဦးမှာပဲနော်"

"ရှိတာပေါ့ မခင်စောမူ...အခု ကျွန်တော်တို့ကုမ္ပဏီက ဝန်ထမ်းတွေ တစ်ခါတစ်ရံ ဖတ္တုတာတွေ ရှိတယ်...ရွှေထည်လို ဘာလို အဖိုးတန် ရတနာတော့ မဟုတ်ဘူးဗျ...ဘာတွေတွေ့ကြတယ်သား မသိရ

www.burmeseclassic.com

တယ်...တချို့ကိစ္စတွေကျတော့ ကျွန်တော် ဝင်ပါလို့ မကောင်းဘူးလေ...ကိုယ်တွေ့တာ ကိုယ်ယူကြတာပဲ...တလောကတောင် ရွှေဆော်သုံး ကြွေပုတီးကုံးတွေ ရောင်စုံတွေ့တယ် ကြားတယ်...လည်ဆွဲလို ကြိုးတပ်ပြီးသားတွေတဲ့...အဲသည်ခေတ်က မိန်းမတွေ ဆွဲကြတာနေမှာပေါ့"

"ပုတီးကုံးတွေက ဘယ်လိုတွေ့တာတဲ့လဲ...သေတ္တာနဲ့ပဲလား..."

"ယွန်းသေတ္တာကလေးတွေနဲ့ တွေ့တာလို့ ပြောတာပဲ"

သမုန်းကျင်းမြို့ဟောင်းမှ ခံတက်ကန် လမ်းဆုံကို ရောက်လာခဲ့ကြသည်။ ကားလမ်းက ကြမ်းသဖြင့် ဘယ်ယိမ်း၊ ညာယိမ်း၊ ဘယ်ညာယိမ်းဖြင့် ရောက်လာခြင်း ဖြစ်သည်။ ကားမှန်တွေ ပိတ်ထားလို့သာ တော်တော့သည်။ ဖုန်တွေဆိုတာ အူအူကြီး ထလျက်ရှိ၏။ ခံတက်ကန်လမ်းဆုံက ဘယ်ဘက်ကို ချိုးလိုက်တော့ အင်တော ကညင်တောကြီးကို တွေ့ရလေပြီ။ အင်ပင်၊ ကညင်ပင်ကြီးတွေက ယောကျ်ားပုဆိုး တစ်ကွင်းစွပ်စာမကအောင် ကြီးလှပါတယ်။ အပင်တွေက ခပ်စိတ်စိတ် ပေါက်နေကြသဖြင့် တောကြီးတစ်ခုလုံး ပိတ်ပိတ်ဆည်းဆည်း နက်ရှိုင်းလှသည်။ ပင်ခြေတွေ ရှင်းနေသဖြင့် သစ်ပင်တွေကြား လမ်းလျှောက်နိုင်သည်။

ခင်စောမူက ခံတက်ကန်လမ်းဆုံရောက်တော့ ခလောက်ဆွဲ၊ နေပူကုန်း၊ မိုးထီး၊ ဒိုးပင်မောင်နှမနတ်ကွန်းနှင့် ဓာတ်ပေါင်းစုဘုရားကို ရောက်ခဲ့တာ သတိရမိပါ၏။ သည်ရွာတွေ တစ်ဘက်ခြမ်းမှာတော့ ရောက်ပင်တောတောခြေ ခေါကြသည့် ပတတ်စာ ကုန်းရွာတွေ...။ တောခြေက ဒန်းပွင့်...။ မိုးနံက မောင်ပုည...။ သည်မြို့ သည်ရွာရောက်မှ ခင်စောမူ ကြုံခဲ့ရသော ချစ်သူနှစ်ဦး...။

"ကိုမင်းအောင်မြင့်ရယ်...ကျွန်မဖြင့် ရန်ကုန်မှာ နှစ်ကြာကြာ နေခဲ့ဖူးပါတယ်...နယ်တွေလည်း ရောက်ရပါရဲ့...သည်လို ခေါင်တဲ့နေရာကို

တာဝန်နဲ့လာရမယ်လို့ တစ်ခါမှ မတွေးခဲ့မိဖူးဘူး...ကိုမင်းအောင်မြင့်တို့၊ မောင်မောင်တင်တို့၊ မင်္ဂေးတို့ဆိုတာ ထားတော့...ကိုယ့်ဝန်ထမ်းတွေလေ...။ ကျွန်မမှာ မဆိုင်တဲ့လူတွေနဲ့ပါ ဆက်ဆံယ်ပြီး သူတို့ဘဝတွေထဲ ပါနေရတာကတော့ ထူးဆန်းသလိုပဲ...ဝိဇ္ဇာဆက်က ကျွန်မများ ဖြစ်နေသလားတောင် မပြောတတ်ပါဘူး"

ကိုမင်းအောင်မြင့်က ရယ်သည်။ မင်္ဂေးကတော့ သည်ခရီးကို ထူးဆန်းတာမဟုတ်တော့ ကားပေါ်ရောက်ကတည်းက ပုခက်ထဲ အိပ်လိုက်လာသလို ဘယ်ညာယိမ်းရင်း ငိုက်ပါလာခဲ့၏။ သစ်တောဘက် အချို့လမ်းကတော့ ကောင်းသည်။ ရှေးကတည်းက သည်နေရာကို ကောင်းကောင်းခင်းထားခဲ့ဟန်တူ၏။ သိပ်သိပ်သည်းသည်း ရှိသည်။ ရှေးကလည်း သည်နေရာမှာ ရုံးတွေ ဒါမှမဟုတ် လူနေတန်းလျားတွေ၊ အိမ်တွေ၊ ဘန်ဂလိုတွေ ဆောက်ခဲ့ဟန်တူသည်။ အဆောက်အဦတွေ မရှိကြတော့သော်လည်း နေရာအနေအထားက ပြန့်ပြူးလှ၏။ မင်္ဂေးတို့ လောလောဆယ် နေကြသည့် သမုန်းကျင်းဘန်ဂလိုက္ခစခန်းထောက်ဖြစ်ဟန်ရှိ၍ သစ်တောတွင်း ဘန်ဂလိုကတော့ သည်နေရာမှာ ရှိခဲ့ပုံရ၏။ ကိုမင်းအောင်မြင့်ကိုတော့ မမေးဖြစ်ပါ။

"မခင်စောမူမေးဘဲ့ ဝိဇ္ဇာဆက်လား ဆိုတဲ့စကားကို ပြန်ကောက်ရရင် ကျွန်တော်တို့ မျိုးရိုးမှာ အဲဒါမျိုးတွေတော့ မကြားဖူးဘူး...သို့ပေမယ့် စောစောကပြောသလို ကြုံခဲ့ရတာတွေတော့ ရှိတယ်...တစ်စုံတစ်ရာက စောင့်ရှောက်နေသလို ဘေးကင်းရန်ကာ နေရတာလည်း အမှန်ပဲ...ကျွန်တော်တို့ သစ်စခန်းက ကြမ်းတယ် မခင်စောမူရဲ့..."

သစ်တောသစ်ပင်တွေက စိမ်းလန်းလှပါ၏။ အေးမြသော လေနှင့် သစ်တောတွင်း တောပန်း တောင်ပန်းတွေဆီက ဝေဝဲလာသော ပန်းရနံ့ကို ရနေသဖြင့် လန်းဆန်းရပါ၏။ ခင်စောမူဘဝတွင် သည်လို သစ်တောကြီးထဲကို ရောက်ဖူးခဲ့သည် မဟုတ်။ သည်လို သိပ်သည်းစွာ ပေါက်ရောက်နေကြသော သစ်ပင်တွေကြားမှာ မမြင်နိုင်သော အန္တရာယ်တွေလည်း ရှိနိုင်သည်ဟု ခြင့်မှိန်

www.burmeseclassic.com

www.burmeseclassic.com

သော အန္တရာယ်တွေကလည်း များစွာမည်။ ကိုမင်းအောင်မြင့်က မခင်စောမှ နှင့် မင်္ဂေးတို့ နှစ်ယောက်အတွက် သီးခြားအဆောက်အဦကလေးတစ်လုံးမှာ နေရာချထားသည်ဆို၏။ တကယ်ရောက်ပွားသည့်အခါ သစ်သားဖြင့် သပ်သပ်ရပ်ရပ် ဆောက်ထားသော အဆောက်အဦကလေးဖြစ်သည်။ ခုတင်နှစ်လုံး ဆိုတော့ အဆင်ပြေသည်။ ခပ်လှမ်းလှမ်းမှာ ကိုမင်းအောင်မြင့်တို့ ရုံးရှိ၍ ရုံး ပတ်ဝန်းကျင်မှာလည်း စတိုလို၊ ဂိုဒေါင်လို အဆောက်အဦ မကြီးမငယ်နှစ်လုံး ရှိသည်။ သစ်ပင်ကြီးတွေကို ဝိုက်လှီးထားသော ကွက်လပ်မျိုးဖြစ်၍ ပတ်ပတ် လည်တွင် သစ်တောသစ်ပင်များနှင့် ဆက်နေသည့်နေရာ ဖြစ်သည်။ သစ်စခန်း နှင့် ဝန်ထမ်းနေအိမ်တွေက သီးသန့်တစ်နေရာမှာဖြစ်၍ ကုန်းကြောင်းလျှောက်သွား နိုင်ကြောင်း မောင်မောင်တင်က ပြောပြသည်။ လမ်းက နိမ့်မြင့်လမ်းဖြစ်၍ တစ်မျိုးသာယာသည်ဟု ဆိုပါ၏။

"စာရင်းကိစ္စတွေပြီးရင်...ဘကြီးဒိုးလုံးနဲ့ တွေ့ချင်သေးတယ် ကိုမင်းအောင်မြင့်ရယ်...ဘကြီးဒိုးလုံးက သည်မှာနေတာလား... ရွာမှာနေတာလား..."

"သည်မှာနေတာ များပါတယ်...သစ်တောဝန်ထမ်းဟောင်းကြီး ဆိုတော့ လခပေးပြီး ခေါ်ထားရတယ်...ကျွန်တော်တို့ အင်မတန် အားကိုးရသူပေါ့...ပြောထားပါတယ်...သည်လိုလုပ်ရအောင်လေ... စာရင်းကိစ္စတွေ နေ့ဘက်မှာ အေးအေးဆေးဆေးလုပ်ပါ...ညဘက် မှာ စားရင်းသောက်ရင်း တွေ့ကြတာပေါ့"

"ကောင်းပါတယ်ရှင်...သည်မှာကျတော့ ဘယ်သူက ချက်ပြုတ်ကျွေး သလဲ..."

"မောင်လှမြင့် ချက်တာများတယ်...ကနေ့တော့ မင်္ဂေးလက်ရာပေါ့... ယုန်ကင်နှစ်ကောင်ရှိတယ်...ငါးသေတ္တာနဲ့ ငါးခြောက်တွေရှိတယ်... ဘဲဥ၊ ကြက်ဥ၊ အာလူးတွေလည်းရှိတယ်...ဟင်းသီးဟင်းရွက် ကတော့ ကြိုက်တာ ခူးချက်ပေတော့..."

ကိုမင်းအောင်မြင့် စီစဉ်ထားသော အဆောက်အဦကလေးထဲမှာစဲ စာရင်းတွေ စစ်ရသည်။ လုပ်ငန်းသုံးစက်ပစ္စည်းတွေ၊ ဝန်ထမ်းအင်အားထွေး ကုန်ပစ္စည်း လက်ကျန်တွေကိုတော့ သစ်စခန်းဘက်တွင် ကိုယ်တိုင်သွားရမည် ဖြစ်သည်။ ခင်စောမူက ပါလာသည့် ပစ္စည်းအနည်းအကျဉ်းကို နေရာချပြီး သည်နှင့် အဆောက်အဦပတ်လည် လျှောက်ကြည့်သည်။ ကိုမင်းအောင်မြင့် တို့ရုံးက တော်တော်လှမ်းသား။ မင်္ဂေးကတော့ ချက်ချင်းပင် ချက်ဖို့ပြုတ်ဖို့ ပြင်သည်။ မင်္ဂေးကို ကူညီရန် မောင်လှမြင့်ပါ တွဲပေးထားသဖြင့် ခင်စောမူ ကုစရာမလိုတော့။ အေးလိုက်သည့်နေရာ။ သစ်အုပ်မြို့ကြီးထဲ ရောက်နေတော့ အံ့.အံ့.မှိုင်းမှိုင်း၊ ထိုင်းထိုင်းစိုစို။ စာအုပ်တွေ တစ်ပွေ့ကြီး ယူလာပြီး ဖတ်နေ ဖို့သာ ကောင်းတော့သည်။ အဆောက်အဦ တစ်ပတ်လည်အောင် လျှောက် ကြည့်ပြီး ခင်စောမူ ပြန်လာခဲ့သည်။ ခင်စောမူအတွက် စားပွဲတစ်လုံးနှင့် ထိုးလားထိုင်ပါ ချပေးထားသဖြင့် အလုပ်လုပ်ရန် စိတ်ကူးရပြီ။

"မောင်လှမြင့်...သည်အဆောက်အဦက နဂိုက ဘာသုံးတာလဲ"

"ဧည့်ဆောင်ပါပဲ...ဧည့်သည်က မလာတာများပါတယ်...လာရင် သုံးရအောင်ပေါ့ အစ်မရယ်...ဆရာမိတ်ဆွေတွေတော့ တစ်နှစ်တစ်ခါ လောက် လာနေတတ်ကြတယ်...အားရအောင်နေပြီး ပြန်ကြတာပဲ... တစ်ခါတလေ ရန်ကုန်ရုံးက မန်နေဂျာတွေ လာတယ်...ဒါပါပဲ"

နံရံမှာ စာအုပ်စင်ကလေး ရှိက်ထားသဖြင့် ခင်စောမူ သွားကြည့် သည်။ ဘာသာရေးစာအုပ်အချို့နှင့် အင်္ဂလိပ်စာအုပ်တွေကို စီစီရီရီ တင်ထား သည်။ အမြဲတမ်း ထားတာတော့ ဟုတ်ပုံမရ။ ခင်စောမူ ရောက်သခိုက် ဖတ်ရ အောင် စီစဉ်ထားခြင်းဖြစ်မည်။ အင်္ဂလိပ်စာအုပ်တွေကို ယူဖတ်ကြည့်တော့ ခင်စောမူ မတိုးနိုင်။ အလေ့အကျင့်မရှိတော့ အသာပြန်တင်ထားလိုက်ရတော့ သည်။ ပိတ်ခန်းဆီးစကို ဆွဲကာရင်း ခုတင်ပေါ် ခင်စောမူ ခါးဆန့်လိုက်သည်။ သစ်ပင်တွေဆီက ငှက်မြည်သံကလေးတွေ ကြားနေရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ညနေ နေဝင်ပြီဆိုကတည်းက ဘကြီးဒိုးလုံးတစ်ယောက် ကိုမင်းအောင်မြင့်တို့ ရုံးခန်းကို ရောက်နှင့်လေပြီ။ ညနေစာကို ကျယ်ကျယ်ဝန်းဝန်းရှိသော ကိုမင်းအောင်မြင့် ရုံးခန်းမှာပဲ စားပွဲနှစ်လုံးဆက်ပြီး စီစဉ်ထားခြင်းဖြစ်၏။ အစီမ်းရောင် စားပွဲခင်းများ ခင်းထားကာ စားပွဲပေါ်တွင် မန္ဒေးလက်ရာ ဟင်းတွေ တည်ခင်းထားပါ၏။ ဘကြီးဒိုးလုံးနှင့်အတူ စက်ကြီးမောင်း ကိုကျန်ပေါ်း ထောခေါင်း ကိုပါနောက်၊ သစ်စာရေး ကိုဘဆင် ဆိုသူတွေ ဖိတ်ထားခဲ့သဖြင့် ပျော်စရာပင် ကောင်းလှသည်။ ဘကြီးဒိုးလုံးက အသက်ကြီးလှပြီ။ ကိုကျန်ပေါ်း ကိုပါနောက်နှင့် ကိုဘဆင်တို့က ငါးဆယ်ကျော် မတိမ်းမယိမ်းတွေ။

"မခင်စောမူတို့ တည်းတဲ့နေရာက လူများများမဆန့်လို့ မန္ဒေး ချက်ပြီးသားဟင်းတွေ သည်ကိုသယ်ပြီး ပြင်လိုက်ရတယ်...သည် နေရာက ကျယ်လို့လေ...ကျွန်တော် လာသေးတယ်...မခင်စောမူ အိပ်နေတယ်ဆိုလို့ ပြန်လာခဲ့တာ...အိပ်ရေးဝရဲ့လား..."

"ဝပါ့ရှင်...မန္ဒေးတို့ ကိုလှမြင့်တို့ ချက်ကြတာတော့ သိလိုက်သား... ဟင်းတွေ သယ်တာတွေဘာတွေတော့ မသိလိုက်တော့ဘူး...နှစ်နှစ် ခြိုက်ခြိုက်ကို အိပ်ပျော်သွားတာ...စိတ်ထဲမှာ လုံခြုံတယ်လို့ ခံစားရ လို့နဲ့တူပါရဲ့ ကိုမင်းအောင်မြင့်ရယ်...ပြောသာပြောတာ ဒေါ်ခင်မေသို့ အိမ်မှာက ကျွန်မစိတ်ထဲ နိုးနေရသလိုပဲ...ကျောမလုံတာမျိုးပေါ့"

"ဘကြီးဒိုးလုံးနဲ့ တွေ့စေချင်တာ...ခုတော့ တွေ့ခွင့်ရပါပြီ...ဘကြီး က သည်နေရာမှာ ဘန်ဂလိုတွေရှိကတည်းက မိခဲ့တဲ့ပုဂ္ဂိုလ် မခင်စောမူ ရဲ့...ကျွန်တော်တို့ကို ရှေးဟောင်းနောင်းဖြစ်တွေ ပြောပြောပြတယ်... ထူးထူးဆန်းဆန်းတွေလည်း ပါရဲ့...သိချင်တာရှိရင် မေးလေ..."

ဘကြီးဒိုးလုံးက အသက်ကြီးလှပြီဆိုသော်လည်း မာမာချာချာတော့ ရှိသည်။ သွားတွေ မရှိတော့။ ဖျင်ကြမ်းအင်္ကျီထဲမှာ ဖက်ကြမ်းဆောလိပ်နှစ်လိပ် ထောင်ထည့်ထားကာ မီးခတ်ကိုတော့ လက်တွင်းဆုတ်ထားသည်။ ကတုံးဆံပင် ပါးပါးက ဖြူဖွေးနေပါ၏။ ထမင်းစားကြပြီးတော့ သူ့ဆောလိပ်ကို မီးညှိသည်။

ဘာမှတော့ မပြော။ ခင်စောမူအမေးကို စောင့်နေတာပဲလား။ ခင်စောမူက ဘာစမေးရမှန်းမသိတော့ စကားခင်းပေးရတော့သည်။

"ဘကြီးဒိုးလုံး အတွေ့အကြုံတွေ မေးချင်တာပါရှင်...သည်နှစ်ပေး သည်သစ်တောကြီးထဲမှာ ကြီးရသူဆိုတော့ အတွေ့အကြုံတွေ အများ ကြီးနေမှာ...အဲဒါတွေကို ကြားချင်တာပါ...ကျွန်မမေးချင်တာတွေ လည်း နောက်တော့ မေးပါရစေ"

ဘကြီးဒိုးလုံးက ဆေးလိပ်ကို ပြာခဲခွက်ထဲ ထိုးချေသည်။ ဘယ် စကားကို ဘယ်လိုစ,ပြောရမှန်း မသိသလို ကိုမင်းအောင်မြင့်ကို လှမ်းကြည့် သည်။ တစ်သက်လုံး သစ်တောထဲ ကြီးပြင်းရသူဆိုတော့ မြို့သူ ဧည့်သည်ကို စကားမှာမှာ စိုးပုံရပါ၏။ ကိုမင်းအောင်မြင့်က ဘကြီးတို့ မိဘများလက်ထက် က စပြီး သစ်တောအတွေ့အကြုံတွေ ပြောပေါ့လို့ ကြောင်းပေးတော့မှ ခင်စောမူ ဘက်ကို ပြန်လှည့်လေ၏။

"ကျုပ်တို့မျိုးရိုးက ဘယ်ဘဝက ရေစက်လဲ မပြောတတ်ပါဘူးဗျာ... အဘိုးရော, အဖေရော, ကျုပ်ရော သစ်တောထဲမှာ ဝံမကြောက် ကျားမကြောက် နေခဲ့ရတာနဲ့ ပြီးရတာပါ...ကျုပ်တို့အထက်ပိုင်းကို အင်္ဂလိပ်မင်းများ သိမ်းတော့ ဗမာလိုတော့ ထောင်နှစ်ရာလေးဆယ့်ခုနစ် ခုနှစ်ပေါ့...အဲသည်ကတည်းက စရာဝတီမြစ်ရိုး, ချင်းတွင်းမြစ်ရိုး, မူးမြစ်ရိုး စသည်အားဖြင့် မြစ်ရိုးတေး သစ်တောကြီးတွေ သူတို့ လက်အောက် ရောက်တာပေါ့...သည့်မတိုင်ခင်က ကျုပ်တို့ဘုရင် များက စာချုပ်နဲ့ဘာနဲ့ လုပ်ခဲ့တာရှိပေသိ အင်္ဂလိပ်မင်းများ ကိုင်ပြီး တဲ့နောက်ပိုင်း စနစ်တကျ လုပ်ခဲ့တာကိုးဗျ...အင်္ဂလိပ်က ကျွန်း လောက် ကြိုက်တာပါ...ကျုပ်တို့ သစ်တောတွေထဲမှာက သစ်ပေါင်း စုံလှကိုး...ကညင်, အင်, စန္ဒဝါ, သင်ကန်း, ထောက်ကြံ, ပိတောက်, နော, လယ်ဇ, ယမနေ, သင်္ဘ, သစ်ကတိုး, သစ်ခါး, အင်ကြင်း စသည်အားဖြင့် အဖိုးတန်သစ်တွေ များလိုက်သမှ...ပျဉ်းနား

www.burmeseclassic.com

www.burmeseclassic.com

သစ်တော၊ ရမည်းသင်းသစ်တောများဆိုရင် အလွန်နက်တဲ့ တောကြီးတွေပေါ့ဗျာ...အင်္ဂလိပ်က သစ်တောထွေ လက်ညှိုးထိုးပြီး အငှားချလိုက်တာ ဘာပြောကောင်းမတုံး...အင်္ဂလိပ်ကုမ္ပဏီတွေ အများကြီး ရောက်လာတာပဲ...အင်္ဂလိပ်က အငှားချတဲ့ ကုလားကုမ္ပဏီတွေ ကလည်း မနည်းဘူး...သူတို့က လုပ်တတ်ကိုင်တတ်တော့ အကျိုးကလည်း ရှိတာကိုး..."

ဘကြီးဒိုးလုံးက ပျဉ်းမနားနှင့် ရမည်းသင်းသစ်တောကချည်း ကြိုးပိုင်သုံးဆယ်လောက်ရှိသည်ဟု ဆိုပါ၏။ ဖခင်ဖြစ်သူ ဦးမှတ်ကို အထူးယုံကြည်ကြသည်ဖြစ်၍ မဲတော်သစ်တောမှာ တာဝန်ကျခဲ့သည်။ ကိုင်း၊ ကျောက်မဆင်း၊ ဖီးရိုင်း၊ ပလွေး၊ မဲတော၊ မင်းပြင်၊ ရုံးပင်၊ ရေနီ စသည့် သစ်တောကြိုးပိုင်းတွေဖြစ်သည်။ သစ်တောခြေမှာ သစ်တောရွာတွေ ရှိတတ်ရာ ထိုရွာကြီးတွေမှာ ဘကြီးဒိုးလုံးတို့ ကြိုးပြင်းခဲ့ရသည် ဆို၏။ ဗန်းမော်၊ ရွှေကူ၊ မိုးမိတ် သစ်တောကြိုးပိုင်းတွေကိုလည်း ရောက်ဖူးသည်။ ကညင်တော၊ ကရဆေးတော၊ ပျဉ်းမတော၊ မှန်သင်းတော၊ ရွားတော၊ သစ်ခါးတောများမှာ ပိန်းပိတ်အောင် ထူထပ်လှသည်။

"ကျုပ်တို့တုန်းက ကျွန်းဆိုရင် လုံးပတ် လေးတောင်ရှိရင် ပထမတန်းသတ်မှတ်တယ်..သူ့ထက် လုံးပတ်သေးတော့ ဒုတိယတန်း ခေါ်တယ်...ကျွန်း ပထမတန်း လေးပင်ရှိရင် တစ်ပင်ပဲ ခုတ်တာပါ...အသီးသီးနေတဲ့ အပင်ကို မခုတ်ရတာတို့၊ လောင်းကျတဲ့အပင်တွေ ရှင်းရတာတို့၊ ပင်သေပင်ခြောက် လဲရတာတို့ကို အဖေတို့က လုပ်ရတယ်...ကျုပ်တို့က ဓားထမ်း၊ လွှထမ်း၊ ငမန်းစွယ်ထမ်းတွေဗျာ...ဘယ်သစ်ပင် ဘာမှန်းသိတာ မဟုတ်ဘူး...အဖေက သင်ထားလို့ တတ်ရတာပါ...ဂျပန်တွေဝင်တော့ ကျုပ်တို့လုပ်ငန်း ခဏရပ်ထားရပြီ...ကျုပ်က အရွယ်ကောင်းပေါ့...ဒါနဲ့ ရွာပြန်ကြွသွားအဖတစ်တွေ တော်ရောလုပ်စားကြရတယ်...ပထမကမ္ဘာစစ်

အပြီးနဲ့ ဒုတိယကမ္ဘာစစ် မဖြစ်ခင်မှာ သည်ဘက် သည်တောတွေထဲ ရောက်ရပါပြီ...အဖေက အသက်ကြီးပြီဆိုတော့ ကျုပ်ဝင်ရပြီ...ကျုပ်တို့က ပညာမတတ်တော့ အဖေက ဒီဒူးခေါ်တာပါ...သူ့နည်းပေါ့လေ..."

"ဒါဆို ဘကြီးဒိုးလုံး သမုန်းကျင်းဘက်ရောက်တာ ကြာပြီပေါ့"

"ကြာပြီပေါ့...သည်ဘက်သစ်တောကြိုးပိုင်းတွေက ဆက်နေတာဆိုတော့ ဆင်ခလောက်သံ မကြားတဲ့နေရာ မရှိဘူး..နှသစ်တော အရာရှိအိမ်တွေ, ဘန်ဂလိုတွေ, တန်းလျားတွေ, ဆင်ဦးစီးတွေ နေတဲ့တောတွေဆိုတာ ရွာကြီးတစ်ရွာနဲ့တောင် တူသေးတာပါ...ခုမှ ခြောက်ခန်းသွားတာ...ဟိုတုန်းက ကုလားတွေဆိုတာ ညဘက် ဘုံတီးကြ ရန်ဖြစ်ကြ...ဘုရားရှိခိုးကြ ညှော် တိုက်ကြ...အိမ်ရာမှားကြလို့ သင်္ကြန်ရုတ်တရက်တွေ များလှပေါ့...ကျုပ်တို့ကပဲ ကြားထဲကနေ ရှင်းပေးရတယ်...ခုတ်ကြ ထစ်ကြတာလည်း ရှိတာပဲ"

သစ်တောညသည် ညလေတိုးသံဖြင့် တဝေါဝေါမြည်လျက်ရှိ၏။ ဦးမင်းအောင်မြင့် အခန်းထဲမှာတော့ နွေးနွေးထွေးထွေးရှိသည်။ မင်္ဂေးက ဆောင့်တစ်ထောင့်တွင် ငိုက်လျက်ရှိပါ၏။ သူ့ခမျာ တစ်နေ့လုံး လူဆယ်ယောက်လောက် ချက်ရပြုတ်ရတာဆိုတော့ ပင်ပန်းရော့မည်။ မင်္ဂေးလက်ရာကတော့ ဆယ်အချိန် ဘယ်နေရာဖြစ်ဖြစ် စားလို့ကောင်းလှပါ၏။

"ဆရာမနှယ်...တစ်ခါများဖြစ်တာ ပြောပါဦးမယ်...အချိန်က နေဝင်ချိန်ထက်တောင် နောက်ကျနေပါပြီ...သစ်တောထဲဆိုတော့ မှောင်ပြီပေါ့လေ...ကျုပ်တို့ကလည်း ထမင်းစားပြီး ဆေးလိပ်ကလေး ဖွာရင်း ရေနွေးကြမ်းတစ်အိုးနဲ့ ကိုယ့်တန်းလျားထဲကိုယ် နေကြတာပေါ့...ကျုပ်က အိမ်ထောင်ကျပါပြီ...ဒါပေတဲ့ ရွာမှာပဲ ထားခဲ့လို့ တောထဲမှာ တစ်ယောက်တည်း လာနေရတယ် ပြောပါတော့...ကုလားမတစ်ယောက်က သူတို့တန်းလျားထဲကနေ ငယ်သံပါကြွေး

www.burmeseclassic.com

www.burmeseclassic.com

အော်ရင်း မြေးထွက်လာတော့ ကျူပ်တို့လည်း မြေးထွက်ပြီး ဆော
တာပေါ့...ကုလားမက ချွေးစေးတွေများ ပြန်လို့...သူ့ယောကျ်ား
လည်း မရောက်သေးဘူး...ကျူပ်တို့ကလည်း ကုလားစကား မတတ်
တော့ တတ်တဲ့ကောင် ခေါ်မေးရတာပေါ့...သူ့အိပ်ရာထဲမှာ မြွေ
နေလို့တဲ့...ဒါနဲ့ ကျူပ်တို့လည်း ဓာတ်မီးတွေနဲ့ ဝင်ကြည့်ကြတော့
ဟုတ်ပါ့ဗျာ...မြွေဟောက်ကြီး...အိပ်ရာပေါ်မှာ ခွေနေရာက လူ
လူရိပ်မှန်းသိတော့ ပါးပျဉ်းကြီး ထခွက်ပါရော...ကျူပ်တို့အထဲ
တစ်ယောက်က တစ်လံလောက်ရှည်တဲ့တုတ်နဲ့ ဝင်ရိုက်မယ် လု
ကရော...မြွေက ရွေ့တောင်မရွေ့ဘူး...တစ်ယောက်က ပေါက်ခြ
ကိုခေါ်တဲ့...သည်ကောင်က မြွေနိုင်တယ်တဲ့...ပေါက်ခြမ်း ဆို
ကလည်း ကုလားပဲ...ကုလားနာမည်တော့ ဘယ့်နှယ်ခေါ်တယ်ရ
မသိဘူး...စခန်းထဲက လူတွေက ပေါက်ခြမ်းခေါ်ကြတယ်
ပေါက်ခြမ်းက ကျူပ်တို့နဲ့ ဝေးဝေးက တန်းလျားမှာ နေတာဆို
ကျူပ်ကပဲ သွားခေါ်ချေပါ့လေ...ပေါက်ခြမ်း ရောက်လာ
သည်ကောင်က မူးနေပြီ...ဗမာလို နည်းနည်းတတ်တယ်...
လုပ်နိုင်လားဆိုတော့ လုပ်နိုင်တယ်တဲ့...လုပ်ကွာဆိုတော့ ဝါး
တစ်လုံး တောင်းတယ်...ရှာပေးကြရတာပေါ့...ပေါက်ခြမ်း
ဝါးခြင်းတောင်းကို မြွေရှေ့ သွားချပြီး အဲသည်ရှေ့မှာ တင်
ခွေထိုင်တယ်...လူတွေဆိုတာ ဘယ်နည်းမှာတုံး...ပေါက်ခြမ်း
ပါးစပ်က ရွတ်ဖတ်ပြီး လက်ဖဝါးနှစ်ဖက် ပွတ်နေတာပဲ...မြွေ
ပါးပျဉ်းမချာဘူး...ခဏနေတော့ မြွေက ပါးပျဉ်းရုတ်ပြီး ခုတင်ပေါ်
လျှောဆင်းလာတယ်...ခုတင်တိုင်က ဆင်းလာတာမျိုး...ပြီးတော့
ခြင်းတောင်းထဲ ဝင်ရော...ခြင်းတောင်းက အဖုံးမပါဘူး...ပေါက်ခြ
က ထိုင်ရာက ထပြီး သွားငုံ့ကြည့်တယ်...ခြင်းတောင်းကို ကောက်
မ,ပြီး ခေါင်းပေါ်ရွက်တော့တာပဲ...တောတစ်နေရာမှာ သွားလွှ

မှာတဲ့...ကုလားတွေထဲမှာ အဲသလိုလူတွေလည်း ပါတယ်... ကျူပ်
တို့ကိုယ်တွေ့ဆိုတော့ ယုံရသားဗျာ...မြွေက တောကြီးမြွေဟောက်
တဲ့ဗျ...အင်မတန် အဆိပ်ပြင်းတာကိုးဗျ...”

ဘကြီးဦးလုံးက မောသွားပုံဖြင့် စကားဖြတ်လိုက်ပြီး ရေနွေးကြမ်း
သောက်နေခဲ့သည်။ သစ်စာရေးဟောင်း ကိုဘဆင်ဆိုသူ ပြောပြသည့် တောတွင်း
အဖြစ်အပျက်ကလည်း စိတ်ဝင်စားစရာ ကောင်းလှပါ၏။ ကိုဘဆင်တို့ဟာ
ကိုပါနောက်တို့၊ ကိုကျန်ပေါတို့ကဲ့သို့ အသက်ငါးဆယ်ကျော်တွေလောက် ရှိဦး
မည်ဖြစ်သော်လည်း တောထဲမှာ နှစ်ပေါင်းသုံးဆယ်ကျော်၊ လေးဆယ် နေခဲ့
ကြသူတွေ။ ကိုကျန်ပေါဆိုလျှင် တောတွင်းသစ်လုံးသယ် စက်ကြီးတွေကို
ဆယ်နှစ်သားကတည်းက မောင်းတတ်ခဲ့သည်ဟု ပြောပြသည်။

“ဘယ်ဗျာ ဆရာမနှယ်...မနက်မိုးလင်းတာနဲ့ သစ်ပင် စမြင်ရတာ
ပဲ...တစ်ခါတလေ မြို့ရောက်ရင် မနေတတ်ပေါင့်ဗျာ...တောထဲက
မျောက် လူထူထူထဲ လွှတ်ထားသလို ဖြစ်နေတာ...ကျူပ်တို့က
တောထဲ နေသားကျနေတာကိုး...ဘိုးတော်ပြောတဲ့ မြွေဆရာလိုပဲ
ကျူပ်တို့ တစ်ခါဖြစ်ခဲ့တာကျတော့ နတ်နိုင်တဲ့ဂမုန်းရှာတဲ့ လူ
တစ်ယောက် ကျူပ်တို့ အလုပ်သမားခေါ်တော့ ပါလာခဲ့တယ်...
သူက သစ်အလုပ်လုပ်ရင်း ဂမုန်းရှာတာကိုးဗျ...သည်တောကြီးထဲ
မှာ နတ်နိုင်ဂမုန်းပင်တွေကလည်း သူပြောသလောက်တော့ အင်မတန်
များသတဲ့...လူက ခပ်သွက်သွက်နဲ့ မျက်နှာမှာ ညှင်းပြောက်တွေ
ဆိုတာ ပြည့်လို့...ကျူပ်တို့က သူ့ကို ကိုဂမုန်း ခေါ်ကြတာ...လူက
ဂမုန်းပင်နဲ့ တူတာကိုး...”

“ဘယ်လိုနတ်နိုင်ဂမုန်းလဲ ဦးဘဆင်ရဲ့...ဂမုန်းပင်တွေ တူးရောင်း
တာလား...”

“ဒါနေမှာပေါ့...သူက အပင်တွေ့ရင် တစ်ပင်လုံးနတ်ပြီး အခြေခံ
ခံထားတာ...သူ့မှာ ဂမုန်းပင်ခြောက်တွေ အများကြီးပဲ...ဟာတွေ

www.burmeseclassic.com

www.burmeseclassic.com

ရေးပြီး သူ့သဲသေတ္တာထဲ ထည့်ထားတာဗျ...ကိုယ့်ဝါသနာနဲ့ကို ပေါ့ဗျာ...မေးကြည့်ဖူးလို့ သိရတာတော့ ဂမုန်းဖြူက စလေမီဗူ... နတ်ကို နိုင်သတဲ့...ဂမုန်းနက်က တောင်အူမင်းကြီးနတ်ကို ... သတဲ့...ဂမုန်းရစ်က ထီးဖြူဆောင်းနတ်ကို နိုင်သတဲ့...ဂမုန်းကို... က မင်းကျော်စွာနတ်ကို နိုင်သတဲ့...ဂမုန်းပြောက်က တောင်... နတ်ကို နိုင်သတဲ့...ဂမုန်းပြာသာဒ်က ရှင်မင်းခေါင်နတ်ကို နိုင်သတဲ့ ဂမုန်းရန်လွတ်က တောင်တော်ရှင်မနတ်ကို နိုင်သတဲ့...ဂမုန်းနာ... က အနောက်မိဖုရားနတ်ကို နိုင်သတဲ့...ဂမုန်းနာဂနိုက အောင်... မကြီးနတ်ကို နိုင်သတဲ့...စသည်ဖြင့်ပေါ့ ဆရာမရဲ့...ကျုပ်... သလောက် ဂမုန်းပင်မေါင်း ငါးဆယ်လောက် ရှာထားပြီးပြီ...ကျ... စုံရင် အလုပ်က ထွက်တော့မှာတဲ့...ဒါနဲ့ ကျုပ်က မေးတယ်... ဂမုန်းပင်ခြောက်တွေ ရထားတာနဲ့ ဘာလုပ်စားလို့ ရမှာတုံးဆိုတော့ နတ်တိုက် စုန်းတိုက်တွေ ကုစားရုံပေါ့ဗျာတဲ့...ဒါနဲ့ ကျုပ်က ဟကောင်ရ...နတ်တိုက် စုန်းတိုက်က ရှိဦးမှကိုးကွ ဆိုတော့ သည်ကောင်က ရယ်တယ်...ဆရာ မနက်အိပ်ရာက ထရင် ... တစ်ခြမ်းမကိုက်ဘူးလားတဲ့...တစ်ခါ တစ်ခါ ခေါင်းမထူနိုင်... မဟုတ်လားဆိုတော့ ကျုပ်က ဟုတ်နေတာကိုးဗျ..."

"ပြောပါဦး ဦးဘဆင်ရယ်...စိတ်ဝင်စားစရာ ကောင်းလိုက်တာ" စောစောက ငိုက်နေသည့် မဌေးပင် မျက်လုံးပြူးကာ ... လာခဲ့သည်။ ကိုမင်းအောင်မြင့်က မောင်လှမြင့်ကို လှမ်းကြည့်တော့ ... တစ်ခွက်စီ လိုက်ငဲ့ထည့်ပေးသည်။ ညသည် မိုးချုပ်လေ အေးစက်လာလေ ခင်စောမူက အနွေးထည် ပြန်ယူချုပ်သော်လည်း သွားယူနေလျှင် ကြာ... စကားဝိုင်းဖျက်ရမည်။ ကိုမင်းအောင်မြင့်က ရိပ်မိပုံပေါ်ပါ၏။ တဘက်... တစ်ထည် လာပေးသည်။ ခင်စောမူက ကျေးဇူးတင်ကြောင်း ပြုံးပြလိုက်သည်... ကိုဘဆင်က ဆေးလိပ်ကို မီးညှိကာ တစ်ဖွာနှစ်ဖွာ ဖွာ၏။

"သည်တော့ သူက ဆရာ့ရိုးရာနတ်က ဘာနတ်တုံးတဲ့...ကျုပ်က ဧဝေဧဝါရယ်...ကျုပ် ဆယ်နှစ်သားလောက်က အမေတို့ ပြောကြ... ဆိုကြသံ နားထဲကြားဖူးတာ ရှိတာလေ...အဲသည်အချိန်က ... မိဘူး...တောထဲ တောင်ထဲရောက်နေတဲ့လူ ရိုးရာတွေဘာတွေ ဘာရှိမှာတုံး...သည်လိုနေလိုက်တာကိုးဗျ...ဒါနဲ့ သူက ဘာလုပ်တုံး ဆိုတော့ သူ့ရှိတဲ့ ဂမုန်းပင်ခြောက် အပင်ငါးဆယ်လောက်ကို တစ်ပင်စီ ကိုင်ကြည့်ခိုင်းတယ်...ဂမုန်းလိပ်လာပင်ကိုလည်း ကိုင်လိုက်ရော ကျုပ်ဆိုတာ တုန်သွားတာဗျို့...ဘုရားစူးရပါစေ...ဒုန်းဆို လူတစ်ယောက်က ဆောင့်တွန်းလိုက်သလိုပဲ...ကျုပ်က အဲသလိုဖြစ်တယ်ဆိုတော့ သူက ဆရာ ငါးစီးရှင်နတ် ရိုးရာပျောက်နေတာတဲ့... သူပဲ လိုတာဝယ်ခြမ်းပြီး လုပ်ပေးတာ...ခေါင်းတစ်ခြမ်းကိုက် မရှိတော့ဘူး...ကိုယ်တွေ့ပေါ့ဗျာ...ထူးဆန်းတာ..."

ကိုမင်းအောင်မြင့်က ဝင်မေးပြန်၏။

"ဂမုန်းပင်ခြောက် ကိုင်တာနဲ့ ထူးခြားရောလား ဦးဘဆင်ရဲ့...မသိလို့ မေးတာပါ...တခြား ဘာမှမလုပ်ရဘူးလား..."

"ကျုပ်ကလည်း မေးတယ်...သူက လုပ်ရတယ်တဲ့...ဟိုနိုတယ် ဆိုတာက ဂမုန်းကြောင့်တဲ့...အစီအရင်နဲ့ ဆိုရင် ပစ်တောင်လဲတယ် ဆိုတာကိုး ဆရာရဲ့...ဆေးဒန်းတို့ ဘာတို့ကို ရွေးဆိုင်းနဲ့ ရောပြီး ကြိတ်...ဆေးတောင့်ရတော့ အဲသည်ဆေးတောင့်နဲ့ ထိုးရင် စုန်းဖမ်း နတ်ဖမ်း ကျေတယ်ပြောတာ မှတ်မိတယ်...ကြာပြီကော ဆရာမရယ်...ထူးဆန်းတာတွေ ပြောရရင် မကုန်နိုင်ပါဘူး"

ခင်စောမူက မကုန်နိုင်ဘူးဆိုသော ထူးဆန်းတာတွေကို မအိပ်ရလျှင် နေရစေတော့ နားထောင်ချင်နေမိပါ၏။ သည်ကနေ့ ဆိုလျှင် စာရင်းမစစ်နိုင်။ နေ့ခင်းရောက်ပြီးကတည်းက အိပ်လိုက်တာ ညနေမှ နိုးထော့သည်။ မနက်ဖြန်... တော့ စခန်းတွင်း စစ်ဆေးစရာတွေ စစ်ရမည်။ ညဘက်ကျမှ စားဆိုင်...

www.burmeseclassic.com

www.burmeseclassic.com

ပြန်ဖွဲ့ရမည်။ မစောညွန့်အကြောင်း မရောက်သေး။ သူတို့အားလုံးကို မေးလျှင် တစ်စုံတစ်ရာတော့ သိကောင်းစရာ ရှိနိုင်ပါ၏။ အခုတော့ ရောက်တတ်ရာရာ ပြောနေကြတာ ကိုယ်က စိတ်ဝင်စားစရာ ကောင်းလှသည်။ ခင်ဗောမူ မကြားဖူးတဲ့ဘဝတွေဆိုတော့ အံ့သြရသည်။

တောခေါင်း ကိုပါနောက်ကတော့ ဝဝဖိုင့်ဖိုင့်ကြီးဖြစ်၏။ မျက်ခွံကြီးတွေ ပိတ်နေကာ ပါးစုံကြီးတွေကလည်း ဖူးထွက်နေသူဖြစ်သည်။ အသားမည်းမည်း၊ နှုတ်ခမ်းစူစူဆိုတော့ သူငယ်တော်ရုပ်နှင့်ပင် တူတော့သည်။ တင်ထိုကြီးက ကုလားထိုင်နှင့် မဆံ့တော့ ဘေးကို လျှံထွက်နေသည်။ တောထဲမှာ ဘာတွေများစားပြီး ထွားနေတာပါလိမ့်။ ကိုပါနောက် ဖခင်က ရှေးခေတ် သစ်တောတွင်း တောခေါင်းကြီးဟု ဆိုသည်။ သူက တောခေါင်း မဟုတ်သို့သော် တောခေါင်း ခေါ်ကြရာက တွင်လာသူဟု ဆိုပါ၏။

"ကျုပ်တို့ သည်သစ်တောကြီးထဲမှာ နတ်ရဲသစ်ပင် ရှိတယ်...ကျုပ် လိုက်ပြချင်ပေသိ နီးနီးနားနားမဟုတ်လို့ ပြမဖြစ်ဘူး...သည်ကို ဆရာမရဲ့..."

ကိုပါနောက်က စကားချီပြန်လေ၏။ သည်တောကြီးထဲမှာ နတ်သစ်ပင်ကြီး ရှိသည်ဆိုရာက ခိုက်တတ်သောသစ်ပင်၊ ဖမ်းစားတတ်သောသစ်ပင်၊ မူးမော်စေတတ်သောသစ်ပင်၊ ပျို့အန်စေတတ်သောသစ်ပင်၊ နတ်ကိုင်, ရက္ခာကိုင်တတ်သောသစ်ပင် စသည်ဖြင့် တစ်ပင်စီအကြောင်း ပြောပြခဲ့သည်။ ကိုပါနောက် ပြောချင်သည့် နတ်ရဲသစ်ပင်က ထိန်ပင်ကြီးဖြစ်သည် ဆိုကာ ထိန်ပင်တွင် ရက္ခာစိုးရှိသည် ဆိုကြရာက ထိန်ပင်နှင့် အနီးတစ်ဝိုက် မသွားရဲကြောင်း ရှောင်ကြသည် ဆိုလေသည်။ ကိုပါနောက်ကို ဖခင်၏ရာထူးဖြစ်သော တောခေါင်းကြီး ခေါ်ကြရာက တောခေါင်းကြီး တွင်လာသူဖြစ်ရာ ငယ်ငယ်ရွယ်ရွယ်နှင့် သွေးကြွခဲ့ရာက အသောက်အစားကလေး ဖက်လာခဲ့သည်။

"ကျုပ်က လူကငယ်ငယ်...လူတွေက ကျုပ်ကို တောခေါင်းကြီး ခေါ်ကြတော့ ကျုပ်အဖေရာထူးကို ကျုပ်ရာထူးထင်တာကိုးခင်ဗျ...

ငယ်ငယ်က မိုက်ခဲ့တာတွေပေါ့လေ...တောထဲ တောင်ထဲ သွားတာလည်းမဖြစ်တော့ အရက်က မိုးမလင်းသူး...ဘယ်သူ့မှလည်း လူမထင်ဘူးပေါ့လေ...ခုပြန်တွေးကြည့်တော့ ရှက်စရာလည်း ကောင်းပါရဲ့...ဒါနဲ့ နတ်ရဲသစ်ပင်အကြောင်း ပြောပါဦးမယ်...ကျုပ်က သစ်တောဌာနမှာ တောက်တိုမယ်ရပါ...ပင်ပင်ပန်းပန်းတော့ မလုပ်ရဘူး...အဖေ့အရိပ်နဲ့ သည်လိုနေခဲ့တာ...တစ်ရက်တော့ ကိုမှတ်ကြီး ဆိုတဲ့လူက ပီယနတ်ရဲတိုက်နည်း စွမ်းလှတယ်ဆိုလို့ ကျုပ်က အရက်တိုက်ပြီး သူ့ပညာမေးတော့ အဟုတ်ကိုးဗျ...သူ့နည်းက ခေါစာပစ်တဲ့ ခေါပတောင်းမှာ ထမင်းနဲ့ အကြော်အလှော်ထည့်ပြီး ငွေငါးမတ် အပေါ်က တင်ရတယ်...နတ်ရဲထိန်ပင်ရောက်တော့ ခေါပတောင်းချပြီး ငွေငါးမတ်ကို ခေါပတောင်းအောက် မြှုပ်ရပြန်တယ်...ပြီးရင် သစ်ပင်ကို ခြေနဲ့ကန်ပြီး ခေါ်ရတာပါ...ဂါထာတော့ ရှိပါရဲ့...ရွတ်မပြတော့ပါဘူး...ခုနစ်အုပ်မန်းပြီး နတ်မြတ်ရက္ခစိုးကို ခိုကိုးပါတယ်လို့လည်း ပြောရတယ်...ပြီးရင် ကိုယ်ချစ်တဲ့မိန်းကလေး အိမ်ကိုသွားရင် မိန်းကလေးက ငိုပြီး လိုက်တာကိုးဗျ...နောင် ကျုပ်စုံစမ်းတော့ ဟုတ်သဗျ..."

"ဟုတ်ကောဟုတ်ရဲ့လား ဦးပါနောက်ရဲ့...စမ်းကြည့်ခဲ့ဖူးလို့လား"

"ဦးပါနောက်ရဲ့ တကယ်လားဗျာ...ကျွန်တော်တောင် ဆေးနည်းလိုချင်သေးတယ်"

ခင်ဗောမူက တအံ့တသြမေးသည်။ ကိုမင်းအောင်မြင့်က နောက်သည်။ ကိုပါနောက်က သူ့ခန္ဓာကိုယ်ကြီး ကျိုခနဲမြည်အောင်ရွှေ့ရင်း မျက်ခွံပိတ်ကြီးနှင့် အားလုံးကို လိုက်ကြည့်သည်။

"ဟုတ်လို့ပေါ့ဗျာ...ကျုပ်က အရက်တိုက်တော့ သည်ကောင်ထမူးမူးနဲ့ ဖော်တော့တာပဲ...အလုပ်သမားတန်းလျားက ဘယ်ယူထားခဲ့ဘယ်မိန်းမတော့ သူ အဲသလိုခေါတာ များလှပေါ့တဲ့...သည်ကောင်

www.burmeseclassic.com

www.burmeseclassic.com

ပြောတဲ့အထဲမှာ ကာမဝိုင်တွေရော အပျိုအရွယ်တွေပါ ပါနေတာ ကြားပြီး ကျုပ်က မင်း ဒါတော့ မလုပ်နဲ့...မင်း တကယ်မေတ္တာရှိတာကိုလုပ်...စည်းမဖောက်နဲ့ဆိုတော့ သည်ကောင်က ခင်ဗျားလည်း ကြိုက်ရင် လုပ်လေဗျာတဲ့...သည်တော့ ကျုပ်က ဒေါသကလည်း ဖြစ်နေတော့ မကြာညိုကို ကြိုက်သကွာ...ငါဆီ ငိုပြီး လာရင် အရက်တိုက်မယ်လို့ ပြောလိုက်တယ်...မကြာညိုက သူ့အစ်မ အပျိုကြီးကိုးဗျ...ကျုပ်က တမင်ပြောလိုက်တာပါ...သည်မှာတင် သည်ကောင်က တုတ်လှမ်းဆွဲတော့တာပဲဗျာ...ကျုပ်က ဦးပြီးသား ဆရာမရဲ့...ဖွက်ယူလာတဲ့တုတ်နဲ့ ကောက်ရိုက်ပစ်လိုက်တယ်...သွေးအလူးလူးပေါ့ဗျာ...သည်ကောင်က ကျုပ်ကို ကြိမ်းရောဗျို့...ခင်ဗျားကို ထိန်ပင်စောင့်နတ်နဲ့ တိုက်မယ်တဲ့...ကျုပ်က ကြည့်ကြ သေးတာပေါ့လို့ပဲ ပြောခဲ့တယ်"

"သူက တကယ်လုပ်သလား...သည်ပညာတွေက တကယ်ကောရှိရဲ့လား ဦးပါနောက်ရဲ့..."

ခင်စောမူက မေးတော့ ကိုပါနောက်က ဆေးလိပ်ကို မီးညှိပြန်၏။

"ရှိပါသော်ကော ဆရာမရဲ့...ကျုပ်က ရိုက်ပစ်ခဲ့တော့ သူ့အထက်က ကုလား ကျားနီဆိုတာက မကျေနပ်ဘူး...သည်ကုလားကလည်း ပညာတတ်တဲ့ မှတ်ကြီးနဲ့ ပေါင်းပြီး မိကောင်းဖခင် သားသမီးတွေကို ဖျက်ဆီးနေတဲ့ကောင်...ကုလားကျားနီက အဖေကို လာတိုင်တယ်...အထက်ရုံးကို လူရိုက်မှုနဲ့ တိုင်မယ်တဲ့...အဖေက မင်းနဲ့မှတ်ကြီးကို ငါကလည်း တိုင်မှာပေါ့ကွဆိုတော့ ရိုက်မှုကတော့ ပြီးပါရဲ့..."

"ပြောပါဦး..."

"ကုလားကျားနီရော မှတ်ကြီးရော တစ်ရက်တော့ ထိန်ပင်အောက်မှာပဲ သေနေကြတာ တွေ့ကြရတယ်...သည်အရင်နှစ်ရက်လောက်က နှစ်ယောက်စလုံး ရူးသွပ်သွပ် ဖြစ်သွားကြတာဗျို့...မှတ်ကြီးက

ထိန်ပင်အောက် သေတာ...ကုလားကျားနီကတော့ ထိန်ပင်အောက် ချောက်ထဲ ကျသေတာလေ...တစ်ရက်တည်း နှစ်လောင်းပြိုင်သဗျ...အမှန်ကတော့ သည်ပညာက သစ္စာရှိရတယ်...ကြိုက်ရင် တကယ်ယူရတယ်...သစ္စာရှိရှိလည်း ပေါင်းရတယ် ဆိုတာကိုး...ရက်စိုးက လုပ်တယ်လို့ ပြောကြတာပဲ...၊ တချို့ကတော့ ဖျက်ဆီးခံရတဲ့ မိန်းကလေးများရဲ့ မိဘလင်သားတွေက လုပ်တယ်လည်း ပြောကြတယ်...နှစ်ယောက်စလုံးမှာ လည်ပင်းညှစ်ခံထားရတဲ့ ဒဏ်ရာတွေတွေ့ရလို့ခင်ဗျ"

"ကြားရတာနဲ့တင် ကြက်သီးထစရာပါလားရှင်...မဌေးရေ...ညတော့ သည်ရုံးခန်းမှာပဲ အိပ်ကြရင်ကောင်းမယ်နော်...ကျွန်မတို့နှစ်ယောက်တည်းတော့ မဖြစ်ဘူး"

"နှစ်တွေ ကြာပါပြီဗျာ...သည်ပညာလည်း ကောင်းကောင်းတတ်တဲ့သူ မရှိတော့ပါဘူး...ဘကြီးဦးလုံးတို့ သည်ကိစ္စတွေ မီသားပဲ...နှစ်ယောက်စလုံး မကျွတ်ကြသေးဘူး...ထိန်ပင်မှာ တွေ့သူတွေက တွေ့တယ်ပြောကြတယ်...ကျုပ်က တွေ့ချင်လို့ကို တောလှည့်ကြ ပြန်ရင် ထိန်ပင်အောက် တရေးတမော အိပ်သေးတာပါ...မတွေ့မီ သေးပေါင်ဗျာ"

ခင်စောမူက စိတ်အားထက်သန်စွာ ပြောနေကြသူတွေကို ကြည့်ရင်း သည်လို တောကြီးတောင်ကြီးထဲမှာ ဘဝကို မြှုပ်နှံရင်း အတွေ့အကြုံအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရပြီး ထုသားပေသား ကျနေကြသူတွေပါလားလို့ မြင်နေမိပါ၏။ သူတို့ပြောပြသည့်အထဲမှာ မုသားစကား မပါလောက်သော်လည်း အားလုံးအမှန်တွေချည်းလို့တော့ ခင်စောမူ လက်ခံမထားပါ။ တချို့အဖြစ်တွေက အလွန်အကျွံတွေ ဖြစ်နေသည်။ တချို့အဖြစ်တွေက စိတ်ကူးယဉ်ဆန်သလိုလို၊ မည်သို့ပင်ဖြစ်စေ တောကြီးတောင်ကြီးထဲမှာ လူထူးလူဆန်း၊ အဖြစ်ဆန်း အဖြစ်ဆန်းတွေ ကြုံတွေ့ခဲ့ကြရသူတွေဆိုတာကတော့ အမှန်ပင်။ ဒါတို့က

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် စကားဆန်းထွင် ပြောမှာလဲ။ သည်စကားဝိုင်းက အထူးအဆန်း ပြုင်ပွဲလည်း မဟုတ်။ တစ်ယောက်ကိုတစ်ယောက် နှိုင်ချင်လို့ ပြောနေကြတာ လည်းမဟုတ်။ သူတို့ဘဝမှာ အမှတ်ထင်ထင် ရှိခဲ့ရတာတွေကို ရှေးဟောင်း နောင်းဖြစ်သဘော ပြောပြကြခြင်းသာ ဖြစ်သည်။ ခင်စောမူက ကိုကျန်ပေါ်ထို လှမ်းကြည့်သည်။ သူကကော၊ ဘာအတွေ့အကြုံတွေ ရှိခဲ့ပါလိမ့်။ လက်ငါး ချောင်းစုကာ အကြမ်းပန်းကန်ကို ထည့်ကိုင်ရင်း တရွတ်ရွတ်သောက်လျက်ရှိ၏။ လက်က စားပွဲပေါ် ထောက်ထားသဖြင့် လက်မောင်းပေါ်က လေးထောင့် ဆေးအင်းကွက်ကို မြင်နေရသည်။ အမေကြေးစည် အမှတ်တံဆိပ်။ မိုးထိမှာ တုန်းက သူ့ဇနီး မပုခက်နှင့် တွေ့ခဲ့တာကို မှတ်မိသည်။ သူတို့မိသားစုအတွက် အမေကြေးစည်က ကျောက်ပြားကလေးတွေ ပေးသွားခဲ့တာ ပြောပြဖူးသည်။ ကိုမင်းအောင်မြင့်က နှုတ်နည်းပုံရသော ကိုကျန်ပေါ်ကို ဆွေးသည်။ ပြောပါဦး ကိုကျန်ပေါ်ရဲ့ ဆိုတော့မှ ရေနွေးပန်းကန်ကို ချလေတော့သည်။

"ကျွန်တော်က လူတစ်ယောက်ရဲ့ အုတ်ဂူကို တူးမိတာဗျ...အမှန်က ဆရာကိုမင်းအောင်မြင့် သိသလား မပြောတတ်ဘူး...ဆရာ မရောက် ခင်ကလေးမှာ ဦးထင်ကျော်ဆိုတဲ့ဆရာ ရောက်လာသေးတာလေ... သိပ်မကြာလိုက်ပါဘူး...အခုတော့ ဘယ်ရောက်နေပြီလဲ မပြော တတ်ဘူး..."

"ဦးထင်ကျော်က နိုင်ငံခြား ရောက်သွားပြီ ကိုကျန်ပေါ်ရ...သူက မကြာလိုက်ဘူး...ကျွန်တော်တို့ နောင်တော်ကြီးတွေပေါ့...သစ်တော ပညာတော့ အတွေ့အကြုံရှိတယ်"

"ဟုတ်တယ်...တစ်ရက်တော့ ဆရာဦးထင်ကျော်က အခု ဆင်စခန်း လုပ်ထားတဲ့ ညာဘက်ဝေးဝေးက ကွင်းကို ရှင်းခိုင်းတယ်...ဆီပေါ် တွေ ထားချင်လို့ဗျာတဲ့...မြေက မညီတော့ မို့နေတာတွေ ဖြိုဗျာ တဲ့...နိမ့်တဲ့နေရာတွေ ဖြည့်ဗျာတဲ့...ဒါနဲ့ ကျွန်တော်က မြေညီစက် နဲ့ ထိုးရတာပေါ့...အဲသည်နေရာက မိုးတွင်းဆိုရင် မိုးရေတွေ

ဒလဟော အပြင်လိုက်စီးတဲ့နေရာ ဆိုတော့ ချောင်းရေများ ထူသလို ကျတဲ့နေရာပါ...မိုးကုန်တော့ ရွှံနှစ်တွေ ပိုပိုပြီး မာသွားရောဟ သခြိုင်းပါ ပို့သွားတာကိုး...သစ်ရွက်ကြွေတွေ မြေတွေ ဖုံ့ပါများတော့ ခပ်နိမ့်နိမ့်အုတ်ဂူတစ်ဂူက မြေထဲ မြုပ်သွားတာ ကြာပြီ ထင်ပါရဲ့...ကျွန်တော်က မမြင်တော့ မြေလည်း ရှုပ်ထိုးရော ဒုတ်ခနဲ ဝင်တိုက်မိရော...ဘာကိုတိုက်မှန်းလဲ မသိဘူး...ဒါနဲ့ ခပ်နက်နက် ထိုးကြည့်တော့ ထု တောက်တောက်ထူတဲ့ ကျောက်အင်္ကတော တုံးတစ်တုံး တွေ့ပါရော...ဒါနဲ့ စက်နဲ့ပဲ ဆွဲလှန်ပြီး ဟေးတွန်းထားလိုက်တယ်... ပြီးတော့ ဆက်ညှိတာပေါ့လေ...သုံးရက်လောက်ညှိပြီးတော့ တော် တော်ညီသွားပြီ...ဒါတွေပြီးတော့မှ ကျောက်တုံးကြီးကို စက်တော် ပေါ် လှိမ့်တင်ပြီး တော်ရာ သွားပစ်ထားလိုက်တယ်...နောက်တော့ မဟုတ်ဘူးဗျ...လူသေမြှုပ်တဲ့ ခလောင်းပေါက်ကြီးလို မြေပွနေတာ နဲ့ ဆက်စပ်ပြီး ဆရာဦးထင်ကျော်ကို သည်လိုတော့ တွေ့တယ်ပြော လို့ လာကြည့်တယ်"

ခင်စောမူက မျက်လုံးအိုင်းသားနှင့် နားထောင်နေခဲ့သည်။ မဌေးက ခင်စောမူလက်ကို ဆုပ်ထားသည်။ ကိုမင်းအောင်မြင့်က ခြံထွက်သစ်သီးတွေ ယူနိုင်းသဖြင့် မောင်မောင်တင်နှင့် ကိုလှမြင့်က ရုံးနောက်ခန်းဘက် ထွက်သွား ကြပြီး ပြန်လာတော့ သစ်သီးတွေ ပါလာခဲ့သည်။ ခင်စောမူက ပင့်မှုံ့ ငှက်ပျောချဉ်တစ်လုံး ယူပြီး စားလိုက်သည်။ တောကြီးမြေမှာ စိုက်လို့ လား မသိ။ ငှက်ပျောသီးအရသာက လေးလေးပင်ပင်ရှိလှသည်။ ရုံးဝန်ထမ်းတစ်ဦး က ရေနွေးထပ်ဖြည့်သည်။ ရုံးခန်းက နာရီကို မော့ကြည့်တော့ သန်းခေါင်ချဉ်း လေပြီ။

"ပြောပါဦးဗျ...ဦးထင်ကျော် လာကြည့်တော့..."

ကိုမင်းအောင်မြင့်က စကားဆက်ခိုင်းတော့မှ ကိုကျန်ပေါ်က စကား ဆက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"ခရစ်ယာန်တစ်ယောက်ယောက်ရဲ့ အုတ်ဂူ ဒါမှမဟုတ် မြေကျင်းထိပ်က အမှတ်အသား ကျောက်တုံးကွဲတဲ့...သူ ဖတ်ကြည့်တော့ ဘိုနာမည်ပဲ...ကျုပ်တို့ ကြားဖူးနေတဲ့ ကာလူးဘိဗျ...ဆရာက အင်္ဂလိပ်လို အသံထွက်လို့သာကိုး...ဝက်ဝံကုတ်လို့ သေတယ်၊ ဝက်ဝံကုတ်လို့ သေတယ်နဲ့ ကြားဖူးထားတော့ သည်လိုဂူနဲ့ဘာနဲ့တွေ့ရလိမ့်မယ် မထင်ဘူးပေါ့ဗျာ"

"ကာလူးဘို...ဟုတ်လား ဦးကျန်ပေါ်..."

ခင်စောမူအသံက ကျယ်လောင်သွားသည်။ အစတစ်စတော့ ပါလာပြီပဲ။ ကိုကျန်ပေါ် ဆက်ပြောသလောက်ဆိုလျှင် ထိုညက ကိုကျန်ပေါ်တို့ စားရှေ့မှာ ဆေးတံ တဖွားဖွားနှင့် အရပ်ရှည်ရှည်လူတစ်ယောက် ရပ်နေခဲ့သည်ဆိုပါ၏။ ဆေးတံဆေးနံ့ပင် ရသည်ဆိုသည်။ တစ်ညများဆိုလျှင် ဖြူဖြူသန့်သန့် လူတစ်ယောက် မြေတူးစက် ထိုင်ခုံပေါ် ထိုင်နေတာပင် မြင်ရသည်။ ကိုကျန်ပေါ်က မကြောက်။ အမေကြေးစည် စမကွက်ကြောင့် မကြောက်တာလို့လည်း ပြောနေပါ၏။ ခင်စောမူက သံချိုင်းနေရာကို မကြည့်ဘူးလားဆိုတော့ ခေါင်းခါပြသည်။ မြေညှိလိုက်တော့ မြေတွေ ဝင်သွားရာက တစ်ပြင်တည်း ဖြစ်သွားသည်ဟု ဆိုသည်။ ကိုကျန်ပေါ်က ကာလူးဘိအကြောင်း စုံစမ်းကြည့်တော့ ဝန်ထမ်းတွေအပေါ် အလွန်မောက်မာသူ၊ ရက်စက်သူ၊ ရိုင်းပျသူ ပေါ်တွဲသွေးပါ မြန်မာပြည်ပေါက်ဆိုတာ သိခဲ့ရသည်။ ဝန်ထမ်းများ၏ မိသားစုတွေက ရွံကြောက်ကြောက်ကြသည် ဆိုတာလည်း ပါ၏။ ခင်စောမူက ချက်ချင်း ကောက်ကာင်ကာ မေးလိုက်ပါ၏။

"ဦးကျန်ပေါ် ကြားခဲ့ဖူးသမျှ ကာလူးဘိအကြောင်း ပြောပြပါဦး...သူက ဇရပ်တွေ ဘာတွေတောင် လှူခဲ့တာ မဟုတ်လားရှင်"

"အဲဒါက မိန်းကလေးတစ်ယောက်ကို ယူချင်တော့ မိန်းကလေးမိဘများ ကျေနပ်အောင်ရော...မြန်မာလူမျိုး ရွာသူရွာသားတွေ ကျေနပ်အောင်ရော လှူခဲ့တာလို့ ပြောကြတာပဲ...ဘကြီးဒိုးလုံးပိုသိပါတယ်...ကျွန်တော်ပြောတာထက်တောင် ပြည့်စုံပါဗျာ"

ခင်စောမူ ကြားထားသလောက် တောထဲမှာ ဝက်ဝံနှင့် ပတ်သင်းတိုးသဖြင့် မရှုမလှ ဒဏ်ရာဒဏ်ချက်များဖြင့် သေဆုံးသည် ဆိုသည့်အချက်မှန်သည်ဆိုလျှင် သည်နေရာမှာ ဘယ်လိုကြောင့် အုတ်ဂူကလေး စိုက်ထောင်ကာ နာမည်အမှတ်အသားနဲ့ ဖြစ်နေပါသလဲ။ ဘယ်သူက လုပ်ပေးခဲ့တာလဲ...။ မစောညွန့်ကလား...။ မစောညွန့်က ကာလူးဘိသေပြီး ပျောက်သွားသည်ဟု ဆိုပြန်တော့ ဘယ်လိုကြောင့် ဘာကြောင့် ပျောက်သွားရတာတဲ့လဲ။ သည်စကားဝိုင်းမှာတော့ ခင်စောမူ သိချင်သော ကာလူးဘိအကြောင်း ပါလာခဲ့လေပြီ။ ဘကြီးဒိုးလုံးကတော့ တစ်ချိန်လုံး ငြိမ်နေခဲ့ရာက ကိုကျန်ပေါ်စကားကြောင့် လှုပ်လာသည်။ ညဉ့်နက်ပြီဆိုတော့ မှေးနေတာလည်း ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ခင်စောမူကိုယ်တိုင်က နားရဦးမည်။ အများအိပ်ချိန်မှာ သူမကြောင့် အားလုံး နိုးနေရတာလည်း အားနာစရာ ကောင်းလှပါ၏။ အထူးသဖြင့် မဌေးက သူမကို စောင့်နေရသည်။

"သည်လိုဗျ...လူတွေက ကာလူးဘိခေါ်တဲ့ ကာလူးသခင် နောက်ခံယူခဲ့တဲ့ မိန်းမကိုပဲ ပြောကြတာ များတယ်...ခပ်ချောချောမိန်းကလေးပါ...အသက် ဆယ့်ခုနစ်နှစ်လောက်အရွယ်မှာပဲ ကာလူးသခင်နဲ့ အိမ်ထောင်ချထားလိုက်ကြတာ...မိန်းကလေးက ပေါ်တူဂီ ခွန်အိုရှစ်အိုကြီးကို မယူချင်ဘူး...မိန်းကလေးနာမည်က အိုင်ရင်းလို့ ခေါ်တယ်...မိန်းကလေးအဖေက ဦးစောညွန့်တဲ့...မအေက ခေါ်မေရီလို့တဲ့...ဖအေ ဦးစောညွန့်သမီးဆိုတော့ သည်မိန်းကလေးက အိုင်ရင်း စောညွန့် ဖြစ်ရတယ်...ကျုပ်တို့က ဘိတွေ ကပြားတွေနဲ့ အတူနေလာတော့ တောသား စာမတတ် အင်္ဂလိပ်စကား နားလည်ဆိုတာ မျိုးကိုး...ဆိုတော့ အိုင်ရင်းစောညွန့်မှာ ဘယ်မြန်မာကမှ မအိုင်ရင်း မခေါ်ဘူး...မစောညွန့်ပဲ ခေါ်ကြတယ်...တကယ်ကျတော့ မစောညွန့် ရယ်လို့မှ မရှိတာပဲ"

"ဩော်...ကျွန်မသဘောပေါက်ပြီ...ဒါပေမဲ့ ဘကြီးရဲ့...သူတို့ လှူတော့ ဇရပ်ကြီးမှာ ဦးကာလူး၊ ခေါ်စောညွန့်...နေးဘာမြို့...

www.burmeseclassic.com

www.burmeseclassic.com

အလျှကတ်ပြားမှာ ဦးကာလူး၊ ခေါ်စောညွှန့်. ရေးတာမျိုးတွေ ကျွန်မ တွေ့ဖူးတယ်...သူတို့.ကိုယ်တိုင်ကကော ဘာလို့. ခေါ်အိုင်ရင်းလို့. မသုံးတာလဲ"

"အဲသကာ လူတွေက အင်္ဂလိပ်နာမည် မှည့်တဲ့သဘောကို မသိကြတော့ မစောညွှန့်.ပဲ ခေါ်ကြတာပါ...ဘယ်သူကခေါ်ခေါ် မစောညွှန့်.ပဲ...နာမည်တွင်ကရောကိုးဗျ...ကာယကံရှင် အိုင်ရင်းကိုယ်တိုင်တောင် မစောညွှန့်.ဆိုမှ သူ.ကိုခေါ်တယ် ထင်တာကိုး...မစောညွှန့်.ဆိုမှ လှည့်ကြည့်တာပါ...အဲသလောက်...ဦးစောညွှန့်.က အညာသား စစ်စစ် သစ်ကုန်သည် လူချမ်းသာ ဘိုစိတ်ပေါက်နေတဲ့သူပေါ့ဗျာ...ခေါ်မေရီလှက ပေါ်တူဂီသွေးပါတဲ့ ကပြားသွေး သုံးမူးစပ်ကိုးဗျ...သည်တော့ မိန်းကလေးက အင်မတန်ချောတာကိုး... ဗမာကုလား...အင်္ဂလိပ်ပေါ်တူဂီ...သည်တောထဲ ရှိကြတဲ့ယောကျ်ားမှန်သမျှက ကြိုက်တာဗျား"

"သည်သမီးတစ်ယောက်တည်းလား ဘကြီး"

"နှစ်ယောက်ရယ်လို့တော့ သိတယ်...အကြီးမက မာဂျရီးစောညွှန့်.တဲ့...မိန်းမချောပဲ...အငယ်မက အိုင်ရင်းစောညွှန့်...ခက်တာက အကြီးမကိုကျတော့ မာဂျရီး ခေါ်ကြတယ်...မာဂျရီးကလည်း သူ.ကိုယ်သူပြောရင် မာဂျရီး မာဂျရီးလို့. ပြောတတ်တယ်...သို့သော်ကျပ် မသေချာတဲ့အချက်က မာဂျရီးက တစ်ဖအေ...အိုင်ရင်းက တစ်ဖအေများလားပေါ့ဗျာ...ဦးစောညွှန့်.က အကြီးမ မာဂျရီးကို သိပ်မချစ်ဘူးဗျ...အမြဲတမ်း ငေါက်ငန်းနေတာပဲ... မျက်နှာကျက လည်း ဗမာဘက် သိပ်မနွယ်ဘူး...ရှည်တောက်တောက်နဲ့... အိုင်ရင်းကျတော့ ဖအေ့အချစ်တော်...ပွဲတက်တွေမှာ အိုင်ရင်းကို ခေါ်ခေါ်သွားတာများတယ်...မိသားစုလေးယောက်စလုံး အင်္ဂလိပ်လို ပြောကြတာပဲ"

"သူတို့.မိသားစုက သည်နားတစ်ဝိုက် ..သည်နယ်တစ်ဝိုက်မှာ အရင်ကတည်းက ရှိခဲ့ကြတာလား အဘ"

"ဒါတွေပြောရင် ကြာရှေ့မယ်...ကိုင်း သည်ညတော့ ပြန်နားကြဦး စို့.လား...ကျုပ်သိတာတွေ ပြောပြပါ့မယ်လေ...စိတ်သာချပါရှော... နေဦးမှာမဟုတ်လား သမီးက..."

"မနက်ဖြန်ညတစ်ညတော့ နေဦးမှာပါ အဘ"

လူစုကွဲတော့ ကိုမင်းအောင်မြင့်က ခင်စောမူနှင့် မင်္ဂေးကို တည်းခိုရာ အဆောက်အဦကလေးအထိ လိုက်ပို့သည်။ မနက်ကျရင် အိပ်ရေးဝမှသာ ထပါ။ သစ်စခန်းမှာ အေးအေးလူလူ အနားယူချင်သေးလျှင်လည်း စီစဉ်ပေးမည့် အကြောင်း ပြောပါ၏။ ခင်စောမူတို့. မကြောက်စေရန် မောင်လှမြင့်ကို အဆောက်အဦအပြင်ဘက်တွင် အိပ်စေသည်။ အိပ်ရာထဲရောက်တော့ မင်္ဂေးက ဘုန်းခနဲ အိပ်လေတော့သည်။ ဟုတ်ရှာမှာပေါ့။ ခင်စောမူကတော့ အိပ်မပျော်။ ပြောခဲ့သမျှ အကြောင်းအရာတွေက နားထဲမှာရော ခေါင်းထဲမှာပါ ရှုပ်ထွေးနေခဲ့ပါ၏။ ကိုယ့်အလုပ် မဟုတ်ပါပဲ သည်အရပ်၊ သည်ဒေသ ဓာတ်လမ်းတွေကို ဘာကြောင့်များ စိတ်ဝင်စားမိရပါလိမ့်။

အိုင်ရင်း...၊ မာဂျရီး ညီအစ်မ...။

တစ်ဖအေစီ ဖြစ်ချင်ဖြစ်နိုင်သတဲ့။ ဒါကတော့ ဘကြီးဦးလုံးအမြင်။ ခင်စောမူ ကြားရသလောက် မာဂျရီးဆိုတာ ကြားရခဲ့သည်။ အိုင်ရင်းဆိုတာ တော့ ဝေးရော။ မာဂျရီးစောညွှန့်၊ အိုင်ရင်းစောညွှန့်....။ နှစ်ယောက်စလုံး စောညွှန့်တွေပေါ့။

မိုးလင်းကာနီး သစ်တောကြီးတစ်တောလုံး တဝေါဝေါမြည်အောင် လေပြင်းကျနေခဲ့သည်။ ခင်စောမူ အိပ်တော့ မိုးလင်းလုလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

မနက်ပိုင်းတွင် ထောင်းခဲ့ ထလာသော မွေးတေးတေးကော်ဖီနဲ့ ပေါင်မုန့်ကြော်နဲ့က ခင်စောမူ အိပ်ရာထဲအထိ ရောက်လာခဲ့သည်။ ညက အိပ်ရေးပျက်ခဲ့သော်လည်း သည်မနက်နိုးတော့ ကြည်ကြည်လင်လင် အရှိသား စိမ့်စိမ့်ကလေး အေးနေသည်။ ဖျင်ကြမ်း ညဝတ်လက်ရှည်အင်္ကျီကို ဝတ်အိပ်မိလို့ တော်သေးသည်။ ခင်စောမူ အညောင်းဆန့်သည်။ အေးမြတိတ်ဆိတ်သော ဆောတွင်းသဘာဝအရသာကို ခံနေသလို ခုတင်ပေါ်မှာပဲ ငြိမ်နေလိုက်သည်။ စာရင်းတွေကတော့ စာရွက်စာတမ်းများအရ စစ်ဆေးခဲ့ပြီးဖြစ်သည်။ လက်ကျန်စာရင်းနှင့် တိုက်ဆိုင်ကြည့်ရှုစစ်ဆေးဖို့သာ ရှိပါ၏။ များများစားစားတော့လည်း မရှိပါ။ ဌာနတွေစုံအောင် ရောက်ခဲ့ စစ်ခဲ့သည်ဆိုလျှင် လုံလောက်ပါသည်။ ကုမ္ပဏီက ဘယ်လိုများ သဘောထားလေမလဲ မသိ။ ခင်စောမူ သမုန်းကျင်းမြို့ဟောင်းကို ရောက်နေတာပင် ကြာလေပြီ။ လာတုန်းကတော့ သုံး,လေးရက် ဒါမှမဟုတ် ရက်တစ်ပတ်လောက်သာ ရည်ရွယ်ခဲ့သော်သော တကယ်တမ်း ကြာလာတော့ ဌာနက ငြိုငြင်မှာ စိုးလာခဲ့ရပါ၏။

ကိုမင်းအောင်မြင့် ပြောသလောက်ဆိုလျှင် စာရင်းတွေ ပြီးအောင်စစ်ပါ။ သိုအပ်လျှင် စာရင်းထားပုံတွေ သင်ပေးခဲ့ပါ။ စိတ်ကျေနပ်မှုရမှ ပြန်ခဲ့ပါလို့ ရန်ကုန် ကုမ္ပဏီက မှာသည်ဆိုပါ၏။ ခင်စောမူကလည်း နေချင်ချင်ပါလေ။ ဘယ်လိုကြောင့်တော့ မသိ။ ခင်စောမူ သည်အရပ် သည်ဒေသကို သံယောဇဉ် ဖြစ်နေခဲ့ပြီ။ လူတွေကိုလည်း ချစ်ခင်နေမိခဲ့ပြီ။ အထူးသဖြင့် ကိုမင်းအောင်မြင့်က အလိုလိုက်သည်။ နှုးညံ့ယဉ်ကျေး ရှိသည်။ ခင်စောမူ ဖြစ်ချင်တာတွေမှာ ကိုယ်ရောစိတ်ပါ ရှိသည်။ သည့်အတွက်လည်း ကျေးဇူးတင်ခြင်းနှင့်အတူ ချစ်ခင်ရပါ၏။

"ဆရာမ...နိုးပြီလား...ကော်ဖီသောက်ရအောင်...မျက်နှာသစ်ရင် ရေနွေးရှိတယ်နော်...တောထဲက ရောက ကျဉ်နေအောင်အေးတာ ရယ်...ကျွန်မ စောစောက တစ်ခေါက်လာကြည့်သေးတယ်... အိပ်ပျော်နေတာမို့ မနှိုးတာ"

မင်္ဂြေးက လာပြောနေတော့ မိန်းနေလို့ မကောင်းနိုင်။ စောင်ပါးကို ခွာကာ ထရပြီ။ ခင်စောမူက ရေနွေး မသုံးချင်သဖြင့် ရေအေးအေးဖြင့်သာ မျက်နှာသစ်လိုက်သည်။ ဟုတ်ပါရဲ့။ အေးလိုက်တာ စက်လို့။ အသားထဲအစိုဓာတ် အအေးဓာတ် စိမ့်ဝင်သွားတာကို ခင်စောမူ သဘောကျသည်။ မျက်နှာသစ်ပြီးတော့ မိတ်ကပ်ခြောက် ပါးပါးကလေးလောက်သာ ပုတ်သည်။ အဝတ်အစားလဲပြီးမှ ကိုမင်းအောင်မြင့် ရုံးခန်းကို လျှောက်လာခဲ့၏။ ညက ထမင်းစားသည့် စားပွဲ နှစ်လုံးဆက်မှာပဲ ကော်ဖီပွဲ ပြင်ထားသည်။ အခြား ဘယ်သူမှတော့ မရှိ။ မင်္ဂြေးနှင့် မောင်လှမြင့်တို့ပဲ ရှိသည်။ မောင်လှမြင့်ကပဲ အခြေအနေကို ဖြေကြားသည်။

"ဆရာ တောထဲသွားတယ်အစ်မ...မနက်က အစောကြီးထသွားတာ...ဌာနတွေမှာ ရှင်းရှင်းလင်းလင်း ရှိအောင်ရယ်...မေးစရာ မြန်းတာတွေကို ခြေခြေမြစ်မြစ် ဖြေကြဖို့ လိုက်ပြောတာပဲ ထင်ပါ

www.burmeseclassic.com

www.burmeseclassic.com

ရဲ့...ခဏနေရင် ကိုမောင်မောင်တင် လာပါလိမ့်မယ်...ကားနဲ့သွားလို့ ရတဲ့နေရာတွေ လိုက်ပို့ ပါလိမ့်မယ်..."

"ကောင်းပါပြီ...အစ်မလည်း စစ်စရာ သိပ်ရှိလောက်မယ် မထင်ပါဘူး...လူရောက်တယ်...စစ်တယ်...ကြည့်တယ် ဆိုတာလောက်ပါ... လုပ်လုပ်...မောင်လှမြင့် လုပ်စရာရှိတာလုပ်...မင်္ဂေးရှိရင် ဖြစ်တယ်" မင်္ဂေး နှပ်ထားသည့် ကော်ဖီက ကောင်းလှသည်။ ပေါင်မုန့်ကြက်ဥကြော်ကလည်း ရွှရွှမွှေးမွှေး။ မင်္ဂေးက ဘိစာ ကောင်းကောင်းလုပ်တတ်လိုက်တာ ဆိုတော့ ကျွန်မလည်း ပေါတူဂီပဲ ဆရာမရဲ့ဆိုလို့ ရယ်ရသေးသည်။ ကိုပုတော့ ဘန်ဂလိမှာ ဘယ်လိုကျန်ခဲ့သည် မသိ။ မောင်ပုညကကော ဘန်ဂလို ပြန်ရောက်နေပြီလား။ ဒေါ်ခင်မေသို့ အိမ်ကြီးမှာကော...။ ခင်စောမူ စိတ်ရောက်နေခဲ့သေးသည်။ ခင်စောမူ မနက်စာ လက်စသတ်ချိန်မှာ မောင်မောင်တင် ရောက်လာခဲ့သည်။

"အစ်မ...ရယ်ဒီဆိုရင် သွားစို့...တချို့နေရာတွေက လျှောက်ရမှာ... ကားသွားလို့မရဘူး...ဆင်စခန်းရယ်...သစ်စခန်းရယ်...ယန္တရားဌာနရယ်...သစ်ထုတ်လုပ်ရေးဌာနရယ်...ဝန်ထမ်းအိမ်တွေရယ်...ကြည့်စရာတွေတော့ များတယ်"

မနက် ကိုးနာရီမှာ မောင်မောင်တင်နှင့် ထွက်လာခဲ့ကြသည်။ တောတွင်းမှာ ကားသွားလို့ရသည့်နေရာက သိပ်များများမရှိ။ တချို့စခန်းနေရာတွေကို တောင်ကုန်းပေါ်က ဆီးမြင်ရသည်။ ဟိုနားနှစ်ရုံ, သုံးရုံ။ တော်တော်ဝေးဝေးမှာ အဆောက်အဦ သုံးလေးလုံး။ တောင်ပေါ်မှာလည်း ရှိသည်။ လျှို့ချောက်ကွင်းပြန့်ထဲမှာလည်း ရှိသည်။ ဒါတွေအားလုံး ရောက်ဖို့ဆိုတာ မလွယ်ပါ။ မောင်မောင်တင် လက်ညှိုးထိုးပြတာ မြင်ရသည်ပင် ရင်မောစရာ။ ခင်စောမူ စိတ်ဓာတ်ကျသွားခဲ့သည်။

"မောင်မောင်တင်ရယ်...မင်းတို့သစ်စခန်းက ဟယ်လီကော်ပတာနဲ့ စာရင်းလိုက်စစ်မှ ဖြစ်မှာပါဟယ်...အစ်မ ဘယ်နှယ်လုပ် အဲသည်နေရာ

တွေ သွားနိုင်မှာလဲ...သွားနိုင် ရောက်နိုင်တဲ့နေရာတွေလောက်ပဲ သွားပါရစေတော့"

"ဆရာကတော့ ဌာနခုံရောက်အောင်သွားတာ အစ်မရေ...တပည့် နှစ်ယောက်လောက်နဲ့ သွားနေတာပဲ...ကျောပိုးအိပ်ရာတို့, ရေဘူးတို့, မုန့်တို့, မုန့်ပြောင်းတို့နဲ့ ခရီးကြမ်းထွက်သလို သွားတာ... ကျွန်တော်လည်း ပါတတ်ပေါ့"

"မင်းတို့ဆရာက တာဇံကိုးကွ...သွားနိုင်မှာပေါ့...သည်လိုတော့ လုပ်ရအောင်...ဌာနအလိုက် တစ်ရစ်ချင်း စာရင်းစစ်သွားရမှာပဲ... ဌာနနေရာအထိ မသွားနိုင်တောင် စာရင်းနဲ့ လူတွေ့စစ်ဆေးပြီး အစ်မ မှတ်ချက်နဲ့ စစ်ဆေးမှုမှတ်တမ်း ထားရှိရမှာပေါ့...လျှောက်နိုင်လောက်တဲ့ နေရာတွေတော့ သွားကြရအောင်..."

"ဆရာက အဲသလို ဖြစ်စေချင်တာအစ်မရဲ့...အစ်မသဘောထား မသိလို့သာ...အစ်မ မလျှောက်နိုင်လောက်ဘူးတဲ့...အစ်မ ဘယ်တွေ သွားချင်သလဲသာပြော..."

"အဲသလိုတော့ မပြောတတ်ဘူးလေဟယ်...သွားလို့ရတဲ့ စခန်းတွေ မင်းပဲ လိုက်ပို့ပါ...ဖြစ်နိုင်ရင် ဟိုတုန်းက အလုပ်သမားတွေ ဝန်ထမ်းတွေ နေခဲ့တဲ့ နေရာတွေ ဘန်ဂလိဟောင်း ရှိခဲ့တဲ့နေရာတွေ... သစ်တောအရာရှိအိမ်တွေ ကြည့်ချင်တယ်...အဆောက်ရယ် အဦရယ် မရှိတော့ရင်တောင် အရာလောက်တော့ ကျန်မှာပေါ့"

မောင်မောင်တင်က ကားပေါ်ပြန်တက်ခိုင်းသည်။ တစ်နေရာမှာ ကားထားပြီး ရေတိုက်စားသဖြင့် ဂဝံကျောက်စတွေ ပေါ်နေသော အဆင်းလမ်းအတိုင်း ဆင်းခဲ့ကြသည်။ ခင်စောမူက နောက်ကာ။ မောင်မောင်တင်က ကျောပိုးအိတ်နှင့်ဖြစ်၍ သည်အိတ်ထဲမှာ မုန့်, ရေဘူး၊ ဓားမြှောင်၊ ကွန်ပါ စသည့် အမယ်စုံတွေ ပါပုံရသည်။ မြို့မှာ ဘတ်စ်ကားတစ်တန်, ရုံးကားတစ်တန်ဖြင့် ပြီးခဲ့ရသူဆိုတော့ တစ်တောင်ဆင်း တစ်မော့တက်ရတာကပင် မောလှသည်။

www.burmeseclassic.com

www.burmeseclassic.com

ချွေးတွေ ပေါက်ပေါက်ကျပြီ။ ရင်တွေ လှုပ်လှုပ်ခုန်ကာ နားထဲက လေတွေ ထွက်လာခဲ့သည်။ အဆင်းတွေမှာ ထိန်းဆင်းနိုင်သော်လည်း သစ်ပင်တွေကြားက မော့တက်ရသည့်အခါ မောင်မောင်တင့် ဘောင်းဘီခါးစ ဆွဲရပါ၏။

"ဆရာကပြောတယ် အစ်မရဲ့...မင်းတို့အစ်မ မြို့ချွေးတွေ ထွက်သွားအောင် လုပ်ပေးလိုက်ကွာတဲ့...သူတို့ မြို့သူတွေက သိပ်နုတာတဲ့... ပြောနေတာ"

"ကျုပ်တို့ တောထဲ လာမနေနိုင်ပေါင်...သူသာ ရှေးဘဝက ဝက်ဆိမို့လို့ နေနိုင်တာ"

မောင်မောင်တင်က ရယ်သည်။ တောင်ကုန်းတစ်ကုန်းအတက်ကို ကြိုးစားတက်လာတော့ မြင်ကွင်းကို ဆီးမြင်နေရသည့် View Point လို နေရာကို ရောက်လာသည်။ လေအေးအေးကြောင့် အပန်းပြေရပါ၏။ စို့ပြန်နေသော ချွေးများပင် လေအေးကြောင့် ခြောက်ကုန်ကြပြီ။ မောင်မောင်တင်က စခန်းရှိ အဆောက်အဦတွေကို လှမ်းပြသည်။ သစ်တောကြီးက ရှည်လျားကျယ်ဝန်းလှပါ၏။ ကုမ္ပဏီလုပ်ကွက်နေရာကို မောင်မောင်တင်ကပဲ လှမ်းပြပါ၏။ ဧဏာနေပြီး ပြန်ဆင်းခဲ့ကြသည်။ မောင်မောင်တင်က စခန်းရုံးရှိ ရုံးလုပ်ငန်းတာဝန်ခံကို လွှတ်ပြီး စာရင်းစာအုပ်တွေ ယူခိုင်းမည်။ ခင်စောမူက ရုံးကပဲစောင့်။ သည်လို ဆိုတော့လည်း အဟုတ်သား။ ခင်စောမူတို့ ပြန်ရောက်တော့ မွန်းတိမ်းပြီး ရုံးမှာ ကိုမင်းအောင်မြင့် ရောက်နေပြီ။

"မခင်စောမူ ရောက်လာတာကောင်းတယ်...သည်မှာပဲ စစ်လိုက်ပေါ့...ကျွန်တော်က ထမင်းချိန်ရောက်ရင် ရောက်တဲ့နေရာ ထမင်းကျွေးဖို့ စီစဉ်ထားတာပါ...သည်မှာပဲ ကျွန်တော်နဲ့ ထမင်းစားလိုက်တော့..."

ခင်စောမူက စာရင်းစာအုပ်တွေ စောင့်ရင်း ကိုမင်းအောင်မြင့်နှင့်ပင် ထမင်းစားလိုက်သည်။ သစ်စခန်းက လာဆေးသော ဂိုဏားဆီပြန်ချက်၊ ဟင်းသီးဟင်းရွက်ကြော်နှင့် ဆွန်တန်ဟင်းရည်က ကောင်းလှသည်။ ထမင်းစားပြီး

ဆာတည်းက စာရင်းတွေကြည့်၊ မရှင်းတာမေးမြန်းရင်း စစ်ဆေးလိုက်တာ ညနေစောင်းတော့မှ စစ်ဆေးပြီးကြောင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါ၏။ အားလုံးပြီးစီးတော့ ခင်စောမူ ရေပြန်ချိုးရသည်။ ရေက အေးစိမ့်နေလို့ မငွေးက ရေနွေးနှင့် စပ်ပေးသည်။ ရေချိုးတုန်းကတော့ နွေးလို့။ ချိုးပြီး ရေသုတ်နေစဉ်မှာပင် အေးစိမ့်လာလို့ ခေါင်းစွပ်ဆွယ်တာပွပွကြီး အမြန်ကောက်စွပ်လိုက်ရတော့ ၏။ ရေချိုးပြီးတော့ ဆာသလိုလို။

ညနေခြောက်နာရီလောက်မှာ နေရောင် လုံးဝမမြင်ရတော့။ အုပ်ဆိုင်းနေသော တောရိပ်တောင်ငွေ့ မှုန်မှုန်ရီရီထဲ ရောက်နေသော ကိုယ့်ကိုယ်ကိုယ်သာ ဆုံးဖြတ်နေမိရသည်။ ခင်စောမူက ပါရှုန်းရောထည်ကလေး လည်မှာသိုင်းကာ ကိုမင်းအောင်မြင့် ရုံးခန်းဘက် ထွက်လာခဲ့လေသည်။

* * *

"စာရင်းတွေ အဆင်ပြေရဲ့လား မခင်စောမူ...ဆောရီးဗျာ...မနက်က ဌာနတွေ အကုန်လိုက်ပြီး သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ခိုင်းရတယ်... အမှားရှိရင်လည်း ခွင့်သာလွှတ်တော့ဗျာ"

ကိုမင်းအောင်မြင့်က သူ့ရုံးခန်းထဲကနေ ခင်စောမူကို လှမ်းမြင်ပုံရသည်။ ခင်စောမူကို ထွက်ကြိုရင်း တောင်းပန်စကား ဆိုရှာသည်။ သူကသာဒေါ်တာပါလေ စာရင်းစစ်က စစ်ရမည့်နေရာတွေ စုံအောင် မရောက်ခဲ့ရ။ အောင်မောင်တင် ပြောပြီးဖြစ်ပါလိမ့်မည်။ ခင်စောမူက စာရင်းတွေစစ်ပြီးဖြစ်ကြောင်း၊ ထက်မှတ်ပင် ထိုးပြီးခဲ့ပြီဖြစ်ကြောင်း ပြောပြလိုက်သည်။ ကိုမင်းအောင်မြင့်ကို ထုံးကြည့်ရင်း သည်တစ်မနက်နှင့် ဌာနစုံအောင်သွားခဲ့တယ်ဆိုတော့ တော်တော်ပင်ပန်းရှာလိမ့်မည်။ ယောကျ်ားသားကလည်း ဖြစ်ပြန်၊ တောတွင်း ဖြတ်လမ်းတွေကလည်း ရှိမှာဆိုတော့ ခင်စောမူတွေးသလောက် ဟုတ်ချင်မှလည်းဟုတ်မည်။

"အဆင်ပြေပါတယ်ရှင်...ကျွန်မ စစ်ပြီးပါပြီ...ကနေ့ တစ်ညအိပ်... မနက်ဖြန် သမုန်းကျင်းပြန်...နောက်တစ်နေ့ ညရထားနဲ့ပဲ ရန်ကုန်ပြန်တော့မလားလို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်းအောင်မြင့်ရယ်...ကျွန်မမှာ လွမ်းမယ့်သူ မရှိရပေါင်ရှင်...ကျွန်မက စာအုပ်တစ်အုပ် ပုတီးတစ်ကုံးနဲ့ နေချင်သူပါ...နေလည်း နေခဲ့ပါတယ်...သည်ကိုရောက်လာတော့ ကျွန်မဖြင့် ပညာတော် စာရင်းစစ်တစ်ယောက် မဟုတ်တော့ပဲ ရိုးရိုး သာမာန်မိန်းမသား တစ်ယောက်လို ဖြစ်သွားခဲ့တယ်...လူတစ်ယောက်အနေနဲ့ အပူအပင် ခံစားမှုတွေ မရှိတော့ပဲ လွတ်လပ်ပေါ့ပါးနေသလိုပဲ...မှန်တာပြောရရင် သည်မှာနေရတာ ကျွန်မစိတ် အေးမြနေသလိုပဲ...နေတန်သရွေ့ နေချင်ပါသေးရဲ့ရှင်...ဒါပေမဲ့ တာဝန်ဆိုတဲ့ ကြိမ်စကြာက ရိုက်ခေါ်ရင် မပြေးရမှာပါပဲ"

"သည်မှာ နေပျော်တယ်ဆိုရင် ကျွန်တော်တို့က ဝမ်းသာရတာပေါ့...အရှိန်တန်တော့လည်း ကိုယ့်နေရာကိုယ် ပြန်ကြရတာချည်းပါပဲ...လူတွေမှာ ဘဝက နေရာချထားတဲ့ ကန့်သတ်မှုတွေ ရှိတာကိုး...ကျွန်တော့်ကို ဘဝက တောထဲပို့ထားတယ်ဗျာ...အင်မတန်ကြမ်းတဲ့ ရာသီဥတု, အင်မတန်ကြမ်းတဲ့ ရောဂါဘယ...အင်မတန်ကြမ်းတဲ့ စရိုက်သဘာဝတွေနဲ့ နေရတာ တကယ်ဆိုရင် ဘယ်ပျော်စရာကောင်းပါ့မလဲ...ဒါပေမဲ့ ကျွန်တော် ရုန်းမထွက်နိုင်ဘူး...သည်တော့ နေပျော်အောင်နေရတာပဲလေ..."

နံရံပေါ်က နာရီက ခုနစ်နာရီထိုးကာနီးပြီ။ ညစာကို ခုနစ်နာရီစီးဖို့ စီစဉ်ထားသော်လည်း မင်္ဂေးတို့ မောင်လှမြင့်တို့ကို မတွေ့ရသေး။ သည်ကနေ့ညတော့ ဘကြီးဒိုးလုံးတို့ အားလုံးလာကြလိမ့်မည်။ ဘကြီးဒိုးလုံးတို့က ဘယ်နားမှာ နေကြတာပါလိမ့်။ မနက်က လှမ်းကြည့်ခဲ့သည့် တန်းလျားတွေ ဘက်မှာလား။ ဘယ်လောက်ဝေးဝေးကများ လာကြရတာလဲ။ ညဘက် စကား ပိုင်းပြီးတော့ တောကြီးတောင်ကြီးထဲ ပြန်ကြရတာလား။ ကိုမင်းအောင်မြင့်တို့ မေးကြည့်သည်။

တကယ်လည်း ခင်စောမူ အဲသလို စိတ်ကူးထားခဲ့ပါ၏။ ဘာပဲဖြစ်စေ လိုတာထက်ပိုပြီး ရက်တွေညောင်းခဲ့ပြီ/မဟုတ်လား။ ကုမ္ပဏီက ဘာပြောမည် မသိ။ စာရင်းတွေ ထားပုံသိပုံတွေပါ သင်ပေးခဲ့ပါဆိုသော်လည်း သည်လောက် ကောင်းသည်။ ခင်စောမူ ရှိနေသရွေ့ ကိုမင်းအောင်မြင့်တို့လည်း အလုပ်ထူ ကြရသည်။

"မနက်ဖြန် ပြန်တော့မှာလား...အေးဗျာ...လွမ်းသူက လွမ်းလော ရောပေါ့...ကျွန်တော်ကတော့ မတားသာပါဘူးလေ...ရုံးချုပ်က နေမယ်ဆိုရင်လည်း ဖြစ်ပါရဲ့...အန်ကယ်ဟုတ်ကို ကျွန်တော် သေ ချာချာ ဖုန်းဆက်ထားတယ်...ဒေါ်ခင်စောမူ သဘောပါတဲ့...သည် လည်း အလုပ်တွေ အလျင်မလိုပါဘူးလို့တော့ ပြောတယ်"

ခင်စောမူက ရုံးခန်းထဲက ကုလားထိုင်တစ်လုံးကို ပြတင်းပေါက်တ ဆွဲယူလာကာ ထိုင်လိုက်သည်။ ရုံးထဲမှာ ဘယ်သူမှမရှိ။ ကိုမင်းအောင်မြင့် ရှိသည်။ ကိုမင်းအောင်မြင့်က စ,နေတာလား၊ တကယ်ပြောနေတာလား လွမ်းသူက လွမ်းလောက်ရောပေါ့တဲ့။ ခင်စောမူ အသာငြိမ်နေလိုက်သည် ဒါကလည်း မိန်းမသားတစ်ယောက်ရဲ့ မာယာများလား။ မာယာလေးဆ တောင် ရှိသတဲ့။ စာထဲမှာ ဖတ်ဖူးသော်လည်း မမှတ်မိတော့။ မှန်တာဝန်ခံရတ ခင်စောမူကို လွမ်းမည့်သူ မရှိပါ။ အထိုက်အလျောက် စိတ်ဝင်စားခဲ့ကြသူ ရှိသလို၊ ခင်စောမူက ရင်ခုန်မိသူတွေလည်း ရှိခဲ့သည်။ ကံအကြောင်းပဲ ရောလား။ ဘယ်သူနှင့်မှ မေတ္တာချင်း မဆုံခဲ့။ အရွယ်ရလာပြန်တော့ အပျိုကြီး ထွေထုံးစံ ဇီဇာကြောင်၊ စံချွေးတာတွေ များလာခဲ့ပါ၏။ ရည်စားထားရမည့်အရွ မဟုတ်တာတာ ပါသလို၊ ကိုယ်တိုင်က အလုပ်များလေတော့ တစ်နေ့ တစ် စက်ရုပ်လို ကုန်ဆုံးရတော့သည်။ မမျှော်လင့်ပဲ သမုန်းကျင်းမြို့ဟောင်း ရောက်လာတော့လည်း တောနယ်တစ်နယ်မှာ အခြားဘဝတစ်ခုနှင့် လာနေ သလို ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com

"သူတို့တန်းလျားတွေက ခရီးအားဖြင့်တော့ မဝေးပါဘူး...လမ်းတော့ မသာဘူးပေါ့...သစ်ပင်တွေကြားက လူသွားလမ်းကသွားရင် နီးတယ်...သည်ရက်တွေမှာတော့ သည်မှာပဲ ခေါ်ထားတာပါ...သည်မှာပဲ အိပ်ဖို့ စီစဉ်ပေးထားပါတယ်...မနက်တုန်းက မခင်စောမူ ကြည့်ခဲ့တဲ့ သည်သစ်တောရုံးဝင်းကြီးထဲက ရုံးဝန်ထမ်းအိမ်ရာတွေ နောက်ကျောဘက်မှာ တန်းလျားတွေ ရှိသေးတယ်...လူမနေပါဘူး...တစ်ခါတလေ သစ်စခန်းက အလုပ်ကိစ္စနဲ့ တက်လာတတ်ကြတဲ့ အလုပ်သမားတွေ တည်းခိုကြတာပါ...အဲသည်မှာ နေကြတယ်...ကျွန်တော်တို့ကလည်း ဘကြီးဒိုးလုံးတို့လို ရှေးလူကြီးတွေ အားကိုးနေရတာ ရှိတယ်...သည်မှာက တောကြမ်းတယ် မခင်စောမူရဲ့..."

"တောကြမ်းတယ်ဆိုတာ ဘာကိုပြောတာလဲရှင့်..."

"မမြင်ရတဲ့ အနှံ့တွေ, အသံတွေ, အရိပ်တွေပေါ့ဗျာ...အိပ်မက်တွေလည်း ပါမှာပေါ့...ဒါမျိုးတွေရှိရင် ဘကြီးဒိုးလုံးက ကောက်တတ်တယ်...မေတ္တာပို့တာမျိုး တောင်းပန်တာမျိုး လုပ်ပေးတယ်...သစ်တောထဲမှာ မကောင်းသူ မကောင်းသားတွေ ရှိနိုင်တာကိုး မခင်စောမူရဲ့...ဟုတ်တာ မဟုတ်တာ ထားပေါ့လေ...သဘာဝက ဆန်းကြယ်တယ် မဟုတ်လား..."

"ဟုတ်ပါရဲ့ရှင်...ကျွန်မလည်း ရန်ကုန်ရုံးချုပ်က သမုန်းကျင်းသစ်စခန်း လွှတ်လို့သာ တာဝန်အရလာခဲ့တာပါ...သည်လို အတွေ့အကြုံ သည်လိုသဘာဝတွေ ခေါင်းထဲ ထည့်တွေးခဲ့တာ မဟုတ်ဘူး...ကိုမင်းအောင်မြင့်ရယ်လို့ နာမည်တော့ ကြားဖူးနေတာပါ...ကုမ္ပဏီလူကြီးတွေ အားကိုးကြတာလည်း သိပါရဲ့...တကယ် ခင်မင်ခွင့်ရတော့မှ တောထဲတောင်ထဲ နေရတဲ့ဘဝကို စာနာမိတော့တယ်...သဘာဝတွေတင် ဆန်းကြယ်တာမဟုတ်ဘူး ကိုမင်းအောင်မြင့်ရေး...ဘဝတွေကလည်း ဆန်းကြယ်သား...ကျွန်မမှာ သည်ရောက်မှ ကြို

ရတဲ့ ကိုယ်အတ်ထုပ်ကိုယ် မရှင်းနိုင်သေးဘူး...ပစ္စည်း လူကြုံပါသလိုတဲ့သူကိုလည်း ရှာမတွေ့သေးသလို မောင်ပုညနဲ့ ဒန်းပွင့်တို့ အခြေအနေကိုလည်း ရှင်းမပေးနိုင်သေးဘူး...ဒါတွေက မလုပ်မဖြစ် လုပ်ရမယ့် အလုပ်တွေ မဟုတ်ပေသိ ကျွန်မပါ ရောပါနေခဲ့ရတာဆိုတော့ အားလုံး ရှင်းလင်းသွားစေချင်တာတော့ အမှန်ပဲ...ဒါပေမဲ့ ကျွန်မ ပြန်ရတော့မှာလေ..."

"မပြန်စေချင်သေးဘူး မခင်စောမူရယ်...မှန်တာပြောရရင် ကျွန်တော့် စိတ်ထဲမှာ..."

သည်အချိန်မှာပဲ မဒွေးတို့တစ်ဖွဲ့ကြီး ရောက်လာကြသည်။ မောင်မောင်တင့် ကားပေါ်မှာ အိုးတွေ၊ ပန်းကန်ခွက်ယောက်တွေ အပြည့်။ မောင်မောင်တင်၊ မောင်လှမြင့်နှင့် မဒွေးတို့က ရုံးခန်းထဲကို ရွှေ့ကြ၊ ပြုကြ၊ ပြင်ကြ၊ ဆင်ကြ လုပ်နေကြသည်။ ခင်စောမူကလည်း ဝိုင်းကူနေခဲ့ပါ၏။ မဒွေးတို့ ဘယ်မှာ သွားချက်ကြတာပါလိမ့်။ မေးကြည့်တော့ ခပ်ဝေးဝေးတစ်နေရာမှာ အင်္ဂတေခင်းရာဟောင်း ရှိကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ရှိကြောင်း ပြောပြသည်။ အင်္ဂတေခင်းရာဟောင်းဆိုတာ ဘာကိုပြော တာလဲဆိုတော့ မဒွေးကလည်း မပြောတတ်။

"အင်္ဂလိပ်ခေတ်က တင်းနစ်ကွင်းဟောင်းကြီး အစ်မရဲ့...တိုင်တွေ တောင် ရှိသေးတယ်...ကွင်းဘေးမှာ သစ်ပင်ရိပ်ကောင်းတော့ အဲသည်မှာ ချက်ကြပြုတ်ကြတာပါ...အစ်မ စာရင်းတွေစစ်နေလို့ လာမခေါ်တာ အစ်မရဲ့..."

မောင်မောင်တင် ဝင်ရှင်းမှ သဘောပေါက်တော့သည်။ အားလုံး အဆင်သင့်ဖြစ်တော့ ထမင်းပွဲပြင်ပြီ။ ဘကြီးဒိုးလုံးတို့ ရောက်လာတော့ အချိန်ကိုက်။ ထမင်းပွဲမှာ အားလုံးနေရာယူလိုက်ကြသည်။ ကိုမင်းအောင်မြင့်မှ စကားထပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ကို ပြောနေတာ...သည်တောကြီးထဲကို နောက်တစ်ခေါက် ရောက်ဖို့ဆိုတာ အကြောင်းတိုက်ဆိုင်ဦးမှလေ...သည်တော့ မနက်ဖြန် တစ်ရက်လည်း နေစေချင်သေးတယ်လို့ မခင်စောမူကို ကျွန်တော် တောင်းပန်ထားပါတယ်...အိမ်ရှင်တွေက တားကြပါဦး..."

မဌေးက စ,တားသည်။ မျက်လုံးပြူး မျက်ဆံပြူး ကျယ်ကျယ် လောင်လောင်ကြီး ပြောလိုက်ခြင်းဖြစ်၏။

"ဟုတ်ပါရဲ့ ဆရာမကလည်း...နေပါဦးတော့...ကျွန်မတောင် လင်တစ် ထားခဲ့တာ...သင်းထိုက်နဲ့သင်းကဲ...ဆရာမ မျှော်ရမယ့်လူမှ မရှိ တာ...ပျော်သလောက်နေ...ကျွန်မချက်ကျွေးမယ်...နော ဆရာရယ်"

မဌေးစကားကြောင့် အားလုံးက ရယ်ကြသည်။ ခင်စောမူပင် ရယ်မိ ပါ၏။ တကယ်တော့ ဒါက ကိုမင်းအောင်မြင့်၏ ထွင်လုံးပင်။ ရိုးရိုးသားသား တားရင်လည်း နေရမှာပါရှင်။ လူတွေတားလို့ နေရတာမျိုးဖြစ်အောင် မလုပ်ပါနဲ့။ ခင်စောမူ ရင်ထဲမှာတော့ ပျော်နေသလိုလို၊ လွမ်းနေသလိုလို။ ဘကြီးဒိုးလုံးတို့ ကပင် ဘုမသိ ဘမသိ တားနေကြလို့ ခင်စောမူ ရယ်ချင်သည်။

"ကျွန်မ သည်ကို စာရင်းစစ်ဖို့ရယ်လို့လာတာ...လိုတာထက် ပိုကြာ နေလို့ပါရှင်...မျှော်ရမယ့်လူလည်း မရှိပါဘူး...ကိုမင်းအောင်မြင့်က ကုမ္ပဏီကို တာဝန်ယူရင် နေသေးပေါ့ရှင်...ကျွန်မ သည်မှာ ပျော်ပါ တယ်"

"ပျော်ရင် တစ်သက်လုံးနေတော့...မပြန်နဲ့တော့...နော ဆရာရယ်"

မဌေးစကားကြောင့် ခင်စောမူပင် ရှက်မိရသည်။ တစ်သက်လုံးနေတော့ ဆိုတာ အခိုပွာယ်တွေများသား မဟုတ်လား။ ကိုမင်းအောင်မြင့်က ကုမ္ပဏီကို တာဝန်ယူပါသဗျာဆိုတော့ လက်ခုပ်တီးကြပြန်သည်။ ထမင်းစားတော့လည်း မြိန်လိုက်တာ။ ဟင်းတွေ ချက်ထားတာကလည်း များလှသည်။

ည ရှစ်နာရီခွဲတော့ စကားဝိုင်းစလေပြီ။ သစ်တောထဲက လရောင်ကို ပြတင်းတွေကတစ်ဆင့် မြင်ရသည်။ ဆောင့္ကြောင့် ထင်ပါရဲ့။ မှန်တုန်ကုန်။

အအေးဓာတ်က စွပ်စွပ်ရွပ်ရွပ် တိုးဝင်လျက်ရှိ၏။ ဘကြီးဒိုးလုံး၊ စက်ကြီးမောင်း ကိုကျန်ပေါ်၊ တောခေါင်း ကိုပါနောက်၊ သစ်စာရေး ကိုဘဆင်တို့ အပြင် လူသစ်အဖြစ် ပါလာသော ဦးကြိုးကြာဆိုသူ ကုလားအဘိုးကြီးတစ်ယောက် လည်း ပါပါ၏။ ခင်စောမူကို မိတ်ဆက်ပေးတော့ ပြုံးပြသည်။ သွားတွေ တစ်ချောင်းမှ မရှိ။ ဦးကြိုးကြာကို ခေါ်လာတာကလည်း အကြောင်းရှိလိမ့်မည်။ ဘကြီးဒိုးလုံးက သောက်လက်စ ရေနွေးဖန်ခွက်ကိုချကာ ချောင်းတွေ ဆိုးနေ သေး၏။ ပြီးမှ စကားစလေသည်။

"သည်လို ဆရာမရဲ့...ကျုပ်ကို ကျုပ်အဖေက ဒီဘူးလို့ခေါ်တာ မနေ့က ပြောခဲ့ပါပြီ...ဒီဘူးတို့ ဘာတို့ ဆိုတာက သစ်ပွသားပေါ့လေ... အဖေက ကျုပ်မခံချင်အောင် ခေါ်တာဗျ...ကျုပ်က စာကောင်းကောင်း မတတ်ခဲ့ဘူး...တောထဲတောင်ထဲ ကြီးရတာဗျာ...ဘယ်တတ်မှာ တုံး...နောက်မှ သင်ယူရတာ...ကုလားစကား အင်္ဂလိပ်စကားတော့ ဘူးသွင်းရေဝင် ပြောနိုင်ပါရဲ့...ဘယ့်နယ့်အကျိုးပေးလည်း မပြောတတ် ဘူး...သည်သစ်တောကြီးကို ကျုပ်တို့ ရောက်တာကြာပြီ...သစ်တော အရာရှိ ဦးစောညွှန့် ရောက်လာတော့ ကျုပ်တို့က အရွယ်ရောက် ပါပြီ...သစ်တောအကြောင်း ကောင်းကောင်းသိတဲ့ အရွယ်ပေါ့... အသက်သုံးဆယ်လောက် ရှိမယ်...သည်လိုဗျ...ပြောပြပါ့မယ်"

* * *

"ကျုပ်တို့ သည်နယ်စရောက်စက တစ်ပြင်လုံး သစ်တောနက်ကြီးပါ... သစ်ကြီးဝါးကြီးများဟာ လူမရောက်တဲ့နေရာမှာ မှိုကျင်းကြီး ဖွေးနေ အောင် ပွင့်သလို ကြီးချင်တိုင်းကြီး၊ များချင်တိုင်းများလို့ သစ်တောကြီး ထဲဝင်ဖို့တောင် ခက်ပါတယ်...ကြိမ်တွေ၊ နွယ်တွေဆိုတာ လက်မောင်း လုံးလောက်ကြီးတွေ ရှိတာပေါ့...တောကောင်တွေဆိုတာလည်း တောကြီးထဲမှာ သဘာဝမိခင်များက စိတ်ချလက်ချမွေးဖွားထားလေ တော့ ပွားချင်တိုင်းပွားနေတော့တာပါ...ကျုပ် မနေ့က ပြောခဲ့သလို

www.burmeseclassic.com

www.burmeseclassic.com

ဝံမကြောက် ကျားမကြောက် နေခဲ့ရတယ်ဆိုတာက အင်္ဂလိပ်လူမျိုး ကုမ္ပဏီတွေ တောထဲဝင်ပြီး နှစ်တွေကြာမှ နေဝံ့တာကို ပြောတာပါ...လူမရောက်သူမရောက် လူမထိသူမထိ တောကြီးကို အင်္ဂလိပ်တွေ သွားတော့ အင်မတန်ကြိုက်တာကိုးဗျ...အင်္ဂလိပ်များက Virgin forest လို့တောင် ခေါ်တာပါ...အပျိုစင်တောပေါ့...သီပေါမင်း ပါတော်မူပြီး မကြာဘူး အင်္ဂလိပ်ကုမ္ပဏီတွေ ရောက်လာတယ်ပြောကြတယ်...အခု ကျုပ်အသက် ရှစ်ဆယ့်ခြောက်နှစ်က နောက်ပြန်ဆုတ်ရင် ကလေးဘဝ အသက်ဆယ်နှစ်ဖယ်လိုက် လွန်ခဲ့တဲ့ ခုနစ်ဆယ့်ခြောက် ခုနှစ်က ကျုပ်တို့သားအဖ သည်တောနယ်ကို ရောက်ခဲ့တာပဲ... တွက်သာကြည့်ပါတော့..."

"အခုသမုန်းကျင်းမြို့ဟောင်းဆိုတဲ့နေရာက တောစပ်လောက်ကျတဲ့ နေရာပေါ့...မြို့ရယ် ရွာရယ် ဘာမှမရှိသေးပါဘူး...ဟောသည် ဝန်းကျင်က ရွာတွေဆိုတာ ဝေးကရော...သစ်တောနဲ့ပတ်သက်တဲ့ လူတွေလောက်သာ ရောက်ရောက်လာကြရာက တစ်အိမ်စ, နှစ်အိမ်စနဲ့ သမုန်းကျင်းဖြစ်ရတာပါ...သမုန်းကျင်းမြို့ဟောင်းခေါ်တာက ဒီရွာက သည်နေရာက မြို့ဟောင်းဖြစ်ခဲ့ပုံရတယ်...ဆရာမတို့ မြို့ကို လိုက်မကြည့်လို့...မြို့ရာမြို့ရိပ်တွေ ကျန်သင့်သလောက်ကျန်ခဲ့တာ တွေ့နိုင်တယ်...ဘုရားစေတီ အပြိုအပျက်တွေ တွေ့မှာပေါ့...ရှေးက ပညာသည်တွေရောက်လာပြီး ဓာတ်ကိစ္စ...ဝိဇ္ဇာ ဂန္ဓာရီ ကိစ္စတွေ လုပ်ကြသလို၊ မသမာသူများက စေတီပျက်တွေက ဌာပနာတွေ ဖောက်ယူကြတာတွေ ရှိခဲ့ဖူးပုံရတယ်...ဘယ်ဘုရားစေတီမှ အဖောက် မလွတ်ဘူး...ကျုပ်တို့ရောက်စတုံ သည်ဘုရားပျက်တွေကြား ရောက်ကြရတယ်...အုတ်ပြိုအုတ်ပျက်တွေကြားက မြေဆိုးတွေ အလွန် ထွက်ပေါ်ဗျာ...ကျုပ်တို့ မိဘများက မြေတွေ့ရင် မသတ်ရဘူး မှာထားတော့ ပိုးထိတယ်ရယ်လို့လည်း မကြားဖူးဘူး...အခုလည်း ကျုပ်တို့

သည်တောထဲမှာ မြေတွေ ကျင်းဖွဲ့နေကြတဲ့ မြေသိုက်တွေ များလှပေါ့...တောကြီးမြေဟောက်တွေ၊ ငန်းကျားငန်းနက်တွေ များပါတယ်...သမုန်းကျင်းမြို့ဟောင်းပတ်လည်မှာ ရှေးမြို့ရိုးကြီးတွေ တွေ့နိုင်တယ်...ပြိုနေတဲ့နေရာ ကပြို၊ မြေကြီးထဲ ကျုံဝင်တာရော ဝင်ပေါ့လေ...သခါရတရားဟာ နေရာတကာမှာ ရှိတာပဲ...တစ်ခါက ရှေးမြို့ကြီးဟာ အခုအခါမှာတော့ အိပ်မက်ဖြစ်နေပြီပေါ့ဗျာ"

"အင်္ဂလိပ်တွေက သူတို့ကိုယ်တိုင် သစ်ထုတ်တာရှိသလို၊ ကုမ္ပဏီတွေ အငှားချလိုက်တော့ လုပ်ကွက်တွေ ပိုင်းခြားပြီး ဆံပင်များ သင်တုန်းဓားနဲ့ ရိတ်ချသလို ရိတ်ကြလေတော့ တောကြီးခများ နောက်ဆုတ်သွားလိုက်တာ လူပြေးတာထက် မြန်သေးကိုး...သည်သစ်တောကြီးထဲက သစ်တွေထုတ်တာတော့ ဟုတ်ပါရဲ့ ထုတ်ပြီးသားသစ်တွေကို လမ်းစနန်းသာတဲ့ဆီ ရောက်အောင်ပို့ဖို့ အင်မတန်ခက်တယ်...ရေစီးတဲ့ချောင်းကောင်းကောင်း, မြစ်ကောင်းကောင်း သည်နားမှာ မရှိဘူး...သစ်ကားတွေနဲ့ တိုက်ဖို့ကျတော့ လမ်းလိုတယ်... ယန္တရားလိုတယ်...ဒါကိုဖြည့်ဖို့ကျတော့ ကုမ္ပဏီတွေက စရိတ်မှုခံနိုင်ကြပြန်တော့ အင်္ဂလိပ်အစိုးရက လမ်းတွေ ဖောက်ပေးရတယ်...သစ်ထုတ်ရာလမ်းတွေဆိုတော့ တစ်ရာသီစာကောင်းရင် ပြီးရောကိုး...မိုးတွင်းကျတော့ ပျက်ပြီ...နောက်နှစ် ပြန်ဖော်၊ ဒါနဲ့ကြောင့် ကျုပ်တို့ တောထဲ ကြီးခဲ့ရတယ်လို့ ပြောတာက စကားအဖြစ်မဟုတ်ဘူး...ဘယ်မှ သွားချင်လို့ သွားမဖြစ်ဘူး...သခွပ်ပင်၊ အင်ကြင်းတော ကျားကိုက်ဆိုတဲ့ ဘူတာတွေ ဆရာမ တွေ့ခဲ့မှာပေါ့...တောင်ဘက်ကို ဆက်သွားတော့ အင်းတောတဲ့... ကျွန်းတောတဲ့...နွားသေတဲ့... ကျားပုပ်တဲ့...မုဆိုးကျတဲ့...တောနက်တဲ့...ဆင်လူးဆိုင်တဲ့...ဒါတွေက နာမည်သာရှိတာ လူမရှိဘူး...အခု သည်နားရွာတွေဖြစ်တဲ့ ကျောက်တန်းရွှေတော၊ ခလောက်စွဲ၊ ခံတစ်ကန်၊ မိုးထိ၊ လှေးဆုံး

www.burmeseclassic.com

www.burmeseclassic.com

ရောက်ပင်တော၊ မိုးနံ့ ဆိုတာတွေကလည်း လူတွေနေမှ ဖြစ်လာတာ နဝို ဘာရှိမှာတုံး...မီးလောင်တောပြန့်ထဲမှာ ပတတ်စာတွေ ဖွေးနေအောင်ပွင့်တဲ့ နေရာကို ပတတ်စာကုန်း ခေါ်တာပဲ...မိုးနံပင်တွေများတဲ့နေရာကို မိုးနံခေါ်တာပဲ...တောရောက်ပင်ချုံတွေများတော့ ရောက်ပင်တောပေါ့...သစ်ပင်ကြီးထဲက သစ်ပင်မပေါက်တဲ့ ကွက်လပ်ကြီးက အရိပ်မရှိ ဘာမရှိကိုး...နေပူကုန်း ခေါ်တာပေါ့...တောခံတက် ပင်ကြီးတွေချည်း သန့်သန့်ပေါက်တဲ့နေရာက ခံတက်ကန်...ဒါပါပဲ။ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး...ရှေးက ကြိုရောက်နှင့်သူတွေက ရှိခဲ့တဲ့သစ်ပင် မှိုပြီး ပေးခဲ့တဲ့ နာမည်တွေပါ...။

အင်္ကလိပ်က သစ်တောကြီးထူတဲ့ အင်တော ကညင်တောကြီးတွေ ကျွန်းတောကြီးတွေရှိတဲ့ဘက်ကို ချန်ပြီး တစ်ဖက်မှာ လူနေဖြစ်အောင် လမ်းအူကြောင်း ဖောပေးတယ်...သစ်တောတွေ ရှင်းတယ်...ဝေးဝေးမှာ တောင်ဆက်တန်းကြီးတော့ အဲသည်ဘက်က စီးတဲ့ရေကို မြောင်းသွယ်ပြီး ဆည်ခံပေးတယ်...ရေရှိတယ်, မြေရှိတယ်ဆိုတော့ ရောက်နှင့် သူတွေက မြေရိုင်းမှာ လယ်တီကြတယ်...ရွာရယ်လို့သာ ပြောတာ နေနိုင်သူတွေက လာနေကြရာက စည်လာတာကိုး...။

ကျူပ်တို့ကြုံခဲ့ရတဲ့ ဘဝတွေ ပြောရင်တော့ အများကြီးပေါ့...အခု ရှိနေကြတဲ့ ကိုဘဆင်တို့, ကိုပါနောက်တို့, ကိုကျန်ပေါ်တို့က ရောက်လာတာ ကြာပြီဆိုပေသိ တော်တော်လေးတော့ နောက်ကျတယ်...ဟောသည် ကိုကြီးကြာဆိုရင် ကျူပ်နဲ့ တောထဲမှာ ကစား ဖော်ကစားဖက်ပဲ...သူလည်း ရှစ်ဆယ်ကျော်ပြီ...သူ့ကုလားနာမည်က ဂျာဂျီး...ကျူပ်တို့ဗမာတွေက ကြိုးကြာ ခေါ်ကြတာပဲ...သူ့အဖေက တောထဲက ကုလားအလုပ်သမားတွေရဲ့ အလုပ်သမားခေါင်းကြီး...ကျူပ်အဖေနဲ့ မိတ်ဆွေတွေ...ကျူပ်တို့က ငယ်ငယ်ဆိုတော့ အင်မတန် ကဲတာကိုး...အဖေက ဒီဘူးနဲ့ ကြိုးကြာ တွေ့ကြပြီပေါ့ကွာ

တဲ့...ဒါတွေထားလိုက်တော့...ဆရာမ သိချင်တဲ့ဘက် ပြောရအောင်။ ကျူပ်ဆယ်နှစ်သားလောက်က ထင်ပါရဲ့...သည်သစ်တောကြီးကို ပထမဆုံး ရောက်လာတဲ့ဘိုက ကတ်သခင်...မစ္စတာ ဒန်းကဒ်ကို ဗမာခေါ်ခေါ်တော့ ကတ်သခင်ပေါ့...ကတ်သခင်က သားမယားခေါ်မလာဘူး ရန်ကုန်မှာ ထားခဲ့တာ...သူရောက်လာပြီး မကြာဘူး နောက်က အင်ဂျင်နီယာတွေ ပါလာပြီး ဘိုတဲတွေ, ဘန်ဂလိုတွေ, နေအိမ်တွေ, တန်းလျားတွေ, ဆောက်တာပဲ...အများကြီးပေါ့...အခု ကျူပ်တို့ စကားပြောနေတဲ့နေရာက အခုမှ တောစပ်တောဝ ဖြစ်သွားတာ ရှေးက သစ်တောကြီးပဲ...သစ်တောကြီးကို စက်ယန္တရားများနဲ့ ဝိုက်လိုးပြီး ဆောက်ကြတယ်...လမ်းဖောက်ကြတယ်...အစေခံတွေကချည်း မနည်းဘူး...ရန်ကုန်ကနေ တစ်ပတ်တစ်ခါ စားရေရိက္ခာတွေ လာတယ်...ကျူပ်တို့လို ကလေးတွေကို ချစ်တော့ သူတို့ပေးတဲ့ မုန့်တွေ စားရတယ်...အားလုံးပြီးတော့မှ တိုင်းတာရေးအဖွဲ့တွေ...တောသဘာဝ, သစ်ပင်သဘာဝ လေ့လာသူတွေ...သစ်ထုတ်ရမယ့် ဧရိယာတွေ...သယ်ယူပို့ဆောင်ရေးကိစ္စတွေကို တိုင်းတာတွက်ချက်ပြီး အစီရင်ခံတော့မှ တစ်အုပ်ကြီး ပါလာတာပါ...ကုလားအလုပ်သမားတွေက ပိုများတယ်...အင်္ကလိပ်တိုင်ယင်းတွေလည်း အများကြီး ပါလာကြတယ်...မြန်မာလူမျိုးတွေလည်း သူ့အဆက်နဲ့သူ ရောက်လာကြရာက သည်မှာနေသူကနေ...တောပြင်မှာ အိမ်ဆောက်နေသူကနေပေါ့...လခကောင်းကောင်း ပေးတယ်...ရိက္ခာခြောက်လည်းပေးတယ်...ရောဂါဘယနဲ့ ပျက်စီးတာတွေလည်း များတယ်...။

အင်္ကလိပ်တွေက တောပစ်ဝါသနာထဲကြတော့ ကျားဆိုး ဆင်ဆိုးများ ပေါချင်တိုင်းပေါရာက တောဆုတ်သွားကြတယ်...အင်္ကလိပ်သစ်တော ဘိုတွေက အမဲပစ်ပြီး စားချင်မှစားတာဆိုတော့ ကျန်တာ ခေါ်လုပ်

www.burmeseclassic.com

www.burmeseclassic.com

သမားတွေထဲ ချပေးလိုက်တာပဲ...သမင်တို့၊ ဂျီတို့၊ ဒရယ်တို့ ဟာတော့ ပေါင်နှစ်ချောင်း ဖြတ်ယူပြီး ကင်တန်ကင်...ကျပ်တန် တန်တာတင်...ချိုလှလှပါတဲ့ သတ္တဝါတွေကျတော့ အလုပ်သမား တွေက ကောင်းကောင်းလုပ်ပေးရတယ်...သူတို့က ရန်ကုန်မှာ တစ်ဆင့် အင်္ဂလန် ပို့တယ်ပြောတာပဲ...။

ကတ်သခင် ပြန်တော့ နောက်ထပ်ဘိုတွေ အများကြီး ရောက်လာ တယ်...နေသင့်သလောက်နေပြီး လက်ထောက်ဘိုနဲ့ ထားပြန်ကြ များပါတယ်...သူတို့ မနေနိုင်ဘူး...ပြောသာပြောတာ လက်ထော ဘိုကလေးတွေကလည်း ပြန်ကြတာပါပဲ...သည်တော့ ပြည်တွင်း သစ်တောအရာရှိရယ်လို့ ခန့်ထားကြတယ်...ကျပ်တို့လူမျိုး အရာ တွေက လခကောင်းကောင်း ရကြတယ်...ရာထူးကောင်းကော ရကြတယ်...တောထဲမှာ ရာနဲ့ချီတဲ့ အလုပ်သမားတွေအပေါ် အုပ် ရတယ်...မြို့ရိက္ခာ အလကားရတယ်ဆိုတော့ အင်္ဂလိပ်ဘိုတွေ တောင် စည်းစိမ်ခံကြသေးတယ်...မောက်မာတဲ့လူ၊ မာနကြီးတဲ့ လူကို လူမထင်တဲ့လူ၊ လူမိုက်ဂိုဏ်းဖွဲ့ထားပြီး ချောင်းရေး သတ်ဖြတ်တာကအစပေါ့လေ...ရက်စက်ကြမ်းကြုတ်တဲ့ လူတွေလို့ ချည်းပါပဲ...တောထဲမှာဆိုတော့ သူတို့ကို ကြောက်နေအောင်လုပ် ပါသလို...စရိုက်ဘာသာ မာနကြီးတာတွေလည်း ပါပါတယ်...

သည်လိုနဲ့ အင်္ဂလိပ်နှစ် တစ်ထောင့်ကိုးရာလေးဆယ့်ခြောက်ခု ကျပန်တွေ ဆုတ်ပြီးလို့ အင်္ဂလိပ်တွေ ပြန်ဝင်ချိန်မှာ ဗမာသစ် အရာရှိ ဦးစောညွှန့်ဆိုသူ ရောက်လာတယ်...ကျပ်တို့က တောထဲ နေကြရတာဆိုတော့ ကျပန်ဝင်တာ ထွက်တာ၊ အင်္ဂလိပ်ပြေးတာ ပြန် တာတွေတာတွေ မသိကြရဘူး...နောက်တော့မှ သိတာပါ...ပြန် ယူပြီး သည်လိုတော့ ဖြစ်ခဲ့တယ်ဆိုတာ သဘောပေါက်ရတာပါ ဦးစောညွှန့် ရောက်လာတော့ ကိုယ့်ဗမာထဲက ရောက်လာသူတို့

သစ်တောအလုပ်က ငါးနှစ်လောက် စစ်ကြီးဖြစ်လို့ ရပ်ဆိုင်းနေရာထဲ ပြန်လှုပ်လာတော့ နဂို လူရင်းတွေက နည်းပါပြီ...တခြားရောထွေး ကုန်ပြီ...ကျပ်တို့လည်း ရောက်တာပါပဲ...အလုပ်တွေ ပြန်ဖွင့်ပြီဆိုမှ အုံကြိုးကျင်းကြိုး ပြန်လာကြတာ...။

အင်္ဂလိပ်က စနစ်တော့ကျတယ်...ရောက်လာသူတွေကို နဂို့ရာထူး အပြင် ရာထူးတစ်ဆင့် တိုးပေးလေတော့ လူဟောင်းတွေက သတင်း ကြားရာအရပ်က အပြေးလာကြတာရှိသလို...ပျက်စီးသူတွေလည်း မလာနိုင်ကြရှာပါဘူး...အဖေနဲ့ကျပ် ပြန်ရောက်လာပေမယ့် သစ်တောအရာရှိက တောထဲက ဘယ်သူ့ကိုမှ သိတာမဟုတ်ဘူး... မျက်နှာထားဆိုးဆိုး...အသားအရေပါးပါး...ရွှေကိုင်းမျက်မှန်နဲ့ ရွိုးကောင်းကောင်းဗျ...မှန်ပြောင်းတစ်လက် အမြဲလွယ်ထားတာ... တောရန်သူ လူရန်သူ အဝေးကတည်းက မြင်နိုင်လောက်အောင် ဆောင်ထားတာ...ခြောက်လုံးပြူးသေနတ်က ခါးမှာ တွဲလောင်းနဲ့... အဖေတို့လို တောခေါင်းတွေက တစ်ခုခုပြောဖို့လာရင် ဂိတ်ဒရဝမ်က အထပ်ထပ်စစ်သေးတာ...ဘာကိစ္စ ဘာအကြောင်း ဒရဝမ်က သွားပြော လို့ ဝင်ခဲ့စေဆိုမှ ဝင်ရတာပါ...ဝင်လာရင်လည်း ခြောက်လုံးပြူး ကို စားပွဲပေါ်တင်ပြီး အရက်ခွက်နဲ့ စောင့်နေတာ...သူက အင်္ဂလိပ် ထက် ဆိုးသေးတယ်...မောင်းမင်းတို့ ဘာတို့ခေါ်တာ...သူ့ကိုယ်သူ စောသခင်တဲ့...ကျပ်တို့ အလုပ်သမားတွေက ကွယ်ရာမှာ ဆင်သခေါ ခေါ်ကြတာ...ဆင်သခေါ စောသခင်ပေါ့လေ...။

ကိုင်း...တဖြုတ်နားကြဦးစို့...မောင်မင်းအောင်မြင့်...အဘတို့ ကော်ဖီတစ်ခွက် ပေးစမ်းကွယ်...ပါးစပ်တွေ ချဲ့လွန်းလို့...နေဦး... ကိုကြီးကြာကလည်း အတော်သီတယ်...သူလည်း ပြောပါလိမ့်မယ်... သူ့အဖေက စောသခင်တို့ ဘိုတဲမှာရှိတဲ့ ကုလားအလုပ်သမားဆွေရဲ့

www.burmeseclassic.com

www.burmeseclassic.com

ဆရာ...ကိုကြိုးကြာက ကျူပ်လိုပဲ အရွယ်ကောင်း...စောသခင်တို့ ဘိုတဲမှာ တော်တော်ကြာကြာ နေခဲ့ရတဲ့လူ..."

အားလုံး ငြိမ်သက်နေရာက ပြန်လှုပ်လာကြပါ၏။ ခင်စောမူက ဆရာ့ အသက်ရှူဖို့ သတိရသလို ခံစားနေရသည်။ ကော်ဖီတွေ ရောက်လာတော့ ကိုမင်းအောင်မြင့်က ခင်စောမူကို ပြုံးပြနေသည်။ ဘယ်နှယ်တုံးပေါ့။ ခင်စောမူက ခေါင်းညိတ်ပြသည်။ စိတ်ဝင်စားစရာ ကောင်းလိုက်တာ ဆိုသည့်သဘော ဘကြီးဦးလုံးတော့ မောရောမည်။ အသက်ရှစ်ဆယ့်ခြောက်နှစ်ဆိုသော်လည်း ကျန်းမာလို့ တော်သေးသည်။ စကားတော့ များများပြောနိုင်သည်။ ခင်စောမူက ဘကြီးကြီးကြာကို အကဲခတ်သည်။ မစောညွန့်ဆိုသူ၏အကြောင်း တစ်စုံတစ်ရာကို သိလောက်သူဖြစ်သည်။ မစောညွန့်တို့ ဘိုတဲကြီးမှာ အကြာကြီးနေခဲ့သူ ဆိုတော့ သည်မိသားစုအကြောင်း များများကြီး သိနိုင်လိမ့်မည်။ ဘကြီးကြီးကြာက အသားမည်းမည်း လူပုပျော့ပျော့ ဆိုသော်လည်း အမြဲတမ်း ပြုံးနေသူ ဖြစ်သည်။ တကယ်တမ်း စကားပြောတော့ မြန်မာရည် လည်လှသည်။ နှစ်ပေါင်း များစွာ သစ်တောထဲမှာ နေခဲ့သူဆိုတော့ ရှက်ရွံ့သလိုလို အမူအရာကိုလည်း တွေ့ရပါ၏။

"ပြောပါဦး အဘကြီးကြာရဲ့...ကျွန်မက သူ့သမီးတွေအကြောင်း သိချင်လို့ပါ...သမိုန်းကျင်းမှာ ဘယ်သူမှမေးလို့ ကောင်းကောင်း မပြောနိုင်ကြဘူး...သူတို့က မိသားစုလိုက် လာနေကြာတာလား... တစ်ခါတစ်ခါမှ လိုက်လာကြတာလား..."

"စောသခင်ရဲ့ သမီးတွေလား...သူတို့ သစ်တောထဲ ရောက်လာကြတော့ ငယ်ကြသေးတယ်...အဲဒါက သူတို့အမေ သူတို့အဖေတွေရဲ့ ပြဿနာကြောင့် ရောက်လာကြတာပါ...စောသခင်က စိတ်ထားမကောင်းဘူး...လူတစ်ယောက်ကို သမင်တစ်ကောင် ကြိုတစ်ကောင် လောက်တောင် အရေးမလုပ်ဘူး...ကျူပ်အဖေက သူတို့ဘိုတဲကြီးမှာ အစစအရာရာ တာဝန်ယူရတယ်...အဲသည်အချိန်မှာ အဖေက

အသက်ကြီးပြီဆိုတော့ ကျူပ်က အဲသည်အိမ်ကြီးကို ဝင်ရင်း ထွက်ရင်း ရောက်ရတာပါ...ကျူပ်ကိုတောင် ရောက်စက မယုံဘူး...သူတို့ဘာသည်မရောက်ခင် ပြဿနာတွေ ရှိခဲ့ပုံ ရတယ်...ဘာတွေဖြစ်ခဲ့တယ်ဆိုတာတော့ ကျူပ်တို့ မသိရဘူး...သို့သော်လည်း စောသခင်က အရက်မူးလာရင် ဘိုတဲပေါ်ကနေ စိတ်ထဲ ရှိုးရှိုးရိုပ်ရိုပ် ခြင်တာနဲ့ ခြောက်လုံးပြူးနဲ့ လှမ်းပစ်တတ်တယ်...သည်တော့ ဘယ်ယောက်ျား အရေးကြီးကြီး ညာဘက် ဘိုတဲနား ဘယ်သူမှ မကပ်ဘူး...တစ်ရက်မှာ ဘာဖြစ်သလဲဆိုတော့..."

လေက အေးမြနေသည်။ ပြတင်းတံခါးတွေ အားလုံး ဖွင့်ထားသော်လည်း သံပန်းတွေ တပ်ထားသဖြင့် လုံခြုံပါ၏။ တစ်ခါတဝ်ရံ ညာဘက် မီးထွန်းထားလျှင် မီးရောင်ကို စိတ်ဝင်စားသော တောတိရစ္ဆာန်တွေ ပြတင်းပေါက်နား အထိ ရောက်လာတတ်ကြောင်း မောင်လှမြင့်က ပြောပြဖူးတာကို ခင်စောမူ သတိရသည်။ ဦးကြိုးကြာ ၏ အသံက အခန်းထဲမှာ ကောင်းကောင်းကြား နိုင်သည်။

"တစ်ရက်မှာ ဘာဖြစ်သလဲဆိုတော့ စောသခင်က ညနေဘက် အရက်တွေ သောက်ထားတာ တော်တော်များနေတယ်...တစ်နေကုန် သောက်နေတာပဲ...သူ့အနားကို ကျူပ်ဝင်ကပ်လို့ရတယ်...ထမင်းချက်က ချက်ပြုတ်ပြီးရင် ကျူပ်က သူစားဖို့ ပြင်ဆင်ပေးရတယ်...ကျူပ်က သူ့ရှေ့မှာ ဟင်းတွေ မြည်းပြရတယ်...သူက ဘယ်သူ့မှ မယုံဘူး...သူ့ကို လူတွေက အဆိပ်ခတ်မယ်, သေနတ်နဲ့ ချောင်းပစ်မယ် စသဖြင့် ထင်နေတာပဲ...ဒါက ရန်ကုန်က ပါလာတဲ့ ပြဿနာဖြစ်ပုံရတယ်...အဲသည်နေ့က ဘိုတဲ ဝရန်တာမှာ ထိုင်ရင်း မောင်လာတော့ သူ ကြောက်လာပုံရတယ်...အတွင်းခန်းထဲ ဝင်မယ်လုပ်နေတုန်းမှာ ခြင်္ဂ က လှန်ယောက် ဝင်လာတယ်...ဒါ သူက ပြောပြတာ...ကျူပ်တို့က နောက်ဖေးတန်းလျားမှာ နေရတာဆိုတော့ ခြင်္ဂကို ဘိုတဲတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

လို့ မမြင်ရဘူး...လူနှစ်ယောက်က မပြောမဆို ဝင်လာတော့ သူက ဘယ်သူတွေလဲလို့ လှမ်းအော်သတဲ့...အော်ပေမယ့် လူနှစ်ယောက်က စကားမပြော ဘာမပြောနဲ့ လေ့ကားရှိရာကို လျှောက်လာတာလည်း တွေ့ရော ခြောက်လုံးပြူး ကောက်ကိုင်ထားလိုက်ပြီ...လေ့ကားက တက်လာရင် ပစ်မယ်ပေါ့...လူနှစ်ယောက် လေ့ကားခြေကို ရောက်နေပြီလည်းဆိုရော မတ်တတ်ရပ်ပြီး နှစ်ချက်ဆင့်ပစ်လိုက်ပါရော...သည်တော့မှ ကျုပ်တို့က သေနတ်သံကြောင့် ပြေးထွက်သွားကြရတယ်...ဘိုတဲပေါ် မတတ်ရဲကြတော့ ကျုပ်ပဲ တက်သွားခဲ့တယ်...ကြိုးကြာတဲ့...ငါ လူနှစ်ယောက်ကို ပစ်ချလိုက်ပြီ...လေ့ကားရင်းမှာ အလောင်းနှစ်လောင်းရှိတယ်...မြေမြှုပ်ခိုင်းလိုက်တဲ့...ကျုပ်က လေ့ကားက တက်လာတာပဲ မတွေ့ခဲ့ပါဘူး...စောသခင် အထင်မှားလို့ဖြစ်မှာပါလို့ အင်္ဂလိပ်လို ပြောလိုက်တယ်...စောသခင်က စိတ်ဆိုးလိုက်တာဗျာ...ကျုပ်ကို ဆဲတယ်...သူကိုယ်တိုင် လေ့ကားကို တစ်ခေါက်ဆင်းကြည့်တယ်...ဘာမှမရှိဘူး...အဲသည်မှာ အသံဆိုးကြီးနဲ့ အော်တော့တာပဲ...တိရစ္ဆာန်တစ်ကောင်လို အော်နေတာများ ကြောက်စရာကောင်းလွန်းလို့ ကျုပ်လည်း ပြန်ဆင်းပြေးခဲ့ရတယ်"

စောသခင် ခေါ်ကြသည့် ဦးစောညွန့်.နှင့်ပတ်သက်၍ ဘကြီးဒိုးလုံးကလည်း ပြောပြသည်။ ဦးဘဆင်၊ ဦးပါနောက် တို့.ကလည်း ရှေးကတစ်ဆင့် ကြားဖူးနားဝတွေ တစ်ယောက်စီ ပြောပြနေကြပါ၏။ ဦးစောညွန့်.အိမ်ကြီးမှာ လူယုံတော်အဖြစ် နေခဲ့ရသူ ဦးကြိုးကြာကတော့ အတွင်းရေးတွေပါ သိသူဖြစ်သည်။ ဦးကြိုးကြာက လောလောဆယ်မှာ သစ်တောက ခေါ်ယူထားသူ မဟုတ်တော့ သားသမီးမြေးများနှင့် ခလောက်ဆွဲရွာမှာ နေသူဖြစ်၏။ ကိုမင်းအောင်မြင့်နှင့် နဂိုက အဆက်အစပ်မရှိ။ ဦးစောညွန့်. မိသားစုအကြောင်း ပြောနိုင်သူအဖြစ် ဘကြီးဒိုးလုံးက ခေါ်လာခြင်းဖြစ်သည်။

"သစ်တောအရာရှိ ဦးစောညွန့်.အကြောင်းတော့ ကျုပ်တို့.ကိုထင်ကိုင် မကြုံခဲ့တာပဲရှိတယ်...ကြားဖူးတာတွေ ရှိပါ့ဗျ...အရာရှိအချင်းချင်း ဖဲများရိုက်ရင် အင်မတန်ကျွမ်းကျင်သတဲ့ဗျ...ဖဲများ လိုချင်တဲ့ဖဲ ကျအောင် ခေါ်နိုင်တယ်လို့.တောင် ပြောကြတယ်...အောက်လမ်းနည်းပဲလား မရိုးမသား လုပ်တာလားတော့ မသိဘူးပေါ့ဗျာ...ကျုပ်တို့ ကြားဖူးတာများ သူ့.လက်နဲ့ ဖဲကုလားဖန်ထိုးရင် ဖဲချပ်တွေဆိုတာ လေထဲမှာ မွှတ်မွှတ်လည်နေတာတဲ့ဗျို့..."

ဦးပါနောက်က ဝင်ပြောခြင်းဖြစ်သည်။ ဦးဘဆင်ကလည်း ဦးစောညွန့်.သေနတ်လက်ဖြောင့်ပုံကို ကြားဖူးနားဝ ပြောပြပါ၏။ ဦးစောညွန့်.တွင် ခြောက်လုံးပြူးရော အမဲပစ်သေနတ်များပါ ရှိသည်ဟုဆိုသည်။ နေ့.စဉ်လိုလို သစ်တိုင်များ ဃါ မညီမညာ တင်ထားသော နို့ဆီခွက်များကို ပစ်ခတ်လေ့ရှိပြီး ပစ်တိုင်းလည်း ထိမှန်သည်ချည်းပင်။ တစ်ခါတော့ ပစ်ကွင်းထဲဝင်လာသော ဆိတ်တစ်ကောင်ကို ချော်ထိသွားခဲ့သည်။ ဦးစောညွန့်.က ရုက်ရုက်နှင့် ထိုဆိတ်ကို အချက်ပေါင်းများစွာ အကြိမ်ကြိမ်ပစ်ခတ်ခဲ့ရုံမက နောင် သစ်တောထဲ နေထိုင်ကြသူ ဝန်ထမ်းများ ဆိတ်မမွေးရဟု အမိန့်.ထုတ်ခဲ့သည်။ ဦးကြိုးကြာက သည်စကားကို ထောက်ခံသည်။ ဆိတ်က တောတွင်းသစ်ခုတ်သမား မာမက်၏ဆိတ်ဖြစ်ကြောင်း၊ မာမတ်က ဆိတ်နှစ်ကောင်, သုံးကောင် မွေးထားရာက လွတ်သွားပြီး ဘိုတဲဘက် ရောက်လာခြင်းဖြစ်ကြောင်း၊ ဆိတ်သေကို ထမ်းပြီး မာမက်အိမ်ကို သူပဲ သွားပို့ခဲ့ရကြောင်းတွေ ပြောပြသည်။

"လူက တော်တော့်ကို ဘိုစိတ်ပေါက်နေတာ ပြောကြပါကော ဦးကြိုးကြာရဲ့...စားတော့လည်း ဘိုစာများ စီစဉ်ပေးရဆို...ဟုတ်ကဲ့လား..."

"ဟုတ်ပါတယ်...မြန်မာအစားအစာ ချက်ပြုတ်ပေးရတာတော့ ရှိတယ်...စိတ်ကူးရရုံ စားတယ်...များသောအားဖြင့်က ယူရိုပီယန်ဖုဒ် စားတာများတယ်...လူက ပိန်ပိန်ကျစ်ကျစ်ဆိုပေသိ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com

ဖျတ်လတ်တယ်...သစ်တောတွင်းမှာ ခန့်ထားတဲ့ဝန်ထမ်းတွေ လွဲလို့ လူစိမ်းဧည့်တွေ ဘာတွေလည်း လက်မခံဘူးဗျ...ကြားရင် လက်ခံတဲ့လူလည်း မသက်သာဘူး...သူ့လက်အောက်ဝန်ထမ်းတွေ လွှတ်ပြီး စစ်ခိုင်းတယ်...ဘယ်သူလဲ, ဘယ်ကလဲ, ဘာလာလုပ်တာလဲပေါ့...ဒါကြောင့် တွေးကြတာပေါ့...တစ်ခုခုကို အမြင်ကြောက်လန့်နေတယ် ဆိုတာပါ"

ဦးဘဆင်က မေးတာကို ဦးကြိုးကြာက ဖြေခြင်းဖြစ်ပါ၏။ ခင်ဗျားကတော့ သူမ သိချင်နေသည့် သမီးတွေအကြောင်း စကားထဲ မပါသေးသော်လည်း ဦးစောညွန့်အကြောင်းကိုလည်း စိတ်ဝင်စားသည်။ လူကြီး လေး,ငါးယောက် ပြောသလောက်ဆိုလျှင် ဦးစောညွန့်က သစ်တောအရာရှိအဖြစ် တစ်ယောက်တည်း လာနေတာကပင် နှစ်အတန်ကြာခဲ့ပုံရသည်။ မိသားစုတွေ ရောက်မလာကြပဲ ဒါမှမဟုတ် ခေါ်မထားပဲ နေထိုင်တာကကော ရိုးရိုးပဲလား။ ဦးစောညွန့်က မခေါ်ထားတာလား၊ မိသားစုက မလိုက်ကြတာလား။ သူကကော သူ့ရှေ့က အင်္ဂလိပ်သစ်တောအရာရှိကြီးတွေလို အဝေးက အုပ်ချုပ်တာမျိုး မလုပ်ပဲ ကိုယ်တိုင် သစ်တောထဲ လာနေတာကလည်း အကြောင်းရှိမှာပေါ့။ ဒါကိုတော့ ဘကြီးဒိုးလုံးက ဖြေပါသည်။

"ဆရာမနှယ်...သူကသာ ဘိုရွာရွာနေတာပါ...သူက သစ်တောတာဝန်ခံပဲ...မြန်မာလူမျိုးတစ်ယောက်ပဲ...သစ်တောထဲမှာ မနေလို့ မရဘူး...သဘောကတော့ဗျာ အင်္ဂလိပ်က သူတို့လူမျိုးတွေ သည်လို နေရာမှာ အခြေချမနေလောက်ကြဘူးဆိုတာ သိတာကိုးဗျ...သည်တော့ ဗမာကို ရာထူးပေးပြီး သွားနေချေ ခိုင်းတာကိုးဗျ...သစ်တောထဲမှာသာ သူက စွာတာ...သူတို့အရာရှိလောကမှာတော့ ဘာမှ မဟုတ်ဘူးကိုး...သည်တော့ လာနေရတာပဲ...သူ့မိသားစုက ချက်ချင်း လိုက်မလာကြဘူး...သူ့မိန်းမက ခေါ်မရီလှတဲ့ဗျ...ပေါ်တူဂီကပြားမ ...မြင်းခြံ ဟောင်သာနယ်ထဲမှာရော ကန့်ဘလူ တန့်ဆည်ဘက်မှာပါ

ပေါ်တူဂီဆက်တွေ ရှိပါတယ်...သည်မြေပေါက် ပေါ်တူဂီအနွယ်တွေ ပြောရမယ်...အင်မတန်ချောကြတယ်...ကပြားဆိုတော့ မျက်လုံးမျက်ခုံး အင်မတန်လှတာကိုး...ကျုပ်တို့ သိရသလောက် ခေါ်မရီလှက အင်မတန်ချမ်းသာတဲ့မျိုးရိုးက ဆင်းလာသူဗျ...ဦးစောညွန့်က ရန်ကုန်မှာ ခြစ်ခြစ်ခြေတ်ခြေတ်နေပြီး ဘွဲ့ရခဲ့တာတဲ့...သို့သော်လည်း ဦးစောညွန့်က ဥဇာဏ်ကောင်းလို့ တက္ကသိုလ်မှာ အမှတ်ကောင်းကောင်း ရခဲ့တယ်ပြောတယ်...ဘယ်လိုအမှတ်တွေရယ်လို့တော့ ကျုပ်တို့က မသိပါဘူး...ခေါ်မရီလှက ကျုပ်တို့ကို ပြောဖူးတာပါ...ခေါ်မရီလှက အင်္ဂလိပ်ကျောင်းသူ ဆိုပေသိ မြန်မာစိတ် ကြီးရာသူပါ...ကျုပ်တို့ဆရာ ဦးစောညွန့်က ဗမာဖြစ်ပြီး ဘိုစိတ်ပေါက်နေတာကိုးဗျ..."

"တစ်ခါမှာတော့ သစ်တောထဲမှာ အမဲပစ်ရင်း မှားလာလို့နဲ့တူပါရဲ့...တစ်ညမှာ သရဲပူးသလိုလို တစ္ဆေကပ်သလိုလို ဖြစ်တာကိုဗျ...ခေါ်မရီလှတို့ မရောက်သေးဘူး...သူက ဘိုရွား...ဗမာဆရာ ခေါ်ကုဖို့ကလည်း ခက်တော့ ကျုပ်တို့ကလည်း မကပ်ဝံ့ဘူးလေ...သူ့လက်ထောက်အရာရှိ ပေါက်စကလေးတွေကလည်း မဆုံးဖြတ်ဝံ့ဘူး...ညဘက်မှာ အခြေအနေက တော်တော်ဆိုးပြီ...သူ့အသံမဟုတ်တဲ့ အသံကြီးနဲ့ အော်နေတာများ ကြောက်စရာဗျာ...မဖြစ်ချေဘူးဆိုပြီး သမုန်းကျင်းရွာဘက် ထွက်ပြီး ပယောဂဆရာ ညတွင်းချင်းရှာရတယ်...အထက်လမ်းဆရာပါ...ဦးဘကြီးတဲ့...အဲသည်တုန်းက သမုန်းကျင်းမှာ အိမ်ကလေးတွေ ရှိလာပါပြီ...ဆိုင်ကလေး ကန္ဒာလေးတွေ ရှိလာပြီ..."

"ကုတော့ လက်ခံသလား...မသောင်းကျန်းဘူးလား..."

ကိုမင်းအောင်မြင့်က ဝင်မေးခြင်းဖြစ်သည်။ သူလည်း စိတ်ဝင်စားသားပဲ။ စိတ်မဝင်စားသူက မရှေးပင်။ မရှေးက ပန်းကန်ခွက်ပန်းဘက်တွေ

www.burmeseclassic.com

www.burmeseclassic.com

သိမ်းတာ ဆေးတာတွေလောက်သာ အာရုံရှိသည်။ ညဉ့်နက်လျှင် ခေါက်ဆွဲကြော်ဖို့လည်း ရှိသည်။ ခင်စောမူကတော့ သူမ မေးချင်သည့် မေးခွန်းကို ကိုမင်းအောင်မြင့် မေးလိုက်သဖြင့် မမေးဖြစ်တော့။

"လက်ခံတယ်ရယ် ဘယ်ဟုယ်ပါ့မလဲ မောင်မင်းအောင်မြင့်ရယ်... ကျွန်မက လူစိတ်ပျောက်နေတာကိုး...ဆရာကြီး ဦးဘကြီးက ညတွင်ချင်း လိုက်လာပါတယ်...သည်ခေတ်လို သွားရေးလာရေးက မလွယ်ကူတော့ ဆရာကြီးကို အလုပ်သမားတွေက စောင့်ပုခက်နဲ့ သွားထမ်းပြီး အပါပင့်ရတာ...ဆရာကြီး ရောက်လာတော့ မိုးလင်းကာနီးပြီ... ဦးစောညွန့်ကလည်း မျက်လုံးပြူးကြီးနဲ့ စကားတွေ ဟိုပြောသည်ပြော ပြောနေတုန်းပဲ...ဆရာကြီးမလာခင် ကိုကြီးကြာတို့က ခြောက်လုံးပြူးသေနတ်တွေ ဝှက်ထားရသတဲ့...ဒါတောင် သတိလည်လာတိုင်း သေနတ်တောင်းသတဲ့...မှတ်မိလား...ကိုကြီးကြာ..."

"မှတ်မိပါ့ဗျာ...အဲသည်ညက ဘိုတဲအောက်မှာ အလုပ်သမားတွေ ပြည့်လို့...အထက်လမ်းဆရာကြီးက စောသခင်ကို ဆေးကုတော့မယ် ကြားတော့ လာကြတာပေါ့ဗျာ...အဲသည်ညကအကြောင်း ပြောရဦးမယ်ဗျ..."

ဦးကြီးကြာက မျက်လုံးတွေ မှေးကာ အချိန်ယူ စဉ်းစားနေပါ၏။ နောက်မှ သတိရဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

"အဲသည်ညကအကြောင်းကလည်း ကြောက်စရာပါဗျာ..."

(၁၆)

ထိုညက လမိုက်ရက်ဖြစ်၍ ဘိုတဲပေါ်မှာ အမှောင်ရိပ်ကြီးကျလျက်ရှိ၏။ ထွန်းထားသော မှန်အိမ်တွေ များလွန်း၍သာ အတော်အတန် လင်းနေခြင်းဖြစ်သည်။ တစ်ညလုံးလိုလို အော်ဟစ်နေခဲ့သော ဦးစောညွန့်သည် ည သန်းခေါင်ကျော်လောက်မှာ အိပ်ပျော်သွားခဲ့သဖြင့် ဘိုတဲပေါ်က အော်ဟစ်သံတွေ ခေတ္တတိတ်သွားခဲ့သည်။ မိုးလင်းကာနီး ပြန်နိုးလာပြီး အရက်ခန်းကို ကိုယ်တိုင်ဝင်ကာ အရက်ထပ်သောက်သည်။ ဦးကြီးကြာတို့ အိမ်ဖော်ကြီးတွေက မအိပ်ပဲ စောင့်နေကြရသည်။ ဦးစောညွန့် အရက်သောက်ရာ အခန်းထဲအထိ ဦးကြီးကြာ လိုက်သွားတော့ လှည့်ကြည့်လိုက်သည့် မျက်လုံးတွေက ဒုန်လှပ်ချောက်ချားစရာ ကောင်းသလောက် ကြောက်ရွံ့ထိတ်လန့်နေပုံ အထင်သားပေါ်နေသည်။ ညဦးက ဖောက်နေသောစိတ်တော့ ငြိမ်ပြီထင်ပါရဲ့ အွေးနေတုန်း ဦးကြီးကြာကို မသိသလို လုပ်နေသဖြင့် "စောသခင်...သတိထားပါ... ကျွန်တော်မျိုး ကြီးကြာပါ...စောသခင် ဘာစားချင်သလဲ လုပ်ထားပေါ့မယ်" လို့ အင်္ကလိပ်ဘာသာဖြင့် မေးလိုက်သည် ဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"အင်္ဂလိပ်လို မေးရ ပြောရတာက ကျုပ်နဲ့ စကားပြောရင် သူတို့ အင်္ဂလိပ်လိုပဲ ပြောနေကျမို့ပါ...သူ သတိကလေး လည်ပါစေတော့ ရယ်လို့ ပြောရိုးပြောစဉ် ပြောရတာပေါ့...ကျုပ်က အင်္ဂလိပ်စကား ပြောလို့ ရှိရင် ကုလားသံ ဝဲတယ်...ဒါကို သူ မှတ်မိတယ်...တစ်ခါ တလေ များများပြောရမယ့်အကြောင်း ရှိရင်တော့ ဗမာလိုပြောတယ်...အင်္ဂလိပ်လို ပြောရတာကိုး...ကျုပ်တော့ သူက ချစ်တယ်...ကမ္ဘာ့ဈေး ဖတ်မယ့် ကုလားလို့ ပြောလေ့ရှိတယ်...အဝေးမှာရှိတဲ့ သူ့သမီး တွေအကြောင်း...သူ့မိန်းမအကြောင်းပြောရင် ဗမာလိုပြောတယ်...အဲသည်ညကအကြောင်း ပြောပါ့မယ်...မနက် မိုးလင်းကာနီးတော့ ပိုသောင်းကျန်းလာပြီ...အရက်ကြောင်တာပဲလား...ပယောဂ, အတိုက် တာပဲလားတော့ မပြောနိုင်ပါဘူး...အဲသည်မနက်က ဘိုတဲအောက်မှာ အလုပ်သမားတွေ ခဲလို့...အလုပ်သမားတွေက စောသခင် သရဲခြောက် တယ် ပြောကြတယ်...သူ့ကို မုန်းတော့ ကုပ်ချိုးလိုက်ရင် ပြီးရော ဆိုတဲ့လူက ခပ်များများကိုး..."

ရွာက စောင်ပုခက်နှင့် ပင့်လာသော ဆရာကြီး ဦးဘကြီး လှေကား ပေါ်က တက်လာသည့်အခါ မျက်လုံးတွေ လည်လျက်ရှိပြီး 'မင်း...ဘသောင်း မဟုတ်လား...ခု ဆင်းသွားစမ်း...ကြိုးကြာ...ငါ့သေနတ် ပေးစမ်း...ဘသောင်း ဘယ်လိုရောက်လာတာလဲ...မင်း ဘာကိစ္စလာတာလဲ...မင်းက သေပြီးသား ကောင်...' စသည်ဖြင့် အော်သည် ဆို၏။ ဆရာကြီး ဦးဘကြီးက ဘုရားစင် ရှေ့ထိုင်ကာ တရားထိုင်သလို ထိုင်နေသည်။ ဘုရားစင်ဆိုသော်လည်း အင်္ဂလိပ် ဘန်ဂလို ဘိုတဲကြီးဖြစ်၍ ဘုရားစင်ဟူ၍ မရှိခဲ့ပဲ ဦးစောညွန့် ရောက်လာ တော့လည်း ဘုရားစင်ရယ် ဘာရယ်မရှိပဲ အင်္ဂလိပ်တွေနေသလို နေခဲ့သည်ဆို၏။ ဆရာကြီးက တရားဖြတ်ပြီး ဦးစောညွန့်ကို လာ...သည်ရှေ့လာထိုင်ဆိုတော့ ငြိမ်ငြိမ်ကလေး လာထိုင်သည်။ ဆရာကြီးက သူဆွဲထားသည့် ပုတီးကုံးကြီးကို

ဦးစောညွန့်ကို စွပ်ပေးထားပြီး ဆေးတိုက် ရေတိုက်တော့လည်း အသာတကြည် သောက်သည်။ မျက်လုံးတွေ ပြန်ကြည်လင်လာပြီး စကားတွေလည်း ပီလာသည် ဆို၏။ ဆရာကြီးကုသပြီး ပြန်တော့ ခုတင်ပေါ်မှာ ရက်ပေါင်းများစွာကပင် မအိပ်ရသူကဲ့သို့ အိပ်နေသည်ဟု ဆိုသည်။

"အိပ်ရာက နိုးတော့ သူ့ကို ဗမာအထက်လမ်းဆရာကြီးနဲ့ ဆွေးရတယ်ဆိုတာ သိသလား အဘကြီးကြာ..."

"သိပါတယ်...ကျုပ်ကပဲ ပြောလိုက်တာပါ...ကျုပ်ကို အသေးစိတ် မေးသေးတယ်...ကျုပ်က ဆေးဆရာကြီး တက်လာတော့ မင်း ဘသောင်းမဟုတ်လားလို့ စောသခင်က မေးသေးတယ်လို့ ပြောပြ တော့ မျက်စိမျက်နှာ ပျက်သွားတယ်...ငါ ဘာတွေပြောခဲ့သေးတုံး တဲ့...ကျုပ်ကလည်း ကြားတာ ပြောပြရတာပေါ့...ဘသောင်း မင်းက သေပြီးသားကောင်ပဲလို့ ပြောသေးတယ်ဆိုတော့ စောသခင်က ဟုတ်တယ် ဘသောင်းက သေပြီ...ဒါမေမဲ့ သည်ကောင် ငါ့နောက်ကို လိုက်နေတယ်တဲ့...ငါ ဒါတွေကို မယုံဘူး...ဒါမေမဲ့ သည်ကောင့်ကို ငါ မြင်တယ်...ငါ့ကို သေစေချင်တဲ့ကောင်တွေ ရှိတယ်...ရှင်သူ တွေထဲမှာ ကျောက်ဖြူး...သေသူထဲမှာ ဘသောင်းတဲ့...ကျုပ်ကလည်း ဘာသိမှာတုံး...သူ ဘယ်တုံးဘယ်ခါက ဘာတွေဖြစ်ခဲ့မှန်း မသိတော့ ဟုတ်ကဲ့ပဲ လိုက်ရတာပေါ့"

သည်အချိန်မှာ စကားမပြောပဲ ငြိမ်နေခဲ့သော ဘကြီးဒိုးလုံးက စကား ဝင်ပြောလိုက်သည်။

"ကြိုးကြာပြောတော့ ကျုပ်ခေါင်းထဲ ဝင်လာတာရှိတယ်...ရှင်သူထဲမှာ ကျောက်ဖြူးဆိုတာက သူ့ရန်သူပဲ...ကျုပ်က ဘာဖြစ်လို့ သိတုံး ဆိုတော့ သူ့မိန်းမ ဒေါ်မေရီလှက ကျုပ်ကို ပြောပြလို့ သိတာ... ဒေါ်မေရီလှက ကျုပ်ပြောခဲ့သလို အင်မတန်ချောတဲ့ မိန်းမကိုး... လှလိုက်တာများ ကျုပ်တွေ့ဖူးသမျှ ဘိုကတော်တွေ ဘယ်သူမှ

www.burmeseclassic.com

www.burmeseclassic.com

လိုက်မမီဘူး...ပေါ်တူဂီကပြားပေတဲ့ ဗမာဆန်တယ်...ယဉ်ကျေ
သိမ်မွေ့တယ်...သဘောသကာယ ကောင်းရာတယ်...ဝန်ထမ်းဆ
အဆင်မပြေဘူးကြားရင် ဦးဦးလုံး ကျွန်မကို ပြောပါ...ကျွန်မ ကုတ်
ယူချင်တယ်လို့ .ပြောလေ့ရှိတယ်...တကယ်လည်း ကူညီခဲ့
ဘယ်နည်းလိမ့်မလဲ...သူ့ယောကျ်ားပိုက်ဆံ မဟုတ်ဘူး...သူ့ဌေး
ဘဝက လာတာဆိုတော့ သူပိုင် ငွေပိုက်ဆံကို သူ့သဘော ပေး
ပစ်နေတာပဲ...သူတို့သမီးနှစ်ယောက် မာဂျရီးနဲ့ အိုင်ရင်းက လွဲ
တစ်မျိုးစီ...ဖအေ့ဆီက မောက်မာရက်စက်တဲ့စိတ်က သမီးအ
အိုင်ရင်းမှာ အပြည့်ပါလာသလို...နူးညံ့ယဉ်ကျေးတဲ့စိတ်က မာဂျ
ဆီမှာ တွေ့ရတယ်...မအေ့စိတ်ပေါ့ဗျာ...ကျောက်ဖြူးဆိုတာက
ပညာတတ်...တော်သား...ပိုက်ဆံ အသင့်အတင့်ရှိတဲ့ လူငယ်ပါ
ဒေါ်မေရီလှ ပြောပုံတော့ နာမည်က ကိုသော်တာတဲ့...ကျောက်ဖြူ
ရာကလေးတွေ မျက်နှာမှာရှိလို့ ဦးစောညွန့်က ကျောက်ဖြူ
နှိမ်ခေါ်တာလို့ဆိုတယ်...ဒေါ်မေရီလှ ထည့်မပြောတာ တစ်ချက်
ကိုသော်တာနဲ့ သူနဲ့ ဘယ်လိုစာတ်လမ်းဆက်စပ်မှုရှိတယ် ဆို
ပါ...ကျုပ်တွက်တာတော့ ငရဲများ ကြီးနေမလားဗျာ...လူငယ်
ဘာသာဘာဝ သူတို့ချင်း ရည်ငဖူးကြဟန် တူပါရဲ့...ကိုသော်
အကြောင်းပြောပြရင် မျက်ရည်များ ဝိုင်းတော့တာပါ"

ဇာတ်လမ်းထဲမှာ ဇာတ်ကောင်တွေ များလာလေပြီ။ ကျောက်ဖြူ
ကိုသော်တာ...။ ကိုဘသောင်း...။ ထိုနှစ်ဦးနှင့် ဘယ်လိုပတ်သက်မှန်း မသိ
သည် ပေါ်တူဂီကပြား မိန်းမချော ဒေါ်မေရီလှ...။ သည်ကမှ တစ်ဆက်တည်း
သမီးများဖြစ်ကြသော မာဂျရီးစောညွန့်၊ အိုင်ရင်းစောညွန့်...။ ခင်စောမူ
ကိုမင်းအောင်မြင့်ကို လှမ်းကြည့်တော့ သူလည်း စိတ်ဝင်စားပုံရသည်။ ဦးဘဆွ
ဦးပါနောက်၊ ကိုကျန်ပေါ်တို့သည်လည်း ငြိမ်လျက်ရှိ၏။ အရေးကြီးသော မူခင်
တစ်ခင်းတွင် မျက်မြင်သက်သေများအဖြစ် ထွက်ဆိုရန် စောင့်နေကြသည့်
တွေလို ဖြစ်နေကြလေသည်။ ခင်စောမူကပဲ စကားဝင်ဖြတ်သည်။

"ဒေါ်မေရီလှတို့ ရောက်လာတော့ သမီးနှစ်ယောက် တစ်
ပါလာတာလား ဘကြီး..."

"မပါဘူးဗျ...သမီးအကြီးလေးက ကနဦးတော့ ပါမလာဘူး...အဖွားကြီး
ဆိုသူကလေးပေါ့...သမီးအငယ်မတော့ ပါလာတယ်...အဖေ့ထ
ကလေးပါခေါ်ခဲ့ မှာပုံရတယ်...တောထဲတောင်ထဲမှာ နေရမှာဆိုတော့
ဒေါ်မေရီလှက မလာချင်ဘူး...သမီးကလည်း ခုနစ်နှစ်, ရှစ်နှစ်သမီး
လောက်ဆိုတော့ မခေါ်ခဲ့ချင်ဘူး...ပညာရေးရော, လူမှုရေးရော
မပြည့်စုံတဲ့နေရာကလည်းဖြစ်ပြန် ကျွန်းမာရေးဆိုတာလည်း ဖြစ်တာ
နဲ့ သေလောက်တဲ့နေရာကိုး...ဒါပေမဲ့ ဖအေ့စိတ်မျိုးထင်ပါရဲ့ အိုင်ရင်း
စောညွန့်က ဆယ်နှစ်သမီးလောက်ကတည်းက ဖအေနဲ့ တောထဲ
လိုက်ပါသွားတတ်တယ်...သေနတ်ပစ်တယ်...ခြောက်လုံးပြူးများ
တည့်လိုက်တာမှဗျာ...ဖအေကလည်း သည်သမီးကို အင်မတန်
ချစ်တာကိုးဗျ"

"အကြီးမ မာဂျရီးကျတော့ မချစ်တဲ့သဘောလား..."

"ဒါလည်း ငရဲကြီးမယ်ဗျာ...ကျုပ်မသိတဲ့အကြောင်း ဘုန်ရမှာ
ခက်ပါတယ်...ကိုကြိုးကြာက ပိုများသိလေမလား...အ
တွေကြားထဲ စကားဖြစ်နေတာက ပြောရစေတော့...မာဂျရီးက သူနဲ့
ရတာ မဟုတ်သလိုလို...ဒေါ်မေရီလှကပဲ အရင်လင်သား ရှိသလိုလို
ကိုး ဆရာမရဲ့...အဲသလို မဟုတ်ရင်လည်း မာဂျရီးရော, အိုင်ရင်းရော
သူ့သမီးတွေတော့ မှန်တယ်...သမီးကြီးက ဒေါ်မေရီလှ အရင်ချစ်သူနဲ့
မရှင်းမလင်းရှိခဲ့တယ်လို့ ယူဆပုံရတယ်လို့ ပြောရင်လည်း ဖြစ်မယ်
ထင်ပါရဲ့...ကျုပ်တော့ အဲသလောက် မသိဘူး...သို့သော် မာဂျရီး
ကို မချစ်တာကတော့ အမှန်ပါပဲ...အငယ်မက သွက်လက်ချက်ချာ
တယ်...ဖိုးဖိုးဖျပ်ဖျပ်ရှိတယ်...အကြီးမက နေးတယ်, လေးတယ်

www.burmeseclassic.com

www.burmeseclassic.com

တွေတွေဝေဝေကြီး...အမြဲတမ်း ဘန်ဂလိုပေါ်က မဆင်းဘူးဆိုတဲ့ ကလေးမလေးပါဗျာ...မအေနား ကပ်နေတာပဲ"

"ကလေးမလေးနှစ်ယောက်က အဲသည်ကတည်းက အင်္ဂလိပ်စကား ပြောကြသလား...အိမ်မှာ ဘယ်လိုပြောကြတာလဲ"

သည်တစ်ခါမှာတော့ ဦးကြီးကြောက စလှုပ်လာသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်လောက်က အကြောင်းတွေကို ပြန်တူးဖော်နေရသလို စိတ်ပင်ပန်းနေပုံလည်း ရပါ၏။ ဘန်ဂလိုကြီးပေါ် နေခဲ့ရသည့် နေ့ရက်တွေကိုလည်း သတိရနေပုံပေါ်သည်။ ထိုစဉ်က ပုံရိပ်တွေက ပိုးတောက်ထားသည့် ဓာတ်ပုံဟောင်းတွေကို ကြည့်ချင်သည့်အပိုင်းက ပျက်နေပုံမျိုး။ ကုလားသံဝဲသော မြန်မာစကားဖြင့် ဦးကြီးကြော စကားပြန်စလေ၏။

"ကလေးမနှစ်ယောက်စလုံး အင်္ဂလိပ်လို ပြောကြပါတယ်...သူတို့ ငယ်ငယ်ကတည်းက မအေရော ဖအေရော အိမ်မှာ အင်္ဂလိပ်လို ပြောနေကြလို့ တတ်နေတာနေမှာပေါ့...ဘိုကျောင်းလည်း နေခဲ့ကြတာ ပါပါလိမ့်မယ်...ကလေးမနှစ်ယောက် ပထမအခေါက် မအေနဲ့ ပါလာကြတော့ ရှစ်နှစ်သမီး, ဆယ်နှစ်သမီးလောက်ပါ...အကြီးမက ဗမာလို မြောတာလည်း ရှိတယ်...အငယ်မက အင်္ဂလိပ်လိုပြောတာ များတယ်...ဖအေက အင်္ဂလိပ်လိုပြမှ ကြိုက်တာကိုး...ကျုပ်တို့ နေရင်း ထိုင်ရင်း သိရသလောက်တော့ စောသခင်က ဒေါ်မေရီလှကို သံသယ ရှိတယ်...သမီးနှစ်ယောက် ရထားပေမယ့် ဒေါ်မေရီလှနဲ့ အရင်က မေတ္တာရှိခဲ့ဖူးတဲ့လူနဲ့ တိတ်တိတ်ဆက်သွယ်မှု ရှိတယ်လို့ စွပ်စွဲတာ တွေ ရှိပါတယ်...ရန်ဖြစ်ရင် ဒါတွေ ပါလာတာပဲ... စောသခင်က ဒါတွေကို မူးမူးနဲ့အော်ရင် ဒေါ်မေရီလှက ပြုံးကြည့်နေတာပဲ...အဲသြ စရာကောင်းတယ်...ဟုတ်တယ်လို့လည်း ဝန်မခံဘူး... မဟုတ်ဘူး လို့လည်း မငြင်းဘူး"

"ထူးဆန်းတယ်နော်...ပြောပါဦး အာကြိုးကြော"

"တစ်ခါတော့ ဒေါ်မေရီလှက ဘန်ဂလိုရှေ့မှာ ကော်ဖီသောက်နေတယ်...မနက် ရှစ်နာရီလောက် ရှိပါပြီ...သစ်တောကြီးက အရှေ့ဘက်က ဆီးထားပေမယ့် နေရောင်ကလေးရှိတော့ တော်တော်လင်းနေပါပြီ...ကျုပ်က ကော်ဖီခွက်တွေ သွားယူတော့ စကားတစ်ခွန်း ပြောတယ်...ကြိုးကြောရေ...အစ်မတော့ လူလောက လူဖြစ်ရတာ စိတ်ဆင်းရဲရတာနဲ့ပဲ ပြီးနေတော့တယ်တဲ့...စိတ်ဆင်းရဲပြီး လူ့ဘဝ တစ်လျှောက်လုံး ဘာမှလည်းအဓိပ္ပာယ်မရှိဘူးတဲ့...သေတာမှ ကောင်း သေးတယ်တဲ့...အဲသလို ပြောဖူးတယ်...ကျုပ်ကြည့်လိုက်တော့ လက်ထဲမှာ ခြောက်လုံးပြူး ကိုင်ထားတာကိုးဗျ...ကျုပ်လည်း လန့်သွားတယ်...တစ်ခုခုတော့ ဖြစ်တော့မယ်ဆိုတာ တွေးမိလို့ လန့်သွားတာပါ...နောက်တော့ သမီးနှစ်ယောက်ခေါ်ပြီး မြို့ပြန်သွားကြတယ်...ပြန်မယ့်ညမှာ လင်မယား စကားများကြတယ်... စောသခင်က သမီးအငယ်မ အိုင်ရင်းကို ထားခဲ့ရမယ်ဆိုတာကစပြီး စကားများကြတာပါ...ဒေါ်မေရီလှက မထားခဲ့ဘူး...ရှင်သာ ဓာတ်ထဲတောင်ထဲမှာ ကျားဆိုးတစ်ကောင်လို နေခဲ့ပါ...ကျွန်မသမီးတွေ ရှင့်လက်ထဲထားခဲ့ဖို့ ဝေးပါသေးရဲ့တဲ့..."

"နောက်မနက်ကျတော့ကော..."

"မနက်မှာတော့ စောသခင်က မတားတော့ပါဘူး...တောထဲက ဆင်ကြီးနှစ်ကောင် ပုခက်ဆင်ပြီး အလုပ်သမားတွေက လိုက်ပို့ကြတယ်"

ညသည် တိတ်ဆိတ်သွားပြန်လေ၏။ အခန်းထဲမှာတော့ သစ်တောသည် ပို့လွှင့်နေသဖြင့် အတန်ငယ် အေးမြလျက်ရှိပါ၏။ ကြားရတာတွေက ငတ္ထုဆန်သည်။ ရုပ်ရှင်ဆန်သည်။ နိုင်ငံရပ်ခြား ဝတ္ထုကြီးတွေထဲက ဇာတ်ကွက်များနှင့်ပင် တူသည်လို့ ခင်စောမူ ခံစားနေရသည်။ ဒေါ်မေရီလှ ဆိုသည့် ကပြားမိန်းမချောကြီးတစ်ယောက်၏ ဝေဒနာအစွန်းအစသည် ခင်စောမူ့ထဲထဲ

www.burmeseclassic.com

www.burmeseclassic.com

က မထွက်ပဲ ရှိနေခဲ့သည်။ ဟုတ်တယ်ရယ်လို့လည်း ဝန်မခံ၊ မဟုတ်ပါဘူးရှင်လို့လည်း မငြင်းခဲ့သူ။ သူမမှာ ဘာဇာတ်လမ်းတွေ ရှိခဲ့သလဲ။ သမီးနှစ်ယောက်ထဲက အိုင်ရင်းစောညွှန့်ကို အားလုံးက မစောညွှန့်လို့ပဲ ခေါ်ခဲ့ကြတာ၊ မဒွေးကလိုစ်ခေါ် ကာလူးနှင့် လက်ထပ်ခဲ့တာ၊ သည်နယ်မှာ ဇရပ်တန်ဆောင်းကြီး ဆောက်လှူတာ၊ ကာလူးဘိုးမျာ တောကြီးတောင်ကြီးထဲမှာ ဝံကုတ်ခံရသလိုလို လူလုပ်ကြံခံရသလိုလိုနှင့် ဘဝဇာတ်သိမ်းရတာ၊ မစောညွှန့် ဒယျာက်သွားတော့ အဆမကြေးစည်ဆိုသူက သမုန်းကျင်းမှာ မရှိတော့သည့် မစောညွှန့်ကို ကျောက်ဆင်ကလေး လူကြိုပေးခဲ့တာ...။ ဒါတွေအားလုံးကိုတော့ ကွင်းဆက်တွေလို မဆက်မိသေးပါ။

သည်ကြားထဲ ခေါင်းထဲရောက်လာတာက မောင်ပုည်နှင့် ဒန်းပွင့် ဒန်းပွင့်၏ အဒေါ်များ။ ဒေါ်ခင်မေသီက တစ်ဘာသာ စွာလှသူ။ ဒေါ်ခင်မေကကော ဘယ်လိုကြောင့် သမုန်းကျင်းမှာ တစ်စခန်းထလာရတာလဲ။

"သည်တော့ ပြောပါဦး အဘ...မာဂျရီးတို့, အိုင်ရင်းတို့က သစ်တောကြီးထဲကို တစ်ခေါက် ရောက်လာကြသေးတာပေါ့...အဲသလိုလား"

"သည်လို မောင်မင်းအောင်မြင့်ရဲ့...ဒါကိုမပြောခင် အဘက သစ်တောကြီးထဲကို ရောက်လာတဲ့ ဗမာသစ်တောစာရေးကလေးတစ်ယောက် အကြောင်း စပြောမှဖြစ်မယ်...သည်လူငယ်က အင်မတန် ခံ့ညားတာကိုးဗျ...ဆံပင်ကို နောက်လှန်ဖြီးတတ်တယ်...မဟာနဖူးကလည်း ကောင်းလိုက်တာ ဇာတ်မင်းသားကျနေတာပဲ...နာမည်က မောင်မင်းသိန်းတဲ့...မှတ်မိပါရဲ့...၊ အင်း...မှတ်မိမှာပေါ့လေ...အခြားပျက်တွေက မေ့နိုင်စရာမှ မရှိပဲကိုး..."

* * *

သစ်တော စာရေးကလေး ကိုမင်းသိန်း ရောက်လာခြင်းသည်ပင် ထူးဆန်းသော အကြောင်းက ဖန်လာသလို ရှိခဲ့လေ၏။ စာရေးကလေးက

ရုပ်ရည်သန့်ပြန့်သလောက် မနောကောင်းရှာသူ ဖြစ်၏။ အသက်နှစ်ဆယ်ထွန်းလွင်ယဉ်တစ်ယောက်ဖြစ်၍ ထိုခေတ် ထိုအခါက ဓေတ်ပညာတတ်ပီပီ ပီသကျက်စားသူဖြစ်သည်။ နောက်လှန်ဖြီးထားသော ဆံပင်က နက်မောင်သန့်ဖြူမင်းလှသည်။ မျက်လုံးမျက်ခုံးကောင်း လူပုံချောဖြစ်၍ ထိုစဉ်က သစ်တောနယ်အတွင်း နေထိုင်ကြသူ ဝန်ထမ်းအလုပ်သမားများ၏ သမီးပျိုတကာ့ရင်ခုန် စိုက်ခြင်း ခံရသူလည်း ဖြစ်သည်။ ကိုမင်းသိန်းက ဖြောင့်မတ် ရိုးသားသူဖြစ်၍ အားလုံးကို နှမရင်းများသဖွယ် ဆက်ဆံလေ့ရှိသည်။ သစ်တောတွင်းသို့ ကိုမင်းသိန်း ရောက်လာခြင်းနှင့် ခေါ်မေရီလှတို့သားအမိတစ်တွေ တစ်ခေါက် ရောက်လာခြင်းသည် ရက်မကွာလှပဲ တစ်ပြိုင်နက်တည်းလိုလို ရောက်လာခြင်းဖြစ်၏။

ကိုမင်းသိန်း၏ အလုပ်တာဝန်မှာ သစ်တောနှင့်ပတ်သက်သော စာရင်းများကို ကိုင်ရသူဖြစ်သည်။ မနက် ကိုးနာရီခန့် ဦးစောညွှန့် အိပ်ရာကနိုး၍ ဘန်ဂလိုရှေ့ ကွက်လပ်မှာ ကော်ဖီသောက်ပြီဆိုလျှင် ကိုမင်းသိန်း ဘန်ဂလိုကို အရောက်လာကာ အမိန့်ခံရသည်။ ဦးစောညွှန့်၏ မျက်နှာရိုပ်ကို ကြည့်၍ ကျိုးနွံစွာ အစီရင်ခံရခြင်းဖြစ်၏။ စာရင်းချုပ်ကို တင်ပေးပြီး လက်နှစ်ဖက်ကို နောက်ပစ်နေရသည်။ ဦးစောညွှန့် အငေါက်မခံရသည်နေ့ မရှိ။ ကိုမင်းသိန်းကတော့ ဒါမျိုး ရိုးနေပြီဆိုသည့်မျက်နှာဖြင့် ခပ်ပြုံးပြုံး ခံယူလေ့ရှိသည်။ ကျန်သည့်အခါမှာတော့ ဘန်ဂလိုပေါ် တက်ခွင့်မပြောနှင့် ခြံဝင်းထဲကိုပင် ဝင်ရောက်ခွင့် မရှိ။ ဦးစောညွှန့်က ကိုမင်းသိန်း စရောက်လာသည်နေ့ကပင် မကြည်သာ။

"မင်း အင်္ဂလိပ်စကား ကောင်းကောင်းတတ်သလား..."

"နည်းနည်းပါးပါးပဲ ပြောတတ်ပါတယ်ခင်ဗျာ...အည်ကြီးထဲကတော့ မဟုတ်ပါဘူး"

"ဘယ့်နယ်တုံးကွ...မင်းက သစ်တောစာရေးလုပ်နေပြီး နည်းနည်းပါးပါးပဲလား..."

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က ဗမာလူမျိုးပဲခင်ဗျာ... နည်းနည်းပါးပါးလောက်ပဲ ပြောနိုင်မှာပါ... အင်္ဂလိပ်တစ်ယောက်လို ပြောနိုင်သူရယ်လို့တော့ ရှားသားမဟုတ်လားခင်ဗျာ..."

"ဘယ်လိုကွ..."

ကိုမင်းသိန်းက ရိုးရိုးပြောလိုက်ခြင်း ဖြစ်သော်လည်း ဦးစောညွန့်က မခံချင်ပဲ ရှိခဲ့သည်။ အထက်က လွှတ်လိုက်သော စာရေးကလေးဆိုတော့ အလုပ်နှင့်ပတ်သက်၍ ထုတ်ပယ်ခြင်း မပြုနိုင်သဖြင့် အောင့်အည်းနေခဲ့ရသည်။ ရောက်ကတည်းက မျက်နှာသာ မပေးခဲ့။ ကိုမင်းသိန်းကလည်း အလုပ်တာဝန် ကျေလျှင် လုံလောက်ပြီဟု ယူဆကာ အပြစ်မရှိအောင် နေရှာပါ၏။ တစ်ခါတစ်ရံ ကိုမင်းသိန်း ရောက်လာချိန်တွင် ဦးစောညွန့် အပါအဝင် ဒေါ်မေရီလှနှင့် သမီးနှစ်ယောက်ပါ ကော်ဖီပွဲတွင် ရှိနေတတ်သည်။ အသက် ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ် သမီးပျိုနှစ်ယောက်က စာဖတ်သူကဖတ်၊ ဓာပန်း ထိုးသူကထိုး ရှိနေကြသည်။ မိသားစုများနှင့် မိတ်ဆက်ပေးခြင်းမရှိတော့ နှုတ်ဆက်ရခက်သည်။ ဒေါ်မေရီလှနှင့် အခြားတစ်နေရာတွင် ဆုံသည့်အခါမျိုးတွင်မှသာ ဒေါ်မေရီလှက သမီးနှစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ သမီးနှစ်ယောက်ကို စောင့်ရောက်ရန်ပါ အပ်သည်။

"မင်းနှမတွေက တောထဲရောက်လာတော့ ဘာမှမသိကြဘူးကွယ်... မင်းပဲ စောင့်ရှောက်ပါ... တောထဲ ဧည့်သွားချင်တယ် ပြောနေကြတယ်... မင်းပဲ လိုက်ပို့ပေးပါ"

သည်လိုနှင့် တစ်ခါတစ်ရံ ကိုမင်းသိန်းနှင့် မာဂျရီး၊ အိုင်ရင်း ညီအစ်မ နှစ်ယောက် ခင်မင်ခွင့်ရခဲ့ကြသည်။ အရာရှိသမီးနှစ်ယောက်ဆိုတော့ ကိုမင်းသိန်းက မတော်မလျော် စိတ်ပင်မကူးဝံ့။ အကြီးမက နှုတ်နည်းသည်။ သဘောကောင်းသည်။ အရာရာတွင် နောင့်နေးသည်။ အငယ်မက စွာကျယ်ကျယ်။ အလွန်စပ်စုချင်သည်။ အကင်းအည်ာရှိသည်။ စကားပြော ဓမာက်မာချင်သည်။ နှစ်ယောက်စလုံးက ကိုမင်းသိန်းကိုတော့ ခင်မင်ကြပါ၏။ အလုပ်သမား

တန်းလျားတွေဘက် ရောက်ကြသည်။ တောတွင်း ခရီးကြမ်းသောဟု ထွက်ပြေး တာမျိုးလည်း ရှိသည်။ အကြီးမက ဂါဝန်လောက် ခတ်တတ်သော်လည်း အငယ်မက ဘောင်းဘီရှည် ဝတ်လေ့ရှိသည်။ တောစီးဖိနပ် စီးသည်။ သေနတ် တစ်လက် ပါတတ်သည်။ ကိုမင်းသိန်းက အကြီးမကို ပိုခင်သည်။ သိမ်ဆွေးညှဉ်း သလောက် စာနာစိတ်ရှိ၍ ဖြစ်၏။ သည်လို နီးစပ်ခင်မင်မှုကို အငယ်မက မကြိုက်။

"ကိုမင်းသိန်းက မာဂျရီးကို ပိုခင်တယ်ပေါ့"

"အဲသလို မဟုတ်ရပါဘူးဗျာ... နှစ်ယောက်စလုံးကို ခင်ပါတယ်... သူက ရိုးရိုးအေးအေးဆိုတော့ သူ့ကို ပိုပြီး ဖေးမတဲ့သဘောပါ... အိုင်ရင်းက သွက်လက်ချက်ချာတော့ မပူရဘူးလေ"

"ကျွန်မအတွက် ပိုပြီးပူရမယ် ဒါပဲ... ကျွန်မကို ပိုပြီးခင်ရမယ် ဒါပဲ"

"ဟုတ်ပါပြီဗျာ"

တိုတိုပြောကြပါစို့... ။ ရက်တွေ လောင်းလာသည်နှင့်အမျှ ကိုမင်းသိန်းနှင့် အိုင်ရင်းတို့ ပိုမိုခင်သွားခဲ့ကြသည်။ ဒါကို မာဂျရီးက သိသော်လည်း ဘာမှမပြောပါ။ ရေငုံနေခဲ့သည်။ တစ်ခါတစ်ရံ မာဂျရီးကို တစ်အိမ်အိမ်မှာ ထားခဲ့ကာ နှစ်ယောက်တည်း ထွက်သွားကြတာမျိုးတွေ ရှိလာသည်။ ကိုမင်းသိန်းက မကွန့်ရဲသော်လည်း အိုင်ရင်း၏ ဇွတ်တရွတ်နိုင်မှုကြောင့် အိုင်ရင်းသွားလေရာ ပါရလေပြီ။ ကိုမင်းသိန်းက ဖြစ်လာမည့်ပြဿနာတွေကို သိပါ၏။ ရှောင်ချင်ပါ၏။ ရှောင်လည်း ရှောင်ပါ၏။ မရပါ။ တောထဲဆောင်ထဲ လှိုဏ်ထဲ မြောင်ထဲ နှစ်ယောက်တည်း ရောက်ရသည့်ရက်တွေ ရှိလာခဲ့သည်။ အင်္ဂလိပ် ကျောင်းသူ၊ သစ်တောအရာရှိသမီး၊ ဥစ္စာပစ္စည်း ကြွယ်ဝသူတို့၏သမီး... ။ ဘာကိုမှ အလေးအနက်မရှိပဲ အရာရာကို နိုင်ချင်လှသူ အိုင်ရင်းကိုယ်တိုင်ထ တောသား မတီမတာ ကိုမင်းသိန်းနှင့် အနေနီးလာတော့ ညွှတ်တိမ်းချွန်လေမြို့ ဆိတ်ငြိမ်သော မျက်ကွယ်အရပ်တွင် ချစ်သူနှစ်ဦး အကြိမ်ကြိမ်တွေ့ခြင်းကြုံ သည်။ အထူးသဖြင့် အိုင်ရင်းကပင် ပို၍စွဲလမ်းနေခဲ့ပါ၏။ ဦးစောညွန့်ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေတွေကို မကြားနိုင်၊ မသိနိုင် ရှိခဲ့သော်လည်း မိခင်ကတော့ အရာအားလုံးကို သိနှင့်ပြီ။ သမီးကို ထိန်းသည်။ ကိုမင်းသိန်းကို ခေါ်ယူသတိပေးသည်။ ရပ်တန်းကရပ်ကြရန် ဆုံးမသည်။ သမီးကိုလည်း ဘန်ဂလိုကြီးပေါ်က မဆင်းစေတော့။ သည်လိုဆိုပြန်တော့ အိုင်ရင်းက ဆူပွက်တော့သည်။

"သမီး...မဖြစ်နိုင်တာတွေ စိတ်ကူးမယဉ်ပါနဲ့ကွယ်...မေမေတို့ သည်မှာ ဧဏာတစ်ဖြုတ် လာနေကြတာပါ...သမီးအဖေများသိရင် မောင်မင်းသိန်းကို ချက်ချင်းပစ်သတ်လိမ့်မယ်...သတင်းတွေက ပြန့်နေပြီ...သတိတရားထားပါ...စိတ်ကို ထိန်းပါ...အားလုံးသာသိသွားရင် ရုပ်ဆိုးကုန်လိမ့်မယ်"

တားသော်လည်း မရပါ။ ကိုမင်းသိန်းကတော့ ဝတ္တရားအရ မနက်ကိုနာရီထိုးလျှင် ဘန်ဂလိုကြီးဆီကို စာရင်းလာတင်ရသည်။ အမိန့်နာယူရသည်။ အမှာအကြားတွေ နားထောင်ရသည်။ ချစ်သူနှင့် မတွေ့ရတာ ကြာပြီဆိုတော့ မျက်လုံးတွေက ဘန်ဂလိုတစ်နေရာချင်း လိုက်ရှာနေမိသည်။ ဘန်ဂလိုကြီးထဲက အခန်းတစ်ခန်းမှာ ရှိနေရောလား။ အလုပ်ကိစ္စပြီးတော့ လှည့်ပြန်ရရုံသာ။ တစ်နေ့မှာတော့ ကိုမင်းသိန်း နေထိုင်သော သစ်တောကြီးထဲက တန်းလျားဆီ အိုင်ရင်း ရောက်လာခဲ့သည်။ ဘယ်လို ထွက်လာခဲ့တာလဲဆိုတော့ ဘန်ဂလိုပေါ်က ကြိုးနှင့် လျှောဆင်းလာခဲ့သည်ဟု ဆိုသည်။ သမီးငယ် ပျောက်သွားလို့ ပထမဆုံး လိုက်ရှာသူမှာ မိခင် ခေါမေရီလှ။ ကိုမင်းသိန်း နေထိုင်ရာ တန်းလျားကို လိုက်လာခြင်းဖြစ်၏။ သမီးကို ဖျောင်းဖျသည်။ ချော့သည်။ အိုင်ရင်းက မလိုက်။ သည်အဖြစ်ကို တန်းလျားက လူတွေအားလုံး မြင်နေ ကြားနေရသည်။ ကိုမင်းသိန်းကိုတော့ အပြစ်မတင်ပါ။ သမီးက ချစ်သူရှိရာ ရောက်လာတာ သူမအမြင်ပင်။ ညနေဆောင်းတော့မှ အိုင်ရင်း မိခင်နှင့်အတူ ပြန်လိုက်လာခဲ့ပါ၏။

သည်အဖြစ်အပျက်ကို အရာရှိငယ်များကတစ်ဆင့် ဦးစောညွန့် ကြားသွားခဲ့သည်။ ခေါမေရီလှနှင့် သမီးနှစ်ယောက်ကို ခေါ်သည်။ မေးသည်။

ကွယ်သာတော့လည်း ဖွင့်ချရတော့သည်။ အားလုံး နားထောင်ပြီးတော့ ဦးစောညွန့်.မျက်နှာကြီး မည်းပုပ်သွားခဲ့သည်။ ခြောက်လုံးပြူး ထဆွဲကာ ကြိုးကြာ...လာစမ်းလို့ အောက်ဘက်ကို လှမ်းအော်သည်။ ဤသို့ဖြင့် ဦးစောညွန့်.နှင့်အတူ ဦးကြိုးကြာ လိုက်ခဲ့ရသည်။ အလုပ်သမားတန်းလျားဘက်ကို လှမ်းနေသော ဦးစောညွန့်. ခြေလှမ်းတွေက သွက်လွန်းလှသည် ဆို၏။

"ကျုပ်နဲ့ ဝန်ထမ်း မောင်သာဆိုင်တို့က နောက်က...စောသခင်က ခြောက်လုံးပြူးနဲ့ ရှေ့ကကိုင်...ကျုပ်တော့ ကျုပ်ရှေ့မှာ မမြင်ဖူးရာတွေ မြင်ရတော့မယ်ဆိုပြီး စိတ်မချမ်းသာလိုက်တာဗျာ...မောင်မင်းသိန်း နေတဲ့ တန်းလျားခန်းရောက်တော့ ဘယ်အခန်းလဲတဲ့...လူယုတ်မာကောင်ကို အရှင်မထားဘူးတဲ့...အော်နေလိုက်တာ ကျားဆိုးကြီး လိုပါပဲ...အခန်းကိုလည်း သေနတ်နဲ့ လှမ်းပစ်နေတော့တာပါ...အေးခန်းက အလုပ်သမားတွေပါ ထွက်ပြေးကြရတာပေါ့ဗျာ...ကျုပ်ကို ကြိုးကြာ ဝင်ရှာစမ်းဆိုတော့ ကျုပ်က အခန်းထဲ ဝင်ရှာတယ်...မတွေ့တော့ပါဘူး...မောင်မင်းသိန်းကလည်း တွက်မိပုံပေါ်ပါတယ်...ထွက်ပြေးနှင့်ပါပြီ...ကံကောင်းသွားတာပေါ့လေ"

ခင်စောမူပါ ရင်ထဲ အေးသွားရပါ၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာက အဖြစ်အပျက်ကို ပြန်ပြောနေတာဆိုပေသိ မိန်းမတစ်နေ့က ဖြစ်ခဲ့သလို ရင်တလှုပ်လှုပ် ခံစားနေရသည်။ ကိုမင်းသိန်း လွတ်မြောက်ပြီး ဘယ်ရောက်သွားသလဲ။ တစ်ခါတည်း ထွက်ပြေးတာလား၊ အိုင်ရင်းကကော ဘယ်လို တွန်ခဲ့သလဲ။ မိသားစုတွင်းမှာကော ဘာတွေဖြစ်ခဲ့သလဲ။ ခင်စောမူ သိချင်သည်။ မိသားစုတွင်းမှာတော့ အကြီးအကျယ် ဆူပွက်ခဲ့ကြသည်ဆိုပါ၏။ ဦးစောညွန့်က သမီးကို မအေအချိုး မချိုးနဲ့လို့ ဆူရာက လင်မယားချင်း [illegible] သည်။ ညီမဖြစ်သူကို မထိန်းကွပ်ရကောင်းလားဟု [illegible] ငြူစူသည်။ ခွေးတိရစ္ဆာန်ကောင် လွတ်သွားတာ နာသဟွာလို့ [illegible] သည်။ ဦးကြိုးကြာတို့ကိုပါ ဒါတွေသိလွန်းနဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com

သည်နောက်တော့ ခေါ်မေရီလှနှင့် သမီးနှစ်ယောက်တို့ သစ်တောထဲက ပြန်ကြသည် ဆိုပါ၏။

တတိယအကြိမ် သားအမိသုံးယောက် တောထဲရောက်လာချိန်မှာတော့ အိုင်ရင်းက အသက် ဆယ့်ရှစ်နှစ်လောက် ရှိလေပြီ။ ချစ်သူ၏ အရိပ်ယောင်ကိုပင် ပြန်လာခဲ့ရသော အိုင်ရင်းအဖို့ သည်တစ်ခါ ရောက်လာတော့ တည်တည်ငြိမ်ငြိမ် ရှိနေပြီ။ ချစ်သူနှင့် သွားခဲ့သည့်နေရာတွေကို တစ်ယောက်တည်း သွားသည်နေကုန်နီးပါး နေချင်နေသည်။ မှောင်ကာနီးမှ ဘန်ဂလိုကို ပြန်သည်။ ဦးစောညွှန့်ပင် အသက်ကလေး ရလာခဲ့ပြီ။ စိတ်ထောင်း ကိုယ်ကြဘဝဖြင့် မူးမူးမေ့မေ့ နေခဲ့သည့်အတွက် ရောဂါတွေ ဝင်နေခဲ့ပြီ။ သို့ပေသိ မောက်မာခြင်း၊ တစ်ဖက်သားကို အဖက်မတန်သလို ဆက်ဆံခြင်း၊ ဘိုစိတ်ပေါက်ခြင်းတွေကတော့ အရင်ကွာကျမသွားခဲ့။

သည်အချိန်မှာ သစ်တောအုပ်ချုပ်ရေးတာဝန်ဖြင့် မစ္စတာ ကားလိုင် ရောက်လာခဲ့ခြင်း ဖြစ်သည်။ ဦးစောညွှန့်ထက်ကြီးသော သစ်တောအရာရှိဖြစ်၍ မြန်မာပြည်ပေါက် ပေါတူဂီကပြား ဖြစ်သော်လည်း ခေါ်မေရီလှတို့နှင့် အဆက်အစပ်ရှိသူတော့ မဟုတ်။ မစ္စတာကားလိုင်က မြန်မာပြည်ပေါက်တို့ ဆိုသော်လည်း အထက်တန်းကျကျ နေထိုင်သူ၊ သစ်တောပညာကို နိုင်ငံရပ်ခြားတွင် ဆည်းပူးခဲ့သူ၊ ကိုယ်တိုင်ကလည်း အရပ်ရှည်ရှည် ဥရောပသားတစ်ယောက်နှင့် တူသူ ဖြစ်၏။ သွယ်သွယ်ကိုင်းကိုင်း သစ်ကုလားအုတ်ကြီးတစ်ကောင်နှင့် တူရုံမက မျက်နှာက လင်းနို့လို စုတ်ချွန်းချွန်းဖြစ်သည်။ မျက်လုံးတွေက မျက်တွင်းချိုင့်ထဲကျနေကြကာ ပါးစပ်အုံကြီး စူထွက်နေသည်ဟု ဆို၏။ ဦးစောညွှန့်ကိုပင် မောင်စောညွှန့်ကလေး ခေါ်ခွင့်ရှိသူဖြစ်၍ သူသည်လည်း အသက် ခန့်မှန်းရခက်သော လူအိုတစ်ယောက်သာ ဖြစ်လေ၏။ သစ်တောအရာရှိကြီးကို အလုပ်သမားတွေက ကာလူးဘို ခေါ်ကြ၍ ရှေ့တွင် ကာလူးသခင် ခေါ်ကြရသည်။ ကာလူးဘိုနှင့်အတူ ထမင်းချက်တစ်ယောက်၊ အိမ်စေနှစ်ယောက် ပါလာခဲ့သည်။ ထမင်းချက်က ကုလားလူမျိုးဖြစ်၍ ဦးကြီးကြာတို့နှင့် အလွန်ခင်မင်ကြသည်

ဆို၏။ ထမင်းချက်၏ ပြောစကားများအရ ကာလူးဘိုတွင် သားကြီး မယားကြီး ရှိကြောင်း၊ အငယ်အနောင်းများကလည်း မနည်းကြောင်း၊ သူသည်လည်း ဦးစောညွှန့်ကဲ့သို့ စာနာမှုကင်းသော ရက်စက်ကြမ်းကြုတ်သူတစ်ဦးဖြစ်ကြောင်း သိခဲ့ရသည်။

"မစ္စတာကားလို့စ် ရောက်လာတော့ ဦးစောညွှန့်တို့က ဘယ်ဆင်းပေးကြရသလဲ"

"ဆင်းပေးစရာ မရှိဘူး...ဘန်ဂလိုကြီးက အကြီးကြီးဆိုတော့ တောင်ဘက်ခြမ်းမှာ ကာလူးဘိုနေတယ်...အခန်းကူးတွေကို ပိတ်ပစ်လိုက်တော့ တစ်ယောက်တစ်ယောက် လာလည်ရင် ဟိုဘက်လှေကားက ဆင်းပြီး သည်ဘက်လှေကားက တက်ရတယ်...ကာလူးဘိုကလည်း လက်ခံတယ်"

ကာလူးဘိုကလည်း အကွက်နှင့်ထားခြင်း ဖြစ်ပုံရသည်ဟု ဦးကြီးကြာ ပြောတာလည်း ဖြစ်နိုင်ပါ၏။ ကာလူးဘိုက အချိန်ရှိသရွေ့ ဦးစောညွှန့်နှင့် အရက် လာသောက်လေ့ရှိ၍ အကောင်းစားဆေးတံတစ်လက်နှင့် ရောက်ရောက် လာတတ်သည်။ အိမ်ထောင်ကျဖူးသော်လည်း သည်အချိန်မှာတော့ လူလွှတ် တစ်ယောက်လိုလို နေထိုင်လေ့ရှိရုံမက မာဂျရီးနှင့် အိုင်ရင်းတို့ ညီအစ်မနှစ်ယောက်ကို ပြိတိတိလုပ်ရင်း အထူးပ,စားပေးတတ်သည်။ ကာလူးဘို ချမ်းသာလှသည့်အကြောင်း၊ လစာကိုပင် ဂရုမစိုက်ကြောင်း၊ အမွေပုံ များစွာကျန်ရစ်ခဲ့၍ လွဲရမည့်သူကို ရှာနေကြောင်း စကားထဲတွဲကလည်း ခဏခဏပင်။ ခေါ်မေရီလှနှင့် သမီးနှစ်ယောက်က ကာလူးဘိုကို မုန်းကြသလောက် ဦးစောညွှန့်က သူ့ထက်ကြီးသော အထက်အရာရှိကို အလွန်အထင်ကြီးသည်။

"နှစ်ကလေး ရလာတော့ သမီးအငယ်မကို ကာလူးဘိုနဲ့ ပေးစားလိုက်တာပါပဲဗျာ...အိုင်ရင်းက မယူချင်ဘူး...သူ့ရည်းစားနဲ့တော့ ရွှေတယ်...ခုနစ်အို ရှစ်အို သားမယားနဲ့ လူကျတော့ ပေးစားတယ်ဆိုပြီး ဟား နဲ့ စကားများကြတယ်...မအေကလည်း ကန့်ကွက်တယ်...သည်မှာ

www.burmeseclassic.com

www.burmeseclassic.com

တင် စောသခင်က အကျပ်ကိုင်တယ်...ကာလူးဘိုဆီက ကျေးဇူး
ကျေးဇူးစားတွေလည်း တင်နေပြီ...ငါ လူကြီးချင်း ကတိပြုပြီးဖြို့
ကတိပျက်ရမယ်ဆိုရင် သူ့ကိုယ်သူ ပစ်သတ်လိုက်တော့မယ်ဆို
သဘောတူလိုက်ကြရတယ်...စောသခင်မှာ အလုပ်ထဲက သုံးထား
ငွေကြေးတွေအပြင် လောင်းကစားကြွေးတွေကလည်း မနည်းဘူး
ကာလူးဘိုဆီက ယူပြီး ဆပ်ရတာကိုး...စောသခင် သူ့ကိုယ်သူ
တကယ်ပစ်သတ်လိမ့်မယ်ဆိုတာ သူတို့သိကြတယ်...သည်လိုနဲ့
သည်နယ်မှာ အကောင်းဆုံးမင်္ဂလာပွဲကြီး ကျင်းပတယ်ပေါ့ဗျာ
ကာလူးဘိုက အပါးဗျ...ကောက်ကျစ်တဲ့နေရာမှာလည်း နှစ်ယောင်
မရှိဘူး...သည်နယ်တစ်ဝိုက်က လူတွေ, အလုပ်သမားတွေ
ကောင်းကောင်းကျေးတယ်...သူ့ဩစာခံမယ့် ဗမာလူမျိုး လူမိုက်
သုံး,လေးယောက် မွေးထားပြီး သူ့ကို အကာအကွယ်ယူတယ်
တကယ်လည်း ချမ်းသာတယ်...မြန်မာတွေ ကျေနပ်အောင် အနာ
စေတီတွေမှာ ဇရပ်ကြီးတွေ ဆောက်လှူတယ်...ရေတွင်းတွေ တူး
တယ်...ရွာလမ်းတွေ ခင်းပေးတယ်...သည်အချိန်မှာ ရွာတွေ အိမ်တွေ
စည်နေပါပြီ...သမုန်းကျင်းတောင် ရွာကြီးဖြစ်လာပြီကိုး"

ခင်စောမူကတော့ ဓာတ်ပေါင်းစုဘုရား ရောက်ခဲ့စဉ်က မစောညွှန့်
ယောကျ်ားက မျက်နှာ ရဲစပ်စပ် ခပ်ရှည်ရှည် ခရသင်းစွဲထားသလိုပါအေ ဆိုတာကို
သတိရလိုက်သည်။ ကားလို့စ်၊ ကာလူးဘို၊ နီစပ်ဘို၊ ကာလူးသခင် စသည်
နာမည်တွေက မြန်မာမဆန်သဖြင့် ဦးခင်ဖေ ဆိုသည့် မြန်မာနာမည်ကို ယူတာ
လည်း သဘောပေါက်မိရပါ၏။ ဓာတ်ပေါင်းစုစေတီမှာ ဆုံခဲ့ရသည့် ရိုးပြာညို
ပြောသလောက်ဆိုလျှင် ထိုနှစ်က ဓာတ်ပေါင်းစုဘုရားပွဲ အလွန်စည်ကားခဲ့
သည်။ ဓာတ်နှင့်ပတ်သက်သော ပညာရှင်တွေ တစ်စုတစ်ဝေးကြီး လာရောက်
ဆုံစည်းကြသည့်ပွဲကြီးဖြစ်သည်။ ထိုပွဲကြီးမှာ ဇရပ်တန်ဆောင်းဒကာမ မစောညွှန့်
ဆိုသူကို လူပေါင်းများစွာက လာကြည့်ကြသည်။ လှချင်တိုင်းလှနေသော

တန်ဆောင်းအစ်မက ငယ်သလောက် ချောမောလွန်းလှသဖြင့် တစ်နယ်လုံး
ကျော်ကြားသွားခဲ့သည်။ နီစပ်စပ် ကုလားကြီးက သူ့ယောကျ်ားတဲ့ ဆိုသည့်
စကားတွေကိုလည်း နားမဆဲ့အောင် ကြားခဲ့ရသည်။

"အဲသည်တုန်းက စေတီတော် ပြုပြင်ရေးဂေါပကဆိုတာ ရှိတော့
ဦးခင်ဖေ (ခေါ) ကာလူး ဇနီး ဒေါစောညွှန့် ကောင်းမှုဝါသနာကြီးပြီး
မကြာခဏ အော်တာကိုးဗျ...ဒါကို ကာလူးဘိုက သိပ်ကြိုက်တာ...
တော်ကြာရင်း လှူရင်း...မစောညွှန့်ကိုလည်း ကျောက်မျက်တွေ
ဆင်ထားတာ ညွှတ်လို့...အိုင်ရင်းက မမက်ဘူး...မျက်နှာကို ပုပ်ထား
တာပဲ...မအေနဲ့ အစ်မ မာဂျရီးကလည်း မျက်နှာမကောင်းကြဘူး"

သည့်နောက်တော့ မစွတာကားလို့စ်ရော၊ အိုင်ရင်းတို့ပါ ဘန်ဂလို
ကြီးမှာ နေခဲ့ကြသည်။ တစ်ဖက်မှာ မိဘနှစ်ပါး ရှိသော်လည်း အိုင်ရင်းက
ဖအေကို စိတ်နာသဖြင့် မကူးတော့။ ဝရန်တာမှာပဲ ငူငူကြီး ထိုင်နေလေ့ရှိသည်။
လင်ကို ချက်ပြုတ်ကျွေးမွေးရန် မလိုသော်လည်း ညနေ အရက်ပွဲမှာ ထိုင်ပြုစု
ပေးရသည်။ ခါတိုင်း အင်္ဂလိပ်လိုသာ များများပြောတတ်သော အိုင်ရင်းက
မြန်မာလိုပဲ ပြောတော့သည်။ သူ့ကိုယ်သူလည်း အိုင်ရင်းလို့ မသုံးတော့
မစောညွှန့် ဆိုသည့်နာမ်စားကိုသာ သုံးသည်။ ဖအေ့ကိုရော လင်ကိုပါ အရှဲ
တိုက်သည့်အနေဖြင့် ဘိုဆန်ဆန် မနေတော့ပဲ ဗမာအဝတ်အစားနှင့် ရိုးရိုး
သာမန်မိန်းမတွေလိုသာ နေထိုင်ကျင့်သုံးခဲ့လေသည်။ အိမ်ထဲက အိမ်ပြင် မထွက်
ဆော့ပဲ သက်ဓဲလူသားတစ်ယောက်လိုပင် မထုံတက်သေး ပေရွက်ရွက်နေခဲ့သည်။
ကာလူးဘိုကိုလည်း လင်သားရယ်လို့ ချစ်ခင်ကြင်နာရိုပ် လုံးဝမပြခဲ့ပေ။ ကြာတော့
ကာလူးဘိုက ရိုက်တာ နှက်တာတွေ ရှိလာသည်။ သည်လို နှိပ်စက်ခံရတာတွေ
ရှိလာတော့ ဖခင် ဦးစောညွှန့် နောင်တ ရလာခဲ့သည်။ သမီးစိတ်နှင့် အိုင်ရာ
ဓေါ် လဲတော့သည်။ နောက်ဆုံးတော့ ဘန်ဂလိုကြီးပေါ်မှာပဲ ကွယ်လွန်သွားခဲ့
သည်။ လင်သားသေဆုံးသည့်နောက် နေစရာအကြောင်းမရှိတော့ သမီးဖြစ်
မာဂျရီးလက်ကိုဆွဲပြီး ဒေါ်မေရီလှတို့လည်း ထွက်ဖို့ ပြင်ရလေပြီ။ သည်အခို

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ အိုင်ရင်းက မိခင်နောက် ပြန်လိုက်ချင်လို့ ခွင့်တောင်းသည်။ ကာလူးကို က မထည့်၊ အိုင်ရင်းကို လူမိုက်နှစ်ယောက် စောင့်စေကာ ချုပ်ချယ်ထားခဲ့သည် ဆိုပါ၏။ အိုင်ရင်းခမျာ မျက်ရည်နှင့်မျက်ခွက်။ လင်အိုကြီးက ဇာတိရွာ ပေါ်လာတော့ ပူထားသည့် မယားတွေ ရောက်ရောက်လာကြတာ ရှိသေးသည်။

တစ်ခါတော့ ဘန်ဂလိုကြီးကနေ အိုင်ရင်း ထွက်ပြေးခဲ့လေ၏။

* * *

အိုင်ရင်းစောညွန့်ခေါ် မစောညွန့် ပျောက်သွားသည့်နေ့က သစ်တော နယ်တစ်ခုလုံး မိုးတွေ သဲသဲမဲမဲ ရွာနေခဲ့ပါ၏။ မိုးကြိုးတွေ တခြိမ်းခြိမ်းပစ်နေ သည့်အပြင် လေးငါးရက် စွဲရွာသည့်မိုးဆိုတော့ အလွန်ပင် အေးစိမ့်နေသည့် ရက်တွေ ဖြစ်သည်။ သစ်တောဝန်ထမ်းများပင် အဆောင်အခန်းတွေထဲမှာ မီးလုံနေကြရသည်။ ဘန်ဂလိုကြီးပေါ်မှာလည်း မီးလင်းဖိုကြီးရှိသဖြင့် မီးမပြတ် ထားရသည်။ နံနက်စောစောပိုင်းက မီးဖိုဘေးနားတွင် ပက်လက်ကုလားထိုင် တစ်လုံးနှင့် အိုင်ရင်း ထိုင်နေခဲ့၏။ အပြင်မှာတော့ မိုးတွေ သဲသဲမဲမဲ။

အိုင်ရင်းမျက်လုံးတွေက နံရံမှာ ချိတ်ထားသည့် သေနတ် သုံးလေး လက်ဆီကို မျက်စိရောက်သွားရာက ခြောက်လုံးပြူးတစ်လက်ကို ထဖြုတ်ယူ သည်။ ကျည်ဆံ တစ်တောင့်မှမရှိ။ အရေးမကြီးပါ။ အိုင်ရင်းမှာ ကဲ့ယူထားသော ကျည်ဆံတွေ ရှိသည်။ ကာလူးဘိုကတော့ အိပ်တုန်း။ ညဘက် ညဉ့်နက်အောင် အရက်သောက်ပြီး မနက်ပိုင်း မိုးတော်တော်ကြီးလင်းမှ နိုးတတ်သည်။ အိုင်ရင်း ကို စောင့်နေကြသော လူမိုက်နှစ်ယောက်ဆိုတာက အိမ်ပေါ်တက်ခွင့် မရှိ။ ဘန်ဂလိုကြီး တစ်နေရာမှာတော့ ရှိလိမ့်မည်။ အိမ်ပေါ်ကို လူတိုင်း တက်ခွင့် မရှိကြသော်လည်း ပန်းလာပို့ကြသူ၊ နွားနို့လာပို့ကြသူ၊ တောအမဲဟင်းလျာ လာပို့ကြသူတွေကတော့ နောက်ဖေး မီးဖိုဆောင်အထိ ဝင်လာခွင့် ရှိကြပါ၏။ အိုင်ရင်းက မီးလင်းဖိုမှ ထကာ နောက်ဖေး မီးဖိုဆောင်ရှိရာ အောက်ဘက်ကို ငုံ့ကြည့်လိုက်သည်။ နွားနို့လာပို့သူ မည်ဇာကို မြင်နေရသည်။ တာလပတ်စကြီး ခေါင်းခြုံကာ မီးလင်းဖိုထဲမှာ အလုပ်ရှုပ်နေတာကို မြင်ရခြင်းဖြစ်၏။

အိုင်ရင်းက ချက်ချင်း ပြေးဆင်းသွားသည်။ အိုင်ရင်းနှင့် မည်ဇာ တို့က ဦးစောညွန့်ရှိကတည်းက ခင်ကြသူတွေဖြစ်၏။ မည်ဇာတို့က အလုပ် သမားတန်းလျားတွေမှာ နွားမွေးကြသူတွေ ဖြစ်သည်။ အိုင်ရင်း ရောက်သွား တော့ မည်ဇာက မီးဖိုဆောင်က ထမင်းချက်ကုလားကြီးကို နွားနို့တွေ ပုလင်း နှင့် ချင်ထည့်ပေးနေခိုက်ဖြစ်၏။ မည်ဇာက နွားနို့ကိစ္စပြီးလို့ ထွက်လာတော့မှ အိုင်ရင်းကို မြင်သည်။

"မိုးတွေ စိုလို့ပါကော မစောရဲ့...ဖျားနာနေပါဦးမယ်"

"မည်ဇာ မီးဖိုထဲ ပြန်သွားပါ...မထွက်နဲ့...မိုးကြိုးတာလေပတ်နဲ့ နွားနို့ပုံး စောကိုပေး...သွားတော့...ခဏနေတော့မှ ထွက်ခဲ့...နွားနို့ပုံး ခြံပြင်တစ်နေရာမှာ ထားခဲ့မယ်...ဘယ့်သူ့မှ မပြောနဲ့နော်"

အိုင်ရင်းက ခါးအောက်ပိုင်းအထိလုံသော တာလပတ်အညိုစကြီးကို ခေါင်းက ခြုံကာ နွားနို့ပုံးကိုဆွဲရင်း မိုးသဲသဲထဲမှာပဲ ခပ်သုတ်သုတ် ထွက်လာခဲ့ လေ၏။ အိုင်ရင်း ရင်တွေ တဒိန်းဒိန်းခုန်လျက်ရှိ၏။ ခါးမှာတော့ ကျည်ဆံ ထည့်ထားသော ခြောက်လုံးပြူး ပါပါ၏။ ခြံအပြင်တစ်နေရာရောက်တော့မှ နွားနို့ပုံးကိုချကာ သစ်တောကြီးထဲ တိုးဝင်လာခဲ့သည်။ လမ်းတွေကို အမှတ်ရ သည်။ ကိုမင်းသိန်းနှင့် သွားနေကျ။ တောသစ်ပင်အုပ်ကြီးထဲ ဝင်မိသည်နှင့် အိုင်ရင်း မပြေးရဲတမယ် လှမ်းရလေပြီ။ ဘန်ဂလိုကြီးက ဝေးရာ...။ ခြေလှမ်း ပေါင်းများစွာ လှမ်းရဦးမည်။ မိုးတွေက သဲသဲမဲမဲရွာလျက်...။ သည်လောက်ဆို အိုင်ရင်းပျောက်သွားတာ သိလောက်ရောပေါ့။ သည်အတွေးဝင်လေ ပြေးလေ။ အိုင်ရင်းမှာ ဖိနပ်မပါ။ နွားနို့ပို့သူ မည်ဇာနှင့်တူအောင် ထဘီဝတ်ခဲ့ရသည်။ ဖိနပ်ချွတ်ခဲ့ရသည်။ စောင့်ကြည့်သူတွေ လှမ်းကြည့်လျှင် မျက်နှာမမြင်ရအောင် မိုးကာစကို ခေါင်းမြီးခြုံထားသဖြင့် ရုတ်တရက် မမှတ်မိနိုင်။ သည်လိုနှင့် ဘန်ဂလိုကြီးထဲက လွတ်မြောက်လာခဲ့ခြင်း ဖြစ်၏။

ပြေးရင်းက ဓာတ်ပေါင်းစုကုရားဘက် ရောက်လာခဲ့သည်။ တာလပတ်စကြီး နှင့် သူမကိုယ်တိုင် ကမ္ဘည်းထိုး လျှုဒါန်းခဲ့သော တန်ဆောင်းကြီးထဲ ရောက်သော

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီ။ မချစ်မနှစ်သက်သူနှင့်အတူ ပေါင်းသင်း လှုပ်ခါန်းခဲ့သည့် ကုသိုလ်...။ အိုင်ရင်း တန်ဆောင်းရိပ်မှာ ခဏခိုသည်။ သူမ ဘာလုပ်ရမလဲ။ ဘယ်ကို ပြေးရမလဲ။ သည်နေရာတစ်ဝိုက်က ကာလူးဘိုး၏ စက်ရိုပ်ကျရာ နေရာဖြစ်သည်။ ပြေးနိုင်မှ လွတ်မည်။ သမုန်းကျင်းဘက် ထွက်ရင်ကော...။ မိုးတွေက ပို၍ပင် သဲလာခဲ့သည်။ သည်အပိုင်းကိုတော့ ဘကြီးဒိုးလုံးက ဆက်ပြောပြသည်။

"အိုင်ရင်းကို ပြန်မိတာပါပဲ ဆရာမလေးရယ်...ခမျာ ပြေးမလွတ်ပါဘူး...မိုးတွေ နှစ်ရက်လုံးမိလို့ အဖျားကလည်း ဝင်နေပြီ...သမုန်းကျင်းကို ပန်းပြီး ထွက်တော့ထွက်တာပဲ...ပြန်မိသွားတယ်...ချက်ချင်း ဒရွတ်ဆွဲခေါ်သွားကြတယ်...လူမိုက်အစောင့်နှစ်ယောက်ခမျာလည်း ပစ်မသတ်ရုံတမယ်ပါပဲဗျာ...ရက်စက်လိုက်ပုံများတော့..."

ဦးစောညွန့်. ဆုံးပြီးကတည်းက ဦးကြီးကြာပါ ဘန်ဂလိုကြီးထဲက ထွက်ခဲ့ရသည်ဖြစ်ရာ နောက်ပိုင်းအခန်းတွေကို ဘကြီးဒိုးလုံးကသာ ကောင်းကောင်းပြောနိုင်ပါ၏။ ဘကြီးဒိုးလုံး ပြောပြချက်အရ အိုင်ရင်းခေါ် မစောညွန့်.ကို ပြင်းထန်စွာ နှိပ်စက်ခဲ့သည်ဟု ဆိုသည်။ သူမကို ဖမ်းစဉ်က ခြောက်လုံးပြူးဖြင့် ခုခံခဲ့သော်လည်း သေနတ်က ကျည်ဆံမထွက်ပဲ ရှိခဲ့သည်ဟု ဆို၏။

"သည်နောက်တော့ အိုင်ရင်းခမျာ အိပ်ရာထဲ လဲတော့တာပါပဲ...မိုးမိတဲ့ဒဏ်နဲ့. အဖျားကလည်း ငှက်ဖျားပါ ပါတယ်နဲ့.တူပါရဲ့...ကယောင်ကတမ်းတွေ အော်နေလို့. ဗမာဆရာတောင် ပင့်ပြီး ကုရတယ်...အင်မတန်ချောတဲ့ မိန်းကလေးဟာ ချက်ချင်း ပိန်ချုံးကျသွားခဲ့တယ်...ကာလူးဘိုကလည်း လှည့်မကြည့်တော့ဘူး...ပြန်လည်း မလွှတ်ဘူး"

အဆိုးဆုံးကတော့ မာတ်ပေါင်းစုဘုရားထဲက တန်ဆောင်းအစ်မ မစောညွန့်. သေပြီဆိုသည့် ကောလဟလတွေ ပြန့်သွားခဲ့ခြင်းဖြစ်သည်။ နီစပ်ဘို ခေါ် ကာလူးဘိုနှင့် ပေါင်းသင်းရာက စိတ်မချမ်းမသာဖြစ်ပြီး အိပ်ရာတွင်းမှာပဲ သေဆုံးသွားသည်ဆိုတာ ပါသေးသည်။ မစောညွန့်.ကိုယ်တိုင်ကလည်း အသက်

ရှင်သည် ဆိုရုံကလေး ရှင်သန်နေရသူဖြစ်ရာ သေသူနှင့်မခြား ရှိခဲ့ရပါ၏။ မစောညွန့်.ကတော့ နာလံထသည်နှင့် သည်ဘန်ဂလိုကြီးက ခွာဖို့သာ စဉ်းစားနေခဲ့သည်။ အဆုံးစွန်အတွေးကတော့ ကာလူးဘိုကိုပါ လုပ်ကြံရန် ဖြစ်လေ၏။

"မစောညွန့်.အမေ ဒေါ်မေရီလှတို့.က သမီးဆီ မလာကြတော့ဘူးလား...မာဂျရီးကကော..."

"မလာကြတော့ဘူးဗျ...သည်အကြောင်းတွေ ကြားလေသလား...မကြားလေသလားလည်း မပြောတတ်ပါဘူးဗျာ...နောက်ပိုင်း သတင်းကြားရတာတော့ ဒေါ်မေရီလှက ဆုံးသွားပြီတဲ့...မာဂျရီးကိုတော့ အိမ်ထောင်ရှပေးလိုက်တယ်လို့.တော့ ကြားပါရဲ့...ကျွပ်တို့.ကလည်း တောထဲနေရတဲ့ လူတွေဆိုတော့ ဂဃနဏ မပြောတတ်ပါဘူးဗျာ"

"ကိုမင်းသိန်းကကော် တစ်ခါတည်း ပျောက်သွားတာလား ဘကြီး"

"ဦးစောညွန့်.ဆုံးပြီ...ကာလူးဘို ဆုံးပြီဆိုတဲ့နောက် တစ်ခေါက် ရောက်လာသေးတယ်...သည်အချိန်မှာ အိုင်ရင်းလည်း မရှိတော့ဘူး...သူကလည်း မင်းသရုပ် မဟုတ်တော့ပါဘူးဗျာ...အရွယ်ကလည်း ရင့်သွားပြီကိုး...လေးငါးရက်လားနေပြီး ပြန်ပျောက်သွားတာပါပဲ"

"ကာလူးဘို သေတဲ့အကြောင်းနဲ့. မစောညွန့်. ပျောက်သွားပုံ ပြောပြပါဦး"

စကားဝိုင်းပင် ခေတ္တငြိမ်သွားခဲ့ပါ၏။ ညဉ့်နက်နေလေပြီ။ ဘယ်သူမှ တော့ အိပ်ချင်ပုံမရှိ။ ဂျုမ္ဘုန့်.အိတ်တွေ ဝယ်ထားသဖြင့် မဒွေးက ချပါတီလို့ မုန့်.ကို လှော်သည်။ ဂိုသားဟင်းဆီပြန်ကို ပြန်ဖွေးသည်။ ဂိုသားဆီပြန်ဟင်းနှင့် ချပါတီပူပူက သန်းခေါင်လယ် ညစာအဖြစ် စားလို့.ကောင်းလှသည်။ စကား ပြောလို့. ပန်းသွားကြပုံရသည်။ လူကြီးတွေကလည်း အာဟာရ ပြန်ဖြည့်ကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"သည်လို ဆရာမရဲ့...ခေတ်ကလည်း ကောင်းလာပြီး သည်ဘက် ခေတ်တွေ ရောက်လာပြီဆိုတော့ ရပ်ရွာတွေကလည်း လူသူလေးပါး အခြေချကြတာ များလာတာတစ်ကြောင်း...ကာလူးဘိုက အိုင်ရင်း အဖေထက် ကြီးသေးတာဆိုတော့ အရွယ်ကလည်း ရတာတစ်ကြောင်း ကိုး...အိုင်ရင်းကို ငှက်ကလေးများလို လျှောင်ထားလို့ မရတော့ဘူး ပေါ့ဗျာ...သစ်တောကြီးထဲမှာပဲ ကုမ္ပဏီတွေ ရောက်လာကြတာ နည်းမှမနည်းတော့တာ...ကာလူးဘိုလည်း ရာထူးအရ နောက်ပိုင်း မှာ အောမှမဟုတ်တော့သလို ဖြစ်သွားပြီ...သည်အချိန်မှာ သေရာ တာပါ...တောထဲသွားရင်းက သွေးရဲရဲ သံရဲရဲ လဲနေတာ တွေ့တယ် ပြောကြတယ်...ခေါင်းကလည်း စိစိကျေလို့...တစ်ကိုယ်လုံးလည်း သစ်များ၊ ဝံများ ကုတ်သလို အစင်းကြီးတွေမှာ သွေးချောင်းတွေ စီးနေတာပဲဗျို့...ထူးဆန်းတာက နောင်ဆယ်နှစ်လောက်အကြာမှာ အလောင်းတွေ့တဲ့နေရာနဲ့ မနီးမဆေး ချောက်ထဲက သံနဲ့လုပ်ထားတဲ့ လက်သည်းချွန်လို ခက်ရင်းဟောင်း တစ်ချောင်း အလုပ်သမား တစ်ယောက်က တွေ့တယ်...သည်တော့မှ လုပ်ကြံခံရတာလားလို့ တွေးကြရဲ့ပေါ့ဗျာ"

"ဦးကျန်ပေါ်တို့ တွေ့တဲ့ အမှတ်တရ ကျောက်တုံးဆိုတာကကော..."

"သူ့တပည့်များက အလောင်းကောက်ပြီး ဘာသာထုံးစံအရ လုပ်ပေး ကြပုံ ပေါ်ပါရဲ့...အင်မတန် ရက်စက်တဲ့လူ ဆိုပေသိ သေမှတော့ လည်း လုပ်သူက လုပ်ပေးကြတာပေါ့လေ...သူလည်း တစ်ဇာတ်သိမ်း ရှာတယ်"

"အဲသည်အချိန်မှာ အိုင်ရင်းစောညွှန့် မရှိတော့ဘူးပေါ့"

"ရှိသေးတယ်...ဒါတွေဖြစ်ပြီး သစ်တောထဲက ထွက်သွားလိုက်တာ စုန်းစုန်းမြှုပ်သွားတော့တာပါပဲ...သတင်းတွေက အမျိုးမျိုးပါပဲဗျာ... ကာလူးဘိုပိုင် ပစ္စည်းတွေ ယူသွားပြီး ချမ်းသာသွားတယ် ပြောလို့

ပြော...နိုင်ငံခြား ရောက်သွားပြီ ပြောသူပြော...ဆုံးရှာပြီ ပြောထူး ပြောပေါ့လေ...ဆယ့်ရှစ်နှစ်သမီးမှာ အိမ်ထောင်ကျပြီး အသက် နှစ်ဆယ်လောက်အတွင်း မုဆိုးမ ဖြစ်သွားတယ်...အဲသည်ကာတည်း က ဦးစောညွှန့်မိသားစုဇာတ်လမ်းလည်း သစ်တောထဲမှာ တစ်စခန်း သိမ်းသွားတယ် ပြောရမှာပေါ့...နောက်ထပ် ဘာမှကို မကြားရတော့ တာ...ပျောက်သွားတာပဲ နှစ်ပေါင်းလေးဆယ်လောက် ရှိပြီပဲဗျာ... ရှိချင်တောင်မှရှိတော့မယ်...ရှိရင်လည်း အိုစာရောပေါ့"

ထိုညက သည်မှာပဲ တစ်စခန်းရပ်ကြရပါ၏။ ခင်[illegible]ပိုရာ ဝင်တော့လည်း သည်ဇာတ်လမ်းကို ရုပ်ရှင်ဇာတ်ကားတစ်ကားလို မြင်နေမိသည်။ ဘိုဆန်သော မိန်းမပျို၊ ပေါ်တူဂီကပြား လူအိုကြီးတစ်ယောက်၊ သစ်တောစာရေး ကလေးတစ်ယောက်နှင့် ခက်ရင်းငါးခွ သံချွန်လက်ကောက်တစ်ချောင်းတို့ ဘယ်လိုများ ဆက်စပ်ခဲ့ပါလိမ့်။

တောထဲတောင်ထဲမှာ ကြားခဲ့ရသော တောထဲတောင်ထဲက ဇာတ်လမ်း တစ်ပုဒ်ပင်။

* * *

"ညက ဘကြီးဒိုးလုံးတို့အားလုံး ကျွန်တော့်ရုံးခန်းမှာပဲ အိပ်ခိုင်းလိုက် ရတယ်...ပြန်ဖို့ ညဉ့်နက်သွားပြီလေ...အဘိုးကြီးတွေ အိပ်ကြတုန်း... ကျွန်တော်လည်း မခင်စောမူတို့ နိုးလောက်ပြီဆိုပြီး ထလာခဲ့တာ" ခင်စောမူ နိုးနေပါပြီ။ ကိုယ်လက်သန့်စင်ပြီး အဆောတ်အဆို အပြင် ဘက်က ခုံတန်းမှာ ထိုင်နေခိုက် ကိုမင်းအောင်မြင့် ရောက်လာခြင်းခြင်း၏။ ကိုမင်းအောင်မြင့်က ဝီရိယတော့ အောင်သား၊ ကြည်ကြည်လင်လင် နီးစပ်ရပါ၏။ အားကစားအကျိုလက်တိုနှင့် ဘောင်းဘီရှည် ဝတ်ထားသော အသား ဒိန်ပဲကလေး စီးထားသည်။ မင်္ဂေးကဆော့ နေကာ ပြင်နေတုန်း သည်အခါ ထမင်းကြော်နှင့် ဘယာကြော် ကြော်ခဲ့သည်ဆိုကာ ထရီထဲတွေ့ ရောနဲ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com

သံသည်။ ကိုမင်းအောင်မြင့်က မထိုင်ပါ။ ခင်စောမူကို လမ်းအတူလျှောက်ခေါ်ချင်ပုံဖြင့် စကားပြောရအောင်လို့သာ ခေါ်သည်။ ခင်စောမူလည်း ထလိုက်လာခဲ့သည်။ သစ်တောရုံးဆီမှ ရွာလမ်းတွေဘက် အထွက်အထိ လျှောက်ခဲ့ကြသည်။

"သည်သစ်တောကြီးထဲမှာ ဖြစ်ခဲ့တဲ့ဇာတ်လမ်းက တော်တော် ဆန်းကြယ်တယ်နော် ..ကျွန်မဖြင့် ညတုန်းက တော်တော်နဲ့ အိပ်မပျော်ဘူး... မိန်းကလေးတွေကို ကိုယ်ကျင့်တရားတို့, စာရိုက္ခတို့နဲ့ ပတ်သက်ရင် ထိခိုက်အောင် ပြောတတ်ကြတယ်...မိန်းကလေးတွေရဲ့ ဘဝက ကျဉ်းထဲကျပ်ထဲ ကျရတာတွေလည်း ရှိတာပါပဲလေ...အိုင်ရင်းကိစ္စပဲကြည့်...ဒန်းပွင့်ကိစ္စပဲကြည့်...သူတို့ ဖန်တီးခဲ့ကြတာ မဟုတ်ပဲ သူတို့ခမျာ ဘဝမခြောင့်ဖြူးနိုင်ကြဘူး"

"ကျွန်တော်လည်း ညက အတွေးလွန်နေမိတယ်...အမှန်းတွေ အနိုင်ကျင့်မှုတွေ ဘယ်တော့များမှ ဆုံးနိုင်ပါ့မလဲလို့လေ...ကျွန်တော် တစ်ကိုယ်ရေတစ်ကာယနေတာ...အဲဒါပဲ မခင်စောမူရဲ့...ကျွန်တော်က ချစ်သူနဲ့လွဲမှာ သိပ်စိုးတာဗျ"

"ဘယ်သူကများ ရိုက်စစ်နေလို့ ဖြောင့်ချက်တွေ ပေးနေရတာလဲ... ကိုမင်းအောင်မြင့်ရယ်...ချစ်သူတိုင်းတော့လည်း ဘယ်ဟုတ်ပါ့မလဲ... ဘဝ အကြောင်းက်တွေ ရှိပါသေးတယ်...ကျွန်မစဉ်းစားတာတစ်ချက်က မစောညွန့်. ဆိုတဲ့မိန်းမ ပျောက်နေတဲ့ကိစ္စပါ...ဘကြီးဒိုးလုံးတို့ကလည်း သည်ကိစ္စမှာတော့ သေသေချာချာ မပြောနိုင်ကြဘူးနော် ကိုမင်းအောင်မြင့်"

"ထွက်သွားတဲ့ မိန်းမတစ်ယောက်ကိုတော့ အစောကတည်းက ခက်မှာပါလေ...သည်သစ်တောနဲ့လည်း ပတ်သက်စရာ မရှိတော့ဘူးကိုး... ကျွန်တော်တော့ မစောညွန့်. မရှိလာက်တော့ဘူးလို့. ထင်တာပဲ"

"ဒါဆိုရင် အမေကြေးစည်ဆိုတဲ့ မာတ်ဆရာမကြီးက ဘာကိစ္စ ကျောက်ပြားကလေးတစ်ပြား လူကြုံထည့်ပေးလိုက်တာလဲ...ရှိနေတယ်ဆိုတာ သိလို့ပေါ့...မဟုတ်ဘူးလား...ရှိတာမှ သမုန်းကျင်းမှာလို့တောင် ပြောလိုက်သေးတယ်"

"ဒါကတော့ဗျာ...ရှိနေလိမ့်ဦးမယ် ထင်လို့နေမှာပေါ့"

"မဟုတ်ဘူး...မဟုတ်ဘူး...ကျွန်မတော့ အဲသလို မတွေးဘူး"

တော်တော်ဝေးဝေးကို ရောက်လာကြပြီ။ သည်လောက်ဆို မဌေးထမင်းကြော် ရလောက်ပြီ။ ဘယာကြော်နှင့် ထမင်းကြော်၊ ကော်ဖီ သုံ့ပုဟုတ်နွားနို့ပူပူ။ ခင်စောမူ ဝမ်းကလေးပင် ဟာတာတာဖြစ်လာခဲ့သည်။ အပြန်ခရီးမှာတော့ ကိုမင်းအောင်မြင့်က တစ်စုံတစ်ရာ တွေးလာပုံပေါ်သည်။ မျက်ခနဲစကားတစ်ခွန်း ဆိုလေ၏။

"မခင်စောမူလည်း ပြန်ရတော့မယ်နော်...ဒါကတော့ လွဲတာဟုတ်မယ် မထင်ပါဘူး...ခဏခွဲကြရတာမျိုးပါ...ကျွန်တော်တို့ချင်း ဆုံချင်ပါသေးရဲ့"

"အို...ရှင်..."

ခင်စောမူ ဘာပြန်ပြောရမှန်းပင် မသိပါ။ မျက်နှာကလေးပင် ထူပူသွားရပါ၏။ သူ ရိုးရိုးသားသား ပြောတာနေမှာပါလေ။ ဝန်ခံကြကြေးဆိုလျှင် ခင်စောမူကလည်း လွမ်းချင်ချင်ရယ်ပါ။ ဘာမှတော့ ပြန်မပြောလိုက်မိ။ သစ်တောစခန်း ရောက်တော့ ဘကြီးဒိုးလုံးတို့ပင် နိုးနေကြပြီ။ မဌေးက ထမင်းတစ်အိုးတစ်မကြီး ချက်ပြီးမှ ပြန်ကြော်ထားသဖြင့် လောက်ငပါသည်။ ဘယာကြော်ကလည်း ကောင်းလိုက်တာ။ ထမင်းစားသောက်ပြီးတော့ ခင်စောမူ အချိန်တွေ အားနေသည်။ ကိုမင်းအောင်မြင့်၏ စာအုပ်စင်ကို သွေးထာ တစ်အုပ်ယူ၍ နေလိုက်သည်။ ကိုမင်းအောင်မြင့်တို့ကတော့ အလုပ်ရှင် ဝင်နေကြပါ၏ ဆယ့်နှစ်နာရီ ထိုးတော့မည်။ ထမင်းကြော် စားထားသဖြင့် ဆေးကြောသောဆီးများ မပြောတတ်ပါ။ ကိုမင်းအောင်မြင့်တို့ ဆင်းမလာကြသေး။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်မှာပင် မဋ္ဌေးက သတင်းစကားတစ်ခု ယူဆောင်လာခဲ့လေ၏။

"ဆရာမရေ...မနေ့က ကျွန်မတို့ဘန်ဂလိုကို လူသုံးယောက် တုတ်တွေ, ဓားတွေနဲ့ မောင်ပုညကို လာရှာကြသတဲ့...ခလောက်ဆွဲက လှည်းသမားက လာပြောသွားတာ...ကျွန်မအိမ်သား ကိုပုက မှာလိုက်လို့တဲ့..."

ခင်စောမူ စာဖတ်နေရာက ဝုန်းခနဲ ထထိုင်လိုက်သည်။ ဒန်းပွင့်နှင့် မောင်ပုညတွက် ခေါင်းနားပန်းပင် ကြီးသွားမိရလေ၏။

(၁၇)

သည်တစ်ရက်ကလေးတော့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး နေလိုက်မည် စိတ်ကူးထားကာမှ စိတ်ညစ်စရာ သတင်းစကား ရောက်လာခဲ့ခြင်းဖြစ်သည်။ သတင်းကြောင့် မဋ္ဌေးခမျာ လင်သားအတွက် စိတ်ပူသွားပုံရသည်မျက်နှာ မကောင်းရှာပါ။ ဟုတ်မှာပေါ့လေ။ လင်သားဆိုတော့ ရင်လည်းပူ၊ စိတ်လည်း ပူရှာပေလိမ့်မည်။ ဘန်ဂလိုကို တုတ်တွေ၊ ဓားတွေ ကိုင်ထားကြသူတွေက မောင်ပုညကို လာရှာကြသည်ဆိုတော့ ဒန်းပွင့်ပါ ပျောက်သွားတာသေချာပြီ။ မောင်ပုညက ဒန်းပွင့်ကို ခေါ်သွားတယ် ထားပါဦး...ဘယ်ကို ခေါ်သွားတာလဲ။ သူ့ရွာ မိုးနံကိုလား။ နေပူကုန်း၊ တောခြေခေါ် ပတတ်စာကုန်းနှင့် မိုးနံ ဆိုသည်ရွာတွေက သစ်တောဝန်ကျင်ရွာတွေဖြစ်လို့ ဆေးဆေးရောင်နိုင်ဘာမျိုး မဟုတ်။ ခင်စောမူက မဋ္ဌေးကို အားပေးရပါ၏။

"မောင်ပုညက ဘန်ဂလိုမှာ မရှိတော့လို့ တော်သေးတာပေါ့ရှင်...နို့မို့ ကိုပုပါ ရန်ရှာနေကြမှာ စိုးတာပါ...နေပါဦး...သတင်းက ဘယ်လား... ဘာပါသေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမပါပါဘူး...ညက လာဝိုင်းကြတယ်တဲ့...ပုညကို လာရှာတာ နေမှာပေါ့ ဆရာမရယ်...ကိုပုက လှည်းသမားကို မနက်စောစော ထွက်မှာတယ် ဆိုကတည်းက ကိုပုတော့ အန္တရာယ်ရှိပုံ မရပါဘူး"

"မဌေး ပြန်ချင်သလား...ပြန်ကြရအောင်လေ...သည်မှာက အရေး ကြီးတာ ဘာမှမရှိတော့ပါဘူး...ကျွန်မအလုပ်လည်း ပြီးပြီပဲ... ကိုမင်းအောင်မြင့်က တားလို့သာ နေရမှာပါ...စကားစမြည်ပြောရင်း ဌေးကြီးတာပဲဟာ..."

"ကသိပါတယ် ဆရာမရယ်...မထူးပါဘူး...ခုချိန်မှပြန်လည်း မိုးချုပ် မှ ရောက်မှာ...မနက်စောစော ထပြန်လို့ရတာပဲ...ဆရာမက နောက်တစ်ရက် ပြန်တော့မှာပေါ့"

"ပြန်ရမှာပေါ့ မဌေးရယ်...ကျွန်မ ရက်တွေ ညောင်းနေပြီ...ကုမ္ပဏီက ရက်တစ်ပတ်ဆို လွှတ်လိုက်တာလေ...ကျွန်မကို ဘာပြောမလဲ မသိဘူး"

"ဒါတော့ မပူပါနဲ့ ဆရာမရယ်...ကုမ္ပဏီက သစ်တောသစ်ကွက် တွေနဲ့ ပတ်သက်လို့ ဆရာ့ကို အားကိုးနေကြရတာပါ...သည်ကို ဘယ်သူမှ မလာချင်ဘူး...ဘယ်သူမှလည်း မလုပ်တတ်ဘူး...ဆရာ ကပြောရင် ဘာမှမဖြစ်ဘူး...စိတ်ချ..."

"ဟုတ်ပါတယ်လေ..."

မဌေးကပင် ခင်စောမူကို ပြန်အားပေးနေပါ၏။ နေ့လယ် ထမင်း စားကြတော့ မဌေးက ကြားသည့်သတင်းကို ကိုမင်းအောင်မြင့်သိအောင် ပြောပြ လိုက်သည်။ ကိုမင်းအောင်မြင့်ကလည်း မဌေးပြန်ချင်လျှင် ပြန်ပို့ပေးမယ် ဆိုရှာ သည်။ မှန်တာပြောရလျှင် ခင်စောမူကိုယ်တိုင်ကလည်း ပြန်ချင်ပြီ။ ဒေါ်ခင်မေသို့ အိမ်မှာ တည်းလို့တော့ မဖြစ်နိုင်တာကိုလည်း ကြိုတင်စဉ်းစားထားရပါ၏။ ဒန်းပွင့်နှင့် အေးစု မရှိကြမှတော့ သည်အိမ်ကြီးမှာ သူမနှင့် ဒေါ်ခင်မေသို့

နှစ်ယောက်တည်းနေရမှာကို စိတ်မသန့်လို့ ဖြစ်သည်။ ဒေါ်ခင်မေသီ ဘုတ် လောက်တောင် ဒေါသူပုန်ထနေပြီလဲ။ သည်အဖြစ်အပျက်တွေမှာ ခင်ဇော်သူ ပါတယ်လို့များ သိနေရော့လား။

"သည်လိုလုပ်ကြရအောင်လေ...အခု မောင်မောင်တင် မြို့ကြီးကို သွားတယ်...မောင်မောင်တင့်ကား လာရင် ပြန်ကြတာပေါ့...ကိုပု တစ်ယောက်တည်း ပစ်ထားသလို ဖြစ်နေမှာကို ကျွန်တော်လည်း စိတ်ပူတယ်...သည်သတင်း ကိုပုက လှမ်းမှာလိုက်လည်း ဆိုတာကလည်း အကြောင်းတော့ ရှိမှာပေါ့...ထမင်းစားပြီးကြရင် ဌေးကြီးခိုးလုံးတို့ကို မခင်စောမူ မေးချင်တာရှိရင် မေးပေါ့...မောင်မောင်တင်က နှစ်ချက်ကျော်ကျော်လောက် ပြန်ရောက်မှာပါ"

"ကျွန်မကြောင့်တော့ မလောပါနဲ့ ဆရာရယ်...ကိုပုက ဖြစ်ပါ တယ်...ဆရာမ သဘောတစ်ခုပါ"

မဌေးက ခင်စောမူဘက်ကို လှမ်းကြည့်သည်။ ခင်စောမူက ပြန်ရမှာလား။ ဘကြီးခိုးလုံးတို့ကို မေးစရာ သိပ်မရှိတော့ပါ။ ဦးစောညွန့်၊ ဒေါ်မေရီလှနှင့် သမီးတွေအကြောင်း သိရပြီ။ အိုင်ရင်းစောညွန့်၊ ခေါ် မစောညွန့်နှင့် ကားလို့စ်ဆိုသူ ပေါ်တူဂီအရာရှိကြီး လင်မယားအကြောင်းလည်း သိရပြီ။ မစောညွန့်ဆိုသူ ပျောက်သွားခဲ့ပြီဆိုမှတော့ နောက်ထပ်ရှာရန်လည်း မရှိပြီ။ ပြန်စဉ်းစားကြည့်တော့ အမေကြေးစည် ဆိုသူက လူကြုံပေးလိုက်သည့် ကျောက် ပြားကလေးဆိုတာလည်း ကာယကံရှင် မတွေ့မှတော့ ကိုမင်းအောင်မြင့်ဆီမှာ ထားခဲ့ရဲသာ။

"ကျွန်မ စဉ်းစားလို့ရတာတော့ သည်က နှစ်ချက်ကျော် သုံးနာရီ လောက် ပြန်ဦးတော့ မိုးကြီး အတော်ချုပ်မှ ဘန်ဂလိုကို ပြန်ရောက်မှာ လေ...ဟိုရောက်မှ ချက်ဟယ် ပြုတ်ဟယ်နဲ့ မဌေး ပင်ပန်းရှိမှာပဲ သည်ညတော့ သည်မှာပဲ နေလိုက်ကြစို့...ဖြစ်ရဲ့လား မဌေး..."

www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ပါ့ ဆရာမရယ်...လူဝိုင်းတယ်ဆိုတာကလည်း ကိုပုကို လာခေ
တာနဲ့ တူပါတယ်...ကိုပုကို ရန်မရှာပဲကြဘူးရယ်...ဆရာတို့ နောက်
ကရှိတယ်ဆိုတာ သမုန်းကျင်းက သိပါ့"

နေ့လယ် ထမင်းစားကြတော့ မွန်းလွဲချင်ပြီ။ မောင်မောင်တင် ပြန်လာ
တော့ ခင်စောမူအဖို့ရာ ဝမ်းသာစရာသတင်း ပါလာခဲ့သည်။ မြို့ကြီးကိုရောက်
တော့ မောင်မောင်တင်က ကုမ္ပဏီနှင့် ဗုန်းပြောခဲ့ရာတွင် မခင်စောမူ အလုပ်ကိစ္စ
မပြတ်သေးသဖြင့် ရက်တိုးနေခွင့် တောင်းခံခဲ့ရာ ကုမ္ပဏီက လုပ်ငန်းပြီးပြတ်ခွ
ပြန်ခဲ့နိုင်ကြောင်း ခွင့်ပြုသည် ဆိုပါ၏။ ဒါတွေကလည်း ကိုမင်းအောင်မြင့်
ဉာဏ်တွေ ဖြစ်လောက်သည်။ ခင်စောမူကိုယ်တိုင်လည်း ဝမ်းသာမိတာ အမှန်ပင်။
မောင်မောင်တင်က အစ်မ တစ်သက်လုံးနေခိုင်ရင်တောင် နေပါတော့လို့ ကုမ္ပဏီ
က ပြောတယ်ဆိုသည် ရယ်စရာမောစရာ စကားကြောင့် ရုက်ရွံ့သွားမိတာတော့
အမှန်ပင်။

"တောယိတောင်ထဲ တစ်သက်လုံး မနေပါရစေနဲ့ ငါ့မောင်ရယ်...
မင်းတို့ ဆရာတပည့်သာ ရသေ့ဝတ်ကြတော့..."

ကိုမင်းအောင်မြင့်က ရယ်သည်။ သစ်သီးဆွမ်းလောင်းမယ့် မာတုဂါမ
တော့ လိုမှာပေါ့ မခင်စောမူရဲ့...တဲ့။ သူကလည်း အလာကြီးပါလား။

သစ်တောတွင်း ညနေခင်းသည် အေးမြသော သစ်ရိပ်များကြောင့်
ညို့မှောင်မှောင် ရှိနေပါ၏။ ကိုမင်းအောင်မြင့်က သူ စုဆောင်းထားခဲ့သော
ဆေးတံ၊ ငွေဒင်္ဂါး ပြား၊ ဖောင်တိန်နှင့် လက်ကြယ်သီးကလေးတွေ ပြသည်။
ဆင်စွယ်နှင့် လုပ်ထားသော အရုပ်ကလေးအချို့လည်း ပါသည်။ သတ္တုလက်စွပ်
နှစ်ကွင်းကတော့ အရောင်တွေ မှိန်နေလေပြီ။ သေတ္တာကလေးက သံချေးအထပ်
ထပ်တက်လို့။ ဖောဘိန်က အညိုရောင်။ ခပ်တုတ်တုတ် ပုတိုတိုဖြစ်၍ အင်္ဂလိပ်
စာလုံးတွေ ထွင်းထားသော်လည်း ဖတ်လို့မရပါ။ မစွတာ ကားလို့စ်များ
ဖြစ်နေလေမလား။

ခင်စောမူက သွတ်ကြေးညောင်တွေ တက်နေသည့် သေတ္တာဟောင်း
ကလေးကို နေရောင်ရသည့်ဘက် မ,ယူလာခဲ့သည်။ ကိုမင်းအောင်မြင့်တို့
လိုက်မလာကြတာပဲ ခပ်ကောင်းကောင်း။ ခပ်လှမ်းလှမ်း တစ်နေရာမှာ ကုလား
ထိုင်တစ်လုံး ချထားသဖြင့် အေးအေးဆေးဆေး သွားထိုင်ရင်း သေတ္တာထဲက
ပစ္စည်းကလေးတွေ တစ်ခုချင်း ကြည့်မိပါ၏။ ဖောင်တိန် အညိုရောင်...။
ဒေါ်ခင်မေသို့အိမ်က ပုံးတစ်ပုံးထဲမှာ တစ်ရက်က ခင်စောမူ တွေ့ခဲ့ဖူးသည့်
ဖောင်တိန်မျိုးပင်။ ယောကျ်ားကိုင် ခပ်တုတ်တုတ်။ အိုးဇော်ဇာ တစ်ချိန်က
စာလုံးကလေးတွေ ရှိနေသော်လည်း သဲသဲကွဲကွဲ ဖတ်မရတာကိုကို အံ့ယားနေမိ
သည်။ ဖောင်တိန်က မျိုးတူ အရောင်တူတာထားပါတော့ ဒေါ်ခင်မေသို့အိမ်မှာ
တစ်ချောင်း၊ တောထဲက တူးရသည့် သေတ္တာကလေးထဲမှာ တစ်ချောင်း တွေ့ရ
တာကတော့ ထူးဆန်းသည်။

ဒေါ်ခင်မေသီ...။

ခင်စောမူက ဒေါ်ခင်မေသီနှင့်ပတ်သက်မိသမျှ ကိုယ်တိုင်ကြုံတာရော၊
သူများက ပြောတာတွေပါ ပြန်တွေးကြည့်သည်။ ဒေါ်ခင်မေသီနှင့်စတ်သက်၍
သိရသမျှ ပုံဖော်ကြည့်သည်။ ကိုကြိမ်ပိုက်ကတော့ ခင်စောမူ ဘုတ်အရောက်လာ
သည့်နေ့က အသက်လေးဆယ်လောက်ရှိမည့် မိန်းမချောလို့ ပြောခဲ့ဖူးသည်။
ကိုကြိမ်ပိုက်၏ ခန့်မှန်းချက်ကို လွဲလေခြင်း မဆိုသာသော်လည်း အသက်ငါးဆယ်
ကျော်လောက် ရှိတာတော့ သေချာသည်။ လေးဆယ်လောက် ထင်ရတာတော့
လည်း အမှန်ပင်။ မြန်မာထဲက ထွန်းတဲ့ရပ်မိုးဆိုတာကိုလည်း ခင်စောမူ လက်ခံ
သည်။ မျက်လုံးမျက်ဖန် ညိုညို၊ မျက်ကွင်းပါးပါး။ နှုတ်ခမ်းပါးပါး ခပ်ယွယ်ယွယ်
ကိုယ်လုံးကိုယ်ပေါက်နှင့် အမြဲတမ်း စမတ်ကျနေတတ်သူ။ သူမ သဘာဝထ
အထက်စီးဆန်သည်။ မာနရှိသည်။ ခြောက်လုံးလှန့်လုံးတွေ ထွင်ထွင်သုံးတတ်
သည်။ ငယ်ငယ်က ဒန်းပေါက ပြုတ်ကျဖူးလို့ မူရော အောက်ခေတ်ကလို့
ပြောဖူးသဖြင့် တကယ်ပဲ ရူးနေရောလားလို့ပါ တွေးကြည့်မိပါ၏။ ဒေါ်ခင်မေ
ကိုယ်တိုင်က သမုန်းကျင်းမြို့ဟောင်းကို အစိမ်းအနှင် ပေါ်တဲ့နေရာ၊ ခေါ်ယူခြင်း
ပစ်လို့ မနိုင်တဲ့နေရာလို့ သုံးနှုန်းတာလည်း မှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက သူမကိုယ်သူမ သမုန်းကျင်းမြို့သူဖြစ်ကြောင်း၊ မိဘတွေ ကလေးဘဝ သမုန်းကျင်းကပါပဲလို့ ပြောဖူးသည်။ ယေါတူဂိသွေး ပါသဖြင့် မျက်လုံးတွေက အပြာနှင့်အညိုသမ်းကာ မြွေဆိုးတစ်ကောင်၏ မျက်လုံးတွေနှင့် တူတယ်လို့ ဘိုးအေက မှတ်ချက်ချခဲ့သည်ဟု ကိုယ်တိုင်ပြောပြခဲ့ဖူးပါ၏။ ဒန်းပွင့်နှင့် ပတ်သက်လို့ ခင်စောမူ မခံချင်တာကိုလည်း သူမ ရိပ်မိပုံရသည်။ ဒန်းပွင့်ကို အိမ်ပေါ်တင် ဆေးကုသည့်အကြောင်း မကြာခဏ ရှင်းတတ်သည်။ တစ်ခါက ပြောဖူးသည်။

"ဒန်းပွင့်ကို မလိုသူက အပင်းတိုက်ထားတာရှင့်...မိသားစု ပြဿနာ ကလည်း ရှိတယ်...ဥစ္စာအမွေတွေ ရဖို့ရှိတော့ တစ်ယောက်ယောက်က အပင်းထည့်ထားတာ...စုန်းက လုပ်တာပါ...ခင်မေသိစက်ရိပ်ထဲကျနေလို့ ဒန်းပွင့် ခန္ဓာမြေနေတာ...မနောဓာတ်နဲ့ စွပ်ထားတဲ့ ခမည်းကြီးရှိလို့သာ ခံသာတာ...ဒန်းပွင့်ကို ပညာနဲ့ လုပ်ထားသူက လူကို ရေးသည်း သိမ်းမယ်...စည်းစိမ်ကိုလည်း သိမ်းမယ်...ပြီးရင် မိန်းကလေးကို အသက်နုတ်မယ်"

ဟုတ်တာ မဟုတ်တာထက် သည်လို ခြောက်လုံးတွေက ကြောက်စရာကောင်းလှသည်။ ဒေါ်ခင်မေသီကိုယ်တိုင်က ဧည့်သည်တွေကို ယူရိုပီယံစာ ကျွေးချင်သည့်အကြောင်း၊ သူမယောကျ်ားရှိစဉ်က မကြာခဏ စီစဉ်ပေးခဲ့ရကြောင်း၊ လူတစ်ယောက်ကို ချစ်လျှင် နှစ်ပြီး ချစ်တတ်သလို မုန်းရင် တုံးခနဲ လဲအောင် လုပ်တတ်ကြောင်း၊ သွေးရဲရဲ သဲရဲရဲ တွေ့လိုက်ရမှ စိတ်ကျေနပ်မှုရကြောင်း၊ သူမငယ်ငယ်က အမေကို ကြောက်ခဲ့ရကြောင်း၊ ကိုးနှစ်သမီးမှာ ပရိတ်တော်တွေ အလွတ်ရနေပြီဖြစ်ကြောင်းတွေ ပြောပြဖူးပါ၏။

"ဘယ်ယောကျ်ားကို ယူရိုပီယံစာ ချက်ကျွေးခဲ့တာလဲ...သွေးရဲရဲ သဲရဲရဲဖြစ်အောင် လုပ်လိုက်ရမှ ဆိုတာကကော ဘာသဘောလဲ...သမုန်းကျင်းလို တောရွာခေါင်ခေါင်မှာ ဆရာမကြီးဆိုတဲ့နဲ့ အင်္ဂလိပ်လို

ပြောတယ်ဆိုတာကကော...ဒေါ်ခင်မေသီက ဘယ်ရိုလူစားမျိုးလဲ...မစောညွန့်ဆိုသူနဲ့တော့ တစ်နည်းနည်း ပတ်သက်နေနိုင်တယ်"

ဖောင်တိန်ညိုကလေးကိုကိုင်ရင်း ခင်စောမူ တွေးနေခြင်းဖြစ်၏။ ဒေါ်ခင်မေသီတို့အိမ်ဘေး အဖိုဆွယ်နေသူ ကြီးတော် မည်းမည်းဝဝကြီးကတော့ စာသိုက် လိုက်ရှာနေတဲ့ လင်းမြွေလို မိန်းမတဲ့။ ဒေါ်ခင်မေသီကိုယ်တိုင်ကတော့ ဝိပဿနာတရား အားထုတ်သည်ဆို၏။ ပုတီးပတ်ရေ ကိုးရာစိပ်တယ် ဆိုတာလည်း ပါ၏။ စဉ်းစားလို့ရသလောက် ဒေါ်ခင်မေသီအကြောင်းကလည်း ခုပ်ထွေးထွေးပင်။

"ဟာ...ဟုတ်သားပဲ...ဒေါ်ခင်မေသီကိုယ်တိုင်ကကော မစောညွန့် မဖြစ်နိုင်ဘူးလား..."

ခင်စောမူခေါင်းထဲ သည်အတွေး ရောက်လာတော့ ကြက်သီးမွေးညင်းများပင် ထသွားမိပါ၏။ ဖောင်တိန်ညိုကလေးကို ကိုင်ထားသော လက်ပင် တဆတ်ဆတ် တုန်ယင်လာသည်။

ထိုစဉ်မှာပင် ခင်စောမူ ထိုင်နေသည့်နေရာကို မဌေးက ကော်ပီတစ်ခွက် လာချပေးသည်။ မောင်လှမြင့်က ခုံတစ်လုံးပါ ယူလာပေးသဖြင့် အဆင်ပြေသွားရပါ၏။ ခဏနေတော့ ကိုမင်းအောင်မြင့် ရောက်လာခဲ့သည်။ ခင်စောမူ လက်ထဲက ဆေးတံနှင့် ဖောင်တိန်ကိုကြည့်ရင်းက ပြုံးသည်။

"စုံထောက် မောင်စံရှားက ဆေးတံပေါက [illegible] ပြီး ဘယ်အရပ် ဘယ်ဒေသက ဘယ်လိုလူမျိုးဆိုတာ [illegible] ပါလားဗျာ...ဘာတွေများ သဲကြီးမဲကြီး [illegible]"

ကိုမင်းအောင်မြင့်က [illegible] ကပါ ကုလားထိုင်ပေါက ဆင်းပြီး [illegible]

"ဒေါ်ခင်မေသီအကြောင်း [illegible] အလက်တွေကို ပြန်စဉ်းစားကြည့်တော့ သည်ဘက်လမ်းမှာ [illegible] များ မစောညွန့် ဖြစ်နေသလားလို့ ပါ"

www.burmeseclassic.com

www.burmeseclassic.com

"ပြောပါဦး...စိတ်ဝင်စားဖို့ တော့ ကောင်းသား..."

"သည်လိုလေ ကိုမင်းအောင်မြင့်ရဲ့...ဒေါ်ခင်မေသီက အင်္ဂလိပ်စကား နဲ့ ကုလားစကား ကျွမ်းကျင်တယ်...သူ့ကို လက်ဖက်ရည်ဆိုင်က ဒေါ်ကြီးက ထူးထူးဆန်းဆန်း ဘိုမလို့ ခေါ်တယ်...နောက်ယူတဲ့ ကိုဘကောင်းက ဒုတိယအိမ်ထောင် ဖြစ်နေတယ်...ဆံပင်ကို ကုပ်ဝဲ ညှပ်ပြီး ရုပ်ဖျက်ထားတယ်...သူကိုယ်တိုင်က ပေါ်တူဂီသွေး ပါတယ် လို့လည်း ပြောတယ်...ဦးကာလူးကိုင်တဲ့ ဖောင်တိန်နဲ့. ငွေလျှုတဲ့ စာရွက် သူ့အိမ်မှာ တွေ့တယ်...ခေတ်ပညာတတ်တစ်ယောက်ရဲ့ ပါးနပ်မှုမျိုး ရှိတယ်...ဒါတွေကို ကျွန်မ တွေးမိလို့. ပြောတာပါ"

"ဒါဖြင့် သူက ဘာကိစ္စ သူ့ကိုယ်သူ ရုပ်ဖျက်ပြီး လူသစ်တစ်ယောက် လို နေစရာရှိလို့လဲ...သူဟာ တစ်ချိန်က အိုင်ရင်းစောညွန့်ပါ ဆိုတော့ကော ဘာထိခိုက်စရာ ရှိလို့လဲ...မဖြစ်နိုင်ပါဘူး မခင်စောမူရယ်..."

"ဟုတ်တယ်...ကျွန်မလည်း အဲသလို စဉ်းစားပါတယ်...မဖြစ်နိုင်ဘူး ဆိုတဲ့ အချက်တွေလည်း ရှိတယ်...ဆိုပါတော့ ကိုးနှစ်သမီးကတည်းက ပရိတ်တော်တွေ ရတယ်တို့...ငယ်ငယ်ကတည်းက မအေကို ကြောက်ရတယ်တို့...သူတို့မိသားစုက သမုန်းကျင်းသူတွေဆိုတာ တို့ကျတော့ အိုင်ရင်းစောညွန့်ဆိုတဲ့ မစောညွန့်. မဖြစ်နိုင်တော့ဘူး ပေါ့"

"မစောညွန့်ကို ကျောက်ပြားတစ်ပြားပေးဖို့အရေးဟာ သည်လောက် ကြီး စိတ်အပင်ပန်းခံနေပါနဲ့. မခင်စောမူရယ်...ကျွန်တော့်ဆီ ထားခဲ့ပါ...ကျွန်တော် လိုက်ရှာပေးလိုက်ပါ့မယ်...အရေးမကြီးတဲ့ ဟာကို..."

"မဟုတ်ဘူးရှင့်...ကျွန်မခေါင်းထဲမှာ ကျောက်ပြားဆိုတာ မရှိတော့ ပါဘူး...လူကြံပေးတာပဲ...ပေးရမယ့်လူ ရှာမတွေ့တာ အရေးမကြီး

တော့ပါဘူး...အခု ကျွန်မ ဖြစ်နေတာက ဘကြီးလုံးတို့. အဘကြီးကြောတို့ ပြောတဲ့ ဇာတ်လမ်းတွေထဲမှာ [illegible]တဲ့ မစောညွန့်ကို ရှာချင်တာ ဖြစ်သွားပြီ"

"ဒါဆို ဇာတ်လမ်းက နှစ်ခုဖြစ်သွားပြီ မခင်စောမူရဲ့...မရှိတဲ့ မစောညွန့်ကို အသာထား...ပျောက်နေတဲ့ ပုညနဲ့. ဒန်းပွင့်ကို အရင်ရှာရမှာ ဖြစ်သွားပြီ"

"ဟုတ်ပါရဲ့ရှင်...ဒါကလည်း ပြဿနာကြီးရှင့်...လူ့လောကမှာ ဒန်းပွင့် ဒါမှမဟုတ် ပုညမရှိမှ အေးမယ်ဆိုတဲ့ ရန်သူတွေထဲမှာ ဒေါ်ခင်မေသီနဲ့. ဒန်းပွင့်အဒေါ်တွေ ပါနေတော့ ကျွန်မ စိုးရိမ်တယ်...ကျွန်မခေါင်းထဲတော့ ဒါတွေချည်း ဝင်နေလေရဲ့..."

"ကိုင်း...လမ်းလျှောက်ရအောင်...ခဏနေရင် နေအေးပြီ...မခင်စောမူ ရေချိုးရမှာနဲ့...ချေးထွက်သွားအောင်ပေါ့ဗျာ"

ခင်စောမူ အသာထလိုက်လာခဲ့သည်။ လမ်းမှာတော့ ဒန်းပွင့်နှင့် မောင်ပုညတို့အကြောင်းချည်း ဖြစ်တော့သည်။ ပုညက လှည်းထောင် တောသား၊ မအေက ပညာသည်လို့ စွပ်စွဲခံရသူ၊ ဒန်းပွင့်တို့ဘက်က သဘောကွဲခြင်း မခံရသူ။ ဒန်းပွင့်က မိဘလက်ငုတ် ရွှေတွေ့၊ ငွေတွေ့၊ လယ်တွေ့၊ ချောင်းတွေ့ ကျန်ရစ်ခဲ့သူ၊ ပယောဂ ရှိနေသူအဖြစ် ဆေးကုခံနေရသူ။ သူတို့နှစ်ယောက် မရှိကြတော့။ ဒေါ်ခင်မေသီ ဘာတွေဖြစ်နေပြီလဲ...။ ဒန်းပွင့်အဒေါ်တွေက လူမိုက်တွေ ငှားပြီး လိုက်ရှာနေကြပြီဆိုတော့ မိများမိသွားကြပြီလား။

"ဒန်းပွင့် ဘဝက ဆိုးတယ် ကိုမင်းအောင်မြင့်ရယ်...ခုနစ်နှစ်သမီး အထိ စကားမပြောဘူး...အမေလို့. ဓနေါလို့. ရေတွင်းတူး လှူခဲ့ရ တယ်ဆိုတာရှိတော့ သူ့ကို သိုက်က လာသလိုလို...အပင်းမကူး သလိုလို ဖြစ်နေတယ်...ဆယ်နှစ်သမီးမှာ မအေ ဆုံးတယ်...နောက် ခြောက်လလောက်ကြာတော့ ဘွားအေ ဆုံးတယ်...ဆယ့်ခုနစ်နှစ် သမီးမှာ ဖအေဆုံးတယ်...ချစ်သူရယ်လို့ ရှိပြန်တော့လည်း [illegible]

www.burmeseclassic.com

စာစားဘုဝန္တ. နေရတုန်းပဲ ..ဒါကို ကျွန်မ သနားတာပါ...ကျွန်မ ဒန်းပွင့်တို့.ကိုင်လိုက်ရာချင်လိုက်တာရှင်"

ကိုမင်းအောင်မြင့်က ခင်စောမူကို လှမ်းကြည့်သည်။ ထူးဆန်းတဲ့ မိန်းကလေးပါလားလို့.လည်း တွေးနေပုံရပါ၏။ သစ်တောထဲက မြေနီလမ်း ကလေးက လမ်းလျှောက်ရတာ အဆင်ပြေသည်။ တစ်မိုင်ပျော်ပျော်လောက် ခရီးပေါက်တော့ ခင်စောမူနှင့် ကိုမင်းအောင်မြင့်တို့. လှည်းပြန်လာခဲ့ကြပါ၏။

* * *

သည်ကနေ့ညတော့ လူသိပ်များများ မရှိတော့ပါ။ မောင်မောင်တင်နှင့် မောင်လှမြင့်တို့. နှစ်ယောက်လည်း တာဝန်နှင့် အခြားဌာနများကို ရောက်နေကြသည်။ သစ်စခန်းကြီးက ကျယ်လှသဖြင့် ဌာနတစ်ခုကတစ်ခု ညတွင်းချင်း ကူးဖို့. ခက်သည်။ သစ်တောတွင်းဖြစ်၍ အန္တရာယ်ရှိနိုင်သည်။ မိုးချုပ်လျှင် တစ်နေရာရာမှာ အိပ်ကြမည်ဆိုပေရာ သည်အချိန်လောက်ဆိုလျှင်တော့ ပြန်ရောက်ဖို့. မလွယ်တော့။ ဦးကျန်မော်၊ ဦးဘဆင်နှင့် ဦးပါနောက်၊ ဦးကြီးကြာတို့.လည်း ရောက်မလာကြတော့။ ခင်စောမူ၊ မဌေး၊ ဘကြီးဒိုးလုံးနှင့် ကိုမင်းအောင်မြင့်တို့. လေးယောက် ထမင်းပွဲဖြစ်လေသည်။ ထမင်းဝိုင်းမှာ လူနည်းလို့.လားမသိ။ ထမင်းစားရတာတောင် ပျင်းတင်းတင်း ရှိလှပါသည်။ မဌေးက တောကြက်သားဆီပြန်ချက်၊ ပဲကုလား သီးစုံဟင်းတွေပါအောင် ချက်ထားသဖြင့် များများစားစေချင်ရှာပါ၏။

"ညလယ်ကျတော့မှ ပြန်နွေးစားကြဦးပေါ့...ဆရာတို့. ဆရာမတို့. စားတာ အားမရပါဘူး...တောကြက်က ဆူလိုက်တာမှ..."

"မဌေးဟင်းချက်က ကောင်းပါတယ်ရှင်...ဟင်းကြောင့် မဟုတ်ပါဘူး...ကောင်းကောင်းမဆာလို့.ပါ...မနက်ဖြန်တော့ ကိုပုနဲ့. တွေ့ရပါပြီ မဌေးရဲ့...."

ခင်စောမူက နောက်တော့ မဌေးက ပြုံးသည်။ ဘန်ဂလိုတော့ ကျွမ်းသန်္ဘာ လန်လောက်ပြီလို့.လည်း ဆို၏။ အသားညှိညှို၊ မျက်နှာပြားပြား၊

စကားသံဝဲဝဲ ကိုပုက သဘောမနောကောင်းသည်။ ဘာမဆို မဌေးက ဦးဆောင်ပြီးခိုင်းမှ လုပ်တတ်သူဖြစ်သည်။ သူ့.ခမျာ တူတော်မောင် မိုးနဲ့ရွာသား ဆောင်ထူးကြောင့် ညဘက် အိပ်မပျော်ရဲ့.လားမသိ။

ထိုအခိုက်မှာပင် ဂိတ်ဝက ဂိတ်စောင့်ကြီး ရောက်လာခဲ့ခြင်းဖြစ်၏။ လက်ထဲမှာ သေတ္တာကြီးကိုင်လျက်က ကိုမင်းအောင်မြင့်ဆီ တန်းသွားကာ တစ်စုံတစ်ရာ ငုံ့ပြီး ပြောပြနေသည်။ ကိုမင်းအောင်မြင့်က အံ့သြဟန်ဖြင့် ခင်စောမူကို လှမ်းကြည့်သည်။ ဂိတ်စောင့်ကြီး ပြန်သွားတော့မှ ကိုမင်းအောင်မြင့်က ပြောပြသည်။

"ကိုင်း...မခင်စောမူရေ...ဇာတ်တော့ ပေါင်းပြီကောဗျာ...ကျွန်တော်တို့. ထမင်းဝိုင်းက လူနည်းလို့. စားမြိန်တာ မြိန်ရတော့မယ်...ဂိတ်ဝမှာ ဘယ်သူတွေ ရောက်နေပြီထင်သလဲ..."

ခင်စောမူနှင့် မဌေးက ကိုမင်းအောင်မြင့်ကို နားမလည်နိုင်သလို ကြည့်လိုက်ကြပါ၏။

"ဒန်းပွင့်နဲ့.မောင်ပုညတဲ့ဗျား...နောက် ဟိုကလေးမလေးတစ်ယောက် ဘယ်သူတဲ့..."

"အေးစုလား..."

"သူတို့. အပေါက်ဝ ရောက်နေကြပြီ...ပြေးလာကြပုံပေါ်တယ်...မဌေး ထမင်းဟင်း ကျန်သေးရဲ့.လား..."

"ကျန်ပါ့ ဆရာရယ်...ကျွန်မ အများကြီးချက်ထားတာပါ"

မကြာပါ။ မောင်ပုညက နောက်ချန်လျက် ဒန်းပွင့်နှင့် အေးစုတို့. ဝင်လာကြသည်။ သုံးယောက်သား ညစ်နွမ်းနေလိုက်ကြပုံများ အတော်လိုက်ဟု ထွက်ပြေးလာကြတာပါလိမ့်မ။ သုံးယောက်သား လင်းချင်းသွေး အခန်းထဲကို ရောက်တော့မှ ဟင်းချိုနှင်ကြသလို အစုပ်ကြီးညှပ်တိ ငြိစကားနှင်ကြတော့တာပဲ။ မဌေးက အမောပြေ ရေတိုက်တော့လည်း သောက်လိုက်ကြတာ ခဏအတောင်းရသည်အထိပင်။ ခင်စောမူကို တွေ့လိုက်ရတော့ 'ဝမ်းသာသွားကြ

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ကြရှာပါ၏။ ကိုမင်းအောင်မြင့်က အိမ်ရှင်အဖြစ် ရယ်မောနှုတ်ဆက်ရင်း ခဏနားကြဦးဟု ဆိုသည်။ ခင်စောမူက တစ်ယောက်စီကိုကြည့်ရင်း သနားနေမိသည်။ အထူးသဖြင့် မဆိမဆိုင် ပါလာရရှာသော အေးစု...။ သူ့ခမျာ မျက်နှာကလေး အိုနေရှာရုံပင်မက လူပါ တဆတ်ဆတ်တုန်နေသည် ထင်ရ၏။ ခင်စောမူက အေးစုပခုံးကလေးကို ဖက်ပြီး အားပေးသည်။

"အေးစု...ညည်းတို့ ဘာမှမကြောက်နဲ့...ဆရာတို့ရှိတယ်...အစ်မ ရှေ့မှာ ရှိတယ်...ပုညနဲ့ ဒန်းပွင့်က အရွယ်ရောက်ပြီးသား အပျို လူပျိုတွေပဲဟာ...ဘာမှမဖြစ်ဘူး ကြားလား...အစ်မတို့ စီစဉ်ပေးမယ်"

"ကျွန်မ ကြောက်လိုက်တာ အစ်မရယ်...ဒန်းပွင့်က ပြောလို့မရတော့ ကျွန်မလည်း ငါပါလိုက်ခဲ့မယ်ဆိုပြီး သူတို့နဲ့ လိုက်လာတာပါ... အမေသီတော့ ဘာတွေဖြစ်ကျန်ခဲ့မယ် မသိဘူး"

"သည်ကိစ္စတွေဟာ အမေသီနဲ့ မဆိုင်ပါဘူးအေ...ကာယကံရှင်တွေ နဲ့ပဲ ဆိုင်တာပါ...ဒန်းပွင့်က ဆေးကုခံတဲ့သူ...သူက ဆေးကုပေးရ တဲ့လူ...ဒါပဲ ပတ်သက်မှုရှိတယ်...ကျန်တာ ဒန်းပွင့်သဘောပါ"

"ဒါဆိုလည်း ပြီးတာပါပဲ အစ်မရယ်...ကျွန်မ ရွာတောင် မပြန်ဝံ့ တော့ပါဘူး"

"အစ်မတို့ လိုက်ပို့မှာပေါ့...ကဲ ကဲ...ခဏနား...ကိုယ်လက် သန့်စင်ပြီး ထမင်းစားလိုက်ကြဦး"

ဒန်းပွင့်တို့သုံးယောက် ရေနွေးစပ်ထားသော ရေဖြင့် ကိုယ်လက် သန့်စင်ကြသည်။ ညဉ့်နက်ပြီမို့ မင်္ဂေးက ရေမချိုးစေတော့ပါ။ "သည်ရေက ချိုးဖူးချိုးစ မရှိရင် ဗျာတတ်တယ်ဟဲ့...ညပိုင်း ရေချိုးတော့ အခိုးငုတ်တတ် တယ်" လို့ ဆိုပါ၏။ မင်္ဂေးက ထမင်းခူးခပ်ကျွေးတော့လည်း သုံးယောက်သား ခေါင်းမဖော်တမ်း စားကြရှာသည်။ ရွှေခုနစ်ဆယ်သားနှင့် လယ်ယာချောင်း မြောင်းတွေ ပိုင်ဆိုင်ပါသည်ဆိုသော လူချမ်းသာမကလေး ဒန်းပွင့်က သည်လို

တော့လည်း သတ္တိအရှိသား။ လှည်းထောင် လူဆင်းရဲ မောင်ပုညကို ယူခဲ့ တာထား၊ ချစ်သူနှင့် အတူပေါင်းရဖို့ စွန့်စားခဲ့သော သတ္တိကို ဆိုလိုခြင်းဖြစ် သည်။ ဘကြီးဒိုးလုံးကတော့ အကျိုးအကြောင်း မသိရှာတော့ အကဲခတ်ရုံသာ ရှိပါ၏။ ခင်စောမူကတော့ ကိုမင်းအောင်မြင့်တို့ရှိရာ သစ်စခန်းရုံးကို ပြေးလာ ကြသော စိတ်ကူးကိုသာ သဘောကျလှသည်။ ဘာပဲဖြစ်ဖြစ် သည်နေရာက လုံခြုံမှုရနိုင်တာ မဟုတ်လား။ ကိုမင်းအောင်မြင့်ကပဲ စီမံသည်။

"ပြောပါဦးကွ...မောင်ပုညရဲ့...မင်းတို့အဖြစ်ကို..."

"တစ်နေ့ကတည်းက ပြေးခဲ့ကြတာပါ ဆရာ...ညက လယ်ကွင်းထွေ ထဲက လယ်တဲတွေမှာ အိပ်ခဲ့ရတာ...ကျွန်တော်တို့ ပျောက်ပြီ ဆိုတာနဲ့ ဒေါ်ခင်မေသီက စ,သိမှာကိုး...ဒန်းပွင့်တို့ရွာနဲ့ ကျုပ်တို့ ရွာကတော့ နေ့တွင်းချင်း သိလောက်မယ် မထင်သေးဘူး...ခုလောက် ဆိုရင်တော့ သိလောက်ပြီ"

"မင်းတို့ကို လူတွေ လိုက်ရှာနေကြတယ်...တို့ရုံးက ဘန်ဂလိုကို တောင် သွားဝိုင်းကြသေးသတဲ့...ကံသီလို့ပါလားကွာ..."

"အဲဒါတော့ မသိဘူး...လိုက်ရှာကြမယ်ဆိုတာတော့ တွက်မိကာယီ"

လူတွေ လိုက်ရှာနေကြတယ်ဆိုတဲ့သတင်းကြောင့် ဒန်းပွင့်နှင့် အေးစု တို့ခမျာ နေစရာမရှိတော့။ မောင်ပုည ပြောပြသလောက်ဆိုလျှင် သူတို့အားလုံး မြို့ပြင်ကို လှည်းနှင့် ထွက်ခဲ့ကြသည်ဟု ဆိုသည်။ လှည်းသမား ဒေါင်းကပဲ လှည်းပေါ်တင်ပြီး လိုက်ပို့သည်။ ခင်စောမူ သိသလောက်တော့ လှည်းသမား ဒေါင်းက ဒန်းပွင့်ကြီးတော်တွေ ခိုင်းနေကျ 'လှည်းသမား စိတ်ချ' ဆိုသည့် လှည်းသမားပင်။ ဒေါင်းက လိုက်ပို့တာဆိုတော့ စိတ်မချရပါ့မလား။ ဒါဆိုရင် ရွာကို သတင်းပေါက်ပြီပေါ့။ မောင်ပုညကတော့ ဒေါင်းကိုပါ ပိတ်လိုက်ရ ကြောင်း ပြောပြသည်။ စိတ်ချရသည်ဟုလည်း ဆိုပါ၏။

မောင်ပုည ပြောပြသလောက် သူတို့ဒုက္ခကလည်း မသေးဘူး။ သမုန်းကျင်း မြို့ပြင်ရောက်တော့ မြို့ခြေကို ပန်းကာ ဘုရားပြို ဘုရားပျက်

www.burmeseclassic.com

www.burmeseclassic.com

တွေကြားက ပြေးခဲ့ကြခြင်းဖြစ်သည်။ ရွာလမ်းအတိုင်း မပြေးကြပဲ လယ်ကွင်းတွေကြား၊ ဖုန်ဆိုးတောတွေကြားက လျှောက်ခဲ့ကြရသည်။ စားစရာလည်း မပါ။ ရေကလည်း မရှိ။ တချို့ လယ်ကွင်းတွေက လူမရှိ။ ရေအိုးဟောင်းကလေးတွေတော့ ရှိတတ်သည်။ အပင်ဟောင်းတွေက သီးနေကြသော သခွားသီးတွေ စားကြသည်။ ပြေးသာလာရသည် ဘယ်ပြေးရမှန်း မသိ။ မိုးနှံကို သွားကြဖို့ စဉ်းစားသော်လည်း သွားလို့မဖြစ်တော့ အခြားတစ်နေရာကို စဉ်းစားရပြန်သည်။ တောင်စူးစူးကို ထွက်လျှင်တော့ အင်တော၊ ကျွန်းတော၊ ခွေးသေ၊ ကျားပုပ်၊ မုဆိုးကျ၊ တောနက်၊ ဆင်လူးအိုင်ရွာတွေဘက် ရောက်နိုင်ပါရဲ့။ ခရီးကလည်း ဝေး၊ အသိကလည်း မရှိ။

"အဲသည်ဘက်က ဝေးသကိုးကွယ်...အဘတို့ ရောက်နေကျ နေရာတွေပေါ့...တကယ့် ရွာမနီး ပြည်မနီး တောရွာတွေပေါ့ကွယ်...နယ်ကတော့ နယ်အေးပါ"

ဘကြီးဒိုးလုံးက ဝင်ပြောခြင်းဖြစ်သည်။ နောက်တော့ အေးစုက ခန်းပွင့်ခရီးကို သွားဖို့ အကြံပေးရာက ရောက်လာကြခြင်း ဖြစ်သည်။ ကိုမင်းအောင်မြင့်က အကျိုးအကြောင်း ပြောပြတော့ ဘကြီးဒိုးလုံးက သဘောပေါက်လွယ်ပုံပေါသည်။ သွားကျိုးပါးကျိုးနှင့် ရယ်သည်။ ခေါင်းတုံး ဆံပင်ဖြူ ကျားကျွဲကို ရွာက်ဖြင့်ပွတ်ရင်းက ခန်းပွင့်ကို သေသေချာချာကြည့်သည်။ ဘကြီးဒိုးလုံးက ခန်းပွင့်အဒေါ်တွေကို သိသည်ဆို၏။

"အဘနဲ့ ခင်မင်ပါသကောကွယ်...အဘလိုက်အပ်ပေးရင်တောင် ဖြစ်ပါရဲ့...သို့ပေသော်လည်း သည်စခန်းမှာ နေသေးတာပေါ့...မပူပါနဲ့ကွယ်...ဘေးကင်းပါပြီ...အဘပြောရင် ယုံပါ"

ကိုမင်းအောင်မြင့်က မောင်ပုညကို မောင်မောင်တင့်အိပ်ရာမှာ အိပ်စေသည်။ ခန်းပွင့်နှင့် အေးစုကိုတော့ မဌေးနှင့် ထည့်လွှတ်လိုက်ပြီး ခင်စောမူတို့ အဆောင်မှာ နွေးနွေးထွေးထွေး ခင်းကျင်းပြီး ပြားအိပ်စေလိုက်သည်။

"မင်းတို့လည်း ပင်ပန်းလာကြပြီ...သွားအိပ်ကြတော့...စိတ်အေးအေးထားကြတော့...အားလုံး အဆင်ပြေသွားမှာပါ"

မဌေးကပဲ လိုက်ပို့သည်။ ခင်စောမူက ကျန်ရစ်ခဲ့သည်။ အခြေအနေတွေက အိပ်မက်တွေလိုပင်။ ခင်စောမူ ပြန်ထိုင်တော့မှ ဘကြီးဒိုးလုံးက ခန်းပွင့်အဒေါ်တွေအကြောင်း ပြောပြပါ၏။

* * *

"ရှောက်ပင်တောရွာမှာ ခုနမိန်းကလေးရဲ့ အဒေါ်တွေက အင်မတန် ခက်ထန်ကြတာကိုး မောင်မင်းအောင်မြင့်ရဲ့...မိန်းမချောတွေပါ...ဒါပေမဲ့ စိတ်ရင်းများ မကောင်းကြတော့ ရွာက မချစ်ခင်ကြဘူး မျက်နှာဆိုးကြီးတွေနဲ့ လူတကာ ရန်လုပ်ချင်ကြသူတွေပေါ့လေ...နာမည်တွေတော့ ရှိပါရဲ့...မေ့တောင်နေပါပြီ"

"ခန်းပွင့်အမေက အေါ်ခွေးလှပါတဲ့...မအေ့အစ်မက အေါ်ခွေးမြ...ညီမနှစ်ယောက်က အေါ်ခွေးပနဲ့ အေါ်ခွေးခတို့ပါ...ခန်းပွင့်ခြေ...မှတ်မိတာပါ အဘ"

"ဟုတ်ပါ့ဗျာ...သူတို့က ကျုပ်တို့အရွယ်ရောက်တော...ကလေးတွေ ရှိသေးတာပေါ့လေ...သူတို့မိဘများက...တွေမှာ ရွှေကျင်ကြသူတွေရှိတော့ ရွှေကောက်ကြီးရ...ကြတာလို့ ကြွားဖူးတယ်...တောင်သူမြေ လူအင်အားချည်းတော့ လုပ်တာကလည်း တစ်နှစ်တစ်နှစ် မနည်းဘူးရတယ်...ကျုပ်တို့က ပျင်းရင် ရွာနီးချုပ်စပ်တွေ သည်လို သွားကြတာပဲ...ကျုပ်ပြောသလိုပါပဲ...သည်ရွာတွေက နောက်ပေါက်ရွာတွေ ဆိုတော့ ကျုပ်တို့ ငယ်ငယ်က မရှိခဲ့ဘူး"

ဘကြီးဒိုးလုံးက မှတ်မိသမျှ ပြောပြခဲ့ပါ၏။ တစ်ခါက ရှောက်ပင်ထောက ချမ်းသာသည့်အိမ်တွေကို အနုကြမ်းစီးရန် ဓားကိုင်လူဆိုးတွေ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ အမှတ်မထင် ရောက်လာတတ်ကြသဖြင့် ပါသည့်အိမ်တွေလည်း ပါလှလေပြီ။ တချို့ ချမ်းသာသူတွေကတော့ သတိပိုရိုယထားကာ နေကြရသည်။ တစ်ခါမှာတော့ ဒွေးညီအစ်မတွေရှိရာအိမ်ကို ရောက်လာခဲ့ကြသည်။ လူဆိုးတွေ အဝင်မှာ ဓားနှင့် ဆီးခုတ်ကြသဖြင့် လူဆိုးတစ်ယောက်လက်တွင် ဒဏ်ရာပြင်းစွာ ရရှိသွားခဲ့သည်။ အိမ်ရှေ့ဝရန်တာက ထွက်၍ တက်ခဲ့ကြစမ်း အကြောင်းသိရ အောင်လို့ လူဆိုးတွေကို စိန်ခေါ်ခဲ့ကြသည်တွင် ရွာကလည်း ဝိုင်းလာသဖြင့် မည်သူမျှ မတက်ရဲကြပဲ ပြန်ဆုတ်သွားကြသည်။ ဘကြီးဒိုးလုံးပြောပြသလောက် ရွာဘက် ကျားဝင်တုန်းကလည်း ညီအစ်မတစ်တွေ ဓားကိုယ်စီနှင့် ဝင်ခုတ်ကြသည်ဆို၏။ တစ်ခါကလည်း သစ်တောစာရေးကလေး တစ်ယောက်က ဝက်ပင်တောရွာဘက် ခြေကျဉ်ရာက ညီအစ်မတစ်တွေ နေကြရာအိမ်ကို သွားလည်သည်။ သစ်တောစာရေးကလေးဆိုတော့ ကောင်းကောင်းမွန်မွန် ဧည့်ခံကြပါ၏။ တစ်ခါတော့ ရိသဲ့သဲ့လုပ်လာသဖြင့် ရိုက်လွှတ်လိုက်ကြသည်။

"အဲသည်မောက် ဆိုးတဲ့ကြားက ဒန်းပွင့်အမေကို သူ့ဖအေ လူရိုး ကိုပိုက်ခြုံကြ ဘယ်လိုများ ယူခဲ့တာလဲ အဲဒ"

"ကိုပိုက်ခြုံက လူရိုး...ကလေးမ မအေ မဒွေးလှကလည်း မိန်းမအေး ပါ...မေတ္တာရှိလာတော့လည်း သတ္တိပါ ရှိလာရတော့တာပေါ့...ကနဉီး ကတော့ မကြည်သာကြဘူး ကြားတယ်...နောက်ပိုင်းတော့ ကျုပ်မိသီဘူး...ကျုပ်စိတ်ထင် သည်ကလေးမ မွေးတော့မှ အကူး အလူး ရှိကြတယ် ထင်တာပဲ"

"ဒန်းပွင့်ကလည်း အဲသလို ပြောဖူးတယ်...ဒေါ်ဒွေးလှ ရထိုက်တဲ့ အမွေတောင် ခွဲမပေးကြဘူး ပြောတယ်...သည်ကြားထဲက ဒန်းပွင့် မိဘများ ထားခဲ့တာကိုပါ အပိုင်စီးချင်နေကြသတဲ့"

"ဟုတ်ပါလိမ့်မယ်...သူတို့က ပစ္စည်းဥစ္စာကို တယ်အစွဲထားတာကိုး...သူတို့ကိုယ်သူတို့လည်း ဥစ္စာစောင့်တွေလို့ စွဲနေတာတဲ့...သည် ဥစ္စာပစ္စည်းတွေ လေလွင့်ကုန်ရင်, မသက်ဆိုင်တဲ့သူက သုံးစွဲလိုက်ရင်

သူတို့ကို သိုက်က ပြန်ခေါ်လိမ့်မယ်ဆိုတဲ့ ဥပါဒါန်ကြီး ခံနေလေတော့ သည်ကလေးမလေး ဒုက္ခရောက်ရတာ ထင်ပါရဲ့...ပစ္စည်းဥစ္စာထိရင် လူပါ ခွဲချပြီး ရိုက်ကြသေးတာတွေ ရှိတယ်. သူတို့ ဝိုင်းထဲဝင်ရင် ဖိနပ်ချွတ်ရသေးတာ ပါသေးဗျာ"

"ဘကြီးဒိုးလုံးနဲ့က ဘယ်လိုခင်ကြတာလဲ"

"သည်လိုဗျ...တစ်ခါတော့ သစ်တောကြီးဘေးက ရွာတွေကို ရွှေ့ဖို့ ဖြစ်လာတော့ ရွာရယ်လို့ ဖြစ်ကတည်းက စိုက်ပျိုးမြေတွေ ရှိလာပြီကိုး...ရွာတွေက တည်မိမှတော့ မပြောင်းချင်ကြဘူး...အဖိန့် ထုတ်မယ် သစ်တောဝန်ထောက်ကြီးက ရွာတွေ လိုက်ကြည့်တော့ ကျုပ် ပါသွားတယ်...ကျုပ်နဲ့ လည်း ခင်တော့ ဝန်ထောက်မင်းကို ရွာတွေက သစ်တောနဲ့ လွတ်ကြပါတယ်...ကိုလယ်မြေတွေကို သူတို့ အင်မတန် နှမြောနေကြပါတယ်ဆို ကျုပ်က ပြောပြ တယ်...သစ်တောကို မထိခိုက်ပါဘူးဆိုတာ ပြောပြရတာပေါ့ဗျာ... ဝန်ထောက်မင်းက သဘောကောင်းတော့ ရွာတွေ ရွှေ့စရာမလိုတဲ့ အကြောင်း အစီရင်ခံလိုက်ရာက လွတ်သွားကြတာပဲ...သည်တော့ ကျုပ်ကို ကျေးဇူးတင်ကြတယ်...အထူးသဖြင့် လယ်မြေတွေ အများ ကြီးပိုင်တဲ့ ဒွေးညီအစ်မ မိသားစုက ကျုပ်ကို ကျေးဇူးတင်ကြတယ်... သူတို့မိဘများ ရှိစဉ်အခါက နှစ်စဉ် အခါကြီးရက်ကြီးများရောက်ရင် လာကန်တော့ကြရဲ့...အင်မတန် ခင်ကြတာကိုးဗျ"

"ဒန်းပွင့်တို့ကိစ္စမှာ ဘကြီးဒိုးလုံး ဝင်ပေးစေချင်ပါတယ်ရှင်"

"ဒွေးညီအစ်မတွေက မိန်းမကြမ်းတွေဆိုပေသိ ကျုပ်စကား နားထောင် ကောင်းပါရဲ့...ဥပါဒါန်အစွဲကြောင့် ဖြစ်ရတဲ့ သဘောတွေဆိုတော့ လူ့စိတ်ဆိုတာ ချွတ်ရ အခက်သားပဲဗျာ"

ဒါလည်း ဟုတ်တာပါပဲ။ ဒန်းပွင့်ကို တစ်ရွာ သူစိမ်းအိမ် ပို့ပေးခဲ့ရ ရက်သည့် စိတ်ထားမျိုး၊ ဒန်းပွင့်နှင့် မေတ္တာရှိသူကို မိုက်မောင်းမှောင်

www.burmeseclassic.com

www.burmeseclassic.com

လုပ်စေချင်သော စိတ်ဓာတ်ရှိသူတွေဆိုတော့ ဘကြီးဒိုးလုံးပြောလည်း ပြောစရာပင်။ ဒန်းပွင့်ရဲ့ကံပဲပေါ့။ ခုထိတော့ ခင်စောမူ ဘာလုပ်လို့လုပ်ရမှန်း မသိသေးပါ။ ကိုမင်းအောင်မြင့်ကလည်း စဉ်းစားနေပုံတော့ ရသည်။

"ပြဿနာက နှစ်ခုပါရှင့်...သမုန်းကျင်းက ဒေါ်ခင်မေသီကလည်း ပြဿနာ ရှာချင်ချင်ပါ...ဒန်းပွင့်အဒေါ်တွေကလည်း ဇတ်ဇတ်ကြွတွေ...အဆင်ပြေပါစေ ဆုတောင်းရမှာပဲ"

စဉ်းစားကြသေးတာပေါ့ မခင်စောမူရယ်...ဖြစ်ပြီးမှတော့ သူတို့လည်း မပြောသာတော့ပါဘူး...ကျွန်တော်ထင်ပါတယ် ဒေါ်ခင်မေသီကလည်း ရသင့်သလောက်ရရင် ကျွန်ုပ်သွားမှာပါ...သူက ဆေးကုတာ အကြောင်းပြပြီး ဒန်းပွင့်ကို ထိန်းရုံသက်သက်ပဲ မခင်စောမူရဲ့...ဒန်းပွင့်ရောဂါထက် ဒန်းပွင့်အဒေါ်တွေဆီက ရသလောက် ယူနေတာရယ်ပြီးတော့ ပျောက်နေတယ်ဆိုတဲ့ ရွှေခုနှစ်ဆယ်သားဆိုလည်း သူက ရသလောက် ကုပ်ချင်တာ ပါတယ်...ဒန်းပွင့်ထွက်ပြေးသွားရင် ဒေါ်သူပုန်ထမှာကတော့ အသေအချာပဲ"

"ကျွန်မထင်တာကတော့ ဒေါ်ခင်မေသီ ဒီကို လိုက်လာလိမ့်မယ်ထင်တာပဲ...ဒန်းပွင့်ကို ကျွန်မက စီစဉ်ပေးနေတယ်ဆိုတာ သိလောက်တယ်... ဒေါ်ခင်မေသီက သိပ်ပါးတာရှင့်"

"သူ လိုက်မလာတော့လည်း ကျွန်တော်တို့က လိုက်သွားရမှာပေါ့ဗျာ...ကဲပါလေ...မခင်စောမူရော ဘကြီးဒိုးလုံးရော နားလိုက်ကြပါ...အဆောင်ကို ကျွန်တော်လိုက်ပို့မယ်...ဘကြီးက သည်မှာပဲ အိပ်လိုက်..."

ကိုမင်းအောင်မြင့်က ခင်စောမူ တည်းရာအဆောင်ကို ဓာတ်မီးတစ်လက်နှင့် လိုက်ပို့သည်။ အပြင်မှာ အေးလှပါ၏။ ကောင်းကင်မှာ ကြယ်တွေအပြည့်။ ညကြီး မှောင်မှောင်ထဲက သစ်တောရိပ်ထဲမှာ ခင်စောမူ ရောက်နေရပါ၏။ ဘာပဲဖြစ်ဖြစ် ခင်စောမူ ပြန်ရတော့မည်။ နေရလှ တစ်ရက်,

နှစ်ရက်ပေါ့။ ပြဿနာတွေ ပြီးစေချင်ပြီ။ အတန်တန် တားသည့်ကြားက ချစ်သူနှစ်ယောက် ခိုးပြေးလာကြပြီဆိုတော့လည်း မတတ်နိုင်။

"ဒန်းပွင့်က သတ္တိရှိသားပဲ မခင်စောမူ...မိန်းမတွေဟာ အချစ်ရေးမှာ မတွေဝေတတ်ကြဘူးလို့ ကျွန်တော် ကြားဖူးတယ်"

ကိုမင်းအောင်မြင့်စကားကြောင့် ပြုံးမိရသည်။ ဒါပေသိ ခင်စောမူ အဖို့ရာတော့ တွေဝေတာတွေ များခဲ့တာ မဟုတ်လား။ အဆောင်ရောက်တော့ အပြင်က ခုံတန်းလျားမှာ ထိုင်ဖြစ်ကြပြန်သည်။

လေက တဖြူးဖြူးလေးတိုက်လျက်ရှိ၏။ တောကြီး တောင်ကြီးထဲက အဆောက်အဦကလေးတစ်လုံး။ ယောကျ်ားသားတစ်ယောက်နှင့် အတူရှိနေရသော ခင်စောမူက ထိုင်မိလိုက်မှပင် ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့သည်။ သည်လမ်း သည်ခရီးကို လုပ်ငန်းတာဝန်နှင့် ရောက်လာခဲ့သည်။ လမ်းခရီးမှာ အမှတ်မထင် လက်ခံရခဲ့သော ကျောက်ပြားကလေးတစ်ပြားကို အကြောင်းပြု၍ သည်နယ် သည်ပတ်ဝန်းကျင်က လူတွေနှင့် ဆုံခဲ့ရသည်။ လောကမှာ လူတွေ ရှိနေသရွေ့ အဖြစ်သနစ်တွေ ရှိကြမြဲပင်။ တချို့အဖြစ်သနစ်တွေက ရိုးရှင်းသည်။ တချို့ကတော့ ဆန်းကြယ်သည်။ ခင်စောမူကိုယ်တိုင် ပါဝင်နေရသော အဖြစ်ကကော...။ ဆန်းလှသည် မဆိုသာသော်လည်း ရိုးရှင်းမှုတော့ မရှိ။ နှစ်ပေါင်းများစွာက သည်သစ်တောကြီးထဲမှာ ဖြစ်ပျက်ခဲ့သမျှတို့သည်လည်း ထိတ်လန့်စရာ ကောင်းပါ၏။ လောလောလတ်လတ် ဖြစ်ခဲ့သည့် ဒန်းပွင့်တို့ ဇတ်လမ်းကလည်း အကွေ့အကောက် များလှသည်။ ခင်စောမူ ဒါကို ထွေးမိခြင်း ဖြစ်၏။

"ကိုမင်းအောင်မြင့်ရယ်...ကျွန်မတော့ သည်ရောက်မှ ကြားရ မြင်ရတာတွေကို စဉ်းစားမိတိုင်း ကိုယ့်ကိုယ်ကိုယ် အံ့သြမိတယ်...ကျွန်မတို့ ဥာဏ်မမီနိုင်တာတွေ အများကြီးပါလား...ကျွန်မတို့ မစဉ်းစားမိတာတွေ ဖြစ်ပျက်နေတာပါလား...အမှန်းကြောင့် ဖြစ်ရတာတွေ အချစ်ကြောင့် ဖြစ်ရတာတွေအားလုံး အတောပဲ မသတ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါရဲ့...မခင်စောမူပြောမှ ကျွန်တော်လည်း တွေးမိတယ်...ဒါကြောင့် လောကလို့ ခေါ်တာပေါ့"

"လောကဆိုတာ ဘာကိုပြောတာလဲ...ကျွန်မတို့လည်း သုံးသာနေတာ ဘာမှန်းမသိဘူး"

"လောကဆိုတာ လောလော၊ လောလောနဲ့ က,နေရတာပေါ့ မခင်စောမူရဲ့..."

ခင်စောမူက ရယ်ရင်းနှင့် လှမ်းထုသည်။ ကိုမင်းအောင်မြင့်က လှမ်းထုသည့်လက်ကို ဖမ်းဆုပ်ထားလိုက်သည်။ ခင်စောမူပင် လန့်သွားခဲ့ရပါ၏။ ကိုမင်းအောင်မြင့်က အခွင့်အရေးယူတာ မဟုတ်မှန်းလည်း သိပါ၏။ သည်တစ်ခါတော့ ခံစားမှု ငွေ့ငွေ့ကလေးက ခင်စောမူရင်ထဲ တနွေးနွေးရှိလာပါ၏။ ရင်ခုန်တယ်ဆိုတာများလား။ ထိုအချိန်မှာပင် မင်္ဂေးက ချောက်ခနဲ တံခါးဖွင့် ထွက်လာခဲ့သည်။ ကိုမင်းအောင်မြင့်နှင့် ခင်စောမူတို့ နှစ်ယောက်တည်း ထိုင်နေတာတွေ့တော့ အံ့သြသွားပုံရပါ၏။

"ဟော...ဆရာတို့ပါလား...အသံကြားလို့ ထွက်ကြည့်တာ...ကျွန်မလည်း ဒန်းပွင့်နဲ့ ခုမှ စကားပြောရတော့တယ်...ဒန်းပွင့်ပြောတော့ ပုညက အတော်လန့်နေပုံရတယ် ဆရာရဲ့..."

မောင်ပုညက မင်္ဂေးယောကျ်ား ကိုပု၏တူဆိုတော့ ဒန်းပွင့်က တူမဖြစ်ရပြီ။ ကိုမင်းအောင်မြင့်က မေးသည်။

"ဒန်းပွင့်က ဘာတဲ့လဲ..."

"ဆရာတို့အားကိုးနဲ့ ပြေးလာကြတာတဲ့...ပုညကတော့ ရွာမှာကျန်ခဲ့တဲ့ မအေကြီးလည်း စိတ်ပူသတဲ့...ပုညအမေနဲ့ ဒန်းပွင့်အဒေါ်တွေနဲ့က မတည့်ကြဘူး ပြောတာပဲ...ဒန်းပွင့်ကတော့ ဖြစ်သမျှ ရင်ဆိုင်မယ်တဲ့...အခုတော့ ဒန်းပွင့်ရော အေးစုပါ အိပ်သွားကြပြီ"

"မခင်စောမူလည်း အိပ်တော့လေ...အိပ်ရေးဝအောင် အိပ်လိုက်...

မနက်ဖြန် ပြန်လို့မဖြစ်သေးဘူး...ကိစ္စဝိစ္စတွေ ပြီးတော့မှ ပြန်ပါ...မခင်စောမူပြန်ရင် ကျွန်တော်ပါ ရန်ကုန်ရုံးကို ပြန်လိုက်ရမှာဆိုတော့ အေးအေးသာနေတော့..."

"ရှင်..."

ကိုမင်းအောင်မြင့်က ရန်ကုန်ကို အတူပြန်လိုက်မယ်ဆိုလို့ ခင်စောမူ အံ့သြသွားရသည်။ ဒါကြောင့် ခင်စောမူကို သူ အချိန်တွေ ဆွဲနေခဲ့တာကိုး တစ်မျိုးတော့လည်း ကောင်းပါ၏။ ကိုမင်းအောင်မြင့် ပြန်တော့မှ ခင်စောမူနှင့် မင်္ဂေးတို့ အထဲဝင်ခဲ့ကြသည်။ ဒန်းပွင့်နှင့် အေးစုတို့နှစ်ယောက်က စောင်ထူထူကြီးတွေခင်းကာ ကြမ်းပြင်မှာ အိပ်နေကြသည်။ ဒေါ်ခင်မေသိုးအိမ်မှာ ရက်ပေါင်းများစွာ အိပ်ခဲ့ရသူ နှစ်ယောက်။ သည်တစ်ခါတော့ စိတ်ချလက်ချ ရှိကြပုံပေါ်သည်။ ထူးတော့မထူးပါ။ ခင်စောမူပင် ခေါင်းချသည်နှင့် အိပ်ပျော်သွားလေသည်။

* * *

နံနက်စာ စားကြတော့ ဆယ်နာရီပင် ထိုးလေပြီ။ ခင်စောမူကလည်း စိတ်လွတ်ကိုယ်လွတ်ဖြင့် အိပ်လိုက်တာ ကိုးနာရီလောက်မှ နိုးသည်။ ခုနိုးတော့ ဒန်းပွင့်နှင့်အေးစုပင် မရှိကြတော့။ စောစောနိုးကာ မင်္ဂေးကို ဝိုင်းကူနေကြပုံ ပေါ်သည်။ ကနေ့တော့ နိုးနိုးချင်းပဲ ရေချိုးလိုက်သည်။ သပ်သပ်ရပ်ရပ် ဖြီးလိမ်းပြင်ဆင်ပြီး ရုံးခန်းဘက် လျှောက်လာခဲ့သည်။ စားပွဲရှည်ကြီးမှာ အားလုံး စုံကြပြီ။ ခင်စောမူ ဝင်လာတော့ မင်္ဂေးက ကော်ဖီငှဲ့ပေးသည်။

"ပြဿနာက ဒန်းပွင့်တို့မှာ အဝတ်အစား ပါမလာကြဘူး မခင်စောမူရဲ့...မင်္ဂေးကလည်း အပိုမပါဘူးတဲ့...မခင်စောမူကော အပိုပါသလား..."

"ကျွန်မလည်း စဉ်းစားမိတယ် ကိုမင်းအောင်မြင့်ရဲ့...ကျွန်မလည်း တစ်ရက်၊ နှစ်ရက်ရယ်လို့ လိုက်လာတာလေ...အဝတ်အစားသွားက သမုန်းကျင်းမှာ ကျန်ရစ်ခဲ့တယ်...ဘယ်လိုလုပ်ကြပါ့...

www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ပါတယ်...သစ်စခန်းက အိမ်ထောင်သည်လိုင်းကို မင်္ဂေးလွှတ်ပြီး ယူခိုင်းရမှာပဲ...၊ မင်္ဂေး...ပြီးရင် ဒန်းပွင့်နဲ့ အေးစုပါ ခေါ်သွားပြီး တော်တာ ငှားခဲ့ဗျာ...မောင်ပုညကတော့ ယောကျ်ားကလေးဆိုတော့ ကျွန်တော့်အဝတ်အစားတွေ ဝတ်လို့ရတယ်"

ခင်စောမူက ကိုမင်းအောင်မြင့်၏ စိတ်နေစိတ်ထားကို မြင်လိုက်ရသည်။ အသေးတစိတ် စဉ်းစားတတ်တာကိုပဲ လေးစားမိရသည်။ ဒန်းပွင့်နှင့် ကျော်ဝင်းတို့ ထွက်ပြေးလာကြတည်းက သည်အဝတ်အစားနှင့်ဆိုတော့ ညစ်ပတ်ပေရေနေကြပြီ။ စားသောက်ပြီးတော့ မင်္ဂေးတို့ ထွက်သွားကြသည်။ ပုညပါလိုက်သွားသဖြင့် ဘကြီးဒိုးလုံးသာ ကျန်ရစ်ခဲ့သည်။ ဆယ့်တစ်နာရီလောက်မှာတော့ မောင်မောင်တင်တို့ ပြန်ရောက်လာခဲ့ပါ၏။ အားလုံး လူစုံပြီဆိုတော့ မွန်းလွဲ တစ်ချက်ထိုးလေပြီ။

"ကိုင်း...အစီအစဉ်က သည်လို...မင်္ဂေးရယ်, ဒန်းပွင့်နဲ့ အေးစုရယ်က ရုံးမှာ နေခဲ့ရမယ်...သစ်တောရုံးအပြင်တော့ မထွက်ကြနဲ့,...ရုံးထဲတော့ ဘယ်သူမှ မဝင်နိုင်ပါဘူး...အစောင့်တွေ ရှိပါတယ်...ဘကြီးဒိုးလုံးရယ်, ကျွန်တော်ရယ်, မခင်စောမူရယ်က ဒန်းပွင့်တို့ ကြီးတော်တွေ နေတဲ့ရွာကို သွားမယ်...မောင်မောင်တင်...လမ်းအခြေအနေကော...."

"ရသလောက်သွားမယ် ဆရာ...ရွာထဲဝင်လို့ရမယ့်လမ်း ကောင်းရင်လည်း ဝင်ကြရုံပဲ"

ခင်စောမူက အစီအစဉ်ဆွဲထားကြတာကို မသိသေးတော့ သေချာအောင် မေးရတော့သည်။ ဒန်းပွင့်တို့ ကြီးတော်တွေက မူလအားဖြင့် ရှောက်ပင်တောမှာ နေခဲ့ကြသော်လည်း နောက်ပိုင်း ဒန်းပွင့်ပိုင် ရွှေငွေလယ်ယာတွေ အပိုင်စီးရန်အကြံဖြင့် တောခြေမှာ ပြောင်းနေကြတာကို ခင်စောမူ သိထားသည်။ ဒန်းပွင့်ကို မေးတော့ ရှောက်ပင်တောမှာ ကြီးတော်ကြီး ခေါ်ခွေးမြ နေဆဲဖြစ်၍

တောခြေမှာ အခေါ် ခေါခွေးခနှင့် ခေါခွေးပတို့ နေကြသည် ဆိုပါ၏။ အရေးဘယ်ကို ဦးတည်မှာလဲ။

ရှောက်ပင်တောကိုလား...၊ တောခြေကိုလား...။

ဘယ်ရွာကိုပဲသွားသွား ခရီးလမ်းက မသာပါ။ ကားလမ်းရယ်လို့ ရှိတာမဟုတ်။ လှည်းလမ်းသာသာ ကျောက်ဖြူန်းချိုင့်ခွက်လမ်းတွေသာပင်။ သွားမှတော့ ရောက်အောင်သွားရတော့မည်။ အပြန် မိုးချုပ်နိုင်သည်။ တစ်ခု စဉ်းစားမိတာက ဒန်းပွင့်အခေါ်တွေက စကားပြောလို့ကောင်းလျှင် တော်ပါရဲ့။ တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်ချင်လည်း ဖြစ်နိုင်သည်။ ရွာနှင့်ရပ်နှင့်ဆိုတော့ ချက်ချင်း ကောက်ကာငင်ကာ ပြန်လို့လည်း ရချင်မှရမည်။ ပြီးတော့ ဘကြီးဒိုးလုံးလို လူအိုတစ်ယောက်က ပါသေးတော့ ခရီးညာရပါဦးမည်။

"မောင်မောင်တင်...သည်လိုလုပ်ကွာ ငါညီ...တို့ တစ်ခါ နတ်ကွန်းနဲ့ ဓာတ်ပေါင်းစုစေတီ သွားတဲ့လမ်းအထိ ရောက်ဖူးတာပဲ...အဲဒီလမ်းကို ပြန်သုံးကြည့်ရအောင်...မိုးထိက တောခြေလှည်းလမ်းရှိတယ် ပြောတယ်...လမ်းမကောင်းရင် လှည်းငှားကြတာပေါ့"

"ဦးပင်နတ်ကွန်းရောက်ရင် တောခြေနဲ့ ကပ်နေတာ အစ်မ...ခွမ်းမဆိုးဘူး...ရွာလာတဲ့ စပါးကားတွေတော့ ရောက်တာပဲ"

ဒန်းပွင့်က ထောက်ခံသည်။ ခံတက်ကန်၊ ခွဲလောက်ဆွဲ၊ နေပူကုန်း၊ မိုးထိ။ သည်ခရီးကပဲ တော်တော်ကြာခဲ့ပါ၏။ ကားက အလူးလူးအလိမ့်လိမ့်...။ ကိုမင်းအောင်မြင့်နှင့် ဘကြီးဒိုးလုံးတို့က အတွင်းကျကျ စဉ်းစားထားပုံပေါ်သဖြင့် ခပ်အေးအေးပင်။ ခင်စောမူကလည်း သူ့စခဲ့သည့်ဇာတ်လမ်း သူကိုယ်တိုင် သိမ်းရမှာဆိုတော့ မနဲ့သာပါ။ ဒန်းပွင့်တို့ ရွာ တောခြေကို ရောက်ဖူးချင်တာလည်း ပါပါ၏။

မိုးထိရောက်တော့ မိုးထိရွာ ဘုန်းကြီးကျောင်းဘေးက ပန်းပြီး ကားမောင်းခဲ့တော့ တစ်ခါက ရောက်ခဲ့ဖူးတာကို သတိရပါသည်။ ကိုကျွန်လေးနှင့် မပုခက်တို့ အိမ် ခဏတစ်ဖြတ်ဝင်ကာ နွားတ်ဆက်တော့ မပုခက်က ခမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

နေရာသည်။ ကိုမင်းအောင်မြင့်က တောခြေမှာ မိုးချုပ်လျှင် မိုးထိရွာ ပြန်အိပ်ရမှာဆို၏။ မပုခက်က ဘုန်းကြီးကျောင်း အိပ်ဖို့၊ နေဖို့၊ စားဖို့ အစစအရာရာ စီစဉ်ထားမည်ဖြစ်ကြောင်း ပြောသည်။ ကိုမင်းအောင်မြင့်က မပုခက်ကို ငွေစက္ကူတချို့ ပေးခဲ့၏။

ကားက အလူးလူးအလိမ့်လိမ့်နှင့်ပင် တောခြေရွာစပ်ကို ရောက်ခဲ့ပြီ။ တောခြေရွာကို ဝင်တော့ ညနေစောင်းလေပြီ။ မိုးထိရွာမှ တောခြေအဆင်းလမ်းဘေးမှာ စပါးခင်တွေရှိသည်။ တောခြေရွာက ဒန်းပွင့်ပြောသလို ရွာကြီးဖြစ်၏။ ရွာအနောက်ဘက် တောင်ကုန်းတောင်တန်းတွေကို နီးနီးကပ်ကပ် မြင်ရသဖြင့် တောရိပ်ရော တောင်ရိပ်တွေပါ ရှိသည့်ရွာကြီးအဖြစ် မြင်ရတာကပင် လွမ်းစရာကောင်းလှပါ၏။ ရွာလယ်ရောက်တော့ သွပ်ပြန့်ကြီး မိုးထားသော ဒန်းပွင့်ရေတွင်းကြီးကို တွေ့ရပါသည်။ အမိုးနှင့် အုတ်ခုံခုံနှင့် အခိုင်အခန့် ဆောက်ထားသော ရေတွင်းကြီးပင်။ ရွာထဲမှာတော့ ဒန်းပွင့်တို့အိမ်ကို အထူးရှာဖွေစရာ မလိုပါ။ ကားဝင်လာပြီဆိုကတည်းက ကလေးတွေက' တကောက်ကောက်။ ကလေးတွေကို မေးလိုက်တာနှင့် ဒန်းပွင့်တို့အိမ်ကို ပြကြသည်။

ဒန်းပွင့်တို့အိမ်ရှေ့ရောက်တော့ တလင်းပြန့်ကျယ်ကျယ်ကြီး ရှိသည်။ အိမ်ကြီးက နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်၍ တောသူဌေးများ နေလေ့ရှိသည့် ရေနံချေားသုတ် အိမ်ဟောင်းကြီးမျိုးပင်။ သည်အိမ်ကြီးထဲမှာ ဒန်းပွင့်တစ်ယောက်တည်း နေခဲ့ရသည်ဆိုတာကို သတိရလိုက်မိပါ၏။ ခင်စောမူတို့ ကားရပ်လိုက်တော့ မျက်နှာပေါက် ခပ်ဆိုးဆိုး မိန်းမကြီးတစ်ယောက် အိမ်နောက်ဖေးက ထွက်လာကာ ကားကို လှမ်းကြည့်နေသည်။ ကိုမင်းအောင်မြင့်နှင့် ဘကြီးဒိုးလုံးတို့က အရင်ဆင်းကြသည်။ ပြီးမှ ခင်စောမူနှင့် ကားမောင်းပို့သည့် မောင်မောင်တင်။

"နင်က ဆွေးပလား...ဆွေးခလားဟဲ့...နင်တို့တောင် အဘွားကြီးတွေ ဖြစ်ကြပါပကော"

ဘကြီးဒိုးလုံးက အိမ်ဝမှာရပ်ရင်း အသံပေးသော်လည်း သည်လို ဧည့်သည်တွေ ရောက်လာမည်မထင်တော့ မျက်နှာဆိုးကြီးနှင့်သာ ကြည့်နေခဲ့သည်။ ခေါင်းက ဆံပင်စုတ်ဖွား၊ ထဘီက ခါးချပ်၊ မျက်နှာက အဆီတြောင်း။ ဧည့်သည်ကို စကားတစ်ခွန်းမပြောပဲ အတွင်းကို လှမ်းအော်လိုက်သဖြင့် မိန်းမကြီး တစ်ယောက် ပေါ်လာပြန်ပါ၏။ သည်မိန်းမကြီးကတော့ သနပ်ခါးထွေ ပိန်းကြားရိုက်လို့။

"ဘကြီးက ဘယ်သူတုံး...ကျုပ်သိမှတ်ပါတယ်..."

"မသိရကောင်းလားဟယ်...ဘကြီးဒိုးလုံးပါ...သစ်စခန်းကလေ..."

"ဩော်...မလာစဖူး ဘကြီးရယ်...နှစ်တွေ ကြာလှပါကော...ဖွဟဲ့ မဆိုစကောင်း...ကျုပ်တို့က မရှိတော့ဘူးတောင် ထင်တာ...ရွာတွေ ဘက်တောင် မလှည့်နိုင်တော့ဘူးလား..."

"အသက်ရှိပြီကမင့်ဟာ ငါ့တူမရယ်...နင်တို့မြင်တော့ နင်တို့မိဘများတောင် သတိရမိပါရဲ့...ကိုင်း ငါတို့ ခဏထိုင်မယ်...အကျိုးအကြောင်းရှိတယ် ပြောပါတော့..."

အိမ်ကြီးပေါ်ကိုတော့ မတက်ကြတော့ပါ။ အောက်ထပ် တလင်းပြန့်မှာ ခင်းထားသည့် ခုတင်ပက်ပက်ကြီးတွေမှာ လှည်းကျင်း ဖုန်ခါပေးသည်။ ခင်စောမူ မြင်ဖူးသလောက်တော့ အလွန်အကျည်းတန်ကြသူတွေပင်။ တစ်ခါက ကျားကိုပင် ဓားနှင့် ဝိုင်းခုတ်ခဲ့ကြသည်ဆိုသူတွေ ခုတော့လည်း ခါးရိုကြီးပြီ။ ကားနှင့်လာကြသော ဧည့်ကောင်းစောင်ကောင်းများအဖြစ် ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြတာများလား။

"နင်တို့အစ်မတော်...ဘယ်သူဟဲ့..."

"မဒွေးမြလား...သူက ရောက်ပင်တောမှာ..."

"ကိုင်း...ငါပြောမယ်...တို့လည်း အချိန်မရဘူး...ဟောဒါ သစ်ပေါ် ဝန်ထောက်ကြီးဗျ...ဦးမင်းအောင်မြင့်တဲ့...သစ်တောပတ်ဆုံးသည့် ရွာတွေ လိုက်ကြည့်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

သစ်တောဝန်ထောက်ကြီးဆိုတော့ ခေါ်ခွေးပနှင့် ခေါ်ခွေးခတို့ ကိုယ်ကလေးများပင် ကျိုးသွားကြပါ၏။ သစ်တောနားက ရွာတွေ လိုက်ကြည့်တာ ဆိုတော့ မျက်လုံးတွေ ပြူးကုန်ကြပြီ။

"ဒါက သစ်တောစာရင်းတွေကို စစ်ဆေးတဲ့ စာရင်းစစ်အရာရှိ... ဆရာမနာမည် ဘယ်သူတဲ့..."

ဘကြီးခိုးလုံးက ရိုရိုသေသေ မိတ်ဆက်ပေးရင်းက နာမည်မေ့နေသဖြင့် ဝင်ဖြည့်လိုက်ရသည်။

"ခင်စောမူပါ..."

ခင်စောမူ ဆိုသည့်အသံကြောင့် မိန်းမကြီးနှစ်ယောက်က စနက်တံကို မီးရှို့လိုက်သလို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ကြလေ၏။

■

(၁၀)

ခင်စောမူခမျာ မိန်းမကြီးနှစ်ယောက် သူ့အပေါ်များ ခုန်တက်ကြတော့မလား အောက်မေ့မိသည်။ မျက်လုံးတွေက အရွှတ်တွေ အိုသလောက် စူးရှလွန်းကြသည်။ သည်မျက်လုံးတွေထဲမှာ 'ညည်းမူတ်လား...တို့ကိစ္စတွေထဲမှာ ဝင်ရှုပ်နေတာ...ဒန်းပွင့်ကို မြှောက်ပင့်ပြီး အာခံအောင်လုပ်တာလည်း ညည်းပဲ... ဒန်းပွင့်ကို သွေးကြွအောင် လုပ်တာလည်း ညည်းပဲ...အခုတော့ ညည်းကို ဆိုက်ဆိုက်ကြီး တွေ့ရပါပကော...တစ်ချီတစ်ပွဲ တွေ့ကြသေးတာပေါ့' ဆိုသည့် အရိပ်တွေ တလျားလျား ပြေးနေတာကို ခင်စောမူ တွေ့နေရသည်။ ခင်စောမူ ကလည်း ရင်ဆိုင်ဖို့ လာခဲ့သူပင်။ သည်တစ်ခါ လျှော့လိုက်လျှင် ဒန်းပွင့်ကို အနိုင်ကျင့်တာတွေ ပိုလို့သာ ဆိုးတော့မည်။ ခင်စောမူက မျက်နှာကိုချိုကာ ခပ်ရဲရဲပင် ပြန်ကြည့်လိုက်သည်။

"ဒန်းပွင့်အဒေါ်တွေ ထင်ပါရဲ့...ဒန်းပွင့် ပြောပြလို့ နာမည်တွေ ကြားဖူးပါပြီ...ဘယ့်နယ်လဲ...သည်လိုအဒေါ်တွေ ရှိပါလျက်ကနဲ့ ဒန်းပွင့် ခမျာ အပျိုးလေးမတန်မဲ့ သူများအိမ်သွားနေရတာ ဘယ်ကောင်း နိုင်ပါ့မလဲရှင်...ခမျာ ရောဂါရယ်လို့လည်း မရှိ...ပယောဂရယ်လို့

www.burmeseclassic.com

www.burmeseclassic.com

လည်း မရှိ...လူမမာလို တစ်ရွာသွား ဆေးကုခံနေတာ အဓိပ္ပာယ် မရှိဘူး...မိန်းကလေးတစ်ယောက်ကို မတရားစွပ်စွဲပြီး မတရား ချုပ်နှောင်ထားသလို ဖြစ်နေပါလားရှင့်...ဒါမျိုးဆိုတာ ဥပဒေအရ အရေးယူလို့ရတယ်...ထောင်တန်းကျနိုင်တယ်...၊ နေပါဦး...ကျန်မ မေးပါဦးမယ်...ဘယ်သူ ပို့ထားတာလဲ...ပို့တဲ့လူ တရားခံပဲ"

မိန်းမကြီးနှစ်ယောက်က ဥပဒေကား၊ ထောင်စကား ပါလာသောအခါ မြွေဟောက်များ ပါးပျဉ်းချလိုက်သလို ရုတ်ခနဲ ခေါင်းငုံ့သွားကြသည်။ ခင်စောမူ တုမင်မြဲပြာနေမှန်းသိသဖြင့် ကိုမင်းအောင်မြင့်က ငြိမ်နေခဲ့ပါ၏။ ဘကြီးဦးလုံးနှင့် ကိုမင်းအောင်မြင့်တို့ ဘယ်လိုစီစဉ်ထားသလဲဆိုတာ မသိရသေးဟသို ခင်စောမူက အကွက်ဆိုက်တုန်း တွန်းဖိ ပြောနေခြင်းဖြစ်သည်။ မိန်းမကြီးနှစ်ယောက် ခမျာ တောကြီးခေါင်ခေါင်ထဲက တောသူကြီးတွေဆိုတော့ ကြောက်ရမည့် ကိစ္စတော့ ကြောက်တတ်ကြသား။ ကျားဆိုးကို ဓားဖြင့် ဆီးခုတ်ဝုံကြသော သတ္တိတွေကတော့ ဥပဒေတို့၊ ထောင်တို့ ကျတော့ ရဲရဲမတောက်ဝုံကြတော့ပြီ။

"မိုဘနှစ်ပါး မရှိရှာတော့တဲ့ မိန်းမပျိုကလေးတစ်ယောက်က... သက်တူရွယ်တူ လူပျိုလူလွတ်တစ်ယောက်နဲ့ မေတ္တာရှိကြတယ် ဆိုတာ အပြစ်မဟုတ်ပါဘူးရှင်...မိန်းကလေးခမျာ သူ့အားကိုးသူ ရှာချင်မှာပေါ့...အိမ်ထောင်မှုဘဝတစ်ခု ထူထောင်ချင်မှာပေါ့...ဒါ သဘာဝပါ...ကြီးတော်တို့က သည်တူမကလေးကို ဘယ်လောက် ကြာကြာ စောင့်ရှောက်နိုင်ကြမှာလဲ...လူလည်း မမြဲဘူး...ဥစ္စာလည်း မမြဲဘူး...ကိုယ်မှ မမြဲဘဲနဲ့ သူများ မြဲစေချင်လို့ ဖြစ်ပါ့မလား... သည်ဆောတ်မှာ စုန်းလည်း မရှိဘူး...ပယောဂလည်း မရှိဘူး...သိုက် က လာတာလည်း မရှိဘူး..."

ခင်စောမူ စကားနည်းနည်းကြမ်းလာတော့ မိန်းမကြီးနှစ်ယောက် မျက်နှာတွေ ပျက်လာကြသည်။ သူတို့.ကိုယ်သူတို့. သိုက်က လာတာလို့ ယုံကြည်စွဲလမ်းထားကြတာဆိုတော့ သိုက်က ကြားသွားမှာ စိုးရိမ်သည့်အလား

ကိုယ်ကလေးများပင် ကျဉ်သွားကြပါ၏။ ဘကြီးဦးလုံးက တည်တည်ငြိမ်ငြိမ် ဝင်ပြောသည်။

"အခု ဘကြီးတို့လာတာက အားလုံးကောင်းစေချင်လို့ လာတာပဲ... နင်တို့.မိဘများနဲ့.လည်း ခင်ပြန်...နင်တို့.နဲ့.လည်း ရင်းနှီးခဲ့ဖူးပြန် ဆိုတော့ သည်ကိစ္စ ဘကြီးဝင်ပါ့မယ်ဆိုပြီး အပင်ပန်းခံလာခဲ့တာ... ကလေးမနဲ့ ကောင်လေးကိုတော့ မြို့ကြီးက ရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်ပေးလိုက်ကြပြီ...တရားဥပဒေ အကာအကွယ် ရကြပြီ ပေါ့အေ...ငါ့တူမကြီးများလည်း စောင့်ရှောက်ရတဲ့ဝတ္တရားကြီးက လွတ်ကြပါပြီ...ကလေးမလေးပိုင်တဲ့ ပစ္စည်းအစုစုကို စာရင်းဖော်ပြီး ရှေ့နေရှေ့ရပ်များက စာရင်းယူသွားကြပြီ...နင်တို့.တူအရီးချင်း သူ့ရစရာ ကိုယ်ရစရာရှိတော့လည်း ရှေ့နေရှေ့ရပ် ခုံမင်များနဲ့ ပြောကြဆိုကြပေါ့...တရားဥပဒေ ရှိသကွယ်...အရပ်ထဲမှာလို နိုင်လို ပြစားလုပ်လို့မရဘူး...အဲဒါ ဘကြီး လာပြောတာပဲ...ဒါက သိစ်တော့ ရုံးက အကြီးဆုံး သစ်တောဝန်ထောက်မင်းကွယ်..."

ကိုမင်းအောင်မြင့်က တစ်ချိန်လုံး ငြိမ်နေရာက မျက်နှာတင်းတင်း ဖြင့် ပြောပြန်လေ၏။

"သစ်တောဆိုတာ တိုင်းပြည်က ပိုင်ဆိုင်တာပါ...သည်နားရွာတွေ က သစ်တောနဲ့.နီးတော့ သစ်ကောင်းတွေ ခိုးခုတ်တာတွေ ကြားနေရ တယ်...သစ်ကောင်းတွေ ဝယ်လှောင်ပြီး ပြန်ရောင်းနေကြတယ် ဆိုတာကလည်း ကြားနေရတယ်...ဒါကြောင့် သည်နားရွာတွေကို လိုက်ကြည့်တာပဲ...အိမ်ဆောက်ဖို့, နွားစာကျင်းထွင်းဖို့ ခုတ်တာ လောက်က အကြောင်းမဟုတ်ပေမယ့် သစ်ကောင်းတွေ ခုတ်ပြီး စီးပွားရှာနေတာမျိုးတော့ မရဘူးပေါ့ဗျာ...သတင်းတွေ ရထား တယ်...ဘယ်သူ ဘယ်ရွာတွေမှာ ခိုးသစ်တွေ ကောက်တယ် ပြန်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာလည်း စာရင်းပြီ...ရှောက်ပင်တောမှာ ပိုများတယ်...သည်တောခြေမှာလည်း ရှိတယ်"

မိန်းမကြီးနှစ်ယောက်ခမျာ ဘာစကားမျှ ခွန်းတုံ့မပြန်နိုင်ပဲ ကြောက်လန့်နေကြတာကို ကြည့်ရင်း ခင်စောမူ ရယ်ချင်သည်။ တောသူတောင်သားတွေကို မတရား ခြိမ်းခြောက်နေခြင်းမျိုး မဟုတ်ပါ။ တကယ်လည်း သစ်စိုးပွားရေး လုပ်စားနေကြသူတွေ ရှိတာကို စကားခင်းလိုက်ခြင်းသာ ဖြစ်သည်။ ဒန်းပွင့်အဒေါ်တွေက သစ်ကောက်တာတွေ ရှိသည်။ ရသမျှသစ်ကို ချက်ချင်းလိုလို လွှစင်ထောင်ခွဲကာ သစ်ပျဉ်တွေ ရောင်းနေတာတွေ ရှိသည်။ သစ်တော နားက ရွာတွေဆိုတော့ တစ်ရွာလုံး ကင်းသူရယ်လို့ ရှားသည်။ သို့ပေသိ ဒန်းပွင့်အဒေါ်တွေက ရသမျှသစ်တွေ ဈေးလျှော့ကောက်ကြပုံ ပေါ်ပါ၏။ ကိုမင်းအောင်မြင့်က စာရင်းတွေ ရထားပြီဆိုတော့ သူတို့ကိုယ်တိုင် ပြဿနာ တွဲမှာစိုးပါ့နေပါပကောလို့ တွက်လောက်ပြီ။

"တစ်ချက်က...သမုန်းကျင်းက ကျွန်တော်တို့ ဘန်ဂလိုကို စားတွေ့တုတ်တွေနဲ့ လူတချို့က အတွင်းထဲအထိဝင်ပြီး ကျူးကျော်ကြတယ်လို့ ကြားရတယ်...ကျွန်တော့်ဝန်ထမ်းကိုပါ ခေါ်မေးတာတွေဘာတွေ လုပ်ခဲ့သတဲ့...အဲဒါ သမုန်းကျင်းက လူတွေလား...သည်ဘက်ရွာက လူတွေလား စုံစမ်းနေတယ်...ဘယ်သူက ဘာကိစ္စ သည်လိုလုပ်ကြတာလဲ ဆိုတာကအစ အချက်အလက်ရပြီဆိုရင် ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်"

ခင်စောမူကတော့ စကားတစ်ခွန်းမှ မဟကြသည့် ဒွေးညီအစ်မ နှစ်ယောက်ကိုကြည့်ပြီး မရယ်မိအောင် နေရသည်။ အင်မတန်စွာ၊ အင်မတန်ဆိုးလှသည်ဟု ရွာကျော် ရပ်ကျော်ရှိလှသော သည်အဒေါ်ကြီးတွေကို ကိုင်တွယ်ဖို့ကလည်း သည်နည်းပဲ ရှိတာမဟုတ်လား။ ချောမော ဖျောင်းဖျလို့ ရမည်သူတွေ မဟုတ်တော့ ကိုယ့်စကား နားဝင်အောင် လုပ်ရခြင်းဖြစ်သည်။ တောသူတောင်သားတွေဆိုတော့ မခံချင်စိတ်ဖြင့် လုပ်မိလုပ်ရာ လုပ်ခဲ့ကြခြင်းပင်။ တရား

ဥပဒေကိုလည်း မသိနားမလည်။ တစ်ခုတော့ ရှိပါ၏။ ဘန်ဂလိုကို လူမိုက်တွေ လွှတ်ခဲ့သူက ဒေါ်ခင်မေသီလည်း ဖြစ်နိုင်သည်။ ဘယ်သူပဲဖြစ်ဖြစ် သည်စကား တွေက သမုန်းကျင်းကို ရောက်သွားမှာတော့ သေချာပါ၏။ သည်တစ်ခါတော့ ခင်စောမူအလှည့်။ မျက်နှာထားကို ခပ်တင်းတင်းထားပြီး ပြောရသည်။

"ဒန်းပွင့်ကို ဒုက္ခပေးထားချင်တော့ လှည်းသမားနဲ့ စာပေးဆက်သွယ်တဲ့ စာတွေလည်း ရှိသေးတယ်...အဲဒါလည်း သက်သေခံ စာရွက်တွေပဲ...ခဲစည်းချပြီးပြီတို့, သဲစည်းချပြီးပြီတို့ ဆိုတာတွေလေ...အရွယ်ရောက်သူ မိန်းကလေးတစ်ယောက်ကို အုပ်စုဖွဲ့ပြီး မတရားပြုကြတာတွေပေါ့...ဒါလည်း ဇစ်မြစ်လိုက်ရဦးမယ်"

ဘကြီးဒိုးလုံးက ခင်စောမူကိုရော ကိုမင်းအောင်မြင့်ကိုပါ ကြားက တောင်းပန်သည့်သဘောဖြင့် လေပြေထိုးသည်။

"သစ်တောဝန်ထောက်မင်းရော ဆရာမကိုပါ ကျွေးကပဲ ကြားက တောင်းပန်ပါရစီတော့ဗျာ...မိန်းကလေးကလည်း ရုံးတက် လက်မှတ်ထိုးပြီးပြီပဲဗျာ...သည်ကိစ္စတွေ နောက်ထပ်ဖြစ်စရာလည်း မရှိတော့ဘူး ထင်ပါတယ်...ဖြစ်ခဲ့ပျက်ခဲ့တာတွေက ရုပ်ဆိုးပေမယ့် ကျေနပ်လို့ရရင် ကျေနပ်ကြပါ...ခွင့်လွှတ်လို့ရရင် ခွင့်လွှတ်ကြပါ...တောသူတောင်သားများဆိုတော့ စိတ်နောက်ကိုယ်ပါ ပြုမိကြတာတွေ ရှိချင်လည်း ရှိပါလိမ့်မယ်...မိန်းကလေး မဒန်းပွင့်က ရုပ်ချော ဥစ္စာရှိဆိုတော့ အဒေါ်များက မသမာသူလက်ထဲ ပါမှာစိုးကြရော့ ထင်ပါသဗျာ...ပြီးတာတွေ ပြီးစေချင်တာပါပဲ...ဝန်ထောက်မင်းကို ကျွေးကပဲ ကြားက မေတ္တာရပ်ခံပါတယ်...ဟဲ့ ငါ့တူမတို့...ညည်းတို့ကလည်း ပြောကြဦးလေကွယ်"

သည်တော့မှ မိန်းမကြီးတစ်ယောက်က လှုပ်လာသည်။ မျက်နှာသေ အတော့်ကို ညှိုးနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့တူမကလေး မသူဆော်နဲ့ တွေ့မှာစိုးတာပါ...ကျုပ်တို့က သဘောမတူတာတော့ အမှန်ပဲ...လှည်းထောင်သမား ပညာသည်မ သားနဲ့တော့ မပေးစားချင်ဘူးတော်...ကျုပ်တူမကလေးကို ပြုစား ထားလို့ ဆေးကုပေးတာပါ...ပြီးတော့...ပြီးတော့...ဒန်းပွင့်ပစ္စည်း တွေ ပျောက်နေတာလည်း သင်းတို့လက်ချက်ပဲ...လူကို အပိုင်စီးချင် တာကတော်တော်...ပစ္စည်းကို အပိုင်စီးချင်တာကို ကျုပ်တို့က မခံ ချင်တာပါ...ဒါထက် ဒန်းပွင့်က ဘယ်မှာတုံး..."

"ဒန်းပွင့်ရော ပုညပါ ရှိတယ်..."

"ဒါဖြင့်လည်း ခေါ်ပေးပါ...ပစ္စည်းတွေ ပြန်ခိုင်းပေးပါ...သူတို့ချင်း ယူပြီးကြပြီဆိုမှတော့ ကျုပ်တို့က ဘာတတ်နိုင်မှာတုံး...ရှောက်ပင် တော ပြန်ကြရုံပေါ"

ဘကြီးဒိုးလုံးက ကျေနပ်သွားသလို ခေါင်းညိတ်ရင်းက ပြောသည်။

"ဒါပေါ့ဟယ်...အသက်အရွယ်တွေလည်း ရင့်ကြိုက်မင့်ပဲ...ကိုယ့် တူမနဲ့ အကြောင်းပါတော့ ကိုယ့်တူပေါ့...အတူနေကြတော့လည်း အားကိုးရမှာ ပါ...ကိုယ့်သွေးကိုယ့်သားပဲကွယ်...ဘယ်ပြတ်နိုင်ကြ မှာတုံး...ကောင်လေးကလည်း ပခုံးထမ်းမယ့် သူငယ်အစားထဲက ပါပဲဟဲ့..."

"ကျုပ်တို့က ကျုပ်တို့ဟာနဲ့ကျုပ်တို့ အနေသာကြီးပါ...ဒန်းပွင့် ကိုလည်း ကျုပ်တို့စကား နားမထောင်တာ...အရွယ်ရောက်လို့ ခြေရာတိုင်းတယ်ထင်လို့ မကြိုက်တာပါ...ဟိုကောင့်အချိုးကလည်း ကျုပ်တို့မျက်စိထဲ ကန့်လန့်ကိုး...သည်ကြားထဲ မအေကြီးက..."

"ကဲပါကွယ်...ဖူးစာဆိုတာ ရှောင်ဖြစ်မှတ်လို့...ဒါတွေထိ လိုက်ပူ နေရင် ခက်ကရောပေါ့...ရုံးရောက် ဂါတ်ရောက် မဖြစ်တာ ကျေးဇူး တင်ဦးဟဲ့...ကိုယ့်ရွာကိုယ် ပြီးသွားတော့ ကောင်းတာပေါ့ကွယ်... ကိုင်းပါလေ...သည်လို လုပ်ကြရအောင်...ဒန်းပွင့်နဲ့ မောင်ပုညကို

မနက်စောစော အခေါ်လွှတ်လိုက်မယ်...တို့လည်း တောခြေရွာ ကျောင်းမှာ တည်းကြမှာ...မိုးနံက ပုည မအေလည်း ပါရမှာပေါ့... နင်တို့ကို လူကြီးတွေရှေ့ ကန်တော့ကြပါလိမ့်မယ်...နင်တို့ကလည်း ကန်တော့ခံကြပါ...မေးစရာ ပြောစရာရှိ ကိုယ့်တူမကလေးနဲ့ တွေ့တော့ မေးကြ ပြောကြပေါ့...ဟုတ်လား..."

မိုးချုပ်လေပြီ...။ အားလုံး ကားပေါ်တက်ကြမည်ပြင်တော့ ဆွေး ညီအစ်မက ဘကြီးဒိုးလုံးကို နေခဲ့ပါဦး တားကြသဖြင့် ထားခဲ့ရသည်။ ခင်စောမူ ကတော့ အခြေအနေတွေက လိုအပ်တာထက် ပိုကောင်းနေပြီလို့ တွက်လိုက် မိပြီ။ ကိုမင်းအောင်မြင့်နှင့် ခင်စောမူတို့ ကြိမ်းလိုက်တာက တော်တော်ထိရောက် သွားခဲ့ပုံရသည်။ ဘကြီးဒိုးလုံးက ခဏတစ်ဖြုတ် နေခဲ့သေးတာပေါ့ဆိုကာ ချန်နေခဲ့သည်။ ဘကြီးဒိုးလုံး စိစဉ်ချက်အရ ခင်စောမူတို့အားလုံး ရွာဦး ဆရာတော်ကျောင်းကို သွားနှင့်ကြရမည်။ ညစာအတွက် ရွာထဲမှာပဲ စီစဉ်ကျွေး လာပို့ခိုင်းမည်။ ဘကြီးဒိုးလုံးလည်း စကားပြောဆိုပြီးတာနှင့် ပြန်လာနိုင်မှာ မည်။

"ကိုင်း...မောင်မင်းအောင်မြင့်...မနက်ဖြန်အထိတော့ နေကြဦးစို့... မောင်မောင်တင် ငါ့မြေး...မင်းက မနက်စောစော ကားနဲ့ ကလေးတွေ ပြန်ခေါ်ခဲ့ချေ...မောင်ပုညအမေကို သည်က တစ်ယောက်ယောက် လွှတ် အခေါ်ခိုင်းမယ်...ကန်တော့ပွဲရွက်ပြီးတော့သာ လာပေတော့လို့... နင်တို့ကလည်း ရှောက်ပင်တောက အစ်မကြီးကို ခေါ်ထား... မနက်ဖြန် နေ့လယ်တော့ ဆွေတော်မျိုးတော် စုံပြီပေါ့ကွယ်"

ဘကြီးဒိုးလုံးက အကွက်တကျ စီစဉ်လိုက်ခြင်း ဖြစ်ပါ၏။ ခင်စောမူ အဖို့ရာတော့ မပြန်ခင် မင်္ဂလာပွဲကလေးနှင့် ကြုံကြိုက်ရမှာကိုပဲ စိတ်ချမ်းသာ မိရသည်။ ဟိုရက်တွေတုန်းကတော့ ဒန်းပွင့်တို့ကိစ္စ မပြီးမပြတ် တန်းလန်းဆူး ထားခဲ့ရမှာကို တွေးပူခဲ့ရသည်။ သည်လိုဆိုပြန်တော့ မောင်ပုည မိန်းခရီးလေး

www.burmeseclassic.com

www.burmeseclassic.com

ကပင် ခပ်ကောင်းကောင်း။ သည်အကြောင်းတွေကို ကိုမင်းအောင်မြင့်ကို ပြောပြတော့ ရယ်သည်။

"အေးဗျာ...တစ်ခါတလေ မိန်းမများ ခိုးယူရတာကတောင် ခပ်ကောင်းကောင်းကိုးဗျ...အမှန်က မိန်းမခိုးတယ်ဆိုတဲ့စကားက စဉ်းစားစရာကောင်းတယ် မခင်စောမူရဲ့...မိန်းကလေးက သဘောတူလို့ လိုက်လာမှတော့ ခိုးတယ် ဘယ်ဟုတ်ပါ့မလဲ..."

"အဲသလို မဟုတ်ဘူးရှင့်...မိဘနှစ်ပါးနဲ့ အုပ်ထိန်းသူများ မသိအောင် သဘောတူ ခွင့်ပြုချက်မရပဲ ဆောင်ကြဉ်းသွားထာကို ခိုးတယ်ခေါ်တာလေ...ဖြစ်သင့်တာက မိရယ် ဖရယ် စုံစုံညီညီ တောင်းရမ်းယူတာတော့ အကောင်းဆုံးပေါ့"

"အေးဗျ...အဲသလိုတော့လည်း ဟုတ်သားပဲ...မိန်းကလေးက ခိုးယူထာမျိုး ကျတော့ကောဗျာ...ပုဆိုးပိုက်ကာ စောင်ပိုက်ကာ လိုက်ပါရစေ ရွှေနွယ်ရိုးရယ် ဆိုတာလည်း ရှိတာကိုး မခင်စောမူရဲ့..."

"ရှားလိုက်တာမှရှင်...ကိုမင်းအောင်မြင့်သာ မိန်းကလေးက ခိုးမှာ စောင့်နေပါ"

ကိုမင်းအောင်မြင့်က သူ့စကားနှင့်သူ တဟားဟား ရယ်နေတော့သည်။

ဘုန်းကြီးကျောင်းကို ရောက်တော့ ကိုမင်းအောင်မြင့်ကပဲ အကျိုးအကြောင်း လျှောက်ထားကာ တည်းခိုရန် ခွင့်တောင်းရပါ၏။ ဆရာတော်ကြီးက ကြည်ကြည်ဖြူဖြူ ခွင့်ပြုတော်မူသည်။ ကျောင်းဝင်းကြီးက ကျယ်ဝန်းလှပါသည်။ သစ်တောအရပ်မို့ ကျောင်းကြီးကလည်း ခိုင်ခံ့လှပါ၏။ ဆရာတော်ကြီးက သက်တော် ခြောက်ဆယ်ကျော် ခုနှစ်ဆယ်လောက် ရှိပြီ။ ခင်စောမူက ဒန်းပွင့်ရေတွင်းအကြောင်း၊ တစ်ခါက သည်ကျောင်းကြီးပေါ်ကို ကြွရောက်လာသည့် အာဂန္တုကိုယ်တော်တစ်ပါးအကြောင်း မှတ်မှတ်ရရ လျှောက်ထား

မေးမြန်းဖြစ်ခဲ့ပါ၏။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်လောက်က အကြောင်းတွေ။ ဆရာတော်ကြီးကိုယ်တိုင်ကလည်း ထိုအဖြစ်ကို မှတ်မှတ်ရရ ရှိပုံရသည်။

"ဒန်းပွင့် မိဘများဖြစ်တဲ့ ဒကာ ကိုပိုက်ခြုံတို့ ဒကာမ မခွေးလှတို့က စိတ်ထားကောင်းကြတယ်...ဘုန်းကြီးက ကိုရင်ဘဝကတည်းက သည် ကျောင်းကို ရောက်ခဲ့တာပဲ...ဇာတိကတော့ ထန်းတပင်ဘက်ကပါ...ကျူပ်တို့ ရောက်စက တောကြီးခေါင်ခေါင်ပေါ့...ဘာရှိမှာတုံး...ရွာတွေက ဟိုနားတစ်စု သည်နားတစ်စု...ကျူပ်တို့ ပဉ္စင်းဘဝ ရောက်မှ စည်ပင်လာတယ် ပြောပါတော့...ဂုံပိုက်ခြုံတို့ ရွာရောက်ကြပြီ ဆိုကတည်းက ကျူပ်ကျောင်းမှာ ဆွမ်းကွမ်း ဧဝယျာဝစ္စလှူနေကျကိုး...သံမီးကလေးက မွေးကတည်းက စကားမပြောတတ်ရှာလို့ ဘဝင့်ကြွေး မပါအောင် အင်မတန် လှူကြတန်းကြတယ်...တစ်ရက်တော့ ကျူပ်တို့ ထန်းတပင်ဘက်က ကိုယ်တော်တစ်ပါး ကြွလာပြီး ကျောင်းမှာ ဆုံကြတာကိုး..."

"တင်ပါ့ဘုရား...ဒန်းပွင့် ပြောပြလို့ သိရပါဘုရား...တပည့်တော် သိချင်တာက အာဂန္တုကိုယ်တော်က ဒန်းပွင့်အဒေါ်တွေရဲ့ နာမည်တွေ မေးခဲ့သေးတယ်ပြောလို့ ဘာများ ထူးထူးခြားခြား မိန့်ခဲ့သေးသလဲလို့ပါ ဘုရား..."

"ဟုတ်တယ် ဒကာမကြီးရဲ့...အာဂန္တုကိုယ်တော်က တစ်ရက် နှစ်ရက် သီတင်းသုံးပြီး ပြန်ကြွသွားလို့ ကောင်းကောင်းတော့ မမေးလိုက်ရပါဘူး...ဒန်းပွင့်အဒေါ်သုံးယောက်ရဲ့ နာမည်ကိုတော့ အစိုးတယ် ရှိတယ်...ဒန်းပွင့် အဒေါ်အကြီးဆုံး ဒေါ်ငွေခြေက သို့ကံက လားဆိုလို့ ဆိုတယ်...သူတို့ ညီအစ်မတစ်တွေက အိမ်ဆောင်းပြုကြတော့ အိမ်ထောင်ပြုလိုက်တဲ့ ဒကာမ ခွေးလှသမီးတလေးကို သို့ကြီးဟု ဆက်ထားတယ်ပေါ့လေ...အာဂန္တုကိုယ်တော်တော့ တော်ရုံတန် သိပုံရတယ်...သို့ကံကြီးခြင်တ်ပေးခဲ့တဲ့အပြင် ခုနှစ်နှစ်သမီးတော်

www.burmeseclassic.com

www.burmeseclassic.com

ပြောလိမ့်မယ်လို့ မှာခဲ့တာကိုးကွယ်...သည်ကလေးမ စကားပြောတဲ့ နောက်ပိုင်း မိဘနှစ်ပါး စီးပွားဖြစ်လိုက်တာ ရွာက အမြင်ပဲ...ဒါကို အဒေါ်ကြီးလုပ်သူက သိုက်ရှိတဲ့နေရာ သိလို့သာ ချမ်းသာတယ် အောက်မေ့ပြီး တူမလေးကို တလွဲထင်ကြတယ်နဲ့ တူပါရဲ့...အမှန်က မဟုတ်ပါဘူး...ကံကံ၏အကျိုးပါပဲ...ဖြစ်ချိန်တန်ရင် ဖြစ်တာပဲ... ပျက်ချိန်တန်တော့ ဒန်းပွင့်ခမျာ မိဘနှစ်ပါး ဆုံးရှာတယ်...လူက ပြုပြင်ချင်လို့ မဖြစ်နိုင်ဘူး...ဒါပေသိ အလိုလောဘ ကြီးသူတွေ ဆိုတော့ ဒန်းပွင့်ကို ချောမေးကြ...ချောက်မေးကြ...ပယောဂရှိသလိုလို...အပင်းရှိသလိုလိုလုပ်ကြ...ဒန်းပွင့်အမေ ရထိုက်တဲ့ အမွေတွေ ပါ သိမ်းကြနဲ့...စိတ်မကောင်းစရာတွေပေါ့ ဒကာမကြီးရယ်..."

"ဒါတွေက ဟုတ်ကောဟုတ်ရဲ့လား ဘုရား..."

"ဒန်းပွင့်အဒေါ်တွေက ဘုရားဝေး တရားဝေးတွေကိုး...ဥာဏ်ပညာ ကလည်း မရှိ...အလိုလောဘကလည်း ကြီးဆိုတော့ ကျုပ်ကိုယ်တိုင် တရားခေါ်ပြတာတောင် နားမဝင်ကြဘူး...တရားရမယ့်အချိန် မရောက်ကြသေးဘူးပေါ့လေ..."

ထိုညက ဘကြီးဒိုးလုံး အစီအမံဖြင့် ညစာ စားကြရသည်။ ဘကြီး ဒိုးလုံးကို ဒန်းပွင့်အဒေါ်တွေ ခေါ်ထားလိုက်ကြတာကလည်း ခင်စောမူတို့ ဆင်ကွက်ထဲ ဝင်သွားကြခြင်းပင်။ ဝန်ထောက်မင်းနှင့် အရာရှိမကို တောင်းပန် ပေးပါ ဆိုကြတာလည်း ပါသည်။ လှည်းသမား ဒေါင်းကို မနက်စောစော ရွောက်ပင်တောရွာကိုလွှတ်ပြီး အစ်မကြီး သွားခေါ်ခိုင်းမည့်အကြောင်း၊ အကန်တော်ခံပါမည့်အကြောင်းတွေပါ ပြောလိုက်သည်ဆို၏။ ကိုမင်းအောင်မြင့်ကတော့ အစစအရာရာ အဆင်ပြေသွားတာကိုပဲ ဝမ်းသာနေလေသည်။ ခင်စောမူကတော့ ပြောစရာပင် မရှိတော့ပြီ။

* * *

"ကိုမင်းအောင်မြင့်ရယ်...ကျွန်မဖြင့် ညက စဉ်းစားမိတယ်...တို့ လည်း ကုမ္ပဏီတာဝန် မကျေရင်သာရှိရမယ်...သူများကိစ္စများတော့ စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်လိုက်ရတာလို့လေ...ကုမ္ပဏီက လူတွေ ကုမ္ပဏီကကားတွေ ပါနေရပြီ...အခုမှ တကယ့်ကို ဒန်းဆင်း လိုင်းယင်း ဖြစ်နေပါပကောရှင်..."

ခင်စောမူတို့ ကုမ္ပဏီက Dancing Lion ဆိုတော့ ခင်စောမူ ကခုန်နေတဲ့ ခြင်္သေ့တွေနဲ့ တူနေကြောင်း ပြောလိုက်ခြင်း ဖြစ်သည်။ ကိုမင်းအောင်မြင့်က ပြုံးသည်။ ခင်စောမူကို ရွှန်းရွှန်းစားစားကြည့်သည်။

"ဒါကတော့ မခင်စောမူရယ်...ချစ်ခင်ကြတဲ့ ချစ်သူနှစ်ယောက်ဘဝ မှာ အတူပေါင်းဖော်ခွင့်ရအောင် ကူညီတာပဲဗျာ ကုသိုလ်ရပါတယ်... ကိုယ့်အလှည့်ကျမှ ကူညီမယ့်လူတောင် ရှိပါ့မလား မပြောတတ်ဘူး"

"ရှိမှာပါရှင်...စေတနာဆိုတာ အလဟဿတော့ မဖြစ်ပါဘူး... တူညီသောအကျိုးတော့ ပေးစမြဲပါ"

ထိုနေ့မနက်က ဘုန်းကြီးကျောင်းပေါ်မှာပဲ ခင်စောမူတို့ နေလိုက်ကြ ပါ၏။ မနက်စာအတွက် ဆရာတော်ကြီးကပဲ ကျွေးခြင်းဖြစ်သည်။ ကနေ့တော့ အကြောင်းကိစ္စတွေ ချောမောကောင်းပါရဲ့။ ညနေတော့ ပြန်ကြရမည်။ သစ်စခန်းမှာ တစ်ညအိပ်။ နောက်ရက်မှာ ရန်ကုန်ပြန်ရဲ့သာ။ ကိုမင်းအောင်မြင့်ပါ ရန်ကုန်လိုက်မှာဆိုတော့ ခင်စောမူ စိတ်အေးသွားရသည်။ လမ်းခရီး အတွက်လည်း အဖော်ရ၊ ကုမ္ပဏီကိုလည်း ကိုမင်းအောင်မြင့်ကပဲ ရှင်းလင်း ပြောပြလိမ့်မည်။ နေ့လယ်ပိုင်းမှာ မောင်ပုည၊ ဒန်းပွင့်နှင့် အေးစုတို့ ကားနှင့် ရောက်လာကြသည်။

"မောင်မောင်တင်ရယ်...ငါ့မောင် ပင်ပန်းရှာမှာပဲ...အားများထောင် နာပါရဲ့..."

"မနာရပါဘူး အစ်မရယ်...သတို့သားကို ကျွန်တော့်အဝတ်အစား ဆင်ပေးနေရသေးတာလေ..."

www.burmeseclassic.com

www.burmeseclassic.com

မောင်ပုညက အခြေအနေကို စိုးရိမ်နေပုံရသည်။ ဒန်းပွင့်ကတော့ ကိုယ့်ရွာတိုယ်ပြန်ရောက်လာရတာကိုပင် ဝမ်းသာနေရှာသည်။ မရှေးမနှောင်းမှာပဲ မောင်ပုညအမေပါ လှည်းနှင့်ရောက်လာသည်။ ဆောသူတောင်သားရုပ်ရည်ဆိုသော်လည်း ပုညမိခင်က စိတ်မနော ကောင်းသူတို့၏ ဥပမိမျိုး ဖြစ်၏။ သားနှင့်ချွေးမကိုတွေ့မှ စိတ်ချမ်းသာသွားပုံမျိုးဖြင့် ဟင်းချက်ရှာပါ၏။ လူစုံပြီဆိုတော့ ခင်စောမူတို့လည်း ဒန်းပွင့်တို့အိမ်ကြီးဘက် ကူးခဲ့ကြပါ၏။ တစ်ရွာလုံးက ဒန်းပွင့် ပြန်ရောက်လာတာကို ဝမ်းသာကြသည်။ ရွာလုံးကျွတ် ညီတွတ်နေအောင် ဝိုက်ဝန်းလာကြသဖြင့် ဒန်းပွင့်တို့ ဝိုင်းတိုက်ထဲမှာ လူတွေအပြည့်။ ဒန်းပွင့်ကို သစ်တောခန်ထောက်မင်း လင်မယားက လာပေးစားကြတာတဲ့ ဆိုသည့် သတင်းကြောင့် ခင်စောမူ မျက်နှာပင် မဖော်ဝံ့အောင် ဖြစ်ရသည်။ လူတွေက ဘုရားပွဲ၊ ကျောင်းပွဲရှိလို့ လာကြသလို ဝိုင်းအုံကြည့်နေကြလို့ ခက်ရချေရဲ့ အောက်မေ့ရတော့သည်။

ဒန်းပွင့်တို့ အိမ်ကြီးက ကျယ်ဝန်းလှသည်။ အပေါ်ထပ်မှာ ရှင်းလင်းထားသဖြင့် ပရိသတ် အတော်ကလေး ဆံ့သည်။ ဘုရားရှေ့မှာ ကန်တော့ပွဲ ပြင်ဆင်ထားသည်။ ခန်းလုံးပြည့် ဖျာချောကြီးတွေ ခင်းထားသဖြင့် ခင်စောမူတို့ ထိုင်လိုက်ကြသည်။ ဘကြီးဒိုးလုံးက နယ်ခံဆိုတော့ ရပ်ရွာ လူသိများလို့သာ အဆင်ပြေရတော့၏။

"ကိုင်း...သည်ကနေ့တော့ မင်္ဂလာရှိပြီပေါ့ဗျာ...ဟောသည် ကျုပ်တူမများ ဖြစ်တဲ့ မဒွေးမြတို့၊ မဒွေးပတို့၊ မဒွေးခတို့ ဆိုတာ ကျုပ်တို့ မိတ်ဆွေများရဲ့ သမီးတွေကိုး...ကျုပ်သားသမီးတွေလို့လည်း ပြောနိုင်ပါရဲ့...အခု မဒွေးလှက မွေးတဲ့သမီး မဒန်းပွင့် အိမ်ထောင်စုဖက်တဲ့ ပွဲမှာ ကျုပ် ပါရပြန်ပြီ... ရပ်သူရွာသားချင်း ဆိုပေသိ မောင်ပုညရဲ့ဆရာက သစ်တောဝန်ထောက်မင်းဆိုတော့ လူကြီးလူကောင်းများက ကမကထပြုတဲ့ မင်္ဂလာပါဗျာ...ရန်ကုန်မြို့က သစ်တောကုမ္ပဏီ စာရင်းစစ်ဆရာမ ဒေါ်ခင်စောမူကလည်း ပါလေတော့ ပိုလို့တောင်

ခိုင်လုံရပါပြီ...ရှေ့နေရှေ့ရပ်များနဲ့တကွ တရားဝင်အောင် ဆောင်ရွက်ပြီးတဲ့အပြင် ရပ်ရွာလူကြီးမိဘများရှေ့မှာ ဗုဒ္ဓဘာသာထုံးတမ်းနဲ့ အညီဖြစ်အောင် ကနေ့ ဘကြီးတို့ စီမံရတာပါ...အထူးတလည် ပြောစရာမရှိပါဘူး...ကိုင်း...ရှောက်ပင်တောက ဒေါ်ကြီးတော်သူ ဒေါ်ဒွေးမြနဲ့တကွ ဒန်းပွင့်အဒေါ်များ ရှေ့ကို လာပါ...မောင်ပုည အမေလည်း လာပါ...မောင်ပုညနဲ့ ဒန်းပွင့်က ရိုရိုသေသေ ကန်တော့ကြကွယ့်..."

ဘကြီးဒိုးလုံးက လှန့်လုံးကလေးတွေလည်း ထည့်၊ ရပ်ရွာပရိသတ်ရှေ့ ဂုဏ်ရှိအောင်လည်းပြော၊ အတိုချုံးသည့်သဘောပါအောင်လည်း စီစဉ်နေသဖြင့် ခင်စောမူပင် အံ့သြရသည်။ ဘကြီးဒိုးလုံးကို ကျွန်တော်တို့က အားကိုးနေရတာ မခင်စောမူရဲ့လို့ ကိုမင်းအောင်မြင့်ပြောတာ ဟုတ်သားပါလားလို့လည်း တွေးမိရသည်။ လူကြီးစုရာ ကန်တော့မှာဆိုတော့ ဘကြီးဒိုးလုံးနှင့် ကိုမင်းအောင်မြင့် အပါအဝင် ရပ်ရွာလူကြီးမိဘနှစ်ယောက်ကလည်း ဒန်းပွင့်၏ အဒေါ်များနှင့်အတူ အကန်တော့ခံကြလိမ့်မည်။ မောင်ပုညအမေကတော့ အသာငြိမ်လျက်ရှိ၏။

"အကန်တော့ခံတာ နေပါဦး ဘကြီးဒိုးရဲ့...ကျုပ်တို့က လူငယ်ချင်း ကွယ်ရာမှာတွေကြ...ကွယ်ရာမှာ ဖြစ်ချင်တိုင်းဖြစ်ကြတဲ့ဟာကို ဆွေမျိုးမိုးမရှိတွေလို ငကန်းဖြစ်ဖြစ်...ငဆွေဖြစ်ဖြစ် လက်ခံတာမျိုး အဖြစ်မခံနိုင်ဘူး...ကျုပ်တို့တူမကို ကျုပ်တို့က သမုန်းကျင်းက ဆရာမကြီးကို အပ်ထားတာ...ဆရာမကြီး မသိပဲ ကျုပ်တို့ ဘာမှလုပ်ပံ့ပေါင်တော်...ဆရာမကြီး ခွင့်ပြုမှ ဖြစ်မှာပဲ"

အဒေါ်ကြီး ဒေါ်ဒွေးမြက ထပွက်လိုက်ခြင်းဖြစ်သည်။ တောခြေကို ရောက်နေကြသည့် အဒေါ်နှစ်ယောက်ကလည်း သည်ကနေ့ ဟော အားကိုးရောတော် လာကြသလို မျက်နှာထားတွေ တင်းကြလို့။ သည်မနက် ညီအစ်မတစ်တွေ ဘာတွေများ တိုင်ပင်ကြလို့ ဘယ်လိုများ ပွဲဖျက်ကြဦးမှာပါလိမ့်။ ခင်စောခင် စိုးရိမ်သွားခဲ့သည်။ ဘကြီးဒိုးလုံးက မျက်ခုံးမွေးဖြူကြီးနှစ်သွယ်ကို ပင့်တွန့်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကိုမင်းအောင်မြင့်က လူကြီးရှေ့ စကားမကျူးချင်ပုံဖြင့် ဘကြီးဒိုးလုံးကိုသာ ကြည့်နေခဲ့သည်။ ခင်စောမူကတော့ ပြောချင်လှပြီ။ ဘကြီးဒိုးလုံးက ခပ်အေးအေး ပြန်ပြောပါ၏။

"ကိုင်းပါလေ...သည်စကားတွေ ပြောရမယ်အချိန်လည်း မဟုတ်တော့ပါဘူး...ကာယကံရှင်များက အရွယ်ရောက်ကြပြီဖြစ်လို့ နှစ်ဦးသဘောတူတာနဲ့ အရာမြောက်ကြပါတယ်...နင်တို့လည်း မလိုဘူး...ငါတို့လည်း မလိုတူး...သမုန်းကျင်းက ဆေးကုစားတဲ့မိန်းမ...သာတောင်မလိုသေးတယ်...ငါ့တူမများက သည်ပွဲမှာ ဘာဖြစ်ချင်တုံး...ဘကြီးစိစဉ်ပေးမှာပေါ့...တို့လည်း ပြန်ကြရဦးမှာ...သည်ပွဲက ပြီးနေပြီ...ဘိသိက်ဆရာ မလိုပေါင်ဗျာ...ခရာသင်း မလိုပေါင်ဗျာ...ကိုင်း ပြောစရာရှိတာ ပြောဗျား..."

အဒေါ်ကြီး ဒေါ်ဒွေးမြက အသံကုန် အော်တော့သည်။ မျက်နှာကြီး မည်းပုပ်ထားလိုက်တာကလည်း ကျီးအာသီး ထက်ခြမ်းကွဲနှင့်ပင် တူတော့သည်။ ဒန်းပွင့်ကိုလည်း မျက်စောင်းလှည့်ထိုးလိုက်သေး၏။ ခင်စောမူတစ်သက် ဤမျှ အရှုပ်ဆိုးလွန်းသော မိန်းမကြီးမျိုး မတွေ့ဖူးခဲ့။ အရွယ်က အိုအို၊ ဇောက ပုပ်ပုပ်။ တရားမရှိသူ၊ အလိုလောဘကြီးသူတစ်ယောက်၏ အမူအရာတွေက ထင်းထင်းကြီး ပေါ်နေပါ၏။

"ကျွန်မတို့ သဘောမတူဘူး...အကန်တော့လည်း မခံချင်ဘူး...ဒန်းပွင့် ..ညည်းလုပ်ချင်တာ လုပ်ခဲ့မှတော့ ညည်းထိုက်နဲ့ ညည်းကံပဲ...တို့ကို အဒေါ်တွေလို့ မမှတ်နဲ့...တို့ကလည်း ရှိတယ် မမှတ်ဘူး...ညည်းရွေတွေ ကုန်ပြီမှတ်လား...တစ်သက်လုံးက ရွေရယ်လို့ မူးလို့ ရှူစရာမရှိခဲ့တဲ့ဟာတွေက မောင်ပိုင်စီးလိုက်ကြပြီမှတ်လား...လင် သည်လောက်ရှားလို့အေ...မစင်ခြောက် ကောက်စားရတယ်လို့..."

စကားတွေက ကြမ်းလာလေပြီ။ ဘကြီးဒိုးလုံးက ကြမ်းကို လက်ဝါးနှင့် ဖြန်းခနဲ ပုတ်လိုက်မှ ငြိမ်သွားတော့၏။

"တိတ်စမ်းဟေ့...သည်မှာ လူကြီးလူကောင်းတွေ ပါတယ်...ရပ်ရွာလူကြီးတွေရော...ရွာသူရွာသားတွေရော ရှိကြတယ်...နကိဖျင်သန်ဘက် လုတ်တိုင်းကုန်း ခြေလှမ်းရတော့မယ်...တရားမရှိကြပါလားပေ...နင်တို့သဘောပဲ...နင်တို့ ဖျက်လို့လည်း မဖျက်တော့ဘူးမှတ်ပါ...တို့က မင်္ဂလာရှိအောင် စီစဉ်တာ လက်မခံရင် ပြန်ရုံပဲ...ကဲ မောင်မောင်တင် ကားစက်နှိုးဟေ့... ဘယ့်နယ်ဗျာ..."

သည်မှာတင် မောင်ပုညအမေက လှုပ်လာခဲ့လေသည်။

"မဒွေးမြ...တော်စကား ဆင်ခြင်ပြောပါ...ကျုပ်တို့က ဆင်းရဲပေမယ့် စင်ကြယ်ပါသတော်...ကနေ့ထိ တော်တို့ပစ္စည်း အပ်တိုတစ်ချောင်း ကျုပ်တို့ဆီ မရောက်သေးဘူး...မက်လည်းမမက်ဘူး...ကျုပ်စားနဲ့ စပ်လို့ ကျုပ်က သမီးချွေးမ တော်ရမှာ...ငါ့သမီးတော့ အားနာပါရဲ့...ကျုပ်တို့က ညည်းတို့လို နူတ်ဝစီကြမ်းတွေနဲ့ ဘယ်လိုမှကို မပတ်သက်ချင်တာတော်...ဒါထက်ရှင်းတာ ခေါင်းတုံးရှိတော့တယ်"

မောင်ပုညအမေစကားကြောင့် ခင်စောမူ ပြုံးမိရသည်။

"ရှင်းပါ့တော်...ရှင်းပါ့ ရှင်းပါ့...အဲသည်ခေါင်းတုံးက သွေ့ခြောက်ကြွေလွှဲလုပ်ချင်နေလို့ ကျုပ်တို့က ပြောတာ...ဒန်းပွင့်ရယ်...ညည်းကို ငါစိတ်ရှိတိုင်း ထုရိုက်ပစ်လိုက်ချင်တော့တယ်...လူလည်း ပါရဲသေး...ပစ္စည်းလည်း ပါရဲသေး...ညည်းတို့များ တစ်ရွာသွားထားကာမှ လင်အဖတ်တင် ပြန်လာရတယ်လို့...ဟင်း...ဘယ်မှာလဲ ညည်းရွေထုပ်...မိဘတွေ ထားသွားတဲ့ရွေ ..လင်နဲ့လဲရတယ်လို့ဟယ်..."

ကိုမင်းအောင်မြင့်က ဒန်းပွင့်ဒေါ်ကြီးတွေက ဘာကို သဲကြီးမဲကြီး တိုက်ခိုက်နေကြတာလဲဆိုတာကို ရိပ်မိလိုက်ပြီ။ သူတို့ မခံချင်ဖြစ်နေကြတာ ဒန်းပွင့်ပိုင်ရွေတွေ ပျောက်နေသည့်ကိစ္စပင် ဖြစ်သည်။ သည်ရွေတွေ ဘာဆိုသည်

www.burmeseclassic.com

www.burmeseclassic.com

တို့သားအမိလက်ထဲ ရောက်သွားပြီဆိုသည့်အချက်ပင်။ မောင်ပုညနှင့် ဒန်းပွင့်တို့ကြားမှာ သည်လို ဥစ္စာပစ္စည်းကိစ္စတွေ မပါတာကို ကိုမင်းအောင်မြင့်ရော ခင်စောမူပါ သိကြသည်။ သည်ရွှေတွေကို ထုတ်ပြနိုင်လျှင် တစ်စိတ်အေးသွားကြလိမ့်မည်။ သည်ကိစ္စ သူကိုယ်တိုင်ဝင်မှ ဖြစ်တော့မည်။ ခင်စောမူပါ ဝင်မှ ဖြစ်တော့မည်။ ခင်စောမူကလည်း သည်အချက်ကို မြင်လိုက်ရသည်ဖြစ်ရာ ဝင်ရှင်းရတော့သည်။

"ကဲပါရှင်...တစ်ဖက်ကလည်း တူမအရင်းခေါက်ခေါက်...တစ်သက်လုံးက မိဘနှစ်ပါး စုဆောင်းလာခဲ့တဲ့ ချွေးနဲ့စာကို မောင်ပုညတို့ လက်ထဲ ရောက်သွားပြီလို့ ထင်ကြပုံပေါ်တယ်...သည်တော့လည်း အခေါ်အရင်းတွေအနေနဲ့ ပူပန်ကြရှာမှာပဲ...မောင်ပုညတို့ဘက်ကလည်း လူငယ်ချင်း မေတ္တာရှိကြရာမှာ သမီးချွေးမ ဖြစ်လာမယ့် မိန်းကလေးဆီက သားနဲ့ရင်းပြီး ပစ္စည်းလိုချင်တယ်လို့ ဘယ်ရှိပါ့မလဲ...သည်တော့ ကျွန်မ စဉ်းစားတာက သည်ကိစ္စ ဒန်းပွင့် ရှင်းရမယ်...ဒန်းပွင့်ကပဲ ပစ္စည်းတွေ ဘယ်မှာထားတယ် ဆိုတာ အများရှေ့မှာ ပြန်ဖို့ကောင်းမှာပေါ့"

သည်အခါမှာတော့ ဒန်းပွင့်က ဆတ်ဆတ်ထိ မခံတော့။ ခင်စောမူကို တိုင်တည်ပြီး ရင်ဖွင့်လေ၏။

"အစ်မရယ်...သည်ပစ္စည်းတွေက ကျွန်မမိဘများ ပစ္စည်းတွေပါ...ကျွန်မမိဘများ ရထိုက်တဲ့အမွေတွေလည်း မရဘူး...ကျွန်မမိဘများ ပစ္စည်းတွေကိုလည်း ဖဲ့ချင်လို့တော့ ဘယ်ဖြစ်ပါ့မလဲ...ကျွန်မမိဘ အမွေ ကျွန်မလက်နဲ့ ကျွန်မလုပ်ချင်တာလုပ်မှာပေါ့...လှုံချင်လည်း လှုံမယ်...ကိုပုညတို့နဲ့ သုံးချင်လည်း သုံးပစ်မှာပေါ့...ထွေးကြီးတို့နဲ့ ဘယ်လိုမှကို မပတ်သက်ဘူး...ကျွန်မကိုပဲ ရွဲနေသလိုလို...ပယောဂ ဝင်နေသလိုလို...ဝမ်းထဲ အပင်းပဲ သွင်းထားသလိုလိုလုပ်ပြီး တစ်ရွာသွားပို့ထားတာများ အကြာကြီး...ရွာမှာနေရင် ကျွန်မရော ကိုပုည

ရော အန္တရာယ်ရှိနိုင်တယ်ထင်လို့ သွားနေတာပါ...ကိုပုညတော ကျွန်မကို မေတ္တာပဲပေးပြီး မေတ္တာကိုပဲ ယူသူတဲ့...ကျွန်မကို ဘယ်သူ ကများ မေတ္တာနဲ့ စောင့်ရှောက်ခဲ့လို့လဲ...လူတော့ ဖြစ်ချင်ရာဖြစ် ပစ္စည်းတော့ထားခဲ့ လုပ်လို့ရပါ့မလား..."

ဒန်းပွင့်အသံကို တစ်ရွာလုံးက ရောက်နေကြသူတွေ ကြားနေရသည်။ အာဂ ဒန်းပွင့်ပါလား။ မောင်ပုညရှိတော့ အားကိုးရရှာလို့ ထင်ပါရဲ့။ တစ်လုံးချင်း ပြောနေတာကပင် ငြင်းနိုင်စရာမရှိ။ တကယ်တော့ ရွှေထုပ်ကို အခေါ်တွေ ပြစရာအကြောင်းပင် မရှိ။ သို့သော် အခေါ်တွေမှာလည်း ထိန်းသိမ်းစောင့်ရှောက် အပ်သည့် ဝတ္ထရားရှိတာလည်း အမှန်ပင်။ ဒန်းပွင့်စကားကြောင့် အခေါ်ကြီး ဒေါ်ခွေးမြက မခံချင်စိတ်ဖြင့် ဒေါသတွေ လှိုက်ဆူလာရာက ကွေးနေအောင် တက်တော့၏။ အငယ် ခွေးညီအစ်မက နှိပ်ကြနယ်ကြ။ လူတွေကလည်း တဝေါဝေါ။ ခင်စောမူပင် ချွေးစို့လာခဲ့ပြီ။ ခေါင်းထဲပင် နောက်ချင်လာခဲ့ပြီ။ တစ်ဖက်နှင့်တစ်ဖက် တင်းမာနေတာကို ပြေလျော့စေချင်သည်။ စိတ်ကျေနပ် သွားအောင် ပြလိုက်စေချင်သည်။ ဒန်းပွင့်ကို ချော့ရပါ၏။

"မှန်ပါတယ်...ဒန်းပွင့်ပြောတာ အစ်မတို့ လက်ခံပါတယ်...ဒါပေမဲ့ သွေးရင်းသားရင်း ကိုယ့်အခေါ်တွေလေ ငါညီမရဲ့...မေးရမှာပေါ့... မောင်ပုညနဲ့ ဒန်းပွင့်တို့ မေတ္တာရှိကြရာမှာ ပစ္စည်းဥစ္စာကြောင့်လား... လူကိုမမက် ဥစ္စာကို မက်လို့လား...မဟုတ်ဘူးဆိုတာ မှန်ကြောင်း ငါညီမက လက်တွေ့ပြလိုက်ပေါ့...မောင်ပုညတို့ သားအမိအပေါ် လည်း ဒါမှ ရနကင်းသွားမှာပေါ့...ဒါကြောင့် ပြလိုက်ပါလို့ ပြော တာပါ...ပြလိုက်ရုံပါပဲ...ကျန်တာ ငါညီမသဘောပါ"

ဒန်းပွင့်က ခင်စောမူစကားကို နားလည်သွားခဲ့သည်။ ခေါင်းတဆတ် ညိတ်ရင်းက ဘကြီးဒိုးလုံးကို ခပ်တိုးတိုးပြောလိုက်သည်။ ဘကြီးဒိုးလုံးက ခေါင်းဆတ်လိုက်ပြီး ပြုံးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း...မောင်မောင်တင်နဲ့ မောင်ဟူးတို့...ဒန်းပွင့် ရေတွင်းကုန်းကို သွားရမယ်...တွင်းချေး ဆယ်တတ်တဲ့လူတစ်ယောက် ငှားပြီး ရွှေထုပ် ဆယ်ချေကြ...သွား မြန်မြန်..."

သည်တော့မှ ရွာက လူတွေ ဝေါခနဲ အသံမြည်အောင် အုံသြသွားကြသည်။ ခင်စောမူကိုယ်တိုင်လည်း အံ့သြရပါ၏။ ဒန်းပွင့်ခမျာ သူ့ပစ္စည်းကလေးတွေကို မိဘများ ကုသိုလ်လုပ်ခဲ့သည့် ရေတွင်းထဲ ပစ်ချ သိမ်းဆည်းထားခဲ့ရတာပါလား။ နောက်ဆုံးတော့ ရေတွင်းကြီးကပဲ ဒန်းပွင့်ဘဝကို သိမ်းဆည်းပေးခဲ့ရတာနှင့်တော့ခင် တူသည်။ ရေတွင်းကုန်းဘက်ကို လူတွေ လိုက်သွားကြပြန်သည်။ ဒန်းပွင့်အဒေါ်တွေက မျက်နှာ မကောင်းကြ။ ဒန်းပွင့်က ရွှေတွေကို ရေလုံအိတ်နှင့်ထည့် စည်းနောင်ကာ ရေတွင်းထဲ ပစ်ချခဲ့တာကိုး။ သူတို့မှာတော့ နေရာအနှံ့ ရှာခဲ့ကြပြီ။ ဆမုန်းကျင်း ဓာတ်ဆရာမကို အပ်ပြီး ရွှေထုပ်ထားသည့်နေရာ သိရအောင် ရေစည်း၊ သဲစည်း၊ ခဲစည်း ချခဲ့ကြပြီ။ ဒန်းပွင့်ကိုလည်း ရွာတစ်ခါ ခြောက်တစ်လှည့်မေးဖို့ ငွေကြေးကန်တော့ကာ တာဝန်ပေးခဲ့ကြပြီ။ ရှာတော့ နီးလျက်နှင့် ဝေးရတာပါကလား။

မကြာပါ။ ဒန်းပွင့်ပိုင် ခုနစ်ဆယ်သား ရွှေထုပ် ပါလာခဲ့လေ၏။ ရေလုံအိတ်ကို ခွဲလိုက်တော့ လက်ဝတ်လက်စားတွေ မနည်းပါ။ ဘကြီးဒိုးလုံးက အဒေါ်သုံးယောက်ကို ကျေနပ်ပြီလား မေးသည်။ ဒေါ်ဌေးမြက တစ်စခန်းထပြန်ပါ၏။

"ညည်းမိဘပစ္စည်း ညည်းပိုင်တယ်ဆိုပေသိ တို့မိဘများနဲ့ ဆိုင်တဲ့ ပစ္စည်း ပါတယ်အေ့...ညည်းအမေကို ခွဲစိတ်ပေးခဲ့ရတဲ့ ရွှေတွေ, လယ်တွေ ငါတို့ကို ပြန်ပေးပါ...သည်ပစ္စည်းတွေကို တို့က မျိုးရိုးစဉ်ဆက် ထိန်းသိမ်းရမှာအေ့...သူစိမ်းလက်ထဲ အပါမခံနိုင်ဘူး...အများရှေ့မှာ ညည်းပြောခဲ့...ရရင် အကန့်တော့ခံမယ်...တောခြေက ပြန်မယ်..."

ဒေါ်ဌေးမြ တောင်းဆိုတာ မတရားမှန်း သိသော်လည်း ဒန်းပွင့်ကသဘောထားကြီးပါသည်။ အပြုံးမပျက်ပင် လိုက်လျောခဲ့ပါ၏။

"ထွေးကြီးတို့ လိုချင်သမျှဆိုရင် ပြန်ယူပါ...ကျွန်မအမေ အမွေရသင့်တဲ့ လယ်တွေလည်း ပြန်သာယူပါ...နောက်ထပ်တောင် ကျွန်မက ထပ်ကန်တော့ဦးမှာပါ...ပစ္စည်းသခင်ရ...လူသခင်ရ...ကျွန်မ မမက် လိုက်တာမှ...ထွေးကြီးတို့ တစ်ခုပဲ စဉ်းစားပါလေ...ထွေးတို့ သုံးယောက် မရှိကြတော့ရင် ထွေးတို့ပစ္စည်းတွေ ရမယ့်လူက ဘယ်သူရှိလို့တုံး...ကျွန်မပဲ ရမှာမဟုတ်လား...ကျွန်မကို ပေးခဲ့ရမှာ နှမြောရင် ထွေးတို့ ကုသိုလ်ရအောင် လှူခဲ့တန်းခဲ့ကြ..."

ဒန်းပွင့် ထွေးကြီး၊ ထွေးလေးတွေ မလှုပ်ကြတော့။ ရွာက ပွက်စီပွက်စီ ပြောကုန်ကြပြီ။ မျက်စောင်းထိုးကြ၊ ကဲ့ရဲ့ကြ ဖြစ်ကုန်ကြပြီ။ ရွာလူကြီးသူမတွေက ဒန်းပွင့်ပြောတာ နည်းလမ်းကျတယ် ဖြစ်ကုန်ကြပြီ။ ခင်စောမူကတော့ ဒန်းပွင့်ကို ငေးကြည့်ရင်း တိုးလို့ပင် ချစ်ခင်မိရပါ၏။ ကိုမင်းအောင်မြင့်က အခြေအနေကို ထိန်းလိုက်သည်။

"ကိုင်း...ဘကြီးဒိုးလုံး...ကျွန်တော်တို့လည်း ပြန်ရဦးမှာနဲ့ ကန်တော့ခိုင်းကြရအောင်..."

ဒန်းပွင့်က ရွှေထုပ်ထဲက ရွှေအချို့နှင့် နောက်ထပ် ရွှေလက်ကောက်တွေ ထုတ်ယူကာ ပန်းကန်တစ်ချပ်နှင့်ထည့်ပြီး ကြီးတော်ကြီးတွေကို မောင်ဟူးနှင့်အတူ ကန်တော့ရှာသည်။ မောင်ဟူးအမေကိုလည်း ကန်တော့ပြီး ရွှေထုပ်ကို ယောကျ်ားမလက်ထဲ အပ်လိုက်လေတော့၏။ နှစ်ဖက်မိဘ အုပ်ထိန်းသူကို ကန်တော့ပြီး ရပ်ရွာလူကြီးများနှင့် ခင်စောမူတို့ကိုပါ ကန်တော့ကြသည်။ ကိုမင်းအောင်မြင့်က အများရှေ့မှာပဲ ဒန်းပွင့်တို့ကို မေးသည်။

"ဒန်းပွင့်တို့ ဘယ်ရွာမှာ နေကြမှာလဲ..."

www.burmeseclassic.com

www.burmeseclassic.com

"လောလောဆယ်တော့ ကျွန်မ မိုးနံ့ကို လိုက်သွားမယ်ဆရာ... တောခြေမှာ ကျွန်မလယ်တွေ ရှိသေးတော့ နောင်ကျရင် တောခြေမှာပဲ အခြေချသွားကြမှာပါ"

"ကောင်းပြီလေ...စိတ်ချမ်းသာတဲ့ဆီ နေကြပေါ့...မင်းတို့ကို မဲ့တစ်ပေါက် မစွန်းစေရဘူး...ဆရာတို့ရှိတယ်...ကြားလား...အခေါ်များကလည်း ရသင့်တာ ရပြီဆိုတော့ တူမလေးကို စောင့်ရှောက်ကြပါ...ဒန်းပွင့်ကလည်း အခေါ်တွေကို မိဘသဖွယ် ဆက်ဆံပြုမူပါ...မောင်ပုည...သည်ကနေ့ကစပြီး ဒန်းပွင့်ရဲ့ဘဝကို မင်း စောင့်ရှောက်ရမယ်...ဒန်းပွင့် စိတ်ဆင်းရဲအောင် မလုပ်ရဘူး...ဆရာ ဒါပဲ မှာချင်တယ်ကွာ..."

"စိတ်ချပါခင်ဗျာ...ကျွန်တော် ဒန်းပွင့်နဲ့ အမေ့ကို တစ်သက်လုံး ပခုံးထမ်း လုပ်ကျွေးမှာပါ"

"ကိုင်း...လှည်းဆရာခေါ်...မောင်ပုညတို့ ပြန်ကြပေတော့..."

ဒန်းပွင့်အခေါ်သုံးယောက်ကလည်း ချက်ချင်းပဲ ရှောက်ပင်တောကို ပြန်ကြမည်ဆိုကာ အထုပ်သိမ်းပြီ။ ရွာသူရွာသားတွေလည်း ဝေဖန်ချက်အမျိုးမျိုးနှင့် ထပြန်သူပြန်ကြပြီ။ ခင်စောမူလည်း ဒန်းပွင့်နှင့် အေးစုကို လက်ကလေးတွေဆုပ်ရင်း နှုတ်ဆက်ရပါ၏။ တိုတောင်းသော အချိန်ကာလအတွင်းမှာ ခင်စောမူအတွက် အံဖော်ကောင်း ပီသခဲ့ကြသူ တောသူကလေးနှစ်ယောက်ကို ခင်စောမူ မေ့နိုင်တော့မည်မထင်ပါ။ တောခြေက ကားထွက်လာတော့ ကိုမင်းအောင်မြင့်က ခင်စောမူကို စ,သည်။

"ကိုင်း...ဆရာမလေးကကော...ဘယ်ရွာ ပြန်မှာတုံး..."

"သစ်စခန်းရွာပေါ့ရှင်..."

မောင်ပုညနှင့် ဒန်းပွင့်တို့၏ ချစ်ခြင်းမေတ္တာကို ခင်စောမူ စာနာစိတ်ဖြင့် နားလည်လာရသည်။ အချစ်ကို တွန်းလှန်နိုင်သည့် အင်အားဆိုတာ

မရှိပါလား။ အသက်သုံးဆယ်ကျော်လို့ လေးဆယ်သီသီရောက်ကာမှ အပျိုကြီး ခင်စောမူတစ်ယောက် အချစ်ကို သဘောပေါက်ရလေတော့၏။ ဒန်းပွင့်တို့ ချစ်သူနှစ်ဦး ပေါင်းဖက်ခွင့်ရသွားတာကို ကြည်နူးရသည်။ သို့သော် ဒန်းပွင့်နှင့် အခေါ်တွေ စိတ်ဝမ်းကွဲကြရတာကိုတော့ စိတ်မကောင်း ဖြစ်ရသည်။ သည်အကြောင်း ပြောပြတော့ ဘကြီးဒိုးလုံးက ရယ်လေ၏။

"စိတ်မကောင်းမဖြစ်နဲ့ ဆရာမရဲ့...မရိုးသေးကား...ဒန်းပွင့် သားသမီးရရင် သည်အခေါ်တွေ ဖူးဖူးမှုတ်ကြဦးမှာ...ကျွဲပို့လှုံကာ အံသလို ရယ်...တူမက မွေးတဲ့မြေးကို စည်းစိမ်တွေ ပုံပေးခဲ့ကြဦးမှာဗျ...မယုံမရှိနဲ့..."

သည်စကား ကြားရတော့လည်း ခင်စောမူ စိတ်ကလေး လန်းရပြန်ပါ၏။ ကားက တလိမ့်လိမ့်။ ဘကြီးဒိုးလုံးက ရှေ့ခန်းမှာထိုင်ရင်း တဟားဟား ရယ်မောလျက် လိုက်ပါလာသည်။ ဒန်းပွင့်အခေါ်တွေအကြောင်းပြောရင်း လိုက်လာခြင်းဖြစ်၏။ မိသားစုပြဿနာက ကြီးကြောင်း၊ ခင်စောမူသာ သည်ပြဿနာတွေထဲ ပါမလာခဲ့လျှင် ဒန်းပွင့်တို့မေတ္တာရေး ဖြောင့်ဖြူးစရာ မရှိကြောင်း၊ ဒန်းပွင့်ကိုယ်တိုင်လည်း ဒုက္ခရောက်သွားနိုင်ကြောင်း၊ မိန်းမဆိုးကြီးတွေနှင့်တုကာ ဘယ်ရွာသူရွာသား လူကြီးသူမတွေကမှ ဝင်မပါဝံ့ကြကြောင်း၊ ကိုမင်းအောင်မြင့်နှင့် ခင်စောမူတို့၏ အချိန်ညြောကြောင့်သာ မင်္ဂလာပွဲ အထမြောက်ရကြောင်းတွေ ပြောလာခဲ့သည်။ ခင်စောမူကတော့ သည်လိုမထင်ပါ။ ဘကြီးဒိုးလုံး၏ စိတ်ကူးတွေကြောင့်သာ အဆင်ပြေခဲ့သည်ဟု ထင်သည်။ ကိုမင်းအောင်မြင့်လည်း သည်အကြောင်းတွေ တွေးလာပုံရပါ၏။

"ဒန်းပွင့်က အတော်သတ္တိရှိတာပဲ မခင်စောမူရဲ့...မောင်ပုညကတော့ အရေးအကြောင်းရှိ အသံတောင် မထွက်တော့ဘူး...ဒါကြောင့် အချစ်ဟာ ခွန်အားဖြစ်စေတယ်လို့ ဆိုကြထင်ပါရဲ့...ကျွန်တော်လည်း ရည်းစားထားဦးမှပါ ဘကြီးရာ..."

www.burmeseclassic.com

www.burmeseclassic.com

"မောင်မင်းအောင်မြင့် မိန်းမယူရင်တော့ ဘကြီး ပါရတော့မှာပေါ့ ကွယ်... အဲသည်အချိန်ထိ နေရကောင်းပါသေးရဲ့..."

ကားပေါ်မှာ ရယ်သံတွေ ညံခဲ့ပြီ။ ခင်စောမူကိုယ်တိုင်လည်း တာဝန်ကြီး တစ်ရပ် ပြီးမြောက်သွားသလို ပေါ့ပါးလန်းဆန်းနေရသည်။ သစ်စခန်းကိုခင်ဟာ့ မိုးကြီးချုပ်လုပြီ။ မဌေးက ဆီးမေးနေလို့ အတိုချုံ့ပြီး ရှင်းပြလိုက်ရသည်။ ဘကြီးဦးလုံးကတော့ ညစာပင် မစားတော့ပဲ သူ့အခန်းသူ ပြန်လေပြီ။ ကိုမင်းအောင်မြင့်နှင့် မောင်မောင်တင်လည်း မနားကြရပါ။ ရန်ကုန်ရုံးချုပ်ကို ယူမည့်စာရင်းတွေ၊ ပစ္စည်းတွေ ထုပ်ပိုးပြင်ဆင်နေကြသည်။ ခင်စောမူနှင့် မဌေးလည်း စောစောအိပ်ရာဝင်ဖို့ ပြင်လိုက်ကြသည်။

"ဆရာမ...မနက်ဖြန်ပြန်ရတော့မှာပေါ့နော်... ကျွန်မဖြင့် လွမ်းတောင် လွမ်းသေး..."

"ပြန်ရမှာပေါ့ မဌေးရယ်... ကျွန်မရောက်တာ ကြာပြီ... မဌေး လက်ရာတွေ ကျွန်မ လွမ်းနေမှာပါ... ရန်ကုန်လိုက်ခဲ့ကြပါလား"

"တစ်ရက်တော့ ရွှေတိဂုံဘုရားကြီးဖူးဖို့ လာခဲ့ဦးမယ်... ဆရာက ခွင့်ပေးရင်ပေါ့..."

"ပေးမှာပါ မဌေးရယ်... ရှင်တို့ဆရာက သူတော်ကောင်းပဲဟာ..."

"တကယ် သူတော်ကောင်း ဆရာမရဲ့... ဆရာနဲ့ရတဲ့ မိန်းမတော့ ကံကောင်းမှာပဲ"

"ဆိုးတာလည်း ရှိမှာပေါ့ မဌေးရဲ့..."

"ဆိုးတာက အဖြစ်မရှိတာပေါ့... အဖြစ်မရှိလို့ မိန်းမ မရတာလေ ဆရာမရဲ့..."

ခင်စောမူက မဌေးစကားကြောင့် ရယ်မိသည်။ မနက်တော့ သမုန်းကျင်းကို စောစောထပြန်ကြမည်။ ဒေါ်ခင်မေသို့အိမ်ကြီးက ခင်စောမူ

ပစ္စည်းတွေ ပြန်သိမ်းရမည်။ ညနေ ဘူတာဆင်းရမည်။ ဒေါ်ခင်မေသီကို ဘယ်လိုများ ရင်ဆိုင်ရပါ့။ ဒန်းပွင့် သူ့လက်က လွတ်သွားတာကို ကျေနပ်မည်မထင်။ သားကောင်လွတ်သွားသော မုဆိုးလို ဒေါသူပုန်တွေ ထနေလောက်ပြီ။ ဒေါ်ခင်မေသို့အိမ်မှာ တည်းခိုခဲ့သည့် စရိတ်ကိုတော့ မောင်မောင်တင်က ကုမ္ပဏီစရိတ်ဖြင့် ရှင်းပေးမည်ဆိုသဖြင့် ခင်စောမူအဖို့ရာ တစ်လုပ်ပြီးရသည်။

ခင်စောမူမှာ အလုပ်တစ်ခု ကျန်သေးသည်။ အမေကြေးစည် ပေးခဲ့သည့် ကျောက်ပြားကလေးတစ်ပြား သမုန်းကျင်းက မစောကွန့် ဆိုသူထံ ထားခဲ့ဖို့ ဖြစ်၏။

* * *

အိမ်ကြီးပေါ် တက်လိုက်သည်နှင့် အိမ်ကြီး သွက်သွက်ခါ ယိမ်းလှုပ်သွားလေ၏။ ခင်စောမူအဖို့ရာ သမုန်းကျင်းကို သတိရတိုင်း သည်အိမ်ကြီးကိုလည်း သတိရနေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် သည်အိမ်ကြီးရှင်နှင့် သည်အိမ်ကြီး၏ အရိပ်မှာ ခိုခဲ့ရသည့်အတွက်တော့ ကျေးဇူးတင်ရပါသည်။ ဒေါ်ခင်မေသို့ အမူအရာနှင့် စိတ်ဓာတ်ကို သဘောမတွေ့လှသော်လည်း စဉ်းစားကြည့်တော့ ခင်စောမူအဖို့ရာ ထိခိုက်လောက်စရာ ဘာမှမရှိခဲ့။ ဟိတ်တွေဟန်တွေ၊ ခြောက်လုံးတွေ လှန့်လုံးတွေ များသော်လည်း ခင်စောမူကိုယ်တိုင် ဘာမှဖြစ်ခဲ့တာ မရှိ။ တစ်ခါတစ်ရံ နားကြားပြင်းကပ်သလိုလို အပြောတွေကိုလည်း နားထဲက ထုတ်လိုက်ရံသာ။ ဒေါ်ခင်မေသီက သူ့ကိုယ်သူ အကြားအမြင်ရသူ၊ တမလွန်နှင့် ဆက်သွယ်နိုင်သူ၊ အမှောင်ပယောဂ ကုစားနိုင်သူအဖြစ် ဟိတ်လုပ်ထားသည်ကပင် သူမ၏ အသက်မွေးမှုဆိုတော့ အပြစ်မပြောသာပါ။

ခင်စောမူကို အိမ်ကြီးရှေ့ ကားလမ်းပေါ်မှာ ချခဲ့ပြီး ကိုမင်းအောင်မြင့်တို့က သမုန်းကျင်းမြို့ထဲဘက်ဆီ ဆက်မောင်းသွားခဲ့သည်။ ဈေးဝယ်စရာ ကလေး ဝယ်ခြမ်းပြီး ခင်စောမူကို ပြန်လှည့်ခေါ်မည်။ ပြီးမှ ဘန်ဂလိုမှာ သွားနေကြမည်။ ခင်စောမူက ပစ္စည်းသိမ်းရင်း ဒေါ်ခင်မေသီနှင့် စကားပြောဖြစ်သေးသည်။ နှုတ်ဆက်ချင်သေးသည်။ ပြီးတော့ ကန်တော့ချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မခင်စောမူတို့များ ပျောက်သွားလိုက်တာ သုံးညကြီးများတောင်... ဘယ်နယ်လဲ အစစအရာရာ အဆင်ချောခဲ့ရဲ့လား..."

ဒေါ်ခင်မေသီက ဆက်တီမှာ ထိုင်လျက်ရှိ၏။ အိမ်ပေါ် ခြေချမိသည်နှင့် မျက်လုံးကြီးလှန်ကာ လှမ်းမေးခြင်းဖြစ်၏။ အိမ်ကြီးအပေါ်ထပ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်။ နေ့ခင်းကြောင်တောင် ချောက်ချားစရာပင် ကောင်းတော့၏။ အိမ်ကြီးပေါ်မှာ ခင်စောမူနှင့် ဒေါ်ခင်မေသီ နှစ်ယောက်တည်း။ မျက်နှာက မခိုးမခန့်၊ စကားတွေက ခနိုးခနဲ့။ အစစအရာရာ အဆင်ချောခဲ့ရဲ့လားတဲ့။ ဒန်းပွင့်တို့ကိစ္စကို ပြောတာလား၊ အလုပ်ကိစ္စကို ပြောတာလား။ "ပြောပါစေလေ...သည်လို စကားနှစ်ခွပြောတတ်တာ သူ့ဝသီပဲဟာ။ ခင်စောမူက ပြုံးပြလိုက်သည်။ အဆင်ချောပါတယ် အမေသီလောက်သာ ပြောပြီး အတွင်းခန်းကို ဝင်သည်။ ပစ္စည်းတွေက များများသိမ်းစရာမရှိပါ။ သေတ္တာတစ်လုံးနှင့် ခြင်းတစ်ခြင်း၊ လက်ဆွဲအိတ်တစ်လုံးသာ။ အားလုံး စစ်ဆေးပြီး သေချာပြီဆိုမှ ခင်စောမူ ပစ္စည်းတွေယူကာ ပြန်ထွက်လာခဲ့သည်။ ဒေါ်ခင်မေသီနှင့် မျက်နှာချင်းဆိုင် ဆက်တီမှာ ဝင်ထိုင်လိုက်သည်။

"အမေသီ...ကျွန်မ ကနေ့ညနေရထားနဲ့ ပြန်မှာပါ...တည်းခိုခွင့်ပေးခဲ့တဲ့အတွက်ရော...စောင့်ရှောက်ခဲ့တဲ့အတွက်ပါ ကျေးဇူးတင်ပါတယ်ရှင်...ကိုမင်းအောင်မြင့်တို့ကလည်း ကျေးဇူးတင်နေကြတာပါ"

"ကိုမင်းအောင်မြင့်ကို ခေါ်ခဲ့ရောပေါ့...ကျွန်မ ကားသံကြားကတည်းက ရောက်လာကြပြီဆိုတာ သိသားပဲ...ကိစ္စမရှိပါဘူး မခင်စောမူရယ်...ဘဝမှာ ရေစက်ပါလို့ ဆုံကြရတာပါ...ဟုတ်ပါပြီလေ...တာဝန်တွေပြီးတော့လည်း ပြန်ရမေမပေါ့..."

စကားဆက်ဖို့ နှစ်ယောက်သား အားယူနေကြသလို တိတ်ဆိတ်သွားခဲ့၏။ ခင်စောမူစိတ်ထဲမှာ ဒေါ်ခင်မေသီတစ်ယောက် ဒန်းပွင့်တို့ကိစ္စအတွက် ပေါက်ကွဲမည် ထင်သော်လည်း အခုတော့ တည်တည်ငြိမ်ငြိမ်ပင်။

"အင်းပေါ့လေ...သမုန်းကျွဲနင်းကို ညည်းသည်လို လာသူဆိုတော့ ညည်းသည်လို ပြန်ရမှာပေါ့...မခင်စောမူ စဉ်းစားကြည့်လေ...လူဆိုတာ လောကဓည်သည်တွေပဲ...တွေ့ရ ဆုံရ၊ ကွဲရ ကွာရ...အင်မတန် ဆန်းကြယ်တာတွေ ဖြစ်ရ ပျက်ရ...ကျွန်မကိုတော့ တရားရှိလို့လား မသိဘူး...သိပ်ခံစားမနေဘူး...ဒါနဲ့ စကားမစပ် မခင်စောမူ ရှာနေတဲ့ မစောညွှန့်ကို တွေ့ပြီလား..."

ဒေါ်ခင်မေသီကို ခင်စောမူ လျှောက်တွက်၍ မဖြစ်ပါ။ စကားကောင်းပြောနေရာက စကားကို အငိုက်ဖမ်းကာ မေးလိုက်ခြင်း မဟုတ်လား။ ခင်စောမူ ဘာတစ်ခွန်းမှ မဖြေရသေးခင် ဒေါ်ခင်မေသီကပဲ စကားဆက်ပြန်၏။

"မစောညွှန့်ကို ရှင် မတွေ့နိုင်ဘူး...မစောညွှန့်က သေပြီပဲဟာ...သေသွားပြီးသားလူကို ရှင် ဘယ်ရှာတွေ့ပါ့မလဲ...မဟုတ်ဘူးလား"

"သြော်...မစောညွှန့် မရှိတော့ဘူးပေါ့..."

"ဟုတ်တယ်...မစောညွှန့်ဆိုတာ ဘဝတစ်ကန့်မှာ သေသွားပြီ...ဒါပေမဲ့ မစောညွှန့်ရဲ့ အရိပ်တွေကတော့ ရှိတာပေါ့..."

ဒေါ်ခင်မေသီက ဆက်တီစားပွဲပေါ် ချထားသည့် ဆံကုပ်ကို ကောက်ယူလိုက်သည်။ နဖူးစပ်ဆီက ဆံပင်တွေပါ ပါအောင် သပ်သပ်ရုပ်ရုပ် သိမ်းတင်လိုက်သည်။ ကျောရှင်းလသော နဖူးကျယ်ကြီးက ခုမှ ပွင့်သွားတော့သည်။ ခင်စောမူကို စိုက်ကြည့်ရင်း ပြုံးနေတာကိုက တစ်စုံတစ်ရာကို လှစ်ဟပြနေသလို ထင်မိပါ၏။ နဖူးစပ် ဆံနွယ်ကလေးတွေနှင့်ဆက်လျက် ရှိသည့်နေရာမှာတော့ အစိမ်းရောင် အစက်ကလေး သုံးစက်။

"နဖူးဆံစပ်မှာ မဲ့စိမ်းသုံးလုံး တွေ့လိမ့်မယ်...စက်သုံးပါးဆေး ထိုးပေးထားတာ...နေပါဦး...သည်ကောင်မနာမည်..."

အမေကြေးစည် ပြောခဲ့သည့်စကားတွေ...။

အစိမ်းရောင် အစက်ကလေး သုံးစက်ကို ခင်စောမူ သတိရမိလိုက်ချိန်မှာပဲ ဒေါ်ခင်မေသီ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မစောညွန့်. ကိုယ်ထင်ပြနေတာတောင် မခင်စောမူက မမြင်ပဲကိုး... ကိုင်း...မခင်စောမူ ရှာနေတဲ့ မစောညွန့်ဆိုတာ ကျွန်မပဲ...ပြန်ကာနီး အထိ မတွေ့ခဲ့ရလေခြင်း ဖြစ်မှာစိုးလို့ ပြလိုက်ရတာပါရှင်...ကျွန်မကို မစောညွန့်ဆိုတာ ဘယ်သူမှ မသိဘူးဆိုရင် ယုံတော့...သေချာအောင် ပြောရရင် အိုင်ရင်းစောညွန့်. ဆိုတာ ကျွန်မပဲ..."

သိပ်ကြီး အံ့သြတုန်လှုပ်မသွားခဲ့သော်လည်း ခင်စောမူ နှုတ်ခမ်းဟဟ ပွင့်သွားရသည်။ ခင်စောမူစိတ်ထဲမှာ ဒေါ်ခင်မေသီသည်ပင် မစောညွန့်. ဖြစ်နေ မလားလို့ သံသယရှိခဲ့တာ ကြာပြီ။ သည်ကိစ္စ ကိုမင်းအောင်မြင့်နှင့်ပင် ပြောခဲ့ ဖူးပါ၏။ ကိုမင်းအောင်မြင့်က မဖြစ်နိုင်ကြောင်း ငြင်းခဲ့သည်။ အခုတော့ ကာယကံရှင်ကိုယ်တိုင်က သူမကိုယ်သူမ မစောညွန့်.ခေါ် အိုင်ရင်းစောညွန့်.ပါလို့ ပြောနေပြီ။ သည်ထက်သေချာတာ မရှိ။ နဖူးစပ်က အစက်သုံးစက်ကို ခင်စောမူ ကြည့်နေဆဲမှာပင် ဒေါ်ခင်မေသီက ကုပ်ထားသော ဆံကုပ်ကို ပြန်ချွတ်ပြီး ဆက်တီစားပွဲပေါ် ပစ်ချလိုက်သည်။ ဆံပင်တွေက အစက်သုံးစက်ကို ဖုံးအုပ် သွားခဲ့သည်။

"မခင်စောမူက လောကအကြောင်း စုံအောင်မသိသေးပဲကိုး...ရှင် လုပ်နေသမျှ မပီရိဘူး...ကျွန်မက သိတယ်...ဒန်းပွင့်ကိစ္စ ရှင့် ဘာတွေ လုပ်တယ်...ဘယ်သူတွေကို ဘာတွေမေးတယ်...ဘယ်လို လှုပ်ရှား နေတယ်ကအစ ကျွန်မသိသားပဲ...သည်အိမ်ကြီးပေါ်မှာ အဲသလို ဘယ်သူမှ မလုပ်ဝံ့ဘူး...ဆိုပါတော့ အခန်းထဲက ဓာတ်ပုံကို သံဖြုတ် ကြည့်တာမျိုး...ခုတင်အောက်က ဘူးတွေ, ဖိုင်တွေ, စာအုပ်တွေ ရှာတာမျိုး...ကုန်ကုန်ပြောမယ်...လှည်းသမားကို ပေးလိုက်တဲ့စာကို ဖတ်ပြီးပြီဆိုတာကအစ ကျွန်မသိတယ်...သည်အိမ်ပေါ်မှာ မကျွတ် သေးတဲ့လူ ရှိတယ်...ရှင်နေခဲ့တဲ့ အခန်းထဲမှာပဲ ရှိတယ်...မယုံ မရှိလေနဲ့...ရှင့်ကို တစ်လျှောက်လုံး လိုက်ကြည့်နေတယ်ဆိုရင် ယုံပါ...ဒါကြောင့် လူတွေကို ကျွန်မ မယုံတာပေါ့...အေးစုတောင် မယုံရဘူး...သူ ဘာမှမပြောဘူး...ဒါပေမဲ့ ကျွန်မသိတယ်..."

ခင်စောမူ အံ့သြစွာ မှင်တက်မိနေရုံကလွဲလို့ ဘာပြန်ပြောရမှန်း မသိအောင် တောင့်တောင့်ကြီး ဖြစ်နေခဲ့သည်။ ဟုတ်လေသလား...မဟုတ် လေသလား...။ အမှုအရာနဲ့. လှန့်လုံးတွေပဲလား...။ ဒေါ်ခင်မေသီက စိတ်ဆိုး နေဟန်တော့ မရှိ။ သို့သော် မာနဖြင့် ပြောနေသလို လေမာလွန်းလှသည်။

"ရှင်ကလည်း ပြန်ရဦးမှာဆိုတော့ ကျွန်မဘဝ အကြမ်းသိချင်မယ် ထင်လို့ ပြောလိုက်စမ်းပါရစေ...ကျွန်မအဖေက ဟောဒီ သည်တော ကြီးထဲမှာ လုပ်ခဲ့တဲ့ ဦးစောညွန့်....အမေက ဒေါ်မရီလှတဲ့... ကျွန်မတို့.အမောက်က ပေါ်တူဂီသွေးစပ်ကြတယ်...အဖေက စိတ် ကြီးတယ်...အမေက နူးညံ့တယ်...ကျွန်မအစ်မတစ်ယောက် ရှိတယ်...မာဂျရီးစောညွန့်.တဲ့...အစ်မက မအေတူ...ကျွန်မက ဖအေတူ...စိတ်ချင်းတူတာကို ပြောတာပါ"

"ဒေါ်စောညွန့်.တို့.မှာ ညီအစ်မနှစ်ယောက်ရှိတယ်ဆိုတော့..."

"ကျွန်မကို မစောညွန့်. ဆိုတဲ့နာမည် မခေါ်ပါနဲ့....မစောညွန့်.ဆိုတဲ့ ဘဝကို ကျွန်မ မေ့ထားခဲ့တာကြာပြီ...အခုက ကျွန်မ ခင်မေသီ ဆိုတဲ့ ဒုတိယဘဝနဲ့. နေတာ...ဒုတိယဘဝနဲ့. ရှင်သန်နေတာ... မခင်စောမူကို ကျွန်မ သမုန်းကျင်းသူလို့ ပြောခဲ့တယ်...ကျွန်မဘာကို ဘယ်သူမှ အစကောက်မရအောင် ပြောချင်သလို ပြောခဲ့တာတွေ ရှိတယ်...တကယ်က ကျွန်မတို့.နေခဲ့တာ ကန့်ဘလူနယ်မှာ နေခဲ့ တာပါ...အမေ့မိဘများက ချမ်းသာတာ ကျိုကျိတက်ပေါ့...အဖေ က ပညာတတ် အရာရှိဆိုတဲ့ဂုဏ်ပဲ ရှိတယ်...မိဘတွေ ပေးစားလို့ ယူကြရပေမယ့် အဖေက အဖေ့ကို မချစ်ဘူး...အမေ့မှာ ချစ်သူ ရှိနေတာကိုးရှင့်...နာမည်က ကိုသော်တာတဲ့...ကျောက်ပေါက်ကြီး ကလေးတွေ ပါလို့....အဖေက ကျောက်ဖြူးလို့ နှိမ်ခေါ်တာတော်သေး အဖေက အစ်မ မာဂျရီးကို သံသယရှိတယ်...သူ့သမီး မဟုတ်ဘူးဆို

www.burmeseclassic.com

www.burmeseclassic.com

မြင်နေတော့ အမေနဲ့တကျက်ကျက်ပေါ့...အဲသလို စကားများကြရင် ကျွန်မ သိပ်စိတ်ညစ်ခဲ့တယ်...ကျွန်မတို့ညီအစ်မ ရွှေဘိုက အင်္ဂလိပ် ကျောင်းတစ်ကျောင်းမှာ နေရသေးတယ်...အင်္ဂလိပ်ကျောင်းသူတွေ ပေါ့ရှင်...ကျွန်မကို ဘိုမလို့တောင် ခေါ်ကြတယ်...ကျွန်မကလည်း ဘိုဆန်ဆန်နေရကာကို သဘောကျတယ်...အဖေ့သစ်စခန်းရောက်ရင် ကျွန်မက တောပစ်လိုက်တာပဲ...ဘောင်းဘီရှည်နဲ့ တောစီးဖိနပ်ကို စီးပြီး သားကောင်ကို ချောင်းရတာလောက် ပျော်စရာကောင်းတာ မရှိဘူး...သွေးရဲရဲ သဲရဲရဲကို ကျွန်မက သိပ်မြင်ချင်တာ...လူတွေမှာ ဝက်ဝံလို လက်သည်းရှိရင် ကောင်းမယ်လို့ ရှင်တွေးဖူးသလား... ကျွန်မတွေးဖူးတယ်...လက်သည်းချွန်ချွန်ကြီးတွေ ရှိရင် ကုတ်ဖြဲ ပစ်နိုင်တယ်လေ ..တစ်ခါတော့ ကျွန်မရူးတာ ပြောဦးမယ်...သဲနဲ့ လုပ်ထားတဲ့ လက်သည်းချွန်ကြီးတွေ ကျွန်မ ဆောင်ခဲ့ဖူးတယ်... မုန်းတဲ့လူဆိုရင် သဲလက်သည်းချွန်နဲ့ သွေးကြောင်းထအောင် ကုတ်ပစ် လိုက်ချင်တာကိုး..."

တောထဲမှာ ရုပ်ပျက်ဆင်းပျက် သွေးအလူးလူး သေဆုံးခဲ့သည်ဆိုသော မစ္စတာ ကားလို့စ်ခေါ် ကာလူးဘို။ ကာလူးဘိုအလောင်း တောထဲမှာတွေ့ပြီး ဆယ်နှစ်အကြာ သစ်တောတစ်နေရာက တွေ့ခဲ့ရသည်ဆိုသော သဲလက်သည်းချွန် ကိရိယာတစ်ခု။ ဘကြီးဒိုးလုံး ပြောခဲ့သည့်စကားတွေ ပြန်အမှတ်ရနေမိသည်။ ခင်စောမူပင် သွေးလန်းသွားသလို ဖြစ်လာခဲ့သည်။ သည်လိုအိမ်ကြီးပေါ်ကို ဘယ်လိုလူကမှ စိတ်လိုလက်ရ လာလည်ကြမှာ မဟုတ်။ ကိုကြိမ်ပိုက် တစ်ယောက်သာ စွပ်စွပ်ရွှပ်ရွှပ် ရောက်လာတာပဲ ကြံ့ဖွေးသည်။ ဘာပဲဖြစ်ဖြစ် သည်စကားတွေကိုတော့ ခင်စောမူ နားထောင်ရပါဦးမည်။

"အဖေက ကိုဘသောင်း ဆိုတဲ့လူတစ်ယောက်ကိုလည်း ရန်သူလို့ သတ်မှတ်ထားတယ်...ရာထူးကိစ္စ လုံကြရာက ဖြစ်ကြတာနဲ့ တူပါ ရဲ့...ထားပါတော့...အဖေက ကိုဘသောင်းကို မုန်းတယ်...အမေ့

ချစ်သူ ကိုသော်တာကို မုန်းတယ်...ထူးဆန်းတာက သည်ရန်သူ နှစ်ယောက်က အဖေ့ကို သတ်ချင်နေကြလို့ အပြိုင်းမီး သူ့ကို လိုက် ချောင်းနေတယ်လို့ ထင်နေတာပဲ...စိတ္တဇ ဖြစ်နေတာပေါ့ရှင်... အဖေဟာ သနားစရာလည်း ကောင်းပါရဲ့...အဖေက အဲလိုက်ရင်း ကျွန်မကိုပြောဖူးတယ်...ကိုယ့်ဘဝထက် အရေးကြီးတာ ဘာမှမရှိ ဘူးတဲ့...အဲဒါ သိပ်မှန်တယ်..."

ဒေါ်ခင်မေသီက ခင်စောမူကို စိုက်ကြည့်ရင်း ပြုံးပြနေတာကပင် ကြောက်စရာ။

"ထားပါတော့လေ...ဒါတွေပြောရင် ဆုံးမှာမဟုတ်ဘူး...ရှင် ကျွန်မအိမ်ကို ရောက်လာစက မှန်တာပြောရရင် ရဲအရာရှိ ထင်မိ သေးတယ်...နောက်မှ ယုံသွားတာ"

"ရဲအရာရှိဖြစ်တော့ကော အမေသို့မှာ ပြစ်မှုမြောက်လောက်တဲ့အမှု မရှိတာပဲရှင်..."

"ကိုယ့်ဘဝအတွက် အရေးကြီးလာရင် လူတွေက တစ်ခုခုကို ကျူးလွန်မိတတ်တာပဲ မခင်စောမူရဲ့.."

"စိတ်မရှိပါနဲ့ အမေသီရယ်...သစ်တောအရာရှိ ဦးစောညွန့် မိသားစု အကြောင်း စိတ်ဝင်စားလို့ သိချင်တာကလေးတွေ မေးပါရစေ..."

"ဩော်...ရှင်က ရဲအရာရှိသာ ဟုတ်တယ်...ရဲအရာရှိအလုပ်တွေ လုပ်ခဲ့တာ ကျွန်မသိသားပဲ...သစ်စခန်းမှာ မစောညွန့်အကြောင်း စုံစမ်းရင်းပေါ့လေ..."

"သည်လိုပါ...ကျွန်မ သည်အကြောင်းတွေ ကြားရတော့ သိပ်ကို စိတ်ဝင်စားမိသွားတယ်...ရင်ထဲလည်း ထိခိုက်မိရပါတယ်...ခစ္စ ကားလို့စ် သေပြီးတဲ့နောက် မစောညွန့် ပျောက်သွားပြီးမှ သမုန်းကျင်းကို ပြန်ရောက်လာတော့ ဒေါ်ခင်မေသီဘဝ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ်...ဦးဘကောင်းဆိုသူနဲ့ အကြောင်းပါခဲ့တယ်...မစောညွန့်ရဲ့ အမေနဲ့အစ်မဆို ဘာလို့ ပြန်မသွားခဲ့တာလဲလို့...”

ဒေါ်ခင်မေသီ ခင်စောမူကို မျက်လုံးတွေ လှန်ကြည့်သည်။ ခင်စောမူကလည်း မျက်နှာချင်းဆိုင်က ဒေါ်ခင်မေသီခေါ် အိုင်ရင်းခေါ် မစောညွန့်၏ မျက်နှာကို စေ့စေ့ကြီး ကြည့်နေမိသည်။ မိန်းမချော...။ မျက်ကွင်း ညိုရိပ်ရိပ် ပါးပါး၊ ဝင်းစက်စက် အသားအရေ၊ နဖူးပေါက မဲ့စိမ်းသုံးလုံး...။ ဒေါ်ခင်မေသီ မျက်နှာက မထီမဲ့မြင်။ အသံက အေးစက် မာကျောနေသလိုပင်။

“မခင်စောမူက ကျွန်မထင်ထားတာထက်တောင် ပိုစိတ်ဝင်စားနေတာ ပါလား...ပြောရသေးပေါ့ရှင်...ရှင့်ကိုတော့ ဘာဖြစ်လို့မှန်းမသိဘူး ကျွန်မ ပြောချင်နေတော့တာလေ...ဆယ့်ခုနစ်နှစ်သမီးမှာ ဘိုကပြား အဘိုးကြီးနဲ့ ရခဲ့တယ်...ကြီးကျယ်တဲ့ မင်္ဂလာပွဲကြီး ကျင်းပတယ်... ဓာတ်ပေါင်းစုစေတီမှာ တန်ဆောင်းလှူတယ်...နောက်တော့ လင်သေ မုဆိုးမ ဖြစ်သွားတယ်...မစောညွန့် ဘယ်ကိုသွားမလဲ...တွေးကြည့်တော့ အားလုံးကို ကျွန်မက စိတ်နာတာ...နာတာမှ သေရာပါကရော...ကျွန်မချစ်သူ ကိုမင်းသိန်းနဲ့ အဖေက ခွဲခဲ့တယ်...ကာလူးဘို အကြွေးကို သမီးနဲ့ ထိုးဆပ်တယ်...အဖေလည်း ရင်ကွဲနာနဲ့ ဆေရာတာပါပဲ...အဲသည်ကတည်းက မာဂျရီးလက်ကိုဆွဲပြီး ကျွန်မကို ထားသွားခဲ့တဲ့ သားအမိနှစ်ယောက်ကို ကျွန်မ မတွေ့ရတော့ဘူး... အမေတို့ကိုယ်တိုင်က ဓာတ်မြှုပ်လိုက်သလို ကျွန်မကလည်း ဘယ်တုံးကမှ မရှာခဲ့ဘူး...ကိုဘကောင်းနဲ့ မန္တလေးဘက်မှာ တွေ့တယ်...ရေစက်များ မကုန်ချင်တော့ ကိုဘကောင်းက သစ်ကုန်သည်ဘဝနဲ့ ကျွန်မလည်း သမုန်းကျင်း ပြန်ရောက်တာပဲ...အနှစ်နှစ်ဆယ်လောက်ကြာမှ သမုန်းကျင်း ပြန်ရောက်လာခဲ့တော့ ကျွန်မကို တစ်ချိန်က အိုင်ရင်းလို့ ဘယ်သူမှ မသိကြတော့ပါဘူး...ကိုဘကောင်းတောင် သိမသွားဘူး... ကိုဘကောင်း သေတော့ ခင်မေသီဘဝနဲ့ ဓာတ်ပယောဂ၊ နတ်ပယောဂ၊ ဂါထာ၊ ယကြာ၊ မန္တန်တွေ ရွတ်ဖတ်နေတဲ့ မိန်းမတစ်ယောက်အဖြစ်

ကျွန်မ ကျန်ရစ်ခဲ့တယ်...**ကျွန်မမှာ ဘာစီးပွားမှ** မကျန်ခဲ့ဘူးလေ... သည်တော့ ကျွန်မလည်း ဘဝအသစ်**တစ်ခု ဇနီးဟူခဲ့ရတာပေါ့**ရှင်... ဒါဆဲမဲ့ မရပါဘူး...အခုပဲ ရှင့်ကို ဒါတွေ **ပြောနေကြို့ မဟုတ်လား**... ကျွန်မကို မစောညွန့်ရယ်လို့သိတာ ရှင်နဲ့ဆို သုံးယောက်ပေါ့... ကျွန်မနဲ့ အင်္ဂလိပ်စကားပြောဖက် ဆရာမကြီးရယ်၊ ဓာတ်ဆေရာမကြီးရယ်၊ ရှင်ရယ်...ဒါပဲ...”

“ကျွန်မ တစ်ခုမေးပါရစေဦး...အမေသို့မှာ ဘာများ **လိပ်ပြာမသန့်**စရာတွေ ရှိလို့လဲ...အမေသို့ကြည့်ရတာ တစ်ခုခုကို **ဖုံးကွယ်ထား**ချင်လို့ လိုတာထက်ပိုပြီး နေပြတယ်ထင်လို့ပါ...စိတ်**မရှိပါနဲ့**...”

ဒေါ်ခင်မေသီက ရယ်သည်။ ခင်စောမူကို သည်တစ်ခါတော့ **အထင်ကြီး**ပုံဖြင့် ကြည့်နေသည်။

“ပထမလင်က တောထဲမှာ ဝက်ဝံကုပ်လို့ သေတယ်...**နောက်ယူတဲ့** လင်က ဟောသည် လှေကားကြီးပေါ်က ကျသေတယ်...**မထူးဆန်း**ဘူးလား မခင်စောမူ...”

“ထူးဆန်းတာပေါ့ရှင်...”

“ထူးဆန်းတဲ့နေရာမှပဲ ထားကြရအောင်...ဒါက ကျွန်မကိစ္စ ဖြစ်သွားပြီ...ရှင်လည်း ပြန်တော့...ကိုမင်းအောင်မြင့်တို့ကားတောင် ပြန်ရောက်လာပြီ...ကျွန်မ ကြားလိုက်တယ်...တစ်ခါတည်း **ပြော**လိုက်ပါရစေ...ကျွန်မကို တည်းခိုခရယ်လို့ ပေးပါရစေ **မတောင်း**ဆိုပါနဲ့...ရှင့်ကို ကျွန်မ သတောကျတယ် မခင်စောမူ...**ကိုယ့်သွေး**သားလို အောက်မေ့နေမိလို့ ပြောတာပါ...နောက်လည်း လာခဲ့**ပါ**... ဝင်ပါ...တည်းခိုပါ”

ခင်စောမူက ဆက်တီအောက် ဆင်းထိုင်လိုက်သည်။ ဆက်တီပေါ်မှာ ထိုင်နေသည့် ဒေါ်ခင်မေသီကို ဦးသုံးကြိမ်ချ ရှိခိုးလိုက်သည်။ မျက်ရည်မှာ **စိန်**များဖြင့် လက်အုပ်ချီရင်း နှုတ်ဆက်ခဲ့သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မမှာ အမှားရှိရင် ခွင့်လွှတ်ပါ...ကျွန်မ သည်ရောက်မှ သိရတဲ့ မစောညွန့်.ဇာတ်လမ်းတွေနဲ့ ဆက်စပ်ပြီးမှ ပုံဖော်ခဲ့ရတဲ့အတွက်... ပြောပါရစေတော့...သေချာအောင် မေးမြန်းရတဲ့အတွက် သူတစ်ပါး ကိုယ်ရေးကိုယ်တာတွေအပေါ် ကျင့်ဝတ်မဲ့ခဲ့ရတာတွေ ရှိခဲ့ပါတယ်... ဒါပေမဲ့ သေချာတာကတော့ ဒေါ်အိုင်ရင်းစောညွန့်.ဟာ ကျွန်မနဲ့. သွေးသားအရင်းအချာ ဖြစ်ခဲ့ပြီဆိုတဲ့ အချက်ပါရှင်..."

"ဘယ်လို မခင်စောမူ..."

"ကျွန်မ မာဂျရီးစောညွန့်.ခေါ် ဒေါ်စောမေရဲ့.သမီးပါ...မေမေက သူ့.ငယ်ဘဝနဲ့.ပတ်သက်လို့. ဘာတစ်ခွန်းမှ မဟခဲ့ပါဘူး...ကျွန်မ သိခွင့်လည်း မရခဲ့ပါဘူး...ဖေဖေက တောသား လူရိုးကြီးပါ... အဖေ့ရွာကနေ ကျွန်မ ရုန်ကုန်ရောက်ခဲ့တာလေ...မေမေဆုံးပြီးမှ သူ့.သေတ္တာထဲက တစ်ခုတည်းသောသဲလွန်စ ရခဲ့တယ်...ရွှေဘို ခရစ်ယာန်ကျောင်းတစ်ကျောင်းမှာ နေခဲ့တုန်းက ကတ်ပြားကလေး တစ်ပြားမှာ မာဂျရီးစောညွန့်.လို့. ရေးထားတာလေး တွေ့ရုံပါပဲ... ကျွန်မကလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေခဲ့မိပါဘူး...ဒါပေမဲ့ သစ်စခန်းမှာ မစောညွန့်.အကြောင်း စုံစမ်းရင်းက မာဂျရီးစောညွန့်. ဆိုတာ ပါလာခဲ့တယ်...သည်တော့မှ ဇာတ်လမ်းကို ပြန်ဆက်ယူ ကြည့်မိတာပါ...မေမေဟာ တောသူတစ်ယောက်နဲ့.မတူပဲ ကပြား ရုပ် ပေါက်နေတာရယ်...ကျွန်မပတ်ဝန်းကျင်မှာ မေမေ့အမျိုးရယ်လို့. တစ်ဦးတစ်ယောက်မှ မရှိခဲ့တာရယ်...ဦးဇော ၊ ကျွန်မ ကလေးတုန်း က မေမေ့အမေ အဘွားဆုံးသွားတာတွေရယ်...အားလုံး ကျွန်မ တစ်ချိန်လုံး စဉ်းစားယူခဲ့ရပါတယ်...မေမေဟာ အင်မတန် သိုသိပ်တဲ့ ခံစားမှုမဲ့သလို နေတတ်တဲ့ အမူအကျင့်တွေဟာလည်း မာဂျရီး စောညွန့်.ရဲ့ စရိုက်တွေပဲလို့. ကျွန်မ ယုံကြည်ပါတယ်"

သည်တစ်ခါ... ပါးစပ်အဟောင်းသားမွှေ့တာ အံ့သြသွားရသူထဲ ဒေါ်ခင်မေသီ...။ ခင်စောမူကို ငေးစိုက်ကြည့်လျက်...။ တာဆပွန်သီးသံ ကြားနေရသည်။ ဘန်ဂလိုကို ပြန်ပြီး ဘူတာဆင်းဦးမည်ဟုတ်လား။

"ကျွန်မ တစ်ခေါက် လာခဲ့ပါဦးမယ် ဒေါ်လေးရယ်...အမေနဲ့. ပြန်တွေ့.သလို ခံစားရပါတယ်"

ဒေါ်စောညွန့်.က ခင်စောမူပခုံးကိုဖက်ရင်း 'မာဂျရီး...မာဂျရီး' လို့.သာ ရေရွတ်နေတော့၏။ မျက်ဝန်းညိုညိုမှာ ဆွေးရိပ်တွေ သန်းနေသော်လည်း ဘာကိုမှ မြင်ပုံမရ။ အံ့သြခြင်းကြီးစွာဖြင့် ခင်စောမူမျက်နှာကို သူမ လက်ဖြင့် လိုက်လံပွတ်သပ်နေပါ၏။ ခင်စောမူက လက်ဆွဲအိတ်ထဲက ကျောက်ပြားလေး နှိုက်ယူလိုက်ပြီး ဒေါ်စောညွန့်.လက်ထဲ ထည့်ပေးလိုက် ချိန်မှာတော့ ဆက်တိုပေါ် ဝုန်းခနဲ ပြိုကျလုမတတ် တုန်ခိုက်နေလေသည်။

"ထူးဆန်းလိုက်တာ...ညည်း အမေကြေးစည်နဲ့. ဘယ်မှာတွေ့ခဲ့ တာလဲ...ငါ့ဘဝမှာ ထူးခြားမှုရှိဖို့.ကြုံတိုင်း သည်ကျောက်ပြား လေးတွေ ရောက်ရောက်လာတတ်တယ်...အေးလေ...ခုထက် ထူးခြားတာ ဘာရှိဦးမှာလဲ...။ မမေ သေပြီ...မာဂျရီး သေပြီ... သမီး ခင်စောမူ...ညည်း ပြန်တော့မှာပေါ့...နေပါဦးလား...ငါ စကားတွေ ပြောချင်လိုက်တာ..."

ခင်စောမူက ပြတင်းဝဆီကနေ ပစ္စည်းတွေ လာကူသယ်ဖို့. မောင်မောင်တင့်ကို လှမ်းခေါ်လိုက်သည်။ ခင်စောမူ ကားပေါ်ရောက်တော့ အိမ်ကြီးကို လှမ်းကြည့်လိုက်ပါ၏။ ဒေါ်စောညွန့်.ကို မမြင်ရ...။ ဒေါ်စောညွန့်. ဘယ်လိုကျန်ရစ်ခဲ့သလဲ...။ ခင်စောမူ မသိနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်ကြင်းတောဘူတာ...။

ဘူတာ သဲလမ်းပေါ်မှာ ဆိုက်လာသည့် ရထားကြီးပေါ်မှာ ကိုမင်းအောင်မြင့်နှင့် ခင်စောမူတို့ ဝန်စည်စလယ်တချို့၊ စားသောက်ဖွယ်အချို့နှင့်အတူ ရှိနေကြလေပြီ။ ရုံပိုင်ကြီး ကိုကြိမ်ပိုက်က ရထားပြတင်းပေါက်မှ မေးထောက်ရင်း နှုတ်ဆက်သည်။

"အရောင်းစာရေးမ,မလဲ...ပြောတုန်းက သုံးလေးရက်...ခုပြန်တော့ တစ်လတောင် ရှိကရော့မယ်...အိမ်ကလူတွေကတော့ ယောကျ်ားရေ နေပြီ မှတ်ကြတော့မှာပဲ...ကိုင်း သွားရော့ဗျာ...ဘာမှ စည်းစိမ်ခံလိုက်ရတာကို ကျွတ်က စိတ်မကောင်းတာ...ခင်ဗျားတို့က ဗြုန်းစားကြီးကိုးဗျ..."

"စာရင်းစစ်ပါ ကိုကြိမ်ပိုက်ရယ်...ကူညီခဲ့တာတွေအတွက် ကျေးဇူးပါရှင်...လည်စည်း မာဖလာကလေး လက်ဆောင်ပေးခဲ့ပါရစေရှင်...အသစ်ပါ...ကျွန်မကို သတိရအောင်လို့..."

"ပတ်ရချေသေးပေါ့ဗျာ...ကိုင်း သွားတော့နော် မစောညွန့်..."

သည်တစ်ခါတော့ ခင်စောမူ မရယ်မိပါ။ ကိုမင်းအောင်မြင့်က လိုက်ပို့ကြသည့် မောင်မောင်တင်၊ မောင်လှမြင့်နှင့် မန္တေးတို့ကို မှာစရာရှိတာ မှာနေသည်။ ရထားဥဩဆွဲတော့ ခင်စောမူ တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်ရပါ၏။ သမုန်းကျင်းက ပြန်ရပါပကော။ ရထားက အင်ကြင်းတောဘူတာက ဝေးခဲ့ပြီ။ ရထားပေါ်မှာ လူများများ မပါပါ။ ရှေ့ဘူတာတွေကျမှ ခရီးသည်တွေ အလိုက်များကြောင်း ကြားဖူးထားသည်။ မကြာခင် မောင်ထော့မည်။ ရထားကြီးက တလုပ်လှုပ် ခုတ်မောင်းလျက်။ တစ်ဘူတာဝင် တစ်ဘူတာထွက်။ ခင်စောမူက ကိုမင်းအောင်မြင့်ကို ဒေါ်ခင်မေသီခေါ် ဒေါ်စောညွန့် အကြောင်း တစ်လမ်းလုံး ပြောပြလာခဲ့သည်။ ကိုမင်းအောင်မြင့်ကလည်း အလေးအနက် နားထောင်နေပါ၏။ နည်းနည်းအေးလာတော့ ကိုမင်းအောင်မြင့်က သူ့ခရီးဆောင်အိတ်ထဲက ကျာကင်နှစ်ထည် ထုတ်လိုက်ပြီး ခင်စောမူကို တစ်ထည် ပေးသည်။ ကုမ္ပဏီတံဆိပ်ထိုး ကျာကင်ကိုယ်စီနှင့် ဖြစ်သွားကြပြီ။

"မခင်စောမူ ဇာတ်လမ်း ဆုံးသွားတော့ ကျွန်တော် ပြောရဦးမယ် မခင်စောမူရေ...မပြောဖြစ်ခဲ့တဲ့ စကားပေါ့ဗျာ...အရေးလည်းကြီး တယ် မထင်ခဲ့လို့ပါ...ခုတော့ ပြောရတော့မှာပဲ...လှို့ဝှက်ထားစရာ လည်း မရှိပါဘူး...သည်လိုဗျ...အိုင်ရင်းစောညွန့်နဲ့ တောထဲမှာ ရည်းစားဖြစ်ခဲ့တယ်ဆိုတဲ့ လူရည်သန့်သန့် သစ်တောစာရေးကလေး ကိုမင်းသိန်းဆိုတာကို မှတ်မိမှာပေါ့...၊ ကျွန်တော်က အဲသည် ကိုမင်းသိန်းရဲ့ တူအရင်းပါ...ကျွန်တော့် အဖေက အငယ်...အန်ကယ်လိမင်းသိန်းက အကြီး..."

"ရှင်..."

တစ်ချိန်လုံး ခင်စောမူဇာတ်ထဲ စီးမျော လိုက်ပါနေခဲ့သော ကိုမင်းအောင်မြင့်က ဗျောက်အိုးတစ်လုံး ထဖောက်လိုက်တာနှင့်ပင် တူလွန်းသည်။ ခင်စောမူပင် လည်ထွက်သွားလေသလား အောက်မေ့မိရပါ၏။ သည်ခဏကို စ,ထွက်လာပါပြီ ဆိုကတည်းက ထူးဆန်းတာတွေနှင့် ဆက်တိုက်ဆိုသလို

www.burmeseclassic.com

www.burmeseclassic.com

ကြုံခဲ့ရသည်။ စာရင်းစစ်ရတာက သည်လောက်မဟုတ်။ စာရင်းရှင်းရတာတွေနှင့် မွန်းလျောင်နေခဲ့ရသည်။ ပြဿနာထုပ်တွေ တစ်ရစ်ချင်း ဖြေဖြေနှင့်ရှင်းလင်းခဲ့ပြီးလို့ စိတ်လက်ပေါ့ပါးသွားပြီ ထင်မိကာမှ ကိုယ်တိုင်က ပြဿနာရှင် ဖြစ်နေပြန်ပါပကော။

"အန်ကယ်လ်က အခု ဘရာဇီးမှာ နေတယ်...ကြာပြီ...ကျွန်တော်နဲ့ မတွေ့တာတောင် လေး,ငါး,ခြောက်နှစ်လောက် ရှိပြီထင်ပါရဲ့...သူ မြန်မာပြည်ကို မကြာမကြာ ပြန်လာတတ်ပါတယ်...သည်တစ်ခေါက် လာရင် မခင်စောမူနဲ့ တွေ့မှာပါလေ...ကျွန်တော်နဲ့ သိပ်တူတာ"

ရထားအိုကြီးက တဂျိန်းဂျိန်း ဆောင့်ခါလျက်ရှိပါ၏။ အိုင်ရင်းစောညွန့်၏တူမနှင့် ကိုမင်းသိန်း၏တူ...။ ဆုံမှဆုံတတ်ပလေ...။ ဒါကြောင့် ဒေါ်ခင်မေသီက ကိုမင်းအောင်မြင့်ကို တစ်ချိန်လုံး ဦးစားတွေပေးနေတာကိုး။ အိုင်ရင်းခမျာ ချစ်သူ ကိုမင်းသိန်းကို သည်အချိန်အထိ စွဲလမ်းနေတုန်ပါလား။ ခင်စောမူ တစ်ချက် ရှိက်လိုက်မိသည်။

"ကိုမင်းအောင်မြင့်ရယ်...အချစ်ဆိုတာကလည်း တကယ်တော့ မနောဓာတ်နဲ့ စည်းနှောင်တဲ့ ခမည်းကြီးတစ်ကြိုးပါပဲရှင်..."

ကိုမင်းအောင်မြင့်က ခင်စောမူကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်တော့ ခင်စောမူက ရုက်သွေးဖြာသည့်အပြုံးဖြင့် တုံ့ပြန်လိုက်သည်။

လုံလောက်ကောင်းပါရဲ့...။

မီးရထားက မှိုင်းပြပြ သစ်တောရိပ်တွေကို ကျော်ကာ ရှင်းသန့်သော လွင်ပြင်ကို တိုးဖြတ်နေလေပြီ...။

■

ခင်ခင်ထူး

www.burmeseclassic.com